# နောက်ဆုံးသောနေ့ရက်ဆိုင်ရာ
# အဖြစ်အပျက်များ

Ellen G. White ရေးသားပြုစုသော Last Day Events စာအုပ်ကို
သိက္ခာတော်ရဓမ္မဆရာဦးရဲကိုက
**"နောက်ဆုံးသောနေ့ရက်ဆိုင်ရာအဖြစ်အပျက်များ"** အမည်ဖြင့်
မြန်မာမှုပြုသည်။

အသင်းတော်ကန့်သတ်

# Abbreviations of Sources

| | |
|---|---|
| AA | The Acts of the Apostles |
| AH | The Adventist Home |
| 1BC | The Seventh-day Adventist Bible Commentary, vol. 1 (2BC, etc., for vols. 2-7) |
| CD | Counsels on Diet and Foods |
| CG | Child Guidance |
| CH | Counsels on Health |
| ChS | Christian Service |
| CL | Country Living |
| CM | Colporteur Ministry |
| CS | Counsels on Stewardship |
| CSW | Counsels on Sabbath School Work |
| COL | Christ's Object Lessons |
| CT | Counsels to Teachers, Parents, and Students |
| CW | Counsels to Writers and Editors |
| DA | The Desire of Ages |
| Ed | Education |
| EGW'88 | The Ellen G. White 1888 Materials |
| Ev | Evangelism |
| EW | Early Writings |
| FE | Fundamentals of Christian Education |
| GC | The Great Controversy Between Christ, and Satan |
| GCB | General Conference Bulletin |
| GCDB | General Conference Daily Bulletin |
| GH | The Gospel Herald |
| GW | Gospel Workers |
| HM | The Home Missionary |
| HP | In Heavenly Places |
| KC | The Kress Collection |
| LLM | Loma Linda Messages |
| LS | Life Sketches |
| Mar | Maranatha |
| 1MCP | Mind, Character, and Personality, vol. 1 (2MCP for vol.2) |

J

| | |
|---|---|
| MH | The Ministry of Healing |
| ML | My Life Today |
| MM | Medical Ministry |
| MR | Manuscript Release |
| 1MR | Manuscript Release, vol.1 |
| | (2MR, etc., for vols. 2-19) |
| Ms | Ellen G. White Manuscript |
| MYP | Messages to Young People |
| 1NL | Notebook Leaflets, vol.1 |
| OHC | Our High Calling |
| PC | The Paulson Collection |
| Ph | Pamphlet |
| PK | Prophets and Kings |
| PP | Patriarchs and Prophets |
| RC | Reflecting Christ |
| RH | Review and Herald |
| 1SAT | Sermons and Talks, vol. 1 |
| SC | Steps to Christ |
| 1SG | Spiritual Gifts, vol. 1 |
| | (2SG. etc. for vols. 2-4) |
| 1SM | Selected Messages, book 1 (2SM etc. for books 2 and 3) |
| SD | Sons and Daughters of God |
| SpM | Spalding-Magan Collection |
| 1SP | Spirit of Prophecy, vol.1 (2SP etc. for vols. 2-4) |
| SpT-A | Special Testimonies, Series A |
| SpT-B | Special Testimonies, Series B |
| SR | The Story of Redemption |
| ST | The Signs of the Times |
| SW | The Southern Work |
| 1T | Testimonies for the Church, vol. 1, (2T, etc., for vols. 2-9) |
| TDG | This Day With God |
| Te | Temperance |
| TM | Testimonies to Ministers and Gospel Workers |
| TMK | That I May Know Him |
| UL | The Upward Look |

## စာဖတ်သူများသို့

ရှုပ်ထွေးပွေလီပြီး ပျက်စီးလုနီးနီးဖြစ်နေသော ဤကမ္ဘာကြီးသို့ ခရစ်တော်ကြွလာတော့မည်ဆိုသည့် သတင်းကောင်းကိုဟောကြားရန်အထူး တာဝန်ကို မိမိတို့အား အပ်နှင်းထားသည်ဟုခရစ်ဓာတ်ကိုမြော်လင့်သော သတ္တမနေ့အသင်းသားများက ယုံကြည်ထားပါသည်။ “လူတို့ရှေ့တွင် ဤအကြောင်းအရာကိုကြိုးစားဟောကြားသင့်သည်” ဟုလည်း မမဝှိုက်က (FE, p. 336) ရေးသားအားပေးထားပါသည်။ အနာဂတ်တွင်ရင်ဆိုင်ရမည့် ကြောက်စရာကောင်းသည့်အဖြစ်အပျက်များအကြောင်းကိုလည်း သူမရေး သားသည့် (GC) ထဲတွင် ကွက်ကွက်ကွင်းကွင်းဖေါ်ပြထားပါသည်။ ထိုစာအုပ် သည် အခြားစာအုပ်များထက် ထူးခြားသောစာအုပ်တစ်အုပ်ဖြစ်ပါသည်၊ သမ္မာကျမ်းစာတွင်ဖေါ်ပြထားသည့် နောက်ဆုံးသောခေတ်ကာလဆိုင်ရာ အနာဂတ္တိစကားများ၏ပြည့်စုံမှုများအကြောင်း သူမရေးသားထားသည့် စာမူများကို စုစည်းပုံနှိပ်လိုက်သော ၁၉၇၆ ခုနှစ်ထုတ် “မာရာနသာ” ဟု အမည်ရသောစာအုပ်တွင်လည်း ဖေါ်ပြထားပါသည်။

“လူတို့ရှေ့တွင် ဤအကြောင်းအရာများကိုကြိုးစား” တင်ပြသည့် လုပ်ဆောင်မှုတစ်ခုအဖြစ် “နောက်ဆုံးသောနေ့ရက်ဆိုင်ရာအဖြစ်အပျက်များ” အမည်ရ ဤစာအုပ်ကို ကျွန်ုပ်တို့ပြင်ဆင်ခဲ့ကြပါသည်။ ဖေါ်ပြချက် အတော် များများသည် ပုံနှိပ်ထုတ်ဝေပြီးသား မမဝှိုက်စာအုပ်များမှ ကောက်နုတ်ထား သော်လည်း ကျွန်ုပ်တို့ပုံနှိပ်ထုတ်ဝေပြီးသမျှ စာအုပ်များတွင် ဤစာအုပ်သည် ဖေါ်ပြမှုအချိုးအဆတွင် အမျှတဆုံးစာအုပ်တစ်အုပ်ဖြစ်ပါသည်။ ဤကမ္ဘာကြီး၌ ကပ်ကာလအဆုံးတွင်ဖြစ်ပျက်မည်ဟု မမဝှိုက်ရေးသားသမျှကို ဖေါ်ပြထား နိုင်ခြင်းမရှိသော်လည်း အရေးအပါဆုံးအကြောင်းအရာများကို တစ်ခုမကျန် ထည့်သွင်းဖေါ်ပြထားပါသည်။

ကောက်နုတ်ချက်တစ်ခုစီ၏အဆုံးတွင် ထိုကောက်နုတ်ချက်ကိုရေး သားခဲ့သည့်ခုနှစ် (သို့မဟုတ်) ပုံနှိပ်ထုတ်ဝေခဲ့သည့်ခုနှစ်နှင့်တကွ ထိုကောက်

နုတ်ချက်ကိုတွေ့နိုင်မည့်စာအုပ်အမည်နှင့် စာမျက်နှာများကိုလည်းဖော်ပြထားပါသည်။

နောက်ဆက်တွဲသတင်းများကိုလည်းကောင်း၊ ရှင်းလင်းချက်များကိုလည်းကောင်း ဆက်လက်လေ့လာလိုက လေ့လာရန်လိုအပ်သည်ဟု ကျွန်ုပ်တို့ထင်မြင်သည့်ကောက်နုတ်ဖော်ပြချက်များ၌လည်း အောက်ခြေမှတ်ချက်ကလေးများကိုဖော်ပြထားပါသည်။

ကပ်ကာလအဆုံးဆိုင်ရာအကြောင်းအရာများကိုတင်ပြရာတွင် ကျိုးကြောင်းဆီလျော်မှုရှိစေဖို့ ကျွန်ုပ်တို့ကြိုးစားတင်ပြထားသည်မှာမှန်သော်လည်း ဖြစ်ပျက်မည့်အရာများကို အစဉ်အလိုက်တင်ပြထားသည်တော့မဟုတ်ပါ။ သို့ရာတွင် ထိုအဖြစ်အပျက်များကိုရင်ဆိုင်ရာတွင် ရှေးဘိုးဘေးယုံကြည်သူများနည်းတူ ကျွန်ုပ်တို့အသီးသီးသည် မိမိတို့ဘာသာ မိမိတို့တစ်ဦးချင်းရင်ဆိုင်ကြရမည်ဖြစ်သဖြင့် မိမိတို့ကိုယ်တိုင်လေ့လာခြင်းအားဖြင့်လည်းကောင်း၊ ခရစ်တော်နှင့်မိမိတို့ကိုယ်တိုင်အဆက်အသွယ်ပြုခြင်းအားဖြင့်လည်းကောင်း ခရစ်ယာန်အားလုံး အမှန်တရားကိုသဘောပေါက်နားလည်းဖို့ အရေးကြီးလှပါသည်။

'ကျွန်ုပ်တို့၏ ကမ္ဘာကလေးသည် စကြဝဠာကြီးအတွက် သင်ခန်းစာစာအုပ်တစ်အုပ်' ဖြစ်ရုံသာမက ဤကမ္ဘာကလေးတွင်ဖြစ်ပျက်မည့် ကပ်ကာလအဆုံး အဖြစ်အပျက်များကို မျက်မြင်မရသော အခြားကမ္ဘာများက 'စိတ်ဝင်တစားစောင့်ကြည့်' နေကြကြောင်း ဝိဗယ စ. ၁၉ နှင့် ဏာယ စ. ၁၄၈ တို့တွင် မမဝှိုက်ရေးသားဖော်ပြထားပါသည်။ မဟာတိုက်လှန်ပွဲကြီး (ဃ) နှင့်ဆက်စပ်လျက်ရှိသော ထိုအဖြစ်အပျက်များကိုသုံးသပ်ရင်း အရေးပါသည့်အချက်များကို သိရှိနိုင်ဖို့ ကျွန်ုပ်တို့ကြိုးစားကြပါစို့။ မကြာမီတွင် ခရစ်တော်ကြွလာမည်ဆိုသည့် မင်္ဂလာရှိသောအမှန်တရားများကို အခြားသူများအား ကျွန်ုပ်တို့မျှဝေကြပါစို့။

**ဂေါပကလူကြီးများ**
**မမဝှိုက်၏စာပေများထိန်းသိမ်းရေးအဖွဲ့**

မာတိကာ

၁။ ဤကမ္ဘာကြီး၏နောက်ဆုံးသောဘေးကျပ်နံကျပ်ကာလ -------- ၆
၂။ ခရစ်တော်တော်၏ဒုတိယအကြိမ်ကြွလာခြင်းဆိုင်ရာ ပုဗ္ဗနိမိတ်များ – ၁၄
၃။ ထိုအမှုအရာတို့သည် အဘယ်ကာလမှာဖြစ်မည်နည်း --------- ၂၈
၄။ နောက်ဆုံးသောခေတ်ကာလရှိအသင်းတော် --------------- ၄၀
၅။ ကျန်ကြွင်းသောအသင်းတော်၏ဘာသာ
တရားကိုင်းရှိုင်းမှုရှိသောအသက်တာ ------------------- ၆၃
၆။ ကျန်ကြွင်းသောအသင်းတော်၏ အသက်တာပုံစံနှင့်
လုပ်ဆောင်ချက်များ ------------------------------- ၇၇
၇။ ကျေးလက်တောရွာတွင်နေထိုင်ခြင်း --------------------- ၉၉
၈။ မြို့ကြီးပြကြီးများ ---------------------------------- ၁၁၅
၉။ တနင်္ဂနွေနေ့ဥပဒေများ ------------------------------- ၁၂၉
၁၀။ ဒုက္ခဆင်းရဲခြင်းကာလဝယ် -------------------------- ၁၅၁
၁၁။ နောက်ဆုံးသောနေ့ရက်တွင် စာတန်လုပ်ဆောင်မည့်
လှည့်ဖြားမှုများ ---------------------------------- ၁၆၄
၁၂။ ခါလှူပ်ပစ်ခြင်း (သို့မဟုတ်)ဆန်ကာချခြင်း ---------------- ၁၈၂
၁၃။ ဝိညာဉ်တော်နောက်မိုး ------------------------------ ၁၉၄
၁၄။ အော်ဟစ်ကြွေးကြော်ခြင်း ---------------------------- ၂၀၉
၁၅။ ဘုရားသခင်၏ တံဆိပ်နှင့်သားရဲ၏တံဆိပ် ---------------- ၂၂၈
၁၆။ ကရုဏာတံခါးပိတ်ခြင်း ---------------------------- ၂၄၀
၁၇။ ဘေးဒဏ်ကြီးခုနစ်ပါးနှင့်လူယုတ်မာများ ------------------ ၂၅၃
၁၈။ ဘေးဒဏ်ကြီးခုနစ်ပါးနှင့်ဖြောင့်မတ်သူများ ---------------- ၂၇၀
၁၉။ ခရစ်တော်ပြန်လည်ကြွလာခြင်း ------------------------ ၂၉၀
၂၀။ သူတော်စင်များအတွက်အမွေ ------------------------- ၃၀၄

---၀၀---

## အခန်းကြီး (၁)

# ဤကမ္ဘာကြီး၏နောက်ဆုံးသောဘေးကျပ်နံကျပ်ကာလ

### အနာဂတ်အတွက် လူအများ၏ပူပန်မှု

ဤမျက်မှောက်ကာလသည် လူသားအပေါင်းတို့အတွက် အထူး စိတ်ဝင်စားစရာကောင်းဆုံးအချိန်တစ်ခုဖြစ်သည်။ မင်းစိုးရာဇာများ၊ နိုင်ငံရေးခေါင်းဆောင်များ၊ ဩဇာအာဏာရှိသူများ လူတန်းစားအသီးသီး မှ အတွေးအခေါ်ရှိသည့်အမျိုးသား၊ အမျိုးသမီးတို့သည် ကျွန်ုပ်တို့ပတ်ဝန်းကျင် တွင်ဖြစ်ပွားနေသော အဖြစ်အပျက်များအပေါ် အထူးစိတ်ဝင်တစား အာရုံ ထားနေကြပါသည်။ နိုင်ငံအချင်းချင်းအကြားရှိဆက်ဆံရေးများကို သူတို့စောင့် ကြည့်နေကြပါသည်။ နိုင်ငံအသီးသီးတွင်ဖြစ်ပေါ်လျက်ရှိသည့်တင်းမာမှုများကို ၎င်းတို့တွေ့ရှိကာ ကြောက်ခမန်းလိလိဘေးကျပ်နံကျပ်ကာလတစ်ခုကို ကမ္ဘာ ကြီးအား ကျရောက်သွားစေမည့် ကြီးမားသောအဖြစ်အပျက်များဖြစ်ပျက် တော့မည်ကိုလည်း သဘောပေါက်နေကြပါသည်။ PK, p. 537 (1914).

ကုန်းပိုင်းနှင့်ရေပိုင်းတွင်ကျရောက်နေသောဘေးဒုက္ခများ၊ လူမှုရေးအဖွဲ့ အစည်းများတွင်ဖြစ်ပေါ်နေသော မတည်ငြိမ်မှုများ၊ စစ်ဖြစ်တော့မည့် အရိပ် အယောင်များတို့သည် ထိုအဖြစ်အပျက်ကြီးအတွက် ရှေ့ပြေးနိမိတ်များနှယ်ဖြစ် နေပါသည်။ မကြာမီမှာကျရောက်တော့မည့်အဖြစ်အပျက်များ၏ ပမာဏကို ထိုအရာများကဟောကိန်းထုတ်နေကြပါသည်။ ဆိုးသွမ်းသည့်ကိုယ်စားလှယ် များသည်လည်း ပူးပေါင်းစုစည်းကာ ထိုနောက်ဆုံးသောဘေးကျပ်နံကျပ်ကာ လကို အားကောင်းစေလျက်ရှိကြသည်။ ကျွန်ုပ်တို့ကမ္ဘာကြီးတွင် ကြီးမားသော ပြောင်းလဲမှုများ မကြာမီတွင်ဖြစ်ပျက်ကာ နောက်ဆုံးသောလှုပ်ရှားမှုများ ဖြစ်ပေါ်လာကြပါတော့မည်။ 9T, p. 11 (1909).

### မကြာမီတွင်ကျရောက်တော့မည့် ဒုက္ခဆင်းရဲခြင်းကာလများ

နောက်ဆုံးသော ကပ်ကာလအချိန်အထိ တဖြည်းဖြည်းအရှိန်မြင့် လာမည့် ဒုက္ခဆင်းရဲခြင်းကာလသည် ကျရောက်တော့ပေမည်။ ထိုကြောင့်

ကျွန်ုပ်တို့သည် ရရှိထားသည့်အချိန်များကို ကောင်းစွာအသုံးချသင့်ပါသည်။ စစ်သွေးကြွသည့်စိတ်ဓါတ်များဖြင့် ကမ္ဘာကြီးအားတည်ငြိမ်မှုကင်းမဲ့အောင် လုပ်ဆောင်နေကြရာ ဒံယေလကျမ်းအခန်းကြီး(၁၁)တွင်ဖေါ်ပြထားသည့် အရာများ ပြည့်စုံလုမတတ်ရှိချေပြီ။ RH, Nov. 24, 2904.

ဤကမ္ဘာကြီးဝယ် တိုင်းနိုင်ငံတစ်ခုတည်ထောင်ပြီးသည့်အချိန်မှစ၍ တစ်ခါမျှမကြုံဖူးလောက်အောင်ပြင်းထန်သည့် ဒုက္ခဆင်းရဲခြင်းကာလသည် ကျရောက်တော့ပေမည်။ သို့ရာတွင် ကျွန်ုပ်တို့သည် အိပ်ငိုက်နေသည့်သတို့ သမီးများနှင်တူနေသဖြင့် နိုးထကာ အတောင်တော်အောက်တွင် လုံခြုံစွာ ကာကွယ်ပေးဖို့ရန်အတွက်သော်လည်းကောင်း၊ ရင်ဆိုင်ရမည့်ဒုက္ခဆင်းရဲ ကာလတစ်လျှောက်လုံးတွင် ပို့ဆောင်ပေးရန်အတွက်သော်လည်းကောင်း ခရစ်တော်ထံ၌ ဆုတောင်းကြရပါမည်။ 3MR, p. 305 (1906).

ဤကမ္ဘာကြီးသည် ပို၍ပို၍သာ ဥပဒေမဲ့လာပါသည် ထို့ကြောင့် ခရစ်တော်ကြွလာသည့်အချိန်အထိဖြစ်ပွားမည့် မဟာဒုက္ခဆင်းရဲခြင်း ကပ်ကာလသည် တိုင်းနိုင်ငံများတွင်ဖြစ်ပွားပေတော့မည်။ RH, Feb. 11, 1904.

ကျွန်ုပ်တို့သည် ထိုဒုက္ခဆင်းရဲခြင်းကပ်ကာလ အစပျိုးခါနီးအချိန် ကလေးတွင် အသက်ရှင်နေထိုင်လျက်ရှိကြသည်။ တစ်ကြိမ်တစ်ခါမျှမတွေးမိခဲ့ သည့် စိတ်ပျက်စရာဖြစ်ရပ်များနှင့် ကျွန်ုပ်တို့ရင်ဆိုင်ကြရလိမ့်မည်။ 9T, p. 43 (1909).

ကျွန်ုပ်တို့သည် ကပ်ကာလ၏ဘေးကျပ်နံကျပ်အချိန်သို့ရောက်ခါ နီးကလေးတွင် အသက်ရှင်နေထိုင်လျက်ရှိသည်။ မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မြေငလျင်လှုပ်ခြင်း၊ သွေးချောင်းစီးသောစစ်ပွဲများဖြစ်ခြင်းစသည့် ဘုရားသခင် ၏ပြစ်ဒဏ်စီရင်မှုများသည် တစ်ခုပြီးတစ်ခု အလျင်အမြန်ကျရောက်လာတော့ မည်။ PK, p. 278 (1914).

မုန်တိုင်းထန်သည့်ကာလကို ကျွန်ုပ်တို့ရင်ဆိုင်ကြရတော့မည်ဖြစ်သော် လည်း မယုံကြည်ခြင်း၊ စိတ်ဓါတ်ကျခြင်းများနှင့်စပ်လျဉ်းသည့်စကားများကို တစ်လုံးတစ်ပါဒမျှ အပြောကြပါနှင့်။ CHs, p. 136 (1905).

## ကျရောက်လာမည့်ပြစ်ဒဏ်စီရင်ခြင်းများအကြောင်းကို အစဉ်အမြဲသတိပေးတော်မူသည်

ထာဝရဘုရားသခင်သည် ကျရောက်လာတော့မည့်ပြစ်ဒဏ်စီရင်ခြင်းဆိုင်ရာ သတိပေးစကားများကို အစဉ်အမြဲမိန့်တော်မူတတ်ပါသည်။ ခေတ်ကာလနှင့်ဆိုင်သည့် သတိစကားများကိုယုံကြည်သူများနှင့် မိမိတို့၏ယုံကြည်ခြင်းကို ပညတ်တော်များအားလိုက်လျှောက်ပြခြင်းဖြင့် ထင်ရှားစေကြသူများတို့သည် မယုံကြည်သူများနှင့်နားထောင်လိုက်လျှောက်မှုမရှိသူများအပေါ်သို့ကျရောက်မည့်ဘေးဒဏ်မျိုးများမှ ကင်းလွတ်ခဲ့ဖူးပါသည်။

“ဤကာလမျိုးတွင် သင်သည် ငါ့ရှေ့၌ဖြောင့်မတ်ကြောင်းကို ငါသိမြင်သည်ဖြစ်၍ သင်၏အိမ်သူအိမ်သားအပေါင်းတို့နှင့်တကွ သင်္ဘောထဲသို့ဝင်ကြလော့” ဟု ဘုရားသခင်မိန့်တော်မူသည့်အတိုင်း နောဧ နားထောင်လိုက်လျှောက်ခဲ့သောကြောင့် သေဘေးမှလွတ်ခဲ့ပါသည်။ “ ဤအရပ်မှထွက်သွားကြ၊ ဤမြို့ကို ထာဝရဘုရားသခင်ဖျက်ဆီးတော်မူမည် ” ဟု ထာဝရဘုရားသခင်၏အမိန့်အရပြောသော ကောင်းကင်တမန်၏စကားကို လောတနားထောင်လိုက်လျှောက်ခဲ့သဖြင့် သေဘေးမှကင်းလွတ်ခဲ့ပါသည်။ ထိုနည်းအတူ ယေရုရှလင်မြို့ကြီးပျက်စီးမည့်အကြောင်းကိုတပည့်တော်များအား ခရစ်တော်သတိပေးတော်မူခဲ့သည်။ ပျက်စီးတော့မည့်အရိပ်လက္ခဏာများကို စောင့်ကြည့်ကာ ထိုမြို့မှထွက်ပြေးတိမ်းရှောင်ခဲ့သူများသည် ပျက်စီးခြင်းမှကင်းလွတ်ခဲ့ကြပါသည်။ ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းနှင့်တကွ ဤကမ္ဘာကြီးအပေါ်သို့ပျက်စီးခြင်းများကျရောက်တော့မည့် သတိပေးစကားများကို ယခုတွင် ကျွန်ုပ်တို့ကြားသိနေကြရပါပြီ။ ထိုသတိပေးချက်များကို နားထောင်လိုက်လျှောက်သူများသည် ကယ်တင်ခြင်းခံကြရလိမ့်မည်။ DA, p. 634 (1898).

## ကျွန်ုပ်တို့၏ခေတ်ကာလတွင်မျှော်လင့်ထားရန် ဘုရားသခင်မိန့်တော်မူခဲ့သည့်အရာများ

မိမိသည် အသေသတ်ခံရမည်ဖြစ်ကြောင်း၊ သို့ရာတွင် သေခြင်းမှထမြောက်လိမ့်မည်ဖြစ်ကြောင်း ကပ်တိုင်အတင်မခံရမီ ခရစ်တော်ကတပည့်တော်

များအားမိန့်တော်မူခဲ့ပါသည်။ ထိုနှုတ်ထွက်စကားများကို သတိရ အောက်မေ့လာစေမည့် ကောင်းကင်တမန်များလည်း ထိုနေရာတွင်ရှိခဲ့ကြပါသည်။ သို့ရာတွင် ရောမတို့၏လက်မှလွတ်မြောက်ရန်လောက်ကိုသာ တပည့်တော်များကမျှော်လင့်နေကြရာ ၎င်းတို့၏မျှော်လင့်ချက်အပေါင်းဗဟိုပြုထားသည့် ကိုယ်တော်အသေခံရမည်ဆိုသည့်သတင်းကို သူတို့နားမထောင်လိုကြချေ။ သူတို့သတိရသင့်သောသိပေးစကားများသည်လည်း သူတို့၏နှလုံးထဲမှပျောက်ကွယ်သွားခဲ့ရာ ဒုက္ခကာလနှင့်ရင်ဆိုင်ရသောအချိန်တွင် သူတို့အဆင်သင့်မရှိကြတော့ချေ။ ကိုယ်တော်က ၎င်းတို့အားကြိုတင်သတိပေးခြင်းမပြုထားသည့်နှယ် ခရစ်တော် အသေခံသောအချိန်တွင် သူတို့၏မျှော်လင့်ချက်များသည် ပျက်စီးကုန်ပါတော့သည်။

ခရစ်တော်၏မိန့်ဆိုချက်များဖြင့် တပည့်တော်များကိုရှင်းလင်းစွာဖွင့်ပြထားသကဲ့သို့ အနာဂတ်နှင့်ပတ်သက်သောဖြစ်ရပ်များကိုလည်းအနာဂတ္တိစကားများတွင် ကျွန်ုပ်တို့အားရှင်းလင်းစွာဖော်ပြထားပါသည်။ ကရုဏာတံခါးပိတ်ခြင်းနှင့်ဆက်နွှယ်သောဖြစ်ရပ်များနှင့်ဒုက္ခဆင်းရဲခြင်းကပ်ကာလအတွက် ပြင်ဆင်ရမည့်ညွှန်ကြားချက်များကို ရှင်းရှင်းလင်းလင်းတင်ဆက်ထားပါသော်လည်း လူထုကြီးသည် ထာဝရဘုရားသခင်က ၎င်းတို့အားဘယ်တုန်းကမှဖော်ပြတော်မူခြင်းမပြုသည့်နှယ် ထိုအရေးပါသောအမှန်တရားများကို နားလည်သဘောပေါက်ခြင်းမရှိကြပါချေ။ GC, p. 594 (1911).

## ကျွန်ုပ်တို့သတိပြုရမည့်နောက်ဆုံးသောခေတ်ကာလဆိုင်ရာ အနာဂတ္တိစကားများ

ကျွန်ုပ်သည် ထိုစဉ်က တတိယကောင်းကင်တမန်ကိုမြင်တွေ့ခဲ့ပါသည်။ (ဗျာ ၁၄း၉–၁၁)။ "သူဆောင်ရွက်သွားမည့်အမှုတော်သည် ကြောက်ရွံ့ထိတ်လန့်စရာကောင်းပါသည်။ သူသည်ပေါင်းပင်နှင့်စပါးပင်ကိုခွဲခြားကာ စပါးပင်များကိုကောင်းကင်စပါးကျီထဲကိုထည့်ပေးမည့် ကောင်းကင်တမန်ပင်ဖြစ်ပါ

---

၁။ မာကု ၈း၃၁၊၃၂။ ၉း၃၁။ ၁၀း၃၂–၃၄။

သည်။ ဤအရာများကိုစိတ်ထဲမှာထားပြီး အာရုံစိုက်သင့်ကြပါသည်ဟု ကျွန်ုပ်နှင့်အတူရှိနေသော ကောင်းကင်တမန်က ကျွန်ုပ်အားပြောပါသည်။" EW, p. 118 (1854).

ကျွန်ုပ်တို့သည် ဘုရားသခင်၏ပညတ်တော်အပေါ် ကျွန်ုပ်တို့၏သစ္စာခံခြင်းနှင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းဆိုင်ရာအကြောင်းပြချက်များကိုဖေါ်ပြရန် တရားသကြီးများ၏ရှေ့မှောက်တွင် ရပ်ထကြရလိမ့်မည်။ ဤအခြင်းအရာများကို လူငယ်များနားလည်သဘောပေါက်ထားသင့်ကြသည်။

ကမ္ဘာ့ရာဇဝင်နိဂုံးမချုပ်မီကလေးတွင် ဖြစ်ပျက်မည့်အရာများကို သူတို့သိထားသင့်ပါသည်။ ထိုအရာများသည် ကျွန်ုပ်တို့၏ထာဝရကာလဆိုင်ရာ သာရေး၊ နာရေးနှင့်စပ်ဆိုင်နေရာ ဆရာတပည့်အပေါင်းတို့သည် ၎င်းတို့ကိုပို၍ အာရုံစိုက်သင့်ကြပါသည်။ 6T, pp. 128-129 (1900).

ကျွန်ုပ်တို့သည် မိမိတို့နေထိုင်အသက်ရှင်လျက်ရှိသည့် ခေတ်ကာလများကိုပြညွှန်နေသည့် အဟာလမ်းညွှန်မှတ်တိုင်များကို လေ့လာသင့်ကြပါသည်။ 4MR, p. 163 (1895).

ထာဝရဘုရားသခင်၏လမ်းပြပို့ဆောင်မှုကိုခံယူရန် ကိုယ်တော်၏ထိန်းချုပ်မှုအောက်သို့ မိမိကိုယ်ကိုအပ်နှံသူများသည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်စေတော်မူသည့် ထိုဖြစ်ရပ်လမ်းကြောင်း၌ ဖြည်းဖြည်းချင်းလျှောက်လှမ်းကြလိမ့်မည်။ 7T, p. 14 (1902).

ဘာသာရေးပြုပြင်ပြောင်းလဲမှုများတွင် ဘုရားသခင်၏ပါဝင်လုပ်ဆောင်ခဲ့မှုများကို လေ့လာရန်အတွက်သော်လည်းကောင်း၊ မဟာတိုက်လှန်ပွဲကြီးဆီသို့ တိုင်းနိုင်ငံအသီးသီးအားပို့ဆောင်ပေးရာတွင် အဓိကကျသည့် ကြီးကျယ်သောဖြစ်ရပ်ကြီးများ၏ တိုးတက်အားကောင်းလာမှုများကို နားလည်သဘောပေါက်ရန်အတွက်သော်လည်းကောင်း အနာဂတ္တိစကားများ၏ပြည့်စုံမှုကို သမိုင်းတွင် ကျွန်ုပ်တို့ရှုမြင်ကြရမည်။ 8T, p. 307 (1904).

**ဒံယေလအနာဂတ္တိကျမ်းနှင့်ဗျာဒိတ်ကျမ်းတို့ကို အထူးလေ့လာကြပါ။**

ဘုရားသခင်၏နှုတ်ကပတ်တော်များကို အတွင်းကျကျလေ့လာဖို့ လိုအပ်ပါသည်။ အထူးသဖြင့် ဒံယေလအနာဂတ္တိကျမ်းနှင့်ဗျာဒိတ်ကျမ်းတို့ကို ယခင်အချိန်များမှာလေ့လာသည်ထက် ယခုတွင်ပို၍အာရုံပြုလေ့လာဖို့လိုအပ်ပါသည်။ ဘုရားသခင်ထံမှဒံယေလရခဲ့သောအလင်းတရားသည် နောက်ဆုံးသောခေတ်ကာလနှင့် ပို၍သက်ဆိုင်နေပါသည်။ TM, pp. 112-113 (1896).

ဒံယေလအနာဂတ္တိကျမ်း အခန်းကြီး(၁၂)ကို ဖတ်ရှုလေ့လာကြပါ။ ထိုကျမ်းသည် နောက်ဆုံးသောခေတ်ကာလမရောက်မီ ကျွန်ုပ်တို့နားလည်ရမည့်သတိပေးချက်တစ်ခုဖြစ်သည်။ 15 MR, p. 228 (1903).

ဓမ္မသစ်ကျမ်းရှိနောက်ဆုံးကျမ်း (ဗျာဒိတ်ကျမ်း)၌ ကျွန်ုပ်တို့ နားလည်ဖို့ လိုအပ်သည့် သမ္မာတရားများပါရှိနေပါသည်။ COL, p. 133 (1900).

ဗျာဒိတ်ကျမ်းတွင်ဖေါ်ပြထားသည့် ကြိုတင်ဟောကြားချက် တချို့မှာ မကြာမီတွင်ပြည့်စုံခြင်းသို့ရောက်ပါတော့မည်။ ယုံကြည်သူများအနေဖြင့် ထိုအနာဂတ္တိစကားများကို အားပါးတရလေ့လာကာ ရှင်းရှင်းလင်းလင်း နားလည်ထားဖို့လိုအပ်ပါသည်။ အနာဂတ်တွင်ဖြစ်ပျက်မည့်အရာများကို ထိုကျမ်းတွင် ရှင်းလင်းစွာဖေါ်ပြထားပါသည်။ 1NL, p. 96, (1903).

ဗျာဒိတ်ကျမ်းတစ်အုပ်လုံးနီးပါးတွင် ဖေါ်ပြထားသည့်အရေးပါသော သတင်းစကားများကို ဘုရားသခင့်သားသမီးများ၏စိတ်နှလုံး၌ ပထမဦးစားပေးနေရာတွင် ထားကြရပါမည်။ 8T, p. 302 (1904).

**လူတို့အား မခြားမလပ်ဟောကြားရမည့်အကြောင်းအရာ**

နောက်ဆုံးသောနေ့ရက်များနှင့်စပ်လျဉ်းသည့် အနာဂတ္တိစကားများကို နားမလည်သူအရေအတွက်မှာ များလှပါသည်။ ထိုကြောင့် ၎င်းတို့အား ထိုအနာဂတ္တိစကားများကို သင်ကြားပေးရပါမည်။

ထိုသတိပေးစကားကိုပြောရန်အတွက် တရားဟောဆရာများနှင့်သာမန်အသင်းသားနှစ်ဦးစလုံး၌ တာဝန်ရှိနေပါသည်။ Ev, pp. 194-195 (1875).

ကင်းစောင့်တို့ (တရားဟောဆရာများတို့) မျက်မှောက်ခေတ်နှင့်ပတ်သက်သည့်သမ္မာတရားများကို ယခုပင်ဟောပြောကြပါ။ အနာဂတ္တိဆိုင်ရာသမိုင်းစဉ်၏မည်သည့်နေရာတွင် ကျွန်ုပ်တို့ရောက်ရှိနေကြပြီကို လူအများသိစေရန် ဖော်ပြကြပါ။ 5T, p. 716 (1889).

ကမ္ဘာ့ရာဇဝင်ကိုနိဂုံးချုပ်ရမည့်နေ့တစ်နေ့ကို ဘုရားသခင်သတ်မှတ်ထားပြီးဖြစ်သည်။ "လူမျိုးအပေါင်းတို့အား သက်သေဖြစ်မည့်အကြောင်း နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို လောကီနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ဟောရလိမ့်မည်။ သို့ပြီးမှ အဆုံးသည်ဖြစ်လတ္တံ့" အနာဂတ္တိစကားများသည် အလျင်အမြန်ပြည့်စုံလျက်ရှိပါသည်။ ထို့ကြောင့် ဤသတင်းစကားများကို ပို၍ပို၍ဟောကြားသင့်လှပါသည်။ လူသားများ၏ကံကြမ္မာကို အပြီးသတ်အဆုံးအဖြတ်ပေးမည့်အချိန်သည် ရောက်လာတော့မည်။

ဤသတင်းစကားကို လူတို့ရှေ့မှာ စဉ်ဆက်မပြတ်ဟောကြားနိုင်ရန် အနစ်နာခံကြိုးစားသင့်ကြပါသည်။ ဘုရားသခင်၏နေ့ရက်ကြီးသည် မျှော်လင့်မထားသည့်အချိန်တွင် ရုတ်တရက်ကျရောက်လာမည်ဖြစ်သဖြင့် အခြားသူများရှေ့တွင်သာမက အသင်းသားများအလယ်တွင်လည်းဟောကြားရန်မှာ အရေးပါသောအချက်တစ်ခုဖြစ်သည်။ ဤအနာဂတ္တိစကားဆိုင်ရာကြောက်စရာသတိပေးချက်များကို လူတိုင်းအားပြောကြားရမည်။ အံ့အားသင့်စရာအန္တရာယ်များမှ မိမိတို့လွတ်လိမ့်မည်ဟု မည်သူမျှမထင်ကြပါနှင့်။ ကြီးမားသောဤအဖြစ်အပျက်ကြီးဖြစ်ပွားဖို့ နီးကပ်နေပြီဖြစ်ကြောင်း ဖော်ပြနေသည့် အကြောင်းအရာများအား သိရှိသဘောပေါက်မှုများကို ထိုအနာဂတ္တိစကားများအပေါ် မှားယွင်းသောအနက်ဖွင့်မှုများကြောင့် သင်ယုံမှားသံသယမရှိပါနှင့်။ FE, pp. 335-336 (1895).

**အနာဂတ်ဖြစ်ရပ်များကို အမြင်မှန်ဖြင့်စောင့်ကြည့်ပါ**

အနာဂတ်ကာလတွင် ကျွန်ုပ်တို့၏ကမ္ဘာကြီး၌ဖြစ်ပျက်မည့်အခြင်းအရာများကို ယခုအချိန်တွင်တိကျစွာ ကျွန်ုပ်တို့မပြောနိုင်ငြားသော်လည်း မကြာမီတွင်ကျရောက်တော့မည့် ဘုရားသခင်၏နေ့ရက်ကြီးအတွက်ဆုတောင်းရမည့်အချိန်သည် ယခုအချိန်ဖြစ်သည်ဆိုသည်ကိုမူ ကျွန်ုပ်တို့ပြောဆိုနိုင်ပါသည်။ 2SM, p. 35 (1901).

သားရဲ၏တံဆိပ်သည် ဖြစ်ပျက်မည်ဟုဖွင့်ဆိုထားသည့်အတိုင်း ထပ်ထူထပ်မျှဖြစ်မှာသေချာသည်။ ဤအကြောင်းအရာနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ယခုတွင် နားလည်သဘောပေါက်ခြင်းမရှိသေးသကဲ့သို့ စာစောင်ကြီးကိုမဖွင့်မီတိုင်အောင် နားလည်သဘောပေါက်ကြလိမ့်မည်မဟုတ်ချေ။ 6T, p. 17 (1900).

လူအများတို့သည် မိမိတို့လောလောဆယ်ထမ်းဆောင်ရမည့်တာဝန်များကိုလည်းကောင်း၊ မိမိတို့ခံစားရမည့်သာယာမှုနှင့်ကောင်းချီးမင်္ဂလာများကိုလည်းကောင်း အာရုံမထားကြတော့ဘဲ အနာဂတ်တွင်ရင်ဆိုင်ရမည့် ဘေးကျပ်နံကျပ်အခြေအနေအတွက် အငှားပူ ပူနေကြပါသည်။ ဤသို့လုပ်ဆောင်ခြင်းသည် ဒုက္ခဆင်းရဲခြင်းကာလတစ်ခုကို ရှေ့သို့တိုးလာစေခြင်းဖြစ်သဖြင့် ထိုသို့သောဒုက္ခများအတွက် မည်သည့်ကျေးဇူးတော်ကိုမျှ ရရှိခံစားကြရလိမ့်မည်မဟုတ်ချေ။ 3SM, pp. 383-384 (1884).

ဒုက္ခဆင်းရဲခြင်းကာလသည် ဘုရားသခင်၏လူတို့ထံချဉ်းကပ်နေသည်ဖြစ်သော်လည်း ထိုအကြောင်းကိုချည်း လူတို့ရှေ့တွင်အစဉ်တစိုက်ဟောပြောကာ ၎င်းတို့ထံသို့ ဒုက္ခဆင်းရဲခြင်းကာလကို ကြို၍ပို့ရန်မဟုတ်ပါ။ ဘုရားသခင်၏သားသမီးများအလယ်တွင် ဆန်ကာချခြင်းရှိမည်မှာ မှန်သော်လည်း ယနေ့သမ္မာတရားက အသင်းတော်တွင် ဤအရာကိုလုပ်ဆောင်ပေးရန်မဟုတ်ပါ။ 1SM, p. 180 (1890).

---ooo---

# အခန်းကြီး (၂)

# ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းဆိုင်ရာ ပုဗ္ဗနိမိတ်များ

### ကိုယ်တော်ဖွင့်ဆိုခဲ့သော မဟာအနာဂတ္တိစကား

ခရစ်တော်သည် ယေရုရှလင်မြို့ကြီးပျက်စီးမည့်အကြောင်းကိုလည်းကောင်း၊ ဒုတိယအကြိမ်ကြွမလာမီဖြစ်ပျက်မည့် ပုဗ္ဗနိမိတ်များအကြောင်းကိုလည်းကောင်း တပည့်တော်အား ကြိုတင်၍သတိပေးတော်မူခဲ့ပါသည်။ ရှင်မဿဲခရစ်ဝင် ၂၄ သည် ဤအဖြစ်အပျက်ကြီးမဖြစ်မီ ဖြစ်ပျက်မည့်အရာများအကြောင်းကို တင်ကြိုဟောကိန်းထုတ်ထားပါသည်။ ဤကမ္ဘာကြီးအား မီးအားဖြင့်ဖျက်ဆီးမည့်အကြောင်းကို ယေရုရှလင်မြို့ကြီးပျက်စီးခြင်းနှင့်ပုံဖော်ထားပါသည်။ Ms, p. 77 (1899).

"သင်တို့သည်စစ်တိုက်ခြင်းအကြောင်းကိုလည်းကောင်း၊ စစ်တိုက်အံ့သောသတင်းစကားကိုလည်းကောင်း ကြားရလိမ့်မည်။ လူတစ်မျိုးနှင့်တစ်မျိုး တစ်နိုင်ငံနှင့်တစ်နိုင်ငံရန်ဘက်ပြုလိမ့်မည်။ အရပ်ရပ်တို့၌ အစာခေါင်းပါးခြင်း၊ ကာလနာများပြားခြင်း၊ မြေကြီးလှုပ်ခြင်းတို့ဖြစ်ကြလိမ့်မည်။ ထိုအမှုအရာတို့သည် ဒုက္ခဆင်းရဲခြင်း၏အစအဦးဖြစ်သတည်း" ဟု ဒုတိယအကြိမ်ကြွလာခြင်းမတိုင်းမီဖြစ်ပျက်မည့်အရာများကို တပည့်တော်များနှင့်အတူ သံလွင်တောင်ပေါ်တွင်ရှိစဉ် ခရစ်တော်မိန့်ဆိုခဲ့ပါသည်။ ယေရုရှလင်မြို့ကြီးပျက်စီးစဉ်က ဤအနာဂတ္တိစကားတချို့ပြည့်စုံခြင်းသို့ ရောက်ခဲ့ပြီးဖြစ်သော်လည်း နောက်ဆုံးသောခေတ်ကာလတွင် ကျန်အနာဂတ္တိစကားများပြည့်စုံလာလိမ့်ဦးမည်ဖြစ်သည်။ 5T, p. 753 (1899).

### ကောင်းကင်တွင်ထင်ရှားသောပုဗ္ဗနိမိတ်များ

နှိပ်စက်လည်ဦးပန်းခြင်းကာလအဆုံးတွင် နေကြတ်ကာလကွယ်ပြီး ကြယ်ကြွေမည့်အကြောင်း ခရစ်တော်ဖွင့်ဆိုတော်မူခဲ့ပါသည်။ ထိုနောက်မှ "သင်္ဘောသဖန်းပင်ကိုအစွဲပြု၍ ပုံသက်သေတစ်ခုကိုမှတ်ကြလော့။ သင်္ဘောသဖန်း

ပင်သည် အခက်အလက်နု၍အရွက်ပေါက်သောအခါ နွေကာလနီးသည်ကို သင်တို့သိကြ၏။ ထိုနည်းတူ ထိုအကြောင်းအရာအလုံးစုံတို့ကိုမြင်ရလျှင် လူသားသည်တံခါးဝတိုင်အောင် အနီးသို့ရောက်တော်မူသည်ကို သိမှတ်ကြလော့" ဟုမိန့်တော်မူ၏။

ကြွလာခြင်းဆိုင်ရာ ပုဗ္ဗနိမိတ်များကို ခရစ်တော်ဖေါ်ပြတော်မူခဲ့သည်။ တံခါးဝတိုင်အောင်အနီးသို့ရောက်နေသည့်အချိန်ကို ကျွန်ုပ်တို့သိနိုင်ရန်လည်း ကိုယ်တော်ရှင်မိန့်တော်မူခဲ့သည်။ "ယခုဖြစ်သောလူများမကုန်မီ ထိုအကြောင်းအရာအလုံးစုံတို့သည်ဖြစ်လိမ့်မည်" ဟုလည်း ဤပုဗ္ဗနိမိတ်များကိုမြင်တွေ့ရသူများအကြောင်းကို ကိုယ်တော်မိန့်တော်မူခဲ့ပါသေးသည်။ ဤပုဗ္ဗနိမိတ်များသည်ပေါ်ထွန်းခဲ့ပါပြီ။ ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်ကြွလာဖို့ လက်တစ်ကမ်းသာလိုတော့သည်ကို သေချာစေသည့်အရာတစ်ခုအကြောင်းကို ယခုတွင်သိရှိကြရပါပြီ။ DA, p. 632 (1898).

**မြေကြီးပေါ်တွင်ထင်ရှားသောပုဗ္ဗနိမိတ်များ**

"နေ၊ လ၊ ကြယ် တို့တွင် ပုဗ္ဗနိမိတ်ထင်ရှားလိမ့်မည်။ မြေကြီးပေါ်မှာလည်း လူအမျိုးမျိုး မငြိမ်မသက် စိုးရိမ်ကြောင့်ကြကြလိမ့်မည်" ဟု ခရစ်တော်မိန့်ဆိုခဲ့ရာ ကြွလာခြင်းဆိုင်ရ ထိုပုဗ္ဗနိမိတ်များကိုမြင်တွေ့သူအပေါင်းတို့သည် "တံခါးဝတိုင်အောင်အနီးသို့" ကိုယ်တော်ရောက်ရှိနေပြီဖြစ်ကြောင်း သိမှတ်ကြရပါမည်။ GC, pp. 37-38 (1911).

တိုင်းနိုင်ငံများ၌မငြိမ်မသက်မှုများရှိနေသလို လူသားများ၏စိတ်နှလုံးသည်လည်း စိုးရိမ်ပူပန်မှုများဖြင့်ပြည့်ဝနေပါသည်။ သို့ရာတွင် ဘုရားသခင်ကို ယုံကြည်သူအပေါင်းတို့မှာ "ငါရှိတယ်၊ မကြောက်ကြနှင့်" ဟူသောအသံတော်ကို မုန်တိုင်းထန်နေသည့်ကြားမှာပင် ကြားကြရလိမ့်မည်။ ST, Oct. 9 (1901).

ထူးဆန်းပြီးကြီးကျယ်သောအဖြစ်အပျက်များနှင့်ပြည့်စုံနေသော သမိုင်းစဉ်ကို ကောင်းကင်နိုင်ငံတော်တွင် မှတ်တမ်းတင်လျက်ရှိပါသည်။

---

၁။ GC, pp. 306-308, 333,334. ကိုလေ့လာပါ။

အထူးသဖြင့် ဘုရားသခင်၏နေ့ရက်ကြီးမတိုင်မီကလေးတွင် ဖြစ်ပျက်လိမ့်မည်ဟု ကြိုတင်ဖွင့်ဆိုထားသည့်အရာများကို မှတ်တမ်းတင်လျက်ရှိပါသည်။ ဤကမ္ဘာပေါ်ရှိ အရာခပ်သိမ်းတို့သည် မတည်မငြိမ်ဖြစ်လျက်ရှိကြ၏။ 3MR, p. 313, (1908).

**ပုရောဖက်အတုအယောင်များ**

"မိစ္ဆာပုရောဖက်အတုအယောင်အများတို့သည် ပေါ်လာ၍ လူအများတို့ကိုလှည့်ဖြားကြလိမ့်မည်" ဟူ၍ ယေရှုရှင်ပျက်စီးမည့် ပုဗ္ဗနိမိတ်များတွင် တစ်ခုအပါအဝင်အဖြစ် မိစ္ဆာပုရောဖက်အတုအယောင် ပေါ်ထွန်းလာမည့်အကြောင်းကို ခရစ်တော်မိန့်ဆိုခဲ့ဖူးပါသည်။ ပုရောဖက်အတုအယောင်များသည် ပေါ်ထွန်းလာကာ လူတို့ကိုလှည့်ဖြားလျက် များစွာသောလူတို့အား တောသို့ပို့ဆောင်ခဲ့ကြပါသည်။ နိမိတ်လက္ခဏာပြနိုင်သည့်တန်ခိုးရှိသည်ဟု မိမိကိုယ်ကိုဖွင့်ဆိုသောပယောဂဆရာများနှင့်မှော်ဆရာများသည် လူတို့အားဆွဲဆောင်ကာ တောတောင်များဆီသို့ ခေါ်သွားခဲ့ကြပါသည်။ သို့ရာတွင် ဤအနာဂတ္တိစကားသည် နောက်ဆုံးသောနေ့ရက်များနှင့်လည်း သက်ဆိုင်ပါသည်။ ဒုတိယအကြိမ်ကြွလာခြင်းအတွက် ပုဗ္ဗနိမိတ်တစ်ခုလည်း ဖြစ်ပါသည်။ DA, p. 631 (1898).

ကျွန်ုပ်တို့သည် မှားယွင်းသောဖွင့်ဆိုချက်များကိုကြားရလိမ့်မည်။ မိစ္ဆာပုရောဖက်များပေါ်လာကာ အိပ်မက်အတု၊ ရူပါရုံအတုများနှင့် ရင်ဆိုင်ရလိမ့်မည်။ သို့ရာတွင် နှုတ်ကပတ်တော်ကိုသာ ဟောကြားကြပါ။ နှုတ်ကပတ်တော်အားဖြင့်ဖွင့်ပြနေသော ဘုရားသခင်၏အသံတော်မှ ဝေးရာသို့ခေါ်ဆောင်သွားခြင်းကို မခံရကြစေနှင့်။ 2SM, p. 49 (1894).

ဘုရားသခင်၏သွန်သင်မှုများကိုခံရသည်ဟုဖွင့်ဆိုကာ လူတို့အား လမ်းပြရန်ကြိုးစားသောသူများကို ကျွန်ုပ်အားရူပါရုံတွင် ထာဝရဘုရားသခင်ပြတော်မူဖူးပါသည်။ ၎င်းတို့အား မည်သည့်အခါကမျှ ထာဝရဘုရားသခင်မခိုင်းခဲ့ဖူးသော လုပ်ငန်းတာဝန်တစ်ခုကို သူတို့ဆောင်ရွက်

နေကြရသဖြင့် ရှုပ်ထွေးမှုများသာအဖတ်တင်ခဲ့ပါသည်။ အလိုတော်ကိုလူတိုင်း နားလည်နိုင်ရန် အလွန်အားကြီးသောစိတ်ဖြင့် ထာဝရဘုရားသခင်အား ကိုယ်တိုင်ရှာဖွေကြပါ။ 2SM, p. 72 (1893).

**မိစ္ဆာပုရောဖက်တစ်ဦးနှင့်တွေ့ဆုံခဲ့ဖူးခြင်း**

ယမန်နေ့ညက သြစတေးလျနိုင်ငံ ဗစ်တိုးရီးယားမြို့မှလာသည်ဆိုသော လူစိမ်း၊ လူငယ်တစ်ဦးက မမဂိုက်နှင့်တွေ့ချင်သည်ဆိုကာ ကျွန်ုပ်တို့ထံသို့ ဖုန်းဆက်ခဲ့ပါသည်။ ညအချိန်ဖြစ်နေပြီဖြစ်သဖြင့် ကျွန်ုပ်ကသူနှင့်တွေ့ဖို့ငြင်း ဆိုခဲ့သော်လည်း အဆုံးတွင် ၎င်း၏တောင်းဆိုမှုကိုလက်ခံကာ ကျွန်ုပ်တို့ နှင့်အတူ ထိုညတည်းခိုပြီး နောက်တစ်နေ့မနက်စာ စားပြီးသည့်အထိနေရန် ဖိတ်ခေါ်လိုက်ပါသည်။ နောက်တစ်နေ့နံနက်တွင် နံနက်ယံဝတ်ပြုခြင်းပြီးသည့် အခါ မိမိတို့လုပ်ဆောင်စရာများလုပ်ဆောင်ရန် ထွက်ခွာကြမည်အပြုတွင် ထိုသူက အမိန့်ပေးသည့်ပုံစံဖြင့် ထိုင်နေကြဖို့ပြောကာ "ခင်ဗျားတို့မှာ ဓမ္မသီချင်း စာအုပ်ရှိသလား။ သီချင်းတစ်ပုဒ်လောက်ဆိုကြဂ့အောင်၊ ကျွန်တော့်မှာ ခင်ဗျား တို့အတွက် သတင်းစကားတစ်ခုပါတယ်" ဟု ပြောပါသည်။ "ပြောစရာ သတင်းစကားပါရင်လည်းမြန်မြန်ပြောပါ။ အမေရိကန်ကိုစာပို့စရာရှိလို့ အ ချိန်မရှိတော့ဘူး၊ အရေးကြီးနေပါတယ်" ဟု ကျွန်ုပ်ကပြောလိုက်ရာ လူသား များအပေါ်တရားစီရင်ခြင်းအစပြုနေပြီဖြစ်ကြောင်း ဖော်ပြထားသည့် သူရေး သားထားသောစာတချို့ကိုဖတ်ပြပါသည်။

သူဖတ်တာကိုဆုံးအောင်နားထောင်ပြီးနောက် "ငါ့မောင်၊ မင်းဟာ ပုံမှန်စိတ်မဟုတ်ဘူး။ မင်းပေးတဲ့သတင်းစကားနဲ့ တို့နဲ့ဘာဆိုင်တယ်ဆိုတာ ရှင်းရှင်းပြောပြပါ။ ယခုပြောပြပါ။ မင်းဘာကိုလုပ်နေတယ်ဆိုတာကိုလည်း မင်းမသိဘူး။ မင်းပြောခဲ့တဲ့အရာ အများစုဟာ ကျမ်းစာထဲက အရာတွေဖြစ် တယ်။ ဒါတွေကိုတို့ယုံပါတယ်။ ဒါပေမယ့် မင်းစိတ်လှုပ်ရှားနေတယ်။ တို့ အတွက် မင်းဘာလုပ်ချင်တယ်ဆိုတာကို ကျေးဇူးပြုပြီးပြောပြပါလား" ဟု ကျွန်ုပ်ကပြောလိုက်ပါသည်။

ကျွန်ုပ်တို့ အထုပ်အပိုးတွေကိုထုပ်ပိုးပြီး ဘက်တယ်ခရိသို့ပြောင်းရမည်ဟုသူကပြောပါသည်။ အဘယ်ကြောင့်ပြောင်းရမှာလဲဟု ကျွန်ုပ်ကမေးသည့်အခါ "လူတွေအပေါ်မှာ တရားစီရင်ခြင်းစနေပြီဆိုတာကို သွားပြောရမယ်" ဟုသူကဖြေပါသည်။ "တို့ကိုဘုရားသခင်ခိုင်းထားတဲ့အလုက်ကမပြီးသေးဘူး။ အလုပ်ပြီးတဲ့တစ်နေ့မှာ ဘက်တယ်ခရိကိုပြောင်းဖို့ ဘုရားသခင်ကတို့ကို အသိပေးလိမ့်မယ်" ဟု ကျွန်ုပ်ပြောကာ ရေးလက်စအရာများကိုဆက်ရေးနိုင်ရန် သူ့ကို မစ္စတာ Starr တို့နှင့်ထားခဲ့ပါသည်။

သူ့အား ကျွန်မကကြင်နာစွာဖြင့် အာဏာသံပါပါပြောသွားသည့်အချိန်တွင် သူ့အမှားကိုသူမြင်လာကြောင်း၊ သူ့အား ထိုကဲ့သို့လုပ်ဆောင်စေသည့် လှုံ့ဆော်မှုများသည်လည်း အဓိပ္ပါယ်မဲ့ကြောင်း မစ္စတာ ၊အမေမ ကိုသူပြောပြခဲ့ပါသည်။ ကျွန်ုပ်တို့အိမ်တွင် ဧည့်သည်(၃)ယောက်မပါ၊ အိမ်သာချည်း(၁၀)ယောက်ရှိနေလင့်ကစား သူ့ကိုအိမ်မှာတည်းခိုခွင့်ပေးခဲ့ပါသည်။ ၎င်းအားကြမ်းတမ်းစွာဆက်ဆံပြီး ဒုက္ခပေးမည့်သူများနှင့်ကျွန်ုပ်တို့မထည့်ရဲခဲ့သည်မှာ မှန်သော်လည်း သူပြောမည့် ဗျာဒိတ်တွေကိုလည်း မကြားချင်ကြပါဘူး။ သူ့ကိုတတ်နိုင်သမျှအိမ်မှာတည်းခိုးခွင့်ပေးထားပြီး လုံခြုံစိတ်ချရသည့်နေရာသို့ဖြစ်နိုင်လျှင် ပို့ဆောင်ပေးလိုပါသည်။ Letter, p. 66 (1894).

### အစားကြူးခြင်းနှင့်ချုပ်တည်းခြင်းကင်းမဲ့မှု

အစားကြူးခြင်းနှင့်ချုပ်တည်းမှုမရှိခြင်းသည် စာရိတ္တပျက်ပြားခြင်း၏အုတ်မြစ်ဖြစ်ပါသည်။ ဤအချက်ကိုစာတန်သိထားသောကြောင့် လူသားများအား ကျန်မာရေးနှင့်အသက်ကို အဆုံးခံကာ ခံတွင်းအလိုကိုလိုက်စားကြဖို့ မနားမနေစုံစမ်းနေပါသည်။ စားခြင်း၊ သောက်ခြင်းနှင့်ဝတ်ဆင်ခြင်းသည် ဤလောကီအသက်တာ၏ရည်မှန်းချက်ပင်ဖြစ်နေပါသည်။ ရေမလွှမ်းမိုးမီကာလအချိန်တွင် ဤအခြေအနေမျိုးရှိခဲ့ပါသည်။ ဤကဲ့သို့အပျော်အပါးလိုက်စားသည့် အခြေအနေမျိုးသည်လည်း ကမ္ဘာ့ရာဇဝင်အဆုံးသတ်မည့်အထောက်အထားများတွင် ထင်ရှားသည့် အထောက်အထားတစ်ခုဖြစ်ပါသည်။ Letter, p. 34 (1875).

သမ္မာကျမ်းစာကတင်ပြပုံဖေါ်ထားသည့် ရေမလွှမ်းမိုးမီကအခြေအနေများသည် ခေတ်သစ်လူ့ဘောင်က အလျင်အမြန်ဦးတည်ရွေ့လျားနေသည့် အခြေအနေနှင့်တစ်ထပ်တည်းကျနေပါသည်။ PP, p. 102 (1890).

ခရစ်တော်သည် မကြာမီတွင်ကြွလာတော့မည်ကို ကျွန်ုပ်တို့သိထားပါသည်။ ဤကမ္ဘာကြီးသည် နောဧအချိန်ကကဲ့သို့ အလျင်အမြန်ဖြစ်နေပါသည်။ အတ္တအလိုကိုလိုက်စားနေကြပါသည်။ အစားကြူး၊ အသောက်ကြူးနေကြပါသည်။ မိမိတို့အားရူးသွပ်စေမည့် အရက်သေစာများကို လူတို့သောက်နေကြပါသည်။ Letter, p. 308 (1907).

**အကြမ်းဖက်သည့်လုပ်ရပ်များ**

နောဧခေတ်အချိန်က လူအများစုသည် အမှန်တရားကိုဆန့်ကျင်ကာမှားယွင်းမှုများတွင် အမြစ်စွဲနေကြပါသည်။ မြေတစ်ပြင်လုံးတွင် စစ်မဲ့အင်္ဂါ၊ ရာဇဝင်ဝတ်မှု၊ လူသတ်မှု စသည့်အကြမ်းဖက်မှုများဖြင့်ပြည့်ဝနေပါသည်။ ခရစ်တော်ဒုတိယအကြိမ်ကြွမလာမီတွင်လည်း ထိုနည်းနှင်နှင့်ဖြစ်ပျက်လိမ့်မည်။ 1BC, p. 1090 (1891).

အလုပ်သမားသမဂ္ဂများကလည်း ၎င်းတို့၏တောင်းဆိုချက်များကိုမလိုက်လျောလျှင် အကြမ်းဖက်ဖို့ အလျင်အမြန်လှုံ့ဆော်တတ်ကြသည်။ ကမ္ဘာသူ၊ ကမ္ဘာသားများသည် ဘုရားသခင်နှင့်သဟဇာတမတည့်တော့သည်ကို ပို၍ပို၍ရှင်းလင်းစွာတွေ့လာပါသည်။ စာတန်၏ခေါင်းဆောင်မှုအောက်တွင် ဆိုးရွားသောအလုပ်သမားများ၏ တဖြည်းဖြည်းအားကောင်းလာမှုကိုမည်သည့်သိပ္ပံသီအိုရီများကမှ ရှင်းပြနိုင်ခြင်းမရှိပါချေ။ နတ်ဆိုးများသည် ရုတ်ရုတ်သဲသဲဖြစ်နေသော လူအုပ်ကြီးထဲတွင်ဝင်ရောက်ကာ အကြမ်းဖက်လုပ်ငန်းများကိုလုပ်ဆောင်ရန် တိုက်တွန်းနေတတ်ပါသည်။

ထာဝရဘုရားသခင်သည် မိမိကိုယ်ကိုထင်ရှားပြရတော့မည့် အခြေအထိ လူတို့သည်ဖေါက်ပြန်လာကြပါသည်။ ရက်စက်လာကြပါသည်။ မကြာတော့မည့်အချိန်တွင် လောကကမ္ဘာ၏ဆိုးယုတ်မှုများသည် နောဧအချိန်ကကဲ့သို့မြင့်တက်လာတော့မည်။ ထိုအချိန်တွင် ဘုရားသခင်သည် ပြစ်ဒဏ်စီရင်မှုများကို ပြုလုပ်တော်မူပါလိမ့်မည်။ UL, p. 334 (1903).

သတ်ဖြတ်လုယက်သည့်သတင်းဆိုးများ၊ ရထားမှောက်သည့်သတင်း၊ ရထားခြင်းတိုက်သည့်သတင်းများနှင့်အကြမ်းဖက်သည့်သတင်းဆိုးများက ခပ်သိမ်းသောအရာတို့ အဆုံးသို့ရောက်တော့မည့်အကြောင်းကို ကျွန်ုပ်တို့အားသတိပေးနေပါသည်။ ယခုအချိန်သည် ဒုတိယအကြိမ် ခရစ်တော်ကြွလာခြင်းအတွက် မိမိကိုယ်ကိုပြင်ဆင်ရမည့်အချိန်ပင်ဖြစ်ပါသည်။ Letter, p. 308 (1907).

**စစ်ပွဲများနှင့်ကပ်ဆိုးများ**

ဒုက္ခလှိုင်းတံပိုးများသည်ပြင်းထန်လာပြီဖြစ်သဖြင့် ကျွန်ုပ်တို့သည် ထိုအရာများကိုရင်ဆိုင်ကျော်လွှားနိုင်ရန် ထာဝရဘုရားသခင်ထံတွင် နောင်တရလျက် ခရစ်တော်၌ယုံကြည်ခြင်းရှိကြရပါမည်။ ထာဝရဘုရားသခင်သည် ဤကမ္ဘာကြီးအားလှုပ်ခါပစ်ရန် ရပ်ထတော်မူတော့မည်ဖြစ်သည်။ နေရာတကာတွင် ဘေးဒုက္ခများနှင့်ပြည့်ဝလျက်ရှိပါသည်။ ထောင်နှင့်ချီသောသင်္ဘောများသည် သမုဒ္ဒရာကြမ်းပြင်တွင် နစ်မြုပ်နေကြပြီ၊ ရေတပ်မတော်များသည် ကျဆုံးကာ သန်းနှင့်ချီသောလူသားများ၏ အသက်များသည် အစတေးခံကြရလိမ့်မည်။ လူတို့အစွမ်းနှင့်ငြိမ်းမရသည့်မီးလောင်ကျွမ်းမှုများသည် မျှော်လင့်မထားသည့်အချိန်တွင် ဖြစ်ပျက်လာလိမ့်မည်။ ထိုမီးလောင်မှုများကြောင့် နန်းတော်ကြီးများပင်လျှင် လူမြင်ကွင်းမှပျောက်ကွယ်သွားကြလိမ့်မည်။ မီးရထားလမ်းများတွင် ကပ်ဆိုးများသည် ပို၍ကျရောက်လာလိမ့်မည်။ လမ်းပန်းဆက်သွယ်မှုများတွင် တစ်ခဏတာသတိပေးချက်မရှိဘဲ ယာဉ်တိုက်မှုနှင့် သေဆုံးမှုများဖြစ်ပေါ်လာလိမ့်မည်။ ကပ်ကာလအဆုံးသည်ရောက်တော့ပေမည်။ ကရုဏာတံခါးသည်လည်းပိတ်လျက်ရှိချေပြီ။ ထာဝရဘုရားသခင်အားတွေ့နိုင်သည့်ကာလတွင်ရှာ၍ အနီးတွင်ရှိသည့်အချိန်၌ ဆုတောင်းပတ္ထနာပြုကြပါစို့။ MYP, pp. 89-90 (1890).

ကမ္ဘာ့ရာဇဝင်၏နောက်ဆုံးသောမြင်ကွင်းများသည် ပို၍ကြောက်စရာကောင်းလာလိမ့်မည်။ ကပ်ရောဂါများနှင့်ငတ်မွတ်ခေါင်းပါးမှုများဖြစ်ပေါ်လာလိမ့်မည်။ ရေဘေးနှင့်မီးဘေးကြောင့် အသက်အိုးအိမ်များပျက်စီးလိမ့်

မည်။ ကိုယ်တော်အားချစ်သောတပည့်တော်များအတွက် ပြင်ဆင်လျက်ရှိသောအိမ်တော်သို့ဝင်စားနိုင်ရန် ကျွန်ုပ်တို့ပြင်ဆင်လျက်နေသင့်ကြပါသည်။ Mar, p. 174 (1897).

**ကြီးမားသောမီးလျှံကြီးများ**

လွန်ခဲ့သော သောကြာနေ့နံနက် ကျွန်ုပ်နိုးထခါနီးကလေးတွင် ကြောက်စရာကောင်းသည့်ရူပါရုံတစ်ခုကို ကျွန်ုပ်ရခဲ့ပါသည်။ ကျွန်ုပ်သည် အိပ်နေရာမှနိုးသွားသယောင်ရှိခဲ့သော်လည်း ကျွန်ုပ်ရှိနေသည့် နေရာမှာ ကျွန်ုပ်နေထိုင်သည့် အိမ်တော့မဟုတ်ပါချေ။ ပြတင်းပေါက်မှ နေ၍ ကြည့်လိုက်ရာ မီးတောက်မီးလျှံတွေကို တွေ့နေရပါသည်။ မီးတောက်ကြီးများသည် အိမ်များပေါ်သို့ကျကာ အရပ်လေးမျက်နှာကို မီးကူးနေပါသည်။ ထိုမီးကိုငြိမ်းသတ်ခြင်းငှါမစွမ်းနိုင်ကြသည်ဖြစ်ရာ အိမ်ခြေတော်တော်များများ ပျက်စီးသွားခဲ့ပါသည်။ လူတွေကြောက်လန့်နေပုံမှာ ဖော်ပြ၍မရနိုင်လောက်အောင်ပင်ဖြစ်ပါသည်။ ထိုအချိန်မှာပင် ကျွန်ုပ်လန့်နိုးလာရာ ကျွန်ုပ်အိမ်မှာပင် ကျွန်ုပ်ရှိနေသည်ကို တွေ့ခဲ့ရပါသည်။ Ev, p. 29 (1906).

အလွန်လှပသည့် အိမ်ကြီးအိမ်ကောင်းများကိုချက်ချင်းကြီးပျက်စီးသွားစေသည့် မီးလုံးကြီးတစ်ခုကို ကျွန်ုပ်တွေ့မြင်စဉ် "ဘုရားသခင်၏ပြစ်ဒဏ်စီရင်မှုသည် ဤကမ္ဘာပေါ်မှာ ကျရောက်လာမည်ဆိုသည်ကို ကျွန်ုပ်တို့သိထားပါသည်။ သို့သော် ဤမျှလောက်မြန်မြန်ကြီးကျလာလိမ့်မည်ဟုမသိခဲ့ပါ" ဟု လူတချို့ပြောနေသည်ကိုကြားခဲ့ရပါသည်။ ထိုစဉ်တွင် အခြားသူများကစိတ်ပျက်သည့်လေသံဖြင့် "မင်းတို့သိထားတယ်ဟုတ်လား၊ ဘာကြောင့်ငါတို့ကိုပြောမပြခဲ့သလဲ၊ တို့မသိခဲ့ရပါလား" ဟု ပြောဆိုသံကိုလည်း ကျွန်ုပ်ကြားလိုက်ရပါသည်။ 9T, p. 28 (1909).

**မြေငလျင်လှုပ်ခြင်းနှင့်ရေကြီးခြင်း**

စာတန်သည် တန်ခိုးအာဏာအပြည့်ဖြင့် မြေကြီးပေါ်သို့ကျလာကာ အလုပ်လုပ်ဆောင်နေဆဲဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဤကမ္ဘာမှ ဆုတ်ခွါလျက်ရှိကာ ထာဝရဘုရားသခင်သည်လည်း လက်တော်

ကို ရပ်လျက်ရှိပါသည်။ ကျွန်ုပ်တို့သည် ပင်စယ်ဘေးနီးယားရှိ Johnstown ကို စေ့စေ့ကြည့်ရှုံသာရှိတော့သည်။ နတ်ဆိုးကြီးက ထိုမြို့ကို အရှင်းဖျက်ဆီးနေသည်ကို ကိုယ်တော်ရှင်တားဆီးတော်မမူခဲ့ပါတကား။ ဤသို့သော်အဖြစ်အပျက်မျိုးသည် ကမ္ဘာ့ရာဇဝင်ကြီး အဆုံးသတ်သည့်နေ့အထိ တိုးပွားများပြားလာလိမ့်မည်ဖြစ်သည်။ 1SAT, p. 109 (1889).

ဤကမ္ဘာကြီးကိုအုပ်ဆိုင်းထားသည့် အပေါ်ယံအလွှာကြီးသည် ကမ္ဘာမြေကြီးအတွင်းရှိဒြပ်ဝတ္ထုများ၏ပေါက်ကွဲမှုကြောင့် ကွဲအက်ပျက်စီးကုန်လိမ့်မည်။ အနှစ်နှစ်အလလလူသားများစုဆောင်းသိုမှီးထားသည့်ဥစ္စာစည်းစိမ်များကို ထိုဒြပ်ဝတ္ထုများက တစ်ချက်တည်းပျောက်လွင့်သွားစေလိမ့်မည်။ ဘာသာရေးလောကတွင်လည်း ကြောက်စရာကောင်းသည့် လှုပ်ရှားမှုများဖြစ်ပေါ်လိမ့်မည်။ အကြောင်းမှာ ခပ်သိမ်းသောအရာတို့၏အဆုံးသည် ရောက်ရှိတော့ပေမည်။ 3MR, p. 208 (1891).

ကမ္ဘာမြေကြီးပေါ်တွင် ကျွန်ုပ်တို့ရပ်ထနေသည့်တစ်ခဏမှာပင် ကျွန်ုပ်တို့အားလုံး မြေကြီးဖုံးသွားမည့်အန္တရာယ်ကျရောက်နိုင်သည့်အချိန်သည် ယခုအချိန်ပင်ဖြစ်သည်၊ မျှော်လင့်မထားသောအချိန်မျိုးတွင် မြေငလျင်လှုပ်ခြင်းဖြစ်ပေါ်လာလိမ့်မည်။ TM, p. 421 (1896).

ထာဝရဘုရားသခင်၏ဝိညာဉ်တော်သည် လူတို့အား အမြဲတမ်းကြီးဖျောင်းဖျနေမှာမဟုတ်ကြောင်း သတိပေးချက်များကို မီးလျှံများ၊ ရေကြီးခြင်း၊ မြေငလျင်လှုပ်ခြင်းနှင့်တကွ ပင်လယ်နှင့်မြေကြီးတို့၌ဖြစ်လျက်ရှိသောဘေးဒုက္ခများအားဖြင့် အသိပေးနေပါသည်။ 3MR, p. 315 (1897).

မိုးတိမ်ကိုစီး၍ ခရစ်တော်ကြွမလာမီကလေးတွင် သဘာဝရှိခပ်သိမ်းသောအရာတို့သည် သိမ့်သိမ့်တုန်ကြလိမ့်မည်။ ကောင်းကင်ယံမှ လျှပ်ပန်းလျှပ်နွယ်များသည် မြေကြီးပေါ်မှ မီးလျှံများနှင့်ပါးစပ်သွားကာ တောင်များ

---

၂။ ၁၈၈၉ ခုနှစ်၊ မေလ(၃၁)ရက်တွင် ရေကာတာကျိုးပျက်မှုကြောင့် Johnstown ရှိလူပေါင်း(၂၂၀၀)လောက် အသက်ဆုံးရှုံးခဲ့ရသည်။

ကိုမီးဖိုကြီးမားပမာတောက်လောင်စေလိမ့်မည်။ ၎င်းတို့၏ချော်ရည်ချော်မြှုပ်များကို မြို့များ၊ ရွာများအပေါ်သို့ကျရောက်စေလိမ့်မည်။ ပူပြင်းစွာတောက်လောင်နေသော ထိုမီးတောင်များမျှကျောက်တုံး၊ ကျောက်ခမြှားသည် ပင်လယ်မြစ်ချောင်းများထဲသို့ကျသဖြင့် ရေများသည်ဆူပွက်နေကြလိမ့်မည်။ ထိုကြောင့်ကြီးမားသောမြေငလျင်များလှုပ်လာကာ လူအများသေကြေပျက်စီးကြလိမ့်မည်။ 7BC, p. 946 (1907).

**ရာဇဝင်မှု၊ အစာငတ်မွတ်ခြင်းနှင့်ကပ်ရောဂါများ**

စာတန်သည် ကမ္ဘာ့လေထုတွင်အလုပ်လုပ်လျက်ရှိသည်။ ကမ္ဘာ့လေထုကြီးကို အဆိပ်သင့်စေလျက်ရှိသည်။ ပစ္စုပ္ပန်နှင့်အနာဂတ်ကာလ နှစ်ခုစလုံးတွင် အသက်ရှင်နိုင်ခွင့်ရရန် ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်ကိုမှီခိုကြရမည်။ ယခုကဲ့သို့သောအခြေအနေမျိုးတွင် ကျွန်ုပ်တို့သည် နိုးနိုးကြားကြားရှိကြရမည်။ လုံးလုံးလျားလျားဆက်ကပ်ပြောင်းလဲကာ ထာဝရဘုရားသခင်ထံတွင်အပ်နှံကြရမည်။ သို့ရာတွင် ကျွန်ုပ်တို့မှာမူ သွက်ချာပါဒရောဂါသည်များပမာ မလှုပ်မရှားထိုင်နေကြပါသည်။ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသခင်၊ ကျွန်ုပ်တို့ကို နှိုးထစေတော်မူပါ။ 2SM, p. 52 (1890)

အသက်ရှင်ရန် အခြေအမြစ်တစ်ခုဖြစ်သောလေထုကြီးကို သေစေနိုင်သည့်အနံ့ဆိုးများဖြင့် သိမ်ဖျင်းအောင်လုပ်ဆောင်နေသည့် ၎င်းတို့၏အဖျက်လုပ်ရပ်များကိုမလုပ်အောင် ထိုအမှောင်တန်ခိုးရှင်များကို ထာဝရဘုရားချုပ်ထိန်းထားတော်မမူခဲ့ပါ။ ထိုကြောင့် ဟင်းသီးဟင်းရွက်များကိုသာထိခိုက်စေသည်မဟုတ်ဘဲ လူသားများကိုလည်း ကပ်ရောဂါများခံစားစေလျက်ရှိပါသည်။ ဤအရာများသည် ဘုရားသခင်၏ဒေါသဖလားမှ အမျက်တော်ရည်များဖြစ်ရုံသာမက အနာဂတ်တွင် ရင်ဆိုင်ရမည့်အရာများအတွက်ပုံစံနမူနာများဖြစ်ပါသည်။ 3SM, p. 391 (1891).

---

၃။ တားဆီးပိတ်ပင်ခြင်းမရှိဘဲ ခွင့်ပြုထားသည့်အရာများအတွက် ထာဝရဘုရားသခင်တာဝန်ယူတော်မူသည်။ ထွက်၊ ၇း၃။ ၈း၃၂။ ၅ရာ၊ ၁၀း၄၊၁၃၊၁၄။

အစာငတ်မွတ်ခေါင်းပါးခြင်းများသည် ပိုရှုံများပြားလာလိမ့်မည်။ ကပ်ရောဂါများကြောင့် လူအများသေကြေပျက်စီးကြလိမ့်မည်။ စာတန်၏ အတွင်း၊ အပြင် တန်ခိုးပြလုပ်ဆောင်မှုများကြောင့် ကျွန်ုပ်တို့သည် အန္တရာယ်များအကြားတွင်ရောက်နေသော်လည်း ဘုရားသခင်၏ချုပ်ထိန်းထားသည့် တန်ခိုးတော်သည် ယခုတွင်အလုပ်လုပ်လျက်ရှိပါပြီ။ 19MR, p. 382 (1897).

သန့်ရှင်းသောဝိညာဉ်တော်သည် ဤကမ္ဘာကြီးမှဆုတ်ခွါသွားသည်ကိုရှုပါရုံတွင် ကျွန်ုပ်အားပြပါသည်။ ပညတ်တော်ကို အလေးမထားသူများအား မကြာမီတွင် ထာဝရဘုရားသခင်ကစောင့်ရှောက်ရန်ငြင်းဆိုတော်မူလိမ့်မည်။ မကောင်းသောရောင်းဝယ်ဖေါက်ကားခြင်းများ၊ လူသတ်မှုများနှင့် ရာဇဝတ်မှုအမျိုးမျိုးတို့၏ သတင်းဆိုးများကိုလည်း နေ့စဉ်ကြားနေရပါသည်။ ဒုစရိုက်မှုများသည် လူသားများအတွက် မထူးဆန်းသည့် သာမန်အလုပ်တစ်ခုပမာဖြစ်လာပါတော့ပြီ။ Letter, p. 258 (1907).

## ဘေးဒုက္ခများအပေါ်ထားရှိသည့် ဘုရားသခင်၏သဘောထား

စိုးစဉ်းမျှသတိရပေးချက်မရဘဲ သင်္ဘောကြီးတွေ ပင်လယ်ထဲမှာထာဝရနစ်မြုပ်သွားရသော ရေးဘေးဒုက္ခများသည် မည်သို့နည်း။ ဆင်းရဲသားများ၏ဂုတ်သွေးကိုစုတ်ပြီး စုဆောင်းထားသည်ဉစ္စာစည်းစိမ်များကို တစ်ခုမကျန် လောင်ကျွမ်းသွားစေသည့် ကုန်းပေါ်မှာဖြစ်တတ်သော မီးဘေးကားအဘယ်သို့နည်း။ ပညတ်တော်ကိုလွန်ကျူးကာပဋိညာဉ်ချိုးဖေါက်လျက်မှန်ကန်သော ဥပုသ်နေ့ကိုမထီမဲ့မြင်ပြုသူများ၏ ဥစ္စာစည်းစိမ်များကို ကာကွယ်ရန် ထာဝရဘုရားသခင်သည် ကြားဝင်လုပ်ဆောင်နေ်မူမည်မဟုတ်ပါ။

ဘုရားသခင်သည် ဤကမ္ဘာကြီးပေါ်သို့ဘေးဒဏ်ကြီးများကိုကျရောက်စေလျက်ရှိနေပေပြီ။ ၎င်းဘေးဒဏ်များသည် ကောင်းကင်မှမှတ်လိုက်သည့်မီးလျှံများအလား အဖိုးတန်အဆောက်အအုံများကို ရှင်းပစ်လျက်ရှိချေပြီ။ ထိုဘေးဒဏ်များကြောင့် ခရစ်ယာန်များ သတိရနိုးထခြင်းရှိလာကြလိမ့်မည်လား။ အပြစ်သားများသည် ထာဝရဘုရားသခင်ရှေ့တော်တွင် ကြောက်

ရှဲ့တုန်လှုပ်လာစေရန်အလို့ငှါ ကမ္ဘာသူ၊ ကမ္ဘာသားများသတိရနိုးထလာဖို့ ထိုအရာများကို ကိုယ်တော်ခွင့်ပြုတော်မူထားပါသည်။ 3MR, p. 311 (1902).

ဤဘေးဒဏ်များကိုခွင့်ပြုရာတွင် ထာဝရဘုရားသခင်၌ အကြံတော်တစ်ခုရှိ၏။ လူသားများပြန်လည်သတိရနိုးထလာရန် ကိုယ်တော် အသုံးပြုသည့်နည်းများတွင် ဤအရာသည်တစ်ခုအပါအဝင်ဖြစ်သည်။ ဘုရားသခင်သည် သဘာဝတွင်ပုံမှန်မဟုတ်သောအရာများဖြစ်ပေါ်စေခြင်းအားဖြင့် နှုတ်ကပတ်တော်တွင် ရှင်းလင်းစွာဖော်ပြထားသည့်အရာများကို သံသယဝင်နေသောလူတို့အား ဖော်ပြတော်မူလိမ့်မည်။ 19MR, p. 279 (1902).

မြေငလျင်လှုပ်ခြင်း၊ လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ မီးလောင်ခြင်း၊ ရေကြီးခြင်းတို့ကြောင့် အသက်စည်းစိမ်များအကြီးအကျယ်ဆုံးရှုံးပျက်စီးရသည့်သတင်းများကို မကြာခဏ ကျွန်ုပ်တို့ကြားနေကြရပါသည်။ ဤဘေးဒဏ်များသည် သဘာဝအတိုင်းပုံမှန်ဖြစ်ပေါ်နေသည့်အရာများမဟုတ်သည့်ပြင် လူသားများထိန်းချုပ်နိုင်စွမ်းမရှိသည့်အရာများဖြစ်သော်လည်း ထိုဘေးဒဏ်များတွင် ဘုရားသခင်၏အကြံတော်ကိုသိရှိနိုင်ကြပါသည်။ အန္တရာယ်ရှိကြောင်း လူသားများအသိဝင်လာအောင် နိုးကြားစေဖို့ ဘုရားသခင် အသုံးပြုသည့်နည်းလမ်းများတွင် ဤအရာများလည်းပါဝင်ကြပါသည်။ PK, p. 277 (1914).

**ဖြစ်ပျက်တော့မည့်အရာများသည် ဘုရားသခင်၏ လက်တော်တွင်ရှိခြင်း**

ဤကမ္ဘာကြီးသည် မင်းမဲ့ကမ္ဘာတစ်ခုမဟုတ်ပါ။ ဖြစ်လတ္တံ့သောအရာများသည် ဘုရားသခင်၏လက်တော်တွင်ရှိပါသည်။ ကိုယ်တော်သည် မိမိ၏စောင့်ရှောက်မှုအောက်တွင်ရှိသော အသင်းတော်အတွက် စိုးရိမ်ပူပန်မှုရှိသကဲ့သို့ တိုင်းနိုင်ငံအသီးသီးတို့၏ကံကြမ္မာကိုလည်း ဆွဲကိုင်ထားတော်မူသည်။ 5T, p. 753 (1889).

---

၄။ ယေဇကျေ ၁း၄၊၂၆။ ၁၀း၈။ ဒံယေလ ၄း၁၇၊၂၅၊၃၂။

တောထဲမှမီးမြွေများကဲ့သို့သော ပုံဆောင်ကိုယ်စားပြုခြင်းများ၌ ရည်ရွယ်ချက်များစွာပါရှိနေပါသည်။ ကမ္ဘာကြီးပေါ်ရှိရုပ်ပိုင်းဆိုင်ရာပစ္စည်းဝတ္ထုများသည်သာမက နိုင်ငံအသီးသီး၏ဘာသာရေးလှုပ်ရှားမှုများသည်လည်း ဘုရားသခင်၏ထိန်းချုပ်မှုအောက်တွင်ရှိနေကြောင်း ထိုပုံဆောင်မှုများမှ တစ်ဆင့် ကျွန်ုပ်တို့လေ့လာနိုင်ကြပါသည်။ အထူးသဖြင့်တနင်္ဂနွေတွင် ဥပုသ်စောင့်ရမည်ဆိုသည့် အမိန့်ထုတ်ပြန်ခြင်းသည်လည်း ကိုယ်တော်ရှင် ထိန်းချုပ်မှုအောက်တွင်ရှိနေပါသည်။ 19MR, p. 281 (1902).

ရထားဘီးနှင့်ဆင်တူသည့် ရှုပ်ထွေးမှုများသည် ခေရုဗိမ်၏အတောင်အောက်ရှိ လက်တော်၏ထိန်းချုပ်မှုအောက်တွင်ရှိနေသကဲ့သို့ လူ့လောကတွင် ဖြစ်ပျက်နေသည့် ရှုပ်ထွေးမှုများသည် ဘုရားသခင်၏ထိန်းချုပ်မှုအောက် တွင်ရှိနေပါသည်။ တိုင်းနိုင်ငံအသီးသီး၌ဖြစ်ပွားနေသည့် ပဋိပက္ခများနှင့် ဆူပူသောင်းကျန်းမှုများအလယ်တွင် ခေရုဗိမ်တို့၏အထက်၌ရှိတော်မူသည့် ထာဝရဘုရားသခင်သည် ကမ္ဘာ့နိုင်ငံရေးကိုဦးဆောင်နေဆဲဖြစ်ပါသည်။ Ed, p. 178 (1903).

လူ့သမိုင်းရာဇဝင်ရှိ နှစ်အလိုက်ရေးမှတ်ထားသည့်မှတ်တမ်းများတွင် အင်ပါယာကြီးများ၏ပေါ်ထွန်းခြင်းနှင့်ကျဆုံးခြင်းများသည် လူ့အလို၊ လူ့တန်ခိုးကြောင့်ဖြစ်ပျက်နေသယောင်ရှိသော်လည်း သမ္မာကျမ်းစာကန့်လန့်ကာကို ဖွင့်ဟကြည့်လိုက်မည်ဆိုလျှင် ထိုဖြစ်ရပ်များကို ကရုဏာတော်အရှင်ဘုရားသခင်ကတိတ်ဆိတ်စွာဖြင့် အလိုတော်အတိုင်းကျ အကောင်အထည်ဖော်နေသည်ကိုတွေ့ရပါသည်။ PK, pp. 499-500 (1914).

**ကမ္ဘာ့ရေးရာအပေါ် ဘုရားသခင်၏အလေးထားမှု**

ထာဝရဘုရားသခင်သည် ပထမဦးဆုံးလူသတ်မှုကျူးလွန်ခဲ့သည့် လူသတ်သမား၏အသက်ကိုချမ်းသာပေးခြင်း၌ မဟာတိုက်လှန်ပွဲနှင့်ပတ်သက် နေသည့် သင်ခန်းစာတစ်ခုကို စကြဝဠာတစ်ခုလုံးရှေ့တွင်တင်ပြနေပါသည်။ ကိုယ်တော်ရှင်၏ရည်ရွယ်ချက်မှာ ပုန်ကန်ခြင်းနားမှုကိုချေမှုန်းပစ်ရန်မဟုတ်ဘဲ ပုန်ကန်ခြားနားမှု၏သဘာဝကိုဖော်ပြရန်ဖြစ်သည်။ အခြားသန့်ရှင်းသောကမ္ဘာ

များမှ ပုဂ္ဂိုလ်များသည် ဤကမ္ဘာပေါ်တွင် ဖြစ်ပျက်နေသည့်အရာများကို စိတ်ဝင်တစားဖြင့် ကြည့်ရှုနေကြပါသည်။

ကိုယ်တော်ရှင်၏မဟာစီမံကိန်းကြီးသည် ရည်မှန်းချက်အတိုင်း တဖြည်းဖြည်း တစ်ဆင့်ပြီးတစ်ဆင့် ပြီးမြောက်လာသည်နှင့်အမျှ စကြဝဠာ၏ကြင်နာမှုနှင့်ထောက်ခံမှုများကို ကိုယ်တော်ရှင်ရယူနိုင်ခဲ့ပါသည်။ PP, pp. 78-79 (1890).

လူသားများအတွက် ခရစ်တော်အသေခံခြင်းအရာသည် ကောင်းကင်နိုင်ငံတော်သို့ လူသားများချဉ်းကပ်နိုင်ခွင့်ရှိလာမက စာတန်၏ပုန်ကန်ခြားနားမှုအပေါ် ဘုရားသခင်နှင့်ခရစ်တော်တို့၏ဖြေရှင်းလုပ်ဆောင်မှုများသည် တရားမျှတမှုရှိကြောင်း စကြဝဠာကြီးတစ်ခုလုံးသိရှိစေခဲ့ပါသည်။ PP, pp. 68-69 (1890).

အကောင်းနှင့်အဆိုး မဟာတိုက်လှန်ပွဲကြီး၏ အဆုံးသတ်မြင်ကွင်းများကို စကြဝဠာကြီးတစ်ခုလုံးက စိတ်ဝင်တစားကြည့်ရှုနေကြပါသည်။ PK, p. 148 (1914).

ကျွန်ုပ်တို့နေထိုင်သည့်ကမ္ဘာကလေးသည် စကြဝဠာကြီးအတွက် သင်ခန်းစာ စာအုပ်တစ်အုပ်ဖြစ်ပါသည်။ DA, p. 19 (1898).

---ooo---

၅။ အပြစ်မဝင်သေးသည့်ကမ္ဘာများနှင့်ကောင်းကင်တမန်များက ဂေသရေမန်ဥယျာဉ်တွင် ခရစ်တော်ရုန်းကန်နေသည်ကို စိတ်ဝင်တစားကြည့်နေကြသည်ဟု မမဝှိုက်ကဖော်ပြထားပါသည်။(DA, p. 6930.) နှစ်ပေါင်း ၄၀၀၀ ကြာ စာတန်နှင့်ဖြစ်ပွားနေသည့်တိုက်လှန်ပွဲနှင့် ကပ်တိုင်ထက်တွင် ခရစ်တော်အောင်ပန်းဆင်ခြင်းများကို ဆွေးနွေးတင်ပြရာတွင်လည်း "ကောင်းကင်နိုင်ငံတော်တစ်ခုလုံးကကြည့်ရှုနေသည်၊" "ကောင်းကင်နိုင်ငံနှင့်တကွ အပြစ်မဝင်သေးသည့် ကမ္ဘာများက ကြည့်ရှုနေကြသည်၊" "သူတို့ကြားခဲ့သည်၊" "သူတို့မြင်ခဲ့ကြသည်၊" "သူတို့ကြည့်ခဲ့ကြသည်" ဟူသောအသုံးအနှုန်းများကို သူမ အသုံးပြုထားပါသည်။ DA, pp. 693,759, 760.

### အခန်း(၃)

## “ထိုအမှုအရာတို့သည်အဘယ်ကာလမှာဖြစ်မည်နည်း”

### တမန်တော်များက ခရစ်တော်အားကြွလာခြင်း အကြောင်းကိုမေးမြန်းခြင်း

ခရစ်တော်သည် လူအများကြားလောက်အောင် မိန့်ဆိုတော်မူခဲ့ပြီးဖြစ်သော်လည်း ပေတရု၊ ယာကုပ်၊ ယောဟန်နှင့်အန္ဒြေတို့သည် ခရစ်တော်တစ်ပါးတည်းရှိစဉ်တွင် ချဉ်းကပ်လာကာ “ထိုအမှုအရာတို့သည် အဘယ်ကာလမှာဖြစ်မည်ကိုလည်းကောင်း၊ ကိုယ်တော်သည်ကြွလာ၍ ဤကမ္ဘာကုန်သောပုဗ္ဗနိမိတ်သည် အဘယ်နိမိတ်ဖြစ်မည်ကိုလည်းကောင်း အမိန့်ရှိတော်မူပါ” ဟုလျှောက်ထားကြ၏။

သခင်ယေရှုသည် ယေရှုရုလင်မြို့ကြီးပျက်စီးမည့်အကြောင်းနှင့် ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းများကိုခွဲခြား၍ တမန်တော်များအား မိန့်ဆိုတော်မမူဘဲ ဤဖြစ်ရပ်ကြီးနှစ်ခုကိုရောယှက်၍ ဖော်ပြတော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်သည် မိမိမြင်တွေ့နေသလောက် အနာဂတ်မြင်ကွင်းများကို တပည့်တော်များအားပြောပြမည်ဆိုလျှင် ၎င်းတို့ခံနိုင်ရည်ရှိကြလိမ့်မည်မဟုတ်ချေ။ ထို့ကြောင့် အနက်အဓိပ္ပါယ်ကို မိမိတိုပဘာသာရှာရန်ချန်ထားကာ ထိုဖြစ်ရပ်ကြီးနှစ်ခုအကြောင်းကိုရောယှက်ကာ ၎င်းတို့အားပြောပြတော်မူခဲ့ပါသည်။ DA, p. 628 (1898).

### ဒုတိယအကြိမ်ကြွလာမည်အချိန်ကိုမသိရှိခြင်း

ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းသားဟု မိမိကိုယ်ကို ခေါ်ဝေါ်သမုတ်နေသူ တော်တော်များများသည် အချိန်သတ်မှတ်သူများဖြစ်ခဲ့ဖူးသည်။ ခရစ်တော်ကြွလာမည့်နေ့ရက်ကို တစ်ခုပြီးတစ်ခု ၎င်းတို့သတ်မှတ်ခဲ့ကြသော်လည်း တစ်ခုမှ မမှန်ခဲ့ချေ။ ခရစ်တော်ကြွလာမည့်နေ့ရက်အတိအကျကို လူသားများမသိနိုင်ကြပါ။ ကယ်တင်ခြင်းခံရမည့်ပုဂ္ဂိုလ်များအတွက်

အမှုတော်ဆောင်နေသည့် ကောင်းကင်တမန်များပင်လျှင် ထိုနေ့ရက်နာရီကို မသိကြပါ။ သို့ရာတွင် "ငါ့ခမည်းတော်တစ်ပါးတည်းသာသိတော်မူ၏" ဟု ခရစ်တော်မိန့်ဆိုခဲ့ပါသည်။ 4T, p. 307 (1879).

ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကျရောက်မည့်အချိန်ကို လည်းကောင်း၊ ခရစ်တော်ကြွလာမည့်အချိန်ကိုလည်းကောင်း မသိနိုင်ကြပါ။ အဘယ်ကြောင့် ထာဝရဘုရားသခင်က ကျွန်ုပ်တို့အားသိခွင့်မပေးရသနည်း။ အကြောင်းမှာ သိခွင့်ပေးခဲ့လျှင် ကျွန်ုပ်တို့သည် ထိုအရာကိုမှန်ကန်စွာအသုံး ချကြမည်မဟုတ်သောကြောင့်ဖြစ်သည်။ အကယ်၍ကြွလာမည့်နေ့ရက်ကိုသိရှိ ခဲ့လျှင် ထိုနေ့ကြီးအတွက်လူသားများကိုပြင်ဆင်ပေးသည့်အမှုတော်လုပ်ငန်း ကို အကြီးအကျယ်ထိခိုက်နှောင့်နှေးစေပါလိမ့်မည်။ ၎င်းပြင် ထိုအချိန်နာရီ အတွက် ကျွန်ုပ်တို့စိတ်လှုပ်ရှားစွာ နေထိုင်အသက်ရှင်ကြတော့မည်လည်း မဟုတ်ချေ။

ထို့ကြောင့် နောင်တစ်နှစ်၊ နှစ်နှစ်အတွင်း ခရစ်တော်ကြွလာလိမ့် မည်ဟု သင်ပြောရမည်မဟုတ်သလို နောင်အနှစ်နှစ်ဆယ်လောက်အထိ ကြွ လာအုံးမှာမဟုတ်ပါဟုလည်း သင်မဟောကြားသင့်ပါ။ RH, March 22 (1897).

ခရစ်တော်ကြွလာမည့်နေ့ရက်နာရီ အတိအကျသည် ဘုရားသခင် ၏နက်နဲရာဖြစ်တော်မူသည်။ DA, p. 633 (1898).

**အချိန်နာရီ သတ်မှတ်သည့် သတင်းစကားကိုဟောရန်မဟုတ်**

ဘုန်းတန်ခိုးအာနုဘော်တော်နှင့် ခရစ်တော်ကြွလာမည့်နေ့ရက် အချိန်ကိုသတ်မှတ်သည့်လူတန်းစားထဲတွင် ကျွန်ုပ်တို့မပါဝင်ကြပါ။ တချို့မှာမူ ထိုအချိန်နာရီကို သတ်မှတ်ခဲ့ကြပြီး မမှန်ကန်ကြောင်း ထင်ရှားသောအခါတွင် ရဲရင့်သောဒုစရိုက်ကိုပြုရဲသည့် ၎င်းတို့သည် သူတစ်ပါး၏ဆုံးမမှုကိုလည်း မနာယူဘဲ နောက်ထပ်နေ့ရက်အသစ်တစ်ခုကို သတ်မှတ်ကြပြန်သည်။ မှားယွင်းသောနေ့ရက်များကို ထပ်ခါတလဲသတ်မှတ်မိကြသဖြင့် မိစ္ဆာ ပုရောဖက်များအဖြစ် လူအများသတ်မှတ်သည်ကို ၎င်းတို့ခံကြရသည်။ FE, p. 335 (1895).

ဤကမ္ဘာကြီး၏ရာဇဝင်နိဂုံးချုပ်ဖို့ ၅ နှစ် ၁၀ နှစ် (သို့မဟုတ်) အနှစ် ၂၀ သာလိုတော့သည်ဟု မည်သူ့ကိုမှ ထာဝရဘုရားသခင်မမိန့်ဆိုဖူးပါ။ သို့ရာတွင် ကြွလာခြင်းအတွက်ပြင်ဆင်မှုနှောင့်နှေးသူများကိုလည်း လွတ်ငြိမ်းချမ်းသာခွင့်ပေးမှာမဟုတ်ပါ။ "ကျွန်ုပ်၏သခင်ဟာ ကြွလာအုံးမှာမဟုတ်ပါ" ဟုလည်း မည်သူတစ်ဦးတစ်ယောက်မျှ သစ္စာမဲ့ကျွန်ကဲ့သို့ပြောသည်ကို ထာဝရဘုရားသခင်လိုလားတော်မူသည်မဟုတ်ပါ။ ထိုသို့ပြောဆိုခြင်းကြောင့် ထိုနေ့ရက်ကြီးအတွက် ပြင်ဆင်ရန်ပေးအပ်ထားသည့် အခွင့်အရေးနှင့်တာဝန်ကို လျစ်လျူရှုသွားစေမည်ဖြစ်ပါသည်။ RH, Nov. 27 (1900).

## နေ့ရက်အချိန် သတ်မှတ်ခြင်းသည် မယုံကြည်မှုကိုဖြစ်စေခြင်း

ထပ်ခါတလဲသတ်မှတ်သည့်နေ့ရက်များတွင် ခရစ်တော်ကြွမလာသည်နှင့်အမျှ ခရစ်တော်၏ကြွလာခြင်းနီးကပ်ကြောင်းဖွင့်ဆိုမှုကို မယုံကြည်မှု ပိုမိုအားကောင်းလာစေပါသည်။ နေ့ရက်နာရီများကိုမှားယွင်းစွာသတ်မှတ်ခဲ့ကြသူများအားလည်း ရွံရှာသောအကြည့်ဖြင့်ကြည့်ကာ လူအများသည် မိမိတို့အလိမ်ခံနေရသည်ဟု ယူဆလာပြီး ကပ်ကာလအဆုံးသို့ရောက်လုနီးပြီဟုဖွင့်ဆိုထားသည့် သမ္မာတရားကိုကျော်ခိုင်းသွားတတ်ကြပါသည်။ 4T, p. 307 (1879).

ဘုရားသခင်သည် ၅ နှစ်အတွင်းကြွလာလိမ့်မည်ဟု ဦးဒံယေလက ထုံးစံအတိုင်း နေ့ရက်အချိန်သတ်မှတ်ခဲ့သည်ကို ကျွန်ုပ်နားလည်ထားပါသည်။ ကျွန်ုပ်တို့အား နေ့ရက်အချိန်ကိုမှန်ကန်အောင်သတ်မှတ်နိုင်သူများဟု ယခုတွင် လူအများက အထင်မကြီးတော့သည်ကို ကျွန်ုပ်သိထားပါသည်။ အမှန်မှာ ထိုကဲ့သို့သောမှတ်ချက်မျိုးကိုမချသင့်ပါချေ။ ဘာမျှအကျိုးမရှိနိုင်ပါ။ မယုံကြည်သူများက အခွင့်ကောင်းယူကာ စိတ်မငြိမ်မသက်မှုကိုဖြစ်စေပြီး ဝိညာဉ်တော်ကိုဝမ်းနည်းအောင် မလုပ်နိုင်စေရန်အလို့ငှါ စကားလုံးတိုင်းကိုသတိထားပြီး ပြောပါ။ ထိုကဲ့သို့ပုံစံမျိုးဖြင့် ဝိညာဉ်ရေးနိုးကြားအောင်လုပ်ဖို့ မကြိုးစားပါနှင့်

စိတ်နှလုံးထကြွမှုဖြစ်ကာ ထိန်းမနိုင်သိမ်းမရသည့် အခြေအနေမျိုးသို့ရောက်သွားအောင် လူတို့၏စိတ်ကိုမတည်မငြိမ်ဖြစ်စေမည့် လုပ်ရပ်များကို ကျွန်ုပ်တို့မလိုလားပါ။ စာတန်သည် ကျွန်ုပ်တို့ကိုဒုက္ခပေးရန် နည်းမျိုးစုံကိုသုံးကာ အသာကုန်ကြိုးစားနေသည်ဖြစ်ရာ ကျွန်ုပ်တို့သည် အဘက်ဘက်မှ အကာအကွယ်ပြုရန်လိုအပ်ပါသည်။ မှားယွင်းသောအရာတစ်ခုအပေါ်တွင် အခြေပြုကာ စိတ်မတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်မှုအရပ်ရပ်သည် အလွန်ကြောက်ရွံ့တုန်လှုပ်စရာကောင်းပါသည်။ အကြောင်းမှာ တုံ့ပြန်မှုများသည် မလွဲမသွေဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ Letter, p. 34 (1887).

ဘုရားသခင်က လမ်းပြနေသည်ဟုဆိုကာ မှားယွင်းသောလှုပ်ရှားမှုများကို လုပ်ဆောင်မည့်သူများ အသင်းတော်ထဲတွင် အစဉ်မပြန်ရှိနေလိမ့်မည်။ ထိုသူများသည် ၎င်းတို့အား ဘုရားသခင်မစေလွှတ်မီ အပြေးသွားကာ ပြည့်စုံမှုကိုမရောက်သေးသည့် အနာဂတ္တိစကားများအတွက် နေ့ရက်အချိန်များကို သတ်မှတ်ပေးကြလိမ့်မည်။ စာတန်သည် ၎င်းတို့၏လုပ်ဆောင်မှုကို သဘောကျနေပါသည်။ အကြောင်းမှာ ထပ်ခါတလဲ မှားယွင်းစွာနေ့ရက်အချိန်သတ်မှတ်ခြင်းကြောင့် အသင်းတော်ထဲတွင်ရှုပ်ထွေးမှုများနှင့် မယုံကြည်မှုများကိုဖြစ်ပေါ်လာစေပါသည်။ 2SM, p. 84 (1897).

### ၁၈၄၄ ခုနှစ်နောက်ပိုင်းတွင် အချိန်နှင့်ပတ်သက်သည့် အနာဂတ္တိစကားမရှိတော့ပြီ

ဤအယူသန်သောပုဂ္ဂိုလ်များသည် အမှောင်ထဲတွင်ရှိနေကြကြောင်း၊ စာတန်၏အမှုကိုဆောင်နေကြကြောင်း ဂျက်ဆင်တောစခန်း (Jackson camp meeting) တွင် ကျွန်ုပ်ပွင့်ပွင့်လင်းလင်းပြောခဲ့ပါပြီ။ မိမိတို့၌ကြီးမားသောအလင်းရရှိထားပြီးဆိုကာ ၁၈၈၄ ခုနှစ်၊ အောက်တိုဘာလတွင် ကရုဏာတံခါးပိတ်မည်ဖြစ်ကြောင်း သူတို့ကြေညာခဲ့ပါသည်။ ၁၈၄၄ ခုနှစ်မှစ၍ အချိန်နှင့်ပတ်သက်သည့်သတင်းစကားမရှိတော့ကြောင်း ထာဝရဘုရားသခင်သည် ကျွန်ုပ်အား ဖော်ပြခဲ့ပြီးဖြစ်သည်ကို ထိုနေရာတွင် လူသိရှင်ကြား ကျွန်ုပ်ပြောခဲ့ပါပြီ။ 2SM, p. 73 (1885).

ကျွန်ုပ်တို့၏အနေအထားမှာ ဆုတောင်းလျက်စောင့်မျှော်နေရုံသာ ဖြစ်သည်။ အနာဂတ္တိစကားဆိုင်ရာ အချိန်တည်းဟူသော ၁၈၄၄ ခုနှစ်နှင့် ခရစ်တော်ကြွလာမည့်နေ့ရက်အကြားတွင် မည်သည့်နေ့ရက် အချိန်သတ်မှတ်မှုကိုမျှ ကြားဝင်လုပ်ဆောင်ရန်မဟုတ်ပါချေ။ 10MR, p. 270 (1888).

တိကျသောနေ့ရက်သတ်မှတ်ခြင်းနှင့် ပတ်သက်သည့်သတင်းစကားကို ကျွန်ုပ်တို့ရရှိကြတော့မည်မဟုတ်ပါ။ ၁၈၄၄ ခုနှစ်ကိုကျော်လွန်ပြီးသည့်နောက်ပိုင်း၌ အချိန်နှင့်ပတ်သက်သည့် အနာဂတ္တိစကားများကို တိကျစွာ ခြေရာကောက်လို့မရတော့ချေ။ အရှည်ကြာဆုံးအချိန်ရေတွက်မှုသည် ၁၈၄၄ ခုနှစ် ဆောင်းဦးကာလတွင် အဆုံးသတ်ခဲ့ပါပြီ။ 7BC, p. 971 (1900).

**ခရစ်တော်ကြွလာသည်ကိုမြင်ရမည်ဟု**
**မမပိုက်မျှော်လင့်ခဲ့ခြင်း**

"တချို့မှာတီကောင်များအတွက် အစာဖြစ်ပြီး တချို့မှာဘေးဒဏ်(၇)ပါး၏ဒုက္ခကိုခံရသူများဖြစ်မည်။ တချို့မှာမူ ခရစ်တော်ကြွလာသောအချိန်တွင်ပြောင်းလဲပြီး နိုင်ငံတော်သို့ဝင်စားရန် ဤကမ္ဘာပေါ်တွင် အသက်ရှင်လျက် ဆက်လက်ရှိနေကြလိမ့်မည်။" 1T, pp. 131-132 (1856).

အချိန်မှာတိုတောင်းလှသည်ဖြစ်၍ ခွန်အားနှစ်ဆသုံးကာ ကြိုးစားလုပ်ဆောင်သင့်ကြသည်။ ကျွန်ုပ်တို့၏သားသမီးများမှာ ဘယ်တော့မှကောလိပ်ကျောင်းများ၌ ပညာသင်နိုင်ကြမည်မဟုတ်ချေ။ 3T, p. 159 (1872).

ယခုအချိန်တွင် သားသမီးယူခြင်းသည် ပညာမဲ့ရာရောက်သည်။ အချိန်မှာတိုတောင်းပြီး နောက်ဆုံးသောနေ့ရက်များ၏ဘေးဒဏ်များသည် ကျွန်ုပ်တို့အပေါ်သို့ကျရောက်နေပြီဖြစ်ရာ သားသမီးငယ်ကလေးများသည် ထိုကာလမတိုင်မီတွင် အကြီးအကျယ်ပယ်ရှားခြင်းခံရလိမ့်မည်။ Letter, p. 48 (1876).

ကျွန်ုပ်တို့သည် တစ်ကြိမ်တစ်ခါမျှလူသားများမတွေ့ဖူးခဲ့သော အလွန်ကြောက်စရာကောင်းသည့် ဒုက္ခဆင်းရဲခြင်းကာလကိုရင်ဆိုင်ရအံ့ဆဲဆဲ ကမ္ဘာ့ရာဇဝင်၏နောက်ဆုံးသောစာမျက်နှာဖြစ်သော ဤခေတ်ဤအခါမျိုးတွင် လူတိုင်းအတွက် အိမ်ထောင်မပြုလေ ကောင်းလေဖြစ်သည်။ 5T, p. 366 (1885).

ယုံကြည်သူများမှ တချို့တို့သည် ကြိုတင်ဟောကိန်းထုတ်ခြင်းများမှန်ကန်သည်ကိုလည်းကောင်း၊ တောင်များ၊ ပင်လယ်များနှင့်လွင်ပြင်ပါမကျန် ကမ္ဘာ့နေရာအနှံ့မှနေ၍ ကောင်းကင်ဗိုလ်မင်းနှင့်တံပိုးမှုတ်သံများကိုလည်းကောင်း မြင်ရ၊ ကြားရတော့မည်မှာမဝေးတော့ပြီ။ RH, July 31 (1888).

စမ်းသပ်မည့်ကာလသည် ကျွန်ုပ်တို့ထံသို့ရောက်ရှိချေပြီ။ အကြောင်းမှာ ကောင်းကင်တမန်သုံးပါး၏ကျယ်လောင်သော ကြွေးကြော်သံများသည် အပြစ်လွှတ်တတ်သည့် ဖြောင့်မတ်ခြင်းအရှင် ခရစ်တော်၏ဗျာဒိတ်တော်တွင် အစပြုနေချေပြီ။ 1SM, p. 363 (1892).

## နှောင့်နှေးခြင်းအတွက်ရှင်းလင်းချက်

ပူဆွေးမှုများဖြင့်ပြီးသော ရှည်လျားသည့် ညအချိန်သည် အကဲစမ်းလျက်ရှိသော်လည်း နံနက်မိုးသောက်အချိန်ကို ကရုဏာတော်အားဖြင့်ရောက်ခဲစေလျက်ရှိသည်။ အကြောင်းမှာ ဘုရားသခင်သည် မနှောင့်နှေးဘဲကြွလာလိမ့်မည်ဆိုလျှင် လူအများသည်အဆင်သင့်မရှိသေးသည်ကိုတွေ့ကြရလိမ့်မည်။ 2T, p. 194 (1868).

မဟာစိတ်ပျက်စရာကာလဖြစ်သော ၁၈၄၄ ခုနှစ် နောက်ပိုင်းတွင် မြောက်လင့်ခြင်းအသင်းသားများသည် ကောင်းကင်တမန်သုံးပါးသတင်းစကားကိုလက်ခံလျက် ဝိညာဉ်တော်တန်ခိုးဖြင့် ထိုသတင်းစကားကိုလူတို့အားဟောကြားကာ မိမိတို့၏ယုံကြည်ခြင်းကိုကိုင်စွဲပြီး ထာဝရဘုရားသခင်၏အစီအစဉ်အတိုင်း ညီညီညာညာလိုက်လျှောက်ခဲ့ကြမည်ဆိုလျှင် ဘုရားသခင်ပေးသနားမည့် ကယ်တင်ခြင်းဆုကျေးဇူးကို သူတို့ခံစားရလိမ့်မည်။ ၎င်းတို့၏

ကြိုးစားလုပ်ဆောင်မှုများကို တန်ခိုးတော်အားဖြင့် ထာဝရဘုရားသခင်ပြု ပြင်ပေးတော်မူလိမ့်မည်။ အမှုတော်ကြီးသည် ပြီးမြောက်ကာ ခရစ်တော်သည် မိမိလူတို့အားကြိုဆိုရန် ဤလောကသို့ကြွလာတော်မူခဲ့ပေလိမ့်မည်။ ဤကဲ့သို့ ခရစ်တော်၏ကြွလာခြင်းနှောင့်နှေးရခြင်းမှာ ဘုရားသခင်၏အလိုတော်မဟုတ် ပါချေ။

ရှေးခေတ်ဣသရေလများသည် မယုံကြည်မှုများ၊ ညည်းတွားပြစ် တင်ခြင်းနှင့်ပုန်ကန်ခြားနားခြင်းများကြောင့် နှစ်ပေါင်း(၄၀)ကြာ ခါနာန်ပြည်ထဲ သို့ဝင်ခွင့်မရခဲ့ကြချေ။ ထိုအပြစ်များသည် ယနေ့ခေတ်ဣသရေလများ(မြော်လင့် ခြင်းအသင်းသားများအပါအဝင်) အားလည်း ကောင်းကင်ခါနာန်ပြည်သို့ဝင်စား ရန် နှောင့်နှေးစေလျက်ရှိသည်။ ဘုရားသခင်၏ကတိတော်သည် ဤဖြစ်ရပ် နှစ်ခုစလုံးတွင်အမှားအယွင်းမရှိပါ။ မယုံကြည်ခြင်းများ၊ လောကဆန်ခြင်းများ ဆက်ကပ်အနစ်နာခံမှုမရှိဘဲ အချင်းချင်းရန်ထောင်နေခြင်းများသည် ကျွန်ုပ်တို့ အား ဤဒုက္ခကမ္ဘာတွင် နှစ်ပေါင်းများစွာရှိနေစေပါသည်။ Ev, pp. 695, 696 (1883).

အကယ်၍သာ အသင်းတော်ကြီးသည် ဘုရားပေးတာဝန်များကို ဆောင်ရွက်ခဲ့မည်ဆိုလျှင် တစ်ကမ္ဘာလုံးသည် ဤဒုက္ခဆင်းရဲခြင်းကာလ မတိုင်မီတွင် သတိပေးစကားများကိုကြားသိရလိမ့်မည်။ ၎င်းပြင် ခရစ်တော် သည်လည်း ဘုန်းတန်ခိုးအာနုဘော်တော်ဖြင့် ကျွန်ုပ်တို့ကမ္ဘာကြီးသို့ကြွလာ တော်မူခဲ့လိမ့်မည်။ DA, pp. 633, 634 (1898).

## ကတိတော်များသည်အခြေအနေပေါ်တွင် မူတည်ပြည့်စုံခြင်း

လူသားများထံ လာရောက်သတင်းပေးကြသော ကောင်းကင်တမန် များက အချိန်ကိုတိုတောင်းသည့်အရာတစ်ခုအဖြစ် ဖွင့်ဆိုတတ်ကြသည်။ ကျွန်ုပ်ကို ထိုကဲ့သို့ပင် ၎င်းတို့ဖော်ပြနေကြသည်။ အချိန်သည် ဤသတင်း စကားဖွင့်ဆိုသောရှေးဦးအချိန်က ကျွန်ုပ်တို့ မျှော်လင့်သည်ထက်ရှည်ခဲ့သည်

---

၁။ ရောမ ၁၃း၁၁၊၁၂။ ၁ကော ၇း၂၉။ ၁သက် ၄း၁၅၊၁၇၊ ဟေဗြဲ ၁၀း၂၅။ ယာကုပ် ၅း၈၊၉။ ၁ပေ ၄း၇။ ဗျာ ၂၂း၆၊၇ ကိုကြည့်ပါ။

မှာအမှန်ပင်ဖြစ်ပါသည်။ ခရစ်တော်သည် ကျွန်ုပ်တို့စောင့်မျှော်နေသောအချိန်တွင်ကြွမလာသေးသည့်အတွက်ကြောင့် နှုတ်ကပတ်တော်သည် မှားယွင်းနေပါပြီလား။ မည်သည့်အခါမျှ မမှားယွင်းခဲ့ဖူးပါ။ သို့ရာတွင် ကတိတော်နှင့်ပြစ်ဒဏ်စီရင်မှုဆိုင်ရာဖွင့်ဆိုမှုများသည် အခြေအနေပေါ်တွင်မူတည်၍ ပြည့်စုံတတ်သည်ကိုမူ သတိရအောင်မေ့သင့်ပါသည်။

ကျွန်ုပ်တို့သည် ရှေးခေတ်က္ကသရေလများကဲ့သို့အာခံတတ်သောသဘောထားများကြောင့် ဤအပြစ်ကမ္ဘာကြီးတွင် နှစ်ပေါင်းများစွာပို၍နေထိုင်နေကြရပါသည်။ ထို့ကြောင့် မိမိတို့၏အပြစ်များကို ဘုရားသခင်ထံပေါ်သို့ ပုံချကာ အပြစ်တစ်ခုပေါ်တွင်တစ်ခု မစုပုံသင့်ကြချေ။ Ev,pp.695-696 (1901).

**ခရစ်တော်စောင့်စားနေသောအရာ**

ခရစ်တော်သည် အသင်းတော်ကြီးတွင် ကိုယ်တော်တိုင်ပေါ်ထွန်းဖို့ ဆန္ဒပြင်းပြစွာစောင့်စားနေပါသည်။ ယုံကြည်သူများ၌ ကိုယ်တော်၏ဇာတိတော် စုံလင်စွာထင်ရှားလာသောအချိန်တွင် ၎င်းတို့အား မိမိပိုင်သားသမီးများအဖြစ် ရွေးကောက်ခေါ်ဆောင်ရန်ကြွလာလိမ့်မည်။

ခရစ်ယာန်အသီးသီးတို့၌ ခရစ်တော်ကြွလာခြင်းကိုမျှော်လင့်ရုံသာမက လျင်မြန်အောင်လုပ်ဆောင်ရန် အခွင့်အရေးရှိကြသည်။ အကယ်၍သာ ၎င်းတို့သည် ကိုယ်တော်၏ဘုန်းတော်ကိုအမှန်တကယ်ထင်ရှားစေကြလိမ့်မည်ဆိုလျှင် ဤကမ္ဘာကြီး၌ ဧဝံဂေလိတရားမျိုးစေ့သည် အမြန်ကြဲဖြန့်ပြီးဖြစ်ကာ နောက်ဆုံးရိတ်သိမ်းရမည့်ကောက်လှိုင်းများသည် အလျင်အမြန်မှည့်လာကြမည်ဖြစ်သဖြင့် ခရစ်တော်သည်အဖိုးတန်လှသည့် စပါးစေ့များကိုစုသိမ်းရန်ကြွလာပါလိမ့်မည်။ COL,p. 69 (1900).

ခရစ်တော်၏ကြွလာခြင်းမြန်ဆန်ရန် ကျွန်ုပ်တို့လုပ်ဆောင်နိုင်သောအရာမှာ လူတို့ထံတွင် ဧဝံဂေလိတရားသွားရောက်ဟောကြားရန်ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကြွလာခြင်းကိုမျှော်နေရုံသာမဟုတ်ဘဲ

---

၂။ ယေရမိ ၁၈း၇–၁၀။ ယောန ၃း၄–၁၀ ကိုဖတ်ပါ။

မြန်ဆန်အောင်လုပ်ဆောင်ကြရမည်ဖြစ်သည်။ (၂ပေ ၃း၁၂)။ DA, p. 633 (1898).

ဒုက္ခမြင်ကွင်းများကိုအဆုံးသတ်ပစ်ရန် တာဝန်ကိုထမ်းဆောင်နိုင်ဖို့ ကိုယ်တော်နှင့်ပူးပေါင်းလုပ်ဆောင်ကြရမည်ဖြစ်သည်။ Ed, p. 264 (1903).

## ဘုရားသခင်၏သည်းခံစိတ်၌ အကန့်အသတ်ရှိခြင်း

အနန္တတန်ခိုးရှင်သည် တိုင်းနိုင်ငံအသီးသီးတို့နှင့်ဆက်ဆံရာတွင် မိမိပြောခဲ့သလို လုပ်ဆောင်နေဆဲဖြစ်ပါသည်။ နောင်တရကြဖို့ သိမ်မွေ့စွာ ခေါ်တော်မူနေသည့် ကရုဏာတော်သည် ယခုတိုင်တံခါးဖွင့်ထားဆဲဖြစ်သော်လည်း သတ်မှတ်တော်မူထားသည့် အငန်းအတာတစ်ခုသို့ရောက်လာသော အချိန်တွင် အမျက်တော်နှင့်စပ်ဆိုင်သောလုပ်ငန်းများသည် အစပြုလာတော့မည်ဖြစ်သည်။ 5T, p. 208 (1882).

ထာဝရဘုရားသခင်သည် တိုင်းနိုင်ငံအသီးသီးတို့အတွက် မှတ်တမ်းများထားရှိတော်မူသည်။ ထိုနိုင်ငံများ၏ဆိုးဝါးသောမှတ်တမ်းများသည် ကောင်းကင်နိုင်ငံရှိစာစောင်များတွင် တစ်နေ့ထက်တစ်နေ့တိုးပွားများပြားလျက်ရှိရာ ၎င်းတို့သည် ထိုသူများအား တရားစီရင်မည့်ဥပဒေတစ်ခုအသွင်သို့ ပြောင်းလဲသွားသောတစ်နေ့တွင် ရက်သတ္တပတ်၏ ပထမနေ့နှင့်စပ်ဆိုင်သည့် အပြစ်ကျူးလွန်မှုများကို အပြစ်ပေးစီရင်ကာ ၎င်းတို့၏ အမျက်တော်ဖလားသည် ပြည့်လာကြလိမ့်မည်။ 7BC, p. 910 (1886).

ထာဝရဘုရားသခင်သည် တိုင်းနိုင်ငံအသီးသီးတို့အား ရေတွက်နေဆဲဖြစ်သည်။ အပြစ်ဒုစရိုက်ကျူးလွန်မှုများသည် ကရုဏာနယ်နိမိတ်ကို ကျော်လွန်လာမည့်အချိန်တွင် ကိုယ်တော်၏သည်းခံမှုသည် ရပ်တန့်သွားလိမ့်မည်။ ကောင်းကင်စာစောင်များတွင် စုစည်းထားသော အပြစ်ကျူးလွန်မှုစာရင်းကို ချုပ်ပြီးသောအချိန်တွင် အမျက်တော်သည်ကျရောက်လာလိမ့်မည်။ 5T, p. 524 (1889).

အပြစ်ကျူးလွန်သူများအပေါ် ကရုဏာတော်အားဖြင့် ထာဝရဘုရားသခင် သည်းခံနေတော်မူသော်လည်း လူသားများအပြစ်ကို ဆက်လက်မလုပ်ဆောင်နိုင်သည့် အငန်းအတာတစ်ခုကို သတ်မှတ်ထားတော်မူသည်။ ထိုအငန်းအတာကိုရောက်လာသောအချိန်တွင် ကရုဏာတော်ကိုရုပ်သိမ်းကာ ပြစ်ဒဏ်စီရင်မှုကို အစပြုပါသည်။ PP, pp. 162, 165 (1890).

လူသားများ၏မှားယွင်းစွာလုပ်ဆောင်ခြင်းနှင့်မိုက်ရိုင်းမှုသည် ဘုရားသခင် သည်းအခံနိုင်ဆုံးအဆင့်သို့ရောက်ရှိသည့် အချိန်တစ်ချိန်သည် ရောက်လာတော့မည်။ ဘုရားသခင်၏သည်းခံမှုသည် အငန်းအတာသတ်မှတ်ချက်ရှိကြောင်း ထိုအချိန်တွင် ထိုသူများသိရှိလာကြလိမ့်မည်။ 9T, p. 13 (1909).

သတ်မှတ်ချက်တစ်ခုရှိပါသည်။ ထိုသတ်မှတ်ချက်သို့ရောက်လျှင် ထာဝရဘုရားသခင်၏ပြစ်ဒဏ်စီရင်မှုသည် ဆက်လက်နှောင့်နှေးနေတော့မည်မဟုတ်ချေ။ PK, p. 417 (1914).

ဤကမ္ဘာပေါ်ရှိလူသားများ၏ ဒုစရိုက်ခွက်ဖလားပြည့်သည့်အချိန်တိုင်အောင် အချိန်ကာလသည် အနည်းငယ်ကြာရှည်နေလိမ့်မည်။ ထိုနောက်မှ ဘုရားသခင်၏အမျက်တော်သည် နိုးထလာကာ အလင်းရထားသည့် ဤနိုင်ငံသည် ကိုယ်တော်၏အမျက်တော်စပျစ်ရည်စစ်စစ်ကို သောက်ကြရလိမ့်မည်။ 1T, p. 363 (1863).

ထိုဒုစရိုက်ခွက်ဖလားသည် ပြည့်နေတော့မည်ဖြစ်ရာ ဘုရားသခင်၏ပြစ်ဒဏ်စီရင်မှုသည် ထိုအပြစ်ကျူးလွန်သူများအပေါ်သို့ကျရောက်ပါတော့မည်။ 4T, p. 489 (1880).

ကျွန်ုပ်တို့ လူသားများ၏ဆိုးယုတ်မှုများသည် ဒုစရိုက်ခွက်ဖလားတွင်ပြည့်လျှံလုမတတ်ဖြစ်နေရာ ဖျက်ဆီးသတ်ဖြတ်သူများအား ကြိုက်သလိုလုပ်ဆောင်ရန် ဘုရားသခင်ခွင့်ပေးတော့မည့်ဆဲဆဲဖြစ်ပါသည်။ 7T, p. 141 (1902).

ဒုစရိုက်ကျူးလွန်မှုများသည် သတ်မှတ်ထားသည့် အငန်းအတာတစ်ခု သို့ရောက်ရှိတော့ပေမည်။ စိတ်နှလုံးများရှုပ်ထွေးကာ ကြီးမားသောကြောက်ရွံ့မှုတစ်ခုကို လူသားများခံစားကြရတော့မည်။ ကပ်ကာလအဆုံးသို့ရောက်ရန်အလွန်နီးကပ်နေလျက်ရှိရာ မကြာမီတွင် ဤကမ္ဘာကြီးအပေါ်ကျရောက်တော့မည့်ဖြစ်ရပ်ကြီးအတွက် သမ္မာတရားကိုသိထားသော ကျွန်ုပ်တို့သည် ကိုယ့်ကိုကိုယ်ပြင်ဆင်နေသင့်ကြပါသည်။ 8T, p. 28 (1904).

**ဘုရားသခင်၏ထိုနေ့ကြီးအကြောင်းကို**
**စိတ်ထဲတွင်သိထားခြင်း**

ကျွန်ုပ်တို့သည် မကြာမီတွင် ရင်ဆိုင်ကြရတော့မည့် တရားစီရင်ခြင်းဆိုင်ရာ မြင်ကွင်းများကို စဉ်းစားသုံးသပ်တတ်အောင် မိမိကိုယ်ကိုလေ့ကျင့်ပညာပေးကြရမည်။ ထိုသို့လုပ်ဆောင်ခြင်းကြောင့် ကျွန်ုပ်တို့၏စာရိတ္တများကို အကျိုးသက်ရောက်စေပါလိမ့်မည်။ မိတ်ဆွေတစ်ဦးက ကျွန်ုပ်ထံလာပြီး “မမဂိုက်–(၁၀)နှစ်ကြာရင် ခရစ်တော်လာမယ်လို့ထင်ပါသလား” ဟု သူကမေးရာ “(၂)နှစ်အကြာမှာလာလာ၊ (၁၀)နှစ်အကြာမှာလာလာ ရှင့်ကိုဘာထူးခြားစေလို့တုန်း” ဟု ပြောလိုက်ပါသည်။ “ထူးတာပေါ့၊ (၁၀)နှစ်ကြာမှ ခရစ်တော်ကြွလာမယ်ဆိုရင် တစ်မျိုးလုပ်ရမှာပေါ့” ဟု သူက တုံ့ပြန်လာသည်ကို ကျွန်ုပ်က ‘ဘယ်လိုတစ်မျိုးလုပ်မှာလဲ’ ဟုမေးလိုက်ပါသည်။

“ရှိတဲ့ပစ္စည်းတွေကိုရောင်း၊ ကျမ်းစာကိုသေသေချာချာစလေ့လာပြီး၊ လူတွေကိုပြင်ဆင်ကြဖို့ သတိပေးရမယ်။ ကျွန်တော်ကိုယ်တိုင်လည်း ကိုယ်တော်ရှင်ကို ဖူးမြော်ခွင့်ရရန် မှန်မှန်ဆုတောင်းရမှာပေါ့” ဟုသူက ဖြေလိုက်ရာ–

“နောင်အနှစ်(၂၀)ကြာမှ ခရစ်တော်ကြွလာမယ်ဆိုရင်ကော ရှင်ဘယ်လိုလုပ်မလဲ။ အဲဒါတွေကိုရှင်မလုပ်တော့ဘူးလား” ဟု ကျွန်ုပ်ကမေးလိုက်ပါသည်။

'အနှစ်(၂၀)ကျမှ လာမယ်ဆိုရင်တော့ တစ်မျိုးလုပ်ရမှာပဲ' ဟုသူက ပြောပါသည်။ (၁၀)နှစ်ဆိုရင်တစ်မျိုးလုပ်ပြီး အနှစ်(၂၀)ဆိုရင်တစ်မျိုးလုပ်မည့် ထိုသူ၏သဘောထားသည်အတ္တလွန်ကဲလှပါသည်။ ဧနောက်မှာ အနှစ် (၃၀၀) တိုင်တိုင် ဘုရားသခင်နှင့်လမ်းလျှောက်ခဲ့သည်မဟုတ်ပါလား။ ကျွန်ုပ်တို့အတွက် သင်ခန်းစာယူစရာပင်ဖြစ်သည်။ ထာဝရဘုရားသခင်နှင့်အတူနေ့စဉ် လမ်းလျှောက်ကြရမည်။ ကိုယ်တော်ရှင်ကို ကျွန်ုပ်တို့မစောင့်မျှော်ကြလျှင် ကယ်တင်ခြင်းခံကြရမည်မဟုတ်ပါ။ Ms, p. 10 (1888).

**အချိန်တိုတောင်းခြင်း**

အဖဘုရားသခင်သည် ယခုအချိန်တွင် အမှုတော်၌ ပျင်းရိနေသူများနှင့်အမှုတော်ကိုအလေးမထားသူများအား နေ့ရောညပါ အနားမပေးဘဲ နိုင်းစေတော်မူပါ။ ကပ်ကာလအဆုံးသည် နီးကပ်နေပါပြီ။ ထို့ကြောင့် ခရစ်တော်က ကျွန်ုပ်တို့အား အချိန်တိုတောင်းကြောင်း မကြာခဏမိန့်တော်မူခဲ့ပါသည်။ Letter, p. 97 (1886).

ကျွန်ုပ်တို့သည် ဖန်ရေကန်နားတွင် ရွှေစောင်းကောက်ကိုကိုင်ကာ ဦးရစ်သရဖူများကိုဆောင်လျက် ကယ်တင်ခြင်းခံရသူများနှင့်အတူ ထာဝရကာလ ရပ်ထနေသောအချိန်ကျမှ စောင့်ဆိုင်းခဲ့ရသော ကရုဏာကာလသည် မည်မျှတိုတောင်းသည်ကိုတွေ့မြင်ကြရလိမ့်မည်။ 10MR, p. 266 (1886).

---oo---

### အခန်း (၄)

## နောက်ဆုံးသောခေတ်ကာလရှိအသင်းတော်

ဘုရားသခင်၏လူတို့သည် ကိုယ်တော်၏ပညတ်တော်ကိုစောင့်ကြ၏။ နင်းချေခြင်းခံရသော ပညတ်တော်ကိုမြှောက်စားပြီး လောက၏အပြစ်များကိုယူဆောင်သွားသည့် ဘုရားသခင်၏သိုးသငယ်ကို လူတို့အားတင်ဆက်နေသည် အသင်းတော်တစ်ခုကို ဤကမ္ဘာတွင် ဘုရားသခင်ပိုင်ဆိုင်ထားသည်။ ကျိုးပျက်နေသောခြံစည်းရိုးများကိုပြင်လျက် မြေလွတ်မြေရိုင်းများကိုပြင်ဆင်အသုံးပြုနေသောအသင်းတော်ဟူ၍ ယခုလောလောဆယ်တွင် ဤကမ္ဘာ၌ ထိုအသင်းတော်တစ်ခုသာရှိပါသည်။

ကျန်ကြွင်းသောသူများအတွက်ဖော်ပြချက်များကိုဖြည့်ဆည်းလျက် ပညတ်တော်ကိုစောင့်ကာ ယေရှုခရစ်၌ ယုံကြည်ခြင်းရှိသူများအား အုတ်အာသောင်းသဲဖြစ်အောင် မလုပ်ကြဖို့ ဂရုပြုကြပါ။ သမ္မာတရားကိုသွန်သင်ရာတွင်လည်းကောင်း၊ ပညတ်တော်များကိုစောင့်ရှောက်ရာတွင်လည်းကောင်း သူမတူအောင်ထူးခြားသည့်လူတစ်စု ဘုရားသခင်၌ရှိတော်မူသည်။ ညီအစ်ကိုတို့ မြော်လင့်ခြင်းအသင်းတော်သည် ဗာဗုလုန်ဖြစ်သည်ဟု သင်သွန်သင်နေလျှင် သင်မှားနေပေပြီ။ TM, pp. 50,58,59 (1893).

### သူတို့၌ယေရှု၏သက်သေခံချက်ရှိခြင်း

ကပ်ကာလအဆုံးသည်ရောက်လုနီးလာစဉ် ကမ္ဘာကြီးအား နောက်ဆုံးသတိပေးခြင်းများကိုဆောင်ရွက်နေချိန်၌ ယနေ့သမ္မာတရားကိုလက်ခံထားကြသူများအတွက်သက်သေခံချက်များ၏သဘာဝနှင့်ဩဇာသက်ရောက်မှုများကို ရှင်းလင်းစွာနားလည်ရန် အရေးကြီးလာပါသည်။ ထိုသက်သေခံချက်များကို

---

၁။ ဗျာဒိတ်ကျမ်းတွင် မြင်သာသော ကျန်ကြွင်းသူများ(၁၂း၁၇)နှင့် ဗာဗုလုန်ထဲရှိ ‘ငါ၏လူများ’(၁၈း၄)ဟူ၍ ဘုရားသခင်၏သားသမီးများ ၂ပိုင်း ပိုင်း၍တင်ဆက်ထားသည်။ ဤအခန်းကြီးတွင် ပထမအုပ်စုအကြောင်းကိုဖော်ပြထားပါသည်။ ဒုတိယအုပ်စုအကြောင်းကိုမူ အခန်းကြီး ၁၄ တွင်တွေ့ရပါမည်။

အစဦးကတည်းကပင် ကောင်းကင်တမန်သုံးပါးသတင်းစကားဟောကြားခြင်း အမှုတော်နှင့် ထာဝရဘုရားသခင်ဆက်စပ်ထားတော်မူသည်။ 5T, p. 654 (1889).

လူတို့က လျှို့ဝှက်ကြံစည်မှုများကို တစ်ခုပြီးတစ်ခုလုပ်ကြလိမ့်မည်။ စာတန်ကလည်း အသက်ဝိညာဉ်များကို သမ္မာတရားမှ လွဲဖယ်ရအောင် ကြိုးစားလိမ့်မည်။ သို့သော် မမပ္ပိုက်အားဖြင့် သတင်းစကားတစ်ခု ထာဝရဘုရားသခင်ပေးတော်မူသည်ကို ယုံကြည်လက်ခံသူအပေါင်းတို့သည် နောက်ဆုံးသောခေတ်ကာလတွင် ပေါ်ထွန်းလာမည့် လှည့်ဖြားမှုများကိုကျော်လွှားနိုင်ကြလိမ့်မည်။ 3SM, pp. 83, 84 (1906).

ရုပ်ပါရုံရသည်ဟု ပြောဆိုသူများပေါ်ထွက်လာလိမ့်မည်။ ဘုရားသခင်ပေးသောရုပ်ပါရုံဖြစ်ကြောင်း အထောက်အထားထင်ရှားသမျှ ရုပ်ပါရုံများကို သင်တို့လက်ခံသင့်ကြသော်လည်း အထောက်အထားမခိုင်လုံပါကလက်မခံကြပါနှင့်။ အကြောင်းမှာ အမေရိကန်ပြည်အပါအဝင်အခြားနိုင်ငံများတွင် လူတို့သည် ပို၍ပို၍ အလိမ်ခံနေကြရပါသည်။ 2SM, p. 72 (1905).

**ထိုသူများ၏ထင်ရှားသောအမှတ်အသားများမှာ**
**ကျမ်းစာပါယုံကြည်ချက်များဖြစ်ခြင်း**

၁၈၄၄ ခုနှစ်သည် မဟာဖြစ်ရပ်ကြီးများဖြစ်ပျက်ခဲ့သည့် အချိန်ကာလဖြစ်ပါသည်။ ထိုကာလတွင် ကျွန်ုပ်တို့အားလုံးကိုအံ့အားသင့်သွားစေသည့် ကောင်းကင်နိုင်ငံဆိုင်ရာ ဗိမာန်တော်ဆေးကြောခြင်းအရာသည်လည်းကောင်း၊ "ဘုရားသခင်၏ပညတ်တော်များနှင့်ယေရှု၏သက်သေခံချက်" ဟူသော စာတမ်းပါအလံလွှင့်ထားသည့် ကောင်းကင်တမန်သုံးပါးသတင်းစကားများနှင့်ကမ္ဘာပေါ်ရှိ ယုံကြည်သူများအကြားဆက်စပ်နေခြင်းများကိုဆုံးဖြတ်ချက်ချသည့်အခြင်းအရာများသည်လည်းကောင်း ဖြစ်ပျက်ခဲ့ပါသည်။ ဤသတင်းစကားတွင်ပါရှိနေသည့် ထူးခြားသောအမှတ်အသားတစ်ခုမှာ

ဘုရားသခင်၏ဗိမာန်တော်ပင်ဖြစ်ပါသည်။ နောက်တစ်ခုမှာ ပညတ်တော်ဆယ်ပါးထည့်ထားသည့် ပဋိညာဉ်သေတ္တာဖြစ်ပါသည်။ ကောင်းကင်နိုင်ငံတော်ရှိထိုအရာများကို အမှန်တရားချစ်သူများကမြင်နေရပါသည်။ စတုတ္ထပညတ်ပါ–ဥပုသ်နေ့အလင်းတန်းသည် ပညတ်တော်လွန်ကျူးသူများ၏သွားရာလမ်းကြောင်းပေါ်တွင် တောက်ပစွာထွန်းလင်းနေသည်။ ဆိုးယုတ်သူများ၏ မသေနိုင်သည့် ဇာတိနှင့်ကင်းမဲ့ခြင်းသည်လည်း ထင်ရှားသောအမှတ်အသားဟောင်းတစ်ခုဖြစ်သည်။ ထင်ရှားသောအမှတ်အသားဟောင်းများ၏အောက်တွင်ပါဝင်နိုင်သည့်အရာများကို ဤအရာများထက်ပို၍ ကျွန်ုပ်မမှတ်မိပါတော့ချေ။ CW, pp. 30,31 (1889).

## မြော်လင့်ခြင်းအသင်းတော်ဆောင်ရွက်နေသည့် ထူးခြားသောအမှုတော်

ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့အား ပညတ်တော်ကိုထိန်းသိမ်းစောင့်ရှောက်သူများဖြစ်စေလိုတော်မူသည်။ အခြားသူများထံသွား၍သစ္စာရှိစွာဖြင့်သတိပေး၊ ဆုံးမ၊ အားပေးရမည်။ သန့်ရှင်း၍ ထာဝရတည်ရှိသည့်သမ္မာတရားကိုလည်း ကျွန်ုပ်တို့အား ကိုယ်တော်အပ်နှံထားပါသည်။ 5T, p. 381 (1885).

မြော်လင့်ခြင်းအသင်းသားများသည် ဘုရားသခင်ကိုယ်တော်တိုင်ဤလောကထဲမှ ရွေးနုတ်ထားသည့် ထူးခြားသောလူတစ်စုဖြစ်သည်၊ ကိုယ်တော်သည် သမ္မာတရား၏ကောင်းမြတ်ခြင်းများကိုအသုံးပြုလျက်၎င်းတို့အား လောကီရေးရာများနှင့်အဆက်ဖြတ်စေကာ ဘုရားသခင်နှင့်ဆက်သွယ်မိစေခဲ့ပါသည်။ ၎င်းတို့အား မိမိ၏ကိုယ်စားလှယ်များဖြစ်စေလျက်ကယ်တင်ခြင်းဆိုင်ရာနောက်ဆုံးသောအမှုတော်၌ မိမိအတွက်သံတမန်ဖြစ်စေဖို့ခေါ်တော်မူခဲ့ပါသည်။ သေမျိုးများကိုပေးတော်မူဖူးသည့် အကြီးမြတ်ဆုံးသောသမ္မာတရားရတနာကိုလည်းကောင်း၊ လူသားများကိုပေးဖူးခဲ့သည့်အထဲတွင် အမြင့်မြတ်ဆုံးနှင့်ကြောက်စရာအကောင်းဆုံး သတိပေးစကားများကို

လည်းကောင်း ကမ္ဘာသို့ဖြန့်ဝေပေးရန် ၎င်းတို့ထံအပ်နှံထားပါသည်။ 7T, p. 138 (1902).

မြော်လင့်ခြင်းအသင်းသားများသည် ကင်းစောင့်များ၊ အလင်းဆောင်သူများအဖြစ် သီးသန့်ခွဲခြားထားခြင်းခံရသူများလည်းဖြစ်သည်။ ပျက်စီးအံ့ဆဲဆဲဤကမ္ဘာကြီးအတွက် နောက်ဆုံးသတိပေးစကားများကို ၎င်းတို့ထံတွင်အပ်နှံထားပါသည်၊ နှုတ်ကပတ်တော်အလင်းသည်လည်း ၎င်းတို့အပေါ်တွင်ကျရောက်ထွန်းလင်းနေပါသည်။ ကောင်းကင်တမန်သုံးပါးသတင်းစကားတည်းဟူသော အမြင့်မြတ်အရေးအပါဆုံးသတင်းစကားကိုဟောကြားဖို့တာဝန်ကိုလည်း ၎င်းတို့ထံတွင်အပ်နှံထားပါသည်။ ထိုအလုပ်များထက်ပို၍အရေးကြီးသောအလုပ်ဟူ၍မရှိတော့သဖြင့် ၎င်းတို့အားအာရုံပြောင်းသွားစေမည့်မည်သည့်အရာကိုမျှခွင့်မပြုသင့်ပါချေ။ 9T, p. 19 (1909).

### မြော်လင့်ခြင်းအသင်းတော်ဖွဲ့စည်းတည်ထောင်ထားရသည့်အကြောင်းရင်းများ

ယုံကြည်သူဦးရေတိုးတက်များပြားလာသောကြောင့် စနစ်ကျသည့်ဖွဲ့စည်းတည်ထောင်မှုတစ်ခုခုမပြုလုပ်လျှင် ရှုပ်ထွေးမှုများအကြီးအကျယ်ဖြစ်လာရုံသာမက အမှုတော်လုပ်ငန်းကိုလည်း အောင်မြင်အောင်လုပ်ဆောင်နိုင်တော့မည်မဟုတ်ချေ။ နယ်သစ်ပယ်သစ်များတွင်အမှုတော်ဆောင်ခြင်း၊ အသင်းတော်နှင့်တကွအမှုတော်လုပ်ငန်းများကိုကာကွယ်စောင့်ရှောက်ခြင်း၊ အသင်းတော်ပိုင်ပစ္စည်းများကိုထိန်းသိမ်းခြင်း၊ စာပုံနှိပ်စက်များမှတစ်ဆင့် သမ္မာတရားများကို ပုံနှိပ်ထုတ်ဝေခြင်း စသည့်အမှုတော်လုပ်ငန်းများကိုထောက်ပံ့မှုပေးရာတွင် စီစဉ်ဆောင်ရွက်ရန် တည်ထောင်ဖွဲ့စည်းမှုသည် မရှိမဖြစ်လိုအပ်လာပါသည်။

အသင်းတော်တွင် စနစ်ကျခြင်း၊ စည်းကမ်းရှိခြင်းများလိုအပ်ကြောင်း ဝိညာဉ်တော်အားဖြင့် အလင်းပေးထားပါသည်။ စနစ်နှင့်အစီအစဉ်ကျနမှုများကို စကြာဝဠာတစ်ခုလုံးရှိ ဘုရားသခင်၏လက်ရာတော်များတွင် ထင်ရှား

လျက်ရှိပါသည်။ အစီအစဉ်ကျနခြင်းသည် ကောင်းကင်နိုင်ငံတော်၏ ဥပဒေစည်းမျဉ်းဖြစ်ပြီး ထိုအရာသည် ကျွန်ုပ်တို့၏ဥပဒေစည်းမျဉ်းလည်းဖြစ်သင့်ပါသည်။ TM, p. 26 (1902).

**အဖွဲ့အစည်းသည်မရှိမဖြစ်လိုအပ်သောအရာဖြစ်ခြင်း**

အမှုတော်ကိုဆက်လက်ဆောင်ရွက်ကာ အစီအစဉ်ကျနမှုကို အားပေးနိုင်ရန် အသင်းတော်များကို စနစ်တကျဖွဲ့စည်းမထားခဲ့လျှင် ၎င်းတို့၌ အနာဂတ်မျှော်လင့်ချက်လုံးဝမရှိတော့ချေ။ 1T, p. 270 (1862)

နှုတ်ကပတ်တော်တွင်ဖွင့်ဆိုထားခြင်းမရှိသည့် သွန်သင်ချက်များကိုဖယ်ရှားကာ ပေါ်ထွန်းလာမည့်အတုအယောင်များကိုကာကွယ်ရန် အကြီးမားဆုံးသောအင်အားကိုဖြစ်စေမည့် ကျနသောအဖွဲ့အစည်းတစ်ခုကိုလိုအပ်နေချိန်တွင် အခိုက်အတန့်အားဖြင့် အမှုတော်လုပ်ငန်းများကို ကသောင်းကနင်းဖြစ်အောင် လူတို့အလယ်တွင် လုပ်ဆောင်နိုင်ခဲ့မည်ဆိုလျှင် စာတန်သည်အလွန်အားရပါလိမ့်မည်။ ပညာရှိများ ဂရုတစိုက်ကြိုးစားတည်ဆောက်ထားသည့် အဖွဲ့အစည်းများဖြစ်လင့်ကစား ကသောင်းကနင်းဖြစ်လာနိုင်သည်။ ပြိုပျက်သွားနိုင်သည်ဟု တရားမျှတစွာကျွန်ုပ်တို့ခံယူထားပါသည်။ သို့ရာတွင် ဤအချိန်တွင်အမှုတော်ကိုထိန်းချုပ်လိုကြသည့် ကိုးရိုးကားရားပုဂ္ဂိုလ်များလက်သို့ လုပ်ကိုင်ခွင့်များကိုအပ်နှံရမည်မဟုတ်ပါ။

တချို့ပုဂ္ဂိုလ်များ၌ အလွန်ရှေ့ပြေးနေသည့်အတွေးအခေါ်များရှိနေတတ်ပါသည်။ ကပ်ကာလအဆုံးသို့ရောက်တော့မည်ဖြစ်သဖြင့် ဘုရားသခင်၏သားသမီးအသီးသီးတို့သည် ဘာသာရေးအဖွဲ့အစည်းများ၏ ဩဇာသက်ရောက်မှုကင်းရှင်းစွာဖြင့် လွတ်လပ်စွာပြုကျင့်ကြလိမ့်မည်ဟု ၎င်းတို့ကဆိုပါသည်။ ဤအမှုတော်တွင် လူတိုင်းမိမိတို့ကြိုက်သလိုလုပ်ဆောင်ရမည့်အရာမျိုးမရှိပါဟု ထာဝရဘုရားသခင်က ကျွန်ုပ်အား သွန်သင်ထားပြီးဖြစ်ပါသည်။ 9T, pp. 257,258 (1909).

---

၂။ မေလ ၃၀ ရက်၊ ၁၉၀၉ ခုနှစ်တွင် ဝါရှင်တန်ဒီစီ၌ကျင်းပသော GC အစည်းအဝေးတွင်ဖတ်ခဲ့သည့်လက်ရေးစာမူ။

ကျွန်ုပ်တို့သည် နောက်ဆုံးသောအကျပ်အတည်းကြီးနှင့်ရင်ဆိုင်ဖို့ နီးကပ်လာချိန်မှာ အစီအစဉ်ကျနဖို့၊ ညီညာစွာလုပ်ဆောင်ဖို့မလိုပါဟု သဘောမထားရရုံသာမက ယခင်ကထက်ပို၍စည်းစနစ်ကျနသင့်ပါသည်။ 3SM,p. 26 (1892).

**ဘုရားသခင်အသင်းတော်၏အထူးအခွင့်အာဏာ**

ထာဝရဘုရားသခင်သည် မိမိ၏အသင်းတော်ကိုအထူးသော အာဏာတန်ခိုးဖြင့် အပ်နှင်းထားတော်မူသည်ဖြစ်ရာ မည်သူတစ်ဦး တစ်ယောက်၌မျှ ဂရုမထား စော်ကားမော်ကား အပြစ်တင်ခွင့်မရှိပါချေ။ အကြောင်းမှာ ထိုသို့လုပ်ဆောင်ခြင်းသည် ဘုရားသခင်၏အသံတော်ကို စော်ကားနေခြင်းဖြစ်သည်။ 3T, p. 417 (1875).

ထာဝရဘုရားသခင်သည် ကောင်းကင်အောက်မြေကြီးပေါ်ရှိ အမြင့်မားဆုံးသောတန်ခိုးကို အသင်းတော်၌အပ်နှင်းထားတော်မူသည်။ စည်းလုံးမှုရှိသည့်အသင်းတော်မှထွက်လာသည့် ဘုရားသခင်၏အသံတော် သည် လေးစားရမည့်အရာဖြစ်သည်။ 3T, p. 451 (1875).

**ဝိညာဉ်ရေး အားနည်း မှောင်မိုက်ကျသည့်အချိန်**

မြော်လင့်ခြင်းအသင်းတော်များတွင် ဝိညာဉ်ရေးဆိုင်ရာပြုပြင် ပြောင်းလဲမှုများရှိရတော့မည်ဟု မင်နီပိုးလစ်၌ ကျွန်ုပ်ပြောဆိုခဲ့သည့် စကား များအတွက် ကျွန်ုပ်အတည်ပြုပြောကြားလိုပါသည်။ ကြီးမားဆာအလင်း တရားများနှင့်တကွ တန်ဖိုးရှိလှသည့်အခွင့်အရေးဖြင့် ကောင်းချီးပေးခြင်းခံရ သော လူတို့၌ ဝိညာဉ်ရေးဆိုင်ရာအားနည်းခြင်းနှင့် ဝိညာဉ်ရေးမျက်စိကန်းခြင်း ဝေဒနာများကျရောက်နေသောကြောင့် ပြုပြင်ပြောင်းလဲမှုများကို ကျွန်ုပ်တို့ လုပ်ဆောင်ရပါမည်။ ထိုသူများသည် ပြုပြင်ပြောင်းလဲရေးသမားများအဖြစ်ဖြင့် ထိုထိုသောအသင်းတော်များမှထွက်ခဲ့ကြသော်လည်း ယခုတွင်မူ ထိုသို့သော အသင်းတော်များလုပ်ဆောင်သလို သူတို့လုပ်ဆောင်နေကြပါသည်။

နောက်တစ်ကြိမ်ပြန်၍ထွက်ခွာသွားဖို့လိုအပ်လိမ့်မည်မဟုတ်ဟု ကျွန်ုပ်တို့မျှော်လင့်မိပါသည်။ ကျွန်ုပ်တို့သည် ငြိမ်သက်မှုနှောင်ကြိုးများဖြင့် "ဝိညာဉ်တော်၌စည်းလုံးညီညွတ်မှု" ကိုဆက်လက်တည်မြဲရန်ကြိုးစားနေကြစဉ်တွင် တစ်ယူသန်မှုများကိုကန့်ကွက်ရန် ကျွန်ုပ်တို့၏အရေးအသားနှင့်အပြောအဆိုများကို ရပ်စဲပစ်မည်မဟုတ်ပါ။ EGW'88, pp. 356,357 (1889).

အလင်းတရားရသည်ဆိုကာ အလင်းအတိုင်းအသက်မရှင်ခဲ့သူများအား ခရစ်တော်က "တရားစီရင်သောအချိန်တွင် သင့်ထက်တုရုမြို့သားများနှင့်သောဒုံမြို့သားများကိုသာ၍သည်းခံမည်။ ကောင်းကင်တိုင်အောင်မြှောက်စားခြင်းခံရသော (အခွင့်အရေးပေးခြင်းနှင်းချီးမြှင့်ခြင်းခံရသော) ကပေ႒နောင်မြို့သားတို့ (အလင်းတရားကိုသိထားသော မြော်လင့်ခြင်းအသင်းသားတို့) သင်တို့သည် ငရဲတိုင်အောင်နှိမ့်ချခြင်းခံရလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သင်၌ပြခဲ့သောနိမိတ်လက္ခဏာများကို သောဒုံမြို့၌ပြခဲ့မိမည်ဆိုလျှင် ထိုမြို့သည် ယနေ့ထက်တိုင်တည်ရှိနေလိမ့်မည်" ဟူ၍ မိန့်တော်မူထားပါသည်။ RH Aug. 1, (1893).

ဤအသင်းတော်သည် လောဒကိအသင်းတော်၏အခြေအနေမျိုးတွင်ရှိနေသည်။ အသင်းတော်၌ ဘုရားသခင်မရှိတော့ပြီ။ 1NL, p. 99(1898).

**အသင်းတော်ဌာနချုပ်များတွင် အာဏာကို အလွဲသုံးစားလုပ်ခြင်း**

မြော်လင့်ခြင်းအသင်းတော် ကမ္ဘာ့ဌာနချုပ်မှာပင် မှားယွင်းသောသဘောထားနှင့်မှားယွင်းသောစည်းမျဉ်းများကိုဖက်တွယ်ကျင့်သုံးမှုများကြောင့်အကျင့်စာရိတ္တများပျက်ပြားနေကြချေပြီ။

---

၃။ မြော်လင့်ခြင်းအသင်းတော်အပေါ်ယုံကြည်မှုဆုံးရှုံးနေသယောင် မမပိုက်ဖော်ပြခဲ့သည့်တစ်ခုတည်းသောလူသိရှင်ကြားဖွင့်ဟချက်တစ်ခုဖြစ်သည်။ ဤသို့သူမဖော်ပြခဲ့သည့် သံသယစကားကို ကျန်ရှိနေသေးသည့်နှစ်ပေါင်း (၂၆) နှစ်အတွင်း တစ်ခါမျှ သူမပြန်လည်ဖွင့်ဆိုခြင်းမရှိခဲ့ချေ။

၄။ ကွင်းခတ်ထားသောစကားများသည် မမပိုက်ပြောဆိုသည့်စကားများဖြစ်သည်။

လူတို့သည် မိမိတို့၏လုပ်ပိုင်ခွင့်အောက်တွင်ရှိသည်ဟုယူဆရသော အမှုဆောင်များအပေါ် အနိုင်ကျင့်နေကြသည်။ အသင်းတော်ကြီးကို မိမိတို့အုပ်စိုးမပေးလျှင် ပျက်စီးသွားလိမ့်မည်ဟူသောသဘောထားဖြင့် လူအသီးသီးတို့အား ၎င်းတို့ကိုယ်တိုင်သတ်မှတ်ချက်များနှင့်အညီ အဆုံးအဖြတ်ပေးနေကြပါသည်။

ရာထူးအဆင့်များက လူတို့ကို ဘုရားကလေးများဖြစ်စေသည် အလား တဖြည်းဖြည်းကြီးထွားနေသည့် တင်စီးတတ်သောတန်ခိုးအာဏာများ မှာလည်း ကျွန်ုပ်ကိုစိုးရွံ့ကြောက်လန့်သွားစေကြပါသည်။ ဤကဲ့သို့ကျင့် ဆောင်နေသောလူများနှင့်ဒေသများတို့သည် အမင်္ဂလာဖြစ်၏။ ။ TM, pp. 359-361 (1895).

လူနည်းစုကိုသာလေးလံသောတာဝန်များကိုလုံးလုံးပေးထားကြ သည်။ တချို့မှာ ဘုရားသခင်ထံတော်တွင်အကြံဉာဏ်မတောင်းကြတော့ပါ။ နိုင်ငံရပ်ခြားတွင် အမှုတော်နှင့်ပတ်သက်သည့်လိုအပ်ချက်များကို ဤသူများ သိကြပါမည်လား။ သတင်းယူရန်မေးမြန်းလာသည့်မေးခွန်းများကို မည်သို့ တုံ့ပြန်ရမည်ကို မည်သို့ ၎င်းတို့သိနိုင်ကြပါမည်နည်း။ ပြန်လည်ရေးသားမှုတွင် မနှောင့်နှေးလျှင်ပင် ၎င်းတို့မေးသည့်မေးခွန်းများအတွက်တုံ့ပြန်ချက်များ ကိုရရှိရန် နိုင်ငံခြားတိုင်းပြည်များရှိ ထိုပုဂ္ဂိုလ်များသည် (၃)လခန့် စောင့်ကြ ရပါသည်။ TM, p. 321 (1896).

ဝေးလံသောဒေသများတွင်နေထိုင်လျက်ရှိသူများသည် ဘက်တယ် ခရိသို့အခွင့်မတောင်းရသေးလျှင် လုပ်သင့်လုပ်ထိုက်သည့် အမှန်တရားများ ကိုမလုပ်ဆောင်ကြပါ။ ထိုသူများသည် ရှေ့သို့ဆက်လက်မဆောင်ရွက်မီ ဘယ်တယ်ခရိမှ ဆုံးဖြတ်ချက်ကိုစောင့်ဆိုင်းလေ့ရှိကြသည်။ SpT-A(9)32 (1896).

လူတစ်ဦးတစ်ယောက်ကို ကမ္ဘာ့ဌာနချုပ်ဉက္ကဋ္ဌအဖြစ်ရွေးချယ်ခြင်း သည် ပညာမဲ့ရာရောက်ပါသည်။ (ကမ္ဘာ့ဌာနချုပ်တစ်ခုလုံးကို ဉက္ကဋ္ဌတစ်ဦး

တည်းနှင့်အုပ်ချုပ်စေခြင်းသည် ပညာမဲ့ရာရောက်သည်။ ကမ္ဘာ့သာသနာလုပ်ငန်းများသည် တိုးတက်ဖွံ့ဖြိုးနေပြီဖြစ်ရာ ရှုပ်ထွေးမှုများရှိနေပါပြီ။ ထိုကြောင့် သာသနာနယ်တစ်ခုတွင် ဒီဗီဇံတစ်ခုဖွဲ့စည်း၍လည်းကောင်း၊ လောလောဆယ်ဖွဲ့စည်းအုပ်ချုပ်ပုံကိုပြောင်းပစ်ရန် အခြားအစီအစဉ်တစ်ခုခုကိုပြင်ဆင်၍လည်းကောင်း လုပ်ဆောင်သင့်ပါသည်။ TM, p. 342 (1896).

**သတိပညာမဲ့သောခေါင်းဆောင်များသည် ဘုရားသခင်အတွက် စကားမပြောကြပါ**

အမှုတော်ကိုမည်သို့ဆောင်ရွက်သင့်ကြောင်း အကြံပေးရာတွင် ဩဇာရှိခဲ့ဖူးသော ဘက်တယ်ခရိမှအသံများသည် ဘုရားသခင်ထံမှအသံများမဟုတ်ကြတော့ပြီ။ 17MR, p. 185 (1896).

ကမ္ဘာ့ဌာနချုပ်၏ပြောဆိုမှုများသည် ဘုရားသခင်၏အသံတော်ဖြစ်သည်ဟု နှစ်ပေါင်းများစွာကျွန်ုပ်မှတ်ယူခဲ့ဖူးပါသည်။ 17MR, p. 216 (1898).

---

၅။ မြော်လင့်ခြင်းအသင်းတော်ကို ၁၈၆၃ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ထိုစဉ်ကအသင်းသားဦးရေ(၃၅၀၀)ရှိပါသည်။ နယ်ကွန်ဖရင်(၆)ခု၊ တရားဟောဆရာ(၃၀)ယောက်ခန့် ကမ္ဘာ့ဌာနချုပ်ရှိကော်မတီ (၃)ခုသာရှိခဲ့သည်။ ကမ္ဘာ့ဌာနချုပ် ဥက္ကဋ္ဌကြီးသည် ခေါင်းဆောင်မှုနှင့်တကွ နယ်အသင်းတော်များမှတောင်းသောအကြံဉာဏ်များကို ကောင်းမွန်စွာပေးနိုင်ခဲ့သည်။ အရေးကြီးသည့်ကော်မတီအစည်းအဝေးတိုင်းကို ကိုယ်တိုင်တက်ရောက်နိုင်ခဲ့ရုံသာမက ပုံနှိပ်ထုတ်ဝေသည့်လုပ်ငန်းကိုလည်း အာရုံစိုက်နိုင်ခဲ့ပါသည်။ ၁၈၉၆ ခုနှစ်တွင် အသင်းတော်လုပ်ငန်းများသည် အမေရိကန်ပြည်တွင် အထူးတိုးတက်ခဲ့သည်သာမက ဥရောပတိုက်၊ ဩစတေးလျတိုက်၊ အာဖရိကန်ပြည်တွင်သို့တိုင်အောင် တိုးတက်ခဲ့ပါသည်။ ဤမျှကျယ်ပြန့်နေသည့်အမှုတော်ကို လူတစ်ဦးတည်းကညွှန်ကြားအုပ်ချုပ်ရန်မှာ ဖြစ်နိုင်တော့မည်မဟုတ်ချေ။ လူတစ်ဦးတစ်ယောက်ထံမှအကြံဉာဏ်များကိုတစ်ကမ္ဘာလုံးရှိအသင်းသားများကဝိုင်း၍တောင်းခံနေရသည့် အခက်အခဲကိုကျော်လွှားနိုင်ရန် သာသနာနယ်အလိုက် ဒီဗီဇံများဖွဲ့စည်းရန် မမဝှိုက်အကြံပေးခဲ့ပါသည်။ ကမ္ဘာ့ဒီဗီဇံကြီးများနှင့်ယူနီယံကွန်ဖရင်များကိုတည်ထောင်ဖွဲ့စည်းလိုက်ခြင်းအားဖြင့် မမဝှိုက်ပေးသည့် အကြံပေးချက်များသည် အကောင်အထည်ပေါ်သွားခဲ့ပါသည်။

တစ်ချိန်က ကျွန်ုပ်တို့ယုံကြည်ထားသည့်အတိုင်း ထိုသူများသည် လူတို့အတွက် ဘုရားသခင်၏အသံတော်သဖွယ်သန့်ရှင်းသောနေရာတွင်ရပ် ထနေသင့်သည်ဆိုသည့် အခြေအနေများသည်လည်း အတိတ်တွင်ကျန်ရစ်ခဲ့ ချေပြီ။ GCB, Apr. 3, p. 35 (1901).

**"အသင်းတော်အသစ်တစ်ခုတည်ထောင်ရန်မလိုအပ်ပါ"**

ကရုဏာတံခါးပိတ်မည့်အကြောင်း ဖွင့်ဆိုထားချက်များကို Testimonies ဟုခေါ်သည့် သက်သေခံချက်စာအုပ်များတွင် သင်ဖတ်ရလိမ့်မည်။ ဘုရားသခင်၏လူများအကြား ဆန်ခါချမည့်အကြောင်းများကိုလည်း သင်ဖတ်ရလိမ့်မည်။ ထိုအခါ ပို၍သန့်ရှင်းစင်ကြယ်သည့်လူများသည် ထိုသူ များထံမှ ထွက်လာကြလိမ့်မည်ဖြစ်ကြောင်း သင်ပြောလိမ့်မည်။ ဤအရာ များသည် စာတန်ကိုယခုဝမ်းမြောက်စေလျက်ရှိသည်။ အကယ်၍သာ လူအများသည် သင်ထင်မြင်သည့် ဤရှုထောင့်များကိုလက်ခံလိမ့်မည်ဆိုလျှင် မြော်လင့်ခြင်းအသင်းတော်တွင် တစ်ခါမျှမမြင်ဖူးခဲ့သည့် အကြီးအကျယ် တစ်ယူသန်သောလှုပ်ရှားမှုများမှတစ်ခုကို ကျွန်ုပ်တို့မြင်ကြရလိမ့်မည်။ ဤအရာသည် စာတန်အလိုရှိသောအရာပင်ဖြစ်သည်။ 1SM, p. 179 (1890).

မြော်လင့်ခြင်းအသင်းတော်ကို ဗာဗုလုန်ဟုခေါ်ရန် သင့်အား ထာဝရဘုရားသခင်သတင်းပေးထားတော်မမူပါ။ ဘုရားသခင်၏သားသမီး များကို ဤအသင်းတော်ထဲမှခေါ်ထုတ်သွားရန်လည်း ဆင့်ဆိုတော်မမူပါ။ ထိုကဲ့သို့သောသတင်းစကားများနှင့်ဆန့်ကျင်သည့် အလင်းတရားကို ကျွန်ုပ်အား ထာဝရဘုရားသခင်ပေးထားတော်မူပြီးဖြစ်သောကြောင့် ဤကိစ္စနှင့်ပတ်သက်၍ သင်ပေးသောအကြောင်းပြချက်များသည် ကျွန်ုပ်အတွက်လေးနက်မှုမရှိပါ။

အသင်းတော်ကိုဘုရားသခင်ချစ်သည်ကို ကျွန်ုပ်သိထားပါသည်။ ထို့ကြောင့် အသင်းတော်ကိုမှီခိုရာမဲ့သော အက်တမ်ကလေးများလို အစိတ် စိတ်အမြွှာမြွှာဖြစ်အောင်လုပ်ပစ်ရန်မဟုတ်ပါ။ ဤကဲ့သို့လုပ်ဆောင်ရန်

ရှေ့နောက်ကျိုးကြောင်းမဆီလျော်သည့်ပြင် အထောက်အထားတစ်စုံတစ်ခု မှလည်း မရှိပါချေ။ 2SM, pp. 63,68,69 (1893).

အမှုတော်ကိုပြီးစီးအောင်လုပ်ဆောင်ရာတွင် အသုံးချတော်မူရန စနစ်တကျဖွဲ့စည်းထားသည့် အဖွဲ့တစ်ခု ဘုရားသခင်၌ရှိတော်မူသည်ကို သင့်အား ကျွန်ုပ်ပြောလိုက်ချင်ပါသည်။ လူတစ်ဦးတစ်ယောက်သည် ဘုရားသခင်၏ ပညတ်တော်ကိုစောင့်သော၊ ဤအဖွဲ့ထဲမှဆုတ်ခွါနေသောအချိန်တွင်လည်း ကောင်း၊ အသင်းတော်ကိုလူ့အမြင်ဖြင့်ကြည့်ကာ အသင်းသားများကို တရား စီရင်နေသောအချိန်တွင်လည်းကောင်း ထိုသူသည် ဘုရားသခင်၏လမ်းပြ မှုအောက်တွင်မရှိကြောင်းသင်သိနိုင်ပါသည်။ ထိုသူသည် မှားသောလမ်း ပေါ်တွင်ရောက်နေချေပြီ။ 3SM, p. 17,18 (1893).

**ထာဝရဘုရားသည် အရာခပ်သိမ်းတို့ကို**
**စနစ်တကျစီမံတော်မူခြင်း**

အမှုတော်အောင်မြင်ခြင်းနှင့်ပတ်သက်၍ သံသယရှိစရာမလိုသလို စိုးရိမ်စရာလည်းမလိုပါချေ။ ကိုယ်တော်ရှင်သည် ဤအမှုတော်ကြီး၏ဦးစီး ခေါင်းဆောင်ဖြစ်ကာ ခပ်သိမ်းသောအရာတို့ကို စနစ်တကျစီမံတော်မူလိမ့် မည်။ အကယ်၍ အမှုတော်ခေါင်းဆောင်ပိုင်းတွင် ပြင်ဆင်စရာလိုလာလျှင် ကိုယ်တော်ရှင်ကိုယ်တိုင် အမှားများကိုပြင်ဆင်လိမ့်မည်။ ဘုရား၏သား သမီးများကိုသယ်ဆောင်လာသော သင်္ဘောကြီးကို ကမ်းသို့လုံခြုံစွာရောက် ရှိသည်အထိ ထာဝရဘုရားသခင်ပို့ဆောင်တော်မူမည်ဖြစ်ကြောင်း ယုံကြည် ကြပါစို့။ 2SM, p. 390 (1892).

အသက်ရှင်လှုပ်ရှားနေသောအသင်းတော်တစ်ခု ဘုရားသခင်၌ရှိ ပါသလား၊ ရှိပါသည်။ သို့ရာတွင် ထိုအသင်းတော်သည် တိုက်ပွဲဝင်နေရ သည့်အသင်းတော်ဖြစ်ပါသည်။ အောင်ပွဲဆင်ပြီးဖြစ်သည့်အသင်းတော် မဟုတ်ပါ။ စပါးပင်များအကြားရှိပေါင်းပင်နှင့်တူသောအသင်းသားများရှိနေ သည်မှာ ဝမ်းနည်းစရာကောင်းလှပါသည်။ ဆိုးယုတ်မှုများသည် အသင်း

တော်တွင် ကမ္ဘာဆုံးသည်အထိ ဆက်လက်တည်ရှိနေလိမ့်မည်ဖြစ်သော်လည်း ဤနောက်ဆုံးခေတ်အသင်းတော်သည် အပြစ်ကြောင့်ညစ်ထေးပျက်ယွင်းနေသောကမ္ဘာကြီးအတွက် အလင်းဖြစ်ရပါမည်။ ဆုံးမ၊ သတိပေး၊ အကြံပေးရန်လိုအပ်ရုံသာမက အပြစ်နှင့်မကင်းသည့် ဤအသင်းတော်သည် ကမ္ဘာပေါ်တွင် ခရစ်တော် အရေးအထားဆုံးသောတစ်ခုတည်းသောအရာဖြစ်သည်။ TM, pp. 45, 49 (1893).

စာတန်၏လုပ်ဆောင်မှုများသည် မည်သည့်အခါမျှအောင်ပွဲဆင်လိမ့်မည်မဟုတ်ပါ။ ကောင်းကင်တမန်သုံးပါး သတင်းစကားသည်သာအောင်ပွဲဆင်လိမ့်မည်။ ဘုရားသခင်၏လူတို့အား ဦးဆောင်နေသော ခရစ်တော်သည် ယေရိခေါမြို့ရိုးများကိုဖြိုချပစ်တော်မူခဲ့သည်နှယ် ပညတ်တော်ကိုစောင့်သည့် ဘုရားသခင်၏သားသမီးများသည် ဆန့်ကျင်ဘက်လုပ်ဆောင်နေသူများအပေါ် အောင်ပွဲဆင်ကြလိမ့်မည်။ TM, p. 410 (1898).

### တာဝန်များကိုခွဲဝေထမ်းဆောင်ရန် အားပေးခြင်း

ယခုကျွန်ုပ်တို့အလိုရှိနေသောအရာမှာ ပြန်လည်ဖွဲ့စည်းထားသည့်အဖွဲ့အစည်းတစ်ခုပင်ဖြစ်သည်။ မတူညီသောစည်းမျဉ်းတစ်ခုအပေါ်တွင်တည်ဆောက်ကာ အောက်ခြေမှစ၍ ကျွန်ုပ်တို့အစပြုပြင်ဆင်လိုပါသည်။

ပညာရေးကဏ္ဍနှင့်တကွ ဒေသအသီးသီးတွင်ရှိသည့် ကွန်ဖရင့်များကို ဦးစီးဦးဆောင်ပြုနေသူ အမျိုးသားများရှိနေရာ ထိုသူများသည် အကောင်အထည်ဖော်ရမည့် စီမံကိန်းများကိုပြင်ဆင်ပုံသွင်းရာတွင် ပြောရေးဆိုခွင့်ရှိသည့် ကိုယ်စားလှယ်များဖြစ်ကြရမည်။ ကျယ်ပြန့်သောသာသနာနယ်တစ်ခုအတွက် စဉ်းစားဆုံးဖြတ်ရာတွင် ၁ယောက်၊ ၂ယောက်၊ ၃ယောက်ထက်ပို၍ပါဝင်သင့်သည်။ အမှုတော်သည်ကြီးမားကျယ်ပြန့်သည်ဖြစ်ရာ ပြီးစီးရန်လိုအပ်သည့်အမှုတော်အတွက် လူတစ်ဦးတစ်ယောက်တည်းနှင့် စီမံလုပ်ဆောင်နိုင်မည်မဟုတ်ချေ။

ထိုထို ဤဤ အမှုတော်များကိုထိန်းချုပ်ရန် တစ်ဦးတည်းလုပ်ဆောင်နိုင်သည့် အာဏာတန်ခိုးမျိုးကို ကျွန်ုပ်တို့၌ ထာဝရဘုရားသခင်အပ်နှင်းထား

တော်မမူသည်ကို ကျွန်ုပ်ယခုပြောလိုပါသည်။ ထိုသို့ထိန်းချုပ်ရန်ကြိုးစား မှုများကြောင့် အမှုတော်တိုးတက်မှုအားသည် အထူးနည်းပါးနေပါသည်။ အသစ်ပြုပြင်ပြောင်းလဲဖွဲ့စည်းမှုတစ်ခုရှိရတော့မည်ဖြစ်သည်။ အာဏာတန်ခိုး နှင့်အင်အားသည် ကော်မတီများတွင်ရှိဖို့ မရှိမဖြစ်လိုအပ်ပါသည်။" GCB, Apr. 3, 1901, pp. 25, 26.

ကွန်ဖရင့်အသစ်များကိုဖွဲ့စည်းရမည်။ ဘုရားသခင်၏အမိန့်တော်နှင့် အညီ ဩစတေးလေးရှား (ဗကျအမဂူချင) တွင် ယူနီယံ ကွန်ဖရင့်အသစ်တစ် ခုကိုဖွဲ့စည်းခဲ့ပါသည်။ မိုင်ပေါင်းများစွာဝေးကွာသည့် ဘက်တယ်ခရိသို့လှမ်း ၍အကြံတောင်းကာ တုံ့ပြန်ချက်ရရန် ရက်သတ္တပတ်ပေါင်းများစွာစောင့် ဆိုင်းနေစရာမလိုပါ။ သက်ဆိုင်ရာဒေသတွင်ရှိနေသူများက လုပ်ဆောင်ရမည့် အရာများကိုဆုံးဖြတ်ချက်ပေးရန်ဖြစ်သည်။ GBC Apr. 5,1901, pp. 69,70.

## ၁၉၀၁ ခုနှစ်တွင်ကျင်းပသည့် ကမ္ဘာ့ဌာနချုပ် အစည်းအဝေးပွဲမှ တုံ့ပြန်ချက်များ

ဤကွန်ဖရင့်ကြီးတည်ထောင်စကစပြီး ကျွန်ုပ်တို့အလယ်တွင်ရှိခဲ့သူ များသည် မည်သူများဖြစ်သည်ဟုသင်ထင်ပါသနည်း။ ဤကဲ့သို့သောအစည်း အဝေးမျိုးတွင်ပေါ်ပေါက်လေ့ရှိသော ကန့်ကွက်စရာကိစ္စများကိုရှင်းပေးခဲ့သူ သည် မည်သူဖြစ်သနည်း။ ကောင်းကင်ဗိမာန်တော်၏စင်္ကြံလမ်းတွင် ခေါက် တုံ့ခေါက်ပြန်လျှောက်လှမ်းနေသူမှာ မည်သူဖြစ်သနည်း။ ကောင်းကင်ဗိုလ်ခြေအ ရှင်ဘုရားသခင်နှင့်ကိုယ်တော်ရှင်၏ကောင်းကင်တမန်များပင်ဖြစ်ကြပါသည်။ ထိုပုဂ္ဂိုလ်ကြီးများသည် ကျွန်ုပ်တို့အား အစိတ်စိတ်အမြွှာမြွှာဖြစ်အောင်လုပ်ဖို့ ဤနေရာသို့ကြွမြန်းလာခဲ့ကြသည်မဟုတ်ဘဲ မှန်ကန်ပြီးတည်ငြိမ်သောစိတ်နှလုံး ကိုပေးရန်လာခဲ့ကြခြင်းဖြစ်သည်။ ဘုရားသခင်၏အမှုတော်လုပ်ငန်းများကို လုပ်ဆောင်ရန်အတွက်သော်လည်းကောင်း၊ ဘုရားသခင်စီမံထားသည့်အရာ

၆။ ၁၉၀၁ ခုနှစ်၊ ဧပြီလ ၂ ရက်။ ဘက်တယ်ခရိတွင်ကျင်းပသည့်ကမ္ဘာ့ ဌာနချုပ်အစည်းအဝေးတွင်ပြောကြားခဲ့သည့် မမဝှိုက်၏အဖွင့်မိန့်ခွန်း။

များအပဟန့်အတားမရှိလုပ်ဆောင်နိုင်ရန် အမှောင်၏အင်အားစုများကိုတွန်းလှန်ပေးရန်အတွက်သော်လည်းကောင်း ထိုပုဂ္ဂိုလ်ကြီးများသည် ကျွန်ုပ်တို့အလယ်တွင်ရှိနေခဲ့ကြပါသည်။ ဘုရားသခင်၏ကောင်းကင်တမန်များသည် ကျွန်ုပ်တို့နှင့်အတူ အမှုတော်ဆောင်ရွက်လျက်ရှိကြပါသည်။

ထိုအစည်းအဝေးတွင်ဖြစ်ပျက်ခဲ့သည့် အလန့်တကြားဖြစ်စေသောအရာများထက်ပို၍ ကျွန်ုပ်အား အံ့အားသင့်စေသောအရာများမရှိခဲ့ဖူးပါ။ ထိုအရာများကိုပြေလည်သွားအောင် ကျွန်ုပ်တို့လုပ်ဆောင်နိုင်ခြင်းမဟုတ်ဘဲ ဘုရားသခင်၏လုပ်ဆောင်ခဲ့ခြင်းသာဖြစ်သည်။ ဤအရာနှင့်စပ်လျဉ်းသည့်ညွှန်ကြားချက်ကို ကျွန်ုပ်အားပြထားတော်မူပြီးဖြစ်သော်လည်း ဤအစည်းအဝေးကြီး၏ရလဒ်ထွက်ပေါ်မလာမီ ထိုညွှန်ကြားချက်များကို ကျွန်ုပ်နားမလည်ခဲ့ပါချေ။ ကောင်းကင်တမန်များသည် အစည်းအဝေးတက်နေသူများအလယ်တွင် လမ်းလျှောက်နေကြပါသည်။ ဤအချက်ကိုသော်လည်းကောင်း၊ မိမိလူတို့ရှိအနာများကို ကုစားပေးမည်ဟု ဘုရားသခင်မိန့်တော်မူခဲ့သည့်အကြောင်းကိုသော်လည်းကောင်း သင်တို့အသီးသီးသတိရအောင်မေ့စေလိုပါသည်။ GCB Apr. 15, 1901, pp. 463, 464.

ထာဝရဘုရားသခင်သည် အစည်းအဝေးပွဲကျင်းပနေစဉ်အတွင်း၌ မိမိလူတို့အတွက် ကြီးမားသောအမှုများကို ပြုပြင်တော်မူခဲ့သည်။ ဤအကြောင်းအရာများကိုစဉ်းစားမိတိုင်းကြည်နူးမှုကိုခံစားရသလို ကျေးဇူးတော်ကိုလည်းချီးမွမ်းမိပါသည်။ သခင်ဘုရား၏ခန့်ညားထည်ဝါစွာချဉ်းကပ်လျှောက်လှမ်းနေသည့်မြင်ကွင်းကိုလည်း ကျွန်ုပ်တို့မြင်တွေ့ခဲ့ရပါသည်။ ကိုယ်တော်သည် မိမိလူတို့အတွက် ကယ်မတော်မူခဲ့သဖြင့် နာမတော်ကို ကျွန်ုပ်တို့ချီးမွမ်းမိပါသည်။ RH, Nov. 26, (1901).

နေရာအနှံ့တွင်သီးခြားစီတည်ရှိနေသော ကွန်ဖရင့်များကို ကမ္ဘာ့ဌာနချုပ်အနေဖြင့် အမိန့်ပေးစကားများကိုပြောဆိုရန်မှာ မဖြစ်နိုင်သည့်အတွက် ယူနီယံကွန်းဖရင့်များကိုတည်ထောင်ဖွဲ့စည်းရန် လိုအပ်လာပါသည်။

ဤကွန်ဖရင့်တွင်အပ်နှံထားခြင်းခံရသည့်အာဏာတန်ခိုးများကို လူ(၁)ဦး (၂)ဦး(သို့မဟုတ်) လူ(၆)ဦးတို့၌အပ်နှင်းထားရန်မဟုတ်ဘဲ သီးခြားစီတည်ရှိနေသည့်ဒီဗီဇံများရှိ ကော်မတီများတွင်အပ်နှင်းကြရန်ဖြစ်သည်။ Ms, p. 26, Apr. 3 (1903).

**မြော်လင့်ခြင်းအသင်းတော်အပေါ်ထားရှိသည့်**
**ယုံကြည်ခြင်းအား ထပ်လောင်းအတည်ပြုခြင်း**

ကျွန်ုပ်တို့သည် ဘုရားသခင်တည်ထောင်ထားသည့်အခြေခံအုတ်မြစ်မှ ယခုတွင်သွေဖည်သွားဖို့မဖြစ်နိုင်သလို အခြားအဖွဲ့အစည်းသစ်တစ်ခုထဲသို့ဝင်ရန်လည်းမဖြစ်နိုင်ချေ။ အကြောင်းမှာ ဤသို့လုပ်ဆောင်ခြင်းသည် သမ္မာတရားမှ ဖေါက်ပြန်မှုများကို တန်ဖိုးထားရာရောက်သောကြောင့်ဖြစ်သည်။ 2SM, p. 390 (1905).

ထာဝရဘုရားသည် ကျွန်ုပ်တို့အား ထူးခြားသောရတနာများ အဖြစ်တန်ခိုးထားတော်မူလျက်ရှိသည်ကို ကမ္ဘာတစ်ဝန်းရှိ မြော်လင့်ခြင်းအသင်းသားများအားပြောရန် ကျွန်ုပ်အားညွှန်ကြားတော်မူသည်။ ကမ္ဘာဆုံး ကိုယ်တော်ရှင်၏အသင်းတော်သည် ဝိညာဉ်တော်အားဖြင့်စည်းလုံးမှုရှိရုံ သာမက ထာဝရဘုရားသခင်၏အကြံပေးချက်အောက်တွင် ကမ္ဘာဆုံး တိုင်အောင် စုံလင်စွာရပ်ထစေရန်အလို၄ါ မြော်လင့်ခြင်းအသင်းတော်ကို ဘုရားသခင်ခန့်ထားတော်မူခဲ့ပါသည်။ 2SM, p. 397 (1908).

အမှုတော်နှင့်ပတ်သက်သည့် အထွေထွေအုပ်ချုပ်ရေးအာဏာများကို အပ်နှင်းခြင်းခံရသောလူတစ်စုက ၎င်းတို့၏အသိပညာကင်းမဲ့သောအကြံအစည်များကိုအကောင်အထည်ဖေါ်ရန် ကြိုးစားခြင်းကြောင့် အမှုတော်လုပ်ငန်းများကို မကြာခဏထိခိုက်စေသည့်အခါများတွင် လူနည်းစုသာကိုယ်စားပြုသည့် ကမ္ဘာ့ဌာနချုပ်၏အသံကို ဘုရားသခင်ထံမှလာသော အသံတော်ကဲ့သို့ ကျွန်ုပ်ဂရု

---

၇။ ၁၉၀၁ ခုနှစ် ဝယ အစည်းအဝေးပွဲတွင်ပြုလုပ်ခဲ့သည့် ဖွဲ့စည်းပုံပြောင်းလဲမှုများနှင့်ပတ်သက်သည့်သတင်းများကိုသိရှိလိုလျှင် SDA Encyclopedia, vol. 10. pp. 1050-1053 ကိုကြည့်ပါ။

မထားနိုင်တော့ပါဟုပြောခဲ့ဖူးပါသည်။ သို့ရာတွင် ဤကဲ့သို့ပြောဆိုခြင်းသည် ကမ္ဘာ့သာသနာနယ်အသီးသီးမှတက်ရောက်လာကြသော ကိုယ်စားလှယ်ကြီးများဖြင့်ဖွဲ့စည်းထားသည့် ကမ္ဘာ့ဌာနချုပ်၏ဆုံးဖြတ်ချက်များကို မလေးစားသင့်ဟုမဆိုလိုပါ။ ကမ္ဘာ့ဌာနချုပ်သို့ ကမ္ဘာအရပ်ရပ်ရှိအသင်းတော်များမှစုရုံးလာကြသည့်ကိုယ်စားလှယ်များ၌ လုပ်ပိုင်ခွင့်တန်ခိုးများကို ဘုရားသခင်အပ်နှင်းထားပြီးဖြစ်သည်။ တချို့ပုဂ္ဂိုလ်များကျူးလွန်မိမှာစိုးရသည့်အမှားတစ်ခုမှာ အမှုတော်ကြီးတိုးတက်ကြီးပွားဖို့ စီစဉ်ဆောင်ရွက်ရန် ကမ္ဘာ့ဌာနချုပ်သို့တက်ရောက်လာကြသည့် ကိုယ်စားလှယ်တော်ကြီးများနှင့်တကွ ကိုယ်တော်၏အသင်းတော်သို့အပ်နှင်းထားတော်မူသောအာဏာတန်ခိုးအားလုံးကို လူတစ်ဦးတစ်ယောက် (သို့မဟုတ်) လူတစ်စုလက်ထဲသို့ အပ်နှံခြင်းပင်ဖြစ်သည်။ 9T, pp. 260,2611 (1909).

ထာဝရဘုရားသခင်သည် မိမိ၏အသင်းတော်အား အထူးသောအာဏာတန်ခိုးများနှင့်အပ်နှင်းထားတော်မူသည်ဖြစ်ရာ ထိုကိစ္စနှင့်ပတ်သက်၍ မည်သူကမျှမလေးမစား ဂရုမထားသောသဘောဖြင့် ပြစ်တင်စီရင်မှုကိုမပြုလုပ်ရ။ အကြောင်းမှာ ထိုသို့လုပ်ဆောင်သောသူသည် ဘုရားသခင်၏အသံတော်ကိုစော်ကားနေခြင်းဖြစ်သည်။ AA, p. 164 (1911).

ဣသရေလတို့၏ဘုရားသခင်သည် မိမိလူတို့အား ယခုတိုင်ဦးဆောင်ဆဲရှိတော်မူသည်ကိုလည်းကောင်း၊ ကိုယ်တော်သည် ကပ်ကာလအဆုံးတိုင် ကျွန်ုပ်တို့နှင့်အတူရှိနေမည်ကိုလည်းကောင်း ကျွန်ုပ်သိလာသောအချိန်တွင် အားတက်လာပါသည်။ 2SM, p. 406 (1913).

W. C. ဝှိုက်၏ဖော်ပြချက်

ကျွန်တော်၏မိခင်သည် ကျန်ကြွင်းသောအသင်းတော်ဆိုင်ရာအတွေ့အကြုံများကို မည်မျှအလေးထားသည်ကိုလည်းကောင်း၊ အသင်းတော်အသစ်

---

၈။ ကမ္ဘာ့ဌာနချုပ် အစည်းအဝေးတွင် အသင်းတော်အတွက် မမဝှိုက်ပေးခဲ့သောနောက်ဆုံးသတင်းစကားမှ ကောက်နုတ်ထားသည်။ အာမခံချက်အပြည့်အဝရှိသော ဤစာကို ဥက္ကဋ္ဌကြီး ဗ.ဝ. ဒံနီယယ်က ၁၉၁၃ ခုနှစ်၊ မေလ ၂၇ ရက်တွင် တက်ရောက်လာသောကိုယ်စားလှယ်များအားဖတ်ပြခဲ့ပါသည်။

တစ်ခုပေါ်လာနိုင်သည့်အခြေအထိ အယူတိမ်းမှုများဖြစ်ပေါ်ခြင်းကို ဘုရားသခင်ခွင့်ပြုတော်မူမည်မဟုတ်ကြောင်း သူမ၏သွန်သင်ချက်များအပေါ် မည်မျှအရေးထားကြောင်းကိုလည်းကောင်း သူမ(မစ္စက်လီဒါစကော့)ကို ကျွန်တော်ပြောပြခဲ့ပါသည်။ W.C. ဝိုက်က E.E. အင်ဒရိစ်ထံ မေ(၂၃)ရက်၊ ၁၉၁၅ ခုနှစ်ပေးစာ။

**ဝိညာဉ်ရေးဆိုင်ရာနိုးကြားမှုများလိုအပ်နေဆဲဖြစ်ခြင်း**

အကယ်၍သာ အရေးပါသောရာထူးများကိုရယူထားသည့် ပုဂ္ဂိုလ်များသည် ဘုရားသခင်၏အလိုတော်နှင့်ကိုယ်တော်၏လမ်းစဉ်ကိုလိုက်လျှောက်ခဲ့ကြမည်ဆိုလျှင် ၁၉၀၁ ခုနှစ်တွင် ကျင်းပသည့် ကမ္ဘာ့ဌာနချုပ်အစည်းအဝေးပွဲတွင် ပြီးစီးနိုင်သောအလုပ်များအကြောင်းကို တစ်နေ့ နေ့လယ်အချိန်၌ ကျွန်ုပ်ရေးနေခဲ့ပါသည်။ ကြီးမားသောအလင်းကိုရထားသူများသည် အလင်းတရားအတိုင်းမလိုက်လျှောက်ခဲ့ကြချေ။ အစည်းအဝေးကြီးမှာ အဆုံးသတ်ခဲ့ပါပြီ။ လူတို့မှာ မိမိကိုယ်ကို ဘုရားသခင်၏ရှေ့တော်တွင် နှိမ့်ချမှုမရှိသောကြောင့် သန့်ရှင်းသောဝိညာဉ်တော်ကိုမရခဲ့ကြပါ။

ကျွန်ုပ်တို့သည် သတိမေ့ပြီး ဘက်တယ်ခရိတွင်ဖြစ်ပျက်နေသောမြင်ကွင်းတစ်ခုကိုမြင်နေသယောင်ဖြစ်သောအချိန်ကလေးကို ရေးသားဖော်ပြခဲ့ဖူးပါသည်။

ကျွန်ုပ်တို့သည် တာဘာနီကယ်ခန်းမကြီးထဲ၌စုရုံးပြီး ပထမဦးစွာဆုတောင်းပါသည်။ ထိုနောက်ဓမ္မသီချင်းတစ်ပုဒ်ကိုဆိုကြပါသည်။ ထိုနောက်တစ်ဖန်ဆုတောင်းကြပြန်ပါသည်။ ထာဝရဘုရားထံတော်တွင် အနူးအညွတ်တောင်းလျှောက်ခဲ့ကြပါသည်။ အစည်းအဝေးပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ကျရောက်ကြောင်း ထင်ရှားခဲ့ပါသည်။

စိတ်နှလုံးပါသောအပြစ်ဝန်ခံခြင်းများကိုမလုပ်နိုင်သည်အထိ မာနတတ်ခဲ့သူတစ်ဦးတစ်ယောက်မျှမရှိခဲ့ပါ။ ထိုအစည်းအဝေးကို ဦးဆောင်ခဲ့သူများမှာ သြဇာရှိသူများဖြစ်ခဲ့သော်လည်း မိမိတို့၏အပြစ်ကိုဝန်ခံလောက်အောင်ယခင်ကသတ္တိမရှိခဲ့ကြချေ။

ထိုကာလဘာနီကယ်ထဲတွင် ယခင်က တစ်ခါမျှမကြားဖူးခဲ့သောပျော်ရွှင်ဝမ်းမြောက်သံများကိုလည်းကြားခဲ့ရပါသည်။

ထိုစဉ်တွင် ကျွန်ုပ်သည် ပြန်လည်သတိဝင်လာရာ ရုတ်တရက်မည်သည့်နေရာတွင်ရောက်နေသည်ကို မစဉ်းစားနိုင်ခဲ့ပါ။ ကျွန်ုပ်၏ဖေါင်တိန်မှာမူ လက်ထဲမှာရှိနေဆဲပင်ဖြစ်သည်။ "ဤအရာမျိုးဖြစ်နိုင်ပါသည်၊ ဤအရာများကိုမိမိလူတို့အတွက်လုပ်ဆောင်ပေးရန် ထာဝရဘုရားသခင်စောင့်စားနေပါသည်။ ကောင်းကင်သားအားလုံးကြင်နာမှုကိုပြရန် စောင့်စားနေကြသည်" ဟူသောစကားများဖြင့် ကျွန်ုပ်အားပြောနေသည်ကိုလည်းကြားနေရပါသည်။ 8T, pp. 104-106, (1903).

ညတုန်းက မြင်ခဲ့ရသောရူပါရုံကြောင့် ကျွန်ုပ်အထူးစိတ်နှလုံးတုန်လှုပ်ခဲ့ပါသည်။ နေရာများစွာတွင် ဝိညာဉ်ရေးနိုးကြားမှုလုပ်ငန်းများကိုအကြီးအကျယ်လုပ်နေသယောင်ဖြစ်နေပါသည်။ ကျွန်ုပ်တို့၏လူများသည် ဘုရားသခင်၏ခေါ်တော်မူခြင်းကိုတုံ့ပြန်လျက် မှန်ကန်စွာလှုပ်ရှားနေခဲ့ကြပါသည်။ TM, p. 515 (1913).

**မိမိလူတို့အပေါ်ထားရှိသည့် ဘုရားသခင်၏သည်းခံခြင်း**

အသင်းတော်သည် ခရစ်တော်မျှော်လင့်ထားသည့်အတိုင်းလုပ်ဆောင်နိုင်ခြင်းမရှိခဲ့သော်လည်း ဘုရားသခင်သည် မိမိလူတို့ထံမှ ခွဲခွါသွားတော်မမူဘဲ သည်းခံတော်မူဆဲဖြစ်ပါသည်။ ၎င်းတို့တွင်ကောင်းမြတ်မှုတစ်စုံတစ်ခုတွေ့ရှိသောကြောင့် သည်းခံတော်မူသည်မဟုတ်ဘဲ သမ္မာတရားနှင့်ဖြောင့်မတ်ခြင်းတရားကိုရန်ဘက်ပြုနေသူများရှေ့တွင် နာမတော်ကိုအရှုတ်ချမခံရန်အတွက်သော်လည်းကောင်း၊ ဘုရားသခင်၏သားသမီးများကိုဖျက်ဆီးနေသည့် စာတန်နှင့်အပေါင်းပါများအား အောင်ပွဲဆင်မသွားစေရန်အတွက်သော်လည်းကောင်း သည်းခံနေတော်မူခြင်းဖြစ်သည်။ ၎င်းတို့၏ရိုင်းပျမှု၊

---

၉။ ၁၉၀၃ ခုနှစ် ကမ္ဘာ့ဌာနချုပ်နှစ်ဆုံးစည်းဝေးကြီးတွင် မမပို့က်ပေးခဲ့သော ပထမမိန့်ခွန်းမှကောက်နုတ်ချက်။

မယုံကြည်မှုနှင့်မိုက်မဲမှုများကိုအချိန်ကြာမြင့်စွာသည်းခံတော်မူခဲ့ပြီးဖြစ်သည်။ ကိုယ်တော်သည် ၎င်းတို့အား အံ့ဩဖွယ်သည်းခံမှု၊ ကြင်နာမှုများဖြင့် အပြစ်ပေးဆုံးမတော်မူခဲ့ပြီးဖြစ်သည်။ အကယ်၍သာ ထိုသူတို့သည် ကိုယ်တော်၏ မိန့်မှာချက်များအတိုင်းလိုက်လျှောက်ခဲ့ကြမည်ဆိုလျှင် ထာဝရကယ်တင်တော်မူခြင်းကိုပေးလျက်၊ ၎င်းတို့အားကျေးဇူးတော်ဆိုင်ရာ တန်ခိုးတော်အတွက် ထာဝရအထိမ်းအမှတ်ကျောက်တိုင်များဖြစ်စေလျက် ၎င်းတို့၏ဖေါက်ပြန်သောသဘောထားများကိုဖယ်ရှားပစ်တော်မူလိမ့်မည်။ ST, Nov. 13, (1901).

အသင်းတော်သည်အားနည်းပြီး အပြစ်အနာအဆာနှင့်မကင်းသော်လည်း ကမ္ဘာပေါ်ရှိအရာခပ်သိမ်းတို့တွင် ခရစ်တော်အရေးအထားဆုံးသော အရာတစ်ခုဖြစ်သည်ကို ကျွန်ုပ်တို့သတိရအောင်မေ့သင့်ပါသည်။ ကိုယ်တော်ရှင်သည် အသင်းတော်ကိုအရေးတယူထားကာ အစဉ်တစိုက်ကြည့်ရှုနေသည်သာမက သန့်ရှင်းသောဝိညာဉ်တော်ဖြင့်လည်း အားဖြည့်ပေးတော်မူလျက်ရှိပါသည်။ 2SM, p. 396 (1902).

## ထာဝရဘုရားသည် မိမိအား သစ္စာရှိသူများနှင့်အတူ အလုပ်လုပ်ဆောင်နေတော်မူခြင်း

ကိုယ်တော်ရှင်၌ အမှုတော်ဆောင်မည့် ရွေးကောက်ထားသည့် လူတစ်စုအမြဲရှိနေပါသည်။ အသက်ပေးပိုင်ရှင်ခရစ်တော်အား ယုဒလူများငြင်းပယ်သွားသောအချိန်တွင် ကိုယ်တော်ရှင်သည် နိုင်ငံတော်ကို ၎င်းတို့ထံမှ နုတ်သိမ်းကာ တစ်ပါးအမျိုးသားများကိုပေးသနားတော်မူခဲ့သည်။ ဘုရားသခင်သည် အမှုတော်လုပ်ငန်းအသီးသီးတွင်လည်း ထိုစနစ်ကိုဆက်လက်အသုံးပြုတော်မူလိမ့်မည်။

အသင်းတော်တစ်ခုသည် မည်သည့်အဆင့်တွင်ရှိနေသည်ဖြစ်စေ၊ မည်မျှကြီးမြတ်သောခေါ်တော်မူခြင်းကိုခံရသည်ဖြစ်စေ နှုတ်ကပတ်တော်အပေါ်သစ္စာမဲ့ကြောင်း ထင်ရှားလာသောအချိန်တွင် ၎င်းနှင့်အတူ ထာဝရဘုရားသခင်ဆက်လက်အလုပ်မလုပ်နိုင်တော့ဘဲ အရေးကြီးသောတာဝန်များကို

ထမ်းဆောင်ရန် အခြားသူများကို တစ်ဖန်ရွေးကောက်တော်မူပါသည်။ သို့ရာတွင် ထိုသူများသည် မှားယွင်းသောလုပ်ဆောင်မှုများမှ မိမိအသက်တာကို မသန့်စင်ကြလျှင်သော်လည်းကောင်း၊ အကာအကွယ်လုပ်ရန် သန့်ရှင်းမွန်မြတ်သောစည်းမျဉ်းများကိုမတည်ဆောက်ကြလျှင်သော်လည်းကောင်း ထာဝရဘုရားသည် ၎င်းတို့အား စိတ်မကောင်းစွာဖြင့် အပြစ်ပေးနိမ့်ချပစ်တော်မူလိမ့်မည်။ မူရင်းနေရာမှ ၎င်တို့အားဖယ်ရှားကာ အပြစ်ပေးတော်မူလိမ့်မည်။ 14MR, p. 102 (1903).

## ချပေးတော်မူသည့်အလင်းတရားအားဖြင့် တရားစီရင်ခြင်း

မြော်လင့်ခြင်းအသင်းတော်သည် ဗိမာန်တော်အတွင်းရှိချိန်ခွင်များတွင် အချိန်ခံရလိမ့်မည်။ သူမသည် မိမိရရှိခဲ့သောအခွင့်အရေးများအားဖြင့် တရားစီရင်ခြင်းခံရလိမ့်မည်။ သူမ၏ဝိညာဉ်ရေးအတွေ့အကြုံသည် သူမအားခရစ်တော်ချပေးခဲ့သည့် အခွင့်အရေးများနှင့်မကိုက်ညီခဲ့လျှင်လည်းကောင်း၊ ချပေးခဲ့သည့်ကောင်းချီးမင်္ဂလာများက ၎င်းအားအပ်နှံထားသည့် အမှုတော်ကိုဆောင်ရွက်ရန် အရည်အသွေးမမီစေခဲ့လျှင်လည်းကောင်း “ပေါ့နေပြီ” ဟူသော စီရင်ချက်အချခံရလိမ့်မည်။ ချပေးထားသည့် အလင်းတရား အခွင့်အရေးတို့နှင့်အညီ သူမသည် တရားစီရင်ခြင်းခံရလိမ့်မည်။----

ဘက်တယ်ခရိရှိဆေးရုံကြီး မီးလောင်ပျက်စီးသွားခြင်း၌ ကြီးမားသောသတိပေးဆုံးမမှုများထင်ရှားလျက်ရှိသည်။ ထိုအဖြစ်အပျက်များက “သင်သည်မရွှေ့လျော့မီ အလျင်နေရာအရပ်ကိုအောက်မေ့လော့၊ နောင်တရလော့၊ ရှေးဦးစွာသောအကျင့်ကိုကိုကျင့်လော့” ဟု ကျွန်ုပ်တို့အားဆုံးမနေပါသည်။

---

၁၀။ ၁၉၀၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်နေ့တွင် ဘက်တယ်ခရိဆေးရုံကြီး (SDA) မီးလောင်ခဲ့သည်။ ထိုနှစ် ဒီဇင်ဘာလ ၃၀ ရက်တွင် ရီဗျူးအင်ဟာရယ်လ် စာပုံနှိပ်တိုက်ကြီး မီးလောင်ပျက်စီးသွားပါသည်။

ဖေါက်ပြန်မှုများနှင့်ပြည့်ဝနေသောထိုအသင်းတော်သည် နောင်တရ ခြင်း၊ ပြောင်းလဲခြင်းမရှိပါက သူမသည် မိမိကိုယ်ကိုရွံ့ရှာသည်အထိ မိမိလုပ်ဆောင်မှု၏အသီးကိုစားရလိမ့်မည်။ သူမသည်ဒုစရိုက်ကိုငြင်းဆန်ကာ ကောင်းမြတ်သောအရာများကို ရွေးချယ်သောအချိန်တွင်လည်းကောင်း၊ ထာဝရသမ္မာတရားစင်မြင့်ပေါ်တွင်ရပ်ထလျက် သူမအတွက်ပြင်ဆင်ထားသည့် အောင်မြင်မှုများကို ယုံကြည်ခြင်းအားဖြင့်ကိုင်ဆွဲလျက် နှိမ့်ချသောစိတ်နှလုံး ဖြင့် ထာဝရဘုရားကိုရှာကာ ခရစ်တော်၏မြင့်မြတ်သောခေါ်တော်မူ ခြင်းကိုအရောက်လှမ်းမည်ဆိုလျှင်လည်းကောင်း သူမခံစားနေရသောအနာ ရောဂါများပျောက်ကင်းကုန်လိမ့်မည်။ သမ္မာတရားက သမအားလွတ်ခြင်း အခွင့်ကိုပေးကြောင်းဖေါ်ပြလျက်၊ လောကီအညစ်အကြေးများကင်းစင်လျက် ဘုရားပေးသန့်စင်မှုများဖြင့် သူမပေါ်ထွန်းလာလိမ့်မည်။ ထိုအချိန်တွင် သူမ၏အသင်းသားများသည် ဘုရားသခင်ရွေးကောက်ထားသည့်သူများ၊ ဘုရားသခင်၏ကိုယ်စားလှယ်များ အမှန်တကယ်ဖြစ်လာကြလိမ့်မည်။ 8T, pp. 247-251 (Apr. 21,1903).

## ကျွန်ုပ်တို့အတွက်သတိပေးချက်ဖြစ်သော ဣသရေလရာဇဝင်

ဤနောက်ဆုံးသောခေတ်ကာလတွင် ဘုရားသခင်၏သားသမီးများ သည် ရှေးခေတ်ဣသရေလများရင်ဆိုင်ခဲ့ရသော ဘေးရန်မျိုးနှင့်ရင်ဆိုင် ကြရလိမ့်မည်။ ထာဝရဘုရားသခင်ပေးတော်မူလျက်ရှိသည့် သတိပေးချက် ကိုလက်မခံသောပုဂ္ဂိုလ်များသည် ၎င်းတို့၏မယုံကြည်မှုကြောင့် ရှေးခေတ် ဣသရေလများရင်ဆိုင်ခဲ့ရသောဘေးအန္တရာယ်များနှင့်ရင်ဆိုင်ရကာ ငြိမ် သက်မှုများရနိုင်ကြမည်မဟုတ်ပါ။ ရှေးခေတ်ဣသရေလများသည် မသန့်ရှင်း သောစိတ်နှလုံးနှင့်ဆက်ကပ်မှုမရှိသည့်အလိုဆန္ဒများကြောင့် ဘေးဒုက္ခများကို ခံစားခဲ့ကြရသည်။ ၎င်းတို့၏မယုံကြည်မှုများ၊ ကိုယ့်ကိုကိုယ်ယုံကြည်စိတ်မချမှု၊ နောင်တမရမှု၊ စိတ်နှလုံးခိုင်မာမှုများကြောင့် ရွေးကောက်ခြင်းခံရသောလူမျိုး

အဖြစ်မှလည်းရပ်စဲခြင်းခံခဲ့ရပါသည်။ ကျွန်ုပ်တို့အတွက် အန္တရာယ်ရှိကြောင်း သတိပေးချက်တစ်ခုကို ၎င်းတို့၏ရာဇဝင်တွင်တွေ့နေရပါသည်။

"ညီအစ်ကိုတို့၊ သင်တို့သည် အသက်ရှင်တော်မူသောဘုရားသခင့် ထံတော်မှထွက်သွားသောအားဖြင့် မယုံကြည်တတ်၊ ဆိုးညစ်သောစိတ်နှလုံးမရှိ စေခြင်းငှါ သတိပြုကြလော့––– ငါတို့သည်စိတ်စွဲလမ်းခြင်းကိုအစပြုသကဲ့သို့ အဆုံးတိုင်အောင်တည်ကြည်လျှင် ခရစ်တော်နှင့်ဆက်ဆံသောသူဖြစ်ကြ ၏။" ဟေဗြဲ ၃း၁၂၊၁၄။ Letter 30, (1895).

## တိုက်ပွဲဝင်အသင်းတော်၌စုံလင်ခြင်းမရှိပါ

တိုက်ပွဲဝင်ဆဲအသင်းတော်သည် အောင်ပွဲဆင်ပြီးအသင်းတော်မဟုတ်ပါ။ ဤကမ္ဘာကြီးသည်လည်း ကောင်းကင်နိုင်ငံမဟုတ်ပါ။ ဤအသင်းတော်သည် မှားယွင်းစွာလုပ်ဆောင်တတ်သည့် မစုံလင်သောလူသားများဖြင့်ဖွဲ့စည်းထား သော်လည်း ဤဘဝနှင့်ထာဝရကာလအတွက် လေ့ကျင့်ပညာယူရန် ခရစ်တော်၏ကျောင်းတွင်လေ့ကျက်နေသူများဖြစ်ကြသည်။ ST, Jan. 4 (1883).

အသင်းတော်ဘောင်ထဲသို့ဝင်လာသည်နှင့် မိမိတို့၏မျှော်လင့်ချက် များပြည့်စုံကာ သန့်ရှင်းစုံလင်သူများနှင့်သာတွေ့ဆုံပေါင်းသင်းရတော့မည်ဟု တချို့ပုဂ္ဂိုလ်များကယူဆနေသယောင်ရှိသည်။ ထိုသူများသည် ယုံကြည်ခြင်းတွင် ထက်သန်မှုရှိကြသော်လည်း အသင်းသားများ၏မှားယွင်းသောလုပ်ဆောင်မှု များကိုတွေ့ရှိသည့်အချိန်တွင် "မကောင်းသောပုဂ္ဂိုလ်များနှင့်မပေါင်းဖက်လို၍ လောကကိုစွန့်ခဲ့သော်လည်း ဤနေရာမှာလည်း မကောင်းသည့်လူများရှိ နေပါသလား" ဟု ဆိုတတ်ကြပါသည်။ ၎င်းပြင် "ဒီပေါင်းပင်တွေက ဘယ်ကရောက်လာတာလဲ" ဟု ပုံပမာထဲမှ ကျွန်များမေးသလို သူတို့မေးတတ် ကြပါသည်။ သို့ရာတွင် ဤအရာများကြောင့် ကျွန်ုပ်တို့စိတ်ဓါတ်ကျဖို့မလို ပါ။ အသင်းတော်သည်စုံလင်ပါသည်ဟု ဘုရားသခင်က အာမခံချက်ပေး ထားတော်မူခြင်းမရှိသလို တိုက်ပွဲဝင်အသင်းတော်အား အောင်ပွဲရအသင်း တော်အလား သန့်စင်အောင်လုပ်ရာတွင် ကျွန်ုပ်တို့၏စိတ်အားထက်သန်မှု

များအားဖြင့် မဖြစ်နိုင်ပါဟုလည်း မိန့်တော်မူထားခြင်းမရှိပါ။ TM, p. 47 (1893).

**အောင်ပွဲရအသင်းတော်သည် သစ္စာရှိရုံသာမက ခရစ်တော်နှင့်လည်းတူလိမ့်မည်။**

အမှုတော်သည် မကြာမီတွင်ပြီးဆုံးတော့မည်။ တိုက်ပွဲဝင်အသင်းတော်မှ သစ္စာရှိအသင်းသားများသည် အောင်ပွဲရအသင်းတော်မှအသင်းသားများဖြစ်လာကြလိမ့်မည်။ Ev, p. 707 (1892).

ခရစ်တော်၏အသက်တာသည် ဘုရားသခင်၏မေတ္တာသတင်းစကားများဖြင့်အားဖြည့်ထားသည့် အသက်တာတစ်ခုဖြစ်ပါသည်။ ကိုယ်တော်သည် ဤမေတ္တာကိုအခြားသူများအားအလျှံပယ်မျှဝေလိုတော်မူသည်။ ကြင်နာမှုရောင်ခြည်များသည် မျက်နှာတော်မှထွန်းတောက်နေသည်။ ကိုယ်တော်၏အကျင့်စရိုက်သည်ကျေးဇူးတော်၊ နှိမ့်ချခြင်း၊ သမ္မာတရား၊ ချစ်ခြင်းမေတ္တာများဖြင့်ပြီးလျက်ရှိသည်။ တိုက်ပွဲဝင်အသင်းတော်မှ ယုံကြည်သူများသည် အောင်ပွဲရအသင်းတော်တွင်ပါဝင်လိုကြလျှင် ထိုကဲ့သို့သောအရည်အသွေးများကို ဖော်ပြကြရမည်။ FE, p. 179 (1891).

---oo---

## အခန်း (၅)

# ကျန်ကြွင်းသောအသင်းတော်၏ဘာသာတရား ကိုင်းရှိုင်းမှုရှိသောအသက်တာ

### နှစ်ဖက်ရ စွယ်အုံအသက်တာ

မိုးတိမ်ကိုစီးလျက် ခရစ်တော်ကြွလာတော့မည့်အချိန်ဖြစ်သော ဤခေတ် ဤအခါတွင် နှစ်ခြင်းဆရာယောဟန် လုပ်ဆောင်ခဲ့သည့်အမှုတော်မျိုးကိုလုပ်ဆောင်ကြရမည်။ သခင်ဘုရား၏နေ့ကြီးအတွက် လူတို့ကိုပြင်ဆင်ပေးမည့်ပုဂ္ဂိုလ်များအား ဘုရားသခင်ခေါ်တော်မူလျက်ရှိသည်။

ကျွန်ုပ်တို့သည် ထိုသတင်းစကားမျိုးကို ဆရာယောဟန်ကဲ့သို့ပေးနိုင်ရန်အလို့ငှါ ဆရာယောဟန်ကဲ့သို့ပင် ဝိညာဉ်ရေးအတွေ့အကြုံရှိကြရမည်။ ထာဝရဘုရားကိုကြည့်ရှုကာ "ငါ" ကိုမြင်ကွင်းထဲမှ ဖျောက်ပစ်ကြရမည်။ 8T, pp. 332, 333 (1904).

ထာဝရဘုရားနှင့်မိတ်သဟာယဖွဲ့ခြင်းသည် လူတို့၏စာရိတ္တနှင့် လူတို့၏အသက်တာများကို မြင့်မြတ်လာစေပါသည်။ ထိုအခါတွင် ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူရှိနေကြောင်းကို လူအပေါင်းတို့သိကြလိမ့်မည်။ မည်သူကမျှမပေးနိုင်သည့်တန်ခိုးမျိုးကို ဤအရာကအမှုဆောင်များအား မျှဝေပေးလိမ့်မည်။ ဤတန်ခိုးပျောက်ပျက်မသွားအောင် အမှုဆောင်များလုပ်ဆောင်ရမည်။ တွေးခေါ်ခြင်းနှင့်လုပ်ဆောင်ခြင်းတည်းဟူသောအရာနှစ်ခုနှင့် ပြည့်ဝသောအသက်တာ၊ တိတ်ဆိတ်စွာဆုတောင်းခြင်းနှင့်အားတက်သရော ကြိုးစားအမှုဆောင်ခြင်းတည်းဟူသောအရာနှစ်ခုနှင့်ပြည့်စုံသောအသက်တာ၊ နှစ်ဖက်ရစွယ်စုံအသက်တာဖြင့် ကျွန်ုပ်တို့အသက်ရှင်နေထိုင်ကြရမည်။ MH, p. 512 (1905).

ဆုတောင်းခြင်းနှင့်ကြိုးစားလုပ်ဆောင်ခြင်း၊ ကြိုးစားလုပ်ဆောင်ခြင်းနှင့်ဆုတောင်းခြင်းတို့သည် သင့်အသက်တာ၏အဓိကလုပ်ငန်းကြီးများဖြစ်

သည်။ ကျွမ်းကျင်လိမ္မာမှုနှင့်ချီးမွမ်းထောမနာပြုခြင်းအပေါင်းသည် ထာဝရဘုရားသခင်နှင့်သာထိုက်တန်သည့်အလား၊ သင်ဆုတောင်းရမည်ဖြစ်သလိုတာဝန်ဝတ္တရားများသည် သင့်အင်နီးအတတာသာဖြစ်သည့်အလား သင်ကြိုးစားလုပ်ဆောင်ရမည်။ 4T, p. 538 (1881).

မည်သူတစ်ဦးတစ်ယောက်မျှ တစ်နေ့တာ (သို့မဟုတ်) တစ်နာရီဆုမတောင်းဘဲ လုံခြုံမှုမရရှိနိုင်ပါ။ GC, p. 530 (1911).

မည်သည့်အရာကိုမျှလုပ်ဆောင်ခြင်းမပြုဘဲ ဆုတောင်းနေသူများသည်မကြာမီတွင် ဆုတောင်းခြင်းကိုရပ်ဆိုင်းပစ်ကြလိမ့်မည်။ SC, p. 101 (1892).

## ခရစ်တော်၌ခိုင်မာစွာအမြစ်စွဲခြင်း

မုန်တိုင်းသည် ကျလာလျက်ရှိပြီ၊ မည်သည့်ယုံကြည်ခြင်းမျိုးရှိသည်ကိုထိုမုန်တိုင်းက လူတိုင်းအားစမ်းသပ်လိမ့်မည်။ ယုံကြည်သူများသည် ခရစ်တော်၌ခိုင်မာစွာအမြစ်စွဲထားကြရမည်။ သို့မဟုတ်ပါက တချို့သောမှားယွင်းမှုများကြောင့် လမ်းလွဲကုန်ကြလိမ့်မည်။ Ev, pp. 361, 362 (1905).

ခရစ်တော်၏သက်တော်စဉ်ကို တစ်နေ့လျှင် တစ်နာရီကြာဆင်ခြင်သုံးသပ်ခြင်းသည် ကျွန်ုပ်တို့အတွက်အကျိုးရှိပါသည်။ အထူးသဖြင့်ခရစ်တော်၏နောက်ဆုံးသောအချိန်များတွင်ဖြစ်ပျက်ခဲ့သောမြင်ကွင်းများကိုစိတ်အာရုံတွင် တစ်ခုပြီးတစ်ခုသုံးသပ်ဆင်ခြင်သင့်ကြပါသည်။ DA, p. 83 (1898).

ဒုစရိုက်မကောင်းမှုများမှ အကာအကွယ်ပေးနိုင်သည့်တစ်ခုတည်းသောအရာမှာ ကိုယ်တော်ရှင်၏ဖြောင့်မတ်ခြင်းကိုယုံကြည်ခြင်းအားဖြင့်နှလုံးသားထဲ၌ ခရစ်တော်စိုးစံနေခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ပဓါနကျကျ ဆက်သွယ်မှုမရှိခဲ့လျှင် ကိုယ့်ကိုကိုယ်ချစ်ခြင်း၊ ကိုယ်အလိုကိုလိုက်စားခြင်းနှင့်အပြစ်၏သွေးဆောင်ခြင်းများကို မည်သည့်အခါမျှတွန်းလှန်နိုင်ကြလိမ့်မည်မဟုတ်ချေ။ မကောင်းသောအကျင့်များကို ကျွန်ုပ်တို့စွန့်လွှတ်နိုင်ကောင်း စွန့်လွှတ်နိုင်ကြလိမ့်မည်။ အခိုက်အတန့်အားဖြင့်

စာတန်နှင့်ကျွန်ုပ်တို့လမ်းခွဲနိုင်ကောင်း လမ်းခွဲနိုင်ကြလိမ့်မည်။ သို့ရာတွင် မိမိကိုယ်ကို ကိုယ်တော်၌အခါမလပ် ဆက်ကပ်အပ်နှံခြင်းအားဖြင့် ပဓါနကျသော ဆက်သွယ်မှုတစ်ခုကို ထာဝရဘုရားသခင်နှင့်မလုပ်ခဲ့လျှင် စာတန်သည် ကျွန်ုပ်တို့ကိုအောင်ပွဲဆင်သွားလိမ့်မည်။ ခရစ်တော်နှင့်ကျွန်ုပ်တို့အကြားပုဂ္ဂလိကရင်းနှီးမှုနှင့်စဉ်ဆက်မပြတ်ဆက်သွယ်မှုမရှိလျှင် ကျွန်ုပ်တို့သည် စာတန်ပြုသမျှနာရမည့်သူများဖြစ်လာကာ အဆုံးတွင် သူခိုင်းသလို ကျွန်ုပ်တို့လုပ်ဆောင်ကြလိမ့်မည်။ DA, p. 324 (1898).

ကပ်တိုင်တွင်အသေသတ်ခံခဲ့သော ခရစ်တော်သည် ကျွန်ုပ်တို့၏တရားရှုဆင်ခြင်ခြင်း၊ ပြောဆိုခြင်းနှင့်နှစ်ခြိုက်စရာအကောင်းဆုံးစိတ်ခံစားမှုများ၏ အဓိကပုဂ္ဂိုလ်ဖြစ်သင့်ပါသည်။ SC, pp. 103, 104 (1892).

**သန့်ရှင်းသောဝိညာဉ်တော်၏ ပြုပြင်ပုံသွင်းခြင်း**

ဝိညာဉ်တော်၏ပြုပြင်ပုံသွင်းမှုကိုခံယူရန် မိမိကိုယ်ကိုဆက်ကပ်မှုမပြုမီမည်သည့်လူသားမျှ ပျော်ရွှင်မှုကိုသိရှိကြလိမ့်မည်မဟုတ်ချေ။ ဝိညာဉ်တော်က အသစ်ပြုပြင်ခြင်းခံယူသည့် ထိုသူအား ခရစ်တော်နှင့်တူအောင်ပြုပြင်ပေးတော်မူသည်။ ထိုဩဇာသက်ရောက်မှုကြောင့် ဘုရားသခင်ကိုရန်ငြိုးဖွဲ့နေသောစိတ်နှလုံးသည် ယုံကြည်၊ ချစ်ခင်သောစိတ်နှလုံးအသွင်သို့ ကူးပြောင်းလာသည်။ မာနထောင်လွှားတတ်သော စိတ်နှလုံးသည် နှိမ့်ချမှုရှိသောစိတ်နှလုံးဖြစ်လာသည်။ ထိုသူသည် သမ္မာတရား၏လှပမှုကိုသဘောပေါက်သိရှိလာကာ ကောင်းမြတ်စုံလင်သောအကျင့်အားဖြင့် ခရစ်တော်ကို ဂုဏ်ပြုတတ်လာပါသည်။ OHC, p. 152 (1896).

လူသားသဘာဝ၏စေ့ဆောင်မှု စိတ်အာရုံခံစားမှု(သို့မဟုတ်)စိတ်နှလုံးစွဲလမ်းမှုများ၏ဦးဆောင်မှုကိုမခံဘဲ အခါမလပ် သန့်ရှင်းသောဝိညာဉ်တော်၏ထိန်းချုပ်မှုအောက်တွင်ရှိနေဖို့လိုအပ်ပါသည်။ PP, p. 421 (1890).

ဝိညာဉ်တော်ဘုရားသည် အမှောင်ကိုခွင်းပြီး အလင်းကိုဆောင်လိမ့်မည်။ ကျွန်ုပ်တို့၏မသိနားမလည်မှုကိုသွန်သင်လိမ့်မည်။ လိုအပ်

ချက်အမျိုးမျိုးကို ဖြည့်ဆည်းပေးတော်မူလိမ့်မည်။ သို့ရာတွင် စိတ်နှလုံးကို ထာဝရဘုရားနှင့်အမြဲတမ်းအတူရှိနေစေရပါမည်။ လောကီရေးရာများကို အလို လိုက်မိလျှင်လည်းကောင်း၊ ခွန်အားနှင့်ဉာဏ်ပညာတို့၏အရင်းအမြစ်ဖြစ် တော်မူသည့် ကိုယ်တော်ရှင်နှင့်မိသဟာယဖွဲ့ကာ ဆုတောင်းလိုသည့်ဆန္ဒ များမရှိလျှင်လည်းကောင်း ဝိညာဉ်တော်ဘုရားသည် ကျွန်ုပ်တို့နှင့်အတူ နေတော်မမူပါ။ OHC, p. 154 (1904).

**သမ္မာကျမ်းစာကိုလေ့လာရန်လိုအပ်ခြင်း**

နှုတ်ကပတ်တော်တည်းဟူသော ဆားကလေးနှင့်နေ့စဉ်ဖြူး မပေးလျှင် ချိုသောအရသာကို မည်သည့်အသစ်ပြုပြင်ခြင်းခံရသော အသက် ဝိညာဉ်ကမှထိန်းထားနိုင်မည်မဟုတ်ချေ။ ဘုရားသခင်၏ကျေးဇူးတော်ကိုနေ့ စဉ်ရယူကြရမည်။ သို့မဟုတ်ပါက မည်သူမျှပြောင်းလဲသောအသက်တာဖြင့် အသက်ရှင်နေထိုင်နိုင်ကြလိမ့်မည်မဟုတ်ပါ။ OHC, p. 215 (1897).

သင်၏ယုံကြည်ခြင်းကို ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ခိုင်မာစေပါ။ သမ္မာတရား၏အသက်ရှင်လှုပ်ရှားသောသက်သေခံချက်ကို ခိုင်မာစွာဆုပ်ကိုင်ပါ။ ခရစ်တော်ကို မိမိ၏ပုဂ္ဂလိက ကယ်တင်ရှင်အဖြစ် ယုံကြည်ပါ။ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အတွက် ထာဝရခိုလှုံရာကျောက် မြတ်ဖြစ်တော်မူသည်။ Ev, p. 362 (1905).

ခရစ်ယာန်များသည် ကမ္ဘာပေါ်တွင် မကြာမီဖြစ်ပျက်မည့်အံ့အား သင့်စရာအလွန်ကောင်းသည့်ဖြစ်ရပ်ကြီးအတွက် ပြင်ဆင်နေသင့်ကြသည်။ ၎င်းတို့သည် နှုတ်ကပတ်တော်ကိုနှစ်နှစ်ခြိုက်ခြိုက်လေ့လာခြင်းအားဖြင့် လည်းကောင်း၊ နှုတ်ကပတ်တော်ပါ တရားတော်များအတိုင်း မိမိတို့၏ အသက်တာကိုတည်ဆောက်ရန် ကြိုးစားခြင်းဖြင့်လည်းကောင်း ဤပြင်ဆင် မှုကိုလုပ်ဆောင်သင့်ကြသည်။ PK, p. 626 (1914).

သမ္မာကျမ်းစာတွင်ရေးသားထားသည့် သမ္မာတရားများအားဖြင့် စိတ်နှလုံးကို ခိုင်ခံ့မြဲမြံစေသောပုဂ္ဂိုလ်များသည်သာ နောက်ဆုံးသောတိုက်လှန် ပွဲကြီးများတွင် ခံနိုင်ရည်ရှိကြလိမ့်မည်။ GC, pp. 593,594 (1911).

သမ္မာကျမ်းစာကိုနှစ်ခြိုက်စွာလေ့လာသူများနှင့်သမ္မာတရား၏ မေတ္တာတော်ကိုခံယူထားသောသူများသာ ကမ္ဘာကြီးအား အပြစ်ကျွန်ဖြစ်စေမည့် ထိရောက်သောလှည့်ဖြားမှုများမှကင်းလွတ်ကြလိမ့်မည်။ GC, p. 625 (1911).

ကျွန်ုပ်တို့သည် ဘုရားသခင်၏သဘောင်များကိုနားလည်ဖို့လိုသည်။ ဖေါ်ပြထားသည့် သမ္မာတရားဆိုင်ရာစည်းမျဉ်းများကိုလည်း စနစ်တကျနားလည်သိရှိဖို့လိုသည်။ ထိုသို့သိရှိနားလည်မှသာလျှင် ဤကမ္ဘာကြီး၌ပေါ်ထွက်လာမည့် ယုံကြည်ချက်များ၏သွေးဆောင်ခြင်းမှ အကာအကွယ်ရကြလိမ့်မည်။ 5T, p. 273 (1885).

**သမ္မာကျမ်းစာကို နှုတ်တိုက်အာဂုံဆောင်ခြင်း။**

လူတို့တွင် ဝိညာဉ်ရေးအသက်တာနိုးကြားမှုရှိနိုင်ရန် ဆုတောင်းခြင်း၊ ကျမ်းစာလေ့လာခြင်းနှင့်ကျမ်းချက်တစ်ချက်ကိုနှုတ်တိုက်အာဂုံဆောင်ခြင်းများအတွက် အဖိုးတန်သောအချိန်များကိုနေ့စဉ်အပ်နှံအသုံးချသင့်ပါသည်။ 4T, p. 459 (1880).

ဘုရားသခင်၏မွန်မြတ်သော နှုတ်ကပတ်တော်သည် ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားအပေါ်သစ္စာရှိသောလူငယ်များအတွက် စံချိန်စံညွှန်းတစ်ခုဖြစ်သည်။ ထိုကြောင့် လူငယ်တို့အား သမ္မာကျမ်းစာကိုလေ့လာကြပါစေ။ ကျမ်းချက်များကိုတစ်ချက်ပြီးတစ်ချက်မှတ်မိမှတ်သားစေပြီး သခင်ဘုရား၏မိန့်ဆိုချက်များကိုသိရှိနားလည်ကြပါစေ။ ML, p. 315 (1887).

သင့်ပတ်လည်တွင် သမ္မာကျမ်းစာနံရံတစ်ခုကိုတည်ဆောက်ပါ။ လောကသည် ထိုနံရံကိုဖျက်မချနိုင်သည်ကို သင်တွေ့မြင်ရလိမ့်မည်။ သမ္မာကျမ်းစာကို နှုတ်တိုက်အာဂုံဆောင်ထားကာ စုံစမ်းနှောင့်ယှက်ရန်သင့်အနားသို့ စာတန်ချဉ်းကပ်လာသောအချိန်တွင် “ကျမ်းစာလာသည်ကား” ဟူ၍ အစချီကာတွန်းလှန်လိုက်ပါ။ သခင်ဘုရားသည် ဤနည်းလမ်းကိုအသုံးပြုကာ စာတန်၏စုံစမ်းနှောင့်ယှက်ခြင်းများကို ရင်ဆိုင်တွန်းလှန်တော်မူခဲ့ပါသည်။ RH, Apr. 10 (1888).

ခရစ်တော်၏နှုတ်ထွက်စကားများကို စိတ်နှလုံးတွင်သိမ်းထားပါ။ ထိုအရာများသည် ရွှေငွေများထက်ပို၍တန်ဖိုးရှိပါသည်။ 6T, p. 81 (1900).

အလုပ်လုပ်စဉ်တွင် အိတ်ဆောင် သမ္မာကျမ်းစာအုပ်ကလေးတစ်ခုကိုဆောင်ထားပါ။ အဖိုးတန်သည့် ကတိတော်များကိုသတိရမှတ်မိနေစေရန် အခွင့်အရေးပေါ်တိုင်း ရေးမှတ်ပါ။ RH, Apr. 27 (1905).

လူအများ ကျမ်းစာအုပ်လက်မဲ့ဖြစ်သောအချိန်ရောက်လာလိမ့်မည်။ သို့ရာတွင် ဤနှုတ်ကပတ်တော်ကို စိတ်ထဲတွင်မှတ်သားသိမ်းထားလျှင် မည်သူမျှ သင့်ထံမှယူသွားနိုင်လိမ့်မည်မဟုတ်ပါ။ MR, p. 760 (1906).

ဘုရားသခင်၏နှုတ်ကပတ်တော်ကိုလေ့လာပါ။ သမ္မာကျမ်းစာ စာအုပ်များကိုကျွန်ုပ်တို့ထံမှသိမ်းယူသွားသောအချိန်တွင် ဘုရားသခင်၏နှုတ်တော်ထွက်စကားများကို ဆက်လက်ပိုင်ဆိုင်ထားနိုင်ရန်အတွက် မွန်မြတ်သောနှုတ်ကပတ်တော်ပါ ကတိတော်များကိုနှုတ်တိုက်အာဂုံဆောင်နိုင်ရန် ဆက်ကပ်ကြိုးစားပါ။ 10MR, p. 298 (1909).

## ဘုရားသခင်၏သားသမီးများအတွက် ကျောက်ဆူးဖြစ်သော ဗျာဒိတ်ကျမ်း ၁၄။

ကောင်းကင်တမန်သုံးပါးစလုံး၏ သတင်းစကားများ၏အနက်အဓိပ္ပါယ်အလုံးစုံကို သေသေချာချာ နားလည်အောင်လုပ်ဆောင်ရန်မှာ နောက်ဆုံးသောခေတ်ကာလတွင် ကျွန်ုပ်တို့ဆောင်ရွက်ရမည့်တာဝန်ဖြစ်သည်။ ကျွန်ုပ်တို့၏အရောင်းအဝယ်လုပ်ငန်းကိစ္စအလုံးစုံတို့သည်။ နှုတ်ကပတ်တော်၏မိန့်ဆိုချက်များနှင့်ကိုက်ညီသင့်ပါသည်။ ကောင်းကင်တမန်သုံးပါး၏သတင်းစကားများကို ဗျာဒိတ်ကျမ်း အခန်းကြီး ၁၄ အငယ် ၆ မှ အဆုံးအထိ စုစည်းတင်ပြထားပါသည်။ 13 MR, p. 68 (1896).

တတိယကောင်းကင်တမန်၏ သတင်းစကားကို ကိုင်ဆွဲထားသူအများတို့သည် ပထမနှင့်ဒုတိယကောင်းကင်တမန်များ၏ သတင်းစကားတွင်

ဖေါ်ပြထားသည့်အတွေ့အကြုံတစ်ခုကို မခံစားဖူးကြချေ။ စာတန်သည် ဤအချက်ကိုသဘောပေါက်ကာ ၎င်းတို့ကိုဖြုံခွင်းရန်အာရုံထားခဲ့သော်လည်း တတိယကောင်းကင်တမန်က ၎င်းတို့အား အသန့်ရှင်းဆုံးအခန်းကိုညွှန်ပြပေးနေပါသည်။ ပထမနှင့်ဒုတိယကောင်းကင်တမန်များပေးသည့် သတင်းစကားနှင့်အတွေ့အကြုံရှိခဲ့ဖူးသော ထိုသူများက ကောင်းကင်နိုင်ငံတော်ရှိ ဗိမာန်တော်သို့သွားရာလမ်းကို ၎င်းတို့အားပြညွှန်းပေးနေကြပါသည်။ ကောင်းကင်တမန်သုံးပါးသတင်းစကားတွင်ပါရှိသည့် သမ္မာတရားများ၏ စုံလင်သည့်ဆက်နွှယ်မှုများကိုလူအများမြင်ခဲ့ကြရာ ၎င်းတို့ကိုအစဉ်အလိုက်လက်ခံကြိုဆိုကာ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်နောက်တော်သို့လိုက်ကာ ကောင်းကင်ဗိမာန်တော်ထဲသို့ဝင်ကြသည်။ ဤသတင်းစကားများသည် ဘုရားသခင်၏ သားသမီးများအတွက် ကျောက်ဆူးတစ်ခုကဲ့သို့ဖြစ်ကြောင်း ကျွန်ုပ်အားပြောပြပါသည်။ ထိုသတင်းစကားများကိုယုံကြည်လက်ခံသူများတို့သည် စာတန်၏လှည့်ဖြားမှုများကြောင့်လေလွင့်ပျက်စီးခြင်းဘေးမှ ကင်းဝေးကြလိမ့်မည်။ EW, p. 256 (1858).

## နှုတ်ကပတ်တော်ကို ယုံကြည်တတ်လာအောင် ကိုယ့်ကိုကိုယ် ပညာပေးခြင်း

နှုတ်ကပတ်တော်နှင့်ပတ်သက်၍ လွတ်လပ်စွာမေးမြန်းခွင့်ရှိသည်ဟု အထင်ရှိသူများနှင့်ယုံမှားသံသယဖြစ်စရာကျမ်းချက်များအပေါ် သံသယဖြစ်တတ်သူများသည် ဒုက္ခဆင်းရဲခြင်းနှင့်ရင်ဆိုင်ရသောအချိန်တွင် အကြီးအကျယ်ရုန်းကန်ရမည်ကိုတွေ့ကြရလိမ့်မည်။ မယုံကြည်မှုလမ်းစဉ်တွင် အသားကျနေသောစိတ်နှလုံးကိုချုပ်နှောင်ထားသည့် ဩဇာသက်ရောက်မှုကိုကျော်လွှားရန်မှာ မဖြစ်နိုင်သလောက်ဖြစ်သည်။ အကြောင်းမှာ ထိုသူသည် ဤလုပ်ဆောင်ပုံအားဖြင့် စာတန်၏ကျော့ကွင်းတွင် အချုပ်နှောင်ခံထားရရုံသာမက မိမိအားတင်းတင်းကျပ်ကျပ် ချုပ်နှောင်ဖုံးအုပ်ထားသော ကြောက်စရာကောင်းသည့် ထိုစုံစမ်းခြင်းပိုက်ကွန်ကို ထိုးဖေါက်ပြီးထွက်သွားရန် အင်အားကုန်ခန်းလာပါသည်။

သံသယစိတ်များဝင်လာသည်နှင့် လူသည်စာတန်၏အပေါင်းပါများကိုအားကိုးအားထားပြုလာတတ်ပါသည်။ သို့ရာတွင် မယုံကြည်မှုလမ်းကြောင်းတွင် ပညာပေးခြင်းခံထားရသူများ၏ တစ်ခုတည်းသောမျှော်လင့်ချက်မှာ ကယ်တင်ရှင်အပေါ်တွင် လုံးလုံးလျားလျားအားကိုးဖို့ပင်ဖြစ်သည်။ အမှောင်ထဲတွင်ရောက်နေသော မိမိအား အလင်းသို့ပို့ဆောင်ပေးရန် မိမိ၏အလိုဆန္ဒနှင့် မိမိကျင့်သုံးနေသောလမ်းစဉ်များကို ကလေးငယ်တစ်ဦးအလား ခရစ်တော်၌ဆက်ကပ်အပ်နှံဖို့ဖြစ်သည်။ လူသည် မိမိတန်ခိုးခွန်အားဖြင့် စာတန်၏ကျော့ကွင်းမှ ရုန်းထွက်နိုင်မည်မဟုတ်ပါ။ မေးခွန်းများထုတ်ခြင်း၊ သံသယစိတ်ဝင်ခြင်းနှင့် ပြစ်တင်ဝေဖန်ခြင်းများဖြင့် မိမိကိုယ်ကိုပညာပေးလေ့ကျင့်နေသူများသည် မိမိကိုယ်ကိုဖေါက်ပြန်အောင် အားပေးနေခြင်းဖြစ်သည်။ Ms, p. 3 (1895).

**ရင်ဆိုင်ရမည့် အခက်အခဲများတအတွက်ပြင်ဆင်ခြင်း**

ဘုရားသခင်၏တပည့်တော်များသည် မိမိတို့၏ယုံကြည်ခြင်းအတါက် အစစ်အဆေးခံရသောအချိန်တွင် ပြောရမည့်စကားများကိုကြိုတင်ပြင်ဆင်ထားရန်မလိုပါ။ နေ့စဉ်ပြင်ဆင်ရမည့်အလုပ်များမှာ နှုတ်ကပတ်တော်မှ မွန်မြတ်သောသမ္မာတရားများကို စိတ်နှလုံးထဲတွင်သိမ်းခြင်း၊ ခရစ်တော်၏သွန်သင်ချက်များကို နှလုံးသွင်းခြင်း၊ ဆုတောင်းခြင်းအားဖြင့် ယုံကြည်ခြင်းကိုခိုင်မာအားကောင်းစေခြင်းစသည်တို့ဖြစ်သည်။ စုံစမ်းနှောင့်ယှက်ခြင်းနှင့်ရင်ဆိုင်ရသောအခါ ၎င်းတို့ပြောဆိုသောစကားများကိုနားထောင်ကြမည့်သူများ၏စိတ်နှလုံးထဲသို့ရောက်ရှိသွားမည့် တရားစကားများကို ဝိညာဉ်တော်၏အမအစအားဖြင့် ၎င်းတို့သတိရအောက်မေ့လာကြလိမ့်မည်။ ထာဝရဘုရားသခင်သည် ၎င်းတို့လေ့လာရှာဖွေခဲ့သော သမ္မာတရားများကို အမှန်တကယ်လိုအပ်သောအချိန်တွင် ၎င်းတို့အားသတိရအောက်မေ့စေတော်မူလိမ့်မည်။ CSW, pp. 40,41 (1900).

စုံစမ်းစစ်ဆေးရာကာလသို့ရောက်လာသောအချိန်တွင် အခြားသူများအား ယခုတရားဟောနေသူများသည် ၎င်းတို့၏ရပ်တည်မှုကိုစူးစမ်းကြသော

အခါ မိမိတို့ဟောခဲ့သောအရာများအတွက် ခိုင်လုံသောအကြောင်းပြချက်များကို မပေးနိုင်သည်ကိုတွေ့ရလိမ့်မည်။ ထိုကာလမတိုင်မီ မိမိတို့၏ မသိနားမလည်မှုများကို သူတို့မသိခဲ့ကြချေ။ အသင်းတော်ထဲရှိအသင်းသားများစွာတို့သည်လည်း မိမိတို့၏ယုံကြည်ချက်များကိုနားလည်ကြသည်ဟု အထင်ရှိနေကြသော်လည်း စုံစမ်းစစ်ဆေးရာကာလရောက်မှ မိမိတို့၏အားနည်းချက်များကို သူတို့သဘောပေါက်ကြလိမ့်မည်။ ယုံကြည်ခြင်းတူသူများထံမှ ခွဲထုတ်ပြီး ၎င်းတို့၏ယုံကြည်ချက်များကိုရှင်းပြရန် တစ်ဦးချင်းမေးသောအခါကျမှ သမ္မာတရားအဖြစ် ၎င်းတို့လက်ခံထားသောအရာများ၏ကြီးမားသောရှုပ်ထွေးမှုများကို တအံ့တသြတွေ့မြင်ကြရလိမ့်မည်။ 5T, p. 707 (1889).

## **စာရိတ္တပိုင်းဆိုင်ရာအစွမ်းသတ္တိများကို ထိန်းသိမ်းကြပါ။**

မိမိတို့၏ယုံကြည်ခြင်းအတွက် ခိုင်လုံသောအကြောင်းပြချက်ကို ပြောဆိုဖေါ်ပြနိုင်သည့်စွမ်းရည်သည် ကောင်းသောလုပ်ဆောင်ပြီးမြောက်မှုတစ်ခုဖြစ်သည်။ သို့ရာတွင် သမ္မာတရားသည် ဤအရာထက်ပိုမိုနက်ရှိုင်းမှုမရှိလျှင် မည်သည့်အခါမျှ ကယ်တင်ခြင်းခံရလိမ့်မည်မဟုတ်ပါ။ စိတ်နှလုံးသည် စာရိတ္တပိုင်းဆိုင်ရာညစ်ညမ်းမှုများနှင့်ကင်းစင်သန့်ရှင်းနေရပါမည်။ OHC, p. 142 (1893).

မိမိတို့၏ စိတ်ကူးစိတ်သန်းများကိုထိန်းချုပ်ရန်တာဝန်ရှိသည်ဟု သိရှိသူနည်းပါးလှပါသည်။ စည်းကမ်းမရှိသောစိတ်ကို အကျိုးရှိသောအရာများအပေါ်အာရုံစိုက်စေရန်မှာ ခက်ခဲလှပါသည်။ သို့ရာတွင် ထိုစိတ်ကူးစိတ်သန်းများကို သင့်တင့်လျောက်ပတ်စွာမကိုင်တွယ်ပါလျှင် ထိုသူ၌ ဘာသာရေးစိတ်ဓါတ်မတိုးပွားနိုင်ပါချေ။ စိတ်နှလုံးကိုသန့်စင်ပြီး ထာဝရကာလနှင့်စပ်ဆိုင်သောအရာများနှင့်လွှမ်းခြုံစိုးမိုးထားကြရမည်။ သို့မဟုတ်ပါက သေးသိမ်သောစိတ်ကူးများကိုသာခင်တွယ်နှစ်သက်နေလိမ့်မည်။ ထိုကြောင့် အသိပညာနှင့်စာရိတ္တပိုင်းဆိုင်ရာအစွမ်းများကို စည်းကမ်းတကျထိန်းချုပ်ကြရမည်။ အားကောင်းတိုးတက်လာအောင် လေ့ကျင့်ပေးကြရမည်။ OHC, p. 111 (1881).

ကျွန်ုပ်တို့သည် သန့်စင်မွန်မြတ်သောစိတ်ကူးစိတ်သန်းများကိုပြုစုပျိုးထောင်ကာ အားပေးဖို့အကြီးအကျယ်လိုအပ်ပါသည်။ ထိုနည်းအတူစာရိတ္တပိုင်းဆိုင်ရာ အစွမ်းသတ္တိများကိုလည်း အားကောင်းလာအောင်လုပ်ဆောင်ကြရပါမည်။ ကိုယ်အလိုကိုလိုက်စားလုပ်ဆောင်တတ်သောအကျင့်များကိုငြင်းဆန်လာအောင် ကျွန်ုပ်တို့အား ထာဝရဘုရားကယ်မတော်မူပါသည်။ MM, p. 278 (1896).

**ဧနောက်၏ပုံသက်သေ**

ဧနောက်သည်ကောင်းကင်သို့ အရှင်လတ်လတ်တက်မသွားမီ နှစ်ပေါင်း ၃၀၀ လုံးလုံး ဘုရားသခင်နှင့်အတူလမ်းလျှောက်ခဲ့ပါသည်။ ကမ္ဘာကြီး၏ အခြေအနေသည် ခရစ်ယာန်များအားစုံလင်သောစာရိတ္တရရှိရန် ထိုစဉ်ကနှင့် ယခုအချိန်တွင်ကွာခြင်းမှုမရှိလှပါ။ ဤသို့ဆိုလျှင် ဧနောက်သည် ဘုရားသခင်နှင့်မည်သို့လမ်းလျှောက်ခဲ့ပါသနည်း။ သူသည်မိမိကိုယ်ကို ဘုရားသခင်၏ရှေ့မှောက်တွင်ရှိနေသည်ဟု အမြဲတမ်းသဘောထားခဲ့ရာ ရှုပ်ထွေးသောအချိန်များမှာပင် သူ၏ဆုတောင်းသံများကို ဘုရားသခင်နားညောင်းတော်မူခဲ့ပါသည်။

ထာဝရဘုရားနှင့်ဆန့်ကျင်သော မည်သည့်အမှုကိုမဆိုလုပ်ဆောင်ရန်သူငြင်းဆိုခဲ့ပါသည်။ သူသည် ထာဝရဘုရားကိုအမြဲတမ်းမျက်မှောက်ပြုကာ “အမှားအယွင်းများကိုမလုပ်မိစေရန် ကျွန်ုပ်လျှောက်ရမည့်လမ်းကိုသွန်သင်တော်မူပါ။ ကျွန်ုပ်နှင့်ပတ်သက်၍ မည်သည့်အရာကိုကိုယ်တော်ရှင်အလိုရှိပါသနည်း။ ကိုယ်တော်ရှင်အား ချီးမြှောက်ရန် ကျွန်ုပ်မည်သည့်အရာကိုလုပ်ဆောင်ရပါမည်နည်း” အဖဘုရားသခင်ဟု ဆုတောင်းလေ့ရှိပါသည်။ သူသည် မိမိလျှောက်လှမ်းရမည့်လမ်းကို အလိုတော်နှင့်ညီအောင် ဤကဲ့သို့ပုံသွင်းခဲ့ပါသည်။ ၎င်းပြင် မိမိအား ထာဝရဘုရားသခင်ကူညီမစတော်မူမည်ဟုလည်း လုံးလုံးလျားလျား သူယုံကြည်ကိုးစားခဲ့ပါသည်။ သူသည် မိမိ၏စိတ်ကူးစိတ်သန်းနှင့်အလိုဆန္ဒအားလုံးကို ခမည်းတော်ဘုရားသခင်၏အလိုတော်တွင် နှစ်မြှုပ်ခဲ့ပါသည်။

ယခုတွင် ဇနောက်သည် ခရစ်တော်ကြွလာသောအခါ သေခြင်းကို မမြည်းစမ်းရဘဲ အသက်ရှင်လျက်ကြိုဆိုမည့်သူများအား ကိုယ်စားပြုနေပါသည်။ 1SAT, p. 32 (1886).

ဇနောက်သည်လည်း ကျွန်ုပ်တို့နည်းတူ အစုံစမ်းအနှောင့်ယှက်ခံခဲ့ရပါသည်။ သူ့ပတ်ဝန်းကျင်ရှိသောလူ့အသိုက်အဝန်းသည် ကျွန်ုပ်တို့ပတ်ဝန်းကျင်ထက်ပိုပြီးမဖြောင့်မတ်ပါ။ ပိုပြီး ခင်မင်ရင်းနှီးတတ်သူများမဟုတ်ကြပါ။ သူရှူရှိုက်ခဲ့ရသောလေထုကြီးသည်လည်း ကျွန်ုပ်တို့၏လေထုကြီးနည်းတူ ညစ်ညမ်းပါသည်။ သို့တိုင်အောင် သူသည်သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်နေထိုင်ခဲ့သည်။ အပြစ်ဒုစရိုက်နှင့်ပြည့်ဝသောခေတ်ကာလတွင် ခြောက်ပစ်ကင်းသဲလဲစင် နေထိုင်အသက်ရှင်နိုင်ခဲ့သူတစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်တို့လည်းသန့်စင်ကောင်းမြတ်သောအသက်တာဖြင့် ဆက်လက်အသက်ရှင်နေထိုင်လိုက နေထိုင်နိုင်သည့်အခြေတွင်ရှိကြပါသည်။ 2T, p. 122 (1868).

## ဘုရားသခင်ပေးသနားခဲ့သည့်ကောင်းချီးများကို သတိရကြပါ။

ယခုလောလောဆယ်အခြေအနေသို့ရောက်အောင် တစ်ဆင့်ပြီးတစ်ဆင့်တက်လှမ်းခဲ့ရသည့် အတိတ်ရာဇဝင်ကိုပြန်လည်သုံးသပ်လိုက်လျှင် "ထာဝရဘုရားကိုချီးမွမ်းပါသည်" ဟု ကျွန်ုပ်ပြောဆိုနိုင်ပါသည်။ ကိုယ်တော်ပြုတော်မူခဲ့သည့် အရာများကိုမြင်တွေ့သောအချိန်တွင် ကျွန်ုပ်သည် အံ့အားသင့်မိသလို ခရစ်တော်၏ဦးဆောင်မှုကိုလည်း ပို၍ယုံကြည်စိတ်ချလာပါသည်။ အနာဂတ်အတွက် စိုးရိမ်စရာတစ်ခုသာရှိပါသည်။ အတိတ်ကာလ၌ ကိုယ်တော်ရှင်သွန်သင်လမ်းပြပေးခဲ့သည်များကို မေ့လျော့သွားမှာကိုသာ စိုးရိမ်ရန်ဖြစ်သည်။ ထိုအရာမှတစ်ပါး အခြားမည်သည့်အရာအတွက်ကိုမျှစိုးရိမ်စရာမလိုပါချေ။ LS, p. 196 (1902).

## အကြီးအကျယ်ရောင်ပြန်ဟပ်ရမည့်အချိန်

ဘုရားသခင်ကိုချစ်ကြောက်ရိုသေသူများဖြစ်ကြောင်း ရောင်ပြန်ဟပ်ထင်ရှားရမည့်အချိန်တစ်ချိန်ရှိခဲ့လျှင် ထိုအချိန်သည် ပုဂ္ဂလိကဘုရားတရားရှိဖို့မရှိမဖြစ်လိုအပ်သည့် ဤအချိန် ဤခေတ်ကာလပင်ဖြစ်ပါသည်။ "ကျွန်ုပ်ဟာဘယ်သူလဲ၊ ဤခေတ်ကာလတွင် ကျွန်ုပ်လုပ်ဆောင်ရမည့်တာဝန်မှာမည်သည့်အရာဖြစ်သလဲ။ ကျွန်ုပ်ဟာ ခရစ်တော်အတွက် အမှုဆောင်နေသလား၊ စာတန်အတွက်လုပ်ဆောင်ပေးနေသလား" စသည်ဖြင့် မိမိကိုယ်ကိုသုံးသပ်သင့်ကြပါသည်။ ကျွန်ုပ်တို့သည်အပြစ်ဖြေရာကာလကြီးထဲတွင်နေထိုင်အသက်ရှင်ကြရသဖြင့် ဘုရားသခင်ရှေ့တော်တွင် မိမိကိုယ်ကိုနှိမ့်ချကြပါ။ ယခုတွင် များစွာသော ပုဂ္ဂိုလ်များ၏အမှုအရာများကို ဘုရားသခင်ရှေ့တွင်သုံးသပ်လျက်ရှိချေပြီ။ အကြောင်းမှာ ထိုသူများသည်သချိုင်းဂူများတွင်ခေတ္တခဏအိပ်ပျော်နေကြပြီဖြစ်သည်။ ထိုနေ့ကြီးတွင် သင်တို့၏ဖွင့်ဟသောယုံကြည်ခြင်းများက သင်တို့အား အာမခံချက်ပေးမည်မဟုတ်ဘဲ သင်တို့စွဲလမ်းသောအရာများက အာမခံချက်ပေးလိမ့်မည်။ သင်တို့၏ခန္ဓာကိုယ်တည်းဟူသော ဗိမာန်တော်ကြီးသည် ညစ်ညမ်းမှုများနှင့်ကင်းစင်ပါသလား။ အပြစ်များကိုဆေးကြောခွင့်ရနိုင်ရန် မိမိ၏အပြစ်များအတွက်ဝန်ချတောင်းပန်ကာ ဘုရားသခင့်ရှေ့တော်တွင် နောင်တရနေကြပြီလား။ မိမိကိုယ်ကိုများစွာသိဒ္ဓိတင်နေပါသလား။ ခရစ်တော်နှင့်ကောင်းမွန်စွာသိကျွမ်းခွင့်ရရန် အရာရာကိုစွန့်လွှတ်အနစ်နာခံဖို့ ဆန္ဒပြင်းပြနေပါသလား။ မိမိကိုယ်ကိုမပိုင်ဘဲ မိမိသည်ခရစ်တော်ပိုင်ဆိုင်ထားသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း၊ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရမည်ဖြစ်ကြောင်း အခါမလပ် သင်ခံစားမိပါသလား။
Ms, p. 87 (1886).

မည်သည့်အရာအတွက် ကျွန်ုပ်တို့အသက်ရှင် လုပ်ဆောင်နေသလဲ၊ ထိုအရာအားလုံးမှ မည်သည့်အကျိုးကျေးဇူးထွက်ပေါ်လာလိမ့်မည်နည်းဆို

သည့် မေးခွန်းများကို ကျွန်ုပ်တို့ကိုယ်ကို ကျွန်ုပ်တို့မေးမြန်းသင့်ပါသည်။ ST, Nov. 21 (1892).

မြို့ကြီးများတွင် စီးပွားရေးလုပ်ငန်းများဖြင့် အလုပ်ရှုပ်နေကြသည့် ပုဂ္ဂိုလ်များကိုကြည့်ကာ မကြာမီတွင်ကျရောက်တော့မည့် ဘုရားသခင်၏ နေ့ရက်ကြီးအကြောင်းကိုတွေးကောင်းတွေးမိကြပါ့မလားလို့ ကျွန်ုပ်၏စိတ်တွင်မေးခွန်းထုတ်နေမိပါသည်။ လူအသီးသီးတို့သည် မကြာမီမှာကျရောက်တော့မည့် ထိုနေ့ကြီးအတွက် ပြင်ဆင်လျက်နေထိုင်သင့်ကြသည်။ 1SAT, p. 25 (1886).

အကြောင်းမှာ အကြာကြီးနှောင့်နှေးခဲ့သည်မှာမှန်သော်လည်း မကြာမီမှာ ကျရောက်ရန်အလွန်နီးကပ်လျက်ရှိနေပါပြီ။ ကောင်းကင်ဗိုလ်မင်းသည် တံပိုးခရာကိုမှုတ်လျက်၊ မကြာမီတွင်အသက်ရှင်လျက်ရှိသူများအား အံ့ဩထိတ်လန့်စေလိမ့်မည်။ သေဆုံးနေသူများကိုနိုးထစေလိမ့်မည်။ CG, pp. 560, 561 (1892).

## ခရစ်တော်၏ကြွလာခြင်းအတွက် အသင့်ပြင်ခြင်း

ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံနှင့်စပ်ဆိုင်သောအရာများကို အာရုံပြုရာတွင် မပျော်ပိုက်လျှင်လည်းကောင်း၊ ဘုရားသခင်ကိုသိကျွမ်းအောင်ကြိုးစားခြင်းနှင့် ခရစ်တော်၏ဘုန်းတော်ကိုကြည့်ရှုရာတွင် နှစ်ခြိုက်မှုမရှိလျှင်လည်းကောင်း၊ သန့်ရှင်းခြင်းကိုစိတ်နှလုံးမနှုးညွတ်လျှင်လည်းကောင်း ကောင်းကင်နိုင်ငံတော်အပေါ်ထားရှိသည့် ကျွန်ုပ်တို့၏မျှော်လင့်ချက်များသည် အချည်းနှီးဖြစ်မှာသေချာပါသည်။ ဘုရားသခင်၏အလိုတော်နှင့်လုံးလုံးလျားလျားညီညွတ်ခြင်းသည် ခရစ်ယာန်များ၏မြင့်မားသောရည်မှန်းချက်ဖြစ်ပါသည်။ ခရစ်ယာန်များသည် ဘုရားသခင်၏အကြောင်း၊ ခရစ်တော်၏အကြောင်းနှင့်တကွ ကိုယ်တော်အားချစ်သူများနေထိုင်ရန် ခရစ်တော်ပြင်ဆင်ထားသည့် အိမ်တော်အကြောင်းကိုဖွင့်ဟပြောဆိုရန် နှစ်ခြိုက်နေကြလိမ့်မည်။ ဤအရာများအပေါ်အာရုံပြုခြင်းကိုကျရောက်လာမည့် လောကီတန်ခိုးများကို

မြည်းစမ်းခြင်းအဖြစ် တမန်တော်ကြီးရှင်ပေါလုက ပုံနှိုင်းဖော်ပြထားပါသည်။ 5T, p. 745 (1889).

သင်သည် ထာဝရဘုရားနှင့်ဆက်နွယ်မှုတွင် ယနေ့အဆင်ပြေချောမောနေလျှင် ယနေ့ခရစ်တော်ကြွလာလျှင်တောင်မှ အဆင်သင့်ရှိနေချေပြီ။ HP, p. 227 (1891).

---oo---

## အခန်းကြီး (၆)

# ကျန်ကြွင်းသောအသင်းတော်၏အသက်တာပုံစံနှင့် လုပ်ဆောင်ချက်များ

### အလုပ်အကျွေးပြုလိုသော စိတ်ဓါတ်နှင့်အနစ်နာခံခြင်း

လူအသီးသီးတို့သည် မိမိတို့၌ရှိသောစွမ်းရည်အလိုက် ကိုယ်တော်ရှင်အတွက် အမှုတော်ထမ်းဆောင်နိုင်ရန်အလို့ငှါ အသင်းတော်ကြီးတစ်ခုလုံး၌ အလုပ်အကျွေးပြုလိုသောစိတ်ဓါတ်များဖြင့် ပြည့်ဝမည့်အချိန်ကို ထာဝရဘုရားသခင် ရှေးယခင်ကတည်းက စောင့်စားလာခဲ့ပါသည်။ အသင်းတော်ရှိ ဘုရားသခင်၏သားသမီးများက အမိနိုင်ငံနှင့်တကွ နိုင်ငံရပ်ခြားများ၌ လိုအပ်နေသောအမှုတော်လုပ်ငန်းများတွင် ခန့်အပ်တာဝန်ပေးသည့်အတိုင်း ပါဝင်အမှုတော်ဆောင်သည့်အချိန်တွင် ကမ္ဘာ့လူသားထုတစ်လုံးသည် သတိပေးစကားများကိုကြားကြရလိမ့်မည်။ ထိုအခါတွင် ခရစ်တော်သည် ဘုန်းတန်ခိုးအာနုဘော်တော်ဖြင့် ဤကမ္ဘာလောကသို့ပြန်လည်ကြွချီလာပါလိမ့်မည်။ AA, p. 111 (1911).

တစ်ဦးချင်း၊ တစ်ယောက်ချင်း ကြိုးစားလုပ်ဆောင်ခြင်းအစား အဖွဲ့အစည်းအလိုက် လုပ်ဆောင်မှုကို အစားထိုးရန် နေရာတကာတွင်ဆန္ဒရှိနေကြပါသည်။ လူသားများ၏ဉာဏ်ပညာသည် ကျစ်လျစ်စွာပေါင်းစည်းနေထိုင်ခြင်း၊ ဗဟိုဦးစီးစနစ်ကိုကျင့်သုံးခြင်းနှင့်ကြီးမားသောအသင်းတော်များ၊ အဖွဲ့အစည်းများတည်ဆောက်ခြင်းများဘက်သို့ ယိမ်းယိုင်တတ်ပါသည်။ လူသားအကျိုးပြုလုပ်ငန်းများကို အဖွဲ့အစည်းများက လုပ်ဆောင်ရန် သူတို့ပစ်ထားတတ်ကြသည်။ လောကနှင့်ဆက်ဆံမှုကိုမပြုရန်ဆင်ခြေပေးကာ ၎င်းတို့၏စိတ်နှလုံးသည်အေးစက်လာပါသည်။ ဘုရားသခင်နှင့်လူသားအပေါ်ထားရှိရမည့်မေတ္တာစိတ်များလည်း ၎င်းတို့၌မရှိတော့ပြီ။

အဖွဲ့အစည်းအလိုက်လုပ်ဆောင်ရန်မဖြစ်နိုင်သည့် ပုဂ္ဂလိကတစ်ဦးချင်းလုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို မိမိ၏နောက်လိုက်များအားခရစ်တော်အပ်နှင်းထားပါသည်။ နာမကျန်းသူများနှင့်ဆင်းရဲသားများအားမစရမည့်အလုပ်များ၊ ပျောက်ဆုံးနေသူများအား ဧဝံဂေလိအလင်းတရားပေးသည့်အလုပ်များသည် ကော်မတီ(သို့မဟုတ်)အဖွဲ့အစည်းက လုပ်ဆောင်ပြီးစီးနိုင်သောအလုပ်များမဟုတ်ဘဲ ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် တာဝန်ယူ၊ အနစ်နာခံ၊ ကြိုးစားလုပ်ဆောင်ရမည့်အလုပ်များဖြစ်သည်။ MH, p. 147 (1905).

"ငါကြွလာသည်အထိ လုပ်ဆောင်ပါ" ဟု ခရစ်တော်မိန့်မှာထားပါသည်။ ကျွန်ုပ်တို့၏အသက်တာသမိုင်းများနိဂုံးချုပ်ရန် နှစ်အနည်းငယ်သာကျန်ရှိတော့သည်ဖြစ်ရာ ထိုအချိန်အထိ ကျွန်ုပ်တို့ကြိုးစားလုပ်ဆောင်ကြရမည်။ RH, Apr. 21 (1896).

လူအသီးသီးတို့သည် ကိုယ်တော်ရှင်၏ဒုတိယအကြိမ်ကြွလာခြင်းအပေါ် တည်ငြိမ်စွာအာရုံပြုကြရန် ခရစ်တော်ပညာပေးထားပြီးဖြစ်ပါသည်။ လူအပေါင်းတို့သည် နှုတ်ကပတ်တော်ကိုနေ့စဉ်လေ့လာဖတ်ရှုရမည်ဖြစ်သော်လည်း လောလောဆယ်ထမ်းဆောင်ရမည့်တာဝန်များကိုလည်း လျစ်လျူမရှုသင့်ကြချေ။ Letter, p. 28 (1897).

မိမိကြွလာတော်မူသည့်အချိန်တွင် တချို့မှာ စီးပွားရေးလုပ်ငန်းများကိုလုပ်ကိုင်နေသည်။ တချို့မှာစပါးကြဲနေသည်။ တချို့မှာစပါးရိတ်ကာ၊ တချို့မှာ စပါးကြိတ်နေကြလိမ့်မည်ဟု ခရစ်တော်မိန့်ဆိုခဲ့ပါသည်။ ရွေးကောက်ခြင်းခံထားရသူများသည် ဘာသာရေးဆိုင်ရာအိပ်မက်တစ်ခုတွင် နစ်မျောကာတရားသဘောကိုပျင်းရိစွာအာရုံပြုနေခြင်းများဖြင့်သာ အချိန်ဖြုန်းနေပြီးဘဝတာဝန်ဝတ္တရားများကို လျစ်လျူရှုထားသည့်အပြုအမူမျိုးကိုအလိုရှိတော်မမူပါ။ Ms, p. 26 (1901).

ဤဘဝအသက်တာတွင် ကောင်းသောအလုပ်များဖြင့်တတ်နိုင်သမျှသင့်အလုပ်များနေပါစေ။ 5T, p. 488 (1889).

**နေ့ရက်တိုင်းကို နောက်ဆုံးသော**
**နေ့ရက်ကဲ့သို့ မှတ်ယူပါ။**

နောက်ဆုံးသောနေ့ရက်တစ်ရက်တွင် အသက်ရှင်နေထိုင်ရတော့မည့်အလား ကျွန်ုပ်တို့သည်စောင့်မျှော်သင့်သည်။ ဆုတောင်းလုပ်ဆောင်သင့်ကြပါသည်။ 5T, p. 200 (1882).

သေခြင်းကိုအောင်မြင်ကာ ထာဝရအသက်ရှင်တော်မူသည့်ကိုယ်တော်ရှင်၏ခွန်အားအပေါ် စက္ကန့်မခြားအားကိုးလျက် လုပ်ဆောင်စောင့်မျှော်ပြီး တစ်နေ့တာအတွက်လုပ်ဆောင်ရမည့်အရာများကို ပြီးစီးအောင်လုပ်ဆောင်ခြင်းသည် ကျွန်ုပ်တို့အတွက်တစ်ခုတည်းသောလုံခြုံမှုဖြစ်သည်။ Letter, p. 66 (1894).

သင်နှင့်သင့်သားသမီးများအတွက် နံနက်ခင်းတိုင်း ဆက်ကပ်ဆုတောင်းပါ။ ကြွလာမည့်အချိန်နာရီကိုမတွက်ပါနှင့်။ ဤအရာသည်သင်လုပ်ရမည့်အလုပ်မဟုတ်ပါ။ တိုတောင်းသောနေ့ရက်ကလေးတစ်ခုကိုသင့်အားပေးထားသည်ဖြစ်ရာ ထိုနေ့ရက်ကလေးကို နောက်ဆုံးနေ့ရက်ကလေးဟုသဘောထားကာ ဘုရားသခင်အတွက် ဆက်ကပ်လုပ်ဆောင်ပါ။ အလိုတော်နှင့်အညီ ဆက်လက်လုပ်ဆောင်ရန်၊ သို့မဟုတ် ပယ်ဖျက်ရန်သင့်အကြံအစည်အားလုံးကို ဘုရားသခင်ရှေ့တော်တွင်ဖေါ်ပြပါ။ 7T, p. 44 (1902).

**တာဝန်ကျေပွန်သော ဥပုသ်စောင့်ထိန်းခြင်း**

ဥပုသ်စောင့်ခြင်းအားဖြင့် ဘုရားသခင်၏အကြောင်းသိကျွမ်းမှုကိုဆက်လက်ထိန်းသိမ်းလိုသည်မှာ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသခင်၏အလိုတော်ပင်ဖြစ်သည်။ ကိုယ်တော်အားမှန်ကန်ပြီးအသက်ရှင်တော်မူသော ဘုရားသခင်ဖြစ်ကြောင်းဥပုသ်တော်နေ့က လူသားများအားပြညွှန်ရန်မှာ

---

၁။ Testimonies for the Church (အသင်းတော်အတွက် သက်သေခံချက်များ) အတွဲ ၆ စာမျက်နှာ ၃၄၉–၃၆၈ ကိုကြည့်ရှုပါ။

ဘုရားသခင်၏အလိုတော်ပင်ဖြစ်သည်။ ကိုယ်တော်ရှင်ကိုသိကျွမ်းခြင်းအားဖြင့် ကျွန်ုပ်တို့သည် အသက်ရှင်ခြင်းနှင့်ငြိမ်သက်ခြင်းကိုရနိုင်ကြပါသည်။ 6T, p. 349 (1900).

ကျွန်ုပ်တို့သည် ဥပုသ်နေ့ကိုတစ်ပတ်လုံးစိတ်ထဲတွင်အောက်မေ့ထားကာ အလိုတော်နှင့်အညီတည်ဆောက်နိုင်ရန်ပြင်ဆင်ကြရမည်။ ဥပုသ်နေ့ကိုဥပဒေပညတ်တစ်ခုအနေဖြင့် တည်ဆောက်ရန်မဟုတ်ဘဲ ဘဝအသက်တာလုပ်ဆောင်မှုများအပေါ် ဥပုသ်နေ့၏ဝိညာဉ်ရေးပတ်သက်မှုများကိုနားလည်ထားကြရပါမည်။

ဥပုသ်နေ့နှင့်ပတ်သက်၍ ထိုကဲ့သို့နားလည်သဘောပေါက်မှုရှိလျှင် လောကီရေးရာများကို ဝိညာဉ်ရေးရာများအပေါ် လွှမ်းမိုးခွင့်ပြုကြတော့မည်မဟုတ်ချေ။ ခြောက်ရက်အတွင်းလုပ်ဆောင်ရမည့်အလုပ်များကိုလည်း ဥပုသ်နေ့တွင်လုပ်ဖို့ ချန်ထားတော့မည်မဟုတ်ချေ။ 6T, pp. 353,354 (1900).

အသက်ရှင်ရေးအတွက် လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို ထမ်းရွက်ကြရမည်။ လူနာများကိုပြုစုကြရမည်။ ဆင်းရဲသားများကိုကျွေးမွေးကြရမည်။ ဒုက္ခသည်များကို ဥပုသ်နေ့တွင်ကူညီရန်ပျက်ကွက်ခဲ့သူများသည် အပြစ်ကင်းသူများဟု အယူဆခံရမည်မဟုတ်ပါ။ ဥပုသ်တော်နေ့သည် လူသားများအတွက်ဖြစ်ရာ ကရုဏာလုပ်ငန်းများကိုလုပ်ဆောင်ခြင်းသည် ဥပုသ်တော်နေ့၏မူရင်းရည်ရွယ်ချက်နှင့်ကိုက်ညီပါသည်။ ပျောက်ကင်းအောင် လုပ်ပေးနိုင်သည့် အနာရောဂါကို ဥပုသ်နေ့ဆိုပြီး မကုသဘဲထားခြင်းဖြင့် တစ်နာရီပို၍ ခံစားရသည်ကို ထာဝရဘုရားအလိုတော်မရှိပါ။ DA, p. 207 (1898).

**ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေအပေါ်တွင်**
**သစ္စာရှိပါ။**

ဆယ်ဖို့တစ်ဖို့သည် သန့်ရှင်းရုံသာမက ဘုရားသခင်အတွက်သီးသန့်ထားသည့်အရာဖြစ်သည်။ ဧဝံဂေလိတရားတော်ကိုဟောကြားဖြန့်ဝေနေသူများအတွက်အသုံးပြုရန် ဆယ်ဖို့တစ်ဖို့ကိုဘဏ္ဍာတော်တိုက်ထဲသို့ပို့ဆောင်

ကြရမည်။ မာလခိ (၃) ကိုဖတ်ပြီး ဆယ်ဖို့တစ်ဖို့နှင့်ပတ်သက်၍ ဘုရားသခင်၏မိန့်ဆိုချက်များကိုဆင်ခြင်ပါ။ 9T, p. 249 (1909).

ဥပုသ်နေ့နှင့်ပတ်သက်သောပညတ်ကို ဓမ္မသစ်ကျမ်းက ပြန်လည်ပြဌာန်းခြင်းမဟုတ်သကဲ့သို့ ဆယ်ဖို့တစ်ဖို့နှင့်ပတ်သက်သောမိန့်ဆိုချက်သည်လည်း ထိုနည်းအတူဖြစ်၏။ ထိုအရာနှစ်ခု၏ကျိုးကြောင်းညီညွတ်မှုမှာမှန်ကန်သည်ဖြစ်ကြောင်းနှင့်တကွ ထိုအရာများ၏ဝိညာဉ်ရေးနက်ရှိုင်းမှုများကိုသာ ဓမ္မသစ်ကျမ်းကရှင်းပြထားခြင်းဖြစ်သည်။ CS, p. 66 (1882).

ထာဝရဘုရားသခင်သည် ကိုယ်တော်၏အမှုတော်ကိုဆောင်ရွက်နိုင်ရန် မြော်လင့်ခြင်းအသင်းသားများအား ကိုယ်တော်၌ဆက်ကပ်ကာ မိမိတို့၏အခြေအနေအလိုက် အကောင်းဆုံးလုပ်ဆောင်ကြရန် ယခုဆင့်ဆိုတော်မူနေပါသည်။ ရက်ရော်စွာပေးကမ်းလှူဒါန်းခြင်းအားဖြင့် ချပေးတော်မူထားသည့် ကောင်းချီးမင်္ဂလာများအတွက်ကျေးဇူးတင်ကြောင်း၊ ကရုဏာတော်အတွက်ကျေးဇူးတင်ကြောင်း ကျွန်ုပ်တို့ဖေါ်ပြကြဖို့လည်း ထာဝရဘုရားသခင်အလိုတော်ရှိပါသည်။ 9T, p. 132 (1909).

ကုန်ခန်းလုဆဲဆဲဖြစ်သောမေတ္တာစိတ်သည် သက်ရှင်လှုပ်ရှားသောစေတနာစိတ်အတွက် ညံ့ဖျင်းသောအစားထိုးမှုတစ်ခုဖြစ်သည်။ 5T, p. 155 (1882).

အမှုတော်အတွက် လိုအပ်ချက်များသည် ကပ်ကာလအဆုံးသို့ရောက်လာသည်နှင့်အမျှ အဆက်မပြတ်တိုးပွားနေလိမ့်မည်။ 5T, p. 156 (1882).

အနာဂတ်အသက်တာကိုခံစားထိုက်သူများဖြစ်၊ မဖြစ်ကိုဆုံးဖြတ်ရန် ဤကမ္ဘာကြီးထဲတွင် ကျွန်ုပ်တို့အစမ်းသပ်ခံနေကြရသည်။ အတ္တနှင့်ပတ်သက်သော ညစ်ညမ်းသည့် အစွန်းအကွက်များနှင့်ပြီးသောစာရိတ္တကိုပိုင်ဆိုင်ထားသူများသည် ကောင်းကင်နိုင်ငံတော်သို့ဝင်စားနိုင်မည်မဟုတ်ပါ။ ဤနေရာတွင် အသက်ရှင်နေထိုင်လျက်ရှိသောကျွန်ုပ်တို့အား လောကစည်းစိမ်များကိုအပ်နှံကာ ထာဝရဘုရားသခင်စမ်းသပ်နေပါသည်။ တည်မြဲသော

စည်းစိမ်ချမ်းသာကို ကျွန်ုပ်တို့အားအပ်နှံသင်၊ မသင့်ကို ဤအရာများကို ကျွန်ုပ်တို့အသုံးချနေပုံများက ဖေါ်ပြပါလိမ့်မည်။ CS, p. 22 (1893).

**ဆေးရုံနှင့်ကျောင်းများတည်ထောင်ခြင်း**

"မကြာမီမှာ ခရစ်တော်ကြွလာတော့မည်ဆိုလျှင် ကျောင်းတွေ၊ ဆေးရုံတွေ၊ အစာစက်ရုံတွေ တည်ထောင်ဖို့လိုသေးသလား၊ ကုန်သွယ်မှုပညာကို ကျွန်ုပ်တို့၏လူငယ်များသင်ယူဖို့လိုသေးသလား" ဟု တချို့က မေးကောင်းမေးကြပါလိမ့်မည်။

ကျွန်ုပ်တို့အား ကိုယ်တော်ရှင်အပ်နှင်းထားသောစွမ်းရည်များကို အစဥ်သဖြင့် တိုးတက်နေအောင်လုပ်ဆောင်ကြဖို့ ထာဝရဘုရားသခင်အလိုရှိတော်မူသည်။ ထိုစွမ်းရည်များကို ကျွန်ုပ်တို့အသုံးမပြုကြလျှင် ဤအလိုတော်ကိုမည်သို့ဖြည့်ဆည်းနိုင်ပါမည်နည်း။ ခရစ်တော်မကြာမီကြွလာမည်ဆိုသည့်ရှုထောင့်ကြောင့် ကျွန်ုပ်တို့ပျင်းရိနေကြမည့်အစား လူသားအကျိုးပြုလုပ်ငန်းများကိုတတ်အားသမျှ လုပ်ဆောင်နေသင့်ကြပါသည်။ MM, p. 268 (1902).

ကြီးမားသောအမှုတော်လုပ်ငန်းများကိုကမ္ဘာအနံ့တွင်ပြီးစီးအောင် လုပ်ဆောင်ကြရမည်။ ကပ်ကမ္ဘာကုန်ဆုံးဖို့အချိန်နီးကပ်နေပြီဖြစ်သဖြင့် လိုအပ်နေသော ဆေးရုံများ၊ ကျောင်းများကိုတည်ဆောက်ဖို့ မကြိုးစားသင့်တော့ပါဟု မည်သူမျှမထင်သင့်ကြပါ။ အစည်းဝေးခန်းမများ၊ ကျောင်းများ၊ ဆေးရုံများ၊ ပုံနှိပတိုက်များကိုဆောက်ရန် နောက်ထပ်မကြိုးစားကြတော့ဖို့ ကျွန်ုပ်တို့အား ထာဝရဘုရားသခင်ခိုင်းစေသောအချိန်သည် ခရစ်တော်ကအမှုတော်ကိုအဆုံးသတ်သဖြင့် ကျွန်ုပ်တို့လက်ပိုက်နေကြရမည့်အချိန်ဖြစ်သည်။ သို့ရာတွင် ယခုအချိန်မှာမူ ဘုရားသခင်အတွက် စိတ်အားထက်သန်မှုကိုလည်းကောင်း၊ လူသားများအတွက် ချစ်ခြင်းမေတ္တာကိုလည်းကောင်း ဖေါ်ပြရန်အခွင့်အရေးရှိနေသည့်အချိန်ပင်ဖြစ်ပါသည်။ 6T, p. 440 (1900).

**ဆေးဖက်ဆိုင်ရာသာသနာလုပ်ငန်း**

ဘာသာရေးဆိုင်ရာရန်စမှုများက ကျွန်ုပ်တို့တိုင်းပြည်၏ လွတ်လပ်မှုများကိုထိပါးနေသောအချိန်တွင် ဩတ္တပ္ပစိတ်၏ လွတ်လပ်မှုအတွက်

ရပ်တည်နေကြသူများသည် မလိုလားအပ်သောအခြေအနေမျိုးတွင် ပို့ဆောင်ထားရှိခြင်းခံကြရလိမ့်မည်။ ၎င်းတို့၌အခွင့်အရေးရှိနေစဉ် မိမိတို့၏ကောင်းကျိုးကိုမျှော်ကိုးလျက် ပြဿနာနှင့်တကွ ပြဿနာ၏အရင်းအမြစ်၊ ကာကွယ်တားဆီးပုံနှင့်ဖြေရှင်းနည်းများကိုနားလည်လာသင့်ကြပါသည်။ ထိုသို့လုပ်ဆောင်သူများသည် အမှုတော်ဆောင်ရမည့်နေရာတစ်ခုခုကိုတွေ့လိမ့်မည်။ ကျွန်ုပ်တို့၏ ယုံကြည်သူများ၌သာမက မယုံကြည်သူအများစုအကြားတွင် အကူအညီ အမအစလိုအပ်နေသည့် ဒုက္ခသည်များ ဒုနှင့်ဒေးရှိနေပါလိမ့်မည်။ CH, p. 506 (1892).

မကြာမီတော့မည့်အချိန်တွင် တရားဟောကြားသည့်လုပ်ငန်းများ၌လုပ်ဆောင်ပြီးစီးမှုမရှိသော်လည်း ဆေးဖက်ဆိုင်ရာသာသနာလုပ်ငန်းများတွင်အောင်မြင်မှုရလိမ့်မည်ဟု သင့်ကိုကျွန်ုပ်ပြောပြလိုပါသည်။

**ဘုရားသခင်၏သားသမီးများသည် ကျန်းမာရေးကို အလေးထားကြခြင်း**

ခန္ဓာကိုယ်ရှိ၊ လက်မောင်းနှင့်လက်ဖျံသည် နီးကပ်မှုရှိနေသကဲ့သို့ကျန်းမာရေးဆိုင်ရာပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည် ကောင်းကင်တမန်သုံးပါးသတင်းစကားနှင့်အလွန်နီးကပ်သည့်ကဏ္ဍတစ်ခုဖြစ်ပါသည်။ 1T, p. 486 (1867).

လက်ဖက်ရည်၊ ကော်ဖီ၊ ဆေးလိပ်နှင့်အရက်တို့ကိုအပြစ်ရှိသောအစားအသောက်များအဖြစ် ကျွန်ုပ်တို့တင်ဆက်ရမည်။ အသား၊ ကြက်ဥ၊ ထောပတ်၊ ဒိန်ခဲများကို အထက်ဖော်ပြပါ အစာများနှင့်တစ်တန်းတည်းမထားနိုင်သော်ငြားလည်း ၎င်းတို့ကို မတည်ခင်းသင့်ပါချေ။ သို့ရာတွင် လက်ဖက်ရည်၊ ကော်ဖီ၊ ဆေးလိပ်၊ ဘီယာ၊ ဝိုင်နှင့်အရက်အမျိုးမျိုးကိုမူ လုံးဝမသောက်ဘဲရှောင်ကြဉ်ကြရမည်။ 3SM, p. 287 (1881).

စစ်မှန်သောချုပ်တည်းခြင်းဆိုသည်မှာ ကျန်းမာရေးကိုထိခိုက်စေသမျှ၊ အစားအသောက်မှန်သမျှကို လုံးဝမသုံးဆောင်ဘဲ ကျန်းမာရေးကိုအထောက်

အကူပြုသည့် အစားအသောက်များကို ဆင်ဆင်ခြင်ခြင်သုံးဆောင်ခြင်းဖြစ်သည်။ PP, p. 562 (1890).

စစ်မှန်သောဆေးကုသနည်းကား လေကောင်းသောသန့်ကိုရှုရှိုက်ခြင်း၊ နေရောင်ခြည်ခံခြင်း၊ မကောင်းသောအစားအသောက်များကိုရှောင်ကြဉ်ခြင်း အနားယူခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်း၊ ကောင်းသောအစားအသောက်များကို မှီဝဲခြင်း၊ ရေကိုမှန်ကန်စွာအသုံးပြုခြင်းတို့ဖြစ်ကြသည်။ MH, p. 127 (1905).

ကျန်းမာရေးကိုထိခိုက်စေသည့် အရာမှန်သမျှသည် ခန္ဓာကိုယ်ခွန်အားများကိုယုတ်လျော့စေရုံသာမက စိတ်တန်ခိုးနှင့်အကျင့်စာရိတ္တများကိုပါ အားနည်းသွားစေလေ့ရှိသည်။ ကျန်းမာရေးကိုထိခိုက်စေသည့်အရာတစ်စုံတစ်ခုကိုလိုက်စားခြင်းကြောင့် အမှားနှင့်အမှန်ကိုခွဲခြားနိုင်ရန် ပို၍ခက်ခဲလာပြီး မကောင်းမှုများကိုတွန်းလှန်ရန် ပို၍ခဲယဉ်းလာပါသည်။ MH, p. 128 (1905).

**မူရင်းအစာကိုပြန်လည်စားသုံးပါ**

သဘာဝမြေထွက်သီးနှံများကို လူသားများမှီဝဲခြင်းတည်းဟူသော မူရင်းအသက်တာပုံစံသို့ တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည်ပို့ဆောင်ရန် ထာဝရဘုရားသခင်ကြိုးစားတော်မူလျက်ရှိသည်။ ခရစ်တော်၏ကြွလာခြင်းကိုစောင့်မျှော်နေသူများအလယ်တွင် အသားစားခြင်းကို အဆုံးတွင်စွန့်လွှတ်ကြလိမ့်မည်။ ၎င်းတို့၏အစာထဲတွင်အသားဟင်းပါဝင်တော့မည်မဟုတ်ချေ။ CH, p. 450 (1890).

ခရစ်တော်၏ဒုတိယကြွလာခြင်းကိုမျှော်လင့်နေပါသည်ဟု ဟစ်ကြွေးနေသောလူထုကြီးထဲတွင် ကြီးမားသော ဘာသာရေးပြုပြင်ပြောင်းလဲမှုများကိုမြင်တွေ့သင့်ပါသည်။ ကျွန်ုပ်တို့လူစုထဲတွင်တစ်ခါမျှမဖြစ်ဖူးသေးသည့်အရာတစ်ခုကို ကျန်းမာခြင်းဆိုင်ရာပြုပြင်ပြောင်းလဲရေးက လုပ်ဆောင်ပေးလိမ့်မည်။ ကိုယ်ခန္ဓာနှင့်တကွ စိတ်ဝိညာဉ်များကိုပါ အန္တရာယ်ပေးနိုင်သည့် တိရစ္ဆာန်အသားများကို ယနေ့ထက်တိုင်စားသောက်နေသူများအား အသားစားခြင်း၏အန္တရာယ်များအကြောင်းကို သတိပေးသင့်ပါသည်။ အသားစားခြင်း

နှင့်ပတ်သက်သည့်ကိစ္စတွင် တစ်ဝက်တစ်ပျက်သာပြောင်းလဲသေးသည့် လူများစုသည် ဘုရားသခင်၏လူတို့နှင့်အတူ မလျှောက်လှမ်းကြတော့ဘဲ ထွက်သွားကြလိမ့်မည်။ RH, May. 27 (1902).

**အစာရှောင်ဆုတောင်းရမည့်အချိန်**

ဘုရားသခင်၏လူတို့သည် ယခုအချိန်(၁၉၀၄)မှစ၍ ကပ်ကာလအဆုံးတိုင်အောင် ကိုယ့်ဉာဏ်ကိုမကိုးစားဘဲ ခရစ်တော်၏ဉာဏ်ကို ကိုးစားကာ ပို၍နိုးကြားနေသင့်ကြပါသည်။ အစာရှောင်ဆုတောင်းမည့်နေ့ရက်များကို သတ်မှတ်ထားသင့်ကြသည်။ အစာကိုလုံးလုံးရှောင်ကြဉ်ဖို့မဟုတ်ဘဲ ရိုးရိုးအစာများကိုခြိုးခြံစွာစားသုံးသင့်ကြပါသည်။ CD, pp. 188, 189 (1904).

လူအပေါင်းတို့ကျင့်ဆောင်သင့်သည် စစ်မှန်သောအစာရှောင်ခြင်းဟူမှုကား အားကြွစေသည့် အစားအသောက်မှန်သမျှကိုရှောက်ကာ ဘုရားသခင်ပြင်ဆင်ပေးထားသည့် အာဟာရရှိသောရိုးရိုးအစာများကို စားသုံးခြင်းဖြစ်သည်။ လူတို့သည် လောကတွင် ဖန်တီးထားသောမည်သည့်အစာများကို စားသောက်ရမည့်အကြောင်း စဉ်းစားမှုလျှော့လိုက်ပြီး ဘာသာရေးခံယူချက်များကို ပိုမိုအားကောင်းလာစေမည့် အထက်အရပ်မှပြင်ဆင်ထားသော အစာများအကြောင်းကို ပို၍စဉ်းစားသုံးသပ်သင့်ကြပါသည်။ MM, p. 283 (1896).

ဘုရားဝတ်၌မွေ့လျော်ခြင်းနှင့်ပတ်သက်သည့် တဆေးကလေးသည် လုံးလုံးကြီးအာနိသင်ကုန်သွားခြင်းမရှိသေးပါ။ အလင်းတွင်ရပ်ထနေသော လူစုကလေးသည် အန္တရာယ်များနှင့်စိတ်ဓါတ်ကျဖွယ်များကို ရင်ဆိုင်ရသောအချိန်တွင်ဖြစ်ပေါ်နေသောစက်ဆုပ်ရွံရှာဖွယ်များကြောင့် ဟစ်ကြွေးတောင်းခံကြလိမ့်မည်။ အသင်းသားများသည် လောကနောက်သို့လိုက်နေကြသောကြောင့် အသင်းတော်ကြီးအတွက် အထူးသဖြင့် သူတို့ဆုတောင်းကြလိမ့်မည်။ 5T, pp. 209, 210 (1882).

## ဘုရားသခင်ကိုအကြွင်းမဲ့ကိုးစားခြင်း

ဆက်ကပ်မှုမရှိသည့် အမှုဆောင်ခြင်းကြောင့် တစ်ခါတစ်ရံတွင် အမှုတော်လုပ်ငန်းများသည် ဦးတည်ချက်မှားယွင်းယွားတတ်ပါသည်။ ထိုအရာများအတွက် သင်ငိုကြွေးရကောင်း ငိုကြွေးရမည်ဖြစ်သော်လည်း စိတ်မပူပါနှင့်၊ ဤအမှုတော်ကြီးသည် ခရစ်တော်၏အုပ်ချုပ်မှုအောက်တွင်ရှိနေပါသည်။ အမိန့်နာခံရန် ကိုယ်တော်ရှင်ထံသို့ချဉ်းကပ်ကာ ညွှန်ကြားချက်ကိုနားခံကြဖို့ရန်သာ အမှုဆောင်များအား ခရစ်တော်တောင်းဆိုနေပါသည်။ အသင်းတော်လုပ်ငန်းများ၊ ဥပုသ်စာဖြေလုပ်ငန်းနှင့်ကျောင်းများ၊ ဆေးရုံများအားလုံးကို ကိုယ်တော်ရှင်အထူးဂရုထားတော်မူပါသည်။ ထိုအရာများအတွက် စိတ်မပူကြပါနှင့်၊ အသင်းတော်၌အသက်နှင့်ပြည့်စုံသည်ကို မြင်တွေ့လိုသည့် ဆန္ဒများကို ဘုရားသခင်၌ ယုံကြည်ကိုးစားခြင်းစိတ်ထားဖြင့် ဖေးမကြရမည်။

အမှုတော်ကို ပို၍လျင်မြန်စွာပြီးစီးစေဖို့ ဘုရားပေးအစွမ်းများကို လိုသည်ထက်ပို၍အသုံးပြုကာ မကြိုးစားကြပါနှင့်။ အမှုတော်ကို လူ့အစွမ်းဖြင့်ပြီးမြောက်စေနိုင်မည်မဟုတ်ပါ။ လူ့အစွမ်းများကို ဘုရားသခင်၏တန်ခိုးတော်နှင့်ပေါင်းစပ်ကာ အမှုတော်ပြီးမြောက်အောင်လုပ်ဆောင်ရန်ဖြစ်သည်။ ကြီးမားသောတာဝန်များကိုသယ်ပိုးနေရသည့်အမှုဆောင်အားလုံးကို ယခုတွင်ဖယ်ထုတ်ထားစေဦးတော့၊ ဘုရားသခင်၏အမှုတော်သည် ဆက်လက်တိုးတက်နေဦးမည်သာဖြစ်သည်။ 7T, p. 298 (1902).

### မိသားစုဝတ်ပြုခြင်း

နံနက်တိုင်း၊ ညဦးယံတိုင်းတွင် မိသားစုများစုစည်းကာ ဓမ္မသီချင်းများကိုဆိုပါ။ သမ္မာကျမ်းစာကိုဖတ်ကြပါ။ သားသမီးများအား ပညတ်တော်ဆယ်ပါးကို ရွတ်တတ်အောင်သင်ပေးပါ။ Ev, p. 499 (1904).

မိသားစုဝတ်ပြုခြင်းအချိန်ကိုများစွာမရှည်ပါစေနှင့်၊ သို့သော် စိတ်ပါလက်ပါလုပ်ဆောင်ပါ။ မိသားစုများက မိသားစုဝတ်ပြုခြင်းကိုပါဝင်ရမှာကြောက်ရွံ့နေသလိုမဖြစ်အောင် ထိုဝတ်ပြုပွဲကို တိုတိုနှင့်စိတ်ဝင်စားဖွယ်

ဖြစ်အောင်ကြိုးစားပါ။ ကျမ်းချက်အရှည်ကြီးတစ်ခုကိုဖတ်ကာ အကြာကြီး ဆုတောင်းနေခြင်းကြောင့် မွန်မြတ်လှသော ထိုဝတ်ပြုပွဲကလေးသည် ငြီးငွေ့စရာဖြစ်လာကာ ဝတ်ပြုပွဲပြီးမှ စိတ်သက်သာယာရသလိုလို အဖြစ်မျိုးကို မဖြစ်စေပါနှင့်။

ဖခင်ဖြစ်သူကလွယ်ကူစွာနားလည်နိုင်ပြီး စိတ်ဝင်စားစရာကောင်းသည့်ကျမ်းချက်ကိုရွေးချယ်ဖတ်ပြပါ။ ကျမ်းချက်အနည်းငယ်သည် တစ်နေ့တာအာရုံပြုဖို့နှင့်လက်တွေ့ကျင့်သုံးဖို့လုံလောက်ပါသည်။ နားမလည်သည့်ကျမ်းချက်များကိုမေးခွန်းထုတ်နိုင်ပါသည်။ လိုရင်းတိုရှင်းအဖြေများ၊ မှတ်ချက်များကိုပေးသင့်ပါသည်။ ကျမ်းချက်များကို အခြေပြုသီကုံးထားသည့် ဓမ္မသီချင်းများကိုဆိုကာ လိုရင်းအချက်များကိုဆုတောင်းကြရပါမည်။ ဆုတောင်းမည့်ပုဂ္ဂိုလ်သည် အရာခပ်သိမ်းအတွက်အရှည်ကြီးဆုတောင်းမနေသင့်ဘဲ ကျေးဇူးတော်ကိုချီးမွမ်းကာ လိုအပ်ချက်များအတွက်သာ ဆုတောင်းသင့်ပါသည်။ CG, pp. 521, 522 (1884).

### လောကနှင့်ဆက်ဆံရေးကိုသတိထားပါ

လောကီအရာများနှင့်တစ်သီးတစ်ခြားနေထိုင်ကြရန် သတင်းစကားကိုကြွေးကြော်နေစဉ် ကျွန်ုပ်တို့သည် ဘုရားသခင်၏ကင်းစောင့်များအနေဖြင့် မည်သို့ရပ်တည်ရမည်ကိုသဘောပေါက်ကြရမည်။ ကျွန်ုပ်တို့အား လောကဆန်သောစိတ်ထားများက လွှမ်းမိုးသွားမှာစိုးသဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့၏ဝိညာဉ်ရေးအမြင်များရှုပ်ထွေးသွားမှာစိုးသဖြင့်လည်းကောင်း ကျွန်ုပ်တို့သည် လောကီဆိုင်ရာကိစ္စများပူးပေါင်းလုပ်ဆောင်ကြရမည်မဟုတ်ပါ။ တစ်ချိန်တည်းမှာပင် ဖါရိရှဲများကဲ့သို့လည်း ကိုယ့်ကိုကိုယ် မြှောက်စားနေကြရမည်လည်း မဟုတ်ပါ။ EGW' 88, p. 1161 (1893).

မိုးတိမ်ကိုစီးပြီ ကြွလာတော်မူမည့် ခရစ်တော်ကိုစောင့်မျှော်နေသူများသည် အပျော်အပါးလိုက်စားသည့်အဖွဲ့အစည်းများတွင် ပါဝင်ရောယှက်ကြလိမ့်မည်မဟုတ်ချေ။ Ms, p. 4 (1898).

ကန်ထရိုက်လုပ်ငန်းများတွင်လည်းကောင်း၊ ဖက်စပ်စီးပွားရေးလုပ်ငန်းများတွင်လည်းကောင်း မယုံကြည်သူများနှင့်ပေါင်းဖက်လုပ်ဆောင်ခြင်းသည် ဘုရားသခင်၏စီစဉ်မှုတွင်မပါဝင်ပါ။ RH, Aug. 4 (1904).

အသက်တာစည်းမျဉ်းများကိုမထိခိုက်စေဘဲ အခြားပုဂ္ဂိုလ်များနှင့်တတ်နိုင်သမျှပေါင်းဖော်ကြသင့်ပါသည်။ ဤသို့ဆိုသော် ၎င်းတို့၏အဖွဲ့အစည်းများ၌ဝင်ခြင်း၊ ၎င်းတို့နှင့်အတူနေထိုင်ခြင်းကိုမဆိုလိုဘဲ ချုပ်တည်းခြင်းနှင့်ပတ်သက်သောမေးခွန်းများအတွက် မိမိတို့အနေဖြင့်အထူးကိုယ်ချင်းစာမိကြောင်း ၎င်းတို့အားအသိပေးသင့်သည်ဟု ဆိုလိုပါသည်။ Te, p. 220 (1884).

**ခရစ်တော်အတည်ပြုထားသည့် အသစ်ပြန်လည်**
**ဖန်ဆင်းခြင်း**

ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေရန် ကိုယ်စိတ်နှစ်ပါး၏အစွမ်းများကိုအသုံးပြုဖို့ရည်ရွယ်လျက် ခန္ဓာကိုယ်နှင့်စိတ်ဝိညာဉ်များကိုပြန်လည်လန်းဆန်းအားပြည့်လာအောင် အပြစ်ကင်းသော အသစ်ပြုပြင်နည်းများဖြင့် ကြိုးစားလုပ်ဆောင်ခြင်းသည် ခရစ်ယာန်များအတွက်တာဝန်တစ်ခုဖြစ်သကဲ့သို့ အခွင့်အရေးတစ်ခုလည်းဖြစ်သည်။ MYP, p. 364 (1871).

ခရစ်ယာန်များသည် ပျော်ရွှင်မှုဆိုင်ရာအရင်းအမြစ်များကိုဖန်းတီးလုပ်ဆောင်နိုင်သည့် အခြေအနေတွင်ရှိကြသည်။ မည်သည့်ပျော်ရွှင်မှုမျိုးသည် မှန်ကန်ပြီး ခံစားသင့်သောအရာဖြစ်ကြောင်းကိုလည်း ၎င်းတို့တိတိကျကျပြောပြနိုင်ကြသည်။ မိမိသိက္ခာကိုထိခိုက်စေရုံသာမက မိမိ၏တိုးတက်မှုများကိုအဟန့်အတားဖြစ်စေမည့် ဝမ်းနည်းဖွယ်အကျိုးဆက်များကိုလည်း ချန်မထားသည့်ပြင် စိတ်နေသဘောထားများကို နိမ့်ကျယုတ်ညံ့သွားစေနိုင်ခြင်းမရှိသည့် အသစ်ဖန်တီးပေးမှုများကိုလည်း ၎င်းတို့ခံစားလိုက ခံစားနိုင်ကြပါသည်။ အကယ်၍သာ လူတို့သည် ခရစ်တော်နှင့်အတူအသက်ရှင်ကာ ဆုတောင်းခြင်းကိုအဆက်မပြတ်လုပ်ဆောင်ကြမည်ဆိုလျှင် လုံးဝဥဿုံ၊ လုံခြုံကြလိမ့်မည်။ MYP, p. 38 (1884).

ဘုရားသခင်နှင့်လူတို့ကိုပြစ်မှားခြင်းမပြုခဲ့ဟူသောသြတ္တပ္ပစိတ် ကျွန်ုပ်တို့၏အပေါင်းအဖေါ်များအပေါ် မည်သည့်မကောင်းသောအပြုအမူ မကောင်းသောသြဇာညောင်းမှုတစ်စုံတစ်ခုကိုမျှ မလုပ်ခဲ့ဟူသောအသိစိတ်မျိုးဖြင့် အိမ်သို့ပြန်လာနိုင်ရန်အလို့ငှါ အသင်းတော်အစည်းအဝေးများကို ကျင်းပသင့်သလို မိမိကိုယ်ကိုလည်း ကျွန်ုပ်တို့ထိန်းသိမ်းသင့်ကြပါသည်။---

ယုံကြည်ခြင်းအားဖြင့် ကောင်းချီးတောင်းခံပေးသင့်သော သင်တို့ပါဝင်လုပ်ဆောင်နိုင်သည့်ပျော်ပွဲရွှင်ပွဲများသည် အန္တရာယ်မရှိသော်လည်း သင့်အား သီးခြားဆုတောင်းခြင်းနှင့်ဆုတောင်းပွဲများတွင်ပါဝင်ရန် အရည်အချင်းကင်းမဲ့စေသည့်ပျော်ပွဲရွှင်ပွဲမျိုးသည် အန္တရာယ်ရှိလှပါသည်။ MYP, p. 386 (1913).

## အထက်အရပ်ကိုပို့ဆောင်ပေးသည့်တေးဂီတ

ရှေးခေတ်ဣသရေလများသည် တော၌ခရီးသွားကြစဉ် ဓမ္မတေးများကိုသီဆိုခြင်းအားဖြင့် ခရီးလမ်းကိုသာယာစေခဲ့ကြသည်။ ကျွန်ုပ်တို့ကိုလည်း ထိုနည်းအတူ ဘုရားသခင်ဖြစ်စေလိုတော်မူသည်။ ကိုယ်တော်ရှင်၏နှုတ်တော်ထွက်စကားများကို စိတ်ထဲမှာမှတ်မိနေစေအောင်လုပ်ဆောင်ရာတွင် သီချင်းတစ်ပုဒ်ကဲ့သို့ထပ်ခါတလဲ သီဆိုခြင်းထက်ပို၍ထိရောက်သည့်နည်းလမ်းမရှိသလောက်ဖြစ်သည်။ ဓမ္မသီချင်းများ၌တန်ခိုးပါလှပါသည်။ ရိုင်းစိုင်းသောသဘာဝကိုယဉ်ပါးစေလျက် အတွေးအဆများကိုလျင်မြန်စေသည်။ ကြင်နာသနားတတ်သောစိတ်ကိုနိုးကြားစေရုံသာမက ညီညွတ်မှုကိုလည်း တိုးတက်စေသည်။ ရဲရင့်သောစိတ်ကိုအားနည်းစေပြီး ကြိုးစားမှုကိုလျော့ပါးစေသော ဝမ်းနည်းပူဆွေးမှုများကိုလည်း ပျောက်ပျက်စေပါသည်။ Ed, pp. 167, 168 (1903).

ကောင်းကင်နိုင်ငံတော်ရှိ ဝတ်ပြုကိုးကွယ်ပွဲများတွင်လည်း တေးဂီတသည် ကဏ္ဍတစ်ခုအဖြစ်ပါဝင်နေမည်ဖြစ်ရာ ကျွန်ုပ်တို့သည်လည်း ကောင်းကင်နိုင်ငံရှိအဆိုသည်များသီဆိုသည့်သီချင်းမျိုး၊ သီဆိုနိုင်အောင်ကြိုးစား

သင့်ကြပါသည်။ ဝတ်ပြုကိုးကွယ်ပွဲများတွင် ဓမ္မသီချင်းကျူးအေးခြင်းသည် ဆုတောင်းခြင်းအလားဝတ်ပြုကိုးကွယ်သည့် ပုံစံတစ်ခုဖြစ်ပါသည်။ PP, p. 594 (1890).

တူရိယပစ္စည်းများကိုအသုံးပြုကာ ဂုဏ်တော်ချီးမွမ်းခြင်းကို လုံးဝကန့်ကွက်စရာမရှိပါ။ ရှေးခေတ်အခါကတည်းက ဘာသာရေး အခမ်းအနားများတွင် တူရိယာပစ္စည်းများကို အသုံးပြုခဲ့ကြသည်။ စောင်းနှင့် လင်းကွင်းကိုတီးကာ ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းခဲ့ကြသည်။ ကျွန်ုပ်တို့၏ဘာသာရေးအခမ်းအနားများတွင် တူရိယာပစ္စည်းများကို သူ့နေရာနှင့်သူ အသုံးပြုသင့်ကြပါသည်။ Ev, pp. 500, 501 (1898).

### တယ်လီဗီးရှင်းနှင့်ဇာတ်ရုံ

အပျော်အပါးအတွက် အန္တရာယ်များသောအပန်းဖြေရာနေရာများ တွင် ဇာတ်ရုံ၊ ရုပ်ရှင်ရုံများလည်းပါဝင်ပါသည်။ ထိုနေရာသည် စာရိတ္တကို တည်ဆောက်ရာတွင် အထောက်အကူမပြုသည့်အပြင် စာရိတ္တပျက်ပြားမှု အတွက် အထူးထိရောက်သည့်နေရာတစ်ခုဖြစ်သည်။ ရက်စက်တတ်သော အကျင့်စရိုက်များနှင့်ဒုစရိုက်ပြုလိုသောစိတ်ထားများသည် ဤဖြေဖျော်မှုများ ကြောင့်ပို၍အားကောင်းကာ အမြစ်စွဲလာပါသည်။ အဆင်းအတန်းမရှိသော သီချင်းများ၊ ရိုင်းပျသောအမူအရာများ၊ ပြောဆိုမှုများနှင့်ဦးတည်ချက်များသည် အတွေးအခေါ်ကိုနိမ့်ကျစေရုံသာမက စာရိတ္တကိုလည်း ယုတ်ညံ့သွားစေကြ ပါသည်။

ဤကဲ့သို့သော ပွဲလမ်းများကို သွားလေ့သွားထရှိသောလူငယ်များ သည် စည်းကမ်းမဲ့လာကြလိမ့်မည်။ ကျွန်ုပ်တို့၏နိုင်ငံတွင် အတွေးအခေါ်များ ကိုပျက်ယွင်းစေရာတွင်လည်းကောင်း၊ ဘာသာရေးရုပ်လုံးကိုဖျက်ဆီးရာ တွင်လည်းကောင်း၊ မှန်ကန်သောပျော်ရွှင်မှုကိုနှစ်သက်သည့် စိတ်ကို ထုံထိုင်းစေရာတွင်လည်းကောင်း၊ ဇာတ်ရုပ်၊ ရုပ်ရှင်ရုံများတွင်တင်ဆက်သည့် အမြူး၊ အကြွတင်ဆက်မှုများထက် ထိရောက်သောအရာမရှိတော့ချေ။

ဤအရာများကိုစွဲလမ်းလာသည်နှင့်အမျှ အရက်သေစာသောက်စားလိုသည့် စိတ်ဆန္ဒများသည်လည်း အားကောင်းလာတတ်ပါသည်။ 4T, pp. 652,653 (1881).

ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ညကပွဲများတွင်ရှိနေသောအချိန်များ၌ ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှကောင်းချီးမင်္ဂလာများကိုခံစားရန် တောင်းခံနိုင်ကြလိမ့်မည်မဟုတ်ပါ။ ဤနေရာမျိုးတွင် မည်သည့်ခရစ်ယာန်တစ်ဦးတစ်ယောက်ကမှ သေလိုကြမည်မဟုတ်ပါ။ ခရစ်တော်ကြွလာသောအချိန်တွင် ထိုနေရာမျိုးတွင်တွေ့မှာကို မည်သူမျှလိုလားကြမည်မဟုတ်ပါ။ MYP, p. 398 (1882).

အရေးပါသော ဘာသာရေးအတွေးအခေါ်များကို မပျက်ယွင်းစေမည့် မြူးထူးပျော်ရွှင်ပွဲများသည် အန္တရာယ်ကင်းသော ပျော်ရွှင်ပွဲများဖြစ်သကဲ့သို့ ခရစ်တော်ကိုကျွန်ုပ်တို့နှင့်အတူ ခေါ်သွားနိုင်သည့်နေရာသည်သာ လုံခြုံသောနေရာဖြစ်ပါသည်။ OHC, p. 284 (1883).

**ဝတ်စားဆင်ယင်မှု**

ဝတ်ဆင်မှုကိစ္စကိုသင်၏ဘာသာအယူဝါဒ၏ အဓိကအချက်အဖြစ် ရေးကြီးခွင်ကျယ်လုပ်စရာလိုမည်မဟုတ်ပါ။ အရေးတယူထားပြီး ပြောဆိုရမည့်အရာမှာ ခရစ်တော်အကြောင်းသာဖြစ်သည်။ စိတ်နှလုံးပြောင်းလဲခြင်းဖြစ်လာသောအချိန်တွင် နှုတ်ကပတ်တော်၏သွန်သင်ချက်နှင့်မညီညွတ်သောအရာခပ်သိမ်းတို့သည် လျော့ပါးပျောက်ကွယ်သွားကြလိမ့်မည်။ Ev, p. 272 (1889).

ကျွန်ုပ်တို့သည် ခရစ်ယာန်ဖြစ်သည်ဆိုလျှင် မိမိတို့၏ဇာတိအလိုဆန္ဒများနှင့်ဆန့်ကျင်နေသည်ဖြစ်သော်ငြားလည်း ခရစ်တော်၏လမ်းစဉ်ကိုသာလိုက်လျှောက်ကြရမည်။ ဟိုဟာကိုဝတ်ပါ။ ဒီဟာကိုမဝတ်ပါနှင့်ဟုသင့်ကိုပြောနေလျှင်လည်း အကျိုးထူးမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် အချည်းနှီးဖြစ်သော ဤအရာများကို သင်စွဲလမ်းနေလျှင် သင်၏အဝတ်တန်

ဆာများကိုဖယ်ရှားလိုက်ခြင်းသည် သစ်ပင်တစ်ပင်မှ သစ်ရွက်များကိုဖြတ်လိုက်သည့်နှယ်ဖြစ်သွားလိမ့်မည်။ ထိုအချိန်တွင် သဘာဝအတိုင်းဖြစ်သောသင်၏စိတ်နှလုံးစွဲလမ်းမှုသည် အားကောင်းလာကာ သင်၏မူပိုင်ဩတ္တပ္ပစိတ်ကိုပြန်လည်ရရှိလိမ့်မည်။ CG, pp. 429, 430 (1892).

ထာဝရဘုရားသခင်၏ရှေ့တော်တွင် သတိထားအသက်ရှင်လျှောက်လှမ်းကြရန် မိတ်ဆွေများကို ကျွန်ုပ်တောင်းပန်လိုက်ပါသည်။ ကျန်းမာရေးစည်းမျဥ်းများနှင့်လျော်ညီသမျှသော ဝတ်ဆင်မှုများကိုလိုက်လျှောက်ကြပါ။ ညီမတို့၊ တာရှည်ခံ၊ ရိုးရှင်းပြီး အသက်အရွယ်နှင့်လိုက်ဖက်သည့် အဝတ်ကောင်းများကိုဝတ်ကြပါ။ သူတစ်ပါးမေးခွန်းထုတ်စရာဖြစ်မည့်အဝတ်များကို မဝတ်ကြပါနှင့်။ ကျွန်ုပ်၏ညီမများအနေဖြင့် ရိုးစင်းသောအဝတ်များကိုဝတ်သင့်ပါသည်။ ဣန္ဒြေသိက္ခာနှင့်ပြည့်စုံသောအဝတ်များကိုဝတ်ကြပါ။ ခရစ်တော်၏ကျေးဇူးတော်ကို နှလုံးသားတွင်ဝတ်ဆင်ခြင်းဆိုင်ရာ ကောင်းသောပုံသက်သေကိုလောကီသားများအားပြကြပါ။ 3SM, p. 242 (1897).

အပြင်ပန်းဝတ်ဆင်မှုသည် စိတ်နှလုံးကိုညွှန်ပြနေသော မာတိကာတစ်ခုဖြစ်မည်။ 1T, p. 136 (1856).

## ပုံနှိပ်ထုတ်ဝေရန်လိုအပ်ခြင်း

ရိုးရှင်းသောဘာသာစကားများကိုအသုံးပြုလျက် ဖြစ်ပျက်တော့မည့်အရာများအကြောင်းကို စိတ်ဝင်စားဖွယ်အရေးအသားများဖြင့် ဓမ္မစာပေများကိုပုံနှိပ်ထုတ်ဝေသင့်ပါသည်။ HM, Feb. 1 (1890).

ပထမကောင်းကင်တမန်သတင်းစကားနှင့်ဒုတိယကောင်းကင်တမန်သတင်းစကားကို ၁၈၄၃ ခုနှစ်နှင့် ၁၈၄၄ ခုနှစ်များတွင် အသီးသီးကြွေးကြော်ခဲ့ပြီးဖြစ်သည်။ ယခုအချိန်သည် တတိယကောင်းကင်တမန်သတင်းစကားဟစ်ကြွေးသောအချိန်ဖြစ်ပြီး ဤအချိန်တွင် ကျွန်ုပ်တို့အသက်ရှင်နေထိုင်လျက်ရှိကြသော်လည်း သတင်းစကားသုံးခုစလုံးကို ဆက်လက်ဟစ်ကြွေးကြရပါမည်။ ဖြစ်ပျက်ပြီးသောအရာများနှင့်ဖြစ်ပျက်တော့မည့် အရာများကို

အနာဂတ္တိသမိုင်းအစဉ်အလိုက် ရှင်းလင်းဖေါ်ပြထားသည့် ဓမ္မစာပေများကို ထုတ်ဝေကြရမည်။ ထိုအကြောင်းများကိုနူတ်အားဖြင့်လည်း သင်တန်းပေးကြရပါမည်။ CW, pp. 26, 27 (1896).

ခိုင်မြဲသည့်သမ္မာတရားများကို ဆောင်းဦးကာလအချိန်တွင် ကြွေသောသစ်ရွက်များအလား လက်ကမ်းစာစောင်များဖြင့် နေရာအနှံ့တွင် ဖြန့်ဝေကြရမည်။ 9T, p. 230 (1897).

ရှေးဘိုးဘေးများနှင့်ပုရောဖက်များ၊ ဒံယေလကျမ်းနှင့် ဗျာဒိတ်ကျမ်း မဟာတိုက်လှန်ပွဲကြီး စသည့်စာအုပ်များကို ယခုအချိန်တွင် အထူးလိုအပ်နေပါသည်။ ထိုစာအုပ်များတွင်ဖေါ်ပြထားသည့် သမ္မာတရားများသည် လူအများ၏ဝိညာဉ်ရေးမှောင်မိုက်ကျခြင်းကို လေးနက်စွယ်ဖယ်ရှားပေးနေသောကြောင့် ကျယ်ကျယ်ပြန့်ပြန့်ပုံနှိပ်ထုတ်ဝေသင့်ပါသည်။ CM, p. 123 (1905).

ကရုဏာတော်ဆက်လက်တည်ရှိနေသမျှကာလပတ်လုံး ဓမ္မစာပေအမှုဆောင်များအလုပ်လုပ်ရန် အခွင့်အရေးရှိနေလိမ့်ဦးမည်ဖြစ်သည်။ 6T, p. 278 (1900).

## ပြင်းထန်သောဝေဖန်မှုများမပါသည့်
## ကျွန်ုပ်တို့၏ဓမ္မစာပေများ

သူတစ်ပါးကိုထိခိုက်စေမည့်ဝေဖန်ချက်များ၊ ကက်သလစ်များအပါအဝင်လူတန်းစားအသီးသီးဆီသို့ သမ္မာတရားကိုပို့ဆောင်သည့် အမှုတော်အား အတားအဆီး၊ အဟန့်အတားဖြစ်စေမည့် ထိုးနက်ချက်များကို ကျွန်ုပ်တို့၏စာစောင်များကို ရေးသားပေးနေသည့် ဆောင်းပါးရှင်များအား မရေးပါစေနှင့်။ သမ္မာတရားကို မေတ္တာဖြင့်ပြောရန်မှာ ကျွန်ုပ်တို့၏အမှုတော်လုပ်ငန်းဖြစ်သည်။ သမ္မာတရားကို မွေးရာပါစိတ်နှလုံးမှထွက်လာသည့် ညစ်ညမ်းသောအရာများနှင့်ရောစပ်မပစ်ပါနှင့်။ ကျွန်ုပ်တို့အား ရန်ထောင်နေသူများ၏ စိတ်ထားမျိုးဖြင့် မဟောပြောပါနှင့်-----

ကျွန်ုပ်တို့သည် သူတစ်ပါးအား ထိခိုက်စေသည့် ရိုင်းစိုင်းသောစကားများကိုအသုံးမပြုရပါ။ ရေးသမျှစာပေများနှင့်ပြောဟောသမျှစကားများတွင်

ထိုအရာများမပါဝင်စေနှင့်။ နှုတ်ကပတ်တော်ကသာ လူတို့၏စိတ်နှလုံးကိုထိုးဖေါက်ပါလေစေ။ အားနည်းသောလူသားများကို ခရစ်တော်၌နားခိုပါလေစေ။ 9T, pp. 240, 241, 244 (1909).

အေးချမ်းငြိမ်သက်မှုကိုပျက်စီးစေနိုင်မည့် အနက်အဓိပ္ပါယ်ဆောင်ပုံရသည့်ဖွင့်ဆိုချက်များကို ကျွန်ုပ်တို့အရေးအသားများမှလည်းကောင်း ဟောကြားချက်များမှလည်းကောင်းဖယ်ထုတ်သင့်ပါသည်။ ကျွန်ုပ်တို့နေထိုင်လျက်ရှိသောတိုင်းပြည်နှင့် ၎င်း၏ဥပဒေများအပေါ်သစ္စာမဲ့သူများအဖြစ်ထင်ရောင်ထင်မှားဖြစ်စေမည့် အရာခပ်သိမ်းတို့ကို သတိထား၍ရှောင်ကြဉ်ရမည်။ Letter, p. 36 (1895).

ခရစ်ယာန်ဘာသာအယူဝါဒသည် အငြင်းသန်သူများ၏စွပ်စွဲပြစ်တင်ခြင်းများတွင် သိသာထင်ရှားခြင်းမရှိပါ။ 6T, p. 397 (1900).

**ဘေးပန်းကိစ္စများကိုသတိထားပါ။**

ထာဝရဘုရားသခင်သည် မိမိလူတို့ကိုကျော်ကာ ဟိုနေရာ၊ ဒီနေရာအသီးသီးရှိပုဂ္ဂိုလ်များအား သမ္မာတရားကိုအပ်နှံထားထိုက်သူများအဖြစ်ရွေးကောက်တော်မမူပါ။ ကိုယ်တော်ရှင်သည် အသင်းတော်၏ ယုံကြည်ခြင်းနှင့်ဆန့်ကျင်သော အလင်းသစ်များကိုလူသစ်များထံတွင် မအပ်နှံတတ်ပါ။ ဘာသာရေးပြုပြင်ပြောင်းလဲရေးတိုင်းတွင် ဤသို့သောဖွင့်ဆိုမှုများကိုလုပ်တတ်သူများပေါ်ပေါက်လေ့ရှိပါသည်။ သူတစ်ပါးအား မပေးဖူးသည့်အထူးသောအလင်းတရားများကို ဘုရားသခင်က မိမိတို့အားပေးတော်မူသည်ဟု မည်သူမျှကိုယ့်ကိုကိုယ် အထင်ကြီးမနေကြပါနှင့်။

သမ္မာတရားနှင့်ဆန့်ကျင်ပုံမပေါ်သည့် အတွေးအခေါ်သစ်များကိုလူအများလက်ခံတတ်ပါသည်။ ၎င်းတို့အပေါ်လုပခြင်းနှင့်အရေးပါမှုများဖြင့်လွှမ်းခြုံထားသယောင်ဖြစ်သည်အထိ ထိုသမ္မာတရားများကို ၎င်းတို့ကိုင်စွဲနေတတ်ပါသည်။ အကြောင်းမှာ ပုံမှားရိုက်နိုင်သည့်အစွမ်းသတ္တိများကို စာတန်ပိုင်ဆိုင်ထားပါသည်။ နောက်ဆုံးတွင် ထိုသမ္မာတရားသည် အရာခပ်သိမ်း

တို့က ဗဟိုပြုသည့်အရာတစ်ခုဖြစ်လာပါသည်။ ထိုအခါတွင် သမ္မာတရားစစ်စစ်ကို ကျွန်ုပ်တို့၏နှလုံးထဲမှ အမြစ်ပါမကျန် နုတ်ယူခြင်းခံကြရပါသည်။---

ထို့ကြောင့် ကျွန်ုပ်တို့အား သမ္မာတရားလမ်းမှသွေဖည်သွားစေမည့် ထိုဘေးပန်းကိစ္စများကိုသတိပြုရှောင်ကြဉ်ကြရန် သင့်ကိုကျွန်ုပ်သတိပေးလိုက်ပါသည်။ 5T, pp. 291, 292 (1885).

**စည်းလုံးမှုကိုအသားပေးပါ**

သမ္မာတရားအလင်းကိုရရှိထားသူများအတွက် ရပ်ဖျက်ထားသည့် စုံစမ်းနှောင့်ယှက်ခြင်းများကိုထောင်နှင့်ချီ၍ ပြင်ဆင်ထားပါပြီ။ တစ်ခုတည်းသောလုံခြုံစိတ်ချရသည့်နည်းလမ်းမှာအတွေ့အကြုံရှိသူများနှင့်မတိုင်ပင်ဘဲ မည်သည့်ယုံကြည်ချက်အသစ်၊ အနက်ဖွင့်ဆိုမှုအသစ်ကိုမှလက်မခံကြရန်ဖြစ်သည်။ ထိုအသစ်သောသမ္မာတရားများကိုတတ်သိနားလည်သူများထံတွင် နှိမ့်ချသောစိတ်၊ ခံယူလိုသည့်စိတ်နှင့်ဆုတောင်းလျက်အပ်နှံပါ။ ထိုသမ္မာတရားဟုခေါ်သောအရာများတွင် အလင်းကိုမတွေ့မြင်ဟု ၎င်းတို့ကပြောလာလျှင် ၎င်းတို့၏ဆုံးဖြတ်ချက်ကိုလက်ခံလိုက်ပါ။

ခိုင်မြဲနေပြီဖြစ်သော ယုံကြည်ချက်များကိုလှုပ်လှုပ်ရှားရှားဖြစ်သွားစေလိုသည့်သဘောဖြင့် အသစ်သောအလင်း၊ အသစ်သောဗျာဒိတ်ကို မိမိတို့ရရှိသည်ဟု ဖွင့်ဆိုသူအမျိုးသမီးနှင့်အမျိုးသားများ ပေါ်ထွန်းလာကြလိမ့်မည်။ ၎င်းတို့ဖွင့်ဆိုသောယုံကြည်ချက်များသည် နှုတ်ကပတ်တော်နှင့်ကိုက်ညီမှုမရှိသော်လည်း လူအများသည် လှည့်ဖြားခြင်းကို ခံရလိမ့်မည်။ မှားယွင်းသောသတင်းပေးမှုများကြောင့် လူတချို့သည် ဤကျော့ကွင်းတွင်အမိခံရလိမ့်မည်။ ကျွန်ုပ်တို့သည် ပုံစံအမျိုးမျိုးဖြင့် ပေါ်ပေါက်လာသည့် မှားယွင်းမှုများကိုအထူးသတိပြုစောင့်ကြည့်ကြရမည်။ အကြောင်းမှာ စာတန်သည်လူသားများအား သမ္မာတရားမှဝေးသည့် နေရာသို့ဆွဲယူရန်အစဉ်မပြတ်ကြိုးစားနေပါသည်။ 5T, pp. 293,295,296 (1885).

စည်းလုံးမှုရှိခြင်းကို အရေးပါသောအရာတစ်ခုအဖြစ်သိသာလာအောင် ကျွန်ုပ်တို့လုပ်ဆောင်ကြရမည်။ ထိုသို့ဆိုသော် ကျွန်ုပ်တို့၏အတွေးအခေါ်များကိုသူတစ်ပါးလက်ခံကြဖို့ တောင်းဆိုရန်မဟုတ်ဘဲ ခရစ်တော်၏အသက်တာတွင်ထင်ရှားစွာဖော်ပြခဲ့သော နူးညံ့သိမ်မွေ့ခြင်းနှင့်နှိမ့်ချခြင်းများကိုရရှိဖို့ လူတိုင်းကြိုးစားလာကြလျှင် လူအပေါင်းတို့သည် ခရစ်တော်၌ရှိသောစိတ်ထားမျိုးကိုပိုင်ဆိုင်လာကြလိမ့်မည်။ ထိုအချိန်တွင် စည်းလုံးညီညွတ်သည်စိတ်ခါတ်ဖြစ်ပေါ်လာလိမ့်မည်။ Letter, p. 15 (1892).

မိမိတို့၏ညီအစ်ကိုများနှင့်စည်းလုံးညီညွတ်စွာအသက်ရှင်လျှောက်လှမ်းကြပါဟု သမ္မာတရားကိုယုံကြည်ကြောင်းဖွင့်ဆိုထားသူများအား ကျွန်ုပ်တိုက်တွန်းလိုက်ပါသည်။ ကျွန်ုပ်တို့အားအစွန်းရောက်သမားများဟု လောကီသားများက အပြစ်တင်စရာဖြစ်အောင်အခွင့်အရေးမပေးကြပါနှင့်။ ကျွန်ုပ်တို့သည် စည်းလုံးမှုမရှိသူများ၊ တစ်ယောက်တစ်ပေါက်သွန်သင်နေသူများဟုသူတစ်ပါးအပြစ်တင်ခွင့်ရအောင်မလုပ်ကြပါနှင့်။ အချင်းချင်းကွဲပြားခြားနားခြင်းကိုရှောင်ကြဉ်ကြပါ။ TM, p. 57 (1893).

**ဝေဖန်မှုများကိုရင်ဆိုင်ပုံ**

ယုံကြည်ခြင်းဖောက်ပြန်သူများသည် ဘုရားသခင်ပေးအမှုတော်တာဝန်မှကျွန်ုပ်တို့အား အာရုံပြောင်းပစ်ရန် ကျွန်ုပ်တို့အလယ်သို့လာကြလိမ့်ဦးမည်။ သင်သည်သမ္မာတရားအစား ယုံတမ်းစကားများကိုပြောင်း၍ ကြားနာလိုမှာမဟုတ်ချေ။ သို့ရာတွင် သင်ဆောင်ရွက်နေသောအမှုတော်ကိုအပြစ်တင်ပြောဆိုနေသူများအားပြောင်းလဲလာအောင်ကြိုးစားခြင်းကိုရပ်တန့်မပစ်ပါလေနှင့်။ သင့်အား ဝိညာဉ်တော်နှင့်ပြည့်ဝသူတစ်ဦးအဖြစ် ၎င်းတို့မြင်ပါလေစေ။ ထာဝရဘုရားသခင်၏ကောင်းကင်တမန်များက ထိုဆန့်ကျင်သူများ၏ စိတ်နှလုံးကိုထိခိုက်သွားစေမည့်စကားလုံးများကို သင့်အားပေးတော်မူလိမ့်မည်။ အကယ်၍ ဤသူများသည် ဆက်၍ဝေဖန်နေကြဦးမည်ဆိုလျှင် ၎င်းတို့ထက်သင်အဆင့်ရှိသည်ကို လူအုပ်ကြီးထဲမှစဉ်းစားတတ်သူများကနားလည်

သဘောပေါက်ကြလိမ့်မည်။ သင့်အားဖြင့် ခရစ်တော်မိန့်ဆိုနေသည်ကိုသိရှိကြစေရန် သင်ပြောဆိုပါ။ 9T, pp. 148, 149 (1909).

## နှုတ်ကပတ်တော်ကိုမြှင့်တင်ပါ

ကျွန်ုပ်တို့သည် လူတို့၏စိတ်နှလုံးကိုလှုပ်ရှားအောင် ဖန်တီးလုပ်ဆောင်ကြလျှင် ကျွန်ုပ်တို့လိုချင်သမျှကိုရရှိကြမည်သာမက ထင်ထားသည်ထက်ပင်ပို၍ လုပ်ဆောင်နိုင်ကြပါလိမ့်မည်။ သို့ရာတွင် နှုတ်ကပတ်တော်ကိုတည်တည်ငြိမ်ငြိမ်၊ ရှင်းရှင်းလင်းလင်းဟောကြားပါ။ လူတွေကိုစိတ်လှုပ်ရှားအောင်လုပ်သည့်အလုပ်ကို ကျွန်ုပ်တို့လုပ်ရမည့်အလုပ်ဟု ကျွန်ုပ်မယူဆပါ။ ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်တစ်ပါးတည်းကသာ ကောင်းမြတ်သောစိတ်အားထက်သန်မှုကို ဖန်တီးပေးနိုင်ပါသည်။ အလင်းနှင့်အသက်ဖြစ်တော်မူသော သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုအောက်တွင် ခရစ်တော်ကိုမျှော်ကြည့်ကာ စောင့်စားဆုတောင်းလျက် ထိုလူသားကိုယ်စားလှယ်သည် ဘုရားသခင်၏ရှေ့မှောက်တွင် ညင်သာစွာလျှောက်ပါလေစေ။ ထိုနောက် ထာဝရဘုရားသခင်အား လုပ်ဆောင်ခွင့်ပြုကြပါ။ 2SM, pp. 16,17 (1894).

ကျွန်ုပ်တို့သည် လူအများထံသို့သွားကာ ဘုရားသခင်၏နှုတ်ကပတ်တော်စစ်စစ်ကိုသာ သွန်သင်ကြရမည်။ ထိုနှုတ်ကပတ်တော်ကို ၎င်းတို့လက်ခံသောအချိန်တွင် ဝိညာဉ်တော်ကျလာတော်မူလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်ဖော်ပြခဲ့ပြီးဖြစ်သကဲ့သို့ ဝိညာဉ်တော်သည် အမြဲထာဝစဉ်ကျရောက်နေသည်ဖြစ်သော်လည်း ဝိညာဉ်တော်ရရှိမှုသည် လူသားများ၏ဆုံးဖြတ်ချက်အပေါ်တွင်သာအဓိကကျပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏သားစစ်သမီးမှန်များဖြစ်ကြောင်းထင်ရှားစေသည့်တည်ကြည်မှု၊ သိက္ခာရှိမှုနှင့်ဘုရားသခင်ကိုကြောက်ချစ်သည့်စိတ်များကို စကားပြောရာတွင်လည်း

ကောင်း၊ သီချင်းဆိုရာတွင်လည်းကောင်း ဝိညာဉ်ရေးဆိုင်ရာ လှုပ်ရှားလုပ်ဆောင်မှုအပေါင်းတို့တွင် ဖေါ်ပြကြရပါမည်။ 2SM, p. 43 (1908).

ကျွန်ုပ်တို့သည် သမ္မာတရားကိုလူသားများနားထောင်လိုက်လျှောက်ဖို့ သြဇာညောင်းအောင် နှုတ်ကပတ်တော်အားဖြင့်သာ လုပ်ဆောင်ကြရမည်။ ခံစားချက်များနှင့်စိတ်လှုပ်ရှားမှုများကိုဖန်တီးကာ သြဇာညောင်းအောင် လုပ်ဆောင်ဖို့ မကြိုးစားသင့်ကြပါ။ 3 SM, p. 375 (1908).

---ooo---

## အခန်း (၇)

# ကျေးလက်တောရွာတွင်နေထိုင်ခြင်း

### ဘုရားသခင်အကြိုက်ဆုံးစံနမူနာ

ဘုရားသခင်ဖန်ဆင်းခဲ့သမျှအရာခပ်သိမ်းတို့သည် လှပမှုများနှင့်ပြည့်စုံနေပြီး၊ အာဒံနှင့်ဧဝတို့အတွက်ပျော်ရွှင်စေမည့် ဤကမ္ဘာကြီးကိုဖန်ဆင်းရာတွင် လိုလေသေးမရှိသလိုဖြစ်ခဲ့သော်ငြားလည်း ဥယျာဉ်တစ်ခုကို ၎င်းဇနီးမောင်နှံအတွက်တည်ထောင်ပေးခြင်းအားဖြင့် ၎င်းတို့အပေါ်ထားရှိသည့် မဟာမေတ္တာတော်ကိုထင်ရှားစေခဲ့ပါသည်။ ဥယျာဉ်ရှိ သစ်ပင်၊ ပန်းပင်များကိုစိတ်ပျော်ရွှင်စွာလုပ်ဆောင်ရန် အချိန်တချို့ကိုအသုံးပြုရမည်ဖြစ်ပြီး ကောင်းကင်တမန်များကိုဧည့်ခံခြင်း၊ ညွှန်ကြားချက်များကိုနာယူခြင်းနှင့်အာရုံပြုခြင်းများအတွက်အချိန်တချို့ကို ၎င်းတို့အသုံးပြုကြရပါမည်။ အလုပ်လုပ်ဆောင်ရသဖြင့် သူတို့သည်မောပန်းနွမ်းနယ်မသွားသည့်ပြင် ပျော်ရွှင်လန်းဆန်းလာကြပါသည်။ လှပသောဤဥယျာဉ်ကလေးသည် ၎င်းတို့၏အထူးနေအိမ်ကလေးဖြစ်နေပါသည်။ 3SG, p. 34 (1864).

သားတော်ခရစ်တော်အတွက် အနန္တတန်ခိုးရှင်ခမည်းတော်ဘုရားသခင်ရွေးချယ်ခဲ့သည့်အခြေအနေများကားမည်သို့နည်း။ ဂါလိလဲနယ်ရှိတောင်ကုန်းကလေးများအကြား ချောင်ကျသောနေရာတွင်တည်ဆောက်ထားသောအိမ်ကလေးတွင် ယေရှုရှင်နေခဲ့ရပါသည်။ ရိုးသားပြီးသိက္ခာရှိသောလုပ်ငန်းတစ်ခုကိုလုပ်ကာ မိသားစုစားဝတ်နေရေးကိုပံ့ပိုးတော်မူခဲ့ပါသည်။ နေ့စဉ်နှင့်အမျှခက်ခဲကြမ်းတမ်းမှုများကို ကိုယ်တော်ရင်ဆိုင်ခဲ့ရပါသည်။ အနစ်နာခံခြင်း၊ ချွေတာခြင်း၊ သီးခံခြင်း၊ ဝမ်းမြောက်ခြင်းများနှင့်ပြည့်ဝသောအမှုတော်ကို ကိုယ်တော်ဆောင်ရွက်ခဲ့ပါသည်။ သမ္မာကျမ်းစာအုပ်ကြီးကိုဖွင့်လျက် မိခင်၏နံဘေးတွင်ထိုင်ကာ နှုတ်ကပတ်တော်ကိုကိုယ်တော်လေ့လာခဲ့ပါသည်။ စိမ်းလန်းစိုပြည်သော ထိုဂါလိလဲတောင်ကြား

များတွင် ငြိမ်သက်သာယာသော နံနက်ခင်းနှင့်ညဦးယံများ၌ဖန်ဆင်းခြင်း နှင့်မစပို့ဆောင်ခြင်းများအပေါ် အာရုံပြုခြင်း၊ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ ဆုတောင်းခြင်းများဖြင့် ကိုယ်တော်အချိန်ကုန်ခဲ့ပါသည်။ ဤအရာများသည် ခရစ်တော်၏ရှေးဦးအသက်တာမှ အခြေအနေများနှင့်အခွင့်အလမ်းများဖြစ်ပါသည်။ Mh, pp. 365, 366 (1905).

## မြို့ကြီးများမှဝေးရာသို့

မြို့ကြီးများထဲမှ စောနိုင်သမျှစောစောထွက်ကာ ဥယျာဉ်စိုက်ပျိုးနိုင်မည့်မြေကလေးတစ်ကွက်ကိုဝယ်ပါ။ ထိုဥယျာဉ်ထဲတွင် သင်၏သားသမီးများသည် ပွင့်လန်းနေသောပန်းများကိုကြည့်ရှုနိုင်ကြလိမ့်မည်။ သန့်စင်ရိုးစင်းမှုများကို ထိုပန်းကလေးများမှတစ်ဆင့် ၎င်းတို့လေ့ကျက်နိုင်ကြလိမ့်မည်။ 2SM, p. 356 (1903).

'မြို့ကြီးများမှထွက်ကြပါ' ဆိုသည့်သတင်းစကားသည် ဤခေတ်ဤအခါအတွက် ကျွန်ုပ်ပေးရမည့်သတင်းစကားဖြစ်သည် မြို့ကြီးများနှင့်မိုင်ပေါင်းများစွာဝေးကွာသောနေရာများတွင် အခြေစိုက်ကြပါဟူသောဆင့်ဆိုသံမှာ ကျွန်ုပ်တို့၏လူများအတွက်ဖြစ်သည်။ ယနေ့တည်ရှိနေသည့်ဆန်ဖရန်စစ္စကိုမြို့ကို တစ်ချက်ကြည့်လိုက်ပါ။ မြို့ကြီးများထဲမှထွက်ခွာဖို့လိုအပ်နေကြောင်းဖော်ပြနေသည်ကို သင်သိလာပါလိမ့်မည်။

မြို့ကြီးများနှင့်ဝေးကွာသောနေရာတွင် အခြေစိုက်နေထိုင်ကြရန်မိမိလူတို့အား ထာဝရဘုရားသခင်ဆင့်ဆိုနေပါသည်။ အကြောင်းမှာ မထင်မှတ်သောအချိန်တွင် ထိုမြို့ကြီးများပေါ်သို့ ကောင်းကင်မှမီးမိုးရွာချလိမ့်မည်။ အဖျက်ဆီးခံရသောအချိန်တွင် ထိုကိစ္စကိုပေါ့ပေါ့တန်တန် သဘောမထားကြပါနှင့်၊ အခွင့်အရေးပေးမည်ဆိုလျှင် အဖျက်ဆီးခံရသောထိုမြို့တွင် အိမ်များကို မိမိတို့ကိုယ်တိုင်ပြန်လည်တည်ဆောက်နိုင်ပါသည်ဟုလည်း အထင်မရှိကြပါနှင့်။

ဤအကြောင်းအရာကို နားလည်သဘောပေါက်လိုသူအပေါင်းတို့သည် ဗျာဒိတ်ကျမ်းအခန်းကြီး(၁၁)ကိုဖတ်ကြပါ။ ကျမ်းချက်တစ်ချက်ခြင်းဖတ်ကာ မြို့ကြီးများတွင်ဖြစ်ပျက်မည့်အရာများကိုလေ့ကျက်ပါ။ အခန်းကြီး(၁၈)တွင်ဖော်ပြထားသောအရာများကိုလည်း လေ့လာပါ။ MR, p. 1518 (May 10, 1906).

မြေကလေးတစ်ကွက်နှင့်စိတ်လက်ချမ်းချမ်းသာသာနေထိုင်နိုင်မည့်အိမ်ကလေးတစ်လုံးပိုင်ဆိုင်ထားသည့် ဖခင်၊မိခင်များသည် ရှင်ဘုရင်များနှင့်မိဖုရားများဖြစ်ကြသည်။ AH, p. 141 (1894).

**နယ်ရှိအခြေစိုက်စခန်းများမှသွား၍**
**အမှုတော်ဆောင်ရမည့်မြို့ကြီးများ**

ကျွန်ုပ်တို့သည် ပညတ်တော်ကိုစောင့်ရှောက်သူများပီပီ မြို့ကြီးများကိုစွန့်ခွာကြရမည်။ ဧနောက်ကဲ့သို့မြို့ကြီးများထဲတွင် မနေထိုင်ဘဲ မြို့ကြီးများထဲ၌ အမှုတော်ဆောင်ကြရမည်။ Ev, pp. 77, 78 (1899).

နယ်ရှိအခြေစိုက်စခန်းများမှသွား၍ မြို့ကြီးများတွင်အမင်တော်ဆောင်ကြရမည်။ "မြို့ကြီးတွေကို သတိမပေးရတော့ဘူးလား၊ ပေးရပါတယ်။ ဤကမ္ဘာကြီးပေါ်တွင် ဖြစ်ပျက်မည့်အရာများကို မြို့ကြီးများထဲသို့သွားရောက်ကာ သတိပေးဟောပြောကြပါမယ်၊ ဒါပေမယ့် မြို့ကြီးများထဲမှာတော့ မနေကြရပါဘူး" ဟု ဘုရားသခင်၏စေတမန်ကဖွင့်ဆိုခဲ့ပါသည်။ 2SM, p. 358 (1902).

မြို့ကြီးများတွင်အမှုတော်ကို ဗဟိုပြုလုပ်ဆောင်ရမည်မဟုတ်ကြောင်းနှစ်ပေါင်းများစွာကတည်းက ကျွန်ုပ်အားအလင်းပေးတော်မူထားပါသည်။ အလုပ်သမားသမဂ္ဂများနှင့်ဆန္ဒပြသူများကဖန်တီးပေးနေသည့် ဝရုန်းသုန်းကားရှုပ်ရှုပ်ထွေးထွေးအခြေအနေများနှင့်မြို့ကြီးများတွင် ပြည့်နှက်နေသောကြောင့်အမှုတော်လုပ်ငန်းအတွက် အဟန့်အတားဖြစ်လျက်ရှိပါသည်။ 7T, p. 84 (1902).

တိုင်းနိုင်ငံများတွင် ဒုစရိုက်များတိုးပွားလာသည်နှင့်အမျှ သောဒုံမြို့သား လောတကိုသတိပေးသည့်အသံမျိုးကို အစဉ်တစိုက်ကြားနေကြရပါသည်။ အကယ်၍သာ လောတသည် အပြစ်ဒုစရိုက်နှင့်ညစ်ညမ်းနေသောထိုမြို့၌အခြေမချမိခဲ့လျှင် မိမိ၏မိသားစုများကို ဒုစရိုက်အကျင့်များမှ ကင်းရှင်းနိုင်ခဲ့ပါလိမ့်မည်။ မြို့ကြီးများနှင့်အတော်အတန်ဝေးသောဒေသများတွင် ကျွန်ုပ်တို့ပနေထိုင်ခဲ့လျှင်တောင်မှ သောဒုံမြို့၌ လောတ၏မိသားစုများကျူးလွန်ခဲ့သည့် ဒုစရိုက်မျိုးကို ကျူးလွန်နိုင်ကြပါသေးသည်။ Ev, p. 78 (1903).

ယခုလောလောဆယ်တွင် တချို့ပုဂ္ဂိုလ်များသည် ချီကာဂိုမြို့ထဲတွင်မဖြစ်မနေအလုပ်လုပ်ကြရလိမ့်မည်။ မြို့ထဲတွင်လုပ်ရမည့်အရာများကိုဆင်ခြေဖုံးများတွင်အလုပ်စခန်းများဖွင့်ကာ လုပ်ဆောင်နိုင်ရန် ထိုသူများစီစဉ်သင့်ကြပါသည်။ ဘုရားသခင်၏လူတို့သည် အမှုတော်အတွက် ဗဟိုဌာနချုပ်များအဖြစ်အသုံးပြုရန် မိမိတို့၏အနီးအနားရှိ တန်ဖိုးနည်းသောမြေကွက်များကိုရယူကြလိမ့်မည်။ သူတို့သည် ပို၍ကျယ်သောမြေများကိုတွေ့ကာ အံ့အားသင့်စရာကောင်းလောက်အောင် နိမ့်သောဈေးနှုန်းများဖြင့်ဝယ်ယူနိုင်ကြလိမ့်မည်။ Ev, p. 402 (1906).

## သဘာဝပတ်ဝန်းကျင်ရှိကြွယ်ဝသော ကောင်းချီးမင်္ဂလာများ

'မြို့ကြီးများမှထွက်ခွါကြပါ' ဟု တစ်ဖန်ကျွန်ုပ်တို့ပြောလိုက်ပါသည်။ တောတွေ၊ တောင်တွေထဲမှာ သွားရောက်နေထိုင်ရသည်ကို နစ်နာမှုတစ်ခုအဖြစ်မမှတ်ယူကြပါနှင့်၊ ကိုယ်တော်ရှင်၏အလိုတော်နှင့် ကိုယ်တော်ရှင်လိုက်လျှောက်သည့်လမ်းစဉ်ကိုသိရှိနိုင်ရန် သင်တစ်ဦးတည်း အေးဆေးစွာနားနေနိုင်မည့်နေရာကိုရှာပါ။----

ဝိညာဉ်ရေးကောင်းလာအောင်လုပ်ဆောင်ခြင်းအတွက် မိမိ၏ဘဝတစ်ခုလုံးကို မြှုပ်နှံလုပ်ဆောင်သည့်လုပ်ငန်းတစ်ခုကဲ့သို့ ကြိုးစားလုပ်ဆောင်ဖို့

ကျွန်ုပ်တိုက်တွန်းလိုက်ပါသည်။ ခရစ်တော်သည်တံခါးနားသို့ရောက်နေပါပြီ။ ထိုကြောင့် "မြို့ကြီးများမှထွက်ခွာပြီး ကျေးလက်ဒေသများသို့ရွှေ့ပြောင်းဖို့ဆင့်ဆိုနေသည်ကို နစ်နာမှုတစ်ရပ်အဖြစ်မမှတ်ယူကြပါနှင့်" ဟု ကျွန်ုပ်၏မိတ်ဆွေများအား ကျွန်ုပ်ပြောလိုက်ခြင်းဖြစ်ပါသည်။ ထိုနေရာတွင်ကောင်းချီးမင်္ဂလာများကစောင့်ဆိုင်းနေပါသည်။ သဘာဝမြင်ကွင်းများ၊ ဖန်ဆင်းခြင်းလက်ရာတော်များကိုကြည့်ရှုခြင်းအားဖြင့်လည်းကောင်း၊ ဘုရားသခင်လက်ရာတော်များကိုလေ့လာခြင်းအားဖြင့်လည်းကောင်း သင်သည် ထိုပုံအသွင်များကဲ့သို့ မသိမသာပြောင်းလဲသွားလိမ့်မည်။ 2SM, pp. 355,356 (1908).

## ကျေးလက်ဒေသတွင် စာရိတ္တဖွံ့ဖြိုးရန် ပို၍လွယ်ကူခြင်း

မိဘများသည် ၎င်းတို့၏မိသားစုများကို မြို့ကြီးများတွင်စုကြသည်။ အကြောင်းမှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုလုပ်ဖို့ ကျေးလက်ဒေသမှာထက်ထိုနေရာများမှာပို၍လွယ်ကူသည်ဟုသူတို့သဘောရကြသည်။ သို့ရာတွင်သားသမီးများမှာ ကျောင်းပညာကိုမရဘဲ လမ်းပေါ်ကပညာကိုရတတ်ကြပါသည်။ သူတို့သည် လူဆိုးလူရိုင်းများထံမှ ဒုစရိုက်အကျင့်ဆိုးများနှင့်အပျော်အပါးလိုက်စားတတ်သည့် ပညာများကိုရကြပါသည်။ 5T, p. 232 (1882).

စိတ်တန်ခိုးများကျဆင်းပြီး စာရိတ္တပျက်ပြားအောင်လုပ်ဆောင်ဖို့စောင့်ဆိုင်းနေသောစုံစမ်းနှောင့်ယှက်ခြင်းများတည်ရှိရာ မြို့ကြီးများတွင်သင့်သားသမီးများကိုကျောင်းထားကြည့်ပါ။ သင်တို့နှစ်ဦးစလုံး၏စာရိတ္တတည်ဆောက်ရေးအလုပ်သည် ဆယ်ဆခန့်ပိုပြီးခက်သွားလိမ့်မည်။ FE, p. 326 (1894).

မြို့ကြီးများ၌စုံစမ်းနှောင့်ယှက်ခြင်းများနှင့်ပြည့်လျှံနေပါသည်။ ထိုညစ်ညမ်းမှုများနှင့်ဝေးနိုင်သမျှဝေးသည့်နေရာတွင် သင်၏သားသမီးများကိုထားနိုင်ရန် ကျွန်ုပ်တို့၏အလုပ်အကိုင်များကိုပြင်ဆင်သင့်ပါသည်။ AH, p. 136 (1902).

မိမိတို့၏မိသားစုများကို မြို့ကြီးများထဲမှ ဆိတ်ငြိမ်သောဒေသများသို့ခေါ်သွားဖို့အချိန်ရောက်လာပါပြီ။ အကယ်၍ပြောင်းရွှေ့မသွားကြလျှင် လူငယ်ရော လူကြီးများပါ စာတန်၏ကျော့ကွင်းတွင်ဖမ်းမိသွားကြလိမ့်မည်။ 8T, p. 101 (1904).

မြို့ကြီးများထဲတွင်နေရသည့်အတွက်ကြောင့် မိသားစုတစ်ရာတွင် တစ်မိသားစုပင် ကိုယ်၊ စိတ်၊ ဝိညာဉ်ခွန်အားများတိုးတက်လာသည်ဟူ၍ မရှိခဲ့ဖူးပါ။ တောတောင်၊ သစ်ပင်၊ လယ်ကွင်းကြီးများနှင့်ပြီးသော ဆိတ်ငြိမ်ဒေသများတွင် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်းနှင့်ပျော်ရွှင်မှုများကိုပို၍ပင်ရရှိနိုင်ကြသည်။ မြို့ကြီးများရှိမြင်ကွင်းနှင့်အသံဗလံများမှလည်းကောင်း၊ လမ်းပေါ်တွင်သွားလာနေသောကားများ၊ လူများထံမှထွက်ပေါ်လာသောဂျိုးဂျိုးဂျောက်ဂျောက်စီစီညံညံအသံများမှလည်းကောင်း ဝေးရာနေရာသို့သားသမီးများကိုခေါ်သွားကြပါ။ ၎င်းတို့၏စိတ်များသည်ပို၍လန်းဆန်းလာပါလိမ့်မည်။ နှုတ်ကပတ်တော်မှသမ္မာတရားများကို စိတ်နှလုံးထဲတွင် မှတ်သားရန် ပို၍လွယ်ကူသွားပါလိမ့်မည်။ AH, p. 137 (1905).

**ကျေးလက်ပတ်ဝန်းကျင်တွင် ကျန်းမာရေး**
**ပိုမိုကောင်းမွန်ခြင်း**

အမြဲတစေ ဝရုန်းသုန်းကား ရှုပ်ရှုပ်ထွေးထွေးဖြစ်နေလေ့ရှိသည့် မြို့ကြီးများတွင် ကျွန်ုပ်တို့အခြေချနေထိုင်ရန် ထာဝရဘုရားသခင်အလိုမရှိပါ။ ခန္ဓာကိုယ်စနစ်တစ်ခုလုံးသည် သုတ်သီးသုတ်ပျာသွားလာလုပ်ဆောင်နေသည့်မြင်ကွင်းနှင့်ဆူဆူညံညံအသံများကြောင့်၊ အားလျော့သွားစေသည့်အတွက်ကြောင့် သားသမီးများကို ဤနေရာများတွင် မထားသင့်ကြပါ။ 2SM, p. 357 (1902).

ခြေချစရာမြက်ခင်းစိမ်းစိမ်းကလေးတစ်ကွက်ပင်မရှိ၊ ပေရေညစ်ပတ်နေသောအိမ်များ၊ လမ်းကြိုလမ်းကြားများ၊ အုန်နံ့ရုံများ၊ လူသွားလမ်းများနှင့်တကွ ဖုန်များ၊ မီးခိုးများနှင့်ပြီးသောကောင်းကင်ယံကြီးကိုသာ တစ်နှစ်ပြီး

တစ်နှစ်ကြည့်နေခဲ့ရသော ထိုမြို့နေလူတန်းစားများအား စိမ်းလန်းသော လယ်ကွင်းများ၊ တောတန်းနှင့်တောင်ကုန်းများ၊ ရေချောင်းများ၊ လေကောင်းလေသန့်နှင့်တကွ ရှင်းလင်းသာယာသော မိုးကောင်းကင်ကြီးများနှင့်ပြီးသော စိုက်ပျိုးထွန်းယက်နိုင်သည့် ဒေသတစ်ခုသို့ခေါ်ဆောင်နိုင်ခဲ့မည်ဆိုလျှင် ကောင်းကင်နိုင်ငံတော်သို့ရောက်နေသည့်အလား ၎င်းတို့ပျော်ရွှင်ကြလိမ့်မည်။ MH, pp. 191, 192 (1905).

မြို့ကြီးများရှိရပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်များသည် မကြာခဏ ကျန်းမာရေးကိုထိခိုက်စေလျက်ရှိသည်။ ရောဂါများ၊ ညစ်ညမ်းသောလေ၊ မသန့်ရှင်းသောရေ၊ ရောဂါပိုမကင်းသောအစာများ၊ မှောင်မည်းပြီး လူပြည့်ကျပ်နေသောနေအိမ်များစသည်တို့မှာ ၎င်းတို့မဖြစ်မနေရင်ဆိုင်တွေ့ထိနေရသည့်အရာများဖြစ်သည်။ တိုက်တန်းလျားများနှင့်တိုက်ခန်းကျဉ်းကလေးများတွင် ပြွတ်သိပ်စွာနေထိုင်ရသည့်မြို့ကြီးများတွင် မိမိ၏လူတို့ကျပ်ကျပ်ညပ်ညပ် နေထိုင်ကြသည်ကို ထာဝရဘုရားသခင်အလိုတော်မရှိပါ။ MH, p. 365 (1905).

## ကိုယ်တိုင်စိုက်ပျိုးမွေးမြူကြပါ

ကိုယ်ပိုင်ဥယျာဉ်များနှင့်ဟင်းသီးဟင်းရွက်ခင်းများကိုတည်ထောင်ကာ အခြေတကျနေထိုင်နိုင်သော မြေကွက်များကိုရနိုင်သည့်ကျေးလက်ဒေသများသို့ မိမိ၏လူတို့ရွှေ့ပြောင်းနေထိုင်သည်ကိုအလိုတော်ရှိနေပါသည်။ ထိုနေရာများတွင် သားသမီးများသည် သဘာဝ၌ရှိသော ဘုရားသခင်၏လက်ရာတော်များကို တိုက်ရိုက်တွေ့မြင်ခံစားနိုင်ကြမည်ဖြစ်သဖြင့် မိသားစုများကိုမြို့ကြီးများထဲမှခေါ်ထုတ်သွားကြပါဟု ကျွန်ုပ်သတင်းပေးပါရစေ။ 2SM, pp. 357,358 (1902).

မိမိတို့ကိုယ်တိုင် စိုက်ပျိုးမွေးမြူပြီး အသက်မွေးနိုင်မည့်ကျေးလက်ဒေသများသို့ ကျွန်ုပ်တို့ယုံကြည်သူများပြောင်းရွှေ့နေထိုင်ကြရမည်ဟု ထာဝရဘုရားသခင်က ကျွန်ုပ်အားထပ်ခါတလဲ ညွှန်ကြားတော်မူခဲ့ပြီးဖြစ်သည်။

အကြောင်းမှာ အနာဂတ်ကာလတွင် ရောင်းဝယ်ခြင်းကိစ္စသည် အထူး အရေးပါသောအရာတစ်ခုဖြစ်လာပါသည်။ ထိုကြောင့် ထပ်ခါတလဲပေးတော်မူနေသည့် ဤညွှန်ကြားချက်ကို ကျွန်ုပ်တို့သတိပြုလိုက်နာသင့်ကြပါသည်။ ရန်သူများ၏အနှောင့်အယှက်မှကင်းဝေးပြီး အိမ်ခြေမစိပ်သည့် ကျေးလက်ဒေသများတွင်နေကြဖို့ မြို့ကြီးများထဲမှထွက်ခွါကြပါ။ 2SM, p. 141 (1904).

**မြို့ကြီးများ၏အပြင်ဘက်တွင်ကျောင်းများ၊ ဆေးရုံများနှင့်ပုံနှိပ်တိုက်များကိုတည်ထောင်ခြင်း**

အမှုဆောင်များကိုသင်တန်းပို့ချရန် သင့်လျော်စေရုံသာမက သမ္မာတရားကိုမသိသေးသူများနှင့်နာမကျန်းသူများအတွက် အမအစပြုနိုင်ပြီး မြို့ကြီးများကိုချဉ်းကပ်ရန်လွယ်ကူသော ကျေးလက်ဒေသရှိမြေနေရာများကိုရှာတတ်သူ၊ မိမိ၏ရည်ရွယ်ချက်များကိုသာထုတ်ဖေါ်နေတတ်သူများမဟုတ်ဘဲ မှန်ကန်သောဆုံးဖြတ်ချက်များကိုချတတ်သူများအား ခန့်အပ်တာဝန်ပေးကြပါ။ မြို့ကြီးများ၏ပြင်ပရှိ ထိုကဲ့သို့သင့်လျော်သော မြေကွက်များကို ဝယ်ရသည်ဖြစ်စေ၊ အလကားလက်ဆောင်ရသည်ဖြစ်စေ၊ ရအောင်ရှာ၍ သင့်လျော်သော အဆောက်အဦများကိုတည်ထောင်ကြပါ။ ဆူညံသောမြို့ကြီးများထဲတွင် အဆောက်အအုံများကိုမတည်ဆောက်ကြပါနှင့်။ Ev, p. 77 (1909).

**ကူရန်ဘုန်း နယူးဆောက်သ်ဝေးလ်**

ဩစတေလျံကျမ်းစာကျောင်းကို မည်သည့်ဒေသတွင်တည်ထောင်ရမည်နည်း။ ကျောင်းများကိုမြို့ကြီးများထဲတွင်တည်ထောင်ရမည်လား။ သို့မဟုတ် ကျောင်းသားများ၏ ယခင်ပညာရေးစနစ်၏ဩဇာလွှမ်းမိုးမှု ကျရောက်ရန်ခက်ခဲသည့် ထိုမြို့ကြီးများနှင့်မိုင်အနည်းငယ်ကွာဝေးသော ဒေသများတွင်တည်ထောင်ရမည်လား။ မြင်းပွဲများ၊ လောင်းကစားပွဲများနှင့်ဝေးလံသောဒေသများတွင် တည်ထောင်ရမည်လား။

ကျွန်ုပ်တို့သည် ကျောင်းများကိုမြို့ကြီးများထဲတွင်မတည်ထောင်သင့်သည်မှာမှန်သော်လည်း ဝိညာဉ်ရေးအမှောင်ထုတွင် အလင်းထွန်းလင်း

ဖို့၊ လူသားများကိုကောင်းကျိုးပြုဖို့ လက်လှမ်းမမီနိုင်လောက်သည့်အထိ ဝေးလံသောနေရာများတွင် မတည်ထောင်သင့်ပါ။ FE, pp. 310,313 (1894).

ဝိညာဉ်ရေးမှောင်မိုက်ကျနေသောမြို့ကြီးများ၌ အလင်းတရား ထွန်းလင်းရန်မဖြစ်နိုင်လောက်အောင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော နေရာများမှလွဲ၍ ကျန်သောနေရာများရှိမြေကွက်များကိုဝယ်ဖို့ ကျွန်ုပ်အား မိန့်တော်မူနေပါသည်။ မြေဝယ်ခြင်းနှင့်စပ်လျဉ်း၍ တားမြစ်ချက်မှာ ဤတစ် ခုသာရှိသည်ဟုထင်ပါသည်။ မည်သည့်မြို့ကြီးများထဲတွင်မဆို စာသင်ကျောင်း များကိုတည်ထောင်ရန်ကိုမူ အကြံပေးတော်မမူပါ။ 8MR, p. 137 (1804).

စာသင်ကျောင်းတည်ဆောက်မည့်နေရာနှင့်ပတ်သက်၍ ဤမိန့်ဆို ချက်သည် မှန်ကန်သည်ဟု ယခင်ကထက် ယခုတွင် ကျွန်ုပ်သဘောပေါက်လာ ပါသည်။ 8MR, p. 360 (1894).

**ဟန့်စ်ဘေးလ်၊ အလာဘားမားပြည်နယ်**

မြို့ကြီးများထဲမှထွက်ခွါလာလိုလျက်ရှိသော ကျွန်ုပ်တို့၏လူတို့ အတွက် ဈေးနှုန်းချိုချိုသာသာဖြင့် အိမ်များကိုဝယ်ယူရရှိနိုင်ရန်နှင့်အလုပ် အကိုင်များရရှိနိုင်ရန် ဂရေးစ်ဘေးလ် နှင့်ဟန့်စ်ဘေးလ်ရှိ စာသင်ကျောင်း များတွင် တာဝန်ထမ်းဆောင်နေသူများ ကြည့်ရှုရှာဖွေပေးသင့်ပါသည်။ Letter, p. 25 (1902).

ဟန့်စ်ဘေးလ်ကျောင်းအတွက်လယ်ကွင်းများကို ဘုရားသခင်၏အစီ အစဉ်အရဝယ်ဖြစ်ခဲ့ပါသည်။ နေရာကောင်းတစ်ခုဖြစ်သည်။ ထိုမြေကွက်၏ အနီးပတ်ဝန်းကျင်တွင် နေ့ကလေးထိန်းဌာနကြီးများတည်ရှိနေရာ ဟန့်စ်ဘေးလ်ကျောင်း၌ ပညာသင်နေသောကျောင်းသားများသည်ကျောင်း စရိတ်ရရန် ထိုနေ့ကလေးထိန်းကျောင်းများတွင် နွေရာသီအချိန်၌ အလုပ် လုပ်ကြရပါသည်။ SpT-B(12)11 (1904).

---

၁။ ချာတာနူဂါ၏မြောက်ဘက်မိုင်(၅၀) အကွာရှိ မြေ(၉)ဧကပေါ်တွင် တည်ဆောက်ထား သော ဂရေးစ်ဟေးလ်ကျောင်းသည် လူဦးရေ (၂၀၀) ခန့်ရှိရွာတစ်ရွာနှင့် ဆက်လျက် တည်ရှိနေသည်။ ထိုနေရာသို့ ၁၉၁၆ ခုနှစ်တွင် ပြောင်းရွှေ့ခဲ့သည်။

ဧက(၃၀၀)ကျော်ပေါ်တွင်တည်ရှိနေသော ထိုဟန့်စ်ဘေးလ်မြေကွက်ကြီးသည်အလွန်လှပပါသည်။ စက်မှုသင်တန်းများပေးရန်နှင့်သီးနှံများစိုက်ပျိုးရန်အလွန်သင့်လျော်ပါသည်။ SpT-B(12x)13 (1904).

"ဟန့်စ်ဘေးလ်မှာရှိတဲ့ကျောင်းမြေကိုရောင်းပြီး မြေကလေးတစ်ကွက်ကိုဝယ်ရင်မကောင်းဘူးလား" ဟု ယခုလောလောဆယ်တွင် ကျွန်ုပ်အားမေးလာပါသည်။ ထိုကျောင်းမြေကိုမရောင်းရမည့်အကြောင်း၊ လူမည်းများအတွက်ကျောင်းဖွင့်ကာ အမှုတော်ဆောင်ရန် ထိုကျောင်း၌အခွင့်အလမ်းများစွာရှိကြောင်း ကျွန်ုပ်အားညွှန်ကြားတော်မူထားပါသည်။ SpM, p. 359 (1904).

### ဘားရင်းစပရင်း(စ်)၊ မက်ချီဂန်ပြည်နယ်

မက်ချီဂန်ပြည်နယ်တောင်ပိုင်းရှိ ဘားရင်းစပရင်းစ်မှာ ကျောင်းဖွင့်ဖို့စိတ်ကူးရှိကြောင်း ကျွန်ုပ်ကြားသိရသည်။ ထိုနေရာနှင့်ပတ်သက်၍ဖော်ပြချက်များကြောင့် ကျွန်ုပ်စိတ်ကြည်နူးသွားခဲ့သည်။ ထိုကျောင်းသည်ဘားရင်းစပရင်းစ်ဒေသအတွက် သရုပ်ပြသင်ခန်းစာတစ်ခုဖြစ်လာနိုင်သည်။ ဤကိစ္စနှင့်ပတ်သက်သည့် အကောင်အထည်ဖော်လုပ်ဆောင်မှုများကို မည်သူကမျှတားဆီးပိတ်ပင်လိမ့်မည်မဟုတ်ဟု ကျွန်ုပ်မျှော်လင့်မိပါသည်။ 4MR, p. 407 (July 12, 1901).

ထိုကျောင်းအတွက်နေရာရွေးချယ်ရတွင် ကျွန်ုပ်တို့၏လူတို့အားထာဝရဘုရားသခင်လမ်းပြတော်မူခဲ့ပါသည်။ ကျောင်းတည်ဆောက်မည့်နေရာဒေသတွင်ရှိသင့်သည့်အရာများကို ကျွန်ုပ်အားညွှန်ကြားထားပြီးဖြစ်ရာဤနေရာသည် ထိုအရည်အသွေးများနှင့်ကိုက်ညီပါသည်။ မြို့ကြီးများနှင့်လည်းဝေးကွာသည်၊ စိုက်ပျိုးရေးလုပ်ရန်လည်း မြေကွက်ကျယ်သည်၊ နေအိမ်များကိုခပ်ကျဲကျဲဆောက်ဖို့လည်းမြေနေရာရှိသည်၊ ထွန်ယက်စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ကျောင်းသားများကိုပညာပေးဖို့ မြေကွက်အကျယ်ကြီးလည်းရှိနေပါသည်။ RH, Jan . 28 (1902).

မစ္စတာမော်ဂန်နှင့်ဆုသာလင့်တို့သည် ကျွန်ုပ်တို့၏ကောလိပ်ကျောင်းကို ဘယ်တယ်ခရိမှ ဘားရင်းစပရင်းစ်သို့ပြောင်းရွှေ့မှုတွင် ဘုရားသခင်ပေးတော်မူသည့်အလင်းတရားနှင့်အညီဆောင်ရွက်ခဲ့ကြသည်။ ၎င်းတို့သည် အခက်အခဲများကြားမှ ကြိုးစားလုပ်ဆောင်ခဲ့ကြသည်။ ထာဝရဘုရားသခင်သည် ၎င်းတို့နှင့်အတူရှိတော်မူကာ ၎င်းတို့၏လုပ်ဆောင်မှုများကို မှတ်တော်မူခဲ့ပါသည်။ 4MR, pp. 260 261 (1904).

## စတိုးဟမ်း၊ မက်ဆက်ချူးဆက်ပြည်နယ်

ထာဝရဘုရားသခင်သည် နယူးအင်္ဂလန်မှာ အခွင့်အရေးယူခြေချလုပ်ဆောင်ရန် မိမိ၏အမှုဆောင်များအားလမ်းဖွင့်ပေးတော်မူခဲ့သည်။ အရေးကြီးသောအမှုတော်လုပ်ငန်းများကိုလုပ်ဆောင်ရန် သင့်လျော်သည့်ဒေသတစ်ခုဖြစ်ပါသည်။ ဒေသခံယုံကြည်သူများသည် လန်ကတ်စတာတောင်ပိုင်းရှိဆေးရုံကို ဘော်စတွန်မြို့နှင့်နီးသော မဲလ်ရို့စ်ဒေသသို့ပြောင်းရွှေ့ရန် စွမ်းဆောင်နိုင်ခဲ့ကြသည်။ မဲလ်ရို့စ်ဒေသသည် လူနာများအားကျန်းမာရေးပြန်လည်ကောင်းမွန်စေဖို့ အခြေအနေများနှင့်ပြည့်စုံပြီး ရှုပ်ထွေးဆူညံသောမြို့ကြီးနှင့်လည်းအတော်အတန်ဝေးကွာနေပါသည်။ နယူးအင်္ဂလန်ရှိထိုဆေးရုံကို ဘော်စတွန်အနီးရှိ ပို၍ကောင်းသော ထိုဒေသသို့ပြောင်းရွှေ့ခြင်းအရာသည် ဘုရားသခင်၏အစီအစဉ်ပင်ဖြစ်သည်။

ကျွန်ုပ်တို့လျှောက်ရမည့်လမ်းကို ထာဝရဘုရားသခင်ပြင်ဆင်လမ်းပြနေသောအချိန်တွင် ရှေ့ဆက်ရမည့်လုပ်ငန်းများအတွက် မေးခွန်းထုတ်ခြင်း၊ အားပေးမှု၊ အကြံပေးမှုများကိုလုပ်ဆောင်ရန်ငြင်းဆိုခြင်းများအားဖြင့် အမှုတော်ကို မဟန့်တားကြရန် ထာဝရဘုရားသခင်တားမြစ်တော်မူပါသည်။ ထိုဆေးရုံကို လန်ကတ်စတာတောင်ပိုင်းမှ မဲလ်ရို့စ်သို့ပြောင်းရွှေ့ခြင်းအရာသည် ဘုရားသခင်၏ညွှန်ကြားမှုပင်ဖြစ်ကြောင်း ကျွန်ုပ်အား ရူပါရုံအားဖြင့် အသိပေးတော်မူခဲ့သည်။ SpT-B(13) 3 (1902).

**တိုကိုမာပတ်(က်)၊ ဝါရှင်တန်ဒီစီ**

ကျွန်ုပ်တို့၏စာသင်ကျောင်းနှင့်ဆေးရုံတည်ဆောက်ရန် ရရှိထားသည့် မြေနေရာသည် နှစ်သက်စရာကောင်းပါသည်။ ဘုရားသခင်က ကျွန်ုပ်အား ရူပါရုံပေးခဲ့သည့် မြေကွက်နှင့်လည်းဆင်တူပါသည်။ အသုံးပြုရန်ရည်ရွယ်ထားသည့်အတိုင်း သင့်လျော်အောင်ပြင်ဆင်အသုံးပြုနိုင်မည့် မြေကွက်ဖြစ်ပါသည်။ ကျောင်းတစ်ကျောင်းနှင့်ဆေးရုံတစ်ခုတည်ဆောက်ရန် မြေနေရာလုံလောက်သည့်ပြင် ပတ်ဝန်းကျင်လေထုသည် သန့်ရှင်းရုံသာမက ရေကောင်းရေသန့်များလည်းရှိနေပါသည်။ သန့်ရှင်းကြည်လင်သည့် ရေချောင်းတစ်ခုသည် ထိုမြေကွက်၏အလယ်တွင်ဖြတ်၍ မြောက်မှတောင်သို့ စီးဆင်းနေပါသည်။ ဤရေချောင်းကလေးသည် ရွှေငွေရတနာများထက်တန်ဖိုးရှိလှသည်။ အဆောက်အအုံနေရာများသည်လည်း ရေစီးရေလာကောင်းမွန်သည့်နေရာများတွင်တည်ရှိနေပါသည်။

တစ်နေ့တွင် တိုကိုမာပတ်(က်)ဒေသအနှံ့သို့ ကားဖြင့် ကျွန်ုပ်တို့လျှောက်ကြည့်ကြပါသည်။ ထိုမြို့၏ဧရိယာအများစုကို သစ်တောကြီးများဖြင့်ဖုံးလွှမ်းထားပါသည်။ အိမ်များသည် မငယ်ကြရုံသာမက ပြွက်သိပ်နေခြင်းလည်းမရှိကြပါ။ ကျယ်ကျယ်ဝန်းဝန်းရှိလှပါသည်။ ၎င်းတို့ကို ဝက်သစ်ချပင်များ၊ ထင်ရှူးပင်များနှင့်တကွ လှပသောသစ်ပင်များနှင့်ဝန်းရံထားပါသည်။ အိမ်ပိုင်ရှင်အများစုသည် စီးပွားရေးသမားများဖြစ်သည်။ ဝါရှင်တန်တွင် ရုံးတက်ရသည့်ရုံးဝန်ထမ်းများလည်း ထိုဒေသတွင်နေထိုင်ကြသည်။ သူတို့သည် ဝါရှင်တန်သို့နေစဉ်သွား၍ရုံတက်ကြပြီး ညနေပိုင်းတွင် ဆိတ်ငြိမ်သာယာသော ၎င်းတို့၏နေအိမ်များသို့ပြန်လာအနားယူကြသည်။

စာတိုက်နှင့်များစွာမဝေးကွာသည့် နေရာကောင်းတစ်ခုတွင် ပုံနှိပ်တိုက်အတွက်မြေကွက်တစ်ကွက်ကိုရွေးချယ်ခဲ့ကြသည်။ အစည်းဝေးခန်းမတည်ဆောက်ရန်မြေကွက်ကိုလည်းတွေ့ခဲ့ကြပါသည်။ တိုကိုမာပတ်(က်)သည် ကျွန်ုပ်တို့အတွက် အသင့်ပြင်ထားသည့်ဒေသတစ်ခုပမာဖြစ်နေရုံသာမက ကျွန်ုပ်

တို့၏ဆေးရုံများ၊ ကျောင်းများနှင့် အလုပ်အမှုဆောင်များကို စောင့်စားနေသယောင်ဖြစ်နေပါသည်။ ST, June 15 (1904).

ထာဝရဘုရားသခင်သည် ဤကိစ္စကိုကျွန်ုပ်အား တိုက်ရိုက်ဖော်ပြထားပါသည်။ ဘယ်တယ်ခရိတွင် တည်ထောင်လုပ်ဆောင်နေသော စာပုံနှိပ်တိုက်ကို ဝါရှင်တန်အနီးသို့ပြောင်းရွှေ့သင့်ပါသည်။ ကာလအတန်ကြာသောအချိန်တွင် ဝါရှင်တန်မှပြောင်းရွှေ့ပါဟု ထာဝရဘုရားသခင်မိန့်တော်မူလျှင်လည်း ကျွန်ုပ်တို့ပြောင်းရွှေ့ကြရပါလိမ့်မည်။ RH, Aug. 11 (1903).

**မက်ဒီဆင်၊ တန်နက်ဆီပြည်နယ်**

တောင်ပိုင်းတွင် ၎င်းတို့လုပ်ဆောင်လိုသောအမှုတော်အကြောင်းပြောဆိုစဉ် နက်ချ်ဘေးနှင့်ဝေးလံသောတစ်နေရာ၌ စာသင်ကျောင်းတစ်ကျောင်းတည်ထောင်ရန် မစ္စတာမော်ဂန်တို့ကပြောလာသောအခါ ကျွန်ုပ်အံ့အားသင့်သွားပါသည်။ ကျွန်ုပ်ရရှိသည့်အလင်းတရားအရာ တောင်ပိုင်းသို့သွားရောက်လုပ်ဆောင်ရန်မှာ မှန်ကန်သောအရာမဟုတ်ကြောင်း သိရသဖြင့် သိသည့်အတိုင်းပင် ကျွန်ုပ်ဖွင့်ဟခဲ့ပါသည်။ မစ္စတာမော်ဂန်တို့နှစ်ဦးမှာ ဘားရင်းစပရင်းစ်တွင်အတွေ့အကြုံရခဲ့သူများဖြစ်သောကြောင့် နက်ချ်ဘေးတွင်လုပ်ဆောင်ရန် လွယ်ကူနိုင်ပါသည်။ ထိုအရပ်တွင်အမှုတော်ဆောင်နေသူများအား အကြံဉာဏ်များပေးနိုင်မည်ဖြစ်သောကြောင့် နက်ချ်ဘေးနှင့်မလှမ်းမကမ်းတွင် တည်ဆောက်မည့် ထိုကျောင်းတွင်အမှုတော်ဆောင်ရမည့်အမှုဆောင်များအတွက် ထိုကျောင်းသည် ကြီးမားသောကောင်းချီးမင်္ဂလာဖြစ်လာလိမ့်မည်။

ကျောင်းဆောက်ရန် မြေကွက်ရှာဖွေကြရာ နက်ချ်ဘေးနှင့်(၉)မိုင်အကွာ၌ရှိသော ဧက(၄၀၀)ကျယ်ဝန်းသော မြေကွက်တစ်ခုကိုတွေ့ကြပါသည်။ လယ်ကွင်းများ၏အကျယ်အဝန်းနှင့်အခြေအနေ နက်ချ်ဘေးနှင့်ခရီးအကွာအဝေးနှင့်တကွ ရောင်းမည့်ဈေးနှုန်းများသည် အစစအရာရာအဆင်ပြေပုံပေါ်နေပါသည်။ ထိုကြောင့် ထိုမြေကွက်ကိုဝယ်ဖို့ ကျွန်ုပ်တို့အကြံပြုခဲ့ကြပါသည်။ RH, Aug. 38 (1904).

**ကုန်းမြင့်သာ၊ ကာလီဖိုးနီးယား**

အုတ်ကလန်တွင်ရှိသော ပုံနှိပ်တိုက်ကိုပြောင်းရွှေ့ရန်ညွှန်ကြားချက်ကို ကျွန်ုပ်အား ဘုရားသခင်ပေးသနားတော်မူခဲ့ပါသည်။ အချိန်တွေကြာညောင်းလာသည်နှင့်အမျှ မြို့ကြီးမှာလည်းကြီးမားလာရာ အလုပ်သမားများအတွက်နေရာထိုင်ခင်းလုံလုံလောက်လောက်ပေးနိုင်မည့် ဆင်ခြေဖုံးဒေသများသို့ ပုံနှိပ်တိုက်ကိုပြော်င်းရွှေ့တည်ထောင်ရန် ယခုတွင်လိုအပ်လာပါသည်။ ပုံနှိပ်ထုတ်ဝေခြင်းနှင့်စပ်ဆိုင်ကာ ရုံးဝန်ထမ်းများသည် လူနေထူထပ်သောမြို့ကြီးများတွင် မဖြစ်မနေနေထိုင်ကြရန်မဟုတ်ဘဲ ကုန်ကျစရိတ်သက်သာစွာဖြင့်နေထိုင်နိုင်မည့်အိမ်များကို ရရှိနိုင်သောအခွင့်အရေးများရှိသင့်ကြပါသည်။ FE, p. 492 (1904).

ကုန်းမြင့်သာ (Mountain View) မြို့သည် အခွင့်အရေးကောင်းများနှင့်ပြည့်စုံသောမြို့တစ်မြို့ဖြစ်သည်။ မြို့ကိုသစ်သီးခြံများနှင့်ဝန်းရံထားပြီး ရာသီဥတုမှာ အသီးအနှံမျိုးစုံစိုက်ပျိုးနိုင်သည့် သမပိုင်းဇုန်ရှိရာသီဥတုမျိုးဖြစ်သည်၊ မြို့မှာများစွာမကျယ်သော်လည်း လျှပ်စစ်မီးရှိသည်၊ စာတိုက်ရှိသည်၊ မြို့များတွင်သာမြင်တွေ့ရသောအခြားအခွင့်အရေးများလည်းရှိနေပါသည်။ Letter, p. 141 (1904).

ကျွန်ုပ်တို့၏ပုံနှိပ်ထုတ်ဝေရေးရုံးခန်းကို ကုန်းမြင့်သာသို့ ပြောင်းရခြင်းအတွက် တချို့ကအံ့ဩနေကြသည်။ မြို့ကြီးများကို စွန့်ခွာကြရန် မိမိ၏လူတို့အား ထာဝရဘုရားသခင်မိန့်ဆိုနေရာ ကျွန်ုပ်တို့၏ကျောင်းများသို့လာရောက်ပညာသင်ကြသော လူငယ်များအား ထိုမြို့ကြီးများ၏စုံစမ်းနှောင့်ယှက်ခြင်းနှင့်စာရိတ္တပျက်ပြားမှုများအကြားတွင် မထားသင့်ပါချေ။ ပုံနှိပ်တိုက်အတွက်ကုန်းမြင့်သာသည် နှစ်သက်စရာကောင်းသည့် နေရာတစ်ခုဖြစ်ပါသည်။ CL, p. 29 (1905).

**လိုမာလင်ဒါ၊ ကာလီဖိုးနီးယားပြည်နယ်**

စန္ဒီယာဂိုမှ(၇)မိုင်ဝေးသည့် ပါရာဒိုက်ဘယ်လီ၌ ဆေးရုံတစ်ရုံ၊ လော့စ်အင်ဂျယ်လိစ်မှ(၈)မိုင်ဝေးသည့် ဂလီန်းဒေးလ်၌ ဆေးရုံတစ်ရုံရှိနေသဖြင့်

ထာဝရဘုရားသခင်ကို ကျွန်ုပ်တို့ကျေးဇူးတင်မိပါသည်။ ၎င်းပြင် လော့စ်အင်ဂျယ်လိစ်၏ အရှေ့ဘက်(၆၂)မိုင်အကွာ၊ ရက်ဒ်လင့်ရေဓာဆိုက်နှင့်စန်ဘာနာဒီ ယိုတို့နှင့်နီးကပ်စွာတည်ရှိနေသော လိုမာလင်ဒါရှိလှပကျယ်ပြန့်သော မြေကွက် အတွက်လည်း ကျေးဇူးတော်ချီးမွမ်းမိပါသည်။ ကျွန်ုပ်မြင်ဖူးသမျှတွင် လိုမာလင်ဒါဆေးရုံအဆောက်အအုံသည် အလှပဆုံးဆေးရုံများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ LLM, p. 141 (1905).

ထာဝရဘုရားသခင်သည် လိုမာလင်ဒါကို ဆေးဖက်ဆိုင်ရာ သာသနာပြုသင်တန်းအတါက် ဗဟိုဌာနချုပ်တစ်ခုအဖြစ် အထူးသတ်မှတ်ထား တော်မူပါသည်။ Letter, p. 188 (1907).

ဤနေရာတွင်ကျောင်းတစ်ကျောင်းကို အံ့ဩဖွယ်အကျိုးပြုနိုင်သည့် အရာများစွာရှိပါသည်။ လယ်ကွင်းများ၊ သစ်သီးခြံများ၊ ကျွဲနွားစားကျက်မြေ များ၊ ကြီးမားသည့်အဆောက်အအုံများမှအစ အလှအပမျိုးစုံတို့သည် မဟာ ကောင်းချီးမင်္ဂလာများဖြစ်ပါသည်။ LLM, p. 310 (1907).

လိုမာလင်ဒါမြို့၌ အံ့ဩဖွယ်အကျိုးပြုနိုင်သည့်အရာများစွာရှိပါသည်။ ဤနေရာတွင်ရောက်ရှိနေသူများသည် ဆေးဖက်ဆိုင်ရာ သာသနာပြုများ ဖြစ်လာရန်အခွင့်အရေးများကို သစ္စာရှိစွာအသုံးချမည်ဆိုလျှင် ပတ်ဝန်းကျင်ရှိ လူအပေါင်းတို့ကို သူတို့အလင်းပြကြပါလိမ့်မည်။ ကျွန်ုပ်တို့အား ဉာဏ်ပညာ များကိုမျှဝေပေးရန်အလို့ငှါ ထာဝရဘုရားသခင်ထံတော်တွင် ကျွန်ုပ်တို့နေ့စဉ် ဆုတောင်းကြရမည်။ Letter, p. 374 (1907).

ဤနေရာတွင် ကျောင်းတစ်ကျောင်းအတွက်သော်လည်းကော်း၊ ဆေးရုံတစ်ရုံအတွက်သော်လည်းကောင်း စံပြအခွင့်အလမ်းများရှိနေပါသည်။ ကျောင်းသားများနှင့်လူနာများအတွက်လည်း မဟာအခွင့်အလမ်းများရှိနေပါ သည်။ ရှေးပုရောဖက်ကျောင်းများ၏စည်းမျဉ်းများကိုအခြေပြုကာ ဖွင့်လှစ် သည့်ကျောင်းမျိုး ဤနေရာတွင်တစ်ကျောင်းရှိသင့်သည်ဟု ကျွန်ုပ်အား ညွှန်ကြားတော်မူပါသည်။ သမားတော်များသည် ဤနေရာတွင် ပညာသင်ယူကြရန်ဖြစ်သည်။ MM, pp. 75, 76 (1907).

**အင်ဂွင်း၊ ကာလီဖိုနီးယားပြည်နယ်**

ဤကျောင်းကိုကျွန်ုပ်ကြည့်လိုက်ရာ အခြားကျောင်းများထက် အစစအရာရာသာလွန်နေကြောင်းတွေ့ရပါသည်။ ဤနေရာထက်ပို၍ကောင်းသောနေရာမျိုးမရှိနိုင်တော့ပါ။ ထိုကျောင်းသည် စိန့်ဟယ်လင်နာမြို့နှင့်(၈) မိုင်အကွာအဝေးတွင်တည်ရှိပြီး မြို့ကြီးများ၏စုံစမ်းခြင်းများနှင့်ကင်းလွတ်သောကျောင်းတစ်ကျောင်းဖြစ်သည်။

ကျောင်းသားများအတွက် တဲအိမ်များကိုအခါအားလျော်စွာတည်ဆောက်ရမည်ဖြစ်ရာ တတ်ကျွမ်းသောဆရာများ၏ညွှန်ကြားမှုအောက်တွင် ကျောင်းသားများကိုယ်တိုင်ဆောက်လုပ်နိုင်ကြပါသည်။ သစ်များကိုလည်း ကျောင်းမြေထဲမှာပင်အလွယ်တကူရရှိနိုင်ပြီး ဆောက်လုပ်မှုပညာများကိုလည်း ကျောင်းသားများအားသင်ကြားပေးနိုင်ပါသည်။

သောက်ရေသန့်အတွက်လည်း စိတ်ပူစရာမလိုပါ။ ဘုရားသခင်က အခမဲ့ပြင်ဆင်ပေးထားတော်မူပါသည်။ ထိုအခွင့်ထူးများအတွက် မည်သို့ကျေးဇူးတင်ရမည်ကိုပင် ကျွန်ုပ်မသိပါတော့ချေ။

**ကျွန်ုပ်တို့လိုအပ်သောအရာကို ကိုယ်တော်သိထားတော်မူကြောင်း** ကိုလည်းကောင်း၊ ကျွန်ုပ်တို့အား ဤနေရာသို့ပို့ဆောင်သူမှာ ကိုယ်တော်ရှင်ဖြစ်ကြောင်းကိုလည်းကောင်း ကျွန်ုပ်တို့သဘောပေါက်ပါသည်။ ဤနေရာမှာ ကျွန်ုပ်တို့ရှိနေမည်ကို ကိုယ်တော်ရှင်အလိုတော်ရှိသဖြင့် ကျွန်ုပ်တို့အား ဤနေရာတွင်ထားတော်မူပါသည်။ ဤနေရာသို့ရောက်လာစဉ်တွင် ဤသို့ပင် ကျွန်ုပ်တို့သဘောပေါက်မိပါသည်။ ဤနေရာသို့သင်ရောက်လာမည်ဆိုလျှင်လည်း ကျွန်ုပ်တို့ကဲ့သို့ပင်ခံစားမိပါလိမ့်မည်။ ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့အတွက် ဤနေရာကို ပြင်ဆင်ထားတော်မူခဲ့ပါသည်။ 1MR, pp. 340, 341, 343 (1909).

---ooo

## အခန်း (၈)
# မြို့ကြီးပြကြီးများ
### မူရင်းမြို့တော်ကိုတည်ဆောက်သူများ

ထာဝရဘုရားသခင်ထံမှ ကျိန်ခြင်းအမင်္ဂလာကိုခံယူရရှိပြီးနောက် ကာဣနသည် ၎င်း၏ဖခင်ထံမှထွက်ခွါသွားခဲ့ပါသည်။ သူသည်ရှေးဦးစွာ လယ်ယာလုပ်ငန်းကိုရွေးချယ်ကာ နောက်ပိုင်းတွင်မြို့တစ်မြို့ကိုတည်ထောင်ခဲ့ ပါသည်။ ထိုမြို့၏အမည်ကို မိမိ၏သားအကြီးဆုံးနာမည်ဖြင့်မှည့်ခေါ်ခဲ့ပါ သည်။ (ကမ္ဘာဦးကျမ်း ၄း၁၇)။ သူသည် ဤလောက၏ဘုရားသခင်ကို ကိုးကွယ်သည့် မဟာလူတန်းစားကြီး၏ ရှေ့တန်းတွင်ရပ်တည်လျက် အပြစ်၏ကျိန်ခြင်းအမင်္ဂလာအောက်တွင် ပစ္စည်းဥစ္စာများကိုရှာဖွေကာ လောကစည်းစိမ်ကိုခံစားရန်အတွက် ဒေဝဥယျာဉ်ကိုပြန်လည်ရရှိမည်ဆိုသည့် ကတိတော်ကိုစွန့်ပစ်ပြီး ထာဝရဘုရားသခင်၏ရှေ့တော်မှောက်မှထွက် သွားခဲ့ပါသည်။ PP, p. 81 (1890).

နောဧ၏သားမြေးများသည် ၎င်းတို့၏သင်္ဘောကြီးဆိုက်သည့် တောင်များတွင် အခိုက်အတန့်အားဖြင့် ဆက်၍နေထိုင်ခဲ့ကြပါသည်။ လူဦးရေ တိုးပွားများပြားလာသည်နှင့်အမျှဖေါက်ပြန်မှုများက အချင်းချင်းကွဲပြားမှုကို ဖြစ်စေခဲ့ပါသည်။ ဖန်ဆင်းရှင်ကိုမေ့လျော့ကာ ပညတ်တော်၏ထိန်းချုပ်မှုကို မခံလိုသူများသည် ဘုရားသခင်ကိုကြောက်ချစ်သူမိတ်ဆွေများ၏သွန်သင် မှုနှင့်ပုံသက်သေပြမှုများကိုမကြားလိုကြတော့ဘဲ ဘုရားသခင်ကိုကိုးကွယ်သူများ နှင့်လမ်းခွဲလိုလာကြပါသည်။ ထို့ကြောင့် ယူဖရိတ်တီးမြစ်ကမ်းခြေရှိ ရှိနာလွင်ပြင်သို့ ၎င်းတို့ထွက်ခွါသွားခဲ့ကြပါသည်။

သူတို့သည် ဤနေရာတွင်မြို့တစ်မြို့တည်ဆောက်ရန်ဆုံးဖြတ်ခဲ့ပါ သည်။ ထိုမြို့တွင်တည်ဆောက်ခဲ့ကြသော မျှော်စင်၏အမြင့်သည် ကမ္ဘာ့ အံ့ဖွယ်တစ်ခုအဖြစ်ထင်ရှားခဲ့ပါသည်။ PP,pp. 118,119 (1890).

**ဒုစရိုက်ကျက်စားရာမြို့ကြီးများ**

အပျော်အပါးနှင့် ကာမဂုဏ်ခံစားမှုလိုက်စားခြင်းများသည် မြို့ကြီးများတွင်ဗဟိုပြုနေသည်။ သားသမီးများကိုအခွင့်အရေးကောင်း ပေးနိုင်မည်အထင်နှင့်မြို့ကြီးများတွင်အခြေချနေထိုင်ရန် ရွေးချယ် မိသောမိဘအများတို့သည် မှန်းချက်နှင့်နမ်းထွက်မကိုက်ဘဲ အလွန်ကြီးမား သော မှားယွင်းမှုအတွက် အချိန်လွန်မှနောင်တရတတ်ကြသည်။ ယနေ့မြို့ကြီး များသည် သောဒုံနှင့်ဂေါမောရမြို့များနှင့်တူလာကြပြီ။ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များကလည်း ၎င်းတို့အားပို၍ပျင်းရိလာစေသည်။ ပွဲလမ်းသဘင်သွားခြင်း၊ မြင်းပွဲ၊ လောင်းကစားပွဲ၊ အရက်ဝိုင်း စသည့် စိတ်လှုပ်ရှားစရာ အစီအစဉ်များကလည်း ၎င်းတို့၏ရမ္မက်များကိုနိုးထစေ သည်။ လူငယ်များသည် လူကြိုက်များရေပန်းစားနေသော ထိုအရာများ ကြောင့် ပျောက်လွင့်ကုန်ကြပါသည်။ COL, p. 54 (1900).

မြို့ကြီးများ၌ ရှုပ်ထွေးမှုများ၊ အကြမ်းဖက်မှုများ၊ ရာဇဝတ်မှုများ နှင့်ပြည့်ဝနေမည်ကိုလည်းကောင်း၊ ထိုအရာများသည် ကပ်ကာလအဆုံးအထိ တဖြည်းဖြည်းတိုးပွားနေလိမ့်မည်ကိုလည်းကောင်း ကျွန်ုပ်အားအလင်း ပေးတော်မူခဲ့ပြီးဖြစ်သည်။ 7T, p. 84 (1902).

ကမ္ဘာအနှံ့ရှိမြို့ကြီးများသည် ဒုစရိုက်ကျက်စားရာနေရာဖြစ်လာ ပါသည်။ ဆိုးယုတ်သောမြင်ကွင်းနှင့်အသံများကိုနေရာတကာတွင် မြင်နေ၊ ကြားနေကြရသည်။ ကာမဂုဏ်လိုက်စားမှုနှင့်အပျော်အပါးလိုက်စားမှုများ အတွက် ဆွဲဆောင်မှုများကို နေရာတကာတွင်တွေ့နေရပါသည်။ MH, p. 363 (1905).

**မြို့ကြီးများပေါ်သို့ပြစ်ဒဏ်စီရင်ချက် ကျရောက်ခြင်း**

ကြောက်လန့်ဖွယ်ဖြစ်ရပ်များသည် ဤကမ္ဘာကြီးပေါ်သို့ကျရောက် လာလိမ့်မည်။ အကြီးအကျယ်ငွေကုန်ကြေးကျခံကာ တည်ဆောက်ထားသော

ဘုရင့်နန်းတော်ကြီးများသည် အပျက်အစီးပုံကြီးများဘဝသို့ အမှန်တကယ် ရောက်သွားကြလိမ့်မည်။ 3MR, p. 312 (1891).

ထာဝရဘုရားသခင်၏တားဆီးပိတ်ပင်ထားခြင်းကိုဖယ်ရှားလိုက်သောအခါ အဖျက်သမားသည် ၎င်း၏အဖျက်လုပ်ငန်းကိုအစပျိုးပါသည်။ ထိုနောက် ကြီးမားသောဘေးဒဏ်များသည် မြို့ကြီးများပေါ်သို့ကျရောက်လာလိမ့်မည်။ 3MR, p. 314 (1897).

ကပ်ကာလအဆုံးသည်ရောက်လုနီးပြီဖြစ်သဖြင့် မြို့ကြီးတိုင်းသည် နည်းလမ်းအမျိုးမျိုးဖြင့် မှောက်ထိုးမှောက်လှန်ဖြစ်ကြလိမ့်မည်။ မြို့ကြီးတိုင်း၌ရှုပ်ထွေးမှုများရှိလိမ့်မည်။ တုန်ခါလို့ရသည့် အရာမှန်သမျှသည် လှုပ်ခါခြင်းကိုခံရလိမ့်မည်။ မည်သည့်အရာများ ဆက်လက်ဖြစ်မည်ကို ကျွန်ုပ်တို့မသိကြပါ။ မြို့နေလူထုကြီး၏ဆိုးယုတ်ခြင်းနှင့်သမ္မာတရားအလင်းကို လက်ခံခြင်းအပေါ်တွင်မူတည်၍ ပြစ်ဒဏ်စီရင်ခြင်းကျရောက်ပါလိမ့်မည်။ 1MR, p. 248 (1902).

ယခုအချိန်တွင်ရပ်တုကိုးကွယ်မှုလက်ထဲသို့အပ်နှံလုနီးနီးဖြစ်နေသည့် ထောင်နှင့်ချီသောမြို့ကြီးများပေါ်သို့ ကျရောက်အံ့ဆဲဆဲဖြစ်သောဖျက်ဆီးမှုများကို ဘုရားသခင့်လူတို့သိမြင်ခံစားခဲ့ကြရပါသည်။ Ev, p. 29 (1903).

မြို့ကြီးများကိုဖျက်ဆီးပစ်တော့မည့်အချိန်သည် ရောက်လာလုပြီ။ ထို့ကြောင့် ထိုပြစ်ဒဏ်စီရင်မှုအကြောင်းကို မြို့သားများထံသွားကာ သတိပေးပြောကြားသင့်ပါသည်။ Ev, p. 29 (1910).

**ဘေးအန္တရာယ်ကင်းရှင်းကြောင်းအာမခံသည့်**
**အဆောက်အဦများပြောပုံဘဝသို့ရောက်ခြင်း**

အကုန်အကျများစွာခံကာ တည်ဆောက်ထားသည့်အဆောက်အဦများနှင့်မီးမလောင်နိုင်ဟု အာမခံထားသည့်အဆောက်အဦများသည်

ဘုရားသခင်၏အမျက်တော်မီးဖြင့် အရှို့ခံရသောသောဒုံမြို့အလား ပြာပုံဘဝသို့ရောက်ကြရလိမ့်မည်။ လူသားများ၏ကြီးမြတ်မှုများအတွက် ကြွားဝါစရာဖြစ်သော ထိုအထိမ်းအမှတ်များသည် ကမ္ဘာပေါ်သို့နောက်ဆုံးသောဖျက်ဆီးခြင်းနေ့ရက်ကြီးမရောက်မီမှာပင် မြေတွင် ခညောင်းကြရလိမ့်မည်။ 3SM, p. 418 (1901).

ရေမလွှမ်းမိုးမီကာလအချိန်က မြို့ကြီးများကဲ့သို့လည်းကောင်း၊ သောဒုံနှင့်ဂေါမောရမြို့များကဲ့သို့လည်းကောင်း ဖြစ်လာနေသည့်ဆိုးယုတ်သောမြို့များမှ ဝိညာဉ်တော်ကိုပြန်လည်ရုပ်သိမ်းတော်မူလျက်ရှိရာ ခွင့်လွှတ်နိုင်သည့် အငန်းအတာကို ပစ္စည်းပိုင်ရှင်များက ကျော်လာပြီကို ထာဝရဘုရားသခင်မြင်တော်မူသောအချိန်တွင် ကျွမ်းကျင်သောဗိသုကာလက်ရာများဖြင့် တန်ဖိုးကြီးကြီးပေးကာဆောက်လုပ်ထားသည့် အိမ်ကြီးအိမ်ကောင်းများသည် မျက်စိတစ်မှိတ်အတွင်းမှာပင် အဖျက်ဆီးခံကြရလိမ့်မည်။ မီးအားမခံသည့် ခန့်ညားထည်ဝါသော အဆောက်အအုံများ၊ မီးလောင်ပျက်စီးခြင်းများသည် ကမ္ဘာ့ဗိသုကာလက်ရာများ တစ်ခဏအတွင်း ပျက်စီးဆုံးပါးသွားလိမ့်မည်ဆိုသည့် သာဓကတစ်ခုပင်ဖြစ်ပါသည်။ TDG, p. 152 (1902).

လူသားများသည် ငွေကြေးများကိုသန်းနှင့်ချီပြီး အကုန်အကျခံကာ အဖိုးတန်အဆောက်အအုံများကို ဆက်လက်တည်ဆောက်ကြလိမ့်မည်။ ဗိသုကာပညာဆိုင်ရာ လှပခိုင်ခံ့မှုများကို ၎င်းတို့အထူးအာရုံပြုလုပ်ဆောင်နေကြသော်လည်း အထူးခိုင်ခံ့ပြီးတန်ဖိုးကြီးလှသော ထိုအဆောက်အအုံများသည် ယေရုရှလင်မြို့မှ ဗိမာန်တော်ကြီး၏ကံကြမ္မာကိုမျှဝေခံစားကြရလိမ့်မည်ဟု ထာဝရဘုရားသခင်က ကျွန်ုပ်အားညွှန်ပြတော်မူခဲ့ပါသည်။ 5BC, p. 1098 (1906).

**နယူးယောက်မြို့တော်**

ထာဝရဘုရားသခင်သည် အမျက်တော်ထွက်ခဲ့သော်လည်း ကရုဏာတော်မှာမကုန်သေးပါ။ လက်တော်များကိုဆန့်ကာ လူသားများကိုကြိုဆိုနေ

ဆဲဖြစ်ပါသည်။ ထိုကြောင့် ကိုယ်တော်၏သတင်းစကားများကို နယူးယောက်မြို့သူမြို့သားများထံသို့သွား၍ဟောကြားရမည်။ နောက်ဆုံးသောနေ့ရက်ကြီးအတွက် ၎င်းတို့စုဆောင်းထားသည့် ပစ္စည်းဥစ္စာများကို လက်တော်နှင့်တစ်ချက်ထိရုံနှင့်လုံးလုံးပျက်စီးသွားနိုင်ကြောင်းကို ထိုမြို့သားများအားဖော်ပြရမည်။ 3MR, pp. 310,311 (1902).

တစ်နေ့နေ့တစ်ချိန်ချိန်တွင် ကြီးကျယ်ခမ်းနားသောအဆောက်အအုံများကို တန်ခိုးတော်အားဖြင့်မှောက်လှန်ပစ်တော်မူလိမ့်မည်ဆိုသည့်အရာမှလွဲ၍ နယူးယောက်မြို့ပေါ်သို့ ကျရောက်မည့်ဘေးဒဏ်များအကြောင်းအထူးဖော်ပြသည့်အလင်းကို ကျွန်ုပ်မရရှိခဲ့ဖူးပါ။ သေကြေမှုများသည် နေရာတိုင်းမှာဖြစ်ပေါ်လိမ့်မည်။ ထိုကြောင့် ကျွန်ုပ်သည် ထိုမြို့ကြီးများကိုသတိပေးဖို့စိတ်စောနေခြင်းဖြစ်သည်။ RH, July 5 (1906).

တစ်ခါတွင် ကျွန်ုပ်သည် နယူးယောက်မြို့ထဲ၌ရှိစဉ် မိုးထိအောင်မြင့်မားသည့် အဆောက်အအုံကြီးများကိုသွားရောက်ကြည့်ရှုရန် ရူပါရုံထဲတွင်ဆင့်ဆိုတော်မူခြင်းကိုခံခဲ့ရပါသည်။ ထိုအဆောက်အအုံများသည် မီးအာမခံအဆောက်အအုံများဖြစ်သည့်ပြင် ပိုင်ရှင်များနှင့်တည်ဆောက်သူများကိုချီးမြှောက်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။

ထိုရူပါရုံတွင် နောက်ထပ်ပေါ်လာသောမြင်ကွင်းတစ်ခုမှာ မီးဥသြဆွဲခြင်းပင်ဖြစ်သည်။ လူအများက မိုးထိအောင်မြင့်မားသည့် ထိုအဆောက်အအုံများကိုကြည့်ကာ "ဒီအဆောက်အဦတွေတော့ မီးထဲမပါနိုင်ပါဘူး" ဟုဆိုကြသည်။ သို့ရာတွင် မီးသတ်စက်များကလည်း မဟန့်တားနိုင်တော့ဘဲ ရွက်ဖျင်တဲကလေးများသဖွယ် မီးလောင်ပျက်စီးသွားခဲ့ကြပါသည်။ မီးသတ်တပ်ဖွဲ့များကလည်း ထိုမီးသတ်စက်များကိုအသုံးချကာ မီးမသတ်နိုင်ကြတော့ပြီ။ 9T, pp. 12, 13 (1909).

### ချီကာဂိုမြို့နှင့်လော့စ်အိန်ဂျယ်လိစ်မြို့

ထိုနောက် ချီကာဂိုနှင့်တကွ အခြားမြို့ကြီးများ၏မြင်ကွင်းများကို ကျွန်ုပ်မြင်တွေ့ခဲ့ရပါသည်။ ဆိုးယုတ်မှုများတိုးပွားသည်နှင့်အမျှ ဘုရားသခင်၏

အကာအကွယ်များရုပ်သိမ်းသွားခဲ့ရာ ဖျက်ဆီးခြင်းမုန်တိုင်းသည်ပြင်းထန်လာပါတော့သည်။ အဆောက်အအုံများသည် မီးအားဖြင့်ပျက်စီးကုန်သကဲ့သို့ ငလျင်ဒဏ်ကြောင့်လည်းပြိုပျက်ကုန်ကြပါမည်။

ဤရူပါရုံကိုမြင်ပြီးသည့်နောက် မကြာမီမှာပင်နောက်ထပ်ရူပါရုံတစ်ခုကိုရရှိခဲ့ပါသည်။ ချီကာဂိုရှိ အဆောက်အအုံများနှင့်တကွ တည်ဆောက်ရန် အကြမ်းဖျင်းအစီအစဉ်များနှင့် ထိုအဆောက်အအုံများ၏ပျက်စီးမှုများကိုထိုရူပါရုံတွင်တွေ့ရပါသည်။ အဆောက်အအုံများကိုထပ်မံတည်ဆောက်ဖို့၊ ဝယ်ယူဖို့လိုအပ်ကြောင်း ဘုရားသခင်ကပွင့်ပွင့်လင်းလင်းမဖော်ပြလျှင် ချီကာဂိုနှင့်တကွအခြားမြို့ကြီးများတွင် အဆောက်အအုံများအတွက် အကြီးအကျယ်ရင်းနှီးမြှုပ်နှံမှုမပြုရန် ထိုရူပါရုံကသတိပေးနေပါသည်။ လော့စ်အိန်ဂျယ်လိ(စ်)ရှိ အဆောက်အအုံများအတွက်လည်း အလားတူသတိပေးချက်များရှိပါသည်။ မြို့ကြီးများတွင်တန်ဖိုးကြီးသောအဆောက်အအုံများတည်ဆောက်ရေးအတွက် ငွေကြေးများကိုမမြှုပ်နှံရမည့်အကြောင်း ကျွန်ုပ်အားထပ်ခါတလဲညွှန်ကြားတော်မူခဲ့ပါသည်။ PC, p. 50 (1906).

**ဆန်ဖရန်စစ္စကိုနှင့်အုတ်ကလန်.**

ဆန်ဖရန်စစ္စကိုနှင့်အုတ်ကလန်မြို့နှစ်မြို့သည်လည်း သောဒုံနှင့်ဂေါမောရမြို့များကဲ့သို့ဖြစ်လာနေရာ ထာဝရဘုရားသခင်သည် ၎င်းတို့အားပြစ်ဒဏ်စီရင်တော့မည်ဖြစ်သဖြင့် မကြာမီမှာပင် ထိုမြို့နှစ်မြို့ ဒုက္ခရောက်ကြတော့မည်ဖြစ်သည်။ Ms, p. 30 (1903).

ဆန်ဖရန်စစ္စကိုမြို့တွင်လှုပ်ခဲ့သည့် ကြောက်စရာကောင်းသောမြေငလျင်ကြီးနောက်တွင် ဘုရားသခင်၏တန်ခိုးပြမှုများကို အထင်အရှားဆက်လက်တွေ့မြင်ကြရပါသည်။ ကိုယ်တော်ရှင်၏ပညတ်တော်ကိုကျူးလွန်ကာထိုမြို့များသည်အပြစ်ဒုစရိုက်များဖြင့်ညစ်ညမ်းနေပါသည်။ နိနေဝေမြို့၏ရာဇဝင်ကိုလေ့လာပါ။ ထာဝရဘုရားသခင်သည် ယောနအားဖြင့် ထိုမြို့ယုတ်အတွက် သတင်းစကားပေးပို့တော်မူခဲ့သည်။ ယခုခေတ်မြို့ယုတ်ကြီးများသည်

လည်း နိနေဝေမြို့ကဲ့သို့နောင်တရကြလိမ့်မည်ဆိုလျှင် ထိုကဲ့သို့သောသတင်းစကားများကိုပေးပို့တော်မူပါလိမ့်မည်။ Ms, p. 61a, June 3 (1906).

ဘုရားသခင်၏ပြစ်ဒဏ်စီရင်မှုများသည် ထိုမြို့ကြီးများတွင်ကျရောက်နေလင့်ကစား ထိုမြို့ကြီးများ၌နေထိုင်ကြသူများမှာ နောင်တရသည့်လက္ခဏာတစ်စုံတစ်ခုကိုမျှမပြကြချေ။ အရက်ဆိုင်များကိုဖွင့်လှစ်ရောင်းချဆဲပင်ဖြစ်သည်။ စုံစမ်းနှောင့်ယှက်ခြင်းများစွာသည် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ Letter, p. 268 Aug. 20 (1906).

## အခြားမြို့ယုတ်ကြီးများ

ကမ္ဘာ့ရာဇဝင်၏အဆုံးသို့ရောက်ရှိလုဆဲအချိန်တွင် ဆန်ဖရန်စစ္စကိုခံစားခဲ့ရသောဘေးဒဏ်မျိုးသည် အခြားမြို့ကြီးများ၌လည်းကျရောက်နေသည်ကို ကျွန်ုပ်တို့တွေ့ကြရလိမ့်မည်။ ပြစ်ဒဏ်စီရင်ရာကာလကိုရောက်နေပြီးဆိုသည်ကို ကျွန်ုပ်တို့သိရှိကြသောကြောင့် ဤအရာများသည် ကျွန်ုပ်တို့အား များစွာအလေးအနက်ထားစေပါသည်။ ကျရောက်ပြီးဖြစ်သော ထိုပြစ်ဒဏ်စီရင်မှုများသည် သတိပေးချက်တစ်ခုသာဖြစ်ပြီး ပြစ်ဒဏ်စီရင်မှု၏အဆုံးသို့မရောက်ရှိသေးပါ။---

(ဟဗ ၂း၁-၂၀။ ဇေဖနိ ၁း၁-၃း၂၀။ ဇာခရိ ၁း၁-၄း၁၄။ မာလခိ ၁း၁-၄)။ ဤမြင်ကွင်းများရှင်းလင်းစွာပေါ်ထွက်လာသည်ကိုတွေ့မြင်ကြရတော့မည်။ လူတိုင်းစဉ်းစားသုံးသပ်နိုင်ရန်အလို့ငှါ ကျွန်ုပ်သည် ဤအံ့သြဖွယ်အရာများကို သမ္မာကျမ်းစာမှကောက်နုတ်တင်ပြထားပါသည်။ ဓမ္မဟောင်းကျမ်းတွင် မှတ်တမ်းတင်ထားသော ဤအနာဂတ္တိစကားများသည် နောက်ဆုံးသောခေတ်ကာလအတွက် ဘုရားသခင်ပေးသောသတင်းစကားများဖြစ်ရာ ဆန်ဖရန်စစ္စကိုမှာ ကျွန်ုပ်တို့မြင်တွေ့ခဲ့ရသကဲ့သို့ အမှန်တကယ်ပြည့်စုံခြင်းသို့ရောက်ပါလိမ့်မည်။ Letter, p. 154, May 26 (1906).

ပညတ်တော်အလုံးစုံကိုလွန်ကျူးခြင်း၊ ဒုစရိုက်များတွင် လွန်ကဲခြင်းနှင့်ပြည့်စုံသောမြို့ကြီးများသည် ငလျင်ဒဏ်၊ မီးဒဏ်၊ ရေဒဏ်ဖြင့်

ဖျက်ဆီးခြင်းခံရမည်ဖြစ်ကြောင်းသတင်းကြားပြောရန် ကျွန်ုပ်အား ထာဝရဘုရားသခင်စေခိုင်းနေပါသည်။ နလယ စ. ၂၇ (ဗစမငူ ၂၇ယ ၁၉၀၆).

ကပ်ကမ္ဘာဆုံးခါနီးတွင်ဖြစ်ပျက်မည့်အရာများနှင့်စပ်လျဥ်း၍ ခရစ်တော်ပေးတော်မူသည့် သတိပေးချက်အလုံးစုံတို့သည် ကျွန်ုပ်တို့၏မြို့ကြီးများတွင် ယခုအခါ၌ ပြည့်စုံလျက်ရှိပါသည်။ ထိုမြို့များမှထွက်ပြေးသွားသူများ ဖတ်ရှုနိုင်ရန်အလို့ငှါ ထာဝရဘုရားသခင်သည် ဤအရာများကိုထင်ရှားစေတော်မူလျက်ရှိသည်။ ဆန်ဖရန်စစ္စကိုမြို့သည် တစ်ကမ္ဘာလုံးတွင်ဖြစ်ပျက်လာမည့်အရာများ၏ပုံစံနမူနာတစ်ခုဖြစ်သည်။ ဆိုးယုတ်သော လာဘ်ထိုးမှုများ၊ ဥစ္စာပစ္စည်းများကိုတလွဲအသုံးချမှု၊ အပြစ်မဲ့သူများကိုပြစ်ဒဏ်စီရင်ပြီး ဒုစရိုက်သားများကို တရားသေလွှတ်ပေးနေသူများအလယ်တွင် ကျင့်သုံးနေသောလိမ်လည်ကောက်ကျစ်မှုများသည် ကမ္ဘာပေါ်ရှိအခြားမြို့ကြီးများ၌ လွှမ်းမိုးနေပြီး ဤကမ္ဘာကြီးကိုရေမလွှမ်းမီက အခြေအနေမျိုးသို့ရောက်အောင် တွန်းပို့နေလျက်ရှိသည်။ Letter, p. 230 (1907).

## မြို့ကြီးများရှိအလုပ်သမားသမဂ္ဂများ

စာတန်သည် လူစည်ကားလျက်ရှိသော ကျွန်ုပ်တို့၏မြို့ကြီးများတွင် အလုပ်ရှုပ်လျက်ရှိသည်။ အလုပ်သမားများနှင့်အလုပ်ရှင်များအကြားရှိ ရှုပ်ထွေးမှုများ၊ ဆန္ဒပြမှုများနှင့်မညီညွတ်မှုများ၌လည်းကောင်း၊ အသင်းတော်များတွင်တွေ့ရသည့် သူတော်ကောင်းယောင်ဆောင်ခြင်းများ၌လည်းကောင်း သူ၏လုပ်ဆောင်မှုများကိုတွေ့မြင်ရပါသည်။ နောက်ဆုံးသောနေ့ရက်များတွင်လောင်ကျွမ်းမည့်မီးကြီးအတွက် လောင်စာအဖြစ်စုစည်းလျက်ရှိသည့် ကိုယ်ကာယ၏တပ်မက်ခြင်း၊ မျက်ဝန်းများ၏မာနထောင်လွှားခြင်း၊ အတ္တစိတ်၏ပလွှားခြင်း၊ အာဏာကိုအလွဲသုံးစားပြုခြင်း၊ သမဂ္ဂများနှင့်ပူးပေါင်းလာရန် လူတို့အားအနိုင်အထက်ပြုခြင်းများအားလုံးတို့သည် စာတန်၏ကိုယ်စားလုပ်ဆောင်နေခြင်းများဖြစ်ကြသည်။ Ev, p. 26 (1903).

ဆိုးယုတ်သူများကိုအကြံပေးအဖွဲ့များ၊ သမဂ္ဂများ၊ ပူးပေါင်းဖွဲ့စည်းထားသည့်အဖွဲ့များတွင် စုစည်းလျက်ရှိသည်။ ထိုအဖွဲ့အစည်းများနှင့်ကင်းကင်းရှင်းရှင်းနေကြပါ။ ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့၏ရှင်ဘုရင်၊ ကျွန်ုပ်တို့၏ဘုရင်ခံဖြစ်တော်မူပြီး လောကမှထွက်ခွါကာ သီးသီးသန့်သန့်နေထိုင်ရန် ကျွန်ုပ်တို့အားဆင့်ဆိုနေပါသည်။ "ထာဝရဘုရားသခင်မိန့်တော်မူပြန်သည်ကား၊ သင်တို့သည် သူတို့အထဲမှထွက်၍ အသီးအခြားနေကြလော့။ မစင်ကြယ်သောအရာကိုလက်နှင့်မျှမတို့ကြနှင့်" ၂ကော ၆း၁၇။ ကျွန်ုပ်တို့သည် ဤမိန့်ဆိုချက်ကိုငြင်းဆန်ကာ လောကနှင့်ဆက်လက်ဆက်နွှယ်ပြီး အရာခပ်သိမ်းတို့ကို လောကီရှုထောင့်မှကြည့်ကြမည်ဆိုလျှင် လောကနှင့်တူလာကြလိမ့်မည်။ လောကီဆန်သောပေါ်လစီနှင့် အတွေးအခေါ်များသည် ကျွန်ုပ်တို့၏လုပ်ဆောင်မှုများအပေါ်လွှမ်းမိုးနေသောအချိန်တွင် ကျွန်ုပ်တို့သည် ထာဝရသမ္မာတရား၏မြင့်မြတ်သန့်ရှင်းသောစင်မြင့်ပေါ်တွင် ရပ်တည်နိုင်စွမ်းမရှိကြတော့ပါ။ 4BC, p. 1142 (1903).

**မြော်လင့်ခြင်းအသင်းသားများရင်ဆိုင်ရသော**
**ဒုက္ခ၏အရင်းအမြစ်ဖြစ်သည့် အလုပ်သမားသမဂ္ဂ**

ကုန်သွယ်ရေးသမဂ္ဂအဖွဲ့သည် ဤကမ္ဘာကြီးအားမကြုံဖူးသည့်ဒုက္ခဆင်းရဲခြင်းနှင့်ရင်ဆိုင်စေသော အဖွဲ့အစည်းများတွင် တစ်ခုအပါအဝင်ဖြစ်သည်။

တချို့သောစီးပွားရေးလုပ်ငန်းများကိုထိန်းချုပ်နိုင်ရန်အတွက် လူတစ်စုသည်ပူးပေါင်းကြလိမ့်မည်။ ကုန်သွယ်ရေးသမဂ္ဂများကိုဖွဲ့စည်းကြလိမ့်မည်။ ထိုသမဂ္ဂများနှင့်ပူးပေါင်းရန်ငြင်းဆန်သူများအား တေးထားကြလိမ့်မည်။

ထိုသမဂ္ဂများကြောင့် မြို့ကြီးများရှိ ကျွန်ုပ်တို့၏စာသင်ကျောင်းများ၊ ဆေးရုံများကိုဆက်လက်လုပ်ဆောင်ရန် အဆက်အခဲတွေ့လာလိမ့်မည်။ မြို့ကြီးများထဲမှထွက်ခွာကြပါ။ မြို့ကြီးများထဲမှာ ဆေးရုံများကိုမတည်ဆောက်ကြပါနှင့်ဟု ကျွန်ုပ်သတိပေးလိုပါသည်။ 2SM, p. 142 (1903).

အလုပ်သမားသမဂ္ဂများ၏ ထိန်းချုပ်မှုများပြင်းထန်လာမည့်အချိန်သည် အလျင်အမြန်ချဉ်းကပ်လာနေပါပြီ။ 2SM, p. 141 (1904).

**သမ္မာတရားနှင့်အလင်းတရားကိုတောင့်တနေသည့် မြို့နေလူတန်းစားများ**

မြို့ကြီးများနှင့်ပတ်သက်၍ ပြင်းပြင်းထန်ထန်ဝေဖန်နေငြားသော်လည်း မြို့နေလူထုတချို့က စာတန်၏လှည့်ဖြားမှုများကိုထိုးဖေါက်ကာ နောင်တရ၊ ပြောင်းလဲကြလိမ့်မည်ဖြစ်သောကြောင့် ဘုရားသခင်၏ပြင်းထန်စူးရှသောအမျက်တော်သည် ထိုမြို့များအပေါ်သို့ကျရောက်လိမ့်မည်မဟုတ်ချေ။ Ev, p. 27 (1906).

ကမ္ဘာကြီးအားလွှမ်းမိုးနေသည့် ဝိညာဉ်ရေးအမှောင်ထုသည် လူနေသိပ်သည်းသောနေရာများတွင် ပို၍မှောင်မည်းနေပါသည်။ ဧဝံဂေလိအမှုတော်ဆောင်များသည် နောင်တမရသူများနှင့်ကြီးမားသောလိုအပ်ချက်များကို မြို့ကြီးများ၌တွေ့ကြုံလေ့ရှိပါသည်။ ဝိညာဉ်ကယ်ဆယ်သူများအတွက် ကြီးမားသောအခွင့်အရေးတချို့ကို ထိုမြို့ကြီးများ၌ပင်တွေ့ကြရပြန်ပါသည်။ ဘုရားသခင်အကြောင်းကို စိတ်ထဲမှာလုံးဝထည့်မထားသူများနှင့်အလင်းတရားနှလုံးသားဖြူစင်ခြင်းကိုတောင့်တနေသူများတို့သည် ရောယှက်၍နေထိုင်လျက်ရှိသည်။ ဂရုမထား၊ စိတ်ဝင်စားမှုမရှိသောလူများအလယ်မှာပင် မနည်းလှသောလူတစ်စုသည် လူသားများအပေါ်ထားရှိသည့် ဘုရားသခင်၏မေတ္တာတော်အကြောင်းဖေါ်ပြချက်တစ်ခုအပေါ် အာရုံပြုလာကြပါသည်။ RH, Nov. 17 (1910).

**မြို့ကြီးများ၌ကြိုးစားလုပ်ဆောင်ရန်လိုအပ်ခြင်း**

သခင်ဘုရား၏ကြွလာခြင်းကိုပြင်ဆင်ရာတွင် ကျွန်ုပ်တို့သည် ထိုမြို့ကြီးများ၌ ကြီးမားသောအမှုတော်လုပ်ငန်းများကို လုပ်ဆောင်ကြရပါမည်။ ကျွန်ုပ်တို့၌ ထိုအချက်အချာကျသောနေရာများအတွက် ဟောကြားရန် ကြီးမြတ်သောသက်သေခံချက်တစ်ခုရှိပါသည်။ Ph, p. 113 (1909).

ဤခေတ်ကာလအတွက် သတိပေးစကားများကိုစီးပွားရေးလောက သားများအား စိတ်အားထက်သန်စွာပေးဝေခြင်းမရှိသေးချေ။ ယနေ့သမ္မာ တရားကိုသိဖို့ လိုအပ်နေသောအမျိုးသား၊ အမျိုးသမီးများသည် ကုန်သွယ် ရေးနှင့်ကူးသန်းရောင်းဝယ်ရေးဗဟိုဌာနများတွင် တစ်နေ့ပြီးတစ်နေ့များသည် ထက်များလာချေပြီ။ သို့ရာတွင် ထိုလူတန်းစားများထံသို့ သတင်းစကားရောက် ရှိစေရန် ကြိုးစားလုပ်ဆောင်မှုမပြုကြသောကြောင့် သမ္မာတရား၏တန်ဖိုး ရှိသောစည်းမျဉ်းများဆိုင်ရာ ကယ်တင်ခြင်းအသိပညာများကို ၎င်းတို့မရရှိ ကြချေ။ CW, p. 14 (1909).

ကောင်းကင်တမန်သုံးပါးသတင်းစကားကို ယခုဟောပြောကြရမည်။ နယ်ခြားမြေခြားများ၌သာမက သတိပေးချက်များကိုမကြားရသေးသည့် လူထု ကြီးနေထိုင်သောရပ်နီးဒေသများ၌လည်း ဟောပြောကြရမည်။ ဘုရားသခင့် ကျွန်များတို့ထံမှ စိတ်ရောကိုယ်ပါကြိုးစားလုပ်ဆောင်မှုများကို နိုင်ငံတကာရှိ မြို့ကြီးများက စောင့်စားလျက်ရှိပါသည်။ RH, Nov. 17 (1910).

**မြို့ကြီးများကို လူအားလုံးမစွန့်နိုင်သေးခြင်း**

ဖြစ်နိုင်သည့်အချိန်တိုင်းတွင် သားသမီးများနေထိုင်ရန် နယ်၌ အခြေချရန်မှာ မိဘတို့၏တာဝန်ဖြစ်သည်။ AH, p. 141 (1906).

ကာလအချိန်ရှည်ကြာလာသည်နှင့်အမျှ ကျွန်ုပ်တို့၏လူတို့သည် မြို့ကြီးများကိုစွန့်ခွါဖို့ ပို၍လိုအပ်လာပါသည်။ အထူးသဖြင့် သားသမီးရှိသော မိသားစုများသည် အခွင့်သာစဉ် မြို့ကြီးများကိုစွန့်ခွါရန် စီစဉ်သင့်ကြောင်း နှစ်ပေါင်းများစွာကတည်းက ကျွန်ုပ်တို့အား ဘုရားသခင်ညွှန်ကြားထားပြီး ဖြစ်သည်။ လူအများတို့သည် ထိုအရာကိုလုပ်ဆောင်နိုင်ဖို့ အားတက်သရော လုပ်ဆောင်ကြရပါမည်။ သို့ရာတွင် ထွက်ခွါသွားရန်မဖြစ်နိုင်သေး၍ ဆက်လက်၍နေထိုင်ရမည်ဆိုလျှင်လည်း ထိရောက်မှုနည်းပါးလင့်ကစား အမှု တော်မြတ်တွင် အတက်ကြွဆုံးပါဝင်လုပ်ဆောင်သင့်ကြပါသည်။ 2SM, p. 360 (1906).

ကျွန်ုပ်တို့၏မြို့ကြီးများသည် ဆိုးယုတ်မှုများတိုးပွားလာလျက်ရှိရာ ထိုမြို့ကြီးများတွင်နေထိုင်သောလူတို့သည် ကယ်တင်ခြင်းကိုအန္တရာယ်ဖြစ်စေသည့်အနေအထားမျိုးတွင်မလိုအပ်ဘဲ အမှုတော်ဆောင်နေကြပါသည်။ CL,p. 9 (1907).

မြို့ကြီး၊ မြို့ငယ်များတွင် ဒုစရိုက်များနှင့်စာရိတ္တပျက်ပြားမှုများသည် ဆိုးသည်ထက်ဆိုးလာလျက်ရှိသော်လည်း သောဒုံမြို့တိုင်းတွင် လောတအများရှိနေကြပါသည်။ 6T, p. 136 (1900).

**မြို့ကြီးများတွင်လိုအပ်နေသောစာသင်ကျောင်းများ**

**ဘုရားရှိခိုးကျောင်းများနှင့်စားသောက်ဆိုင်များ**

မြို့ကြီးများထဲမှ လောလောဆယ်တွင် ထွက်ခွါမသွားနိုင်သေးသည့် ပုဂ္ဂိုလ်များ၏သားသမီးများကို ပညာပေးကယ်တင်ရန် ယခုထက်ပို၍လုပ်ဆောင်နိုင်ကြပါသည်။ အကောင်းဆုံးကြိုးစားလုပ်ဆောင်ထိုက်သောကိစ္စတစ်ခုလည်းဖြစ်ပါသည်။ မြို့နေထိုကလေးငယ်များအတွက် အသင်းတော်စာသင်ကျောင်းများကိုတည်ထောင်ကာ အဆင့်မြင့်ပညာများကိုသင်ယူနိုင်အောင် အစီအစဉ်များလုပ်ပေးနိုင်ပါသည်။ CG, p. 306 (1903).

ကျွန်ုပ်တို့၏စားသောက်ဆိုင်များကို မြို့ကြီးများ၌တည်ထောင်ရမည်။ သို့မဟုတ်ပါက ထိုစာသောက်ဆိုင်များတွင် တာဝန်ထမ်းဆောင်သူများသည် မှန်ကန်သောအသက်တာစည်းမျဉ်းကို မြို့နေလူတန်းစားများအားသွန်သင်ပေးရန် လက်လှမ်းမီနိုင်မည်မဟုတ်ချေ။ 2SM,p. 142 (1903).

ကျွန်ုပ်တို့သည် နယ်တွင် ဗဟိုပြုကာ မြို့ကြီးများထဲသို့သွားရောက်အမှုတော်ဆောင်ရန် ကျွန်ုပ်တို့အား ထာဝရဘုရားသခင်ထပ်ခါတလဲညွှန်ကြားတော်မူခဲ့ပါသည်။ ဘုရားသခင်အတွက်အထိမ်းအမှတ်အဖြစ် ဝတ်ပြုရာအိမ်များသည် မြို့ထဲ၌ရှိသင့်သော်လည်း စာပေများကိုပုံနှိပ်ထုတ်ဝေသည့်ပုံနှိပ်တိုက်များ၊ လူနာများကိုကုသသည့်ဆေးခန်းများနှင့် အမှုဆောင်များကိုသင်တန်းပေးသည့် ကောလိပ်ကျောင်းများကိုမူ မြို့အပြင်ဆင်ခြေဖုံးများတွင်သာတည်

ထောင်ကြရပါမည်။ အထူးအရေးထားရမည့်အချက်တစ်ခုမှာ ကျွန်ုပ်တို့၏ လူငယ်များအား မြို့နေအသက်တာတွင်ရင်ဆိုင်ရမည့် စုံစမ်းနှောင့်ယှက်ခြင်းများ မှကာကွယ်ပေးရန်ဖြစ်သည်။ 2SM, p. 358 (1907).

**နယ်သို့အလျင်စလိုမပြောင်းဖို့အကြံပြုခြင်း**

အဆောက်အဦတစ်ခုကို စတင်ဆောက်လုပ်သော်လည်း အဆုံးမသတ်နိုင်သော ပုဂ္ဂိုလ်တစ်ဦးကဲ့သို့မဖြစ်စေရန် အချိန်ယူစဉ်းစားသုံးသပ်လုပ်ဆောင်ကြပါ။ ဖြစ်ပေါ်လာနိုင်သည့်အရာများကို သေချာစွာသုံးသပ်ပြီး အရာရာကို အလေးအနက်ထားကာ မစဉ်းစားဘဲ မည်သည့်ပြောင်းရွှေ့မှုကိုမျှ မလုပ်ဆောင်သင့်ပါချေ။

တချို့ကိစ္စများကိုအလျင်စလိုလုပ်တတ်သည့် ပုဂ္ဂိုလ်များပေါ်လာကာ မိမိတို့မကျွမ်းကျင်သောအရာများကို လုပ်ဆောင်လာကြလိမ့်မည်။ ဤသို့သောအရာများကို ထာဝရဘုရားသခင်အလိုတော်မရှိပါ။

မည်သည့်အရာကိုမျှ စည်းစနစ်ကင်းမဲ့စွာဖြင့်မလုပ်ကြပါနှင့်။ ထာဝရဘုရားသခင်၏အစီအစဉ်နှင့်မကိုက်ညီသော စိတ်အားထက်သန်မှုများကို ဖြစ်စေမည့် အလျင်စလိုပြောဆိုမှုများကြောင့် ကြီးမားသောဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကာ ချင့်ချင့်ချိန်ချိန်စဉ်းစားဆောင်ရွက်မှု၊ မှန်ကန်သောအာရုံစိုက်မှုနှင့်ခိုင်မာသောစည်းမျဉ်းနှင့်ရည်ရွယ်ချက်များ ချို့တဲ့မှုကြောင့် အနိုင်မှအရှုံးအခြေအနေသို့ရောက်သွားစေနိုင်ပါသည်။ 2SM, pp. 362, 363 (1893).

**မြို့ကြီးများမှထွက်ခွါရန်အချက်ပြခြင်း**

လူဆိတ်ညံပြီး လူနေကင်းမဲ့သည့်နေရာဒေသများတွင် ခိုလှုံရာနေရာကိုရှာရန် ကျွန်ုပ်တို့အား ရှေးတမန်တော်များနည်းတူ ဖိအားပေးတော့မည့်အချိန်သည်မဝေးတော့ပြီ။ ယေရုရှလင်မြို့အား ရောမစစ်သားများက ဝိုင်းထားခြင်းသည် ယုဒခရစ်ယာန်များအတွက် ထွက်ပြေးရန်အချက်ပြနေခြင်းဖြစ်သကဲ့သို့ ပုပ်ရဟန်းမင်း၏ဥပုသ်နေ့ကိုစောင့်ရန် အတင်းအကျပ်ခိုင်းစေလာခြင်းသည် ကျွန်ုပ်တို့အတွက် သတိပေးချက်တစ်ရပ်ဖြစ်ပါသည်။ ထိုအချိန်

သည် မြို့ကြီးများကိုစွန့်ခွါကာ တောတောင်များအလယ်ရှိဆိတ်ညံသောဒေသများ၌ သွားရောက်နေထိုင်ဖို့ထွက်ခွါရန် ပြင်ဆင်ရမည့်အချိန်ပင်ဖြစ်ပါသည်။ 5T, pp. 464, 465 (1885).

**သေဒဏ်ချမှတ်ပြီးသည့်နောက်ပိုင်းမှာပင် မြို့ကြီးများ၌ ဖြောင့်မတ်သူများရှိနေကြဆဲဖြစ်ခြင်း**

ဒုက္ခဆင်းရဲခြင်းကာလတွင် ကျွန်ုပ်တို့သည် မိမိတို့၏မြို့ရွာများမှ ထွက်ပြေးကြရပါမည်။ သူတော်စင်များ၏အိမ်များထဲသို့ ဓါးကိုင်ကာချင်းနင်းဝင်ရောက်လာသည့် လူယုတ်မာများက နောက်မှလိုက်၍လာကြလိမ့်မည်။ EW, p. 34 (1851).

သူတော်စင်များသည် မြို့ရွာများမှထွက်ပြေးလာကြစဉ် ၎င်းတို့အား သတ်ဖြတ်ရန်ကြိုးစားနေသည့်လူယုတ်မာများက နောက်မှလိုက်ကာ ဖမ်းဆီးကြပါသည်။ သို့ရာတွင် ဘုရားသခင်၏လူတို့အားသတ်ဖြတ်ရန် ကိုင်မြှောက်ထားသည့် ဓါးများသည် ကောက်ရိုးများအလား ကျိုးပဲ့ပျက်ယွင်းကုန်ကြလိမ့်မည်။ ဘုရားသခင်၏ကောင်းကင်တမန်များက ထိုသူတော်စင်များအား ကာကွယ်စောင့်မကြပါသည်။ EW, pp. 284, 285 (1858).

အထွေထွေအမိန့်ထုတ်ပြန်ချက်က ပညတ်တော်စောင့်ရှောက်သူများအားသတ်ရမည့်အချိန်ကို သတ်မှတ်ထားပြီးဖြစ်သော်လည်း ထိုအမိန့်ထွက်လာမည်ကိုသိရှိပြီးဖြစ်သော ကိုယ်တော်ရှင်၏သားသမီးများသည် သတ်မှတ်ထားသည့်အချိန်မတိုင်မီတွင် အသက်ဘေးမှလွတ်အောင်တိမ်းရှောင်ကြလိမ့်မည်။ သစ္စာစောင့်သိသူအသီးသီး၏ပတ်လည်တွင် တပ်ချစောင့်ကြပ်နေသော ကောင်းကင်တမန်များကိုမည်သူတစ်ဦးတစ်ယောက်မျှ မကျော်လွှားနိုင်ကြချေ။ မြို့ရွာများမှထွက်ပြေးလာကြသူတချို့မှာ တိုက်ခိုက်မှုကိုခံကြရသော်လည်း ၎င်းတို့အားခုတ်မည့်ဓါးများသည် ကောက်ရိုးများနယ်အစွမ်းမဲ့ကာ ပျက်စီးကျိုးပဲ့ကုန်ကြပါသည်။ တချို့မှာမူ စစ်သားအသွင်ကိုဆောင်ထားသည့် ကောင်းကင်တမန်များ၏ကာကွယ်မှုကိုခံကြရသည်။ GC, p. 631 (1911).

---oo---

## အခန်း (၉)

# တနင်္ဂနွေနေ့ဥပဒေများ

### ဘုရားသခင်၏အာဏာတော်ကိုစာတန်အန်တုခြင်း

ထာဝရဘုရားသခင်သည် ဗာဗုလုန်မြို့ကိုငြင်းပယ်တော်မူ၏။ အကြောင်းမှာ သူမသည် မိမိ၏မတရားသောမေထုန်တည်းဟူသော စပျစ်ရည်စစ်ကို တိုင်းနိုင်ငံအသီးသီးတို့အားတိုက်ကျွေးခဲ့သည်။

ထာဝရဘုရားသခင်သည် ခြောက်ရက်ပတ်လုံး ဤကမ္ဘာကြီးကိုဖန်ဆင်းကာ သတ္တမနေ့သို့ရောက်သော် ထိုနေ့ကိုသန့်ရှင်းစေလျက်၊ သန့်ရှင်းသောနေ့တစ်နေ့အဖြစ်သီးခြားခွဲထားလျက် နားနေတော်မူပြီး မိမိ၏လူမျိုးအဆက်ဆက်တို့ကိုစောင့်ရှောက်စေတော်မူသည်။ သို့ရာတွင်ဒုစရိုက်လူသည် မိမိကိုယ်ကို ဘုရားသခင်အထက်တွင်ချီးမြှောက်လျက် ဗိမာန်တော်တွင်ထိုင်ကာ မိမိကိုယ်ကို ဘုရားတစ်ဆူအလား ဟန်ပြလျက် ပညတ်တော်နှင့်ဥပုသ်နေ့ကိုပြောင်းပစ်ရန်စဉ်းစားခဲ့ပါသည်။ မိမိသည် ဘုရားသခင်၏အထက်တွင်ရှိကြောင်းသက်သေပြရန်စဉ်းစားလျက် ဤအာဏာရှိပုဂ္ဂိုလ်သည် သတ္တမနေ့ဥပုသ်မှ တနင်္ဂနွေဥပုသ်သို့ပြောင်းပစ်ခဲ့ပါသည်။ ပရိုတက်စတင့်ခရစ်ယာန်အသိုက်အဝန်းကလည်း ဤပြောင်းလဲမှုကလေးကို သန့်ရှင်းသောအရာတစ်ခုအဖြစ်မှတ်ယူခဲ့ကြသည်။ သို့ရာတွင် နှုတ်ကပတ်တော်တွင်မူ ဤလုပ်ရပ်ကို မတရားသောမေထုန်မှီဝဲခြင်းဟု သမုတ်ထားပါသည်။ (ဗျာ ၁၄း၈) 7BC, p. 979 (1900).

ပုပ်ရဟန်းမင်းကြီး မင်းမူကြီးစိုးနေသောအချိန်တွင် လူသားများ၏ပျော်ရွှင်မှုကိုရန်ဘက်ပြုနေသူစာတန်သည် စတုတ္ထပညတ်ပါ သတ္တမနေ့ဥပုသ်ကို အထူးတိုက်ခိုက်စရာတစ်ခုဖြစ်စေခဲ့ပါသည်။ "ငါသည်ဘုရားသခင်၏အကြံအစည်နှင့်ဆန့်ကျင်လုပ်ဆောင်မည်။ ဘုရားသခင်ကိုသတိရအောက်မေ့စေသည့် သတ္တမနေ့ဥပုသ်ကို ငါ၏နောက်လိုက်များအလေးမထား

အောင်လုပ်ဆောင်မည်။ ဤနည်းအားဖြင့် ဘုရားသခင်သန့်ရှင်းစေပြီး ကောင်းချီးပေးသောထိုနေ့ကို ပြောင်းပစ်လိုက်ပြီးဖြစ်ကြောင်းငါဖော်ပြမည်။ ထိုနေ့ကိုလူသားများ၏စိတ်ထဲတွင်မရှိတော့အောင်ငါလုပ်မည်။ ထိုနေ့ကို လုံးလုံးသတိမရတော့အောင်ငါဖျက်သိမ်းပစ်မည်။ ထိုနေ့၏နေရတွင် ဘုရားသခင်အတည်ပြုမထားသည့်နေ့တစ်နေ့၊ ဘုရားသခင်နှင့်လူသားများအကြားအထိမ်းအမှတ်တစ်ခုမဟုတ်သည့်နေ့တစ်နေ့ကို ငါအစားထိုးလိုက်မည်။ ဘုရားသခင်က သတ္တမနေ့ဥပုသ်အပေါ်တွင်ချပေးသည့် သန့်ရှင်းခြင်းကို ငါ့လူတို့က ဤနေ့တွင်ချပေးအောင် ငါလမ်းပြမည်" ဟု စာတန်ဟစ်ကြွေးပါသည်။ PK, PP. 183, 184 (c. 1914).

**ပြဿနာ၏ပင်မအကြောင်းရင်းဖြစ်သောဥပုသ်နေ့**

ထာဝရဘုရားသခင်၏ပညတ်တော်များအပေါ်သစ္စာစောင့်ခြင်းမှ ဖေါက်ပြန်သွားသည့် အာဏာတန်ခိုးရှိသူအပေါင်းတို့သည် ဘုရားသခင်၏ သားသမီးများကိုတိုက်ခိုက်ရန် နောက်ဆုံးသောခေတ်ကာလတွင် စုစည်းကြလိမ့်မည်။ ဤတိုက်လှန်ပွဲ၏ ပင်မအကြောင်းရင်းမှာ သတ္တမနေ့ဥပုသ်ပင်ဖြစ်သည်။ အကြောင်းမှာ ပညတ်တော်ကိုပေးတော်မူသည့် ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကိုဖန်းဆင်းသော ဖန်ဆင်းရှင်ဖြစ်ကြောင်းဖော်ပြထားခြင်းကြောင့်ဖြစ်သည်။ 3SM, p. 392 (1891).

"ငါသည် သင်တို့ကိုသန့်ရှင်းစေသော ထာဝရဘုရားသခင်ဖြစ်ကြောင်း သင်တို့သိစေခြင်းငှါ ငါနှင့်သင်တို့၏သားစဉ်မြေးဆက်စပ်ကြား၌လက္ခဏာသက်သေဖြစ်ဖို့ရာ ငါ့ဥပုသ်နေ့ကိုစင်စစ်စောင့်ရကြမည်။" (ထွက် ၃၁း၁၃)။ တနင်္ဂနွေဥပုသ်နေ့ဖြစ်ပေါ်လာပုံကိုသိသလိုလိုဖြင့် ထိုနေ့တွင်ဥပုသ်စောင့်ရန် ဆွဲဆောင်ရာတွင် စိတ်အားထက်သန်ကြောင်းဖေါ်ပြကာ "ဥပုသ်နေ့ဟာ ဘယ်နေ့ဖြစ်တယ်ဆိုတာ သင်မသိပါဘူး" ဟုပြောလျက် တချို့က ဥပုသ်နေ့အမှန်တွင် ဥပုသ်စောင့်ခြင်းကို အဟန့်အတားလုပ်ရန်ကြိုးစားကြလိမ့်မည်။ KC, p. 148 (1900).

## ၁၈၈၀ နှစ်များတွင်ပြုလုပ်ခဲ့သော
## တနင်္ဂနွေဥပဒေလှုပ်ရှားမှု

ကျွန်ုပ်တို့၏နိုင်ငံတွင် တနင်္ဂနွေဥပဒေအတည်ပြုလာမည်ကိုနှစ်ပေါင်းများစွာကတည်းက ကျွန်ုပ်တို့စောင့်ကြည့်ခဲ့ကြရာ ထိုလှုပ်ရှားမှုကိုယခုတွင် ကျွန်ုပ်တို့ရင်ဆိုင်ကြရပါပြီ။ "ဒီကိစ္စကိုဘယ်လိုဖြေရှင်းကြမလဲ" ဟု ကျွန်ုပ်မေးလိုပါသည်။ ကျွန်ုပ်တို့ယခုအချိန်၌ အထူးလုပ်ဆောင်သင့်သောအရာမှာ ကျေးဇူးတော်နှင့်တန်ခိုးတော်ကိုချပေးရန် ထာဝရဘုရားသခင်ထံ၌ဆုတောင်းကြရန်ပင်ဖြစ်သည်။ ထာဝရဘုရားသခင်သည် အသက်ရှင်တော်မူလျက်ရှိရာ ကိုယ်တော်သည် ကျွန်ုပ်၏လွတ်လပ်ခွင့်များကိုထိန်းချုပ်မည့်အချိန်သို့လုံးလုံးကျရောက်လာပြီဟု ကျွန်ုပ်မယုံကြည်မိပါ။

"မြေကြီး၊ ပင်လယ်၊ သစ်ပင်များတို့၌ လေမလာစေခြင်းငှါ ကောင်းကင်တမန်လေးပါးတို့သည် မြေ၏လေးမျက်နှာလေတို့ကိုကိုင်၍ မြေလေးမျက်နှာ၌ရပ်နေသည်ကိုငါမြင်၏။ အသက်ရှင်တော်မူသော ဘုရားသခင်၏တံဆိပ်ပါသော ကောင်းကင်တမန်တစ်ပါးသည် ရှေ့မျက်နှာကတက်လာသည်ကိုငါမြင်၏။ သူသည်လည်း မြေနှင့်ပင်လယ်ကို ညှဉ်းဆဲရသောအခွင့်ရှိသော ကောင်းကင်တမန်လေးပါးကိုအသံလွှင့်၍ ငါတို့ဘုရားသခင်၏ကျွန်ုပ်တို့ကို နဖူး၌တံဆိပ်မခတ်မီတိုင်အောင် မြေ၊ ပင်လယ်၊ သစ်ပင်တို့ကိုမညှဉ်းဆဲပါနှင့်" ဟုတောင်းပန်နေကြောင်း ရှင်ယောဟန်ရူပါရုံရခဲ့ပါသည်။ ကမ္ဘာအရပ်ရပ်သို့ သာသနာပြုများကိုစေလွှတ်ကာ ဘုရားသခင်၏ပညတ်တော်များကိုမလိုက်လျှောက်သူများအား သတိပေးစကားပြောမပြီးမီ လေးမျက်နှာလေတို့ကို ကောင်းကင်တမန်များအား လွှတ်ခွင့်မပေးသေးမည့်အကြောင်း ဆုတောင်းခြင်းအမှုတည်းဟူသော ကျွန်ုပ်တို့ယခုလုပ်ဆောင်ရမည့်အလုပ်ကို ဤအချက်ကဖော်ပြနေပါသည်။ RH Extra, Dec. 11 (1888).

## မိမိတို့လုပ်ဆောင်နေသောအရာကို မသိနားမလည်သူ
## တနင်္ဂနွေဥပဒေကိုထောက်ခံသူများ

ထိုတနင်္ဂနွေလှုပ်ရှားမှုသည် အမှောင်ထဲသို့ထိုးဖေါက်ဝင်ရောက်နေပေပြီ။ ခေါင်းဆောင်များက ဇာတိရပ်မှန်ကိုဖုံးကွယ်ထားရာလှုပ်ရှားမှုတွင်

စုစည်းပါဝင်လာသူအများသည် မည်သည့်အရာကိုဦးတည်လုပ်ဆောင်နေကြသည်ကိုမတွေ့မြင်ကြချေ။ ထိုသူတို့သည် မျက်ကန်းတောတိုးလုပ်ဆောင်နေကြသည်။ ပရိုတက်စတင့် အစိုးရများသည် ၎င်းတို့အားလွတ်လပ်ပြီး အမှီအခိုကင်းမဲ့သောနိုင်ငံတစ်နိုင်ငံဖြစ်စေသည့် စည်းမျဉ်းဥပဒေများကိုစတေးကာ ပုပ်ရဟန်းမင်း၏မှားယွင်းမှုနှင့်အဖျက်လုပ်ငန်းများကိုအားပေးမည့်ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းများကို ဥပဒေပြုခဲ့ကြမည်ဆိုလျှင် ၎င်းတို့သည် အမှောင်ခေတ်၌ရောမအသင်းတော်လုပ်ဆောင်ခဲ့သည့် ကြောက်စရာလုပ်ရပ်များဆီသို့ ချင်းနင်းနေကြောင်းကို ထိုသူများမတွေ့မြင်ကြချေ။ RH Extra, Dec. 11 (1888).

ဤတနင်္ဂနွေလှုပ်ရှားမှုကိုလှုံ့ဆော်နေသူများအပါအဝင်များစွာသောလူအပေါင်းတို့သည် မိမိတို့လုပ်ဆောင်မှု၏ အကျိုးဆက်ကိုမသိရှိကြပါ။ ဘာသာရေးလွတ်လပ်မှုကို မိမိတို့တိုက်ရိုက်တိုက်ခိုက်နေသည်ကိုလည်း သူတို့မသိကြပါ။ လူအများစုသည်သမ္မာကျမ်းစာပါ ဥပုသ်နေ့ဆိုင်ရာဖွင့်ဆိုချက်ကိုနားမလည်သလိုတနင်္ဂနွေဥပုသ်စတင်ပေါက်ဖွားလာရာ မှားယွင်းသည့်အခြေအမြစ်ကိုလည်းမသိရှိကြပါ။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကိုပြောင်းပစ်ကာ တနင်္ဂနွေဥပုသ်ကိုတည်ဆောက်ဖို့ ဥပဒေပြုရန် ကြိုးစားနေသူများသည် ဖြစ်ပေါ်လာမည့်ရလဒ်ကိုမသိသလောက်ဖြစ်နေသည်။ ပြဿနာတစ်ခုကို ကျွန်ုပ်တို့ရင်ဆိုင်ကြရတော့မည်။ 5T, pp. 711,753 (1889).

### ဘာမှမလုပ်ဘဲငြိမ်မနေကြနှင့်

ခြိမ်းခြောက်နေသည့် အန္တရာယ်ကို လမ်းလွဲသွားအောင် အစွမ်းကုန်ကြိုးစားရမည်မှာ ကျွန်ုပ်တို့၏တာဝန်ပင်ဖြစ်ပါသည်။

ဒုစရိုက်တိမ်တိုက်ကြီးကိုဖယ်ရှားကာ ဘုရားသခင်အတွက်နှစ်အနည်းငယ်ထဲ၌ အမှုတော်ဆောင်ခွင့်ပေးသနားတော်မူရန်အလို့ငှါထာဝရဘုရားသခင်ထံတော်၌ ဆုပတ္ထနာတောင်းခံမည့် မဟာတာဝန်ကြီးသည်

နိုင်ငံအတွင်းရှိဆုတောင်းကြသည့် အမျိုးသမီး၊ အမျိုးသားများအပေါ်သို့ကျရောက်နေပါသည်။ RH Extra, Dec. 11 (1888).

ဘုရားသခင်တစ်ဆူတည်းကသာပေးသနားနိုင်သည့် အထူးသောအကူအညီများကိုမိမိတို့ရရှိနိုင်ကြောင်း ပညတ်တော်ကို ယခုစောင့်ရှောက်နေသူများသည် အားယူထားဖို့လိုအပ်သည်။ ထိုခြိမ်းခြောက်နေသည့်ဘေးဒဏ်ကိုကြာနိုင်သမျှကြာကြာနှောင့်နှေးအောင် ၎င်းတို့ကြိုးစားလုပ်ဆောင်ကြရမည်။ RH Dec. 18 (1888).

ပညတ်တော်စောင့်ရှောက်သူများသည် ဖြစ်ပေါ်လာသည့်အခြေအနေကိုအသာတကြည်ဖြင့်လက်ခံနေသည့်အလား ဤအချိန်တွင်ငြိမ်မနေသင့်ကြပါ။ 7BC, p. 975 (1889).

ကျွန်ုပ်တို့သည် ဩဝါဒပွစိတ်၏လွတ်လပ်မှုကို ဆက်လက်ထိန်းသိမ်းရန်မည်သည့်အရာကိုမျှမလုပ်ဘဲ ငြိမ်သက်စွာထိုင်နေကြလျှင် အလိုတော်ကိုဆန့်ကျင်နေခြင်းသာဖြစ်သည်။ ကြာမြင့်စွာလျစ်လျူရှုထားခဲ့သည့်အမှုတော်ကိုပြီးမြောက်စွာမလုပ်ဆောင်နိုင်မီ ထိုဘေးဒဏ်ကြီးကိုကြန့်ကြာနေစေရန် ထာဝရဘုရားသခင်ထံ၌အားတက်သရောဆုတောင်းသင့်ကြပါသည်။ အားတက်သရောဆုတောင်းကာ ဆုတောင်းချက်နှင့်အညီ ညီညီညွတ်ညွတ်အမှုတော်ဆောင်ကြပါစို့။ 5T, p. 714 (1889).

အေးအေးဆေးဆေးဖြင့်အိပ်ငိုက်နေသလိုမျိုး အသက်ရှင်နေထိုင်လျက်ရှိသူများစွာရှိနေပါသည်။ "တနင်္ဂနွေဥပုသ်ကိုစောင့်ရမယ်ဆိုတဲ့ ဥပဒေထုတ်ပြန်လာမယ်လို့ အနာဂတ္တိစကားကပြောထားမှတော့ ဒီဥပဒေဟာအမှန်တကယ်အတည်ပြုလာတော့မှာပေါ့" ဟုဆိုကာ ဒုက္ခဆင်းရဲခြင်းကာလရောက်ရင် ဘုရားသခင်ကာကွယ်မှာပဲဆိုသည့်အတွေးဖြင့် အေးအေးဆေးဆေးနေကာ ထိုဖြစ်ရပ်ကိုတည်ငြိမ်စွာ ၎င်းတို့စောင့်စားနေကြပါသည်။ သို့ရာတွင်ပေးအပ်ထားသောတာဝန်များကို ကျွန်ုပ်တို့ကြိုးစားလုပ်ဆောင်ခြင်းမရှိခဲ့ကြလျှင် ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့ကိုကယ်တင်တော်မူမည်မဟုတ်ချေ။

လူအပေါင်းတို့သည် အမှန်တရားကိုသိလျှင် ဘုမသိဘမသိဖြင့် လမ်းမှားသို့လိုက်ပါမသွားစေရန်အလို့ငှါ သင်တို့သည် သစ္စာရှိကင်းစောင့်များ ပီပီ ကျရောက်လာမည့်ဘေးဒဏ်များကိုကြည့်ကာ သတိပေးကြရမည်။ RH Extra, Dec. 24 (1889).

**အရေးအသားအားဖြင့်လည်းကောင်း၊ မဲပေးခြင်းအားဖြင့်လည်းကောင်း တနင်္ဂနွေဥပုသ်ကိုဆန့်ကျင်ကြပါ။**

ဘာသာရေးလွတ်လပ်မှုကိုဖိနှိပ်ကာ နောက်လိုက်များအား တနင်္ဂနွေနေ့ကို ဥပုသ်နေ့အဖြစ်တည်ဆောက်ဖို့ အင်အားသုံးပြီး ဆွဲဆောင်ရန် မိမိတို့၏တန်ခိုးအာဏာများကို အသုံးပြုမည့်သူများကျေနပ်အောင် ကျွန်ုပ်တို့မလုပ်ဆောင်နိုင်ပါ။ ရက်သတ္တပတ်၏ ပထမနေ့ရက်သည် ဥပုသ်နေ့ အဖြစ်ရှိသေရမည့်နေ့တစ်နေ့မဟုတ်ပါ။ ထိုဥပုသ်သည် အတုသာဖြစ်သဖြင့် ဘုရားသခင်၏ဥပုသ်တော်နေ့ကိုနင်းချေကာ ပညတ်တော်ကိုလွန်ကျူးပြီး ထိုဥပုသ်အတုကို မြှောက်စားကြသူများနှင့်အတူ ဘုရားသခင်၏မိသားစုဝင် များသည်ဝတ်မပြုနိုင်ကြပါ။ ဘုရားသခင်၏သားသမီးများသည် ထိုကဲ့သို့သော သူတို့ကိုတာဝန်များပေးရန်လည်း ဆန္ဒမပေးကြရပါ။ အကြောင်းမှာ ထိုသူတို့ကို တာဝန်ပေးခန့်အပ်ရန် ဆန္ဒမဲပေးလျှင် လုပ်ငန်းတာဝန်တွင် ၎င်းတို့ကျူးလွန် သောအပြစ်ဒုစရိုက်များအတွက် ကျရောက်မည့်ပြစ်ဒဏ်များကို ကျွန်ုပ်တို့ မျှဝေခံစားကြရလိမ့်မည်။ FE, p. 475 (1899).

တနင်္ဂနွေဥပဒေပြဋ္ဌာန်းမှုအတွက် လှုပ်ရှားမှုနှင့်စပ်လျဉ်းပြီး ဟစ်ကြွေးကြရမည်ဟု ကျွန်ုပ်မျှော်လင့်ထားပါသည်။ ပညတ်တော်၏တည်တံ့ ခိုင်မြဲခြင်းကို အထူးအသားပေးကာ ကျွန်ုပ်တို့၏စာပေများတွင်ဖော်ပြရေး သားလျှင် အကောင်းဆုံးဖြစ်မည်ဟု ကျွန်ုပ်ထင်ပါသည်။--- ကျွန်ုပ်တို့သည် တနင်္ဂနွေဥပဒေကိုနှိမ်နင်းချေဖျက်ရန် ယခုအချိန်တွင်အတတ်နိုင်ဆုံးကြိုးစားလုပ် ဆောင်သင့်ပါသည်။ CW, pp. 97, 98 (1906).

**အမေရိကန်ပြည်ထောင်စုက တနင်္ဂနွေဥပဒေကို အတည်ပြုမည်ဖြစ်ခြင်း**

တနင်္ဂနွေဥပဒေကို လက်ခံအတည်ပြုဖို့ အစိုးရဥပဒေစည်းမျဉ်းများကို ပြန်လည်သုံးသပ်ရန် ကျွန်ုပ်တို့၏နိုင်ငံက မေတ္တာရပ်ခံသောအချိန်တွင် ပရိုတက်စတင့်အယူဝါဒသည် ဤလှုပ်ရှားမှုတွင် ပုပ်ရဟန်းမင်းကြီးနှင့်လက်တွဲကြလိမ့်မည်။ 5T, p. 712 (1889).

ပရိုတက်စတင့်များသည် ပုပ်ရဟန်းမင်းကြီးဘက်တွင် စိတ်ရောကိုယ်ပါ အားတက်သရောရပ်တည်ကြလိမ့်မည်။ သူတို့သည် ထိုအသင်းတော်၏မတရားစိုးမိုးမှုနှင့်ညှဉ်းပန်းစိတ်ဖိနှိပ်မှုများကိုပြန်လည်အသက်သွင်းလျက် ထိုမှားယွင်းသောဥပုသ်ကိုစောင့်ဖို့ ဥပဒေပြုခိုင်းစေခြင်းအားဖြင့် မိမိတို့၏အသက်တာနှင့်ခွန်အားများကို ရောမအသင်းတော်၏ယုံကြည်ခြင်း၌အပ်နှံကြလိမ့်မည်။ Mar, p. 179 (1893).

တနင်္ဂနွေဥပဒေကို အနှေးနှင့်အမြန်အတည်ပြုကြလိမ့်မည်။ RH Feb. 16 (1905).

မကြာမီအချိန်မှာပင် တနင်္ဂနွေဥပဒေကိုထုတ်ပြန်ကြလိမ့်မည်။ အဆင့်မြင့်အရာရှိကြီးများသည် လက်တစ်ဆုတ်စာသာရှိသည့် ပညတ်တော်စောင့်သူများအပေါ်မှန်းတီးငြိုငြင်ကြလိမ့်မည်။ 4MR, p. 278 (1909).

သိုးချိုကလေးများရှိသော သားရဲကိုပုံဆောင်ထားသည့် အာဏာရှင်တစ်ဦးသည် မြေကြီးသားအပေါင်းတို့အားရဟန်းမင်းကိုကိုးကွယ်ရန်လုပ်ဆောင်လိမ့်မည်ဟု ဗျာဒိတ် (၁၃) တွင် ဖော်ပြထားပါသည်။ ထိုသားရဲကိုကျားသစ်နှင့်တူသည်ဟုလည်း ဖော်ပြထားပါသည်။ မိမိ၏ကြီးမြတ်စိုးမိုးမှုကိုအထူးအသိအမှတ်ပြုခြင်းအဖြစ်ရောမအသင်းတော်က ဖွင့်ဆိုထားသောတနင်္ဂနွေဥပုသ်ကိုစောင့်ရန် အမေရိကန်ပြည်ထောင်စုက ဥပဒေပြုပြဋ္ဌာန်းလာသောအချိန်တွင် ဤအနာဂတ္တိစကားသည် ပြည့်စုံခြင်းသို့ရောက်လိမ့်မည်။

နိုင်ငံရေးဖေါက်ပြန်အကျင့်ပျက်ပြားမှုများက အမှန်တရားနှင့်သမ္မာတရားကို ချစ်မြတ်နိုးသောစိတ်ကို ဖျက်ဆီးလျက်ရှိရာ ဤနိုင်ငံမှာပင် အုပ်ချုပ်သူများနှင့်တရားသူကြီးများသည် လူထုထောက်ခံမှုကို ရယူနိုင်ရန် အလို့ငှါ အများ၏တောင်းဆိုချက်အတိုင်း တနင်္ဂနွေနေ့တွင်ဥပုသ်စောင့်စေမည့် ဥပဒေတစ်ခုကို ထုတ်ပြန်ပေးလိမ့်မည်။ GC, pp. 578, 570, 592 (1911).

**တနင်္ဂနွေဥပဒေကိုထောက်ခံသူများ၏ ငြင်းဆိုချက်များ**

ဖြစ်ပျက်သည့်အရာများအပေါ် မှားယွင်းစွာအနက်ဖွင့်အောင် စာတန်လုပ်ဆောင်ထားရာ အမေရိကန်ပြည်အပေါ်ကျရောက်သည့် ဘေးဒဏ်များသည် တနင်္ဂနွေဥပုသ်ကိုချိုးဖေါက်ခြင်း၏ရလဒ်ဖြစ်သည်ဟု ၎င်းတို့ထင်နေကြပါသည်။ ဘုရားသခင်၏အမျက်တော်ကိုပြောပျောက်သွားစေရန် သုံးသပ်လျက် ဩဇာရှိသောထိုပုဂ္ဂိုလ်များသည် တနင်္ဂနွေနေ့တွင် ဥပုသ်စောင့်စေသည့် ဥပဒေတစ်ခုကိုပြဋ္ဌာန်းကြပါလိမ့်မည်။ 10MR, p. 239 (1899).

ထိုခရစ်ယာန်ဥပုသ်(တနင်္ဂနွေနေ့)ကို မလေးမစားပြုခြင်းကြောင်း စာရိတ္တပျက်ပြားမှုများအလျင်အမြန်တိုးပွားနေကြောင်း၊ တနင်္ဂနွေဥပုသ်စောင့်ရန်ပြဋ္ဌာန်းခြင်းဖြင့် လူ့အသိုက်အဝန်းတွင်အကျင်းစာရိတ္တများတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း ထိုလူတန်းစားများကဖွင့်ဆိုကြပါသည်။ သတ္တမနေ့ဥပုသ်အကြောင်းကိုကျယ်ပြန့်စွာဟောပြောနေသည့် အမေရိကန်ပြည့်ထောင်စုတွင် ဤအချက်ကိုအထူးဖွင့်ဆိုနေကြပါသည်။ GC, p. 587 (1911).

**ပရိုတက်စတင့်နှင့်ရိုမန်ကက်သလစ်များ**
**တက်ညီလက်ညီလုပ်ဆောင်နေခြင်း**

ပရိုတက်စတင့်အယူဝါဒသည် ရောမအသင်းအားဏာပိုင်များနှင့် မိတ်သဟာယဖွဲ့ရန်လက်ကမ်းကြလိမ့်မည်။ ထိုနောက်ဖန်ဆင်းရှင်ဘုရားသခင်၏ဥပုသ်နေ့နှင့်ဆန့်ကျင်သောဥပဒေတစ်ခုပေါ်ထွက်လာလိမ့်မည်။ ထိုအချိန်တွင် ထာဝရဘုရားသခင်သည် ဤကမ္ဘာကြီးပေါ်၌ အံ့ဖွယ်အမှုအရာများကိုပြုတော်မူလိမ့်မည်။ 7BC, p. 910 (1886).

ရုပ်တုဆင်းတုများနှင့်ပတ်သက်သည့်စွဲဆိုမှုကို ရောမအသင်းတော်က မည်သို့ဖြေရှင်းမည်ကို ကျွန်ုပ်တို့မသိနိုင်ပါ။ ပရိုတက်စတင့်များက ထောက်ခံသည့် အကြည့်ဖြင့်စပြီးကြည့်ကာ အဆုံးတွင် ပရိုတက်စတင့်အယူဝါဒနှင့်ပူးပေါင်းမည့်ဘာသာအယူဝါဒတစ်ခုမှာ ဤရုပ်တုကိုးကွယ်မှုပင်ဖြစ်သည်။ ကက်သလစ်အယူဝါဒတွင်ရှိသော ပြောင်းလဲမှုတစ်ခုကြောင့် ဤပူးပေါင်းမှုသည် အကျိုးသက်ရောက်ခဲ့လိမ့်မည်မဟုတ်ချေ။ အကြောင်းမှာရောမအသင်းတော်သည် မည်သည့်အခါမျှ ပြောင်းလဲမည်မဟုတ်သောကြောင့်ဖြစ်သည်။ ဤဘဏ္ဍာရှိ ရက်ရောသောသဘောထားများကို လက်ခံကျင့်သုံးခြင်းသည် ကက်သလစ်အယူဝါဒ၏ ထိန်းချုပ်မှုအောက်သို့ရောက်သွားစေနိုင်သည့် နေရာသို့ရောက်ရှိသွားစေပါလိမ့်မည်။ RH, June 1 (1886).

ပရိုတက်စတင့်အယူဝါဒကိုလက်ခံကျင့်သုံးသူများသည် ဒုစရိုက်လူသားတည်းဟူသော ရဟန်းမင်းကြီးနှင့်ပူပေါင်းကြံစည်လာမည်ဖြစ်ရာ အသင်းတော်နှင့်ဤလောကသည် တညီတညွတ်တည်း ဖေါက်ပြန်ပျက်စီးကုန်ကြလိမ့်မည်။ 7BC, p. 975 (1891).

ရှေးခေတ် ကက်သလစ်အယူဝါဒနှင့် ခေတ်သစ်လမ်းမှားလိုက်နေသည့် ပရိုတက်စတင့်အယူဝါဒသည် ဘုရားသခင်၏ပညတ်တော်အလုံးစုံကိုစောင့်ရှောက်သူများအပေါ် တူညီသောလုပ်ဆောင်မှုများကိုလုပ်ဆောင်ကြလိမ့်မည်။ GC, p. 616 (1911).

## ရောမကိုဂုဏ်ပြုသော တနင်္ဂနွေဥပဒေများ

သာမန်ယုံကြည်ချက်များအဖြစ်မှတ်ယူထားသည့် ထိုအချက်များတွင် စုစည်းလျက် အမေရိကန်ပြည်ထောင်စုရှိ ဦးဆောင်အသင်းတော်များသည် ထိုအမိန့်များကို ထုတ်ပြန်ရာတွင်လည်းကောင်း၊ ၎င်းတို့၏အဖွဲ့အစည်းများကို ဆက်လက်အသက်ရှင်ရန်ပံ့ပိုးရာတွင်လည်းကောင်း နိုင်ငံအပေါ်တွင် ဩဇာညောင်းကြလိမ့်မည်။ ထိုအခါတွင် ပရိုတက်စတင့်နိုင်ငံတစ်ခုဖြစ်သော အမေရိကန်ပြည်ထောင်စုသည် ရောမအသင်းတော်၏ဖွဲ့စည်းပုံ အဆင့်ဆင့်

ရုပ်လုံးကိုတည်ဆောက်လာလိမ့်မည်။ ယုံကြည်ခြင်းမတူညီသူများမှာ ဥပဒေ အရအပြစ်ပေးအရေးယူခြင်းကို ဧကန်မုချခံကြရလိမ့်မည်။----

ပရိုတက်စတင့်အသင်းတော်များဘက်မှ တနင်္ဂနွေဥပုသ်စောင့်ရန် အတင်းအကျပ်လုပ်ဆောင်ခိုင်းနေခြင်းသည် ပုပ်ရဟန်းမင်းအားဝတ်ပြုရန် အတင်းအကျပ်ခိုင်းစေနေခြင်းပင်ဖြစ်သည်။---

လောကအာဏာတန်ခိုးများကိုအသုံးချကာ ဘာသာရေး ဆိုင်ရာတာဝန်များကို အတင်းအကျပ်ခိုင်းစေခြင်းအားဖြင့် ထိုအသင်းတော်များ သည် ကိုယ့်ကိုကိုယ်သားရဲ၏ရုပ်တုတစ်ခုဖြစ်အောင် တည်ဆောက်ကြပါ လိမ့်မည်။ ထိုအချိန်အခါမှစ၍ အမေရိကန်ပြည်ထောင်စုတွင် တနင်္ဂနွေဥပုသ် စောင့်ခြင်းကို အတင်းအကျပ်ခိုင်းစေမှုသည် သားရဲနှင့်သူ၏ရုပ်တုကိုကိုးကွယ် ရန် အတင်းအကျပ်ခိုင်းစေမှုတစ်ခုဖြစ်လာလိမ့်မည်။ GC, pp. 445,448 449 (1911).

ပရိုတက်စတင့်အယူဝါဒသည် မိမိတို့နှင့်ယုံကြည်မှုကွာခြားချက် ကြီးသော ရောမအာဏာပိုင်များနှင့်ပူးပေါင်းရန် လက်ကမ်းလာသောအချိန် တွင်လည်းကောင်း၊ နတ်မိစ္ဆာဝါဒနှင့်လက်တွဲရန် လက်ကမ်းလာသောအချိန် တွင်လည်းကောင်း ကျွန်ုပ်တို့၏နိုင်ငံသည် ရိုမန်ကက်သလစ်၊ ပရိုတက်စတင့် နှင့်နတ်မိစ္ဆာဝါဒများ၏ ဩဇာလွှမ်းမိုးမှုအောက်တွင် ပရိုတက်စတင့်သမ္မတ နိုင်ငံတစ်ခု၏ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေစည်းမျဉ်းအသီးသီးကိုပစ်ပယ် ကာ ပုပ်ရဟန်းမင်း၏မှားယွင်းမှုများနှင့်လှည့်ဖြားမှုများကို ဝါဒဖြန့်ပေးရန် စီစဉ်လုပ်ဆောင်လာသောအချိန်တွင်လည်းကောင်း၊ အံ့ဖွယ်အရာများကို စာတန်လုပ်ဆောင်ဖို့ အချိန်ရောက်လာပြီးဖြစ်သည့်အပြင် ကပ်ကာလအဆုံး သည်ရောက်လာပြီကို ကျွန်ုပ်တို့သိရှိနိုင်ကြပါသည်။ 5T, p. 451(1885).

**ဆုံးရှုံးသောတန်ခိုးအာဏာများကို**
**ရောမပြန်လည်ရရှိခြင်း**

ကျွန်ုပ်တို့သည် နောက်ဆုံးသော ခက်ခဲရာကာလကိုချဉ်းကပ်လာစဉ် ယုံကြည်သူအချင်းချင်း စည်းလုံးညီညွတ်ရန် အရေးကြီးလှပါသည်။ ကမ္ဘာ

ကြီး၌ မုန်တိုင်းများ၊ စစ်များ၊ ခြားနားဆန့်ကျယ်မှုများနှင့်ပြည့်ဝလျက်ရှိငြားသော်လည်း ပုပ်ရဟန်းမင်းကြီး၏ဦးဆောင်မှုအောက်တွင် ဘုရားသခင်ကိုဆန့်ကျင်ရန်စည်းလုံးကြလိမ့်မည်။ ဤစည်းလုံးမှုသည် မဟာမှားယွင်းဖေါက်ပြန်မှုကြီးအားဖြင့် ခိုင်မာနေလိမ့်မည်။ 7T, p. 182 (1902).

တနင်္ဂနွေနေ့ကို ဥပုသ်နေ့အဖြစ်စောင့်ရှောက်ရန် ခိုင်းစေသည့်ဥပဒေများသည် အစိုးရ၏အခြေခံအုတ်မြစ်ဖြစ်သော သမ္မတနိုင်ငံဆိုင်ရာစည်းမျဉ်းများမှ နိုင်ငံတော်ဖေါက်ပြန်မှားယွင်းမှုကိုဖြစ်ပေါ်စေလိမ့်မည်။ ပုပ်ရဟန်းမင်း၏ ဘာသာအယူဝါဒကို အစိုးရမင်းများလက်ခံလာကာ ဘုရားသခင်၏ပညတ်တော်ကိုစွန့်ပယ်ကြလိမ့်မည်။ ၇ပြယ် စ. ၁၉၂ (၁၉၀၆).

ပုပ်ရဟန်းမင်းအား အောင်ပန်းဆင်ဖို့အခွင့်သာစေရန် အတွေးအခေါ်မှောင်မိုက်ကျသ့် နေ့တစ်နေ့ထင်ရှားဖူးခဲ့သလို အတွေးအခေါ်ထွန်းတောက်သောနေ့တစ်နေ့သည်လည်း ၎င်းအားအောင်ပွဲဆင်ဖို့ အခွင့်သာစေလိမ့်မည်။ 4SP, p. 390 (1884).

စာသင်ကျောင်းများနှင့်အသင်းတော်၏စကားအသုံးအနှုန်းများအတွက် နိုင်ငံတော်၏ထောက်ခံမှုကိုရရှိရန် အမေရိကန်ပြည်ထောင်စု၌ ယနေ့ဖြစ်ပေါ်နေသော တိုးတက်သည့် လှုပ်ရှားမှုများတွင် ပရိုတက်စတင့်များသည် ရဟန်းမင်း၏နောက်လိုက်များ၏ခြေရာကိုလိုက်လျှောက်နေကြပါသည်။ ၎င်းတို့သည် ကက်သလစ်အသင်းတော်ဆုံးရှုံးခဲ့ရသည့်အာဏာတန်ခိုးများကို အမေရိကန်တွင် ပြန်လည်ရရှိအောင် တံခါးဖွင့်ပေးနေကြပါသည်။ GC, p. 573 (1911).

### အမျိုးသားတနင်္ဂနွေဥပဒေသည် အမျိုးသားရေးဖေါက်ပြန်မှုဖြစ်ခြင်း

ထင်ပေါ်ကျော်ကြားမှုနှင့်ထောက်ခံအားပေးမှုကိုရရှိရန်အလို့ငှါ ဥပဒေပြုအမတ်များသည် တနင်္ဂနွေဥပဒေ၏တောင်းဆိုမှုကိုလိုက်လျော်ကြလိမ့်မည်။---- ဘုရားသခင်၏ပညတ်တော်ကိုလွန်ကျူးကာ ထိုဥပဒေကို

ထုတ်ပြန်လိုက်ခြင်းအားဖြင့် ကျွန်ုပ်တို့၏နိုင်ငံသည် ဖြောင့်မတ်ခြင်းနှင့်လုံးဝ အဆက်အသွယ်ပြတ်သွားလိမ့်မည်။----

ရောမစစ်သည်များ၏ချဉ်းကပ်လာခြင်းသည် တမန်တော်များအတွက် ယေရုရှလင်အပေါ် ကျရောက်အံ့ဆဲဆဲဖျက်ဆီးခြင်းအတွက် အထိမ်းအမှတ်တစ်ခုဖြစ်သကဲ့သို့ ဤအယူဝါဒဖေါက်ပြန်မှုသည်လည်း ကျွန်ုပ်တို့အတွက် ဘုရားသခင်၏သည်းခံမှု အငန်းအတာကုန်ဆုံးကြောင်း အထိမ်းအမှတ်တစ်ခုဖြစ်နိုင်ပါသည်။ 5T, p. 451 (1885).

ထာဝရဘုရားသခင်သည် ပထမနေ့ကိုကောင်းချီးပေးခြင်း၊ သန့်ရှင်းခြင်းပြုတော်မမူသည့်အတွက် ထိုနေ့ကို ဥပုသ်နေ့တစ်နေ့အဖြစ်ရိုသေကိုင်းရှိုင်းခြင်းမပြုမိအောင် ကျွန်ုပ်တို့ခိုင်မာစွာရပ်တည်ကြရမည်။ ကျွန်ုပ်တို့သည် တနင်္ဂနွေနေ့ကို ရိုသေသမှုပြုလိုက်ခြင်းအားဖြင့် မိမိကိုယ်ကိုစာတန်ဘက်တွင် ရပ်တည်လိုက်ခြင်းဖြစ်သည်။---

ဘုရားသခင်၏ ပညတ်တော်တို့ကိုစွန့်ပယ်ကာ အယူဝါဒဖေါက်ပြန်ခြင်းသည် အမျိုးသားရေးအပြစ်ဒုစရိုက်ဖြစ်လာသောအချိန်တွင် ထာဝရဘုရားသခင်သည် မိမိလူတို့ကိုယ်စား လုပ်ဆောင်တော်မူလိမ့်မည်။ 3SM, p. 388 (1889).

အမေရိကန်ပြည်သူများသည် ခင်မင်ရင်းနှီးတတ်သူများ၊ မျက်နှာသာပေးခြင်းခံရသူများဖြစ်သည်မှာမှန်သော်လည်း ပရိတက်စတင့်အယူဝါဒကိုပစ်ပယ်ပြီး ပုပ်ရဟန်းမင်းကိုမျက်နှာလိုမျက်နှာရလုပ်ကာ ဘာသာရေးလွတ်လပ်ခွင့်များကို ချုပ်ထိန်းလာသောအချိန်တွင် ၎င်း၏ဒုစရိုက်ခွက်ဖလားသည် ပြည့်လျှံလျက်ရှိပြီဖြစ်ရာ ၎င်းတို့၏အမျိုးသားအယူဖေါက်ပြန်မှုကို ကောင်းကင်စာစောင်များတွင် မှတ်တမ်းတင်တော်မူလိမ့်မည်။ RH, May 2 (1893).

## အမျိုးသားအယူဖေါက်ပြန်ခြင်းကြောင့် အမျိုးသာအကျိုးပျက်စီးခြင်း

ကျွန်ုပ်တို့၏နိုင်ငံသည် တနင်္ဂနွေဥပုသ်စောင့်ခြင်းကို အတင်းအကျပ်ခိုင်းစေပြီး သတ္တမနေ့ဥပုသ်စောင့်သူများကိုဆန့်ကျင်သောဖိနှိပ်ချုပ်ချယ်မှုများ

ကိုပြုလျက် လူသားများ၏ဘာသာရေးလွတ်လပ်မှုများကိုဥပဒေပြုထိန်းချုပ်လာသောအချိန်တွင် ဘုရားသခင်၏ပညတ်တော်အနှစ်သာရများကို ကျွန်ုပ်တို့၏နိုင်ငံတွင်စွန့်ပယ်ကြလိမ့်မည်။ အမျိုးသားအကျိုးပျက်စီးမှုများသည် အမျိုးသားဖေါက်ပြန်မှုများ၏နောက်တွင် ဆက်တိုက်ဖြစ်ပေါ်လာလိမ့်မည်။ 7BC, p. 977 (1888).

နိုင်ငံတော်ခေါင်းဆောင်များသည် စာတန်၏ပေါ်လစီများကို ကျင့်သုံးလျက် ဒုစရိုက်လူ၏ဘက်တွင် ရပ်တည်ကြသောအချိန်တွင် အမျိုးသာအယူဖေါက်ပြန်သည့်အချိန်ကျရောက်လာပါမည်။ ထိုအချိန်တွင် ဒုစရိုက်ခွက်ဖလားသည်ပြည့်လျှံချေပြီ။ အမျိုးသားအယူဖေါက်ပြန်မှုသည် အမျိုးသားအကျိုးပျက်စီးမှုအတွက် အချက်ပြတစ်ခုဖြစ်သည်။ 2SM, p. 373 (1891).

ရိုမန်ကက်သလစ်အသင်းတော် ကျင့်သုံးနေသော စည်းမျဉ်းများကို အမေရိကန်ပြည့်ထောင်စုက စောင့်ရှောက်ကာကွယ်လိမ့်မည်။ ဤနိုင်ငံ၏ အမျိုးသားအယူဝါဒဖေါက်ပြန်မှု၏နောက်ဆက်တွဲအဖြစ် အမျိုးသားရေးအကျိုးထိခိုက်ပျက်စီးမှုများသည် အလျင်အမြန်ဖြစ်ပေါ်လိမ့်မည်။ RH, June 15 (1897).

ဆန့်ကျင်ခဲ့မိသဖြင့် မိမိတို့၏ဘိုးဘေးများအားပြင်းထန်သောညှဉ်းပန်းနှိပ်စက်မှုကို ခံစားစေခဲ့သည့် မှားယွင်းသောအယူဝါဒတစ်ခုကို ဆက်လက်အသက်ရှင်စေရန် ပရိုတက်စတင့်အသင်းတော်များသည် နိုင်ငံရေးအာဏာရှိသူများနှင့်ပူးပေါင်းလိုက်သောအချိန်တွင် နိုင်ငံရေးနှင့်ဘာသာရေးခေါင်းဆောင်များက ထိုတနင်္ဂနွေဥပုသ်ကိုအတင်းအကျပ်စောင့်ခိုင်းကြလိမ့်မည်။ အမျိုးသားအယူဝါဒဖေါက်ပြန်မှုတစ်ခုပေါ်ပေါက်လာကာ အမျိုးသားအကျိုးထိခိုက်ပျက်ပြားမှုတွင် အဆုံးသတ်လိမ့်မည်။ Ev, p. 235 (1899).

နိုင်ငံတော်သည် ထိုအမိန့်များကိုထုတ်ပြန်ခြင်းနှင့်ထိုအသင်းတော်ဆက်လက်တည်မြဲရေးအတွက်ထောက်မခြင်းများတွင် မိမိ၏တန်ခိုးအာဏာကိုအသုံးပြုလာသောအချိန်တွင် ပရိုတက်စတင့်နိုင်ငံဖြစ်သော အမေရိကန်ပြည်

ထောင်စုသည် ရဟန်းမင်း၏ပုံရိပ်ကိုတည်ဆောက်ပြီးဖြစ်သဖြင့် အမျိုးသား အကျိုးထိခိုင်ပျက်စီးမှုဖြင့် အဆုံးသတ်မည့်အမျိုးသားအယူဝါဒဖေါက်ပြန်မှု တစ်ခုဖြစ်ပေါ်လာပါလိမ့်မည်။ 7BC, p. 976 (1910).

**ကမ္ဘာလုံးဆိုင်ရာ တနင်္ဂနွေဥပဒေထုတ်ပြန်ခြင်း**

ရာဇဝင်သည် တစ်ဖန်ပြန်ပြောင်းဖွင့်ဟခြင်းခံရလိမ့်မည်။ မှားယွင်းသော ဘာသာအယူဝါဒကိုမြှောက်စားကြလိမ့်မည်။ သာမန်အလုပ်လုပ်ရသည့် နေ့ရက်တစ်ရက်ဖြစ်ရုံသာမက သန့်ရှင်းခြင်းကိုပိုင်ဆိုင်မှုမရှိသော ပထမနေ့ ရက်ကို ဗာဗုလုန်၏ရုပ်လုံးတစ်ခုပမာ တည်ဆောက်ကြလိမ့်မည်။ ထိုဥပုသ် အတုကိုစောင့်ရှောက်ကြရန် တိုင်းနိုင်ငံအသီးသီးမှလူမျိုးအပေါင်းတို့အား အမိန့်ပေးလိမ့်မည်။ တနင်္ဂနွေဥပုသ်ကိုစောင့်ရမည်ဆိုသည့် အမိန့်ဥပဒေကို ကမ္ဘာအရပ်ရပ်သို့ပေးပို့ဆင့်ဆိုလိမ့်မည်။ 7BC, p. 976 (1897).

ဘာသာရေးလွတ်လပ်ခွင့်ရှိသော အမေရိကန်ပြည်ထောင်စုသည် မှားယွင်းသောဥပုသ်ကို အလေးထားစောင့်ရှောက်ဖို့ လူတို့အား အတင်းအ ကျပ်တိုက်တွန်းသွေးဆောင်ရာတွင် ပုပ်ရဟန်းမင်းနှင့်လက်တွဲလုပ်ဆောင်စဉ် ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီးမှလူတို့အားလည်း ၎င်းတို့ပုံသက်သေအတိုင်း လိုက်လျှောက်စေလိမ့်မည်။ 6T, p. 18 (1900).

တစ်ကမ္ဘာလုံးက ကဏ္ဍတစ်ခုတွင်ပါဝင်လှုပ်ရှားမည့်နောက်ဆုံးသော မဟာပဋိပက္ခကြီးတွင် သတ္တမနေ့ဥပုသ်စောင့်ခြင်းသည် ပြဿနာဖြစ်နေ လိမ့်မည်။ 6T, p. 352 (1900).

နိုင်ငံခြားတိုင်းပြည်များသည် အမေရိကန်ပြည်ထောင်စုအားစံနမူနာ ထားကာ လုပ်ဆောင်ကြလိမ့်မည်။ ကျွန်ုပ်တို့၏နိုင်ငံက ဦးစီးဦးဆောင်သပြုနေ ြငားလည်း ကမ္ဘာအနှံ့တွင်နေထိုင်လျက်ရှိသည့် အမေရိကန်များသည် ထိုပြဿနာမျိုးကိုရင်ဆိုင်ကြရလိမ့်မည်။ 6T, p. 395 (1900).

ဥပုသ်အစစ်နေရာတွင် ဥပုသ်အတုကို အစားထိုးခြင်းအမှုသည် ကမ္ဘာ ကဇာတ်ကြီးတွင် နောက်ဆုံးသောအခန်းဖြစ်ပါသည်။ ထိုအစားထိုးမှုသည်

တစ်ကမ္ဘာလုံး၌ပျံ့နှံ့သွားသောအချိန်တွင် ထာဝရဘုရားသခင်သည် မိမိကိုယ်ကိုဖော်ပြတော်မူလိမ့်မည်။ လူတို့၏ပညတ်ကို ဘုရားသခင်၏ပညတ်တော်အထက်တွင်မြှောက်စားသောအချိန်၊ ပထမနေ့ဥပုသ်ကိုစောင့်ရန် အာဏာတန်ခိုးများကိုသုံးကာ လူတို့အား အတင်းအကျပ်ခိုင်းစေလာသည့် အချိန်များသို့ရောက်လာလျှင် ဘုရားသခင်တန်ခိုးပြတော့မည့်အချိန်သို့ရောက်လာပြီဟုသိမှတ်ကြပါ။ 7BC, p. 980 (1901).

ဘုရားသခင်၏ပညတ်တော်နေရာ၌ လူတို့၏ပညတ်တော်ကို အစားထိုးကာ လူ့တန်ခိုးအာဏာကိုအသုံးပြုပြီး ကျမ်းစာဥပုသ်နေရာတွင် တနင်္ဂနွေဥပုသ်ကိုမြှောက်စားခြင်းအမှုသည် လောကပြဇာတ်ကြီး၏ နောက်ဆုံးသောအခန်းဖြစ်ပါသည်။ ထိုအစားထိုးမှုသည် ကမ္ဘာအနှံ့၌လုပ်ဆောင်လာသောအချိန်တွင် ထာဝရဘုရာသခင်သည် မိမိကိုယ်ကိုဖော်ပြကာ ကမ္ဘာကြီးကိုကြောက်စရာကောင်းအောင်လှုပ်ခါရန် ဘုန်းတော်ဖြင့်ပေါ်ထွန်းလာတော်မူလိမ့်မည်။ 7T, p. 141 (1902).

## တနင်္ဂနွေဥပဒေကိုတစ်ကမ္ဘာလုံးက ထောက်ခံကြလိမ့်မည်

မိမိတို့၌အမှန်တရားရှိထားကြောင်း၊ ထူးဆန်းသော နိမိတ်လက္ခဏာများကို မိမိတို့အလယ်တွင်တွေ့ရကြောင်း၊ ကောင်းကင်တမန်များသည် မိမိတို့နှင့်အတူလမ်းလျှောက်ကာ စကားလာပြောကြကြောင်း၊ မိမိတို့အလယ်တွင် ထူးဆန်းသောတန်ခိုးပြမှုများရှိကြောင်း၊ ကာလကြာမြင့်စွာ ၎င်းတို့စောင့်စားခဲ့ရသော လောကဆိုင်ရာအနှစ်တစ်ထောင်ဆိုသည်မှာရှိကြောင်းစသည်ဖြင့် ထိုဆိုးယုတ်သူများကဖွင့်ဆိုကြရာ တစ်ကမ္ဘာလုံးမှာ စိတ်ထားပြောင်းကာ တနင်္ဂနွေဥပဒေနှင့်သဟဇာတဖြစ်လာပါသည်။ 3SM, p. 427, 428 (1884).

သတ္တမနေ့ဥပုသ်အသင်းသားများအား ရန်ငြိုးဖွဲ့အောင် တစ်ကမ္ဘာလုံးကိုဆွပေးရပါမည်။ အကြောင်းမှာ ထိုသူများသည် တနင်္ဂနွေဥပုသ်ကိုစောင့်ခြင်းဖြင့် ရဟန်းမင်းကြီးအား ဂုဏ်မပြုကြသောကြောင့်ဖြစ်သည်။ TM, p. 37 (1893).

ဘုရားသခင်၏ပညတ်တော်များကိုနင်းချေကြသူများသည် လူတို့အား လက်ခံစေမည့် လူ့ပညတ်များကိုဖန်တီးကြလိမ့်မည်။ လူတို့သည် မိမိတို့လုပ်ဆောင်မည့်အရာကို စီစဉ်ကြံဆတီထွင်ကြလိမ့်မည်။ တစ်ကမ္ဘာလုံးက တနင်္ဂနွေဥပုသ်ကိုစောင့်နေသည်တွင် အဘယ်ကြောင့် ဤလူနည်းစုကလေးက နိုင်ငံတော်၏ဥပဒေများနှင့်အညီမလုပ်ကြရတာလဲ ဟုသူတို့ပြောကြပါသည်။ Ms, p. 163 (1897).

## ခရစ်ယာန်လောက၌ ဗဟိုပြုသည့် တိုက်လှန်ပွဲ

အမည်ခံခရစ်ယာန်လောကသည် ကြီးကျယ်ပြီး ပြတ်သားတိကျသောလုပ်ဆောင်မှုများကိုပြသနေသည့် ကပွဲရုံကြီးဖြစ်ရန် ဦးတည်နေသည်။ အာဏာရှိသူများက ပုပ်ရဟန်းမင်း၏နမူနာကိုလိုက်ကာ လူသားများ၏ဩတ္တပ္ပစိတ်ကိုထိန်းချုပ်မည့်ဥပဒေများကို အတည်ပြုထုတ်ပြန်ကြလိမ့်မည်။ ဗာဗုလုန်သည် သူမ၏အမျက်တော်စပျစ်ရည်စစ်ကို တိုင်းနိုင်ငံအားလုံးအားတိုက်ကျွေးလိမ့်မည်။ ထိုကြောင့် နိုင်ငံအသီးသီးတို့သည် ပါဝင်ပတ်သက်လာကြလိမ့်မည်။ ဤသို့ဖြစ်ပျက်မည့်အချိန်အကြောင်းကို "ထိုသူတို့သည် သဘောတူကြသည်" ဟူသောအသုံးအနှုန်းဖြင့် ဗျာဒိတ်ဆရာယောဟန်က ဖွင့်ဆိုထားသည်။ (ဗျာ ၁၇:၁၃)။ ကမ္ဘာလုံးဆိုင်ရာ သမဂ္ဂပေါင်းချုပ်တည်းဟူသော စာတန်အင်အားစုများ၏ မဟာပူးပေါင်းညီညွတ်ရေးအဖွဲ့ကြီးတစ်ခုပေါ်ထွက်လာမည်။ ထိုသူတို့သည် မိမိတို့၏တန်ခိုးအာဏာများကို သားရဲလက်၌ အပ်ကြလိမ့်မည်။ ဤနည်းအားဖြင့် မိမိတို့၏ဘာသာရေးဝတ်ပြုကိုးကွယ်ပုံနှင့် ဝိနည်းထုံးဖွဲ့များအားလိုက်လျှောက်ရန်ငြင်းဆန်ရဲသူများအားရောမအသင်းတော်ကနှိပ်စက်ညှဉ်းပန်းခဲ့သည့်အတိတ်အချိန်ကဖြစ်ရပ်များအတိုင်း ဩတ္တပ္ပစိတ်၏စေ့ဆော်မှုအရာ ဘုရားသခင်အား လွတ်လပ်စွာကိုးကွယ်လိုသည့် ဘာသာရေးလွတ်လပ်မှုကို ဖိနှိပ်ညှဉ်းပန်းမည့်အာဏာတန်ခိုးမျိုးထင်ရှားပေါ်ထွန်းနေပါသည်။ 3SM, p. 392 (1891).

ယုံကြည်ခြင်းနှင့်မယုံကြည်ခြင်းအကြားဖြစ်ပွားနေသည့် မဟာတိုက်လှန်ပွဲတွင် ခရစ်ယာန်လောကတစ်ခုလုံးပါဝင်ပတ်သက်နေပါသည်။ RH, Feb. 7 (1893).

ခရစ်ယာန်လောကတစ်ခုလုံးတွင် ကြီးမားသည့် အဖွဲ့နှစ်ဖွဲ့သာရှိမည်။ ပထမအဖွဲ့တွင်ပါဝင်သူများမှာ ဘုရားသခင်၏ပညတ်တော်တို့ကိုကိုးကွယ်ပြီး ယေရှုခရစ်ကိုယုံကြည်သူများဖြစ်ပြီ ကျန်အဖွဲ့မှာမူ သားရဲကိုကိုးကွယ်ပြီး ၎င်း၏ရုပ်တု၊ တံဆိပ်ကိုလက်ခံသူများဖြစ်ကြသည်။ GC, p. 450 (1911).

ဥပုသ်နေ့သည် ခရစ်ယာန်လောကတွင် ဖြစ်ပွားနေသောတိုက်လှန်ပွဲ၏အဓကေအချက်ဖြစ်လာကာ ဘာသာရေးနှင့်နိုင်ငံရေးအာဏာရှိသူများသည် တနင်္ဂနွေဥပုသ်စောင့်ရန် အတင်းအကျပ်တိုက်တွန်းဖို့ စုစည်းလာကြစဉ်တွင် ထိုရေပန်းစားသောတောင်းဆိုမှုကို လိုက်လျောရန် ငြင်းဆန်နေသည့် လက်တစ်ဆုပ်စာလူစုကလေးသည် လူအများကမုန်းတီးရွံရှာမှုကိုခံရသူများဖြစ်လာလိမ့်မည်။ GC, p. 615 (1911).

သတ္တမနေ့ဥပုသ်စောင့်သူများကိုဆန့်ကျင်ကာ ခရစ်ယာန်နိုင်ငံရေးခေါင်းဆောင်များက ထုတ်ပြန်လိုက်သည့်ထိုအမိန့်သည် သတ္တမနေ့ဥပုသ်အသင်းသားများထံမှ အစိုးရအကာအကွယ်များကိုရုပ်သိမ်းစော အဖျက်သမားများလက်သို့ဝကွက်အပ်လိုက်သောအချိန်တွင် ထိုအသင်းသားများသည် နေထိုင်လျက်ရှိသောမြို့ရွာများမှထွက်ပြေးကာ လေးလံခေါင်ဖျားသောဒေသများတွင် အုပ်စုဖွဲ့၍နေထိုင်ကြရလိမ့်မည်။ GC, p. 626 (1911).

### မည်သည့်အန်တုမှုကိုမျှမလုပ်ကြပါ

ကျွန်ုပ်တို့၏အသင်းသားများသည် သတိဝီရိယမရှိခဲ့ကြလျှင် ဒေါမာန်ထတတ်သော စရိုက်မျိုးရှိနေကြလိမ့်မည်။ တနင်္ဂနွေနေ့တွင်အလုပ်လုပ်ခြင်းနှင့်စပ်လျဉ်းသည့် ၎င်းတို့၏လွတ်လပ်ခွင့်သည် ထိုသို့သောမှားယွင်းသည့်ပုံသက်သေများကြောင့် လက်လွတ်သွားကြလိမ့်မည်။ ဤကိစ္စကို

အလျင်စလိုမလုပ်ဘဲ ထာဝရဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ကြပါ။ ကိုယ်တော်တစ်ပါးတည်းကသာ ထိုအစိုးရမင်းများ၏တန်ခိုးအာဏာကိုထိန်းချုပ်နိုင်တော်မူသည်။ ဆင်ကန်းတောတိုးမလုပ်ကြပါနှင့်။ သူတစ်ပါးမှန်းအောင်မိမိ၏လွတ်လပ်ခွင့်ကို သတိပညာမဲ့စွာမကြွားပါနှင့်။ ဘုရားသခင်၏ကျွန်များပီပီ "ခပ်သိမ်းသောသူတို့ကိုရိုသေကြလော့။ ညီအစ်ကိုများကိုချစ်ကြလော့။ ဘုရားသခင်ကိုကြောက်ရွံ့ခြင်း၊ ရှင်ဘုရင်ကိုရိုသေခြင်းရှိကြလော့။ (၁ပေ၊ ၂း၁၇)။

ဤအကြံပေးစကားသည် ဆင်းရဲဒုက္ခနှင့်ပြီးသောနေရာများသို့ခေါ်ဆောင်သွားခြင်းခံရမည့်သူအားလုံးအတွက် အမှန်တကယ်တန်ဖိုးရှိသောစကားများဖြစ်ပါလိမ့်မည်။ အန်တုသည့်အမူအရာများ၊ ရန်ငြိုးထားသည့်ပုံစံများကိုလုံးဝမပြကြပါနှင့်။ 2MR, pp. 193, 194 (1898).

## တနင်္ဂနွေနေ့တွင်အလုပ်မှရပ်နားခြင်း

အမေရိကန်ပြည်ထောင်စုတောင်ပိုင်းဒေသများနှင့်စပ်လျဉ်း၍မူ အမှုတော်ကိုသတိပညာရှိရှိဖြင့်လုပ်ဆောင်ကြရမည်။ ခရစ်တော်လုပ်ဆောင်ခဲ့သည့်ပုံစံနမူနာအတိုင်းလုပ်ဆောင်ကြရမည်။ လူတို့သည် မကြာမီမှာပင် တနင်္ဂနွေနေ့နှင့်စနေနေ့အပေါ်တွင်ထားရှိသည့် သင်တို့၏ယုံကြည်ခြင်းကိုသိရှိကာမေးခွန်းထုတ်ကြတော့မည်ဖြစ်သည်။ ထိုအချိန်တွင်သင်လုပ်ဆောင်နေသောအမှုတော်အပေါ်အာရုံမရောက်သွားစေမည့်ပုံစံမျိုးဖြင့် ၎င်းတို့အားသင်ပြောပြနိုင်ပါသည်။ တနင်္ဂနွေနေ့မှာအလုပ်လုပ်ဆောင်ခြင်းအားဖြင့် သင်ဆောင်ရွက်နေသောအမှုတော်ကို တိုတောင်းသွားအောင်လုပ်ရမည်မဟုတ်ပါ။

တနင်္ဂနွေနေ့မှာအလုပ်မလုပ်ခြင်းသည် သားရဲ၏တံဆိပ်ကိုလက်ခံခြင်းမဟုတ်ပါ။ တနင်္ဂနွေနေ့မှာအလုပ်လုပ်ခြင်းအားဖြင့်နှိပ်စက်ညှဉ်းပန်းခြင်းကိုပိုမိုပြင်းထန်လာစေနိုင်သည့်အရပ်ဒေသများတွင် စစ်မှန်သော သာသနာပြုကိစ္စများကိုဆောင်ရွက်ရန် အခွင့်ကောင်းရသည့်နေ့အဖြစ် ထိုနေ့ကိုညီအစ်ကိုတို့မှတ်ယူကြပါ။ SW, pp. 69, 70 (1895).

"တနင်္ဂနွေနေ့မှာ သင်အလုပ်မလုပ်ရဘူး" ဟု သင့်ထံသို့လာကာ သူတို့ကပြောလျှင် "သင့်အလုပ်ကိုဆက်လုပ်ပါ" ဟု သင့်ကိုကျွန်ုပ်မပြောလိုပါ။ အကြောင်းမှာ သင်နှင့်သင်၏ဘုရားသခင်အကြားတွင် ပြဿနာတစ်စုံတစ်ခုမျှ မဖြစ်နိုင်သောကြောင့်ဖြစ်သည်။ Ms, p. 163 (1898).

လွတ်လပ်မှုရှိကြောင်းပြလိုသောဆန္ဒဖြင့် တနင်္ဂနွေနေ့မှာ အလုပ်လုပ်ပြခြင်းအားဖြင့် တနင်္ဂနွေဥပုသ်ကို အရူးအမူးရှိသေနေသူများအားစိတ်ဆိုးအောင်ကျွန်ုပ်တို့ဆွမပေးသင့်ကြပါ။ ညီအစ်မများအနေဖြင့်အဝတ်လျှော်ရာနေ့တစ်နေ့အဖြစ် တနင်္ဂနွေနေ့ကိုမရွေးချယ်သင့်ကြချေ။ 3SM, p. 399 (1889).

**တနင်္ဂနွေနေ့တွင် ဝိညာဉ်ရေးကိစ္စများတွင်**
**ပါဝင်ခြင်း**

အတင်းအကျပ်အတည်ပြုနေသည့် တနင်္ဂနွေဥပဒေများနှင့်စပ်လျဉ်းသည့်ကိစ္စတွင် မည်သည့်အရာကို သင်လုပ်ဆောင်သင့်သလဲဆိုသည့်မေးခွန်းကိုဖြေရန် ကျွန်ုပ်ကြိုးစားလိုပါသည်။

တနင်္ဂနွေနေ့တွင် သာမန်လုပ်နေကျအလုပ်များကိုရပ်နားကာ သာသနာလုပ်ငန်းများကိုလုပ်ဆောင်ခြင်းအားဖြင့် သတ္တမနေ့ဥပုသ်အသင်းသားများသည် မိမိတို့၏ဉာဏ်အမြော်အမြင်များကိုဖေါ်ပြသင့်ကြပါသည်။

တနင်္ဂနွေဥပဒေများကို အန်တုဖတ်ပြိုင်နေခြင်းသည် ထိုဥပဒေများကို စည်းကြပ်ဖို့ကြိုးစားနေသည့် ဘာသာရေးတစ်ယူသန်များအား နှိပ်စက်ညှဉ်းပန်းခြင်းကိုပို၍လုပ်ဆောင်စေရုံမှတစ်ပါး အခြားအကျိုးကျေးဇူးမရှိပါချေ။ သင့်အား ဥပဒေချိုးဖေါက်သူဟုခေါ်ဖို့ ၎င်းတို့အားအခွင့်အရေးမပေးကြပါနှင့်၊ ———ပြဿနာဖြစ်စေမည့်အရာများကိုမလုပ်ခြင်းအားဖြင့် အေးချမ်းသာယာမှုကိုထိန်းသိမ်းတတ်ကြောင်းဖေါ်ပြခြင်းကို သားရဲ၏တံဆိပ်လက်ခံခြင်းဟုမဆိုလိုနိုင်ပါချေ။

ဘုရားသခင်အတွက်အကျိုးရှိစေမည့်အလုပ်များကို လုပ်ဆောင်ခြင်းအတွက် တနင်္ဂနွေနေ့ကိုအသုံးပြုနိုင်သည်။ ရက်တို၊ ရက်ရှည်တရားပွဲများကို

ဤနေ့တွင်ကျင်းပနိုင်သည်။ တစ်အိမ်တက်ဆင်းသာသနာပြုခြင်းအမှုကို ဤနေ့တွင်ဆောင်ရွက်နိုင်သည်။ စာရေးသူများသည် ဤနေ့ကိုစာပေရေးသားမှုများအတွက် အသုံးချနိုင်သည်။ ဖြစ်နိုင်လျှင် ဘာသာရေးအခမ်းအနားများကို ဤနေ့တွင်ကျင်းပနိုင်သည်။ ထိုအခမ်းအနားများကို အထူးစိတ်ဝင်စားစရာဖြစ်အောင်စီစဉ်ကြပါ။ ဝိညာဉ်ရေးနိုးကြားစေမည့် ဓမ္မတေးများကိုသီဆိုကြပါ။ ကယ်တင်ရှင်၏မေတ္တာတော်ဆိုင်ရာအာမခံချက်များကို တန်ခိုးပါပါဟောကြားကြပါ။ 9T, pp. 232,233 (1909).

ဒေသအသီးသီးတွင်တရားပွဲများကျင်းပရန် ကျောင်းသားများကိုအသုံးပြုပါ။ ဆေးဖက်ဆိုင်ရာသာသနာလုပ်ငန်းများတွင်လည်း ၎င်းတို့ကိုအသုံးပြုပါ။ သမ္မာတရားကိုတင်ဆက်ရန် အိမ်များတွင်အခွင့်အရေးကောင်းများကို သူတို့တွေ့ကြလိမ့်မည်။ တနင်္ဂနွေနေ့ကို ဤနည်းအားဖြင့်အသုံးပြုခြင်းကို ထာဝရဘုရားသခင်အမြဲတမ်းနှစ်သက်တော်မူလိမ့်မည်။ 9T, p. 238 (1909).

## ဆန့်ကျင်ဘက်အဖွဲ့များမှထင်ရှားစေသည့် သမ္မာတရားအလှ

ဘုရားသခင်၏ပညတ်တော်များကိုစွန့်ပယ်အောင် လောဘနှင့်ထိုအသင်းတော်ပူးပေါင်းကြိုးစားနေစဉ်တွင် ယုံကြည်သူများ၏စိတ်အားထက်သန်မှုများမှာတိုးပွားလျက်ရှိလိမ့်မည်။ ပညတ်တော်ကိုဆန့်ကျင်နေသောကန့်ကွက်မှုအသီးသီးသည် သမ္မာတရားဖြန့်ချိရန်နည်းလမ်းများပေါ်ပေါက်စေကာ သမ္မာတရား၏တန်ဖိုးကို လူတို့ရှေ့မှာတင်ပြခွင့်ရလာကြလိမ့်မည်။ ဤအရာသည် ဆန့်ကျင်ဘက်အဖွဲ့များနှင့်နှိပ်စက်ညှဉ်းပန်းခြင်းများကလွဲ၍ မည်သည့်အရာကမှ မထင်ရှားစေနိုင်သည့် သမ္မာတရား၏အလှပင်ဖြစ်သည်။ 13MR, pp. 71,72 (1896).

တနင်္ဂနွေဥပုသ်ကိုစောင့်ကြဖို့ ကြိုးစားလုပ်ဆောင်နေသော ဤသို့သောအချိန်သည် ဥပုသ်အစစ်နှင့်အတုကိုကမ္ဘာကြီးရှေ့၌ခွဲခြားတင်ဆက်ဖို့

အခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။ ထာဝရဘုရားသခင်သည် စီစဉ်မှုများတွင် ကျွန်ုပ်တို့နှင့်မနှိုင်းယှဉ်နိုင်လောက်အောင် သာလွန်တော်မူပါသည်။ ဥပဒေပြု အဖွဲ့ရှေ့သို့ စတုတ္ထပညတ်ပါဥပုသ်နေ့ကိုတင်ပြနိုင်ရန်အလို့ငှါ တနင်္ဂနွေနေ့နှင့် ပတ်သက်သောမေးခွန်းများကို ရှေ့တန်းသို့ရောက်ခွင့်ပေးတော်မူခဲ့ပါသည်။ ဤနည်းအားဖြင့် နိုင်ငံတော်ခေါင်းဆောင်ကြီးများသည် စစ်မှန်သော ဥပုသ်နေ့ကိုထောက်ခံထားသည့် နှုတ်ကပတ်တော်ပါသက်သေခံချက်များကို အာရုံပြုလာနိုင်ကြမည်ဖြစ်သည်။ 2MR, p. 197 (1890).

## ဘုရားသခင်၏အမိန့်တော်ကို
## ဦးစားပေးလိုက်နာသင့်ခြင်း

ဘုရားသခင့်နှုတ်ကပတ်တော်၏တောင်းဆိုချက်တစ်ခုကို လျစ်လျူရှုမလား။ သို့မဟုတ် လွတ်လပ်ခွင့်ကို အရပ်သိမ်းခံမလားဆိုသည့် အရာနှစ်ခုအနက် တစ်ခုခုကို သမ္မာတရားအားစွဲလမ်းသူများရွေးချယ်ရပေ တော့မည်။ အကယ်၍ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကိုလျစ်လျူကာ လူသားများ၏ရိုးရာဓလေ့များကိုလက်ခံကျင့်သုံးကြမည်ဆိုလျှင် လူတို့အလယ် တွင်နေထိုင်ကာ ဆက်လက်၍ရောင်းဝယ်ခွင့်ရကြမည်။ သူတစ်ပါး၏လေးစား မှုကိုခံကြရမည်။ သို့ရာတွင် ထာဝရဘုရားသခင်ကိုဆက်လက်သစ္စာစောင့်ကြ မည်ဆိုလျှင် ခံစားနေရသည့် အခွင့်အရေးများကို လက်လွှတ်ကြရမည်။ အကြောင်းမှာ ပညတ်တော်ကိုရန်မူနေသူများသည် ဘာသာရေးယုံကြည်ချက် ဆိုင်ရာကိစ္စများနှင့် လူသားများ၏သြတ္တပ္ပစိတ်ကိုထိန်းချုပ်မှုကိုကိစ္စများတွင် လွတ်လပ်သောတရားစီရင်မှုကို ချေဖျက်ပစ်ရန် အတူတကွပူးပေါင်းနေကြပါပြီ။

တိုင်းပြည့်အစိုးရများသည် ၎င်းတို့၏အာဏာများကိုနည်းမှန်လမ်းမှန် ကျိုးကြောင်းဆီလျော်စွာအသုံးပြုနေသမျှကာလပတ်လုံး ဘုရားသခင် ဘိသိက်သွန်း ခန့်အပ်ထားသောအဖွဲ့ဖြစ်သည်ဟု ကျွန်ုပ်တို့အသိအမှတ်ပြုကာ အစိုးရမင်းများ၏စကားကို မွန်မြတ်သောတာဝန်တစ်ခုအဖြစ်မှတ်ယူနာခံကြရ ပါမည်။ သို့ရာတွင် ၎င်းတို့၏ဖွင့်ဆိုလုပ်ဆောင်မှုများသည် ဘုရားသခင်၏

တရားတော်နှင့်ဆန့်ကျင်လာလျှင် ကျွန်ုပ်တို့သည် ဘုရားသခင့်စကားတော်ကိုဦးစားပေးနားထောင်ကြရမည်။ လူသားများတီထွင်သောဥပဒေများထက်ဘုရားသခင်၏နှုတ်ကပတ်တော်ကို အာဏာတန်ခိုးနှင့်စုံလင်သောအရာတစ်ခုအဖြစ် ကျွန်ုပ်တို့မှတ်ယူကြရမည်။ "အသင်းတော် သို့မဟုတ် နိုင်ငံတော်က မိန့်ဆိုသည့်အရာများ" အတွက် "ဘုရားသခင်ကမိန့်ဆိုသောအရာများ" ကိုစွန့်ပစ်ကြရမည်မဟုတ်ချေ။ ခရစ်တော်၏ဦးရစ်သရဖူကို လောကီရှင်ဘုရင်များ၏ရာဇသရဖူများအထက်တွင် မြှောက်စားကြရန်ဖြစ်သည်။ HM, Nov. 1 (1893).

လူသားများသည် စာတန်ကိုကိုးကွယ်ကြလျှင် စာတန်သည် ၎င်းတို့အား လောကီနိုင်ငံများကိုပေးနေသည်။ လူများစွာတို့သည် ကောင်းကင်နိုင်ငံတော်ကိုအဆုံးရှုံးခံကာ လောကီနိုင်ငံများကိုအရယူနေကြသည်။ အပြစ်ပြုခြင်းထက် သေရသည်က ပို၍ကောင်း၏၊ လိမ်လည်လှည့်ဖြားသောနည်းဖြင့် ငွေရတတ်ခြင်းထက် ချို့တဲ့ခြင်းကပို၍မြတ်၏၊ လိမ်ညာခြင်းထက်ငတ်မွတ်ခြင်းကသာ၍ကောင်း၏။ 4T, p. 495 (1880).

---ooo---

## အခန်း (၁၀)

# ဒုက္ခဆင်းရဲခြင်းကာလငယ်

### ကရုဏာတံခါးမပိတ်မီဖြစ်ပေါ်မည့် ဒုက္ခဆင်းရဲခြင်းကာလ

ဒုက္ခဆင်းရဲခြင်းကာလအစဦးအချိန်၌ ကျွန်ုပ်တို့သည် ရှေ့တန်းသို့ ထွက်ကာ ဥပုသ်နေ့သတင်းစကားကိုပြည့်ပြည့်စုံစုံဟောကြားသောအချိန်တွင် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝလျက်ရှိနေကြပါမည်။ EW, p. 33.

ဤရူပါရုံကိုလူနည်းစုကလေးသာ သတ္တမနေ့ဥပုသ်စောင့်နေသည့် ၁၈၄၇ ခုနှစ်တွင်ပေးခဲ့ခြင်းဖြစ်သည်။ သတ္တမနေ့ဥပုသ်စောင့်ခြင်းသည် ယုံကြည်သူနှင့်မယုံကြည်သူအကြား ထင်ရှားစေသည့် အရေးပါသောအချက် တစ်ခုဖြစ်သည်ကို ထိုသူများထိုစဉ်ကမထင်မှတ်ခဲ့ကြပါ။ ယခုတွင်မူ ထိုရူပါရုံ၏ပြည့်စုံခြင်းကို မြင်စပြုနေချေပြီ။ "ဒုက္ခဆင်းရဲခြင်းကာလအစ" ဟုဆိုရာတွင် ဘေးဒဏ်ကြီးများစ၍ ကျသောအချိန်ကိုမဆိုလိုဘဲ ဘေးဒဏ်ကြီးများကျခါနီး ခရစ်တော်ကောင်းကင်ဗိမာန်တော်တွင်ရှိနေသေးသည့်အချိန်ကိုဆိုလိုပါသည်။ ထိုအချိန်ကလေးတွင် ကယ်တင်ခြင်းဆိုင်ရာအမှုတော်သည် အဆုံးသတ်တော့မည်။ ဆင်းရဲဒုက္ခများလည်း ကမ္ဘာကြီးပေါ်သို့ကျရောက်လာတော့မည်။ နိုင်ငံ အသီးသီးသည်လည်း ဒေါမာန်ထလျက်ရှိကြပြီ။ သို့စေကာမူ ကောင်းကင်တမန် သုံးပါးသတင်းစကားဟောကြားခြင်းအမှုတော်ကို အဟန့်အတားမဖြစ်စေရန် အလို့ငှါ ထိုအရာများကိုတားထားဆဲဖြစ်သည်။ EW, pp. 85,86 (1854).

### အမေရိကန်ပြည်တွင် ဘာသာရေးလွတ်လပ်ခွင့် အဆုံးသတ်သွားခြင်း

ဘုရားသခင်၏ပညတ်တော်ကို စာတန်၏ကိုယ်စားလှယ်များအား ဖြင့် ဖျက်သိမ်းပစ်ရန်ဖြစ်သည်။ ဘာသာရေးလွတ်လပ်ခွင့်ရှိခြင်းကြောင့် ဂုဏ်ယူဝါကြွားနေသော ကျွန်ုပ်တို့၏နိုင်ငံသည် ဘာသာရေးလွတ်လပ်ခွင့်ကို လက်လွတ်ဆုံးရှုံးရပေတော့မည်။ ဤပြိုင်ပွဲကိုတစ်ကမ္ဘာလုံးအား လှုပ်လှုပ်

ရှားရှားဖြစ်သွားစေမည့် ဥပုသ်နေ့ပြဿနာအပေါ်တွင် အခြေခံဆုံးဖြတ်ကြလိမ့်မည်။ Ev, p. 236 (1895).

ကြီးမားသောပြဿနာကြီးတစ်ခုက ဘုရားသခင်၏သားသမီးများအားစောင့်ကြိုနေပါသည်။ ကျွန်ုပ်တို့၏နိုင်ငံသည် ပထမနေ့ကိုသန့်ရှင်းသောနေ့တစ်နေ့အဖြစ် အသိအမှတ်ပြုစောင့်ကြရ မအောင်မြင်သောကြိုးစားမှုတစ်ခုကို မကြာမီတွင်လုပ်ဆောင်လိမ့်မည်။ ဤသို့လုပ်ဆောင်ရာတွင် ထိုသူတို့သည် လူတို့၏သြတ္တပ္ပစိတ်ကိုဆန့်ကျင်ကာ နိုင်ငံတော်မှကြေညာထားသည့် ဥပုသ်နေ့ကိုစောင့်ရှောက်ဖို့ အတင်းအကျပ်ခိုင်းစေရန် စိတ်မလုံမလဲ ဖြစ်ကြလိမ့်မည်မဟုတ်ချေ။ RH, extra Dec. 11 (1888).

မြော်လင့်ခြင်းအသင်းတော်သည် သတ္တမနေ့ဥပုသ်နှင့်ပတ်သက်၍ တိုက်ပွဲဝင်ကြလိမ့်မည်။ အမေရိကန်ပြည်ထောင်စုအပါအဝင် အခြားနိုင်ငံများမှခေါင်းဆောင်များသည် အာဏာတန်ခိုးများကြီးထွားလာကာ ဘာသာရေးလွတ်လပ်မှုကိုချုပ်ထိန်းသည့် ဥပဒေများကိုအတည်ပြုကြလိမ့်မည်။ Ms, p. 78 (1897).

အမေရိကန်ပြည်ထောင်စုမှ ပရိတက်စတင့်ဘာသာဝင်များသည် နတ်မိစ္ဆာဝါဒကိုလက်ခံကြိုဆိုသူများတွင် အဦးကျသောသူများဖြစ်ကြလိမ့်မည်။ ရောမအာဏာရှိပုဂ္ဂိုလ်များနှင့်လည်း မိတ်သဟာယဖွဲ့လက်တွဲကြလိမ့်မည်။ ဤနိုင်ငံသည် ပရိတက်စတင့်၊ ရိုမန်ကက်သလစ်နှင့်နတ်မိစ္ဆာဝါဒများ၏သြဇာလွှမ်းမိုးမှုအောက်တွင် ရောမအသင်းတော်၏ခြေရာကိုနင်းကာ သြတ္တပ္ပစိတ်၏အခွင့်အရေးများကိုနင်းချေပစ်လိမ့်မည်။ GC, p. 588 (1911).

### နိုင်ငံတော်နှင့်အသင်းတော်က ဘုရားသခင်၏သားသမီးများကို ဆန့်ကျင်ခြင်း

နိုင်ငံတော်ကောင်စီမှ ချမှတ်သည့်အမိန့်ကိုဦးမညွှတ်၊ ဒုစရိုက်သားများက တီထွင်ထားသည့် ဥပုသ်နေ့ကိုမြှောက်စားသည့် နိုင်ငံတော်ဥပဒေကို မလိုက်နာသူအပေါင်းတို့သည် ရောမအာဏာပိုင်များ၏ညှဉ်းပန်းမှုများကို

သာမက သားရဲ၏ရုပ်တုဖြစ်သော ပရိုတက်စတင့်လောကမှ ပုဂ္ဂိုလ်များ၏ဖိနှိပ်ညှဉ်းပန်းမှုများကိုလည်းခံကြရလိမ့်မည်။ 2SM, p. 380 (1886).

ဘုရားသခင်၏သတိပေးသတင်းစကားများကိုနားကြားရန် ငြင်းဆိုသော ဘာသာရေးအဖွဲ့ အစည်းများသည် ပြင်းထန်သောလှည့်ဖြားမှုအောက်တွင်ရှိနေကြပြီ။ သူတော်စင်များကိုညှဉ်းပန်းနှိပ်စက်ရန် တိုင်းပြည်ရှိအာဏာရပုဂ္ဂိုလ်များနှင့်ပူးပေါင်းကြလိမ့်မည်။ ပညတ်တော်အတိုင်း အသက်ရှင်နေထိုင်ကြသော ယုံကြည်သူများကိုနှိပ်စက်ရာတွင် ပရိုတက်စတင့်အသင်းတော်သည် ရောမအသင်းတော်နှင့်ပူးပေါင်းလိမ့်မည်။

ဘုရားသခင်၏ ပညတ်တော်ကိုစောင့်ကာ ယေရှု၏သက်သေခံချက်ရှိသောပုဂ္ဂိုလ်များအား ရန်ဘက်ပြုရာတွင် သိုးငယ်နှင့်တူသောတန်ခိုးအာဏာရှိသူသည် နဂါးကြီးနှင့်ပူးပေါင်းလိမ့်မည်။ 14MR, p. 162 (1899).

ဤအသင်းတော်သည် အစိုးရများထံတွင်အကူအညီတောင်းလိမ့်မည်။ ရိုမန်ကက်သလစ်နှင့်ပရိုတက်စတင့်တို့သည် ဤလုပ်ဆောင်မှုကိုအကောင်အထည်ဖော်ရန် ပူးပေါင်းကြလိမ့်မည်။ GC, p. 607 (1911).

**တရားရုံးတော်၌**

သမ္မာတရားအတွက်နှိပ်စက်ညှဉ်းပန်းခံရခြင်းသည် မည်သို့အရာဖြစ်သည်ကို ကမ္ဘာ့ရာဇဝင်၏နောက်ဆုံးသောအချိန်များတွင် အသက်ရှင်နေထိုင်သူများသိရှိရလိမ့်မည်။ မသမာမှုများသည် တရားရုံးများ၌ အောင်ပွဲဆင်နေသည်။ ဘုရားသခင်၏ပညတ်တော်ကိုသစ္စာစောင့်ရခြင်း၏အကြောင်းရင်းများကိုကြားနာရန် တရားသူကြီးများကငြင်းဆိုလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် စတုတ္ထပညတ်ကို ငြင်းဆိုမှုများအတွက် အဖြေမပေးနိုင်သည်ကို ၎င်းတို့သိထားကြသည်။ “ဒို့မှာ ပညတ်တော်တစ်ခုရှိတယ်၊ ထိုပညတ်ကြောင့်ထိုသူဟာသေသင့်တယ်” ဟုသူတို့ကဖွင့်ဆိုကြသည်။ ဘုရားသခင်၏ပညတ်တော်သည် ၎င်းတို့အတွက်အရာမထင်တော့ချေ။ ‘ဒို့ရဲ့ပညတ်’ သည် ၎င်းတို့အတွက် အထွတ်အမြတ်ဖြစ်နေသည်။ ထိုပညတ်ကိုလေးစားသူအပေါင်းတို့

သည် ထောက်ခံမှုကိုရကြမည်ဖြစ်သော်လည်း ၎င်းတို့၏ဥပုသ်ကိုအလေး မထားသူများအား ထောက်ခံမှုပေးကြလိမ့်မည်မဟုတ်ချေ။ ST, May. 26 (1898).

တရားရုံးများတွင် ကျွန်ုပ်တို့စွဲချက်အတင်ခံရသောအမှုများတွင် ဘုရားသခင်နှင့်ထိပ်တိုက်ပြဿနာမဖြစ်စေမည့် အခွင့်အရေးများကို ကျွန်ုပ်တို့လက်လွှတ်ကြရမည်။ ကျွန်ုပ်တို့အသနားခံတောင်းဆိုနေသော အရာမှာ ကျွန်ုပ်တို့အမှုတော်ဆောင်စေနိုင်သည့် ဘုရားသခင်၏အခွင့် အရေးဖြစ်သည်။ 5MR, p. 69 (1895).

**မြော်လင့်ခြင်းအသင်းသားများအစော်ကားခံရခြင်း**

ယုံကြည်သူများကို အတိတ်အချိန်ကရှာဖွေသဒုက္ခပေးခဲ့သောထိုပုဂ္ဂိုလ် သည် ဘုရားသခင်ကိုကြောက်ရွံ့ပြီး ပညတ်တော်ကိုစောင့်ရှောက်နေသူများ အား ဤကမ္ဘာမြေပေါ်မှရှင်းပစ်ရန် ကြိုးစားဆဲရှိနေပါသည်။

ချမ်းသာခြင်း၊ ထက်မြက်ခြင်းနှင့်ပညတ်အဆင့်အတန်းများသည် ၎င်းတို့အားစက်ဆုပ်ရွံရှာဖွယ်နှင့်ဖုံးအုပ်ရန် ပေါင်းစည်းကြလိမ့်မည်။ နိုပ်စက် ညှဉ်းပန်းသောရှင်ဘုရင်များ၊ ဝန်ကြီးများနှင့်အသင်းတော်မှပုဂ္ဂိုလ်များသည် ၎င်းတို့ကိုဒုက္ခပေးရန် ပူးပေါင်းကြံစည်ကြလိမ့်မည်။ ထိုသူများသည် ဝါကြွား၊ ခြိမ်းခြောက်၊ ပြက်ရယ်ပြုသော စာပေအရေးအသားနှင့်အဟောအပြောများ အားဖြင့် ၎င်းတို့၏ယုံကြည်ခြင်းကိုမှောက်လှန်ရန် ကြိုးစားကြလိမ့်မည်။ 5T, p. 450 (1885).

သမ္မာကျမ်းစာပါ အမှန်တရားများကိုဟောကြားသက်သေခံသော ကြောင့် ကျွန်ုပ်တို့ကို သစ္စာဖေါက်များကဲ့သို့ဆက်ဆံသည့် အချိန်တစ်ချိန်ရောက် လာတော့မည်။ 6T, p. 394 (1900).

သမ္မာကျမ်းစာတွင်ဖေါ်ပြထားသည့် ဥပုသ်နေ့ကိုစောင့်ရှောက်သူများ သည် မင်းမဲ့စရိုက်နှင့်စာရိတ္တပျက်ပြားမှုများကိုဖြစ်စေလျက် ဘုရားသခင်၏ပြစ် ဒဏ်စီရင်မှုကို ယူဆောင်လာသော တရားဥပဒေစိုးမိုးရေးနှင့်အေးချမ်းသာယာ

ရေး၏ရန်သူများကဲ့သို့လည်းကောင်း၊ လူ့အသိက်အဝန်း၏ကိုယ်ကျင့်တရား ထိန်းချုပ်မှုကို ပျက်ပြားစေသူများကဲ့သို့လည်းကောင်း ရှုတ်ချခြင်းကိုခံရလိမ့်မည်။ ထိုသူတို့၏လိပ်ပြာသန့်သည့် ရိုးစင်းသောအကျင့်များကိုလည်း ခေါင်းမာခြင်း၊ တင်းမာခြင်းနှင့်အာဏာပိုင်များကိုစော်ကားခြင်းများအဖြစ် ဖွင့်ဆိုကြလိမ့်မည်။ ထိုသူတို့သည် အစိုးရကိုသစ္စာဖေါက်သူများအဖြစ်အစွပ်စွဲခံကြရလိမ့်မည်။ GC, p. 592 (1911).

ဆိုးယုတ်သောထိုကာလတွင် မိမိတို့၏ဩတ္တပ္ပစိတ်အတိုင်း ထာဝရဘုရားသခင်အား မကြောက်မရွံ့ကိုးကွယ်သူများသည် သတ္တိရှိဖို့လိုအပ်ပါလိမ့်မည်။ ခိုင်မြဲပြီးေ ဘုရားသခင်ကိုလည်းကောင်း၊ သမ္မာကျမ်းစာကိုလည်းကောင်း၊ သိကျွမ်းဖို့လည်းလိုအပ်ပါလိမ့်မည်။ အကြောင်းမှာ ဘုရားသခင့်အပေါ်သစ္စာစောင့်သိသူများသည် နှိပ်စက်ညှဥ်းပန်းခြင်းကိုခံရလိမ့်မည်။ ၎င်းတို့၏စိတ်သဘောထားများကိုဆန့်ကျင်လုပ်ဆောင်ကြလိမ့်မည်။ ၎င်းတို့၏လူဆိုးစာရင်းသွင်းကြလိမ့်မည်။ AA, pp. 431, 432 (1911).

**နှိပ်စက်ညှဥ်ပန်းခြင်းအမျိုးမျိုး**

ယေရှုခရစ်၏ဘာသာအယူဝါဒကို ပျောက်ပျက်လုနီးပါးဖြစ်စေသည့် ရောမဝါဒအားဖြင့် ပရိတက်စတင့်များလုပ်ဆောင်သည့် နှိပ်စက်ညှဥ်းပန်းခြင်းများသည် ပရိတက်စတင့်အယူဝါဒနှင့်ရိုမန်ကက်သလစ်အယူဝါဒတို့ပေါင်းစည်းလိုက်သောအချိန်တွင် ပို၍ယှဥ်ပြိုင်မှုကိုခံရလိမ့်မည်။ 3SM, p. 387 (1889).

ဘုရားသခင်၏သားသမီးများကို ပညတ်တော်လွန်ကျူးအောင်ဆွဲဆောင်ရာတွင် အသုံးပြုမည့် ဇာတိရုပ်ကိုဖုံးကွယ်ထားသည့် နည်းမျိုးစုံကို စာတန်ပိုင်ဆိုင်ထားပါသည်။ Letter, p. 30a (1892).

ကျွန်ုပ်တို့သည် ယခုဖြစ်ပျက်နေသည့် အရာခပ်သိမ်းတို့အတွက် အံ့အားသင့်စရာမလိုပါ။ ကြောက်လန့်စရာများတိုးပွားနေခြင်းကိုလည်း အံ့ဩစရာမလိုပါ။ ဘုရားသခင်၏သန့်ရှင်းသောပညတ်တော်များကို မသန့်

ရှင်းသောခြေဖြင့်နင်းချေနေသူများ၌ ခရစ်တော်ကိုစောင်ကားအပ်နှံခဲ့သူများ၏ စိတ်ထားမျိုးရှိနေပါသည်။ ၎င်းတို့သည်စိတ်စနောင့်စနင်းလုံးဝမရှိဘဲ စာတန်၏လုပ်ရပ်များကိုလုပ်ဆောင်ကြလိမ့်မည်။ 3SM, p. 416 (1897).

စိတ်ဓါတ်ခွန်အားနှင့်ပြည့်စုံပြီး သမ္မာတရား၏လမ်းပြမှုကိုခံယူလိုသူများသည် ပင်တေကုတ္တေပွဲနေ့၏အနှောင်းပိုင်းကာလများတွင်တည်ရှိခဲ့သော အသင်းတော်၏ရာဇဝင်ကိုလေ့လာကြပါ။ တမန်တော်ရှင်ပေါလုနှင့်တကွအခြားတမန်တော်များအကြောင်းကိုမှတ်တမ်းတင်ထားသည့် တမန်တော်ဝတ္ထုကိုသေချာစွာလေ့လာကြပါ။ အကြောင်းမှာ ဘုရားသခင်၏သားသမီးများသည် အလားတူအတွေ့အကြုံများကို ရင်ဆိုင်ကျော်လွှားကြရပါမည်။ PC, p. 118 (1907).

## အထောက်အပံ့အသီးသီးကို ဖြတ်တောက်ပစ်ခြင်း

စုဆောင်းသိုဝှက်ထားသော ဥစ္စာစည်းစိမ်များသည် မကြာမီတွင် တန်ဖိုးမဲ့ကုန်ကြလိမ့်မည်။ ထိုအမိန့်ကိုကြေညာလိုက်သောအချိန်တွင် သားရဲ၏တံဆိပ်ရှိသူများမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှရောင်းဝယ်ခြင်းအမှုကိုပြုနိုင်ကြတော့မည်မဟုတ်ချေ။ ထိုကြောင့်ဥစ္စာပစ္စည်းများသည် အသုံးကျတော့မည်မဟုတ်ချေ။ ဤသတင်းစကားကိုလောကီသားများထံသွား၍ အစွမ်း ကုန်သတိပေးဟောကြားရန် ယခုတွင် ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့အား ဆင့်ဆိုနေတော်မူသည်။ RH, March 21 (1878).

မည်သည့်ဈေးနှုန်းနှင့်မဆို ကျွန်ုပ်တို့ရောင်းဝယ်လို့မရသည့်အချိန် ရောက်လာတော့မည်။ သားရဲ၏တံဆိပ်ရှိသူများမှလွဲ၍ ရောင်းဝယ်ခြင်း အခွင့်ကို မပေးတော့မည့်အမိန့်သည် မကြာမီတွင်ထွက်ပေါ်လာတော့မည်။ များမကြာမီကတည်းက ဤအရာကို ကာလီဖိုးနီးယားပြည်နယ်တွင် ကျွန်ုပ်တို့ရိပ်စားမိခဲ့သော်လည်း အရပ်လေးမျက်နှာမှ လေတိုက်တော့မည့် အချိန်အတွက်ခြိမ်းခြောက်မှုတစ်ခုသာဖြစ်ပါသည်။ ထိုလေများကိုကောင်းကင်

တမန်လေးပါးက ထိန်းထားဆဲဖြစ်ပါသည်။ ကျွန်ုပ်တို့သည်အဆင်သင့်မဖြစ်ကြ သေးရာ လုပ်ဆောင်ရမည့်အရာတစ်ခုရှိနေသေး၏။ ထိုနောက်မှ ထိုကောင်း ကင်တမန်များကိုခွင့်ပြုလိုက်မည်ဖြစ်ရာ အရပ်လေးမျက်နှာမှလေတို့သည် မြေကြီးပေါ်တွင်တိုက်ခတ်ကြလိမ့်မည်။ 5T, p. 152 (1882).

စာတန်နှင့်ဖြစ်ပွားနေသည့်နောက်ဆုံးတိုက်လှန်ပွဲကြီးတွင် လောကနှင့် စပ်ဆိုင်သည့် ထောက်ပံ့မှုအသီးသီးကို မိမိတို့အား ပေးကြတော့မည်မဟုတ် ကြောင်း ဘုရားသခင်၏သားသမီးများမြင်တွေ့ကြရလိမ့်မည်။ ထိုသူတို့သည် လောကီအာဏာတန်ခိုးတို့၏စကားကိုနားထောင်လိုက်လျှောက်ရန် ဘုရား သခင်၏ပညတ်တော်ကိုလွန်ကျူးဖို့ငြင်းဆန်ကြသောကြောင့် ရောင်းဝယ်ခြင်း အမှုကိုမပြုရန် ပိတ်ပင်တားမြစ်ခြင်းခံကြရမည်။ DA, pp. 121, 122 (1898).

"တချို့သောသူများသည် အဝတ်နှင့်အစားချို့တဲ့မှာစိုးရိမ်ကြသဖြင့် ဘုရားသခင်၏ပညတ်တော်ကိုချိုးဖေါက်ကာ လောကသားများနှင့်ပေါင်း စည်းကြလိမ့်မည်။ ဤလောကတစ်ခုလုံးသည် ငါ၏အုပ်စိုးမှုအောက်တွင် လုံးလုံးရောက်ရှိလိမ့်မည်" ဟု စာတန်ကဖွင့်ဆိုထားပါသည်။ PK, pp. 183, 184 (1914).

## ယုံကြည်ခြင်းကြောင့် ထောင်ကျကြခြင်း

တချို့မှာ ဘုရားသခင်၏ဥပုသ်နေ့ကိုမချိုးဖေါက်ရန် ငြင်းဆိုကြသော ကြောင့် ထောင်နန်းစံကြရလိမ့်မည်။ PC, p. 118 (1907).

တနင်္ဂနွေဥပုသ်ကို ဂုဏ်ပြုရန် ငြင်းဆိုကြသည့် သမ္မာတရားကိုကာ ကွယ်နေသူများသည် ထောင်အချခံရလိမ့်မည်၊ နယ်အနှင့်ခံရလိမ့်မည်။ ကျွန်အဖြစ်ဆက်ဆံခြင်းခံရလိမ့်မည်။ ထိုအရာများသည် ယခုအချိန်တွင် ဖြစ်နိုင်ဖို့မလွယ်ကူသောအရာများ ဖြစ်နေငြားသော်လည်း ဝိညာဉ်တော်ကို လူသားများထံမှ ပြန်လည်ရုပ်သိမ်းလိုက်သောအချိန်တွင် ၎င်းတို့သည် ပညတ်တော်ကိုမုန်းသည့် စာတန်၏အုပ်စိုးမှုအောက်တွင်ရောက်သွားကာ မထင်မှတ်သောအရာများကိုလုပ်ဆောင်ကြလိမ့်မည်။ ဘုရားသခင်ကို

ကြောက်သည့်စိတ်၊ ချစ်သည့်စိတ်များမရှိတော့သောအချိန်တွင် စိတ်နှလုံးများသည် အလွန်ရက်စက်လာနိုင်ပါသည်။ GC, p. 608 (1911).

ကျွန်ုပ်တို့သည် ခရစ်တော်အတွက်ဒုက္ခခံရန်ဆင့်ဆိုခြင်းခံရသောအချိန်တွင် မိဘများအပေါ်ယုံကြည်ကိုးစားသကဲ့သို့ ကိုယ်တော်အပေါ် ကိုးစားလျက် အကျဉ်းထောင်များထဲသို့ဝင်သွားနိုင်ကြလိမ့်မည်။ ထိုကြောင့် ယုံကြည်ခြင်းကိုပျိုးထောင်ရမည့်အချိန်မှာ ယခုအချိန်ပင်ဖြစ်သည်။ OHC, p. 357 (1892).

**များစွာသောယုံကြည်သူများအသတ်ခံရခြင်း**

ကျွန်ုပ်တို့လုပ်ဆောင်ရန်အသင့်လျော်ဆုံးအရာမှာ ဘုရားသခင်နှင့်နီးကပ်စွာနေထိုင်ရန်ဖြစ်သည်။ သမ္မာတရားအတွက် ကျွန်ုပ်တို့အား မာတုရသေခြင်းဖြင့် ထာဝရဘုရားသခင်ရင်ဆိုင်စေလိုတော်မူလျှင်လည်း ထိုအရာသည် သမ္မာတရားကိုနောက်ထပ်လူများစွာထပ်၍လက်ခံလာစေသည့်နည်းလမ်းဖြစ်နိုင်ပါသည်။ 3SM, p. 420 (1886).

လူများစွာတို့သည် အကျဉ်းချခြင်းကိုခံကြရလိမ့်မည်။ လူများစွာတို့မှာအသက်ဘေးလွတ်ရန် မြို့ရွာများမှထွက်ပြေးကြလိမ့်မည်။ တချို့မှာမူ သမ္မာတရားကိုအကာအကွယ်ပြုရင်းခရစ်တော်အတွက် အသက်ပေးကြရလိမ့်မည်။ 3SM, p. 397 (1889).

မနားမနေရုန်းကန်ခြင်း၊ အကျဉ်းအချခံရမည့်အန္တရာယ်၊ ဥစ္စာပစ္စည်းနှင့်အသက်ကိုဆုံးရှုံးနိုင်သည့်အန္တရာယ်များတို့သည် ပညတ်တော်ကိုကာကွယ်စောင့်ရှောက်မည့်သူများအတွက် အနာဂတ်တွင် စောင့်ကြိုနေပါသည်။ 5T, p. 712 (1889).

ဘုရားသခင်၏ပညတ်တော်ကိုစွန့်ပယ်ကာ လူများတီထွင်ထားသည့်ပညတ်တော်ကိုစောင့်ရှောက်ရန် လူအများကိုတောင်းဆိုကြလိမ့်မည်။ ဘုရားသခင်ဘက်တွင်သစ္စာစောင့်သိသူများသည် အခြိမ်းခြောက်ခံကြလိမ့်မည်၊ အရှုတ်ချခံကြရမည်၊ မတရားသင်းကြေညာခြင်းခံကြရလိမ့်မည်။

ထိုသူများသည် မိဘ၊ ညီအစ်ကို၊ ဆွေမျိုးမိတ်ဆွေများ၏ အသတ်ခံရသည် အထိသစ္စာဖေါက်ခြင်းကိုခံကြရလိမ့်မည်။ PK, p. 588 (1914).

ကျွန်ုပ်တို့၏ရှေးဘိုးဘေးများနည်းတူ အကျဉ်းချခြင်းမခံရမီ ၎င်းတို့ကဲ့သို့ မာတုရသေခြင်းကို ရင်ဆိုင်ရဲကြလိမ့်မည်မဟုတ်ချေ။ OHC, p. 125 (1889).

ထိုကရုဏာမျိုးကိုလိုအပ်သည့်အချိန်မတိုင်မီ တပည့်တော်များသည် မာတုရသေခြင်းနှင့်ရင်ဆိုင်ရဲသည့် သတ္တိကိုရနိုင်ကြလိမ့်မည်မဟုတ်ချေ။ DA, p. 354 (1898).

**နှိပ်စက်ညှဉ်းပန်းခြင်းခံရစဉ်ခိုင်မြဲစွာ**
**ရပ်တည်နိုင်အောင်လုပ်ဆောင်နည်း**

ခရစ်တော်ထံမှတစ်ပါး မည်သူ့ထံကမျှ အကူအညီမရတော့သည်ကို ကျွန်ုပ်တို့တွေ့ကြရလိမ့်မည်။ မိတ်ဆွေများသည် ကျွန်ုပ်တို့ကိုသစ္စာဖေါက်ကာ အပ်နှံကြလိမ့်မည်။ မိတ်ဆွေများသည် ကျွန်ုပ်တို့ကိုသစ္စာဖေါက်ကာ တို့၏ဆွေမျိုးများကလည်း ကျွန်ုပ်တို့ကိုဆန့်ကျင်ကာ ဒုက္ခရောက်အောင်လုပ်ရသည်ကိုပင် ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်နေသည်ဟု အထင်ရှိနေကြလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့သည် မှောင်မိုက်လွှမ်းကာ ဒုက္ခရောက်နေသောအချိန်တွင် မိမိတို့၏လက်များကို ခရစ်တော်၏လက်တော်၌ ယုံကြည်ကိုးစားစွာဖြင့် ထည့်ထားနိုင်ကြပါသည်။ Mar 197 (1889).

တိုက်လှန်ပွဲတွင်လူသားများခိုင်မြဲစွာရပ်တည်နိုင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ ခရစ်တော်၌အခြေချ၊ အမြစ်စွဲထားရန်ဖြစ်သည်။ ထိုသူတို့သည် ခရစ်တော်၌တည်ရှိနေသော သမ္မာတရားကိုပိုင်ဆိုင်ထားကြရမည်။ ဤအရာတစ်ခုတည်းကသာ အသက်ဝိညာဉ်တစ်ခု၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ပါသည်။ ကပ်တိုင်အတင်ခံရသော ခရစ်တော် ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းအရှင်ခရစ်တော်အကြောင်း ဟောကြားခြင်းသည် ဆာလောင်သော အသက်ဝိညာဉ်ကို ကျေနပ်နှစ်သိမ့်စေပါသည်။ ကျွန်ုပ်တို့သည် ဗဟိုအချက်

အချာကျသည့် ဤသမ္မာတရားကြီးတွင် လူအများစိတ်ဝင်စားအောင်လုပ်ဆောင်နိုင်သောအချိန်တွင် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့်ရဲရင့်သောစိတ်များသည် ပြည့်ဝလာပါသည်။ GCDB, Jan. 28 (1893).

လူအများတို့သည် ၎င်းတို့၏ယုံကြည်ခြင်းကြောင့် အိုးအိမ်နှင့်အမွေဥစ္စာများကိုဖြတ်တောက်ဖျက်ဆီးခြင်းခံရလိမ့်မည်ဖြစ်သော်လည်း ထိုသူတို့သည် ကျေးဇူးတော်ဆိုင်ရာသတင်းစကားကိုလက်ခံလျက် ခရစ်တော်တည်းဟူသော ၎င်းတို့၏ကိုယ်စားအသေခံသူ၊ ၎င်းတို့၏အာမခံအပေါ်တွင် အမှီပြုအသက်ရှင်ကြလျှင် ၎င်းတို့သည် ပျော်ရွှင်ဝမ်းမြောက်ခြင်းနှင့်ပြည့်ဝကြလိမ့်မည်။ ST, June 2, (1898).

## ဘုရားသခင်၏သားသမီးများကိုပြန့်ကျဲစေသည့် နှိပ်စက်ညှဉ်းပန်းခြင်း

ဘုရားသခင်၏ဥပုသ်တော်နေ့ကိုစောင့်ထိန်းသူများအား နေရာအနှံ့တွင် ရန်ဘက်ပြုနေကြသောကြောင့် ဘုရားသခင်၏သားသမီးများမှာများစွာခါးခါးသီးသီးမဆန့်ကျင်သောဒေသများသို့ မဖြစ်မနေပြောင်းရွှေ့ကြရပါတော့သည်။

လူယုတ်မာများ၏လုပ်ဆောင်မှုကြောင့် ဩဇာသက်ရောက်မှု ထိရောက်ခြင်းမရှိသည့်ပြင် အသက်အန္တရာယ်ကိုပါစိုးရိမ်ရသောဒေသများတွင် ကိုယ်တော်ရှင်၏သားသမီးများဆက်လက်နေထိုင်ရန် ထာဝရဘုရားသခင်ခိုင်းစေတော်မမူပါ။ လွတ်လပ်မှုနှင့်အသက်တို့ကိုအန္တရာယ်ပြုလာသောအချိန်တွင် နှုတ်ကပတ်တော်ကိုနာကြားလိုသူများနေထိုင်သည့်နေရာ၊ နှုတ်ကပတ်တော်ကို ပိုမိုဟောကြားခွင့်ရနိုင်မည့်နေရာများသို့ပြောင်းရွှေ့ရန်မှာကျွန်ုပ်တို့၏တာဝန်ပင်ဖြစ်သည်။ Ms, p. 26 (1904).

နှိပ်စက်ညှဉ်းပန်းခြင်းကြောင့် တိုင်းပြည်များစွာဆီသို့ ဘုရားသခင်၏သားသမီးများပျံ့လွင့်ရောက်ရှိသွားမည့်အချိန်သည် မကြာမီမှာပင်ရောက်ရှိလာတော့မည်။ ဘက်စုံပညာရရှိထားသူများသည် ရောက်သည့်နေရာတိုင်း၌ အခွင့်သာကြလိမ့်မည်။ 5MR, p. 280 (1908).

## စည်းလုံးညီညွတ်မှုကိုဖြစ်စေမည့် နှိပ်စက်ညှဉ်းပန်းခြင်း

နှိပ်စက်ညှဉ်းပန်းခြင်းမုန်တိုင်းကြီး အမှန်တကယ်တိုက်ခတ်လာသော အချိန်တွင် သိုးအစစ်များသည် သိုးထိန်းအစစ်ကြီး၏အသံကိုကြားကြလိမ့်မည်။ ပျောက်ဆုံးနေသူများကိုကယ်ဆယ်ရန် ကိုယ်ကျိုးမဖက်သောကြိုးစားမှုများကို လုပ်ဆောင်ကြလိမ့်မည်။ သိုးစုမှလမ်းလွဲနေခဲ့သူများသည်လည်း သိုးထိန်းကြီး နောက်သို့လိုက်ရန် သိုးခြံသို့ပြန်လာကြလိမ့်မည်။ ဘုရားသခင်၏သားသမီး များသည် ပြန်လည်စုစည်းကာ စည်းလုံးညီညွတ်မှုကို စာတန်အားပြကြလိမ့် မည်။ အန္တရာယ်များကိုတွေ့မြင်နေကြသောကြောင့် အကြီးအကဲဖြစ်လိုစိတ် များလျော့ပါးသွားကာ မည်သူသည်အကြီးမြတ်ဆုံးဖြစ်လိမ့်မည်နည်းဆိုသည့် အရာအပေါ်တွင်ငြင်းခုံမှုရှိတော့မည်မဟုတ်ချေ။ 6T, p. 401 (1900).

## ဘုရားသခင်၏ကြားဝင်စွက်ဖက်မှုကို ထင်ရှားစေသည့် ပြဿနာကြီးတစ်ခု

ထာဝရဘုရားသခင်သည် မိမိ၏လုပ်ဆောင်ပုံ၊ လုပ်ဆောင်နည်း ကို မကြာခဏအသိပေးတော်မူတတ်ပါသည်။ ဤကမ္ဘာပေါ်တွင်ဖြစ်ပျက်နေ သောအရာများကို ကိုယ်တော်ရှင်ဂရုထားတော်မူလေ့ရှိသည်။ ၎င်းပြင် ပြဿနာတစ်ခုဖြစ်ပေါ်လာသည့်အချိန်တွင် ကိုယ်တော်သည် မိမိကိုယ်ကို ဖော်ပြကာ စာတန်၏အကြံအစည်လုပ်ဆောင်မှုများကိုဟန့်တားရန် ကြားဝင်စွက်ဖက်လေ့ရှိပါသည်။ မိမိ၏ကြားဝင်လုပ်ဆောင်မှုများသိသာပေါ် လွင်စေရန်အလို့ငှါ တိုင်းနိုင်ငံများ၊ မိသားစုများနှင့်တကွ ပုဂ္ဂိုလ်တစ်ဦးချင်း၌ပြ ဿနာများဖြစ်ပေါ်လာသည်ကို မကြာခဏခွင့်ပြုတော်မူလေ့ရှိပါသည်။ ထိုအ ကြောင်းအရာများကိုအခြေပြုကာ မိမိလူတို့အားကျွေးမွေးကာကွယ်လျက်ရှိ သောဘုရားသခင်တစ်ဆူ ဣသရေလများအလယ်တွင်စိုးစံနေကြောင်း ကိုယ်တော်ရှင်သိရှိစေတတ်ပါသည်။

ဘုရားသခင်၏ပညတ်တော်အပေါ် အန်တုမှုများကမ္ဘာနှင့်အဝန်းဖြစ်လာသောအချိန်တွင်လည်းကောင်း၊ ကိုယ်တော်၏လူတို့အား ၎င်းတို့၏မိတ်ဆွေများကဒုက္ခတွင်းထဲသို့ကျအောင် ဖိအားပေးလာသောအချိန်တွင်လည်းကောင်း ထာဝရဘုရားသခင်သည်ကြားဝင်စွက်ဖက်တော်မူလိမ့်မည်။ မိမိလူတို့၏စိတ်အားထက်သန်စွာတောင်းခံနေသည့်ဆုတောင်းသံများကိုလည်းနားညောင်းတော်မူလိမ့်မည်။ အကြောင်းမှာစိတ်နှလုံးအကြွင်းမဲ့ဖြင့် မိမိအားလူသားများရှာကာ ကယ်နုတ်ရှင်အဖြစ် မိမိအားမှီခိုအားကိုးသည်ကို ထာဝရဘုရားသခင်နှစ်သက်တော်မူသည်။ RH, June. 15 (1897).

သန့်ရှင်းသောပညတ်တော်ကိုသိက္ခာမဲ့သူများအပေါ်နှိပ်စက်ညှဉ်းပန်းသူများအောင်ပွဲဆင်သည်ကို အခိုက်အတန့်အားဖြင့်ထာဝရဘုရားသခင်ခွင့်ပြုတော်မူလိမ့်မည်။----သို့ရာတွင် စာတန်သည်လူလိမ်၊ အပြစ်တင်တတ်သူ၊ လူသတ်သူတစ်ဦးဖြစ်ကြောင်းဖော်ပြရန် အဆုံးတွင် ထာဝရဘုရားသခင်ခွင့်ပြုတော်မူလိမ့်မည်။ ဤနည်းအားဖြင့် ကိုယ်တော်ရှင်၏လူတို့ရရှိသည့်နောက်ဆုံးသောအောင်ပွဲသည် ပိုမို၍ပြည့်စုံထင်ရှားမည့်အပြင် ကျက်သရေမင်္ဂလာနှင့်လည်းပြည့်ဝပါလိမ့်မည်။ 3SM, p. 414 (1904).

ဘုရားသခင်၏သားသမီးများအား သန့်စင်စေသည့်ဒုက္ခဆင်းရဲခြင်းကမ္ဘာ့အနှံ့တွင် မကြာမီအချိန်၌ ဒုက္ခဆင်းရဲခြင်းနှင့်ပြည့်ဝလိမ့်မည်။ ထို့ကြောင့်လူအပေါင်းတို့သည် ဘုရားသခင်နှင့်သိက္ခာမဲ့မှုရှိရန် ကြိုးစားဖို့လိုအပ်လာပါသည်။ ဖြုန်းတီးပစ်စရာအချိန်မရှိတော့ပါ။

အသင်းတော်အပေါ်ထားရှိသည့် ဘုရားသခင်၏မေတ္တာတော်သည်ကြီးမားလှပါသည်။ မိမိ၏သားသမီးများအပေါ်ထားရှိသည့်စောင့်ရှောက်ဂရုစိုက်မှုသည်လည်းရပ်တန့်သွားခြင်းမရှိပါ။ အသင်းတော်သန့်စင်ရေးနှင့်ပစ္စုပ္ပန်၊ ထာဝရနှစ်ဖြာသောအကျိုးအလို့ငှါ မရှိမဖြစ်လိုအပ်သော ဒုက္ခဝေဒနာများကိုပင် အသင်းတော်အပေါ်ကျသည်ကို ကိုယ်တော်ရှင်ခံစားရပါသည်။

ခရစ်တော်၏ လောကအမှုတော်အစနှင့်အဆုံး၌ ဗိမာန်တော်ကိုသန့်စင်စေ
တော်မူခဲ့သကဲ့သို့ အသင်းတော်ကိုလည်း ကိုယ်တော်ရှင်သန့်စင်စေတော်မူလိမ့်
မည်။ ပိုမိုနက်ရှိုင်းစွာ ဘုရားတရားရှိစေရန်နှင့် ကမ္ဘာအရပ်ရပ်သို့ကပ်တိုင်
၏အောင်ပွဲကိုဆောင်ကြဉ်းသွားရန်၊ ခွန်အားများပိုမိုရရှိကြစေရန်အတွက်
ထာဝရဘုရားသခင်သည် အသင်းတော်ကိုစမ်းသပ်မှုများပြုတော်မူကာ
အခက်အခဲများနှင့်ရင်ဆိုင်စေတော်မူလိမ့်မည်။ 9T, p. 228 (1909).

ဒုက္ခဝေဒနာများ၊ ကပ်တိုင်များ၊ စုံစမ်းနှောင့်ယှက်ခြင်းများ၊ ကံဆိုး
မိုးမှောင်ကျခြင်းများနှင့်ဖမ်းဆီးစစ်ကြောမှုအသွယ်သွယ်တို့သည် ကျွန်ုပ်တို့အား
သန့်ရှင်းစင်ကြယ်စေပြီး ကောင်းကင်နိုင်ငံတော်နှင့်ထိုက်တန်သူများဖြစ်အောင်
လုပ်ဆောင်ပေးနေသည့် ဘုရားသခင်၏အစီအစဉ်များဖြစ်ကြသည်။ 3T, p. 115 (1872).

---oo---

## အခန်း (၁၁)

# နောက်ဆုံးသောနေ့ရက်တွင် စာတန်လုပ်ဆောင်မည့် လှည့်ဖြားမှုများ

### "ခရစ်ယာန်အယူဝါဒဝတ်ရုံအောက်တွင်"

ကျွန်ုပ်တို့သည် ကမ္ဘာ့ရာဇဝင်၏အဆုံးဆီသို့ချဉ်းကပ်လျက်ရှိရာ စာတန်သည် ယခင်ကနှင့်မတူအောင်ကြိုးစားလုပ်ဆောင်နေပါသည်။ သူသည် ခရစ်ယာန်လောက၏ညွှန်ကြားရေးမှူးကဲ့သို့လှုပ်ရှားရန်ကြိုးစားနေပါသည်။ အံ့သြဖွယ်ကောင်းအောင်ပြင်းထန်သောလိမ်လည်မှုများကိုအသုံးပြုကာ သူလုပ်ဆောင်နေရာ မည်သူ့ကိုဝါးမြိုရမည့်အကြောင်း လျှောက်လှမ်းဟိန်းဟောက်နေသည့် ခြင်္သေ့ကြီးတစ်ကောင်နှင့်စာတန်ကိုခိုင်းနှိုင်းထားပါသည်။ သူသည်မိမိ၏ပူးပေါင်းကြံစည်မှုတွင် တစ်ကမ္ဘာလုံးကိုထိန်းချုပ်ထားရန်ဆန္ဒပြင်းပြနေပါသည်။ မိမိ၏ချို့ငဲ့မှုများကို ခရစ်ယာန်အယူဝါဒတည်းဟူသော ဝတ်ရုံအောက်တွင်ဖုံးကွယ်ထားကာ ခရစ်ယာန်တစ်ဦး၏ကြွန်အင်လက္ခဏာများကိုယူတင်ဝတ်ဆောင်ပြီး မိမိသည်ခရစ်တော်ကိုယ်တော်တိုင်ဖြစ်ကြောင်း ဖွင့်ဆိုနေပါမည်။ 8MR, p. 346 (1901).

စာတန်သည် မိမိ၏အကြံထမြောက်လာသောအချိန်တွင် "ရွေးချယ်သောသူတို့ကိုပင်လှည့်ဖြားလောက်အောင်ကြီးစွာသော နိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှုတို့ကို" ခရစ်ယာန်အယူဝါဒအားအရေခြုံကာပြုလိမ့်မည်။ (မဿဲ၊ ၂၄း၂၄)။ Ms, 125 (1901).

စိတ်ဝိညာဉ်များသည် သမ္မာကျမ်းစာကို ယုံကြည်ကြောင်းဖွင့်ဆိုကာ အသင်းတော်အဖွဲ့အစည်းများအပေါ်လေးစားကြောင်း ထင်ရှားစေစဉ်တွင် ၎င်းတို့၏လုပ်ဆောင်မှုများကို ဘုရားသခင်၏တန်ခိုးပြခြင်းအဖြစ်လက်ခံကြလိမ့်မည်။ GC, p. 588 (1911).

ကမ္ဘာပေါ်ရှိ မကောင်းမှုဒုစရိုက်၏အခိုင်မာဆုံး ခြေကုပ်စခန်းသည် အထိန်းအကွပ်မဲ့သောအပြစ်သား သို့မဟုတ် အောက်တန်းကျသောအပယ်ခံ

များမဟုတ်ကြဘဲ သီလရှိပုံ၊ ဂုဏ်အရေရှိပုံ၊ မြင့်မြတ်ပုံပေါ်သော်လည်း ဒုစရိုက်အပြစ်တစ်ခုကိုရှင်သန်စေသော၊ မကောင်းမှုတစ်ခုကိုလိုက်စား နေသောအသက်တာ ပိုင်ရှင်ဖြစ်သည်။ ထူးချွန်သောပါရမီ၊ ထက်မြက်သော စွမ်းရည်၊ သနားကြင်နာတတ်ခြင်းမှအစ ရက်ရောခြင်းနှင့်ကြင်နာမှုများသည် ပင်လျှင် ပျက်စီးခြင်းချောက်ကမ္ဘာဆီသို့အသက်ဝိညာဉ်များကို လှည့်ဖြားခေါ် ဆောင်သွားမည့် စာတန်၏တယ်ကြက်များဖြစ်လာနိုင်ပါသည်။ Ed, p. 150 (1903).

## မြော်လင့်ခြင်းအသင်းတော်ထဲမှာပင်

ကျွန်ုပ်တို့သည် အပြင်ရန်များထက် အတွင်းရန်များကိုပို၍ကြောက် ရွံ့နေရပါသည်။ ခိုင်မာမှုနှင့်အောင်မြင်မှုများကို အဟန့်အတားပြုနေသောအရာ များသည် အပြင်လောကမှာထက် အသင်းတော်ထဲတွင်ပို၍ကြီးမားနေပါသည်။ ဘုရားသခင်၏ပညတ်တော်နှင့်ယေရှု၏ယုံကြည်ခြင်းကိုလက်ခံစောင့်ရှောက် နေသည်ဟုဖွင့်ဟနေသူများသည် မိမိတို့၏တည်ငြိမ်သောအသက်တာအားဖြင့် လည်းကောင်း၊ ကောင်းမြတ်သောပုံသက်သေနှင့်ထက်မြက်သောသြဇာသက် ရောက်မှုများအားဖြင့်လည်းကောင်း မိမိတို့ကိုယ်စားပြုနေသောအမှုတော်ကို အခြားသူများထက်မြှင့်တင်ဂုဏ်ပြုကြလိမ့်မည်ဟု မယုံကြည်သူများက မျှော်လင့်ကြပေလိမ့်မည်။ သို့ရာတွင်ထိုသူများကြောင့် အမှုတော်တိုးတက်မှုတွင် ဘယ်နှစ်ကြိမ်ဘယ်နှစ်ခါအဟန့်အတားဖြစ်ခဲ့ပြီးပြီနည်း။ မယုံကြည်စိတ်များ ကိုမွေးမြူခြင်း၊ သံသယစိတ်များကိုထုတ်ဖော်ခြင်းနှင့် အမှောင်ကိုမြတ်နိုးခြင်း များသည် မကောင်းသောကောင်းကင်တမန်များကို ဖိတ်ခေါ်နေပြီး စာတန် ၏အကြံအစည်များကိုထမြောက်အောင်မြင်ဖို့ လမ်းဖွင့်ပေးနေပါသည်။ 1SM, p. 122 (1887).

## လိမ်ညာသောဝိညာဉ်များသည် သမ္မာကျမ်းစာနှင့်ဆန့်ကျင် ဖွင့်ဆိုခြင်း

သူတော်စင်များသည် မိမိတို့ဆက်လက်ထိန်းသိမ်းရန်တာဝန်ရှိသည့် သမ္မာကျမ်းစာပါ အမှန်တရားများကို အလုံးစုံသိရှိနားလည်ကြရမည်။ သေခြင်း

အကြောင်းကိုလည်း ၎င်းတို့နားလည်ထားရပါမည်။ အကြောင်းမှာ နတ်ဆိုး ဝိညာဉ်များသည် သတ္တမဥပုသ်နေ့ကိုပြောင်းလဲပြီးစီးကြောင်းနှင့်တကွ အခြားကျမ်းစာပြင်ပယုံကြည်ချက်များကိုဖွင့်ဟလျက် ၎င်းတို့ရှေ့တွင်ပေါ် လာကြလိမ့်မည်။ EW, p. 87 (1854).

လှည့်ဖြားတတ်သော ထိုဝိညာဉ်များသည် တမန်တော်ယောင်ဆောင် ကာ လောကၶ၌ရှိစဉ်က ဝိညာဉ်တော်အားဖြင့် ၎င်းတို့ရေးသားခဲ့သောအရာ များနှင့်ဆန့်ကျင်သောစကားများကိုပြောကြလိမ့်မည်။ သမ္မာကျမ်းစာကို ဘုရားသခင်ဖြစ်ပွားစေသောအရာအဖြစ်လက်ခံရန် ၎င်းတို့ငြင်းပယ်ကြပါသည်။ GC, p. 557 (1911).

ဝိညာဉ်သည် သေမျိုးမဟုတ်ခြင်းနှင့်တနင်္ဂနွေနေ့ဥပုသ်တည်းဟူသော အမှားကြီးနှစ်ခုအားဖြင့် စာတန်သည် လူတို့ကိုလှည့်ဖြားလိမ့်မည်။ ပထမအချက် ကား နတ်မိစ္ဆာဝါဒ၏အုတ်မြစ်ကိုချပေးပြီး၊ ဒုတိယအချက်ကား ရောမအပေါ် ကြင်နာမှုများယှက်နွယ်စေသည်။ GC, p. 588 (1911).

ဤကမ္ဘာကြီးကို ကယ်တင်ခဲ့သူတစ်ပါးတည်းကသာခံယူထိုက်သော ကိုးကွယ်ခြင်းနှင့်ဘွဲ့နာမများကို မိမိတို့ပိုင်ဆိုင်ကြောင်း ဟစ်ကြွေးလျက် မိမိ ကိုယ်ကို ခရစ်တော်ဖြစ်သည်ဟု ဟန်ဆောင်ကာ လူတချို့ပေါ်ထွန်းလာလိမ့် မည်။ ထိုသူတို့သည် အနာရောဂါများကို အံ့သြဖွယ်နိမိတ်လက္ခဏာပြကာ ကုသကြလိမ့်မည်။ ကျမ်းစာနှင့်မကိုက်ညီသည့်သက်သေခံချက်များကို ကောင်းကင်နိုင်ငံမှပေးသော ဗျာဒိတ်တော်ဟုဖွင့်ဆိုကြလိမ့်မည်။

သို့သော် ဘုရားသခင်၏သားသမီးများမှာ လမ်းမှားသို့အပို့ခံကြရ လိမ့်မည်မဟုတ်။ ထိုခရစ်အတု၏ သွန်သင်ချက်များသည် သမ္မာကျမ်းစာ၌ ဖော်ပြထားသည့်အရာများအတိုင်းမဟုတ်ရုံသာမက ဘုရားသခင်၏အမျက် တော်ကျရောက်မှုကိုခံရမည်ဟု သမ္မာကျမ်းစာကကြေညာထားသည့်အဖွဲ့ ဖြစ်သော သားရဲနှင့်သူ၏ရုပ်တုကို ကိုးကွယ်ဝတ်ပြုသူများအပေါ်တွင်ပင် ကောင်းချီးပေးနေပါသည်။ GC, pp. 624, 625 (1911).

**မှားယွင်းသောဝိညာဉ်ရေးနိုးကြားမှုများ**

နာမည်ခံမြော်လင့်ခြင်းအသင်းသားများနှင့်တကွ အခြားအသင်းတော်များမှ အသင်းသားများအကြားတွင် ဘုရားသခင်၏သားစစ်သမီးမှန်များရှိနေကြရာ ၎င်းတို့အားဘေးဒဏ်များမကျရောက်မီခေါ်ထုတ်သောအခါ သမ္မာတရားကိုသူတို့ဝမ်းပန်းတသာလက်ခံကြလိမ့်မည်။ ဤအချက်ကိုစာတန်သိထားရာ ဘုရားသခင်သည် ၎င်းတို့နှင့်အတူရှိနေသည်ဟု သမ္မာတရားကိုငြင်းပယ်နေသည့် ဤပုဂ္ဂိုလ်များတွေးထင်လာစေဖို့ ဤဘာသာရေးအဖွဲ့အစည်းများတွင် စိတ်လှုပ်ရှားမှုတစ်ခုဖြစ်ပေါ်လာအောင် သူဖန်တီးပါသည်။ EW, p. 261 (1858).

တမန်တော်အချိန်မှစ၍ မမြင်ကြရတော့သော ရှေးခေတ်ဘုရားတရားရှိမှုဆိုင်ရာ ဝိညာဉ်နိုးကြားမှုတစ်ခုကို ကမ္ဘာပေါ်သို့နောက်ဆုံးသောပြစ်ဒဏ်စီရင်မကျရောက်မီ ဘုရားသခင်၏သားသမီးများအလယ်တွင်တွေ့မြင်ရလိမ့်မည်–––– စာတန်သည် ထိုနိုးကြားမှုမဖြစ်အောင်ဟန့်တားလိုလျက်ရှိရာ နိုးကြားမှုအတုတစ်ခုကိုဖန်တီးကာ ထိုဝိညာဉ်ရေးနိုးကြားမှုကိုတားဆီးဖို့ကြိုးစားလိမ့်မည်။ သူ၏လှည့်ဖြားမှုအောက်တွင် ရောက်ရှိလာသည့်အသင်းတော်များတွင် ဘုရားသင့်ထံမှအထူးသောကောင်းချီးမင်္ဂလာများ၊ အသွန်းလောင်းခံနေရသည့်ပုံစံမျိုး၊ စာတန်ဖန်တီးလိမ့်မည်ဖြစ်ရာ ထိုအရာကိုကြီးကျယ်သော ဘာသာရေးလှုပ်ရှားမှုတစ်ခုအဖြစ်မှတ်ယူလာကြလိမ့်မည်။

ထိုအရာသည် လမ်းမှားကိုပို့ရန်ကြိုတင်စီမံထားသော အမှန်နှင့်အမှားရောယှက်ထားသည့် စိတ်ပိုင်းဆိုင်ရာလှုပ်ရှားမှုတစ်ခုဖြစ်သည်။ သို့စေကာမူတစ်စုံတစ်ယောက်မျှအလှည့်ဖြားခံရမည်မဟုတ်။ ဘုရားသခင်၏နှုတ်ကပတ်တော်အလင်းအောက်တွင် ဤလှုပ်ရှားမှု၏သဘာဝကိုပိုင်းခြားရန်အခက်အခဲမရှိပါ။ ကိုယ်အလိုကိုလည်းကောင်း၊ ဤလောကကိုလည်းကောင်းငြင်းပယ်ဖို့တောင်းဆိုနေသော ရှင်းလင်းပြီးသားဖြစ်သည့် ဝိညာဉ်စမ်းသပ်ခြင်းဆိုင်ရာ သမ္မာတရားများကိုကျော်ပေးလျက် သမ္မာကျမ်းစာ၏သက်သေခံချက်ကို လျစ်လျူရှုသူများရှိနေသည့်နေရာတွင် ထာဝရဘုရား

သခင်သည်ကောင်းချီးမင်္ဂလာများကိုမချပေးမည်မှာ သေချာပါသည်။ GC 464, (1911).

**တေးဂီတကိုထောင်ချောက်အဖြစ်အသုံးချခြင်း**

အင်ဒီယာနာပြည်နယ်တွင် ဖြစ်ပျက်လျက်ရှိသည်ဟု ဖော်ပြဖူးသည့်အရာများသည် ကရုဏာတံခါးမပိတ်မီတွင်ဖြစ်ပျက်မည်ဟု ထာဝရဘုရားသခင်က ကျွန်ုပ်အား ရူပါရုံပေးတော်မူခဲ့သည်။ မယဉ်ကျေး၊ မဖွယ်ရာ၊ စရိုက်ကြမ်းမှုအစုစုကို သူတို့ဖော်ပြကြလိမ့်မည်။ ဒရမ်များ၊ တူရိယာပစ္စည်းများကိုတီးခတ်ကာ အော်ဟစ်ကခုန်ကြလိမ့်မည်။ မှန်ကန်သောဆုံးဖြတ်ချက်များကို ၎င်းတို့ချမှတ်လုပ်ဆောင်နေသည်ဟု ယုံကြည်စိတ်ချမှုမရှိနိုင်လောက်အောင်ဆင်ခြင်တုံတရားရှိသူများ၏ ခံစားမှုများမှာ ရှုပ်ထွေးလာပါတော့သည်။

အုန်းအုန်းကျွက်ကျွက်အသံများသည် ထိတ်လန့်မှုများကိုဖြစ်ပေါ်စေပြီး မှန်ကန်စွာအသုံးပြုလျှင် ကောင်းချီးမင်္ဂလာဖြစ်စေမည့်အရာများကိုလမ်းလွဲသွားစေပါသည်။ စာတန်ကိုယ်စားလှယ်များ၏တန်ခိုးပြမှုများသည် ဆူညံသံများ၊ ပွဲခံရန်ဟစ်ကြွေးသံများနှင့်ရောယှက်နေပြီး ထိုအရာကို သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုအဖြစ် ဖွင့်ဆိုနေကြပါသည်။ အတိတ်အချိန်ကဖြစ်ခဲ့ဖူးသောထိုအရာများသည် အနာဂတ်ကာလတွင်လည်းဖြစ်ပျက်ကြလိမ့်ဦးမည်။ စာတန်သည် တေးဂီတကိုအသုံးပြုပုံအသုံးပြုနည်းများအားဖြင့် ထောင်ချောက်တစ်ခုအဖြစ်အသုံးချလိမ့်မည်။ 2SM, p. 36,38 (1900).

သန့်ရှင်းသောဝိညာဉ်တော်၏နက်ရှိုင်းသောလှုပ်ရှားမှုများမှ စိတ်နှလုံးကိုအမှန်တကယ်ဝေးကွာသွားစေမည့် ပုံမှန်မဟုတ်သည့် လုပ်ဆောင်မှုများအတွက် နေရာမပေးကြပါနှင့်။ ထာဝရဘုရားသခင်၏လုပ်ဆောင်မှုများသည် တည်ငြိမ်မှု၊ သိက္ခာရှိမှုနှင့် အမြဲတမ်းပြည့်စုံတော်မူပါသည်။ 2SM, 42 (1908).

**ဘာသာစကားများကို အတုပြောဆိုခြင်း**

တစ်ယူသန်တက်ကြွလွန်းခြင်း၊ မှားယွင်းသောစိတ်လှုပ်ရှားခြင်း၊ ဘာသာစကားများကို အတုလုပ်ပြောဆိုခြင်းနှင့်တကွ ဆူဆူညံညံလုပ်ဆောင်

ခြင်းများကို အသင်းတော်အတွက် ဘုရားသခင်ပေးသနားတော်မူသည့် ဆုကျေးဇူးများဖြစ်သည်ဟု မှတ်ယူခဲ့ကြဖူးသည်။ အချို့မှာ ဤနေရာတွင် အလှည့်ဖြားခံနေကြရသည်။ အသီးအပွင့်များကိုကြည့်ခြင်းအားဖြင့် ၎င်းတို့၏ ဇာတိရုပ်မှန်ကိုသိရလိမ့်မည်ဟု သမ္မာကျမ်းစာတွင်ဖော်ပြထားရာ ဤလုပ်ရပ်အားလုံး၏အသီးအပွင့်များမှာ ဆိုးရွားလှပါသည်။ တစ်ယူသန်တက်ကြွလွန်းခြင်းနှင့်ဆူညံမှုများကိုယုံကြည်ခြင်းအတွက် အထူးအထောက်အထားများအဖြစ်မှတ်ယူထားရာ အချို့မှာမြူးမြူးကြွကြွအချိန်များမပါရှိသော ဝတ်ပြုကိုးကွယ်ခြင်းများကို မကြိုက်ကြတော့ချေ။ ထို့ကြောင့် သူတို့သည် စိတ်လှုပ်ရှားမှုဖြစ်အောင် လုပ်ဆောင်လေ့ရှိပါသည်။ သို့သော် ထိုကဲ့သို့သောဝတ်ပြုကိုးကွယ်ပွဲမျိုးသည် ကောင်းကျိုးပေးနိုင်မည်မဟုတ်ပါ။ အကြောင်းမှာ ၎င်းတို့ခဏတ္တခဏခံစားခဲ့ရသော ထိုမြူးကြွပျော်ရွှင်ခြင်းသည် မှန်ကန်သောအခြေအမြစ်မှပေါ်ထွက်လာသောအရာမဟုတ်သဖြင့် ထိုမြူးကြွမှုကလေးအဆုံးသတ်သွားသည့်အချိန်တွင် ထိုဝတ်ပြုကိုးကွယ်ခြင်းမပြုမီကထက်ပို၍စိတ်ညစ်ညူးမှုကိုခံစားရတတ်ပါသည်။

ဝိညာဉ်ရေးတိုးတက်မှုကိုအဖြစ်စေဆုံး ကိုးကွယ်ဝတ်ပြုပွဲများမှာ မိမိတို့၏အခြေအနေမှန်ကိုသိရှိဖို့ စိတ်နှလုံးပါပါ ရိုသေလေးစားစွာဖြင့် ကြိုးစားရှာဖွေလျက် နှိမ့်ချသောစိတ်ဖြင့် ခရစ်တော်အကြောင်းကိုလေ့ကျက်ရန် ကြိုးစားလုပ်ဆောင်သည့် ဝတ်ပြုကိုးကွယ်ပွဲမျိုးဖြစ်သည်။ 1T, p. 412 (1864).

## လူသားအသွင်ဖြင့် ကိုယ်ထင်ပြသော ကောင်းကင်တမန်ဆိုးများ

စာတန်သည် ရသမျှအခွင့်အရေးကိုအသုံးပြုကာ ဘုရားသခင်အား လူသာများမကိုးကွယ်တော့အောင် မြူဆွယ်လိမ့်မည်။ လူတို့ကိုလှည့်ဖြားရန် သူနှင့်တကွ ကောင်းကင်တမန်ဆိုးများသည် ဤကမ္ဘာသို့လူယောင်ဆောင်၍လာကြလိမ့်မည်။ ဘုရားသခင်၏ကောင်းကင်တမန်များကလည်း စာတန်၏အကြံအစည်များကိုချေဖျက်ပစ်ဖို့ အစွမ်းကုန်လုပ်ဆောင်ပေးရန် ဤကမ္ဘာသို့လူယောင်ဆောင်၍လာကြလိမ့်မည်။ 8MR, p. 399 (1903).

လူယောင်ဆောင်ထားသည့် ကောင်းကင်တမန်ဆိုးများသည် သမ္မာတရားကိုသိကျွမ်းနေသူများနှင့်စကားပြောကြလိမ့်မည်။ ဘုရားသခင်၏စေတမန်များကဖွင့်ဆိုခဲ့သောအရာများကို မှားယွင်းစွာသူတို့အနက်ဖွင့်ကြလိမ့်မည်။---ဇဖက်ဩဝါဒစာ အခန်းကြီး(၆)ထဲတွင် ဖေါ်ပြထားသောသတိပေးစကားကို မြော်လင့်ခြင်းအသင်းသားများ မေ့နေကြပြီးလား။ ကျွန်ုပ်တို့သည်အမှောင်၏စစ်သည်များနှင့်တိုက်ပွဲဝင်နေကြရပါသည်။ အကယ်၍သာ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်နီးနီးကပ်ကပ် နေထိုင်အသက်ရှင်ခြင်းမရှိကြလျှင်စာတန်သည် ကျွန်ုပ်တို့အပေါ်အောင်ပွဲဆင်သွားလိမ့်မည်။ 3SM, p. 411 (1903).

ယုံကြည်သူယောင်ဆောင်ထားသည့် ကောင်းကင်တမန်ဆိုးများသည် မယုံကြည်သောစိတ်များကိုယူဆောင်လာရန် အဆင့်အသီးသီးတွင်အမှုတော်ဆောင်ကြလိမ့်မည်။ ဤသူများကြောင့်သင်စိတ်ဓါတ်မကျဘဲ စာတန်၏လုပ်ဆောင်ချက်များကိုတွန်းလှန်နိုင်ဖို့ ဘုရားသခင်ထံတွင် စိတ်သဘောထားအမှန်ဖြင့်အကူအညီတောင်းကြပါ။ ဤမကောင်းဆိုးဝါးများသည် သန့်ရှင်းသောဝိညာဉ်တော်၏ ဩဇာလွှမ်းမိုးမှုကိုဟန့်တားရန် သက်သက်အတွက်ဝတ်ပြုကိုးကွယ်ပွဲများတွင် တက်ရောက်စုဝေးလာကြလိမ့်မည်။ ကောင်းချီးမင်္ဂလာများကိုရယူခံစားရန် ထိုသူတို့တက်ရောက်လာကြခြင်းမဟုတ်ပါ။ 2MCP, pp. 504, 505 (1909).

## သေသွားသူများကိုအယောင်ဆောင်ခြင်း

သေဆုံးသွားသည့် လူဆိုး၊ လူကောင်းနှစ်မျိုးစလုံးကို သေရာမှနိုးထဟန်ဆောင်ကာ လူသားများရှေ့တွင်လူယောင်ဆောင်ပြရန် ကောင်းကင်တမန်ဆိုးများအတွက် အခက်အခဲမရှိနိုင်ချေ။ ထိုကဲ့သို့သောကိုယ်ထင်ပြမှုများသည် မကြာခဏဖြစ်ပေါ်လာကာ ကပ်ကာလအဆုံးသို့ရောက်လုလာသည်နှင့်အမျှ ပို၍ထိတ်လန့်ကြောက်ရွံ့စရာဖြစ်လာလိမ့်မည်။ Ev, p. 604 (1875).

သချိုင်းတွင်းဌ်မြှုပ်နှံထားသည့်လူသေများထံမှ အကြင်နာသက်မှု ကိုခံစားရသည်ဟု တစ်စုံတစ်ယောက်ကတွက်ဆခြင်းသည် စာတန်၏ အအောင်မြင်အစွဲမက်စရာအကောင်းဆုံးလှည့်ဖြားမှုတစ်ခုဖြစ်ပါသည်။ ကောင်းကင်တမန်ဆိုးများသည် ထိုသေဆုံးနေသူများ၏အယောင်ကိုဆောင် လာကာ ၎င်းတို့အသက်ရှင်စဉ်က လုပ်ဆောင်ခဲ့သည့်အရာများကိုလုပ်ပြတတ် ပါသည်။ သေဆုံးနေသူများသည် ၎င်းတို့ပတ်လည်တွင် ပျံဝဲဆက်သွယ်နေ သောကောင်းကင်တမန်များဖြစ်နေကြသည်ဟု ထိုသူများကို ထိုနည်းအားဖြင့် ယုံကြည်လာစေပါသည်။ ထိုကောင်းကင်တမန်ဆိုးများသည် ရုပ်တုကိုးကွယ် မှုတစ်ခုနှင့်လည်းကောင်း၊ ၎င်းတို့အသိုက်အဝန်းက နှုတ်ကပတ်တော်ထက် အလေးထားသောအရာများနှင့်လည်းကောင်း ပတ်သက်နေပါသည်။ ST, Aug. 26 (1889).

သေဆုံးသွားသူများ၏ပုံပန်းလက္ခဏာများကို လူတို့ရှေ့သို့ယူဆောင် လာရန် စာတန်၌တန်ခိုးရှိသည်။ ထိုပုံပန်းလက္ခဏာများသည် အတုများဖြစ် ငြားသော်လည်း အပြစ်ဆိုစရာမရှိအောင်စုံလင်လှပါသည်။ မျက်နှာကိုယ်ဟန် အနေအထား၊ ပြောသောစကားလုံးနှင့်ပြောသံဆိုသံများသည် အံ့သြစရာ ကောင်းလောက်အောင် အစစ်နှင့်တူလှပါသည်။ အလွန်အန္တရာယ်ရှိသော အယူဝါဒအမှားများဟုကြွေးကြော်လျက်သေဆုံးနေသည့် ဆွေမျိုး၊ မိတ်ဆွေ ယောင်ဆောင်နေသည့် နတ်ဆိုးဝိညာဉ်များနှင့်များစွာသောလူတို့ရင်ဆိုင် ကြရလိမ့်မည်။ ထိုနတ်ဆိုးအယောင်ဆောင်များသည် ကျွန်ုပ်တို့အား အယုံသွင်း ကာ မိမိတို့၏ဟန်ဆောင်မှုကိုဆက်လက်ထိန်းသိမ်းရန် ထူးဆန်းသော နိမိတ် လက္ခဏာများကိုပြကြပါလိမ့်မည်။ GC, pp. 552, 560 (1911).

**ခရစ်တော်ယောင်ဆောင်သောစာတန်**

စာတန်သည် အံ့ဖွယ်နိမိတ်လက္ခဏာများဖြင့်တန်ခိုးပြကာ တစ်ကမ္ဘာ လုံးအားလှည့်ဖြားရန်ပြင်ဆင်နေပါသည်။ သူသည် အလင်း၏ကောင်းကင် တမန်ယောင်ဆောင်မည်ဖြစ်သလို ခရစ်တော်ယောင်လည်းဆောင်ပါလိမ့်မည်။ 2SM, p. 96 (1894).

လူတို့သည် ယခုအချိန်မှာပင် လမ်းမှားသို့အလွယ်တကူအပို့ခံနေကြရလျှင် စာတန်ကိုယ်တိုင် ခရစ်တော်ယောင်ဆောင်ကာ ထူးဆန်းသောနိမိတ်လက္ခဏာများကိုပြမည့်အချိန်ရောက်လျှင် မည်သို့ရပ်တည်ကြလိမ့်မည်နည်း။ စာတန်၏အယောင်အဆောင်တန်ခိုးပြမှုများကို မည်သူသည်ခိုင်ခိုင်မာမာရပ်တည်နိုင်မည်နည်း။ 2SM, p. 394 (1897).

စာတန်သည် ခရစ်တော်ယောင်ဆောင်ကာ အရာခပ်သိမ်းကိုတတ်နိုင်သမျှ မှားယွင်းစွာတင်ဆက်လိမ့်မည်။ မှားယွင်းစွာအသုံးချကာ လမ်းမှားသို့ပို့ဆောင်လိမ့်မည်။ TM, p. 411 (1898).

အောက်အရပ်မှ တန်ခိုးတစ်ခုသည် သမိုင်းစဉ်၌ နောက်ဆုံးသောမြင်ကွင်းကြီးများကိုဖြစ်ပေါ်စေရန် အလုပ်လုပ်နေပါသည်။ ထိုတန်ခိုးရှင်စာတန်သည် မိမိနှင့်ဆက်သွယ်မှုရှိသောလျှို့ဝှက်အဖွဲ့အစည်းများတွင် ဖြောင့်မတ်မှုကင်းမဲ့သောလှည့်ဖြားမှုအဖြာဖြာဖြင့် ခရစ်တော်ယောင်ဆောင်ကာ လုပ်ဆောင်နေပါသည်။ 8T, p. 28 (1904).

**အရာခပ်သိမ်းတွင်ခရစ်တော်နှင့်ဆင်တူရိုးမှားဖြစ်အောင် လုပ်ဆောင်နေသောစာတန်**

စာတန်လက်လှမ်းမမီနိုင်သည့် အငန်းအတာတစ်ခုရှိပါသည်။ ဤနေရာတွင်သူသည် လှည့်ဖြားမှုများကိုအကူအညီအဖြစ်အသုံးပြုကာ သူ့အစွမ်းအားဖြင့်မလုပ်နိုင်သည့်အရာများ အတုဖန်းတီးတတ်ပါသည်။ ဤလောကသို့ ခရစ်တော်ဒုတိယအကြိမ်ကြွလာသည်ဟု ထင်ယောင်ထင်မှားဖြစ်အောင် နောက်ဆုံးသောခေတ်ကာလတွင် သူအယောင်ဆောင်ပါလိမ့်မည်။ သူ့ကိုယ်သူ အလင်း၏ကောင်းကင်တမန်တစ်ပါးအဖြစ်အမှန်တကယ်ပုံပြောင်းထားသော်လည်း ခရစ်တော်ယောင်ဆောင်သူလုပ်ဆောင်သမျှကို အလိမ်ခံရသူများမှာ အခြားသူများမဟုတ်ဘဲ ဖါရောဘုရင်ကဲ့သို့သော သမ္မာတရားကိုဆန့်ကျင်ရန်ကြိုးစားသူများသာဖြစ်ကြသည်။ 5T, p. 698 (1889).

လှည့်ဖြားမှု၏အထွတ်အထိပ်တစ်ခုအဖြစ် စာတန်သည်သူ့ကိုသူ ခရစ်တော်ယောင်ဆောင်လာလိမ့်မည်။ အသင်းတော်သည်ကယ်တင်ရှင်၏

ကြွလာခြင်းကိုကာလကြာမြင့်စွာစောင့်မျှော်ခဲ့ရသဖြင့် မြော်လင့်ခြင်းများ ဆိတ်သုန်းတော့မယောင်ဖြစ်နေသောအချိန်တွင် အလိမ်ဘုရင်စာတန်သည် ခရစ်တော်ကြွလာသည့်ပုံစံမျိုးဖြင့်ပေါ်ထွန်းလာလိမ့်မည်။ သူသည် ဗျာဒိတ်ကျမ်း ထဲမှာ ဆရာယောဟန်ဖေါ်ပြထားသည့် သားတော်ဘုရားသခင်၏ကြန်အင် လက္ခဏာများနှင့်ဆင်တူလုပ်ကာ ထွန်းလင်းသောပုဂ္ဂိုလ်တစ်ပါးကဲ့သို့ ကမ္ဘာ အနှံ့ရှိ လူတို့ရှေ့တွင်အထင်အရှားဖေါ်ပြလိမ့်မည်။ (ဗျာ၊ ၁း၁၃–၁၅) သေမျိုးဖြစ်သော လူသားများမြင်ဖူးသည့်အထဲတွင် ၎င်းအားရစ်ပတ်ထားသည့် ဘုန်းတန်ခိုးထက်သာလွန်သော ဘုန်းတန်ခိုးမျိုးမရှိတော့ပြီ။ "ခရစ်တော် ကြွလာပြီ" "ခရစ်တော်ကြွလာပြီ" ဟူ၍ အောင်မြင်သောဟစ်ကြွေးသံ များလည်း လေထဲတွင်ပျံ့လွင့်နေပါသည်။

သူသည် တမန်တော်များအား ခရစ်တော်ကောင်းချီးပေးစဉ်ကပုံစံ မျိုးအတိုင်း လက်နှစ်ဖက်ကိုမြှောက်၍ကောင်းချီးပေးစဉ်တွင် လူတို့သည် ၎င်းအားပျပ်ဝပ်ကိုးကွယ်ကြပါသည်။ သူပြောလိုက်သည့်အသံမှာ သာယာပျော့ ပျောင်းပြီး နားဝင်ပီယံဖြစ်လှပါသည်။ သူသည်ကယ်တင်ရှင်ဖွင့်ဟခဲ့ဖူးသော ကျမ်းစကားများကိုညင်သာပြီးသနားကြင်နာမှုနှင့်ပြည့်ဝသောအသံဖြင့် ပြောဆို နေပါသည်။ လူနာများကိုသူကုသပေးကာ တနင်္ဂနွေနေ့ကိုဥပုသ်နေ့အဖြစ် သတ်မှတ်လိုက်ကြောင်း ခရစ်တော်၏ဟန်ပန်မျိုးဖြင့်ဖွင့်ဆိုလိုက်ပြီး မိမိကောင်း ချီးပေးသောထိုနေ့ကို သန့်ရှင်းစွာတည်ဆောက်ကြရန် လူအပေါင်းတို့အား မိန့်ကြားလိုက်ပါသည်။ GC, p. 624 (1911).

**သူတော်စင်များ၏ဆုတောင်းသံများကို အဖြေပေးရန်**
**စာတန်ဟန်ဆောင်ခြင်း**

မိမိသည်အရှုံးနှင့်ရင်ဆိုင်ရတော့မည်ဖြစ်ကြောင်းကို စာတန်တွေ့မြင် ထားပါသည်။ တစ်ကမ္ဘာလုံးကို သူသိမ်းသွင်းနိုင်ခြင်းမရှိပါ။ ထိုကြောင့် လှည့် ဖြားခြင်းအားဖြင့် ယုံကြည်သူများကိုအောင်ပွဲဆင်ရန်နောက်ဆုံးကြိုးစားမှုတစ်ခု ကိုသူလုပ်ဆောင်ပါသည်။ ဤအရာမှာ ခရစ်တော်ယောင်ဆောင်ခြင်းဖြစ်ပါ

သည်။ ဆရာယောဟန်မြင်ခဲ့သော ရူပါရုံထဲတွင်ဖော်ပြထားသည့် ခရစ်တော်၏နန်းဝတ်နန်းစားအတိုင်း သူ့ကိုယ်သူဝတ်ဆင်ထားပါသည်။ ဤအရာကိုလုပ်ဆောင်ရန်သူ၌တန်ခိုးရှိသည်။ ထိုသို့ဆင်မြန်းပြီးနောက်ခရစ်တော်ကြွလာသည့်ပုံစံမျိုးဖြင့်ပေါ်ထွန်းလာကာ ပညတ်တော်ချိုးဖေါက်ခြင်းကိုနှစ်သက်ပြီး သမ္မာတရားကိုမချစ်သောခရစ်ယာန်လောကကိုလှည့်ဖြားပါလိမ့်မည်။

စာတန်က သူ့ကိုယ်သူ ခရစ်တော်ဖြစ်ကြောင်း ကြွေးကြော်ပါသည်။ သူ့ကိုခရစ်တော်ဖြစ်သည်ဟုယုံကြည်စေရန် လှပပြီးခန့်ညားထည်ဝါသောဝတ်ရုံကြီးကိုသူခြုံထားသည်။ နှစ်သက်ဖွယ်သောစကားလုံးများကိုသာယာငြိမ့်ညောင်းသောအသံဖြင့်သူပြောသည်။ လူသားများမြင်ဖူးသည့်အထဲတွင်သူ၌ရစ်ပတ်ထားသည့် ဘုန်းရောင်ခြည်သည်အထွန်းတောက်ဆုံးဖြစ်သည်။ ထိုစဉ်တွင်သူလှည့်ဖြားထားသည့်နောက်လိုက်များက "ခရစ်တော်ဒုတိယအကြိမ်ကြွလာပြီ" "ခရစ်တော်ကြွလာပြီ" ဟု ဟစ်ကြွေးလိုက်ကြရာ ခရစ်တော်လောကမှာရှိစဉ်က ကောင်းချီးပေးသည့်ပုံစံမျိုးဖြင့် သူ့လက်နှစ်ဖက်ကိုမြှောက်ချီကာကောင်းချီးပေးပါသည်။

သူတော်စင်များသည် ထိုမြင်ကွင်းကိုတအံ့တသြကြည့်နေကြပါသည်။ သူတို့လည်းအလှည့်ဖြားခံဦးမည်လား။ စာတန်ကိုသူတို့ကိုးကွယ်ကြမည်လား။ ဘုရားသခင်၏ကောင်းကင်တမန်များသည် သူတို့ပတ်လည်တွင်ရှိနေကြပါသည်။ ထိုစဉ်တွင် ကြည်လင်ပြတ်သားပြီး သာယာနာပျော်ဖွယ်အသံဖြင့် "မော့ကြည့်လိုက်ပါ" ဟု ပြောဆိုသံကိုကြားလိုက်ရပါသည်။

ဆုပတ္တနာတောင်းခံနေသူများ၏ တစ်ခုတည်းသောရည်ရွယ်ချက်မှာ ကယ်တင်ခြင်းခံရဖို့ပင်ဖြစ်သည်။ အဆုံးတိုင်အောင်သစ္စာရှိသူများအားထာဝရအသက်ပေးမည်ဆိုသည့် ကတိတော်ရှိထားရာ ဤအရာသည် ၎င်းတို့၏တစ်ခုတည်းသောရည်ရွယ်ချက်ဖြစ်သည်။ တရားစီရင်ခြင်းနှင့်ထာဝရကာလဆိုင်ရာမြင်ကွင်းများကို ၎င်းတို့တွေမြင်နေရသည်နှင့်အမျှ ၎င်းတို့၏ဆန္ဒများသည်လည်းပြင်းပြနေပါသည်။ ဝတ်ရုံဖြူဝတ်ထားသူများသည် ထွန်းတောက်နေသည့် ပလ္လင်တော်ရှေ့တွင် ရပ်ကြရမည်ဖြစ်သည်။ ထိုပလ္လင်

တော်ကိုလည်း ယုံကြည်ခြင်းအားဖြင့် သူတို့မြင်တွေ့နေကြချေပြီ။ ထိုကြောင့် သူတို့သည်အပြစ်ဒုစရိုက်ကိုရှောင်ကြဉ်ကြခြင်းဖြစ်သည်။

စာတန်ကလည်း ထိုစဉ်တွင်နောက်ဆုံးကြိုးစားမှုတစ်ခုကိုလုပ်ဆောင်ပါသည်။ ခရစ်တော်ကိုယ်တော်တိုင်ကြွလာပြီး ကယ်တင်တော်မူမည့်အကြောင်း ယုံကြည်သူများအဆက်မပြတ်ဆုတောင်းနေသည်ကို သူကြားရာ သူ၏နောက်ဆုံးသောဗျူဟာကိုအသုံးချပါတော့သည်။ ထိုအရာမှာ ခရစ်တော်အယောင်ဆောင်ပြီး ၎င်းတို့ထံသို့သွားကာ ၎င်းတို့၏ဆုတောင်းချက်များကို နားညောင်းနေသည်ဟု အထင်ရှိအောင်လုပ်ဆောင်ခြင်းပင်ဖြစ်သည်။ Ms, p. 16, (1884).

**အစစ်နှင့်အတုခြားနားပုံများ**

စာတန်သည် ခရစ်တော်ကြွလာပုံ၊ ကြွလာနည်းကိုအတုလုပ်ခွင့်မရချေ။ GC, p. 625 (1911).

စာတန်သည် ခရစ်တော်ယောင်ဆောင်ကာကြွလာလိမ့်မည်။ ထူးဆန်းအံ့သြဖွယ်ရာများကိုလုပ်လိမ့်မည်။ လူသားများက ၎င်းအား ခရစ်တော်အထင်ဖြင့်ဝတ်ပြုကိုးကွယ်ကြလိမ့်မည်။ တစ်ကမ္ဘာလုံးက ချီးမွမ်းထောမနာပြုနေသည့် ဤပုဂ္ဂိုလ်အားဝတ်ပြုကြဖို့ ကျွန်ုပ်တို့ကိုလည်းအမိန့်ပေးကြလိမ့်မည်။ မည်သို့လုပ်ကြမည်နည်း။ မိမိကိုယ်ကို ဘုရားသခင်ဖြစ်သည်ဟုဖွင့်ဆိုနေသော်လည်း လူသားများ၏အဆိုးဆုံးရန်သူဖြစ်သော ဤပုဂ္ဂိုလ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့အား ခရစ်တော်သတိပေးထားကြောင်းကို ထိုအခါတွင်ပြောပြပါ။ ခရစ်တော်သည်ဘုန်းတော်နှင့်ကြွလာသောအခါ မရေမတွက်နိုင်အောင်များပြားသည့် ကောင်းကင်တမန်များခြံရံလျက် ကြွလာမည့်အကြောင်းကို ပြောပြပါ။ ၎င်းပြင် ကိုယ်တော်ရှင်ကြွလာသောအခါ ကိုယ်တော်၏အသံကို ကျွန်ုပ်တို့သိကြမည်ဖြစ်ကြောင်းကိုလည်း ထိုသူများအားပြောပြကြပါ။ 6BC, p. 1106 (1888).

စာတန်သည်အရာရာတွင် လက်ဦးမှုကိုရရှိဖို့ကြိုးစားနေပါသည်။ သူသည်အလင်း၏ကောင်းတမန်ယောင်ဆောင်ကာ အံ့ဖွယ်အမှုကိုပြုသူတစ်

ဦးကဲ့သို့ ဤကမ္ဘာပေါ်တွင်လျှောက်လှမ်းလိမ့်မည်။ လှပသောဘာသာစကား များကိုအသုံးပြုကာ လူသားများကိုဘဝင်ခိုက်စေလိမ့်မည်။ စကားလုံးလှလှ များကိုပြောကာ ကောင်းသောအမှုကိုဆောင်ရွက်လိမ့်မည်။ ခရစ်တော် အယောင်ကိုသူဆောင်လိမ့်မည်။ သို့ရာတွင်ထင်ရှားသည့်အချက်တစ်ချက်မှာ စာတန်သည် လူတို့အားဘုရားသခင်၏ပညတ်တော်ကိုကျောခိုင်းစေလိမ့်မည်။ ထိုသို့ဖြစ်လင့်ကစား ဖန်တီးထားသောဖြောင့်မတ်ခြင်းအတုဖြင့်ဖြစ်နိုင်လျှင် ရွေးချယ်ခြင်းခံထားရသူများကိုပင် သူလှည့်ဖြားလိမ့်မည်။ နိုင်ငံတော် အကြီးအကဲများနှင့်သမ္မတများသည် သူဖန်တီးထားသောမှားယွင်းသည့် သီအိုရီများကိုအလေးပေးကျင့်သုံးကြလိမ့်မည်။

**ထူးဆန်းအံ့သြဖွယ်ရာများကိုလုပ်ဆောင်ခြင်း**

လူနာများကိုကျွန်ုပ်တို့၏မျက်စိအောက်မှာပင်သူကုပြလိမ့်မည်။ ထူးဆန်းအံ့သြဖွယ်ရာများကိုလုပ်ပြလိမ့်မည်။ စာတန်၏အတု၊ အလိမ်၊ အံ့သြဖွယ်ရာ အကြီးအကျယ်ပြသမည့်အချိန်တွင် ရင်ဆိုင်မည့်စုံစမ်းခြင်းများအတွက် သင်ပြင်ဆင်ထားပြီးပြီးလား။ 1T, p. 302 (1862).

နတ်ဆိုးများ၏သြဇာသက်ရောက်မှုအောက်တွင်ရှိနေကြသောလူ တို့သည် ထူးဆန်းအံ့သြဖွယ်များကိုလုပ်ကြလိမ့်မည်။ သူတို့သည်လူတို့အား ပါးစပ်ဖြင့်ကျိန်ဆဲလိုက်ရုံဖြင့် ဖျားနာစေပြီး ပါးစပ်ဖြင့်မန်းမှုတ်လိုက်ရုံနှင့်ထူး ဆန်းစွာပြန်လည်ကျန်းမာလာစေလိမ့်မည်။ ဤအရာကို စာတန်သည်ထပ်ခါက လဲ လုပ်ပြခဲ့ဖူးချေပြီ။ 3SM, p. 53 (1903).

စာတန်နှင့်နီးကပ်စွာဆက်နွယ်မှုရှိသော အံ့သြဖွယ်မြင်ကွင်းများကို မကြာမီမှာပင်တွေ့ကြရတော့မည်။ ထူးဆန်းအံ့သြဖွယ်ရာများကို စာတန်လုပ် ပြလိမ့်မည်ဟုလည်း နှုတ်ကပတ်တော်ကဖွင့်ဆိုထားပါသည်။ လူနာများကို ရောဂါပျောက်ကင်းစေကာ နတ်ဆိုးများကိုနှင်ထုတ်ပေးလိမ့်မည်။ ထိုလူနာ များကို လူကောင်းများဖြစ်သွားပြီဟု မှတ်ယူကြလိမ့်မည်။ အနာရောဂါငြိမ်း

စေသည့် ဤထူးဆန်းအံ့သြဖွယ်ရာအမှုများသည် သတ္တမနေ့ဥပုသ်အသင်းသားများအတွက် စမ်းသပ်မှုတစ်ခုဖြစ်လာလိမ့်မည်။ 2SM, p. 53 (1904).

စာတန်သည် လှည့်ဖြားမှုအမျိုးမျိုးအားဖြင့်အစစ်နှင့်မခြားနားသယောင်ရှိသည့် ထူးဆန်းအံ့သြဖွယ်ရာအတုများကိုလုပ်ဆောင်ကြလိမ့်မည်။ ဣသရေလများ အဲဂုတ္တုပြည်(အီဂျစ်)မှထွက်လာစဉ်အချိန်ကလည်း ဤအရာကိုစမ်းသပ်မှုတစ်ခုအဖြစ်အသုံးပြုရန် သူမြှောက်လင့်ခဲ့ဖူးပါသည်။ 2SM, p. 52 (1907).

## ကောင်းကင်မှမီးကျခြင်း

ကျွန်ုပ်တို့သည် လူတို့၏ဖွင့်ဆိုချက်များကို ယုံကြည်ရမည်မဟုတ်ပါ။ သူတို့သည် ခရစ်တော်ဖော်ပြထားတော်မူသကဲ့သို့ လူနာများကိုကုသရာတွင် အံ့ဖွယ်အမှုများကိုပြုလုပ်နိုင်ကြောင်းဖွင့်ဆိုကြလိမ့်မည်။ လူတို့၏မျက်မှောက်တွင် ကောင်းက်ငမှမီးကျလာအောင်လုပ်ပြမည့်မဟာလှည့်ဖြားသူကြီး၏ထိန်းချုပ်မှုအောက်တွင်ရှိနေသောထိုသူများ၏လုပ်ဆောင်မှုများသည် အံ့သြစရာကောင်းပါသလား။ 2SM, p. 49 (1887).

ဤကမ္ဘာကြီးတစ်ခုလုံးကိုဖမ်းစားမည့်အရာသည် စာတန်၏အတုဖြစ်သောအံ့သြဖွယ်ရာများဖြစ်သည်။ သူသည် လူတို့၏မျက်စိရှေ့မှာပင်ကောင်းကင်မှမီးကျလာစေလိမ့်မည်။ အံ့ဖွယ်နိမိတ်လက္ခဏာများကိုလုပ်ဆောင်ကာ တစ်ကမ္ဘာလုံးကို သူသိမ်းသွင်းလိမ့်မည်ဖြစ်သည်။ ၂ယြ စ. ၅၁ (၁၈၉၀).

ရွေးကောက်ခြင်းခံထားရသူများကိုပင်ဖြစ်နိုင်လျှင် စာတန်လာရောက်လှည့်ဖြားလိမ့်မည်။ မိမိကိုယ်ကိုခရစ်ဓတ်ဟုသူဖွင့်ဆိုပြီး မဟာဆေးသာသနာပြုအသွင်ဖြင့်ဟန်ဆောင်ကာ သူရောက်လာလိမ့်မည်။ မိမိသည် ဘုရားသခင်ဖြစ်ကြောင်း သက်သေပြရန် သူသည်လူတို့မျက်မှောက်မှာပင် ကောင်းကင်မှမီးကျစေလိမ့်မည်။ MM, pp. 87, 88 (1903).

ယုံကြည်ခြင်းကိုစွန့်လွှတ်ခဲ့သူများအားအသုံးပြုကာ စာတန်အမှုဆောင်လိမ့်မည်ဟု သမ္မာကျမ်းစာတွင်ဖော်ပြထားပါသည်။ ထိုသူများသည်

လူတို့မျက်မှောက်မှာပင် ကောင်းကင်မှ မီးကျလာစေသည်အထိ ထူးဆန်းသော နိမိတ်လက္ခဏာများကိုပြကြလိမ့်မည်။ 2SM, p. 54 (1907).

"ကြီးစွာသောနိမိတ်လက္ခဏာတို့ကိုလည်းပြ၏။ လူတို့မျက်မှောက်၌ ကောင်းကင်ကမြေကြီးအပေါ်သို့ မီးကိုဆင်းစေ၏။ ပထမသားရဲရှေ့၌ ပြပိုင်သောနိမိတ်လက္ခဏာတို့အားဖြင့် မြေကြီးသားတို့ကိုလှည့်ဖြား၏။" ဗျာ၊ ၁၃း၁၃–၁၄။ အယောင်ဆောင်မှုသက်သက်ကို ဤတွင်ဖေါ်ပြ ထားခြင်းမရှိပါ။ စာတန်၏နောက်လိုက်များသည် ၎င်းတို့ပြပိုင်သော နိမိတ် လက္ခဏာများအားဖြင့် လူတို့ကိုလှည့်ဖြားမည်ဖြစ်ပါသည်။ တန်ခိုးပြေဟန်ဆောင် ၍လှည့်ဖြားမည်မဟုတ်ပါ။ GC, p. 553 (1911).

**ဘုရားသခင်ကဲ့သို့ အကိုးအကွယ်ခံရမည့်စာတန်**

ခရစ်တော်အတုအယောင်များသည် ခရစ်တော်အစစ်ကဲ့သို့ ယခုခေတ် တွင်ပေါ်ထွန်းလာကာ ဘုရားသခင်၏ပညတ်တော်ကို ကမ္ဘာ့နိုင်ငံအရပ်ရပ် တွင်လုံးဝပစ်ပယ်ထားကြလိမ့်မည်။ ဘုရား၏သန့်ရှင်းသောပညတ်တော် ကိုဆန့်ကျင်ပုန်ကန်မှုသည် အထွတ်အထိပ်သို့ရောင်သွားလိမ့်မည်။ သို့ရာတွင် ဤပုန်ကန်မှု၏ခေါင်းဆောင်အစစ်မှာ အလင်း၏ကောင်းကင်တမန်အရေခြုံ ထားသည့် စာတန်ပင်ဖြစ်သည်။ လူတို့သည် အလှည့်ဖြားခံရကာ စာတန်ကို ဘုရားသခင့်နေရာတွင်ထားပြီးဘုရားကဲ့သို့ကိုးကွယ်ကြလိမ့်မည်။ သို့စေကာ မူ အနန္တတန်ခိုးအရှင်ဘုရားသခင်သည် ကြားဝင်ဟန့်တားတော်မူကာ စာတန် ကိုလက်တွဲညီညီ မြှောက်စားနေကြသည့် အသင်းတော်များပြစ်ဒဏ်စီရင်တော် မူလိမ့်မည်။ "ထို့ကြောင့် သူခံရသောသေခြင်းဘေး၊ စိတ်မသာညည်းတွားခြင်း ဘေး၊ မွတ်သိပ်ခြင်းဘေးဒဏ်များတို့နှင့်တစ်နေ့ခြင်းတွင်တွေ့၍ မီးဖြင့်လည်း လောင်ကျွမ်းခြင်းကိုခံရလိမ့်မည်။ သူ့ကိုစီရင်တော်မူသောထာဝရဘုရားသခင် သည် ခွန်အားဗလကြီးတော်မူ၏။" ဗျာ၊ ၁၈း၈။ TM, p. 62 (1893).

ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းနီးကပ်လာသည်နှင့်အမျှ စာတန်၏နောက်လိုက်များသည်လည်း လှုပ်လှုပ်ရှားရှားဖြစ်နေပါသည်။

စာတန်သည် လူယောင်ဆောင်ပြီး လှုပ်ရှားနေသည်သာမက ခရစ်တော်ယောင်လည်းဆောင်ပါလိမ့်မည်။ သမ္မာတရားကိုလက်မခံသူအပေါင်းတို့သည် ၎င်းအားဘုရင်တကာတို့၏ဘုရင် သခင်တကာတို့၏သခင်အဖြစ်လက်ခံကြလိမ့်မည်။ 5BC, p. 1105, 1106 (1900).

**ထူးဆန်းအံ့ဩဖွယ်ရာများက မည်သည့်အရာကိုမျှ သက်သေမခံနိုင်ခြင်း**

မည်သည့်အရာသည် သမ္မာတရားဖြစ်ကြောင်း သင်သိထားကြောင်း ထင်ရှားရန်အလို့ငှါလည်းကောင်း၊ စာတန်က ထူးဆန်းအံ့ဩဖွယ်ရာများကို ကောင်းကင်တမန်တစ်ပါးအသွင်ဖြင့် လာရောက်ပြသသောအခါ ဘုရားသခင်ပြုတော်မူသည့် ထူးဆန်းအံ့ဩဖွယ်ရာအစစ်နှင့်စာတန်လုပ်ပြသည့်အတုကို ခွဲခြားနိုင်ရန်အလို့ငှါလည်းကောင်း၊ သင်ကိုယ်တိုင် ဘုရားသခင်ထံတော်တွင် ချဉ်းကပ်ကာ ဆုတောင်းပါ။ 3SM, p. 389 (1888.).

အနာပျောက်ကင်းအောင် ထူးဆန်းသောအံ့ဩဖွယ်ရာများကိုအသုံးပြုကာ လူနာများကိုရောဂါမှကင်းဝေးစေခြင်းနှင့်နှုတ်ကပတ်တော်ကိုဟောကြားခြင်းများမှာ ခရစ်တော်ကျင့်သုံးခဲ့သောနည်းလမ်းများဖြစ်သည်။ သို့ရာတွင် ဤနည်းကိုကျွန်ုပ်တို့ယခုအသုံးမပြုနိုင်တော့ကြောင်း ကျွန်ုပ်အားဘုရားသခင်မိန့်ကြားတော်မူခဲ့သည်။ အကြောင်းမှာ စာတန်သည် ၎င်း၏တန်ခိုးများကိုအသုံးပြုကာ ထူးဆန်းအံ့ဩဖွယ်ရာများကို လုပ်ဆောင်လိမ့်မည်။ ထူးဆန်းသောနိမိတ်လက္ခဏာပြခြင်းကိုအသုံးပြုကာ ယနေ့အမှုတော်ဆောင်များ အမှုတော်ဆောင်နိုင်ကြတော့မည်မဟုတ်ချေ။ အကြောင်းမှာ ဘုရားသခင်တန်ခိုးအားဖြင့် လုပ်ဆောင်သည်ဆိုကာ အနာရောဂါငြိမ်းစေသည့်အမှုကို သူ၏တပည့်များကလည်းလုပ်ဆောင်လိမ့်မည်။ 2SM, p. 54 (1904).

ဘုရားသခင်၏သားသမီးသည် ထူးဆန်းသောနိမိတ်လက္ခဏာပြသခြင်း၌ လုံခြုံမှုတွေ့ကြရတော့မည်မဟုတ်ပါ။ အကြောင်းမှာ စာတန်သည် ထူးဆန်းအံ့ဩဖွယ်ရာအတုများကိုလုပ်ဆောင်လိမ့်မည်။ 9T, p. 16 (1909).

### သမ္မာကျမ်းစာ၏နေရာတွင် အစားမထိုးနိုင်သည့် ထူးဆန်းသောနိမိတ်လက္ခဏာများ

ထူးဆန်းသောနိမိတ်လက္ခဏာပြကာ ဆေးပုသပေးနေသူများသည် ဘုရားသခင်၏ပညတ်တော်ကိုလျစ်လျူရှုထားမှုအတွက် ဆင်ခြေပေပြီး ပညတ်တော်ကိုဆက်၍လိုက်လျှောက်ခြင်းမရှိလျှင် ၎င်းတို့၌ရှိသောတန်ခိုးသည် ဘုရားသခင့်ထံမှ လာသောတန်ခိုးမဟုတ်နိုင်ချေ။ စာတန်ကပေးသည့်ထူးဆန်းသောနိမိတ်များကိုပြနိုင်သည့် တန်ခိုးများသာဖြစ်ပါသည်။ 2SM, pp. 50, 51 (1885).

ထူးဆန်းသောနိမိတ်လက္ခဏာပြခြင်းများသည် မည်သည့်အခါမျှ သမ္မာကျမ်းစာ၏နေရာကိုယူနိုင်ကြမည်မဟုတ်ပါ။ ထိုသမ္မာတရားကိုလေ့လာကြရမည်။ ဝှက်ထားသည့်ရတနာများကိုရှာဖွေသည့်နှယ်ရှာဖွေကြရမည်။ အံ့ဩစရာကောင်းသည့် ထွန်းလင်းတောက်ပမှုကို သမ္မာကျမ်းစာမှ ဖယ်ရှားပစ်လို့မရသလို ထိုထွန်းတော်မှုကို အစားထိုးရန်လည်းမဖြစ်နိုင်ချေ။ ထိုနှုတ်ကပတ်တော်ကိုမှီခိုအားထားကြပါ။ လူသားများအား ကယ်တင်ခြင်းသို့ပို့ဆောင်မည့်ထိုနှုတ်ကပတ်တော်ကို လက်ခံရယူကြပါ။ 2SM, p. 48 (1894).

နောက်ဆုံးပြုလုပ်မည့် မဟာလှည့်ဖြားမှုကြီးသည် ကျွန်ုပ်တို့ရှေ့တွင် ပေါ်ထွက်လာတော့မည်။ ခရစ်တော်အတုသည် ကျွန်ုပ်တို့ရှေ့မှာပင် နိမိတ်လက္ခဏာများကိုပြလိမ့်မည်။ သန့်ရှင်းသောသမ္မာကျမ်းစာကိုအသုံးမပြုလျှင် ထူးဆန်းသော နိမိတ်လက္ခဏာများကိုအစစ်နှင့်အတုခွဲခြားရန် အလွန်ခက်လိမ့်မည်။ အစစ်နှင့်အတုသည်အလွန်နီးနီးကပ်ကပ်တူနေပါသည်။ ဖွင့်ဆိုချက်အသီးသီးနှင့်နိမိတ်လက္ခဏာအဖြာဖြာကို နှုတ်ကပတ်တော်၏ဖွင့်ဆိုချက်များအားဖြင့်စမ်းသပ်ကြရမည်။ GC, p. 593 (1911).

### တစ်ကမ္ဘာလုံးနီးပါး အလှည့်ဖြားခံရခြင်း

အသက်ဝိညာဉ်များကိုကယ်တင်ရန်ကြိုးစားလုပ်ဆောင်မည့်အမျိုးသား၊ အမျိုးသမီးများကို ယခုတွင်လိုအပ်နေပါသည်။ အကြောင်းမှာ

စာတန်သည် အာဏာရှိစစ်ဗိုလ်ချုပ်ကြီးတစ်ဦးကဲ့သို့နေရာယူထားကာ ဘုရားသခင်ကြွလာတော့မည်ဟူသောအလင်းကိုမထွန်းလင်းနိုင်အောင် နည်းမျိုးစုံအသုံးပြုကာ ကျန်နေသေးသည့်အချိန်အနည်းကလေးကိုအသုံးပြု လျက် လုပ်ဆောင်နေပါသည်။ သူသည် တစ်ကမ္ဘာလုံးကိုသိမ်းသွင်းနေပေရာ ပညတ်တော်အပေါ်သစ္စာစောင့်သိသောလူအနည်းငယ်ကသာ ၎င်းအား အန်တုပြီးရပ်တည်နေကြပါသည်။ ထိုလူစုကိုပင် သြဇာလွှမ်းမိုးနိုင်ရန် သူကြိုး စားနေပါသည်။ 3SM, p. 389 (1889).

သေဆုံးသွားသူများ၏ပုံသဏ္ဍာန်များသည် စာတန်၏လှည့်ဖြား လုပ်ဆောင်မှုများအားဖြင့်ပေါ်ထွန်းလာကြလိမ့်မည်။ ထိုသူများနှင့်လူအများ ဆက်သွယ်ကြလိမ့်မည်။ ကျွန်ုပ်တို့အထဲမှ လူတချို့သည်ပင်လျှင် ယုံကြည်ခြင်း ကိုကျောခိုင်းကာ စာတန်၏သွန်သင်ချက်များနှင့်မြူဆွယ်နေသော နတ်ဆိုးများ နောက်သို့လိုက်နေပြီးဟု ကျွန်ုပ်သတိပေးလိုပါသည်။ သမ္မာတရားသည် ထိုဖေါက်ပြန်ရေးသမားများ၏အပုပ်ချခြင်းခံရလိမ့်မည်။

အံ့သြဖွယ်ရာအမှုတစ်ခုဖြစ်ပေါ်လိမ့်မည်။ ဤလိမ်လည်လှည့်ဖြား မှုကို မိမိတို့အသိစိတ်အပေါ်လွှမ်းမိုးခံသော တရားဟောဆရာများ၊ ဆရာဝန်များ၊ ရှေ့နေများလည်း လှည့်ဖြားသူနှင့်ပူးပေါင်းနေသည့် လူလိမ်များ ဖြစ်ကြသည်။ ဝိညာဉ်ရေးမှောင်မိုက်သည် ၎င်းတို့ကိုလွှမ်းမိုးသွားလိမ့်မည်။ UL, p. 317 (1905).

–––oo–––

# အခန်း (၁၂)
## ခါလူပ်ပစ်ခြင်း(သို့မဟုတ်)ဆန်ခါချခြင်း
### ‘အသင်းသားဖြစ်ခြင်းသည် ကယ်တင်ခြင်းအတွက် အာမခံချက်မဟုတ်’

အသင်းတော်တွင် အသင်းသားအဖြစ်ခံယူထားသူများမှ လူ(၂၀) ယောက်လျှင် တစ်ယောက်သည်ပင် မိမိတို့၏လောကအသက်တာရာဇဝင်ကို နိဂုံးချုပ်ရန် အဆင်သင့်မရှိကြသေးကြောင်း ထိုသူများသည် သာမန်အပြစ်သား များနည်းတူ ဘုရားမရှိသလို မြော်လင့်ချက်မရှိသလိုမျိုး လောကတွင် အသက်ရှင်နေထိုင်လျက်ရှိကြကြောင်း အသင်းတော်ကို ကျွန်ုပ်အသိပေးလိုက် ပါသည်။ Ch S, p. 41 (1893).

သမ္မာတရားကိုကြားနာခွင့်။ လက်ခံခွင့်ရထားသူများ မြော်လင့်ခြင်း အသင်းတော်နှင့်ပူးပေါင်းပြီးသူများသည် မိမိကိုယ်ကိုပညတ်တော်စောင့်သူများ ဟုခေါ်ဝေါ်ကြသော်လည်း ဘုရားသခင်ထံ၌ဆက်ကပ်မှုအပိုင်းတွင် အခြား အမည်ခံအသင်းတော်မှ အသင်းသားများထက်မသာလျှင် ပညတ်တော်ကိုဆန့် ကျင်နေသူများနည်းတူ ဘုရားသခင်၏ပြစ်ဒဏ်စီရင်မှုကိုခံကြရလိမ့်မည်။ 19MR, p. 176 (1898)

### ဂျုံစေ့ကိုဖွဲများနှင့်ခြားနားခြင်း

အသင်းတော်ထဲတွင် ကွဲပြားခြားနားမှုများရှိလာလိမ့်မည်။ အဖွဲ့(၂)ဖွဲ့ သည်ဖွံ့ဖြိုးတိုးတက်လာလိမ့်မည်။ ဂျုံပင်နှင့်ပေါင်းပင်များသည် ရိတ်သိမ်းရာ ကာလတိုင်အောင် အတူအကွကြီးထွားလာကြလိမ့်မည်။ 2SM p. 114, (1896)

ဆန်ခါချမည့်အချိန်ရောက်လာလိမ့်မည်။ စပါးခွံနှင့်စပါးစေ့များကို အချိန်မီခွဲခြားပစ်လိမ့်မည်။ အကြောင်းမှာ ဒုစရိုက်မှုများသည် များပြား လာသည်နှင့်အမျှ မေတ္တာတရားမှာလည်းခေါင်းပါးနေပါသည်။ အစစ်အမှန် များသည်အခိုင်အမာဆုံးဖြစ်ရမည့်အချိန်မှာ ဤအချိန်ပင်ဖြစ်သည်။ Letter p. 46, (1887).

ဒါသန်နှင့်အဘိရံတို့၏ပုန်ကန်ခြားနားမှုများအကြောင်းကိုကပ်ကာလအဆုံးတိုင်အောင်ထပ်ခါတလဲပြောဆိုကြရလိမ့်မည်။ မည်သူသည်ဘုရားသခင်ဘက်တွင်ရှိနေသနည်း။ မည်သူသည်အလိမ်ခံရလိမ့်မည်နည်း။ အလိမ်ခံရသူများမှ မည်သူတို့သည် လူလိမ်များဖြစ်လာကြလိမ့်ဦးမည်နည်း။ Letter p. 15, (1892).

သခင်ဘုရားသည် မကြာမီအချိန်တွင် ကြွလာတော့မည်။ သမ္မာတရားကိုမချစ်၊ ဘုရားသခင်ကိုမရှိသေသော လူယုတ်မာများသည် ကျွန်ုပ်တို့နှင့်ရောနှောရောက်ရှိနေသဖြင့် အသင်းတော်အသီးသီး၌ သာသနာသန့်စင်ရေးလုပ်ငန်းများဖြစ်ပေါ်လာရမည်ဖြစ်သည်။ RH, March 19 (1895).

ကျွန်ုပ်တို့သည်ဆန်ကာချသည့်အချိန်တွင်ရောက်ရှိနေကြသည်။ မခိုင်ခံ့သောအရာမှန်သမျှ ပြုတ်ထွက်ကြွေကျကုန်မည့်အချိန်တွင် အသက်ရှင်နေကြသည်။ သမ္မာတရားကိုသိနားလည်ပါလျှက်နှင့်ပညတ်တော်များကိုနားထောင်လိုက်လျှောက်ခြင်းမရှိသူများကို ထာဝရဘုရားသခင်ခွင့်လွှတ်တော်မူလိမ့်မည်မဟုတ်ချေ။ 6T, p. 332 (1900).

**အသင်းတော်ကိုသန့်စင်စေသည့်**
**နှိပ်စက်ညှဉ်းပန်းခြင်း**

ချမ်းသာကြွယ်ဝမှုသည် ယုံကြည်ကြောင်းဖွင့်ဆိုသူများကို တိုးပွားစေကာ ဒုက္ခဆင်းရဲခြင်းသည် အသင်းတော်ကို သန့်စင်ပေးပါသည်။ 4T, p. 89 (1876).

အသက်ဝိညာဉ်တိုင်းကိုစမ်းသပ်မည့်အချိန်သည် မဝေးတော့ပြီ၊ သားရဲ၏တံဆိပ်ကိုလက်ခံရန် ကျွန်ုပ်တို့အား တောင်းဆိုကြလိမ့်မည်။ လောက၏တောင်းဆိုမှုများကို တစ်ထစ်ပြီးတစ်ထစ်အလျှော့ပေးနေသူများနှင့် လောကဓလေ့ထုံးစံများနှင့်အညီ လိုက်လျောအသက်ရှင်နေထိုင်သူများသည် ၎င်းတို့အားပြက်ရယ်ပြုခြင်း၊ စော်ကားခြင်း၊ ထောင်ချမည်ဟု ခြိမ်းခြောက်ခြင်း၊ အသေသတ်မည်ဟုခြိမ်းခြောက်ခြင်းများနှင့်ရင်ဆိုင်ရသောအချိန်တွင် လက်လျှော့လိုက်လျောရန် အခက်အခဲရှိကြလိမ့်မည်မဟုတ်ချေ။ ယုဉ်ပြိုင်မှုမှာ

ဘုရားသခင်၏ပညတ်တော်များနှင့်လူတို့တီထွင်ထားသည့် ပညတ်များ အကြား၌ တည်ရှိနေသည်။ ဤကာလတွင် ရွေ့စင်သည် အသင်းတော်ရှိ သံချေးများနှင့်ခြားနားစွာရပ်တည်နေလိမ့်မည်။ 5T, p. 81 (1882).

နှိပ်စက်ညှဥ်းပန်းခြင်းကင်းစင်သောကာလတွင် ဘာသာရေးဘက်၌ ခိုင်မာတည်ကြည်သယောင်ဖြစ်နေသူများသည် ညှဥ်းပန်းမှုများနှင့် ရင်ဆိုင်လာရသောအချိန်တွင်မူ ကျွန်ုပ်တို့ထံမှထွက်ခွါသွားကြလိမ့်မည်။ Ev, p. 360 (1890).

ဘုရားသခင်၏ပညတ်တော်ကို ပစ်ပယ်ထားသောအချိန်တွင် အသင်း တော်သည် ပြင်းထန်သောစစ်ကြောစီရင်မှုများဖြင့်ဆန်ခါချခြင်းခံရလိမ့်မည်။ ထိုအခါတွင် ကျွန်ုပ်တို့ယခုမျှော်မှန်းထားသည်ထက် သာလွန်သောအရေအတွက် ရှိသောညီအစ်ကိုတို့သည် လှည့်ဖြားခြင်းဝိညာဉ်များနှင့် စာတန်၏ယုံကြည် ချက်များကိုနားထောင်လိုက်လျှောက်ကြလိမ့်မည်။ 2SM, p. 368 (1891).

**နက်နဲစွာယုံကြည်ခြင်းမရှိသူများသည်**
**ယုံကြည်ခြင်းကိုစွန့်လွှတ်ခြင်း**

သာယာဝပြောနေသည့်အချိန်တွင် အသင်းတော်လုပ်ဆောင်ရန် ပျက်ကွက်ခဲ့သောအလုပ်များကို အလွန်စိတ်ဓါတ်ကျစရာကောင်းပြီး ခက်ခဲ သောအခြေအနေအောက်တွင် ကြောက်လန့်စရာပြဿနာများနှင့်ရင်ဆိုင် နေရစဉ်တွင် အသင်းတော်လုပ်ဆောင်ရလိမ့်မည်။ လောကနှင့်လိုက်လျော ညီထွေအောင်နေထိုင်အသက်ရှင်ခြင်းများက အသံတိတ်စေခဲ့သော သတိပေး စကားများကို ယုံကြည်ခြင်းကိုဆန့်ကျင်သူများ၏ အပြင်းအထန်ဟန့်တားမှုကြား တွင် အသင်းတော်ကြွေးကြော်ရလိမ့်မည်။ တစ်ချိန်တည်းမှာပင် အမှုတော် ၏တိုးတက်မှုကိုနှေးကွေးသွားစေသည့် ယုံကြည်ခြင်းနက်နက်နဲနဲ မရှိသည့် ရှေးရိုးအသင်းသားများသည် ယုံကြည်ခြင်းကိုငြင်းပယ်စွန့်လွှတ်ကြလိမ့်မည်။ 5T, p. 463 (1885).

မိမိလူတို့အားကောင်းချီးပေးကာ လှည့်ဖြားခြင်းများကိုသိရှိနား လည်ရန် ထာဝရဘုရားသခင်ပြင်ဆင်ပေးနေသည်ကို စာတန်မြင်တွေ့လျှင်

အသက်ဝိညာဉ်များကို မိမိဘက်သို့ပါလာစေဖို့ တစ်ဖက်တွင်တစ်ယူသန်တက်ကြွလွန်းမှုများကိုဖြစ်စေလျက် တစ်ဖက်တွင်လည်း စိတ်ဝင်စားမှုနည်းပါးမှုများဖြစ်စေရန် မိမိ၏တန်ခိုးအစွမ်းများကိုအသုံးပြုကာ လုပ်ဆောင်ပါလိမ့်မည်။ 2SM, p. 19 (1890).

သမ္မာတရားကိုသိရှိနားလည်ဖို့အခွင့်အလမ်းများရှိသော်လည်း ပြီးမြောက်အောင်လုပ်ဆောင်ရမည့် ဘုရားသခင်၏အမှုတော်ကိုဆက်လက်ဆန့်ကျင်နေသူများကို ထာဝရဘုရားသခင်ပယ်ရှင်းပစ်တော်မူလိမ့်မည်အကြောင်းမှာ စိတ်နှစ်ခွရှိသူများ၏အမှုတော်ဆောင်ရွက်ခြင်းကို ထာဝရဘုရားသခင်လက်ခံတော်မူမည်မဟုတ်ပါ။ Ms, 64 (1898).

စစ်ကြောစီရင်မှုများပြင်းထန်လာသည်နှင့်အမျှ ဂိုဏ်းကွဲမှုနှင့်စည်းလုံးမှုနှစ်မျိုးစလုံးကို ပတ်ဝန်းကျင်လူသားများ၌ ကျွန်ုပ်တို့တွေ့ကြရလိမ့်မည်။ ယခုအချိန်တွင် စာတန်နှင့်တိုက်ပွဲဝင်ရန်အဆင်သင့်ရှိနေသူအချို့သည် ဒုက္ခဆင်းရဲခြင်းနှင့်ရင်ဆိုင်လာရသောအချိန်တွင် ကျောက်ပေါ်တွင်ယုံကြည်ခြင်းတည်ဆောက်ထားသူများမဟုတ်ကြောင်း ထင်ရှားလာလိမ့်မည်။ ထိုသူများသည်စုံစမ်းနှောင်းယှက်ခြင်းနောက်သို့လိုက်သွားကြလိမ့်မည်။ ကြီးမားသောအလင်းနှင့်အထူးအခွင့်အရေးများကိုရသော်လည်း မိမိကိုယ်ကို တိုးတက်ဖွံ့ဖြိုးအောင် မလုပ်ခဲ့သူများသည် အကြောင်းပြချက်တစ်ခုခုဖြင့် ကျွန်ုပ်တို့ထံမှထွက်သွားကြလိမ့်မည်။ 6T, p. 400 (1900).

### ဆန်ခါချခြင်းကိုဖြစ်စေသော မကွယ်မဝှက် သက်သေခံခြင်း

ကျွန်ုပ်မြင်တွေ့ဖူးသည့် ဆန်ခါချခြင်း၏ အနက်အဓိပ္ပါယ်ကိုမေးကြည့်မိရာ ဘုရားသခင်၏ဆင့်ဆိုမှုအရ မကွယ်မဝှက်ဖွင့်ဟနေသော သက်သေခံချက်များကြောင့် ထိုဆန်ခါချခြင်းဖြစ်ရကြောင်း ကျွန်ုပ်အား ရူပါရုံတွင်ဖော်ပြထားတော်မူပါသည်။ ဤအခြင်းအရာသည် မြင်တွေ့ရသူများ၏စိတ်နှလုံးကိုထိခိုက်စေကာ တိတိလင်းလင်းဖွင့်ဟသည့် သမ္မာတရား၏စံကိုမြှင့်တင်

စေပါလိမ့်မည်။ အချို့မှာထိုသက်သေခံချက်မျိုးကို ခံနိုင်ရည်မရှိကြရာ သမ္မာတရားကိုဆန့်ကျင်ကာ ဘုရားသခင်၏လူတို့ကိုလှုပ်ခါမှုတစ်ခုကိုဖြစ်စေလိမ့်မည်။ 1T, p. 181 (1857).

ကျွန်ုပ်တို့အထဲတွင် အာခန်ကဲ့သို့အပြစ်ဝန်ခံခြင်းနောက်ကျသူများလည်းရှိပါသည်။--- ထိုသူများသည်အမှန်တရားနှင့်အညီအသက်ရှင်နေထိုင်ခဲ့သူများမဟုတ်ကြပါ။ သိရှိသော သမ္မာတရားစစ်စစ်များကို စော်ကားကာ ၎င်းတို့အားဆိုဆုံးမသူများနှုတ်ဆိတ်သွားသည်ကိုကြည့်ပြီး ဝမ်းမြောက်နေကြလိမ့်မည်။ 3T, p. 272 (1873).

အတိတ်အချိန်များတွင်ဖော်ပြခဲ့ကြသော ပွင့်ပွင့်လင်းလင်းတည့်တည့်မှန်မှန်သက်သေခံခြင်းများကိုပြန်လည်ပြုလုပ်ကာ ဝိညာဉ်ရေးအသက်တာများအသစ်နိုးကြားကြဖို့ ထာဝရဘုရားသခင်ဆင့်ဆိုနေပါသည်။ အချိန်ကာလကြာမြင့်စွာလေးကန်ထိုင်းမှိုင်းနေသည့် ကျွန်ုပ်တို့၏ဝိညာဉ်ရေးစွမ်းအောင်များကိုလည်း ပြန်လည်နိုးထအောင် လုပ်ဆောင်ကြရပါမည်။ ဆုတောင်းခြင်းနှင့်အပြစ်ဝန်ခံခြင်းများကြောင့် "ဘုရင့်လမ်းမကြီး" သည် ရှင်းသွားလိမ့်မည်။ 8T, p. 297 (1904).

### မမျှတသောဝေဖန်မှုများကြောင့် ဝိညာဉ်များဆုံးရှုံးခြင်း

မိမိတို့ချစ်သောပုဂ္ဂိုလ်များနှင့်တိုင်တိုင်ပင်ပင်ရင်းရင်းနှီးနှီးနေခဲ့သူများအပေါ် သွားပုပ်လေလွင့်ပြောဆိုခြင်း၊ အမှားမှားအယွင်းယွင်းပြုကျင့်မှုများကြောင့် တစ်ချိန်က သမ္မာတရားကိုနှစ်ခြိုက်မြတ်နိုးခဲ့သူများ ယုံကြည်ခြင်းကွယ်ပျောက်သွားသည်ကို ယခုတွင်တွေ့မြင်နေရသလို နောင်တွင်လည်းမြင်တွေ့ကြရလိမ့်မည်။ ထိုသူများသည် မိမိတို့၏နှလုံးသားထဲတွင်ပေါင်းပင်မျိုးစေ့များကိုကြဲနေကြခြင်းဖြစ်ရာ ပေါင်းပင်များအားကောင်းလာသဖြင့်စပါးပင်များသည်တဖြည်းဖြည်းနည်းပါးသွားပြီး မွန်မြတ်သော သမ္မာတရား၏အာနိသင်သည် ၎င်းတို့အပေါ်မလွှမ်းမိုးတော့ချေ။ TM, p. 411 (1898).

## မှားယွင်းသောယုံကြည်ချက်များကြောင့် အချို့မှာပျောက်လွင့်သွားခြင်း

လူသားများသည် ဘုရားသခင်၏တန်ခိုးတော်နှင့်ကြီးမြတ်မှုများကို သိနိုင်လောက်အောင် ဉာဏ်မမီသောကြောင့် သိပ္ပံပညာဟုခေါ်သောအရာနှင့် ဘာသာအယူဝါဒတို့သည် တစ်ခုနှင့်တစ်ခုဆန့်ကျင်ဘက်ဖြစ်နေကြလိမ့်မည်။ "တပည့်တော်များကိုသွေးဆောင်ခြင်းငှါ မှားသောစကားကိုပြောတတ်သော လူတို့သည် သင်တို့အထဲ၌လည်းပေါ်လာမည်ကိုငါသိ၏"ဟု သမ္မာကျမ်းစာက လည်းဖွင့်ဆိုထားပါသည်။ (တမန် ၂၀း၃၀)။ ဤအရာကို ဘုရားသခင်၏သားသမီးများအလယ်တွင် သေချာပေါက်တွေ့မြင်ကြရလိမ့်မည်။ Ev, p. 593 (1890).

မှားယွင်းသောသီအိုရီများကိုအစပျိုးပေးခြင်းဖြင့် ဆန်ခါချသောအချိန်သို့ရောက်လာသောအခါ မည်သည့်နေရာတွင်မှ ခိုင်ခိုင်မာမာအခြေစွဲထားခြင်းမရှိသော ဤအပေါ်ယံသမားများသည် အခြေမခိုင်သောသဲများကဲ့သို့ဖြစ်ကြလိမ့်မည်။ ခါးသီးမှုဖြင့်ပြည့်ဝသောခံစားမှုရေစီးကြောင်းအတိုင်း ၎င်းတို့မျောပါပျက်ယွင်းသွားကြလိမ့်မည်။ TM, p. 112 (1897).

သမ္မာတရား၏နှစ်သက်ဖွယ်ရာများကို သူတို့ရယူမထားကြသောကြောင့် ရန်သူ၏လှည့်ဖြားမှုနောက်သို့ပါသွားကြလိမ့်မည်။ ယုံကြည်ခြင်းကို စွန့်လွှတ်ကာ မြူဆွယ်နေသော ဝိညာဉ်များ၏စကားကို သူတို့နားယောင်ပြီး နတ်ဆိုး၏ယုံကြည်ချက်များကို လက်ခံကြလိမ့်မည်။ 6T, p. 401 (1900).

ဗိမာန်တော်ဆိုသည်မှာ တကယ်ရှိသည့်အရာမဟုတ်ပါဆိုသည့် မှားယွင်းသောယုံကြည်ချက်မျိုးကို စာတန်ဆောင်ကြဉ်းလာလိမ့်မည်။ ဤအရာသည် ယုံကြည်ခြင်းကိုကျောခိုင်းစေသည့်အချက်များမှ အချက်တစ်ခုဖြစ်ပါသည်။ Ev, p. 224 (1905).

## သက်သေခံချက်များကိုငြင်းပယ်ခြင်းသည် အယူဝါဒဖေါက်ပြန်မှုကိုဖြစ်စေခြင်း

သေချာသောအချက်တစ်ခုမှာ စာတန်၏အလံအောက်တွင်နေရာယူထားကြသည့် မြော်လင့်ခြင်းအသင်းသားများသည် ဝိညာဉ်တော်၏သက်သေခံချက်များတွင်ပါရှိသည့် ဆုံးမစကားနှင့်သတိပေးစကားများအပေါ်ထားရှိသောယုံကြည်ခြင်းကိုရှေးဦးစွာစွန့်လွှတ်ကြလိမ့်မည်။ 3SM, p. 84 (1903).

စာတန်၏နောက်ဆုံးသောလှည့်ဖြားခြင်းမှာ ဝိညာဉ်တော်၏သက်သေခံချက်များထိရောက်မှုမရှိအောင် လုပ်ပစ်ရန်ဖြစ်လိမ့်မည်။ "ဗျာဒိတ်တော်မရှိလျှင် လူတို့သည်အကျိုးနည်းဖြစ်ကြ၏။" (သု ၁၉း၁၈)။

စစ်မှန်သောသက်သေခံချက်အပေါ်ထားရှိသည့် ကျန်ကြွင်းသောအသင်းတော်၏ယုံကြည်မှုကိုယိမ်းယိုင်အောင် စာတန်သည်နည်းမျိုးစုံ၊ ကိုယ်စားလှယ်မျိုးစုံကိုအသုံးပြုကာ သိမ်မွေ့စွာလုပ်ဆောင်လိမ့်မည်။ 1SM, p. 48 (1890).

သက်သေခံချက်များအပေါ်ထားရှိသည့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုယိမ်းယိုင်လှုပ်ရှားအောင် စာတန်သည် အကြီးအကျယ်ကြိုးစားခဲ့ပါပြီ ဝိညာဉ်တော်၏သက်သေခံချက်များ၏ သတိပေးစကားများနှင့်ဆုံးမစကားများကို ဂရုမထားရန်လမ်းကြောင်းပေးနေသူများမြင်တွေ့ရမည့်အရာမှာ မှားယွင်းမှု အစုစုပေါင်းစပ်ထားသည့် ဒီရေကြီးသည် အသက်တာများထဲသို့တိုးဝင်လာခြင်းပင်ဖြစ်သည်။ 3SM, p. 83 (1890).

သက်သေခံချက်များအပေါ်ထားရှိသည့် ကျွန်ုပ်တို့၏ယုံကြည်ချက်များကိုအားနည်းသွားစေလိုသည်မှာ စာတန်၏အကြံအစည်ပင်ဖြစ်သည်။ နောက်တစ်ဆင့်အနေဖြင့် ယုံကြည်ခြင်းနှင့်ပတ်သက်သည့်အရေးပါသောအချက်များအပေါ် အယူမှားလာစေရန်ဖြစ်သည်။ ထိုနောက်မှ သမ္မာကျမ်းစာကိုသံသယဖြစ်လာစေရန်ဖြစ်ပြီး အဆုံးတွင်ငရဲသို့ ချီတက်ကျဆုံးသွားရန်ဖြစ်သည်။ တစ်ချိန်တစ်ခါက ယုံကြည်ခဲ့သောထိုသက်သေခံချက်များကို သံသယဖြစ်ကာစွန့်လွှတ်သောအချိန်တွင် ဤမှာတင်ရပ်နေမည်မဟုတ်သည်ကို

စာတန်သိထားရာ ပျက်စီးခြင်းတွင်လမ်းဆုံးပြီး ကုစားမရနိုင်တော့သည့် ခြောင်ကျကျပုန်ကန်မှုထဲသို့ရောက်သွားသည်အထိ ပို့ဆောင်ပေးရန် စာတန်သည်နှစ်ဆတိုး၍ကြိုးစားတတ်ပါသည်။ 4T, p 211.

**အသင်းတော်ခေါင်းဆောင်များ၌ရှိသော**
**ချို့ယွင်းချက်များ**

ထက်မြက်မှုများကြောင့် ကျွန်ုပ်တို့ချီးမွမ်းခဲ့ရသော ခေါင်းဆောင်များစွာတို့သည် ထိုအချိန်တွင် အမှောင်ထဲသို့ထွက်သွားကြလိမ့်မည်။ PK, p. 188 (1914).

ထာဝရဘုရားသခင်၏ဂုဏ်ပြုခြင်းကိုအကြီးအကျယ်ခံခဲ့ရသောလူတို့သည် ကမ္ဘာ့ရာဇဝင်နိဂုံးပိုင်းတွင်ရှေးခေတ် ဣသရေလများ၏ပုံစံအတိုင်းဖြစ်ကြလိမ့်မည်။ သွန်သင်ချက်များတွင် ခရစ်တော်အခြေပြုထားသည့် မဟာစည်းမျဉ်းများမှသွေဖည်ခြင်း၊ လူစီဖါ၏မှားယွင်းသောလမ်းပြမှုအောက်တွင် မှားယွင်းသောလုပ်ဆောင်မှု အဆင့်ဆင့်ကို မှန်ကန်ကြောင်း သက်သေထူရန် သမ္မာကျမ်းစာကို အသုံးပြုခြင်းအားဖြင့် လူသားများ၏အကြံအစည်ကို အကောင်အထည်ဖေါ်ခြင်းများသည် လူတို့အား အထင်အမြင်လွဲမှားခြင်း၌ စိတ်နှလုံးခိုင်မာသွားစေလိမ့်မည်။ ၎င်းပြင် လူတို့အားမှားယွင်းသော ဓလေ့အကျင့်များမှကာကွယ်ရန်လိုအပ်သည့် ထိုသမ္မာတရားသည်လည်း အပေါက်ရှိနေသောရေစည်ထဲမှ ရေများနှယ် အသက်ဝိညာဉ်ထဲမှ ထွက်ခွာပျောက်လွင့်ကုန်ကြလိမ့်မည်။ 13MR, pp. 379, 381 (1904).

မိမိတို့သည် ခရစ်တော်နှင့်အတူရှိနေသူများမဟုတ်ကြောင်းကိုလည်းကောင်း၊ လောကကိုစွဲလမ်းမှုရှိနေသေးကြောင်းကိုလည်းကောင်း၊ မိမိတို့သည် ခရစ်တော်နှင့်အတူအသက်ရှင်လိုက ရှင်နိုင်ကြောင်းကိုလည်းကောင်း လူအများကဖေါ်ပြကြလိမ့်မည်။ ၎င်းပြင်တာဝန်ရှိသောရာထူးများကိုရယူထားသူများ၏အယူဝါဒဖေါက်ပြန်မှုများကို မကြာခဏတွေ့မြင်ကြရလိမ့်မည်။ RH, Sept p. 11 (1888).

**ကြည်ညိုလေးစားစရာမကောင်းသည့် တရားဟော ဆရာများအားဖယ်ရှားခြင်း**

တနင်္ဂနွေနေ့ဥပဒေထုတ်ပြန်ရန် နီးကပ်သောအချိန်တွင် ဘုရားသခင် ခန့်အပ်ထားခြင်းမဟုတ်သည့် ပုဂ္ဂိုလ်များသည်ဖယ်ရှားခြင်းခံကြရလိမ့်မည်။ နောက်မိုးကိုခံယူရန်အတွက် ဖြူစင်သန့်ရှင်းပြီးကြည်ညိုလေးစားဖွယ်ကောင်း သည့်အမှုတော်တစ်ခု ကိုယ်တော်ရှင်၌ရှိရလိမ့်မည်။ 3SM, p. 385 (1886).

လူများစွာတို့သည် စာတန်၏ကြောက်မက်ဖွယ်ကောင်းသည့် မီးဒုတ် ဖြင့် ထွန်းညှိထားသော မှားယွင်းသည့်အနာဂတ္တိမီးဒုတ်ကိုကိုင်ကာ ကျွန်ုပ်တို့ ၏တရားဟောစင်မြင့်၌ရပ်ထဟောကြားကြလိမ့်မည်။----

အချို့မှာမူ ပဋိညာဉ်သေတ္တာကိုမထမ်းတော့ဘဲ ကျွန်ုပ်တို့လူစုထဲမှ ထွက်ခွါသွားကြလိမ့်မည်။ သို့သော် ဤသူများသည် သမ္မာတရားကို အဟန့် အတားလုပ်ရန်တံတိုင်းများကိုတည်ဆောက်နိုင်ကြမည်မဟုတ်ချေ။ အကြောင်း မှာ သမ္မာတရားသည်အဆုံးတိုင်အောင် ဆက်လက်ပြန့်ပွားသွားလိမ့်မည်။ TM, PP. 409, 411 (1898).

နှုတ်ကပတ်တော်တွင် မိန့်ဆိုထားသကဲ့သို့လည်းကောင်း၊ ကျွန်ုပ် အား ထာဝရဘုရားသခင်ပေးတော်မူသည့် သတင်းစကားများကဲ့သို့လည်း ကောင်း တရားဟောဆရာများနှင့်ဆရာဝန်များသည် မိမိတို့၏ယုံကြည်ခြင်း ကိုစွန့်လွှတ်ကြလိမ့်မည်။ 7MR, p. 192 (1906).

**အသင်းတော်သည် ပျက်စီးသွားခါနီးကဲ့သို့ ပုံပေါ်နေခြင်း**

ဘုရားသခင်၏ဆန်ခါချခြင်းကြောင့် လူများစွာတို့သည် သစ်ရွက် ခြောက်များအလား အဝေးသို့လွင့်ပါးကုန်ကြပါသည်။ 4T, p. 89 (1876).

ကျွန်ုပ်တို့မြင်တွေ့နေရသော လှပသောဂျုံစပါးခင်းများမှအဖျင်း များသည် တိမ်တိုက်တစ်ခုပမာ လေတိုက်ရာသို့လွင့်ပါးပျောက်ကွယ်သွားကြ လိမ့်မည်။ 5T, p. 81 (1882).

ဘုရားသခင်၏သားသမီးများသည် မကြာမီတွင်ပြင်းထန်သောစုံစမ်းစစ်ဆေးမှုများနှင့်ရင်ဆိုင်ကြရလိမ့်မည်။ ယခုအချိန်တွင် သားစစ်သမီးမှန်ပုံပေါ်နေသူများထဲတွင်အချို့တို့သည် ထိုအချိန်တွင် ဘုရားသခင်၏သားသမီးများမဟုတ်သည်ကို ထင်ရှားစေကြလိမ့်မည်။---

ခရစ်တော်၏ဘာသာအယူဝါဒကိုလူအများစုကမထီမဲ့မြင်ပြုနေသောအချိန်၊ ထာဝရဘုရားသခင်၏ပညတ်တော်ကိုစော်ကားနေကြသောအချိန်မျိုးတွင် ကျွန်ုပ်တို့၏စိတ်အားထက်သန်မှုသည် အနွေးထွေးဆုံးအခြေအနေတွင်ရှိသင့်ပြီး၊ ကျွန်ုပ်တို့၏ရဲရင့်စိတ်နှင့်ခိုင်မာမှုသည် ဦးလည်မသုန်ဆက်လက်သမ္မာတရားနှင့်ဖြောင့်မတ်ခြင်းကိုကာကွယ်ရပ်တည်ခြင်းနှင့်ထူးချွန်သူများနည်းပါးသွားချိန်တွင် ဘုရားသခင်အတွက် တိုက်ပွဲဝင်ခြင်းသည် ကျွန်ုပ်တို့အတွက်စမ်းသပ်မှုဖြစ်ပါသည်။ ဤအချိန်တွင် ကျွန်ုပ်တို့သည် အခြားသူများ၏စိမ်းကားမှုများမှ နွေးထွေးမှုကိုစုစည်းရမည်။ သူရဲဘောကြောင်သူများထဲမှရဲရင့်မှုကိုစုစည်းရမည်။ သစ္စာဖေါက်များထဲမှ သစ္စာစောင့်သိမှုကိုစုစည်းကြရမည်။ 5T, p. 136 (1882).

အသင်းတော်ကြီးသည် ပျက်စီးသွားတော့မည့်ပုံမျိုးပေါ်နေသော်လည်း ပျက်စီးမသွားပါ။ ဂျုံစပါးများမှ အဖျင်းများကိုခွဲထုတ်သကဲ့သို့ အသင်းတော်တွင်ရှိနောင်တမရသည့်အပြစ်သားများကို ဆန်ခါချနေစဉ်တွင် အသင်းတော်သည်ဆက်လက်တည်ရှိနေပါသည်။ ဤဖြစ်ရပ်သည် ကြောက်စရာကောင်းသောဖြစ်ရပ်တစ်ခုဖြစ်သော်လည်း မလွဲမသွေ ရင်ဆိုင်ကြရပါမည်။ 2SM, p. 280 (1886).

ထိုမှန်တိုင်းကြီးချဉ်းကပ်လာစဉ်တွင် ကောင်းကင်တမန်သုံးပါးသတင်းစကားကိုနှုတ်အားဖြင့် လက်ခံထားသော်လည်း သမ္မာတရားကိုလိုက်လျှောက်နားထောင်ခြင်းအားဖြင့် မိမိကိုယ်ကို သန့်စင်မထားသူတစ်စုသည် မိမိတို့၏ရာထူးများကိုစွန့်လွှတ်ကာ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့်ပေါင်းစည်းကြလိမ့်မည်။ GC, p. 608 (1911).

**သစ္စာစောင့်တပည့်တော်များကိုထင်ရှားစေခြင်း**

ဆန်ခါချသောအချိန်၊ စမ်းသပ်စစ်ဆေးရာကာလတွင် ကိုယ်တော်ရှင်အပေါ် ဆက်လက်သစ္စာစောင့်သိနေသူများပေါ်ထွက်လာလိမ့်မည်။ ဗာလဘုရားကိုဒူးမထောက်သေးသည့် အဖိုးတန်ဝိညာဉ်များသည် ယခုလောလောဆယ်တွင် တိမ်မြုပ်နေဆဲဖြစ်သည်။ ထိုသူများသည် သင့်အပေါ်ထွန်းလင်းနေသောထင်ရှားသိသာစေသည့် အလင်းတရားမျိုးကို မရရှိကြသေးချေ။ သို့စေကာမူ ခက်ခဲသောကာလတွင် ၎င်းတို့သည် ခရစ်ယာန်အစစ်အမှန်တစ်ယောက်၌ရှိသည့် သန့်စင်သောအလင်းကိုထွန်းလင်းကြလိမ့်မည်။ နေ့အချိန်တွင်ကောင်းကင်ကိုမော့ကြည့်ပါက ကြယ်တစ်လုံးကိုမျှ တွေ့ကြရမည်မဟုတ်ပါ။ အမှန်မှာ ကောင်းကင်ယံမှာ ကြယ်များရှိနေသော်လည်း မျက်စိဖြင့်ကွဲကွဲပြားပြားမမြင်နိုင်ကြပါ။ သို့ရာတွင် ညအချိန်တွင်မူ ထိုကြယ်များ၏တောက်ပမှုကို ကျွန်ုပ်တို့တွေ့မြင်ကြရပါမည်။ 5T, pp. 80, 81 (1882).

နှိပ်စက်ညှဉ်းပန်းခြင်းများရှိလာသည့် အချိန်တိုင်းတွင် ထိုသက်သေခံများသည် ခရစ်တော်ဘက်တွင်ရပ်မည်။ သို့တည်းမဟုတ်ခရစ်တော်ကိုဆန့်ကျင်မည်ဟူ၍ ဆုံးဖြတ်ချက်ချကြရပါသည်။ မှားယွင်းစွာပြစ်ဒဏ်စီရင်ခြင်းခံနေရသူများအပေါ် အကြင်နာပြသူများနှင့်ထိုဒုက္ခသည်များကို ခါးခါးသီးသီးမဆက်ဆံသူများသည် ခရစ်တော်နှင့်၎င်းတို့ဆက်နွှယ်မှုရှိကြောင်းဖေါ်ပြနေကြပါသည်။ ST, Feb. 20 (1901).

ဆန့်ကျင်မှုများ၊ အယူသီးမှုများ၊ သည်းမခံမှုများ၊ နှိပ်စက်ညှဉ်းပန်းမှုများသည် ယုံကြည်ခြင်းအားနည်းသူများနှင့်သူတော်ကောင်းယောင်ဆောင်သူများ၏ယုံကြည်ခြင်းကို လှုပ်ရှားပျောက်ကွယ်စေသော်လည်း ခရစ်ယာန်စစ်စစ်များကိုမူ ပိုမို၍ယုံကြည်ခြင်းခိုင်မာကာ ကျောက်ဆောင်ကြီးတစ်ခုကဲ့သို့ခိုင်ခိုင်ခံ့ခံ့ရပ်တည်စေသည်သာမက သာယာသောအချိန်မှာရှိသည့်မြော်လင့်ခြင်းထက်ပိုမိုအားကောင်းသောမျှော်လင့်စိတ်ကိုဖြစ်ပေါ်စေပါသည်။ GC, p. 602 (1911).

**ထွက်ခွါသွားသူများ၏နေရာတွင် ယုံကြည်သူ အသစ်များက အစားထိုးနေရာယူခြင်း**

တချို့မှာ ဆန်ခါတွင်ကျကာအသင်းတော်မှ ထွက်ခွါသါးကြပါသည်။ ကယ်တင်ခြင်းနှင့်အောင်ခြင်မှုအတွက် ဖွဲ့ရှိရှိဖြင့်အနစ်နာခံနိုင်လောက်အောင် ထိုကယ်တင်ခြင်းနှင့်အောင်မြင်မှုကိုတန်ဖိုးထားသူများနှင့်မပေါင်းစည်းသည့် ဂရုမစိုက်၊ စိတ်ဝင်စားမှုနည်းပါးသူများမှာ အေင်ပွဲဆင်ကြမည်မဟုတ်သည့် ပြင် အမှောင်ထဲတွင် ကျန်နေခဲ့ကာ ၎င်းတို့၏နေရာကို ယုံကြည်သူအသစ်များက နေရာယူကြလိမ့်မည်။ EW, p. 271 (1858).

ယုံကြည်ခြင်းပျက်ပြားသွားသူများ၏နေရာ၌ (၁၁) နာရီအချိန်တွင် ရောက်လာသည့်သူများအဖြစ် ခရစ်တော်ဖေါ်ပြတော်မူခဲ့သူများနှင့်အစားထိုး တော်မူလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်ကတိုက်တွန်းသွေးဆောင်နေသည့် ပုဂ္ဂိုလ်အရေအတွက်မှာများပြားလှပါသည်။ ပြစ်ဒဏ်စီရင်ရာကာလတွင် သမ္မာတရားအကြောင်းကို လေ့ကျင့်ခွင့်မရရှိခဲ့သူများမှာ ကရုဏာတော်ကို ခံစားခွင့်ရကြလိမ့်မည်။ ထာဝရဘုရားသခင်သည် ထိုသူများကိုကြင်နာသော အကြည့်ဖြင့်ကြည့်ကာ ကြင်နာသောစိတ်နှလုံးဖြင့် တို့ထိပြီး ကယ်တင်ရန် လက်ကမ်းကြိုဆိုဆဲဖြစ်ပါသည်။ သို့ရာတွင် ကိုယ်တော်ထံသို့ မလာလိုသူများ အတွက် ကရုဏာတံခါးသည်ပိတ်နေပါသည်။ သမ္မာတရားကို ဤနောက် ဆုံးသောကာလတွင် ယခုတစ်ကြိမ်သာကြားဖူးကြောင်း လူအများကဖွင့်ဟ ဝန်ခံကြလိမ့်မည်။ Letter, p. 103 (1903).

ဘုရားသခင်၏အသင်းတော်မှာ အဖွဲ့တစ်ဖွဲ့ပြီးတစ်ဖွဲ့ စာတန်နှင့် လူပေါင်းသွားကြသကဲ့သို့ စာတန်၏အဖွဲ့ရှိအဆင့်အသီးသီးမှ လူတစ်စုပြီး တစ်စုသည် ဘုရားသခင်၏ပညတ်တော်စောင့်သူများနှင့်ပေါင်းစည်းလာကြလိမ့် မည်။ 8T, p. 41 (1904).

---oo---

# အခန်း (၁၃)
# ဝိညာဉ်တော်နောက်မိုး
### မိုးရွာခြင်းနှင့်တူသော ဝိညာဉ်တော်၏လုပ်ဆောင်မှု

ထာဝရဘုရားသခင်သည် "အလျင်မိုးနှင့်နောက်မိုးကို သင်တို့အပေါ်မှာ ရွာစေတော်မူမည်။" ကမ္ဘာ့အရှေ့ပိုင်းဒေသများတွင် အစေ့များစိုက်ပျိုးချိန် အလျင်းမိုးရွာလေ့ရှိသည်။ အစေ့များအညှောက်ထွက်ရန် ထိုမိုးသည် မရှိမဖြစ်လိုအပ်ပါသည်။ ထိုမိုးကြောင့် သစ်စေ့များအပင်ပေါက်လာပါသည်။ ရာသီကုန်ခါနီးတွင် အသီးများရင့်မှည့်ရန်နှင့်ရိတ်သိမ်းမှုကောင်းရန်အတွက် နောက်မိုးသည်အရေးပါလှပါသည်။ ထာဝရဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုများကိုဖော်ပြရန် သဘာဝတွင်ဖြစ်ပေါ်နေသည့် ဤမိုး (၂)မျိုးကိုအသုံးပြုမိန့်ဆိုထားပါသည်။

နှင့်းမှုန်များနှင့်မိုးစက်ကလေးများသည် သစ်စေ့ကိုအပင်ပေါက်စေပြီး အသီးများကိုရင့်မှည့်စေသကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်သည် ဝိညာဉ်ရေးတိုးတက်ကြီးပွားမှုကို တစ်ဆင့်ပြီးတစ်ဆင့်ဆက်လက်ဆောင်ရွက်ပေးတော်မူသည်။ အသီးမှည့်ခြင်းသည် အသက်ဝိညာဉ်များ၌ ဘုရားသခင်၏ကျေးဇူးတော်ဆိုင်ရာ လုပ်ဆောင်မှုပြီးမြောက်စုံလင်သွားခြင်းကိုဖော်ပြပါသည်။ ဘုရားသခင်၏ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ ရုပ်လုံးသည် ဝိညာဉ်တော်တန်ခိုးအားဖြင့် စာရိတ္တပိုင်းဆိုင်ရာ ရုပ်လုံးသည် ဝိညာဉ်တော်တန် ခရစ်တော်နှင့်တူသည်အထိ လုံးလုံးပြောင်းလဲကြရန်ဖြစ်သည်။

အသီးများကိုရင့်မှည့်စေသည့် နောက်မိုးသည် ခရစ်တော်၏ကြွလာခြင်းအတွက် အသင်းတော်ကိုပြင်ဆင်ပေးသည့် ဝိညာဉ်တော်ဆိုင်ရာကျေးဇူးတော်ကိုပုံဆောင်ပါသည်။ သို့ရာတွင် အလျင်မိုးမရွာလျှင် မည်သည့်အသက်မှရှိလိမ့်မည်မဟုတ်ပါ။ အရွက်စိမ်းကလေးများလည်း ပေါက်နိုင်မည်မဟုတ်ပါ။ အလျင်မိုးသားမရွာခဲ့လျှင် နောက်မိုးသည် အသီးများအောင်ရန်စွမ်းဆောင်နိုင်လိမ့်မည်မဟုတ်ပါ။ TM, p. 506 (1897).

**အေဒီ(၃၁)တွင်ကျင်းပသော ပင်တေကုတ္တေပွဲနေ့တွင်**
**အလျင်မိုးရွာသွန်းခြင်း**

တမန်တော်များသည် ခရစ်တော်၏အမိန့်တော်ကိုနာခံသောအားဖြင့် ဝိညာဉ်တော်မိုးသွန်းလောင်းခြင်းတည်းဟူသော ခမည်းတော်ဘုရားသခင်၏ ကတိတော်ပြည့်စုံချိန်ကို ယေရုရှလင်၌စောင့်စားနေကြပါသည်။ ထိုစဉ်တွင် ၎င်းတို့သည် မည်သည့်အရာကိုမျှလုပ်ဆောင်ခြင်းမပြုဘဲ စောင့်နေခြင်းမဟုတ်ပါ။ "ဘုရားသခင်ကိုအံ့သြချီးမွမ်းလျက် ဗိမာန်တော်သို့ရောက်မြဲရောက်ကြ၏" ဟု သမ္မာကျမ်းစာကဖွင့်ဆိုထားပါသည်။ (လုကာ ၂၄း၅၃)။

ကတိတော်ပြည့်စုံမည့်အချိန်ကိုစောင့်ဆိုင်းနေကြစဉ် သူတို့သည် စစ်မှန်သောနောင်တစိတ်ဖြင့်နှိမ့်ချကာ မိမိတို့၏မယုံကြည်ခြင်းအတွက် ဝန်ချတောင်းပန်ခဲ့ကြသည်။

လူတို့နှင့်တွေ့ဆုံရာတွင် သင့်တင့်လျောက်ပတ်သောအခြေအနေတွင် ရှိနေစေရန်နှင့်အပြစ်သားများကို ခရစ်တော်ထံသို့ပို့ဆောင်ဖို့နေ့စဉ်နှင့်အမျှ တရားဟောကြားရာတွင် အဆင်ပြေစေရန် စိတ်အားထက်သန်စွာ ဆုတောင်းခဲ့ကြပါသည်။ စိတ်သဘောထားကွဲပြားမှုများနှင့်အကြီးအကဲဖြစ်လိုသော ဆန္ဒများကို ဘေးဖယ်ထားကာ သူတို့သည် တစ်ဦးနှင့်တစ်ဦးနွေးနွေးထွေးထွေး ပေါင်းသင်းဆက်ဆံခဲ့ကြပါသည်။ AA, pp. 35-37 (1911).

တမန်တော်များ၌ စုံလင်သောစည်းလုံးမှုရှိကာ သူ့ထက်ငါအကြီးအကဲဖြစ်လိုသောသဘောထားများမရှိတော့သည့်အချိန်ကျမှသာ ဝိညာဉ်တော်ကျရောက်ခဲ့ပါသည်။ 8T, p. 20 (1904).

တမန်တော်အချိန်က ရရှိခဲ့သောဝိညာဉ်တော်မိုးသည် အလျင်မိုး၏ အစအဦးဖြစ်ခဲ့ရာ အကျိုးဆက်အဖြစ်ဘုန်းတော်ကိုထင်ရှားစေနိုင်ခဲ့ကြပါသည်။ ကပ်ကာလအဆုံး၌လည်း ဝိညာဉ်တော်သည် စစ်မှန်သောအသင်းတော်တွင် ကိန်းဝပ်တော်မူပါလိမ့်မည်။ AA, pp. 54,55 (1911).

**ပင်တေကုတ္တေပွဲနေ့တွင်ရှာသွန်းခဲ့သောအလျင်မိုး၏ အကျိုးဆက်များ**

ထောင်နှင့်ချီသောလူတို့သည် ဝိညာဉ်တော်၏ဩဇာလွှမ်းမိုးအောက်တွင် အပြစ်ဝန်ချတောင်းပန်ကာ နောင်တစကားများဖွင့်ဆိုလျက် အပြစ်လွှတ်ခြင်းခံရသည့်အတွက် ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းထောမနာပြုလျက် ဘုရားသခင်ဘက်တွင် ပြောင်းလဲလာကြပါသည်။

ပင်တေကုတ္တေပွဲနေ့တိုင်အောင် ကြားဖူးနားဝမရှိခဲ့ဖူးသည့် ဘာသာစကားများကိုသွက်သွက်လက်လက်ပြောဆိုနိုင်အောင် သန့်ရှင်းသောဝိညာဉ်တော်သည် ထိုသူများအားမစတော်မူခဲ့သည်။ တစ်သက်လုံး ၎င်းတို့ပြီးမြောက်အောင်မလုပ်နိုင်ခဲ့သည့်အရာများကို ၎င်းတို့အတွက် ဝိညာဉ်တော်ကလုပ်ဆောင်ပေးတော်မူခဲ့သည်။ AA, pp. 38-40 (1911).

မြေကြီးစွန်းသို့တိုင်အောင်သွားကာ ခရစ်တော်အကြောင်းကို သက်သေခံလိုသောဆန္ဒများပြင်းပြသည်အထိ ၎င်းတို့၏စိတ်နှလုံးများသည် အလွန်ပြည့်ဝနက်ရှိုင်း၊ ကျယ်ပြန့်သောစေတနာစိတ်များဖြင့် ထပ်ဆင့်ဖြည့်ဆည်းပေးခြင်းခံခဲ့ရသည်။ AA, p. 46 (1911).

ပင်တေကုတ္တေပွဲနေ့တွင် ကျရောက်ခဲ့သော ဝိညာဉ်တော်မိုးကြောင့် ရှင်ပြန်ထမြောက်ခြင်းအရှင် ကယ်တင်ရှင်ခရစ်တော်ဘုရားသခင်အကြောင်း သတင်းကောင်းများကို ကမ္ဘာ့အနှံ့ရှိလူသားများထံသို့သွားရောက်ဟောကြားနိုင်ခဲ့ကြသည်။ နေရာအနှံ့မှပြောင်းလဲသူများသည် အသင်းတော်တွင်စုရုံးလာသည်ကိုတွေ့မြင်ခဲ့ကြရသည်။ ယုံကြည်ခြင်းဖေါက်ပြန်နေသူများလည်း ပြန်လည်ပြောင်းလဲလာခဲ့ပါသည်။ ယုံကြည်သူများ၏ ရည်ရွယ်ချက်များသည်လည်း ခရစ်တော်၌ရှိသောစာရိတ္တမျိုးကို မိမိတို့၏အသက်တာတွင်ဖေါ်ပြကာ နိုင်ငံတော်ကျယ်ပြန့်လာအောင်လုပ်ဆောင်ရန်ပင်ဖြစ်ပါသည်။ AA, p. 48 (1911).

**နောက်မိုးအတွက် ကတိတော်**

တမန်တော်ခေတ်အချိန်က သွန်းလောင်းခဲ့သော ဝိညာဉ်တော်မိုးများမှာ အလျင်မိုးဖြစ်ပြီး ဘုန်းတော်ထင်ရှားခြင်းမှာ အကျိုးဆက်ဖြစ်ခဲ့သည်။ သို့ရာတွင် နောက်မိုးမှာထိုထက်ပို၍များပြားကြွယ်ဝလိမ့်မည်။ 8T, p. 21 (1904).

သားတော်ဘုရားကြွလာရန်အတွက် အသင်းတော်ကိုပြင်ဆင်ပေးရန် အလို့ငှါ ကမ္ဘာ့ရိတ်သိမ်းခြင်းကာလရောက်လုနီးလာသောအချိန်တွင် ဝိညာဉ် ရေးဆိုင်ရာ အထူးသောကျေးဇူးတော်ကိုချပေးတော်မူမည့်အကြောင်း ကတိ ထားတော်မူခဲ့သည်။ ထိုဝိညာဉ်တော်မိုးကိုနောက်မိုးသွန်းလောင်းခြင်းနှင့်ပုံနှိုင်း ထားပါသည်။ AA, p. 55 (1911).

တမန်တော်အချိန်မှစ၍ မြင်တွေ့ရခြင်းမရှိတော့သည့် ဘုရား တရားရှိမှု၊ ဝိညာဉ်ရေးနိုးကြားမှုများကို ကမ္ဘာကြီးအား ဘုရားသခင်နောက် ဆုံးပြစ်ဒဏ်မစီရင်မီအချိန်တွင် ယုံကြည်သူများအလယ်၌တွေ့မြင်ရကြလိမ့် မည်။ ဘုရားသခင်၏ ဝိညာဉ်တော်နှင့်တန်ခိုးတော်ကို ကိုယ်တော်၏သားသမီး များအပေါ်သို့သွန်းလောင်းတော်မူလိမ့်မည်။ GC, p. 464 (1911).

အဖိုးထိုက်တန်သော မျိုးစေ့များ အညှောက်ပေါက်ရန်အတွက် ဧဝံဂေ လိအမှုတော်အစတွင် သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်းအားဖြင့် အလျင်မိုးကိုရွာသွန်းစေခဲ့သကဲ့သို့ အမှုတော်အဆုံးပိုင်းတွင်လည်း အသီးများ ရင့်မှည့်စေရန်အလို့ငှါ နောက်မိုးကိုပေးတော်မူလိမ့်မည်။ GC, p. 611 (1911).

## နောက်မိုးကြောင့် သတင်းစကားများကိုကြွေးကြော်ခြင်း

ကောင်းကင်တမန်သုံးပါးသတင်းစကားကြွေးကြော်ဖို့ ခွန်အားပေးရန် အတွက်နှင့်ဘေးဒဏ်(၇)ပါးကျသောအချိန်တွင်ခိုင်မာစွာရပ်တည်နိုင်ဖို့ သူတော် စင်များအား ပြင်ဆင်ပေးရန်အတွက် ဘုရားသခင်က နောက်မိုးကို ထိုအချိန် တွင်ပေးသနားလိမ့်မည်။ EW, p. 86 (1854).

ဘုရားသခင်၏လက်နက်အစုံကို တပ်ဆင်ထားပြီးဖြစ်သူများက သမ္မာတရားကိုခွန်နှင့်အားနှင့်ဟောကြားနေကြကြောင်းကို ကျွန်ုပ်ကြားခဲ့ရသည်။ ဤကဲ့သို့အကြီးအကျယ်ပြောင်းလဲမှုရှိသွားရခြင်း၏ အကြောင်းရင်းကို ကျွန်ုပ်မေးကြည့်ရာ "နောက်မိုးနှင့်တကွ ဘုရားသခင်ထံမှပေးသနားတော်မူ သည့် အားဖြည့်ပေးခြင်းနှင့်ကောင်းကင်တမန်သုံးပါးသတင်းစကားများကို ကြွေး ကြော်ခြင်းကြောင့်ဖြစ်သည်"ဟု ဖြေကြသည်။ EW, p. 271(1858).

## အလျင်မိုးကြောင့် အသက်တာကိုပြောင်းလဲစေပြီး နောက်မိုးကြောင့် ခရစ်တော်နှင့်တူသောစာရိတ္တများ ဖွံ့ဖြိုးလာခြင်း

သန့်ရှင်းသောဝိညာဉ်တော်သည် လူသားတိုင်း၏ နှလုံးသား၌ကိန်းဝပ်ရန်ကြိုးစားနေပါသည်။ အထူးဧည့်သည်တော်တစ်ပါးအဖြစ်ကြိုဆိုကြလျှင် သန့်ရှင်းသောဝိညာဉ်တော်ရသောသူများသည် ခရစ်တော်၌စုံလင်စေလိမ့်မည်။ အစပျိုးထားသည့် ကောင်းသောအကျင့်များသည် စုံလင်ခြင်းသို့ရောက်ကြလိမ့်မည်။ ကောင်းသောအတွေး၊ အထက်အရပ်ကိုမြတ်နိုးသောစိတ်နှင့် ခရစ်တော်နှင့်တူသောအပြုအမူများသည် မသန့်ရှင်းသောအတွေး၊ မှားယွင်းသောစွဲလမ်းမှုနှင့်ပုန်ကန်ခြားနားလိုသည့် အပြုအမူများ၏နေရာတွင် နေရာယူကြလိမ့်မည်။ CH, p. 561 (1896).

ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်မိုးကိုအငန်းအတာတစ်ခုအဖြစ်ရရှိခဲ့ဖူးကြသည်ဖြစ်သော်လည်း ဆထက်ထမ်းပိုးပို၍ရရှိအောင်ယုံကြည်ခြင်းအားဖြင့် ဆက်လက်ဆုတောင်းကြရပါမည်။ အဆက်မပြတ်ကြိုးစားဆုတောင်းရန် အမြဲတမ်းလိုအပ်ပါသည်။ အကယ်၍ ကျွန်ုပ်တို့၌တိုးတက်မှုမရှိလျှင်သော်လည်းကောင်း၊ အလျင်မိုးနှင့်နောက်မိုးနှစ်မျိုးစလုံးကိုလက်ခံရယူလိုသည့်သဘောထားမျိုး ကျွန်ုပ်တို့၌မရှိတော့လျှင်သော်လည်းကောင်း၊ ကျွန်ုပ်သည် အသက်ဝိညာဉ်အဆုံးရှုံးခံရတော့မည်ဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းအတွက် မိမိတို့၌သာတာဝန်ရှိပါလိမ့်မည်။

တောစခန်းကဲ့သို့သောအသင်းတော်အစည်းအဝေးများ မိခင်အသင်းတော်၏ အစည်းအဝေးများနှင့်တကွ လူသားများအတွက်ပုဂ္ဂလိကလုပ်ဆောင်ပေးရန်အခွင့်အရေးရနိုင်သည့် ပွဲနေပွဲထိုင်တိုင်းသည် အလျင်မိုးနှင့်နောက်မိုးကိုပေးရန်အတွက် ဘုရားသခင်ခန့်အပ်ထားသည့်အခွင့်အရေးများဖြစ်သည်။ TM, p. 508 (1897).

သန့်ရှင်းသောဝိညာဉ်တော်အတွက် လမ်းပြင်ပေးသောအချိန်တွင် ကောင်းချီးမင်္ဂလာများသည် ကျရောက်လာလိမ့်မည်။ စာတန်သည် ဘုရား

သခင်၏သားသမီးများအပေါ်သို့သွန်းလောင်းချပေးနေသည့် ထိုမိုးများကိုဟန့်တားနိုင်စွမ်းမရှိသလို ထိုသားသမီးများအပေါ်ပေးသနားတော်မူလျက်ရှိသည့် ကောင်းချီးမင်္ဂလာတစ်စုံတစ်ခုကိုမျှတားမြစ်နိုင်သည့်တန်ခိုးမရှိပါ။ 1SM, p. 124 (1887).

**ဝိညာဉ်တော်ကျဆင်းသက်ရောက်လာဖို့**
**စိတ်အားထက်သန်စွာ ဆုတောင်းသင့်ခြင်း**

ဝိညာဉ်တော်မိုး သွန်းလောင်းမည့်အကြောင်း ပင်တေကုတ္တေပွဲအချိန်က တမန်တော်များဆုတောင်းခဲ့သကဲ့သို့ ကျွန်ုပ်တို့လည်း စိတ်အားထက်သန်စွာတောင်းလျှောက်သင့်သည်။ ထိုစဉ်က ၎င်းတို့အနေဖြင့် ဆုတောင်းဖို့လိုသည်မှာမှန်လျှင် ယခုအချိန်တွင် ကျွန်ုပ်တို့ပို၍ ဆုတောင်းရန်လိုအပ်ပါသည်။ 5T, p. 158 (1882).

အသင်းတော်အပေါ် ဝိညာဉ်တော်မိုးသွန်းလောင်းမှုသည် အနာဂတ်ကာလတွင်ဖြစ်မည်ဟုမျှော်လင့်ရငြားသော်လည်း ယခုအချိန်တွင်လည်း အသင်းတော်အနေဖြင့်မျှော်လင့်နိုင်ပါသည်။ ဝိညာဉ်တော်မိုးအတွက် ကြိုးစားလုပ်ဆောင်ပါ၊ ဆုတောင်းပါ၊ ယုံကြည်ပါ၊ ထာဝရဘုရားသည် ပေးသနားတော်မူဖို့ စောင့်မျှော်နေသည်ဖြစ်ရာ ဧကန်အမှန်ကျွန်ုပ်တို့ရရှိပါမည်။ Ev, p. 701 (1895).

ဝိညာဉ်တော်မိုးရရှိဖို့ ကျွန်ုပ်တို့၌ရှိသောဆန္ဒနှင့်ယုံကြည်ခြင်းအချိုးအဆအတိုင်း ကျွန်ုပ်တို့ခံယူရရှိကြလိမ့်မည်။ ကျွန်ုပ်တို့အားပေးသနားတော်မူထားသည့်အလင်းတရားနှင့်အသိဉာဏ်များကို ကျွန်ုပ်တို့အသုံးချနေသည့်အချိုးအဆအတိုင်းလည်း ဝိညာဉ်တော်မိုးကို ကျွန်ုပ်တို့ရရှိကြလိမ့်မည်။ RH, May, 5 (1896).

ဝိညာဉ်တော်ဆုကျေးဇူးကိုပေးသနားဖို့တောင်းဆိုက သခင်ဘုရားကိုမရမက နားပူနားဆာလုပ်ရန် ကျွန်ုပ်တို့ဆန္ဒပြင်းထန်မှုမရှိကြပါ။ အမှန်မှာ ထာဝရဘုရားသခင်က ထိုသို့လုပ်စေလိုတော်မူသည်။ ပလ္လင်တော်သို့

တိုးဝင်ချဉ်းကပ်ကာ မရမက နားပူနားဆာလုပ်ပြီး ကျွန်ုပ်တို့ဆုတောင်းပတ္ထနာပြုသည်ကို ထာဝရဘုရားသခင်လိုလားတော်မူသည်။ နယ စ. ၅၃၇ (၁၉၀၉).

စစ်မှန်သောနောင်တရကာ စိတ်နှိမ့်ချခြင်း

လိုအပ်ချက်အသီးသီးအနက် စစ်မှန်သောဘုရားတရားရှိမှုနှင့်ပြည့်ဝသော ဝိညာဉ်ရေးနိုးကြားမှုသည် ကျွန်ုပ်တို့အလိုအပ်ဆုံးအရာတစ်ခုဖြစ်သည်။ ဤအရာကို ပထမဦးစားပေးအလုပ်တစ်ခုအဖြစ်သတ်မှတ်ဆောင်ရွက်ကြရမည်။ ထာဝရဘုရားသခင်ထံမှ ကောင်းချီးမင်္ဂလာများကိုရရှိအောင် အပြင်းအထန်ကြိုးစားကြရမည်။ ထိုသို့ဆိုသော် ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့အား ကောင်းချီးပေးရန်ဆန္ဒမရှိသောကြောင့်မဟုတ်ဘဲ ကျွန်ုပ်တို့က ထိုကောင်းချီးမင်္ဂလာများကိုရယူရန်အဆင်သင့်မရှိကြသေးသောကြောင့်ဖြစ်သည်။ မိဘများက သားသမီးများကိုကောင်းသောလက်ဆောင်ပစ္စည်းများပေးလိုကြသည်ထက် ထာဝရဘုရားသခင်သည် ဝိညာဉ်ဆုကျေးဇူးတောင်းလျှောက်သူများအား ဝိညာဉ်တန်ခိုးပေးရန် ပို၍ဆန္ဒပြင်းပြတော်မူသည်။ သို့ရာတွင်ထိုအလိုတော်ကိုပြည့်စုံစေရန် ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အရာများမှာ အပြစ်များကိုဝန်ချလျက်၊ စိတ်နှလုံးကိုနှိမ့်ချလျက်၊ နောင်တရလျက် လိုလားတောင့်တအပ်သောဖြစ်သည်။ ဆုတောင်းသံကို နားညောင်းမှသာ လိုလားတောင့်တအပ်သော ဝိညာဉ်ရေးနိုးကြားမှုကို မြော်လင့်နိုင်မည်ဖြစ်သည်။ ၁ယြ စ. ၁၂၁ (၁၈၈၇).

ကျွန်ုပ်တို့အသင်းတော်၌ ဝိညာဉ်ရေးဘက်တွင်လုံးလုံးနိုးကြားမှုရှိရမည်။ ပြုပြင်ပြောင်းလဲမှုနှင့်ပြည့်စုံသော အမှုတော်လုပ်ငန်းတစ်ခုလည်းရှိရမည်။ အပြစ်ဝန်ချတောင်းပန်ခြင်းနှင့်နောင်တရပြောင်းလဲခြင်းများလည်းရှိရမည်ဟု သင့်ကိုကျွန်ုပ်ပြောလိုပါသည်။ ဧဝံဂေလိတရားကိုဟောကြားနေသူများသည် ခရစ်တော်၏အသစ်ပြုပြင်ပြောင်းလဲစေသည့် ကျေးဇူးတော်ကိုငင်းတို့၏နှလုံးသားထဲတွင်ပိုင်ဆိုင်ထားဖို့လိုအပ်သည်။ အချိန်မနှောင်းမီတွင် အဘက်ဘက်မှ စုံလင်သောအမှုတော်ကိုတည်ဆောက်နေခြင်းအား အဟန့်အတားပြုမည့်အရာမှန်သမျှကို ငင်းတို့ဖယ်ရှားသင့်ပါသည်။ Letter, p. 51 (1886).

### ဝိညာဉ်ရေးနိုးကြားမှုပါဝင်သည့် ပြုပြင်ပြောင်းလဲရေး

သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုအောက်တွင် ဝိညာဉ်ရေးဆိုင်ရာနိုးကြားမှုနှင့်ပြုပြင်ပြောင်းလဲမှုများရှိကြရမည်။ အမှန်မှာ ထိုအရာနှစ်ခုသည်မတူညီသောအရာများဖြစ်သည်။ ဝိညာဉ်ရေးနိုးကြားမှုဆိုသည်မှာ ဝိညာဉ်ရေးအသက်တာ သစ်ဆန်းခြင်း၊ စိတ်နှလုံးတန်ခိုးများရှင်သန်ထက်မြက်ခြင်းနှင့်ဝိညာဉ်ရေးဆိုင်ရာသေခြင်းမှထမြောက်ခြင်းတို့ဖြစ်သည်။ ဝိညာဉ်ရေးပြုပြင်ပြောင်းလဲမှုဆိုသည်မှာ အသစ်တစ်ဖန်ဖွဲ့စည်းတည်ဆောက်ခြင်း၊ အတွေးခေါ်နှင့်သီအိုရီများကို အပြောင်းအလဲလုပ်ခြင်း၊ ဓလေ့ထုံးစံနှင့်အကျင့်စရိုက်များကိုအပြောင်းအလဲလုပ်ပစ်ခြင်းတို့ဖြစ်သည်။ ဝိညာဉ်ရေးနိုးကြားမှုနှင့်ဆက်နွှယ်မှုမရှိသောပြုပြင်ပြောင်းလဲမှုများ၌ ဖြောင့်မတ်ခြင်းအသီးများကိုသီးနိုင်ကြလိမ့်မည်မဟုတ်ချေ။ ဝိညာဉ်ရေးဆိုင်ရာနိုးကြားမှုနှင့်ပြုပြင်ပြောင်းလဲရေးတို့သည် မိမိတို့နှင့်သက်ဆိုင်သောအရာများကို လုပ်ဆောင်ကြရမည်။ ထိုသို့လုပ်ဆောင်ရာတွင် တစ်ခုနှင့်တစ်ခု စပ်ဟပ်မိရပါမည်။ RH, Feb. 25 (1902).

### ရန်လိုတိုက်ခိုက်မှုနှင့် စိတ်သဘောထားကွဲလွဲမှုများကို ဖယ်ရှားရမည်ဖြစ်ခြင်း

အမှုဆောင်များသည် ခရစ်တော်၌စိတ်တစ်လုံးတစ်ဝတည်းရှိသောအချိန်၊ အတ္တစိတ်သေသောအချိန်၊ အပြိုင်အဆိုင်မရှိသောအချိန်၊ ရာထူးကြီးကြီးရရန်အတိုင်အခိုက်များမပြုလုပ်သောအချိန်၊ တစ်စည်းတစ်လုံးတည်းရှိသောအချိန်၊ မိမိကိုယ်ကို သန့်စင်အောင်လုပ်ဆောင်သည့်အချိန်၊ တစ်ဦးအပေါ်တစ်ဦးထားရှိသည့် ချစ်ခြင်းမေတ္တာများကိုထင်ရှားစေသည့်အချိန် ထိုအချိန်များတွင် ဝိညာဉ်တော်ဆိုင်ရာကျေးဇူးတော်မိုးသည် ထိုသူများအပေါ်သို့ ကတိတော်အတိုင်း သွန်းလောင်းကျရောက်လာလိမ့်မည်။ သို့ရာတွင် သူတစ်ပါး၏လုပ်ဆောင်မှုများကို လျှော့တွက်ကာ မိမိကသူတစ်ပါးထက်သာသည်၊ ကြီးမြတ်

သည်ဟုထင်ရှားစေကြသောအချိန်တွင် ၎င်းတို့လုပ်ဆောင်နေသောအရာသည် ဘုရားသခင်၏အမှုတော်မဟုတ်ကြောင်း သူတို့ဖော်ပြနေကြပါသည်။ ထိုသို့သောပုဂ္ဂိုလ်များကို ထာဝရဘုရားသခင်ကောင်းချီးပေးတော်မမူပါ။ 1SM, p. 175 (1896).

ကျွန်ုပ်တို့သည် ဘုရားသခင်၏နေ့ကြီးတွင် ကျွန်ုပ်တို့၏ခိုလှုံရာဖြစ်တော်မူသော ခရစ်တော်နှင့်အတူရပ်ထလိုကြလျှင် မနာလိုစိတ်များ၊ ရာထူးကြီးကြီးရဖို့ တိုက်ခိုက်လိုသောစိတ်များကိုဖယ်ရှားပစ်ကြရမည်။ မသန့်ရှင်းသောအရာအားလုံးကိုနာလန်မထူနိုင်အောင်အမြစ်လှန်ဖျက်ဆီးပစ်ကြရမည်။ ထိုနောက်မိမိကိုယ်ကို ထာဝရဘုရားသခင်ဘက်တွင် လုံးလုံးဆက်ကပ်ရပ်တည်ကြရမည်။ TDG, p. 258 (1903).

ပျောက်ဆုံးနေသူများ ကယ်တင်နိုင်ရန်အလို့ငှါ ခရစ်ယာန်များသည် စိတ်သဘောထားကွဲပြားမှုများကိုဖယ်ရှားကာ မိမိကိုယ်ကိုဘုရားသခင်ထံတော်တွင်ဆက်ကပ်ကြရမည်။ 8T, p. 21 (1904).

**အချင်းချင်းချစ်ကြပါ**

ခရစ်ယာန်အယူဝါဒဆိုသည်မှာ တစ်ဦးအပေါ်တစ်ဦးထားရှိသည့်ကြင်နာယုယမှုကိုဖော်ပြခြင်းဖြစ်သည်။ ခရစ်တော်သည် မိမိဖန်ဆင်းထားသည့်ဝေနေယျများထံမှ အထွတ်အထိပ်မေတ္တာကိုခံယူရန်ဖြစ်သည်။ လူသားများအနေဖြင့်လည်း ပတ်ဝန်းကျင်ရှိလူသားများအပေါ်မြတ်နိုးကြရမည်ဖြစ်ကြောင်းကိုယ်တော်တောင်းဆိုတော်မူထားပါသည်။ ကယ်တင်ခြင်းခံရသည့်အသက်ဝိညာဉ်တိုင်းသည် ဘုရားသခင်၌အစပြုသည့် မေတ္တာအားဖြင့်ကယ်တင်ခြင်းခံရလိမ့်မည်။ စစ်မှန်သော ပြောင်းလဲခြင်းဆိုသည်မှာ အတ္တလွန်ကဲသောစိတ်သဘောထားမှ ဘုရားသခင်နှင့်လူသားများအပေါ်ဖြူစင်သောကြင်နာမှုများဖြင့် ချစ်တတ်သောစိတ်ထားသို့ပြောင်းလဲသွားခြင်းဖြစ်သည်။ 1SM, pp. 114, 115 (1901).

ထာဝရဘုရားသခင်တန်ဖိုးအထားဆုံးကြန်အင်လက္ခဏာများမှာ ချစ်ခြင်းမေတ္တာနှင့်ဖြူစင်သောစိတ်ထားပင်ဖြစ်သည်။ ခရစ်ယာန်တိုင်းသည် ထိုစိတ်ထားများကိုမြတ်နိုးကြရမည်။ 5T, p. 85 (1882).

ဇဝံဂေလိုတရားတော်ကိုနှစ်ခြိုက်ကြောင်း အထိရောက်ဆုံးဖွင့်ဆို ချက်မှာ ချစ်တတ်ပြီးချစ်စရာကောင်းသောခရစ်ယာန်တစ်ဦးဖြစ်ကြောင်း ထင်ရှားစေခြင်းပင်ဖြစ်သည်။ MH, p. 470 (1905).

**လုံးလုံးဆက်ကပ်အပ်နှံရန်လိုအပ်ခြင်း**

ထာဝရဘုရားသခင်သည် လုံးလုံးဆက်ကပ်အပ်နှံခြင်းကိုသာလက်ခံ တော်မူလိမ့်မည်။ စိတ်အားထက်သန်မှုနည်းပါးသော အပြစ်သားခရစ်ယာန် များမှာ နိုင်ငံတော်သို့ဝင်စားနိုင်ကြလိမ့်မည်မဟုတ်ပါ။ အကြောင်းမျာဘုရား သခင်၏မိသားစုအပေါ်လွှမ်းခြုံထားသည့် သန့်ရှင်းမြင့်မြတ်သောစည်းမျဉ်း များကို သူတို့မသိရှိကြသောကြောင့် နိုင်ငံတော်တွင်ဝင်စားရသည်ကို သူတို့ ပျော်ရွှင်ကြမည်မဟုတ်ပါ။ စစ်မှန်သောခရစ်ယာန်များမှာမူ ကောင်းကင် နိုင်ငံတော်ဘက်ကိုလှည့်ကာ အသက်ဝိညာဉ်တံခါးများကိုဖွင့်ထားပြီး ခရစ်တော် နှင့်အတူ မိတ်သဟာယဖွဲ့အသက်ရှင်နေထိုင်ပါသည်။ ၎င်း၏ဆန္ဒများသည် ခရစ်တော်၏အလိုတော်နှင့်တစ်ထပ်တည်းဖြစ်နေပါသည်။ ၎င်း၏ အမြင့်မားဆုံးသောမျှော်မှန်းချက်မျာ ခရစ်တော်နှင့်ပို၍ပို၍တူလာရန်ဖြစ်သည်။ RH, May 16 (1907).

ကျွန်ုပ်တို့က သန့်ရှင်းသောဝိညာဉ်တော်ကိုအသုံးမချနိုင်ကြပါ။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့ကိုအသုံးချရန်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် "သင်တို့သည်အလိုရှိစေခြင်းငှါ လည်းကောင်း၊ အကျင့်ကျင့်စေခြင်းငှါလည်းကောင်း သင်တို့အထဲ၌ စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း" (ဖိ ၂း၁၃) သို့ရာတွင် အချို့မှာ ဤအချက်ကိုလက်မခံကြဘဲ ကိုယ့်ဘာသာ ကိုယ်ကြိုးစားလုပ်ဆောင်လိုကြသည်။ ထိုကြောင့် ထိုဆုကျေးဇူးကို သူတို့မရရှိ ကြခြင်းဖြစ်သည်။ နှိမ့်ချသောစိတ်ဖြင့် ဘုရားသခင်ကိုစောင့်စားကာ လမ်းပြမှုနှင့် ကျေးဇူးတော်ကိုမြော်လင့်နေသူများကိုသာ ဝိညာဉ်တန်ခိုးပေးသနားတော် မူပါသည်။ DA, p. 672 (1898).

## နောက်မိုးအတွက်လမ်းရှင်းခြင်း

ပတ်ဝန်းကျင်၏တိုက်ခိုက်မှုများ၊ မာနထောင်လွှားခြင်း၊ အတ္တလွန်ကဲခြင်း၊ လောကကိုချစ်ခြင်း၊ မှားယွင်းသောအပြုအမူများနှင့်ပြောမှားဆိုမှားများကိုကျော်လွှားအောင်မြင်နိုင်စွမ်းမရှိသူများသည် နောက်မိုးကိုခံစားခွင့်ရကြလိမ့်မည်မဟုတ်ပါ။ ထို့ကြောင့် ဘုရားသခင်နှင့်နီးကပ်စွာအသက်ရှင်နေထိုင်ကာ ဘုရားသခင်၏နေ့ကြီးတွင် အောင်ပွဲဆင်နိုင်ရန်လိုအပ်သောပြင်ဆင်မှုများကိုကြိုးစားလုပ်ဆောင်သင့်ကြပါသည်။ EW, p. 71 (1851).

စာရိတ္တမကျကိုင်ပျက်ယွင်းမှုများကိုပြုပြင်ကာ ခန္ဓာကိုယ်ရှိညစ်ညမ်းမှုအသီးသီးကိုဆေးကြောရန် ကျွန်ုပ်တို့အတွက်ချန်ထားတော်မူသည်။ ထိုအမှုကိုဆောင်ရွက်ပြီးစီးသောအချိန်တွင် ပင်တေကုတ္တေပွဲနေ့ကကဲ့သို့ပင်ဝိညာဉ်တော်မိုးသည် ကျွန်ုပ်တို့အပေါ်သို့ရွာသွန်းကျရောက်လာပါလိမ့်မည်။ 5T, p. 214 (1882).

ထာဝရဘုရားသခင်က အသင်းတော်အပေါ် ဝိညာဉ်တော်မိုးသွန်းလောင်းနိုင်စေရန်အလို့ငှါ အဟန့်အတားများကိုဖယ်ရှားခြင်းအားဖြင့် ကျွန်ုပ်တို့ပြင်ဆင်နေခြင်းကို စာတန်အကြောက်ဆုံးဖြစ်သည်။ “ဗိုလ်ခြေအားဖြင့်မဟုတ်။ အာဏာတန်ခိုးအားဖြင့်မဟုတ် ဝိညာဉ်တော်အားဖြင့်” စုံစမ်းနှောင့်ယှက်ခြင်းအမျိုးမျိုးနှင့်ဆန့်ကျင်ဘက်သြဇာတန်ခိုးအသီးသီးကို ကျွန်ုပ်တို့အောင်မြင်စွာတွန်းလှန်နိုင်ကြပါသည်။ (ဇာ ၄း၆) 1SM, p. 124 (1887).

ညစ်ညမ်းမှုအသီးသီးကို သန့်စင်ဆေးကြောထားသည့် အသက်ဝိညာဉ်များအပေါ်သို့နောက်မိုးနှင့်တကွ ကောင်းချီးမင်္ဂလာများကျရောက်လိမ့်မည်။ ဝိညာဉ်တော်အားဖြင့်မင်္ဂလာခံခြင်းတည်းဟူသော ဘုရားသခင်ထံမှ ကျရောက်လာသောဝိညာဉ်တော်ကိုခံယူထိုက်သူများဖြစ်စေရန်အလို့ငှါ မိမိတို့၏အသက်ဝိညာဉ်ကို ခရစ်တော်ထံတွင်ယနေ့အပ်နှံကြရပါမည်။ 1SM, p. 191 (1892).

### အမှုတော်မြတ်တွင်ထက်မြက်သော အမှုဆောင်များဖြစ်လာခြင်း

အသင်းတော်သည် အသက်ရှင်လှုပ်ရှားသောအသင်းတော်ဖြစ်လာသောအချိန်တွင်၎င်းတို့၏တောင်းလျှောက်သံကိုနားညောင်းသောအားဖြင့် ဝိညာဉ်တော်တန်ခိုးကိုပေးတော်မူလိမ့်မည်။––– ထိုအချိန်တွင်ကောင်းကင်ပြတင်းများပွင့်လာကာ နောက်မိုးကျရောက်ရွာသွန်းလာပါလိမ့်မည်။ RH, Feb. 25 (1890).

လူတို့သည် ဘုရားသခင်နှင့်အတူပေါင်းဖက်လုပ်ဆောင်ခြင်း၏အဓိပ္ပါယ်ကိုအတွေ့အကြုံအားဖြင့်မသိရှိကြမီ တစ်ကမ္ဘာလုံးအား ဘုန်းဓာတ်ဖြင့်ထင်ရှားစေမည့် နောက်မိုးသည်ကျရောက်လိမ့်မည်မဟုတ်ပါ။ စိတ်နှလုံးအကြွင်းမဲ့ဖြင့်အမှုတော်တွင်ပါဝင်လုပ်ဆောင်လာသောအချိန်တွင် ထာဝရဘုရားသခင်သည် ဝိညာဉ်တော်မိုးသွန်းလောင်းခြင်းအားဖြင့် ထိုအရာကိုအသိအမှတ်ပြုတော်မူလိမ့်မည်။ သို့ရာတွင် အသင်းသားအများစုသည် ဘုရားသခင်နှင့်အတူပေါင်းဖက်အမှုတော်မဆောင်သရွေ့ကာလပတ်လုံး ဤအရာသည်ဖြစ်ပေါ်လာလိမ့်မည်မဟုတ်ပါ။ Ch S, p. 253 (1896).

ပျင်းရိဖင့်နွဲ့ခြင်းများကိုပြစ်တင်စကားပြောကြားခြင်းများအား အသင်းတော်မှ ဖယ်ရှားပြီးသည့်အချိန်တွင် ဝိညာဉ်တော်မိုးသွန်းလောင်းကျရောက်လာလိမ့်မည်။ ဘုရားသခင်၏တန်ခိုးတော်သည် ထင်ရှားလာလိမ့်မည်။ ဘုရားသခင်၏စီစဉ်လုပ်ဆောင်မှုများကို အသင်းတော်တွေ့မြင်ရလိမ့်မည်။ 9T, p. 46 (1909).

### ခွက်ကိုဆေးပြီး မတ်မတ်တည်ထားပါ

နောက်မိုးအတွက် ကျွန်ုပ်တို့စိတ်ပူစရာအကြောင်းမရှိပါ။ မိုးရေခံမည့်ခွက်ကိုဆေးကြောသုတ်သင်ကာ တည့်မတ်အောင်တည်ထားပြီး မိုးရေခံယူဖို့အဆင်သင့်ပြင်ထားရန်မှာ ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အရာဖြစ်သည်။ “ကျွန်ုပ်၏ခွက်ထဲသို့နောက်မိုးရွာသွန်းကျရောက်ပါစေ။ ကောင်းကင်တမန်

သုံးပါးနှင့်ဆက်နွှယ်နေသည့် ဘုန်းတော်နှင့်ပြည့်ဝသော ကောင်းကင်ဗိုလ်မင်း၏အလင်းသည် ကျွန်ုပ်အပေါ်မှာကျရောက်ပါစေ။ အမှုတော်၏ကဏ္ဍတစ်ခုတွင် ကျွန်ုပ်ကိုပါဝင်ခွင့်ပြုပါ။ သတင်းစကားကိုကြွေးကြော်ကာ ခရစ်တော်နှင့်အတူ အမှုဆောင်သူတစ်ဦးဖြစ်လာစေရန်မစတော်မူပါ” ဟု စိုက်လိုက်မတ်တတ်ဆုတောင်းကြပါ။ ဤကဲ့သို့ကြိုးစားပြီး ဘုရားသခင်ကိုရှာလျှင်သင့်အား အချိန်ကာလတိုင်းအတွက် အဆင့်သင့်ဖြစ်စေလျက် ကိုယ်တော်၏ကျေးဇူးတော်ကိုပေးသနားတော်မူလိမ့်မည်။ UL, p. 283 (1891).

ဆုတောင်းချက်များအတိုင်း အလျင်အမြန်ပြည့်စုံတတ်သကဲ့သို့ အချိန်ကြာမြင့်စွာနှောင့်နှေးဖင့်နွှဲ၍လည်းနေတတ်ပြီး ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် စမ်းသပ်စစ်ဆေးမှုနှင့်ရင်ဆိုင်ရတတ်သည်။ သို့စေကာမူ ထာဝရဘုရားသည် မည်သည့်အချိန်တွင် မည်ကဲ့သို့အဖြေပေးရမည်ကို သိရှိတော်မူ၏။ ကျွန်ုပ်တို့၏တာဝန်မှာ ဘုရားသခင်နှင့်ဆက်သွယ်မှုပြုလုပ်နေကြရန်သာဖြစ်သည်။ ကိုယ်တော်ရှင်သည် မိမိလုပ်ဆောင်ရမည့် ကဏ္ဍကိုတာဝန်ယူလုပ်ဆောင်တော်မူလိမ့်မည်။ ထာဝရဘုရားသခင်သည် ကတိတည်သောဘုရားသခင်ဖြစ်တော်မူ၏။ မလိုတမာစိတ် မနာလိုဝန်လိုစိတ်များဘေးဖယ်ကာ စိတ်တစ်လုံးတစ်ဝတည်းဖြင့် နှိမ့်ချသောစိတ်နှင့်ပြည့်စုံသော ပတ္တနာပြုသူများအဖြစ် သခင်ဘုရားကိုစောင့်စားရန်မှာ ကျွန်ုပ်တို့၏အငန်းအတာဖြစ်ပါသည်။ ကျွန်ုပ်တို့၏ဦးခေါင်းဖြစ်တော်မူသည့် သခင်ယေရှုသည် ပင်တေကုတ္တေပွဲနေ့တုန်းကဆုတောင်း၊ စောင့်မျှော်နေသူများအပေါ်ပြုတော်မူခဲ့သည့်နည်းတူ ကျွန်ုပ်တို့အတွက်လည်း ပြုတော်မူရန် အဆင်သင့်ရှိနေပါသည်။ 3SP, p. 272 (1878).

ဝိညာဉ်တော်မိုး ရွာသွန်းလာမည့်အချိန်အတိအကျကို ကျွန်ုပ်မပြောပြနိုင်သလို ဤကမ္ဘာပေါ်ရှိအမှုတော်ကြီးကိုအဆုံးသတ်ရာတွင် ယေရှုခရစ်သည် မည်သည့်အချိန်တွင်ကောင်းကင်မှဆင်းသက်လာကာ ကောင်းကင်ကမန်သုံးပါးနှင့်ပူးပေါင်းမည်ကို ကျွန်ုပ်မပြောပြနိုင်ပါ။ ကျွန်ုပ်ပေးလိုသော

သတင်းစကားမှာ ကျွန်ုပ်တို့၏မိုးအိမ်များကို မီးထွန်းရန်အတွက်ပြင်ဆင်ကာ ဝိညာဉ်တော်မိုးအတွက်အဆင်သင့်ပြင်ထားခြင်းသည် တစ်ခုတည်းသောစိတ်ချရသည့်လုပ်ဆောင်မှုဖြစ်သည်ဆိုသည့်အချက်ပင်ဖြစ်သည်။

**နောက်မိုးကိုလူအားလုံးမရရှိနိုင်ခြင်း**

ဘုရားသခင်၏သားသမီးများသည် မိမိတို့၏မှားယွင်းချက်များကို မပြင်၊ မကောင်းသောအကျင့်များကိုမပယ်ရှားဘဲ ဝိညာဉ်တော်မိုးရရှိဖို့ မည်သည့်ကြိုးစားမှုကိုမျှမလုပ်ဘဲ စောင့်ဆိုင်းနေကြလျှင်လည်းကောင်း၊ ဝိညာဉ်တော်မိုးရရှိရန်နှင့်ကောင်းကင်တမန်သုံးပါးသတင်းစကားဟောကြားရာတွင် ပါဝင်နိုင်ရန် မိမိတို့၌ရှိသောညစ်ညမ်းမှုများကိုဖယ်ရှားပေးရန် သူတစ်ပါးအပေါ်အားကိုးမှီနေကြလျှင်လည်းကောင်း ၎င်းတို့သည်လိုအပ်ချက်ရှိနေသူများအဖြစ်တွေ့ရှိရလိမ့်မည်။ 1T, p. 619 (1867).

အသင်းတော်တစ်ခုလုံး ဝိညာဉ်ရေးနိုးကြားလာမည်ဟုမျှော်လင့်ထားပါသလား။ လုံးဝမဖြစ်နိုင်သောအရာဖြစ်သည်။ အသင်းတော်ထဲတွင် အားတက်သရောဆုတောင်းခြင်းများတွင်ပူးပေါင်းကြမည်မဟုတ်သည့် ပြောင်းလဲမှုမရှိသေးသူများရှိနေသည်။ ဤအမှုအရာသည် ပုဂ္ဂလိကကိစ္စဖြစ်ရာ ကျွန်ုပ်တို့သည် အပြောလျှော့ကာ ပို၍ဆုတောင်းကြရပါမည်။ 1SM, p. 122 (1887).

ဝိညာဉ်တော်မိုးကျရောက်လာသောအခါတွင် အလျင်းမိုးကိုမရရှိခဲ့သူများနှင့်တန်ဖိုးမထားခဲ့သူများသည် နောက်မိုးကိုတွေ့မြင်ရမည်မဟုတ်သည့်ပြင် နောက်မိုးအကြောင်းကိုလည်း သိရှိနားလည်ကြလိမ့်မည်မဟုတ်သည်မှာ သေချာကြောင်း ကျွန်ုပ်ပြောနိုင်သည်။ TM, p. 399 (1896).

ရရှိသောအလင်းတရားအတိုင်း နေထိုင်သူများသည်သာ ပို၍ကြီးမားသောအလင်းကိုရရှိကြလိမ့်မည်။ ကျွန်ုပ်တို့သည်ထက်မြက်သော ခရစ်ယာန်အကျင့်သီလဆိုင်ရာပုံသက်သေပြမှုတွင် နေ့စဉ်နှင့်အမျှတိုးတက်မှုမရှိကြလျှင် နောက်မိုးကျသည်ကိုပင် ကျွန်ုပ်တို့သတိထားမိကြမည်မဟုတ်ချေ။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင့်ရှိလူများအပေါ်တွင် နောက်မိုးရွာသွန်းနေသော်လည်း ထိုအရာ

ကိုကျွန်ုပ်တို့မသိရှိသည့်အပြင် နောက်မိုးကိုလည်း ကျွန်ုပ်တို့ရရှိကြလိမ့်မည် မဟုတ်ချေ။ TM, p. 507 (1897).

စိုက်လိုက်မတ်တတ်ကြိုးစားမှုမပြုဘဲ ဝိညာဉ်တော်မိုးကျမည့်အချိန်ကို သာစောင့်နေသူများသည် အမှောင်ထဲမှာပင် ပျက်စီးကုန်ကြလိမ့်မည်။ သင်သည် အမှုတော်ထဲတွင်လုံးဝပါဝင်လုပ်ဆောင်မှုမပြုဘဲ ထိုင်မြဲတိုင်းထိုင်နေ ရန်မဟုတ်ပါ။ Ch S, p. 228 (1903).

----oo---

## အခန်း (၁၄)
# အော်ဟစ်ကြွေးကြော်သံ
## အသင်းတော်အားလုံး၌ ဘုရားသခင်၏ ကျောက်မြတ်များရှိခြင်း

အသင်းတော်အားလုံး၌ ဘုရားသခင်၏ကျောက်မြတ်များရှိနေကြရာ ကျွန်ုပ်တို့သည် ဘာသာရေးလောကတစ်ခုလုံးကိုဝါးလုံးရှည်နှင့်သိမ်းမရိုက်သင့်ချေ။ 4BC, p. 1184 (1893).

အသင်းတော်အားလုံး၌ ဘုရားသခင်၏ကိုယ်စားလှယ်များရှိနေပါသည်။ စိတ်နှလုံး၌အမှားနှင့်အမှန်ခွဲခြားစွာသိရှိနိုင်မည့်အခြေအနေမျိုးတွင် တင်ပြထားသည့် အထူးသောသမ္မာတရားကို ထိုသူများမရရှိကြသေးချေ။ ထိုကြောင့် ၎င်းတို့သည် အလင်းတရားကိုငြင်းပယ်ကာ ဘုရားသခင်နှင့်အဆက်အသွယ်ဖြတ်ပြီးသည့်သဘောမျိုး မသက်ရောက်သေးချေ။ 6T, pp. 70, 71 (1900).

တာဝန်သိသိဖြင့်လုပ်ဆောင်တတ်သော ခရစ်ယာန်များရရှိထားသည့်အလင်းအတိုင်း အသက်ရှင်နေထိုင်လေ့ရှိသော ခရစ်ယာန်များ၊ ကက်သလစ်အသင်းတော်တွင်ရှိနေပါသည်။ ထိုသူများကိုယ်စား ထာဝရဘုရားသခင်သည် လုပ်ဆောင်တော်မူလိမ့်မည်။ 9T, p. 243 (1909).

ဘုရားသခင်၏သားသမီးများအား ဗာဗုလုန်မှထွက်လာကြရန် ဗျာဒိတ်(၁၈)တွင် ဆင့်ဆိုထားပါသည်။ ဤကျမ်းချက်အရ များစွာသောသားသမီးများသည် ဗာဗုလုန်ထဲတွင်ရှိနေဆဲဖြစ်ရမည်။ ယခုအချိန်တွင် မည်သည့်ခရစ်ယာန်အဖွဲ့သည်အင်အားပိုကောင်းနေသနည်း။ ပရိုတက်စတင့်ယုံကြည်ချက်ကိုလက်ခံထားသည့်အသင်းတော်များဖြစ်သည်ကို သံသရှိစရာလိုမည်မဟုတ်ပါ။ GC, p. 383 (1911).

ဗာဗုလုန်အဖြစ်သတ်မှတ်ခြင်းခံရသော အသင်းတော်များရှိ ဝိညာဉ်ရေးအမှောင်ထု၌ ဘုရားသခင်နှင့်ရန်ဘက်ပြုမှုများရှိနေငြားသော်လည်း

ခရစ်တော်၏သားစစ်သမီးမှန်များ ဆက်လက်တည်ရှိနေဆဲဖြစ်ပါသည်။ GC, p. 390 (1911).

**ဗာဗုလုန်၏ကျဆုံးမှုသည်အဆုံးသို့ မရောက်သေးခြင်း**

ဗာဗုလုန်သည် "မိမိမတရားသောမေထုတ်၏ အဆိပ်အတောက်တည်းဟူသော စပျစ်ရည်ကို လူမျိုးအပေါင်းတို့အားတိုက်လေပြီ" မည်သို့တိုက်ခဲ့ပါသနည်း။ ဥပုသ်အတုကိုလက်ခံစောင့်ရှောက်ရန် အတင်းအကျပ်လုပ်ဆောင်မှုသည် ထိုစပျစ်ရည်ကိုတိုက်ခြင်းဖြစ်သည်။ 8T , p. 94 (1904).

သို့ရာတွင် "မိမိမတရားသောမေထုန်၏အဆိပ်အတောက်တည်းဟူသောစပျစ်ရည်ကို လူမျိုးအပေါင်းတို့အားတိုက်လေပြီ" ဟုဆိုရာ၌ အမှန်မှာလူမျိုးတိုင်းကိုတော့မတိုက်ရသေးပါ။

ပူးပေါင်းထားသည့် အသင်းတော်များသည် ဤကမ္ဘာကြီးရှိတိုင်းနိုင်ငံများနှင့်လက်တွဲကာ ဤအခြေအနေကိုရောက်သည်အထိ ခရစ်ယာန်လောကတစ်ခုလုံးတွင် လုပ်ဆောင်ကြလိမ့်မည်။ ထိုအချိန်ကျမှသာ ဗာဗုလုန်၏ကျဆုံးမှုသည် အဆုံးသို့ရောက်ရှိသွားပါသည်။ ထိုပြောင်းလဲမှုတွင် အဆင့်ဆင့်ပါဝင်နေရာ ဗျာဒိတ် ၁၄း၈ ၏ပြည့်စုံမှုသည်အနာဂတ်ကာလတွင်ရှိနေပါသေးသည်။ GC, pp. 389, 390 (1911).

သူမ၏အပြစ်များသည် မည်သည့်အချိန်တွင် ကောင်းကင်သို့ရောက်ရှိသွားသနည်း (ဗျာ၊ ၁၈း၂–၅)။ မည်သည့်အချိန်တွင် ဘုရားသခင်၏ပညတ်တော်ကိုနောက်ဆုံးဖျက်သိမ်းလိုက်မည်နည်း။ ST, June 12 (1893).

**ဘုရားသခင်၏နောက်ဆုံးသတိပေးစကား**

ထာဝရဘုရားသခင်သည် ဗျာဒိတ် ၁၄ ပါသတင်းစကားများကို အနာဂတ္တိစကားများအဖြစ်ဖွင့်ဆိုတော်မူပြီးဖြစ်သော်လည်း ထိုအနာဂိတ္တစကားများသည် ကမ္ဘာ့ရာဇဝင်အဆုံးအထိ မရပ်မနား လုပ်ဆောင်နေကြလိမ့်မည်။ EGW' 88, p. 804 (1890).

ဗျာဒိတ် ၁၄း၆–၁၂ ပါ ကောင်းကင်တမန်သုံးပါးသတင်းစကားကို ငြင်းဆန်ခြင်း၏ရလဒ်အဖြစ် အသင်းတော်သည် ဒုတိယကောင်းကင်တမန်ကြိုတင်ဟောကြားထားသည့်အခြေအနေသို့ လုံးလုံးရောက်မည့်အချိန်ကို ဗျာ၊ ၁၈ က ထောက်ပြထားပါသည်။ ဗာဗုလုန်ထဲ၌ရှိနေဆဲဖြစ်သော ဘုရားသခင်၏သားသမီးများသည် ထွက်ခွါလာကြလိမ့်မည်။ ကမ္ဘာကြီးအတွက်ပေးသည့် သတိပေးစကားများတွင် ဤသတင်းစကားသည်နောက်ဆုံးသတင်းစကားဖြစ်သည်။ GC, p. 390 (1911).

ဗျာ၊ ၁၄း၈ တွင်ဖွင့်ဆိုထားသည့်အတိုင်း ဗာဗုလုန်မြို့ကြီးပြိုလဲပြီးဟူသော ကြေညာချက်ကိုတစ်ဖန်ကြေညာသည့်အချိန်ကို ဗျာ၊ ၁၈း၁၊ ၂၊၄ တို့က ထောက်ပြထားရုံသာမက ထိုသတင်းစကားကိုရှေ့ဦးစွာပေးခဲ့သည့် ၁၈၄၄ ခုနှစ်နွေရာသီမှစ၍ ဗာဗုလုန်နှင့်စပ်ဆိုင်သည့်အဖွဲ့အစည်းအရပ်ရပ်ထဲသို့ရောက်ရှိနေသည့် စာရိတ္တပျက်ပြားမှုအရပ်ရပ်ကိုလည်းဖေါ်ပြထားပါသည်။ ကောင်းကင်တမန်သုံးပါးသတင်းစကားနှင့်ဆက်နွှယ်နေသည့် ဤထုတ်ပြန်ကြေညာချက်များသည် ကမ္ဘာသူ၊ ကမ္ဘာသားများအတွက်ပေးသည့် နောက်ဆုံးသတိပေးစကားများဖြစ်ပါသည်။

ဗာဗုလုန်ကျူးလွန်ခဲ့သောအပြစ်များသည် ဘူးပေါ်သလိုပေါ်လာလိမ့်မည်။ နိုင်ငံရေးအာဏာများကိုအသုံးပြုပြီး အသင်းတော်နှင့်ပတ်သက်သည့်နေ့ရက်များကို အတင်းအကျပ်စောင့်ခိုင်းခြင်းကြောင့်ဖြစ်ပေါ်လာသည့်ရလဒ်များ၊ နတ်မိစ္ဆာဝါဒချင်းနင်းဝင်ရောက်မှုများ၊ ရဟန်းမင်း၏တန်ခိုးအာဏာများ၊ ခိုးကြောင်ခိုးဝှက်ဖြစ်သော်လည်း အလျင်အမြန်တိုးတက်မှုစသည်တို့သည်ဖုံးဖိလို့မရဘဲ ပေါ်ထွက်လာလိမ့်မည်။ လူတို့သည် ဤသတိပေးစကားများကြောင့် လှုပ်လှုပ်ရှားရှားဖြစ်လာလိမ့်မည်။ ဤကဲ့သို့သောသတင်းစကားမျိုးကိုတစ်ခါမျှ မကြားဖူးကြသော ထောင်ပေါင်းများစွာသောလူတို့သည်နားထောင်နေကြလိမ့်မည်။ GC, pp. 603,604,606 (1911).

## ဘုရားသခင်ပေးတော်မူသည့် နောက်ဆုံး သတင်းစကား၏နှလုံးသား

ကောင်းကင်တမန်သုံးပါးသတင်းစကားသည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်း၊ သတင်းစကားဖြစ်ပါသလားဟု လူအများက စာရေးပြီး ကျွန်ုပ်ကိုမေးခဲ့ကြသည်။ "မှန်ပါသည်" ဟု ကျွန်ုပ်လည်းတုံ့ပြန်ခဲ့ပါသည်။ 1SM, p. 372 (1890).

ထာဝရဘုရားသခင်သည် ကရုဏာတော်အားဖြင့် အစ်ကိုကြီး အီးဂျေဝက်ဂိုးနာနှင့်အတီဂျုန်းတို့ကိုအသုံးပြုကာ အဖိုးတန်သောသတင်းစကား တစ်ခုကို ပေးပို့တော်မူခဲ့သည်။ ဤလောက၏အပြစ်များအတွက် အသေခံတော်မူသည့် ခရစ်တော်ကို ဤသတင်းစကားက လူတို့ရှေ့မှာပို၍ထင်ရှားစေရန်ဖြစ်သည်။ ခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ ရောက်ကြောင်းကိုလည်း ဤသတင်းစကားကတင်ဆက်ထားပါသည်။ ၎င်းပြင် ဘုရားသခင်၏ ပညတ်တော်ကိုနားထောင်လိုက်ရောက်ခြင်းအားဖြင့် ထင်ရှားစေသည့် ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုရယူကြရန် လူတို့အားဖိတ်ခေါ်ခဲ့ပါသည်။

လူအများမှာ ခရစ်တော်ကိုမျက်ခြည်ပြတ်ခဲ့ကြသည်။ ထိုသူတို့သည် ကိုယ်တော်ရှင်၏ ဘုရားဇာတိတော်၊ ကိုယ်တော်ရှင်ပြုတော်မူခဲ့သော ကုသိုလ်ကောင်းမှုများနှင့်တကွ လူသားများအပေါ်ထားရှိသည့် ကိုယ်တော်ရှင်၏ ခိုင်မြဲသောမေတ္တာတော်များကို မျက်မှောက်ပြုဖို့လိုအပ်ပါသည်။ မိမိ၏တန်ခိုးမဖြတ်နိုင်သည့်ဖြောင့်မတ်ခြင်းဆုကျေးဇူးကို အကူအညီမဲ့လူသားများအားမျှဝေလျက် ကြွယ်ဝသောဆုကျေးဇူးများကို ကိုယ်တော်ရှင်ပေးလိုက ပေးနိုင်ရန်အလို့ငှါ တန်ခိုးတော်ရှိသမျှကို ကိုယ်တော်ရှင်၏လက်တော်တွင် အပ်နှံထားတော်မူပါသည်။ ဤအရာမှာ ဤကမ္ဘာကြီးကိုဟောပြောရန် ဘုရားသခင်ပေးသနားတော်မူသည့် သတင်းစကားပင်ဖြစ်ပါသည်။ ဝိညာဉ်တော်နှင့်ပြည့်ဝစွာဖြင့် အကြီးအကျယ်ဟစ်ကြွေးဟောပြောရမည့်အရာမှာ ကောင်းကင်တမန်သုံးပါးသတင်းစကားပင်ဖြစ်သည်။ TM, pp. 91,92 (1895).

ဘုရားသခင်ကြွလာခြင်းအတွက်ပြင်ဆင်မှုများလုပ်ပေးရန် ခရစ်တော်၏ဖြောင့်မတ်ခြင်းသတင်းစကားကို ကမ္ဘာအနှံ့တွင်ဟစ်ကြွေးဟောပြောကြရမည်။ ဤအရာသည် ကောင်းကင်တမန်သုံးပါးသတင်းစကားဟောကြားခြင်းအမှုတော်ကို အဆုံးသတ်ပေးမည့် ဘုရားသခင်၏ဘုန်းတော်ပင်ဖြစ်သည်။ 6T, p. 19 (1900).

ဤကမ္ဘာကြီးအတွက် နောက်ဆုံးဟောကြားရမည့် ကရုဏာသတင်းစကားမှာ မေတ္တာတော်ဆိုင်ရာကိုယ်တော်ရှင်၏ စာရိတ္တတော်ကိုဖော်ပြခြင်းပင်ဖြစ်သည်။ ဘုရားသခင်၏သားသမီးများသည်လည်း ကိုယ်တော်ရှင်၏ဘုန်းတော်ကိုထင်ရှားကြရန်ဖြစ်သည်။ ကျေးဇူးတော်အားဖြင့် ပြုပြင်ပေးတော်မူခဲ့သောအရာများကို ၎င်းတို့၏အသက်တာအားဖြင့်ဖော်ပြကြရန်ဖြစ်ပါသည်။ COL, pp. 415-416 (1900).

**ဤသတင်းစကားသည် ကြီးစွာသော**
**တန်ခိုးနှင့်ပြည့်စုံခြင်း**

ဤကောင်းကင်တမန်သုံးပါးသတင်းစကားကိုအားတက်သရောဟစ်ကြွေးကြစဉ် အမှုတော်အပိတ်ကလေးတွင် မဟာတန်ခိုးတော်၊ ဘုန်းတော်တို့နှင့်ပြည့်စုံစဉ် ဘုရားသခင်၏သစ္စာရှိတပည့်တော်များသည် ထိုဘုန်းတော်ကိုမျှဝေခံစားကြရလိမ့်မည်။ ထိုအရာမှာ ဒုက္ခဆင်းရဲခြင်းကာလ၌ ၎င်းတို့အားကျောဖြတ်သွားစေနိုင်ရန် ဝိညာဉ်တန်ခိုး၊ ကိုယ်ခန္ဓာခွန်အားများနှင့်ပြည့်စုံစေမည့်နောက်မိုးပင်ဖြစ်သည်။ 7BC, p. 984 (1862).

ကပ်ကာလအဆုံးသို့ရောက်လာသည်နှင့်အမျှ ဘုရားသခင်၏အစေခံကျွန်များဖွင့်ဟသော သက်သေခံချက်များမှာ ပိုမိုခိုင်မာလာသည်။ ပိုမို၍တန်ခိုးပါလာပါသည်။ 3SM, p. 407 (1892).

ဗျာ၊ ၁၄း၉–၁၂ တွင်ဖွင့်ဆိုထားသောသတင်းစကား၌ လက်ဦးသတင်းစကားနှစ်ခုလည်းအကျုံးဝင်နေပါသည်။ ကျယ်သောအသံဖြင့်ကြွေးကြော်သည်ဟုဆိုရာတွင် သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးနှင့်ကြွေးကြော်ခြင်းကိုဆိုလိုပါသည်။ 7BC, p. 980 (1900).

ကောင်းကင်တမန်သုံးပါးသတင်းစကားကျယ်လောင်သောအသံဖြင့် ဟစ်ကြွေးစဉ် ထိုကြွေးကြော်ခြင်း၌ ဘုန်းတော်၊ တန်ခိုးတော်၊ ကျရောက်လာလိမ့်မည်။ ဘုရားသခင့်သားသမီးများ၏မျက်နှာများသည် ကောင်းကင်မှ အလင်းဖြင့် ထွန်းတောက်နေကြလိမ့်မည်။ 7T, p. 17 (1902).

ကမ္ဘာ့နောက်ဆုံးသောအခက်အခဲကြီးများ၏အရိပ်မည်းကြီး အောက်တွင် ဘုရားသခင်၏အလင်းသည် ထိန်ထိန်လင်းလင်းတောက်ပ နေကာ မြော်လင့်ခြင်းနှင့်ကိုးစားခြင်းသီချင်းများကိုအကြည်လင်၊ အသာယာဆုံးအသံများဖြင့် သီဆိုနေသည်ကိုကြားကြရမည်။ Ed, p. 166 (1903).

ဗျာ၊ (၁၈) တွင် ကြိုတင်ဖွင့်ဆိုထားသကဲ့သို့ သားရဲနှင့်သူ၏ ရုပ်တုအကြောင်း နောက်ဆုံးသောသတိပေးစကား ပြောကြားနေသူများက ကောင်းကင်တမန်သုံးပါးသတင်းစကားကို တန်ခိုးပါပါဖြင့် ကြွေးကြော်ကြရန် ဖြစ်သည်။ 8T, p. 118 (1904).

## ၁၈၄၄ ခုနှစ်လှုပ်ရှားမှုအလား

လူသားများအား ၁၈၄၄ ခုနှစ်လှုပ်ရှားမှုတွင် အကြီးအကျယ်လှုံ့ဆော် ပေးခဲ့သော ထိုတန်ခိုးကို တစ်ဖန်ဖေါ်ပြတော်မူလိမ့်မည်။ ကောင်းကင် တမန်သုံးပါးသတင်းကို တိုးတိုးသက်သာဟောကြားကြမည်မဟုတ်ဘဲ ကျယ်ကျယ်လောင်လောင်ကြွေးကြော်ကြလိမ့်မည်။ ၅ယ စ. ၂၅၂ (၁၈၈၅).

ညဉ်လယ်ကြွေးကြော်သံထက် တန်ခိုးခွန်အားပြည့်စုံစွာဖြင့် ဤသတင်းစားကိုအဆုံးသတ်လိမ့်မည်ကိုကျွန်ုပ်မြင်တွေ့ခဲ့ရသည်။ EW, p. 278 (1858).

## ပင်တေကုတ္တပွဲနေ့အလား

အပင်တေကုတ္တေပွဲနေ့တွင် ဖြစ်ပျက်ခဲ့သောအရာများထက် ပို၍ကြီး မားသောတန်ခိုးနှင့်ပြည့်စုံသောအဖြစ်အပျက်များကိုမြင်တွေ့ရမည့်အချိန်ကို ကျွန်ုပ်တောင့်တောင့်တတမျှော်လင့်ခဲ့ပါသည်။ "ထိုနောက်မှ ကောင်းကင်တမန် တစ်ပါးသည် ကြီးစွာသောတန်ခိုးနှင့်ပြည့်စုံ၍ ကောင်းကင်ကဆင်းသက်သည် ကိုငါမြင်၏"ဟု ဆရာယောဟန်ကဖွင့်ဆိုထားပါသည်။ (ဗျာ ၁၈း၁)။

ထိုအချိန်တွင် လူအပေါင်းတို့သည် ပင်တေကုတ္တေပွဲနေ့မှာကဲ့သို့ပင် သမ္မာတရားဟောကြားချက်များကို မိမိတို့ဘာသာစကားဖြင့်ကြားနာကြရလိမ့်မည်။ 6BC, p. 1055 (1886).

ဘုရားသခင်၏လူတို့အလယ်တွင်ဖြစ်ပေါ်နေသော ဘာသာရေးပြုပြင်ပြောင်းလဲမှုတစ်ခုအကြောင်းကိုဖော်ပြထားသည့်အရာများအား ညဥ့်အချိန်တွင်ရခဲ့သော ရူပါရုံများတွင် ကျွန်ုပ်မြင်တွေ့ခဲ့ရပါသည်။ လူအများသည် ဘုရားသခင်ကိုချီးမွမ်းထောမနာပြုနေကြသည်။ လူနာများရောဂါပျောက်ကင်းကုန်ကြသည်။ ထူးဆန်းသောနိမိတ်လက္ခဏာများကိုလည်းပြနေကြသည်။ ကြားဝင်ဖျန်ဖြေသောစိတ်ဓါတ်များကိုလည်းတွေ့နေရသည်မှာ ပင်တေကုတ္တေပွဲနေ့မတိုင်မီကအခြေအနေမျိုးနှင့်တူနေပါသည်။ 9T, p. 126 (1909).

ဧဝံဂေလိအမှုတော်ပိတ်မည့်အချိန်သည် အမှုတော်ဖွင့်သည့်အချိန်ကထက်ခမ်းနားတင့်တယ်မှုလျော့နည်းလိမ့်မည်မဟုတ်ပါ။ အမှုတော်ဖွင့်စဉ်ကအလျက်မိုးအားဖြင့်အနာဂတ္တိစကားများကိုပြည့်စုံစေခဲ့သကဲ့သို့ အမှုတော်အပိတ်တွင်လည်း နောက်မိုးအားဖြင့်ပြည့်စုံစေတော်မူလိမ့်မည်။

ကောင်းကင်မှအလင်းများဖြင့်ထွန်းလင်းတောက်ပနေသောမျက်နှာပိုင်ရှင် ဘုရားသခင်၏အမှုဆောင်များသည် အတ္တကင်းသောဆက်ကပ်အပ်နှံမှုဖြင့် ကောင်းကင်မှလာသောသတင်းစကားကိုတစ်နေရာမှတစ်နေရာသို့သွားရောက်ဟောပြောကြလိမ့်မည်။ ထိုသတိပေးစကားကို ကမ္ဘာပေါ်ရှိထောင်ပေါင်းများစွာသောသူတို့က ဟောပြောကြလိမ့်မည်။ နိမိတ်လက္ခဏာများကိုပြကြလိမ့်မည်။ လူနာများကိုကုသကြလိမ့်မည်။ အံ့သြဖွယ်ရာများကိုပြုလုပ်ကြလိမ့်မည်။ GC, pp. 611-612 (1911)

**ကျွန်ုပ်တို့ကိုအံ့အားသင့်စေမည့်ပုဂ္ဂိုလ်များကို**

ဘုရားသခင်ငါးရမ်းခိုင်းစေလိမ့်မည်ဖြစ်ခြင်း

ထာဝရဘုရားသခင်သည် လူသားများ၏အကြံအစည်နှင့်ကွဲပြားခြားနားပြီး သာမန်ပုံစံနှင့်မတူသောနည်းလမ်းတစ်ခုကို အသုံးပြုကာ နောက်ဆုံး

သောအမှုတော်ကိုလုပ်ဆောင်တော်မူမည့်အကြောင်း သင့်ကိုကျွန်ုပ်ပြောပါရစေ။ အမှုတော်လုပ်ငန်းကိုအမြဲတမ်းထိန်းချုပ်ထားလိုသူများ ကမ္ဘာသို့ပေးရမည့် ကောင်းကင်တမန်သုံးပါးသတင်းစကားနှင့်ဆက်စပ်နေသည့် ထိုကောင်းကင်တမန်၏ ညွှန်ကြားမှုအောက်တွင် မည်သည့်အချိန်အခါမျိုးတွင် မည်သည့်လှုပ်ရှားမှုကို လုပ်ဆောင်ရမည့်အကြောင်း အမိန့်ပေးမည့်သူများ ကျွန်ုပ်တို့အထဲမှ ပေါ်ပေါက်လာလိမ့်မည်။ ထာဝရဘုရားသခင်ကိုယ်တော်တိုင်အရာရာကို ချုပ်ကိုင်ထားကြောင်း ထင်ရှားပေါ်လွင်စေမည့်နည်းလမ်းများကို ကိုယ်တော်ရှင် အသုံးပြုတော်မူလိမ့်မည်။ ဖြောင့်မတ်ခြင်းတရားဆိုင်ရာ အမှုတော်ကြီး ပေါ်ထွန်းပြီးဆုံးသွားဖို့ ကိုယ်တော်ရှင်အသုံးပြုမည့်ရိုးရိုးနည်းစနစ်များကြောင့် အမှုဆောင်များအံ့အားသင့်ကုန်ကြလိမ့်မည်။ TM, p. 300 (1885).

အနာဂတ်အတွက် စီမံကိန်းများချမှတ်နိုင်လိမ့်မည်ဟု အထင်မရှိကြပါနှင့်။ အချိန်ကာလနှင့်အခြေအနေအားလုံးတွင်ပဲ့ထိန်းလက်ကိုင်ကို ကိုင်ထားတော်မူသည့် ထာဝရဘုရားသခင်ကိုအသိပေးကြပါ။ အသင့်လျော်ဆုံးနည်းလမ်းကိုအသုံးပြုကာ ကိုယ်တော်ရှင်ဆောင်ရွက်တော်မူလိမ့်မည်၊ ထိန်းသိမ်းစောင့်ရှောက်တော်မူလိမ့်မည်။ တိုးပွားစေတော်မူလိမ့်မည်၊ မိမိသားသမီးများအားတည်ဆောက်တော်မူလိမ့်မည်။ CW, p. 71 (1895).

သန့်ရှင်းသောဝိညာဉ်တော်သည် နာမတော်ကို ဂုဏ်ပြုချီးမြှောက်မည်ဟု မထင်မှတ်သောနည်းလမ်းဖြင့် မထင်မှတ်သောအချိန်တွင်ပေါ်ထွန်းလာလိမ့်မည်။ လူသားများရွေးချယ်သည့် အထူးနည်းလမ်းများဖြင့်မဟုတ်ဘဲ ဘုရားသခင်၏အစီအစဉ်အတိုင်းပေါ်ထွန်းလာလိမ့်မည်။ EGW’88, p. 1478 (1896).

ကိုယ်တော်ရှင်သည် ရှေးအချိန်က တံငါသည်များအားတမန်တော်များဖြစ်စေတော်မူခဲ့သကဲ့သို့ အမှုတော်ကိုဆောင်ရွက်ရန် သာမန်အမျိုးသမီးအမျိုးသားများအထဲမှအမှုဆောင်များကိုရွေးထုတ်တော်မူလိမ့်မည်။ မကြာမီအချိန်တွင် လူအများအံ့အားသင့်စေမည့် နိုးကြားမှုကြီးတစ်ခုဖြစ်ပေါ်လာတော့မည်။ လုပ်ဆောင်ရမည့်အရာ၏အရေးပါပုံကို မသိရှိသူများကိုကျော်သွားကာ

နေရာအနှံ့တွင်သမ္မာတရားကိုဟောကြားဖို့ သာမန်လူတန်းစားများနှင့်လက်တွဲပြီးကောင်းကင်တမန်များအမှုတော်ဆောင်ကြလိမ့်မည်။ 15MR, p. 312 (1905).

**ဝိညာဉ်တော်အားဖြင့်အရည်အချင်းပြည့်ဝစေသည့်အမှုဆောင်များ**

နောက်ဆုံးသောအမှုတော်ကိုဆောင်ရွက်ရန် လူကြီးလူကောင်းအရေအတွက်သည်မပြောပလောက်ရုံသာပါဝင်ကြသည်။ လူအများမျှော်လင့်မထားသည့်ပုံစံဖြင့် အမှုတော်ကိုထာဝရဘုရားသခင် လုပ်ဆောင်တော်မူလိမ့်မည်။ သိပ္ပံကျောင်းများ၏အပြင်ပန်းသင်တန်းများအားဖြင့်မဟုတ် သန့်ရှင်းသောဝိညာဉ်တော်သက်ရောက်ခြင်းအားဖြင့် သွန်သင်မှုကိုခံယူသောပုဂ္ဂိုလ်များကိုမြေတောင်မြှောက်ကာ ချီးမြှောက်တော်မူလိမ့်မည်။ ထိုကျောင်းများကိုအပြစ်တင်ရှုတ်ချစရာအကြောင်းမရှိပါ။ အကြောင်းမှာ ထိုကျောင်းများကိုဘုရားသခင် ဘိသိက်ပေးထားတော်မူပါသည်။ သို့ရာတွင် ၎င်းတို့သည်အပြင်ပန်းအရည်အသွေးများကိုသာ ဖြည့်ဆည်းပေးနိုင်ကြပါသည်။ ပညာတတ်များနှင့်ကိုယ့်ကိုကိုယ်အရေးထားနေသူများအပေါ်တွင် အမှုတော်လုပ်ငန်းများလုပ်ဆောင်ဖို့ အားကိုးတော်မူခြင်းမရှိကြောင်းကို ထာဝရဘုရားသခင်ဖော်ပြတော်မူပါလိမ့်မည်။ 5T, pp. 80, 82 (1882).

အလင်းတရားကိုအားတက်သရောရှာဖွေကာ နှုတ်ကပတ်တော်မှထွန်းလင်းသည့်အလင်းတရားတိုင်းကို ဝမ်းမြောက်ဝမ်းသာလက်ခံသူများကိုသာ အလင်းပေးတော်မူလိမ့်မည်။ ထာဝရဘုရားသခင်သည် ကမ္ဘာလောကတစ်ခုကို ထွန်းလင်းစေမည့် အလင်းတရားနှင့်တန်ခိုးတော်ကို ထိုသူများအားဖြင့်ဖော်ပြတော်မူလိမ့်မည်။ 5T, p. 729 (1889).

ဤတွင် စည်းကမ်းရှိသောစိတ်၊ ဖြူစင်သောနှလုံးသားနှင့်သန့်ရှင်းသောအတွေးများလိုအပ်နေပါသည်။ ဤအရာများသည်အစွမ်းထက်ခြင်း၊ ကျွမ်းကျင်ခြင်းနှင့်အသိဉာဏ်ရှိခြင်းထက်ပို၍တန်ဖိုးရှိပါသည်။ "ဘုရားသခင်မိန့်တော်မူသည့်အရာ" ကို နားထောင်လိုက်လျှောက်ဖို့ သွန်သင်လို့ရသောသာမန်စိတ်သဘောထားသည် အစွမ်းထက်သော်လည်း ထိုအစွမ်းများကို

မှန်ကန်စွာအသုံးမပြုသူများထက် သာ၍ဘုရားသခင်၏အမှုတော်တွင် အရည်အချင်းမီပါသည်။ RH, Nov. 27 (1900).

အမှုဆောင်များသည် ကျောင်းစာများနှင့်သင်တန်းပေးခြင်းအားဖြင့် မဟုတ်၊ ဝိညာဉ်တော်နှင့်သုတ်လိမ်းပေးခြင်းအားဖြင့် အရည်အသွေးမီစေတော်မူလိမ့်မည်။ ယုံကြည်ခြင်း၊ ဆုတောင်းခြင်းနှင့်ပြည့်ဝသူများသည် ဘုရားသခင်ပေးထားတော်မူသည့် သတင်းစကားများကို စိတ်အားကြီးစွာဖြင့် ကြွေးကြော်ရန်စေလွှတ်ခြင်းခံကြရမည်။ GC, p. 606 (1911).

## စာမတတ်သူများကိုလည်း ဘုရားသခင်အသုံးပြုခြင်း

ခရစ်တော်ကို မိမိ၏ကယ်တင်ရှင်အဖြစ်လက်ခံသူများတို့သည် နောက်ဆုံးသောနေ့ရက်များ၏ စမ်းသပ်မှု၊ စစ်ဆေးမှုများနှင့်ရင်ဆိုင်ကြရလိမ့်မည်။ စာမတတ်သောယုံကြည်သူတပည့်တော်များပင်လျှင် ခရစ်တော်အပေါ်ထားရှိသော ယုံကြည်ခြင်း၏ခွန်အားပေးခြင်းကြောင့် မယုံကြည်သူများကတီထွင်သည့် သံသယဖြစ်စရာများကို ရင်ဆိုင်နိုင်ကြလိမ့်မည်။

ရန်မူသူများက ဆန့်ကျင်တားဆီးခြင်းငှါမစွမ်းနိုင်အောင် ဉာဏ်ပညာများနှင့် နှုတ်စ၊ လျှာစများကိုတပည့်တော်များအား ခရစ်တော်ပေးသနားတော်မူလိမ့်မည်။ ပညာတတ်များ၏ မကောင်းသောအကြံအစည်များကို အထမမြောက်စေမည့် ခိုင်မာသောသက်သေခံချက်တစ်ခုကို သူတို့ဖွင့်ဟကြလိမ့်မည်။ အမှန်တရားဘက်သို့ပြောင်းလဲလာစေနိုင်သည့်၊ သဘောပေါက်နားလည်နိုင်စွမ်းရှိသည့် တန်ခိုးနှင့်ပြည့်စုံသော စကားလုံးများသည် ထိုစာမတတ်သူများ၏နှုတ်ဖျားမှထွက်လာလိမ့်မည်။ ထိုသူများ၏သက်သေခံချက်ကြောင့် လူအများပြောင်းလဲလာကြလိမ့်မည်။

အဘယ်ကြောင့် ပညာတတ်များမရရှိကြသည့် ဤတန်ခိုးမျိုးကို စာမတတ်သူများရရှိကြသနည်း။ စာမတတ်သူများမှာ ခရစ်တော်ကိုလုံးလုံးလျားလျားယုံကြည်ကိုးစားခြင်းအားဖြင့်ဖြူစင်သန့်ရှင်းသောသမ္မာတရား၏ ပတ်ဝန်းကျင်ထဲသို့ရောက်ရှိလာကြသော်လည်း ပညာတတ်များမှာမူ

သမ္မာတရားကို ကျောခိုင်းတတ်ကြပါသည်။ လူဆင်းရဲများသည် ခရစ်တော်၏ သက်သေခံများဖြစ်ကြသည်။ သူတို့သည် သမိုင်းပညာများ၊ သိပ္ပံပညာများ ကိုမတတ်မြောက်၊ နားမလည်ကြသော်လည်း ခိုင်မာသောသက်သေအထောက် အထားများကို နှုတ်ကပတ်တော်မှ ရှာဖွေစုဆောင်းတတ်ကြသည်။ ၎င်းတို့၏သက်သေခံချက်များသည် ငြင်းလို့မရလောက်အောင် ဖြူစင်သန့်ရှင်း ပြီးမှတ်သားလောက်ပါသည်။ ဝိညာဉ်တော်၏ လမ်းပြမှုအောက်တွင် ၎င်းတို့ဖွင့် ဆိုသောသမ္မာတရားများသည်လည်း တန်ခိုးပါလှပါသည်။ 8MR, pp. 187, 188 (1905).

**ကလေးများက သတင်းစကားကိုကြွေးကြော်ခြင်း**

ယခုတွင် စာမတတ်သူများထဲမှ အများစုသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ကြွေးကြော်နေကြသကဲ့သို့ ဝိညာဉ်တော်၏ပဲ့ပြင် မှုအောက်တွင် ကလေးငယ်များသည်လည်း ကောင်းကင်မှလာသောသတင်း စကားများကိုကြွေးကြော်ကြပါသည်။ လူတို့၏တီထွင်မှု၊ စည်းမျဉ်း၊ ဥပဒေသများကိုဘေးဖယ်ကာ မိမိတို့၏အလိုဆန္ဒများကို ဝိညာဉ်တော်၌ အပ်နှံသူများအပေါ်သို့ ဝိညာဉ်တော်မိုးများကျရောက်လာလိမ့်မည်။ ထိုသူများ သည် ဝိညာဉ်တန်ခိုးအပြည့်ဖြင့် သမ္မာတရားကိုဟောကြားကြလိမ့်မည်။ Ev, p. 700 (1895).

လူတို့သည် ခရစ်တော်ပြုတော်မူခဲ့သည့်အတိုင်း သမ္မာတရားကို ရိုးစင်းစွာမဟောကြားကြတော့သည်ကို ကောင်းကင်သားများမြင်တွေ့ သောအခါ သန့်ရှင်းသောဝိညာဉ်တောအားဖြင့် ကလေးများကိုတန်ခိုးပေးကာ ဤခေတ်ဤအခါအတွက် သမ္မာတရားကိုသွားရောက်ဟောကြားစေတော်မူလိမ့် မည်။ SW, p. 66 (1895).

**ကောင်းကင်တမန်များ၏အမှုတော်လုပ်ငန်း**

သမ္မာကျမ်းစာ၏ဆောင်ပုဒ်ကို လူတို့ဆန်းစစ်လေ့လာစိတ်များပေါ် လာအောင် ကောင်းကင်တမန်များသည် ၎င်းတို့၏စိတ်နှလုံးကို လှုပ်ရှား ပေးလျက်ရှိသည်။ ကြီးကျယ်သောအမှုတော်သည် ယခင်ကနှင့်မတူ တစ်မူထူး

ခြားစွာပြီးမြောက်လိမ့်မည်။ အကြောင်းမှာ ကယ်တင်ခြင်းခံကြရမည့်သူများကိုအလုပ်အကျွေးပြုလျက်ရှိသည့် ကောင်းကင်တမန်များသည် နေ့ရောညပါအမှုတော်ဆောင်လျက်ရှိကြသည်။ CW, p. 140 (1875).

ကောနေလိကဲ့သို့ပုဂ္ဂိုလ်မျိုး လောကတွင်များစွာရှိပါသည်။ ထာဝရဘုရားသခင်သည် ကောနေလိအတွက်လုပ်ဆောင်ပေးတော်မူခဲ့သကဲ့သို့ ထိုသူများအတွက်လည်း လုပ်ဆောင်ပေးနေပါသည်။ ကောင်းကင်မှဆင်းသက်ကြွရောက်လာသော ကောင်းကင်တမန်များအားဖြင့် ဘုရားသခင်ကို ကောနေလိသိကျွမ်းခဲ့သလို ထိုသူများလည်း ဘုရားသခင်ကိုသိကျွမ်းလာကြလိမ့်မည်။ Letter, p. 197 (1904).

လူသားများ၏ကြိုးစားမှုနှင့်ဘုရားသခင်၏တန်ခိုးတော်ပေါင်းစပ်မိသောအချိန်တွင် အမှုတော်ကြီးသည် တောမီးလောင်သကဲ့သို့အလျင်အမြန်ပျံ့နှံ့သွားလိမ့်မည်။ လူသားများက ဇာတိရုပ်မှန်ကိုသိနိုင်စွမ်းမရှိသည့် ပုဂ္ဂိုလ်များကို ထာဝရဘုရားသခင်အသုံးပြုတော်မူလိမ့်မည်။ ဘုရားသခင်၏တောင်းဆိုချက်ကို တုံ့ပြန်ရန် လူသားများလျစ်လျူမရှုခဲ့ကြလျှင် ပြီးမြောက်ခြင်းအတွက် လူသားများကောင်းချီးရစေမည့်အမှုတော်ကို ကောင်းကင်တမန်များဆောင်ရွက်ကြလိမ့်မည်။ 1SM, p. 118 (1885).

## ကမ္ဘာ့အတိုင်းအတာဖြင့် ကြွေးကြော်ခြင်း

ကောင်းကင်တမန်သုံးပါးသတင်းစကား ကြွေးကြော်ရာတွင် ပူးပေါင်းလုပ်ဆောင်နေသော ကောင်းကင်တမန်များသည် တစ်ကမ္ဘာလုံးအား ဘုန်းတော်နှင့်ထွန်းလင်းစေကြလိမ့်မည်။ ကမ္ဘာ့အတိုင်းအတာဖြင့် လုပ်ဆောင်သောအမှုတော်နှင့်ထူးခြားသောတန်ခိုးတော်အကြောင်းကို ဤတွင်တင်ကြိုဖွင့်ဆိုထားပါသည်။ မျက်နှာတွင်ဘုန်းရောင်ခြည်နှင့်တောက်ပနေသော အမှုဆောင်များသည် တစ်နေရာမှတစ်နေရာသို့အမြန်သွားကာ ကောင်းကင်မှသတင်းစကားကိုကြွေးကြော်ကြလိမ့်မည်။ ဤသတိပေးစကားကို ကမ္ဘာအနှံ့ထောင်ပေါင်းများစွာသောသူတို့ထံသွား၍ ဟောကြားကြလိမ့်မည်။ GC, pp. 611-612 (1911).

ကောင်းကင်တမန်သုံးပါးသတင်းစကားနောက်မှ ဆက်တိုက်ပေါ် ထွန်းလာသည့် ထိုကောင်းကင်တမန်၏ သတင်းစကားများကို ယခုတွင် ကမ္ဘာအရပ်ရပ်သို့သွားရောက်ဟောကြားရန်ဖြစ်သည်။ ထိုအရာသည် ရိတ်သိမ်း ခြင်းသတင်းစကားဖြစ်ပြီး တစ်ကမ္ဘာလုံးသည် ဘုရားသခင်၏ဘုန်းတော်ဖြင့် ထွန်းလင်းတောက်ပနေလိမ့်မည်။ Letter, p. 86 (1900).

နိပ်စက်ညှဉ်းပန်းခြင်းမုန်တိုင်း အမှန်တကယ်ကျရောက်လာသော အချိန်တွင် ကောင်းကင်တမန်သုံးပါးသတင်းစကားကိုအာပါးတရဟစ်ကြွေး ကြရမည်။ ထိုအချိန်၌ တစ်ကမ္ဘာလုံးသည် ဘုရားသခင်၏ဘုန်းတော် ဖြင့်ထွန်းလင်းတောက်ပနေလိမ့်မည်။ 6T, p. 401 (1900).

အမေရိကန်ပြည်ရှိ မြို့တိုင်း၌ သမ္မာတရားကိုဟောကြားရပါမည်။ တစ်ကမ္ဘာလုံးရှိ နိုင်ငံတိုင်း၌ သတိပေးသည့် သတင်းစကားကိုဟောကြားရန် ဖြစ်သည်။ GCB, March 30 (1903).

အသံကျယ်လောင်စွာဖြင့် သမ္မာတရားကို ဟစ်ကြွေးစဉ်အတော အတွင်း၌ အသင်းတော်သည် သခင်ဘုရား၏မစမှုကြောင့် မြို့အသီးသီးတို့၌ ကြွယ်ဝသောအလင်းတရားနှင့်ပြည့်စုံသည့်အခြေအထိ ကယ်တင်ခြင်းအလင်းကို ထွန်းလင်းလိမ့်မည်။ Ev, p. 694 (1904).

ကျပ်တည်းခက်ခဲသော ကပ်ကာလတစ်ခုကို ကျွန်ုပ်တို့ရင်ဆိုင်နေရ ပါသည်။ ထိုကြောင့် နောက်ဆုံးသောနေ့ရက်များနှင့်စပ်ဆိုင်သောသမ္မာတရား များကို ဝိညာဉ်တော်တန်ခိုးဖြင့် ကျွန်ုပ်တို့ ယခုဟောကြားကြရမည်။ ထိုသတိ ပေးစကားကို လူအသီးသီးတို့ကြားသိကာ ဆုံးဖြတ်ချက်ချရမည့်အချိန်သည် မဝေးတော့ပြီ။ ထိုနောက်မှအဆုံးသည်ရောက်လတ္တံ့။ 6T, p. 24 (1900).

**ရှင်ဘုရင်များမှအစ၊ ဥပဒေပြုအမတ်များ၊**
**ကောင်စီဝင်များ၊ ထိုသတင်းစကားကိုကြားသိရခြင်း**

တစ်စုံတစ်ယောက်မှ တစ်ဦးချင်းရပ်တည်ရန်မလွယ်သည့်ပုံမျိုး ယခုတွင်ဖြစ်ပေါ်နေငြားသော်လည်း နာမတော်ကြောင့် လူအများရှေ့၊

ကောင်းစီများရှေ့သို့ပို့ဆောင်ခြင်းခံရသောအခါတွင် လူအသီးသီးတို့မှာ မိမိတို့ခံယူထားသည့် ယုံကြည်ခြင်းအတွက် အကြောင်းပြချက်ပေးကြရလိမ့်မည်။ ထိုအချိန်တွင် သမ္မာတရားအတွက် ရယူထမ်းဆောင်နေသောရာထူးတာဝန်အသီးသီးတို့ကို အပြင်းအထန်ဝေဖန်မှုများပြုကြလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်တို့ဖွင့်ဟနေသော ယုံကြည်ချက်များကို ယုံကြည်ရခြင်း၏အကြောင်းရင်းအားသိရှိရန် နှုတ်ကပတ်တော်ကိုလေ့လာကြဖို့လိုပါသည်။ RH, Dec. 18 (1888).

လူများစွာတို့သည် တရားရုံးများတွင် တရားအစွဲခံကြရလိမ့်မည်။ အချို့မှာ မိမိတို့၏ယုံကြည်ခြင်းအကြောင်းဖြေဆိုရန် လောကီရှင်ဘုရင်နှင့် ပညာတတ်များရှေ့တွင်ရပ်ထကြရလိမ့်မည်။ သမ္မာတရားကိုအပေါ်ယံလောက်သာ နားလည်ထားသူများမှာ နှုတ်ကပတ်တော်ကို ရှင်းလင်းစွာရှင်းပြနိုင်ကြမည်မဟုတ်သည့်ပြင် မိမိတို့၏ယုံကြည်ခြင်းအတွက်ခိုင်လုံသောအကြောင်းပြချက်များကိုလည်းပေးနိုင်ကြလိမ့်မည်မဟုတ်ချေ။ သူတို့သည်စိတ်နှလုံးရှုပ်ထွေးလာကာ ရှက်ကြောက်ခြင်းနှင့်ကင်းလွတ်သည့်အမှုဆောင်များဖြစ်ကြလိမ့်မည်မဟုတ်ပါ။ တရားဟောခြင်းအမှုကိုမပြုလုပ်ရသဖြင့် ကျမ်းစာကိုလေ့လာဖို့မလိုပါဟု မထင်လိုက်ပါနှင့်၊ သင့်ထံမှမည်သည့်အရာကို ထာဝရဘုရားသခင်တောင်းဆိုမည်ကို သင်မသိပါတကား။ FE, p. 217 (1893).

**အလင်းတရားနှင့်ဆန့်ကျင်ကာ မြော်လင့်ခြင်း**
**အသင်းသားများစွာတို့ တင်းခံနေခြင်း**

မြော်လင့်ခြင်းအသင်းတော်များတွင် ဘုရားသခင်၏တန်ခိုးတော်များသည် အံ့သြစရာကောင်းအောင်ထင်ရှားနေသင့်သော်လည်း စိတ်နှိမ့်ချမှုကင်းပြီး အပြစ်ဝန်ချခြင်း၊ နောင်တရခြင်းများအားဖြင့်နှလုံးတံခါးကိုဖွင့်မထားသူများအပေါ်သို့ တန်ခိုးတော်ကျရောက်လိမ့်မည်မဟုတ်ချေ။ ကမ္ဘာကြီးအားဘုရားသခင်၏ဘုန်းတော်ဖြင့် ထွန်းလင်းတောက်ပစေမည့် ထိုတန်ခိုးတော်ထင်ရှားမှုတွင် အန္တရာယ်ရှိသောအရာဟု ၎င်းတို့ထင်နေသည့်အရာအချို့ကို

လည်းကောင်း၊ ၎င်းတို့၏ကြောက်စိတ်ကိုတိုးပွားစေသည့်အရာအချို့ကိုလည်း ကောင်း သူတို့မြင်တွေ့ကာ ထိုအရာများကိုဆန့်ကျင်ရန် အားတင်းကြပါလိမ့် မည်။ ၎င်းတို့၏အတွေးအခေါ်၊ ၎င်းတို့၏မျှော်လင့်ထားချက်နှင့်အညီ ထာဝရဘုရားသခင်ပြုတော်မမူသဖြင့် ထိုအမှုတော်ကိုသူတို့ဆန့်ကျင်ကြလိမ့် မည်။ "အမှုတော်ထဲမှာရောက်နေတာဒီလောက်ကြာနေပြီဖြစ်ရာ အဘယ် ကြောင့် ဝိညာဉ်တော်ကိုဒို့မသိရမှာလဲ" ဟုလည်း သူတို့ပြောဆိုတတ်ကြပါသည်။ RH Extra, Dec. 23 (1890).

တိုးတက်များပြားလာသော ဘုန်းတော်၌လျှောက်လှမ်းရန်ငြင်းဆန် နေသူများသည် ကောင်းကင်တမန်သုံးပါးသတင်းစကားကို နားလည်ကြလိမ့် မည်မဟုတ်ချေ။ ကမ္ဘာကြီးအား ဘုန်းရောင်ခြည်နှင့်ပြည့်ဝစေသောအလင်း ကိုလည်း အလင်းအတုကြီးဟုခေါ်ကြလိမ့်မည်။ RH, May 27 (1890).

## မြော်လင့်ခြင်းအသင်းသားမဟုတ်သူအများစုက ထိုသတိပေးစကားကိုငြင်းဆိုခြင်း

ထိုသတင်းစကားကိုကြားရသူများစွာတို့သည် အရေးပါသည့် သတိ ပေးစကားကို အလေးထားကြလိမ့်မည်မဟုတ်ချေ။ စာရိတ္တပိုင်းဆိုင်ရာစမ်း သပ်မှုတစ်ခုဖြစ်သည့် ဘုရားသခင်၏ပညတ်တော်များကို လူများစွာတို့က သစ္စာမစောင့်သည်ကိုတွေ့ရလိမ့်မည်။ ဘုရားသခင်၏ကျွန်များကို စိတ်အား ထက်သန်ကြသူများဟု ခေါ်ကြလိမ့်မည်။ ထိုသူတို့၏စကားကိုနားမထောင် ကြဖို့ တရားဟောဆရာများက သတိပေးကြလိမ့်မည်။ ဘုရားသခင်က နောဧ အား သတိပေးစကားပြောခိုင်းစဉ်ကလည်း ထိုသဘောထားမျိုးကိုနောဧတွေ့ ခဲ့ရပါသည်။ TM, p. 233 (1895).

ထိုသတိပေးစကားကို အချို့က အလေးထားနားထောင်ကြသော် လည်း လူအများစုကမူ ဂရုမထားဘဲနေကြလိမ့်မည်။ HP, p. 343 (1897).

ရေပန်းစားနေသောအသင်းတော်များကလည်း ရှေးခေတ်ဖါရိရှဲများ နည်းတူ၏ ၎င်းတို့၏အာဏာတန်ခိုးများကိုထိပါးလာသဖြင့် ထိုသတင်းစကားကို စာတန်ပြောသော သတင်းစကားအဖြစ်လက်မခံကြဘဲ ဟောပြောနေသူများ

အား နှိပ်စက်ညှဥ်းပန်းကာ ရန်ပြုကြဖို့၊ အပြစ်ဒုစရိုက်ကိုမြတ်နိုးသောလူအုပ်ကြီး အား ဆွပေးကြလိမ့်မည်။ GC, p. 607 (1911).

**ခေါ်တော်မူသံကိုတုံ့ပြန်မည့်လူထုကြီး**

ဘာသာရေးအဖွဲ့အစည်းအသီးသီးတွင် ကွဲလွင့်နေကြသည့် အသက် ဝိညာဥ်များသည် ထိုခေါ်တော်မူသံကို တုံ့ပြန်ခဲ့ကြပါသည်။ ၎င်းပြင် လောတ သည် ပျက်စီးတော့မည် သောဒုံမြို့ထဲမှထွက်လာခဲ့သကဲ့သို့ ထိုအဖိုးတန် အသက်ဝိညာဥ်များသည် အပြစ်ဒဏ်စီရင်ခြင်းခံရသောအသင်းတော်များမှ ထွက်ခွာခဲ့ကြပါသည်။ EW, p. 279 (1858).

နောက်ဆုံးသောစမ်းသပ်မှုတစ်လျှောက်လုံးတွင် ကျောက်ဆောင်ပမာ ခိုင်ခိုင်မာမာ ရပ်တည်ကြမည့် ယုံကြည်သူတစ်စုလည်းရှိပါလိမ့်ဦးမည်။ 3SM, p. 390 (1888).

လောကရာထူးများမှ စွန့်လွှတ်ထွက်ခွါလာသူများ၊ ရောမအသင်း တော်မှအစ အသင်းတော်များမှ ထွက်လာကြမည့်သူများ များစွာရှိပါသည်။ ၎င်းတို့သည် ထိုအချိန်အထိ သမ္မာတရားကိုဟောကြားနေသူများထက် အထူးစိတ်အားထက်သန်ကြသူများဖြစ်ကြသည်။ 3SM, pp. 386-387 (1889).

လူစုကြီးသည် ယုံကြည်ခြင်းရရှိလာကာ ဘုရားသခင်၏သားသ မီးများနှင့်လာရောက်ပူးပေါင်းကြလိမ့်မည်။ Ev, p. 700 (1895).

သိုးခြံလဲမှ လမ်းလွဲထွက်ခွါသွားခဲ့သူများစွာတို့သည်လည်း သိုးထိန်း ကြီးနောက်သို့ပြန်၍လိုက်ကြလိမ့်မည်။ 6T, p. 401 (1900).

ဘုရားတရားမသိသေးသည့် အာဖရိကတိုက်တွင်လည်းကောင်း၊ ဥရောပနှင့်တောင်အမေရိကမှ ကက်သလစ်ဘာသာဝင်နိုင်ငံများတွင် လည်းကောင်း၊ တရုတ်ပြည်၊ အိန္ဒိယပြည်နှင့်ပင်လယ်ထဲမှ ကျွန်းများအပါအဝင် ကမ္ဘာကြီး၏မှောင်မိုက်ကျနေသော အရပ်လေးမျက်နှာတို့တွင်လည်းကောင်း ဘုရားသခင့်အပေါ်ခိုင်မြဲတည်ကြည်သောသားသမီးများရှိနေပါသည်။ ထိုသူများ သည် ပညတ်တော်ကိုလိုက်လျှောက်ခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲပေးနိုင်သည့် တန်ခိုးတော်အကြောင်းကိုအယူလွဲနေသည့် ကမ္ဘာကြီး၌ ရှင်းလင်းစွာဖော်ပြလျက်

အမှောင်ခွင်း၍ အလင်းဆောင်ကြပါလိမ့်မည်။ ထိုသူများသည် ယခုအချိန်မှာပင် တိုင်းနိုင်ငံအသီးသီးတွင်ပေါ်ထွန်းနေလျက်ရှိကြပါသည်။ လူကြီး၊ လူငယ်၊ လူဆင်းရဲ၊ လူချမ်းသာ၊ သခင်နှင့်ကျွန်အားလုံးတို့အား မှားယွင်းသောဥပုသ်အပေါ်သစ္စာစောင့်ခြင်းမရှိလျှင် သေဒဏ်ပေးမည်ဟု ခြိမ်းခြောက်ကာ စာတန်ကြိုးပမ်းလုပ်ဆောင်လာမည့် အယူအမှားဆုံးသောအချိန်သို့ရောက်သော် အပြစ်အနာအဆာနှင့်ကင်းသော ထိုသစ္စာရှိတပည့်တော်များသည် ဤကမ္ဘာကြီးတွင် အလင်းတန်းများသဖွယ် ထွန်းတောက်လာကြလိမ့်မည်။ PK, pp. 188, 189 (1914).

**တစ်နေ့တစ်နေ့တွင် ထောင်နှင့်ချီသောလူတို့ ပြောင်းလဲလာခြင်း**

ထောင်ပေါင်းများစွာသောလူတို့သည် နောက်ဆုံးသောအချိန်ပိုင်းတွင် သမ္မာတရားကိုအသိအမှတ်ပြုလက်ခံလာကြလိမ့်မည်။ သမ္မာတရားကိုလက်ခံပြောင်းလဲလာခြင်းများသည် အလွန်မြန်ဆန်လွန်းသဖြင့် အသင်းတော်ကပင် အံ့အားသင့်ယူရလိမ့်မည်။ ထိုအချိန်တွင် ဘုရားသခင်၏နာမတော်သည် ချီးမွမ်းခြင်းခံရလိမ့်မည်။ 2SM, p. 16 (1890).

နောက်ဆုံးသောအချိန်ပိုင်းတွင် သမ္မာတရားနှင့်ဝိညာဉ်တော်၏လှုပ်ရှားမှုများကို တွေ့မြင်အသိအမှတ်ပြုလာကြသူများသည် နေ့စဉ်ထောင်နှင့်ချီ၍ပြောင်းလဲလာကြလိမ့်မည်။ EGW'88, p. 755 (1890).

တမန်တော်များ ဝိညာဉ်တော်ရရှိပြီးနောက် ပင်တေကုတ္တေပွဲနေ့တွင်ဖြစ်ပျက်ခဲ့သကဲ့သို့ တစ်နေ့ချင်းတွင် ထောင်နှင့်ချီသောလူတို့သည် ပြောင်းလဲလာကြလိမ့်မည်။ Ev, p. 692 (1905).

**စိတ်နှလုံးရိုးစင်းသူများသည် ကြာရှည်စွာမနှောင့်နှေးကြခြင်း**

လူကောင်းတော်တော်များများသည် မိမိတို့ရပ်တည်ရမည့်အနေအထားကို ယခုမတွေ့မြင်ကြသေးသော်လည်း ဤအရာများသည် ၎င်းတို့

၏အသက်တာကိုလွှမ်းမိုးထားလျက်ရှိပါသည်။ ထိုသတင်းစကားကိုကြားရသောအချိန်တွင် လက်ခံရန် သူတို့အဆင်သင့်ရှိနေကြလိမ့်မည်။ ကြာရှည်စွာဖင့်နွှဲ့နေကြလိမ့်မည်မဟုတ်ပါ။ မှားယွင်းသောအသင်းတော်များမှထွက်လာကာ မိမိတို့ရပ်တည်ရမည့်အနေအထားတွင်နေရာယူရပ်တည်ကြလိမ့်မည်။ Ev, pp. 300, 301 (1890).

ကမ္ဘာသူ၊ ကမ္ဘာသားများသည် နောက်ဆုံးသောစမ်းသပ်မှုကိုမကြာမီမှာပင် ခံကြရတော့ပါမည်။ ထိုအချိန်တွင် ချက်ချင်းဆုံးဖြတ်ချက်ချကြရလိမ့်မည်။ နှုတ်ကပတ်တော်၏တင်ပြချက်များအပေါ် သဘောပေါက်နားလည်ထားသူများသည် ခရစ်တော်၏သွေးစွန်းနေသောအလံတော်အောက်တွင်နေရာယူကြပါလိမ့်မည်။ 9T, p. 149 (1909).

ရိုးစင်းဖြောင့်မှန်သော လူတိုင်းသည် သမ္မာတရား၏အလင်း၌ခိုးလှုံကြလိမ့်မည်။ GC, p. 522 (1911).

ထိုသတင်းစကားသည် အတိုက်အခံပြုပြီး တင်ပြခြင်းကြောင့်ပျံ့နှံ့သွားသည်မဟုတ်ဘဲ ဝိညာဉ်တော်အားဖြင့်အမှားအမှန်ဝေဖန်နိုင်စေမှုကြောင့်ပျံ့နှံ့သွားခြင်းဖြစ်သည်။ အတိုက်အခံပြုကာ တင်ပြခြင်းအားဖြင့်မျိုးစေ့များကိုကြဲနိုင်ခဲ့ပြီး ယခုတွင်မူအပင်ပေါက်ကာ အသီးသီးနေကြပါလိမ့်မည်။ သာသနာပြုများဝေငှလိုက်သည့် စာပေများသည် ဖတ်ရှုသူများအပေါ်အတိုင်းအတာတစ်ခုအထိ ဩဇာလွှမ်းမိုးမှုရှိသည်မှာ မှန်သော်လည်း သမ္မာတရားကိုလုံးလုံးကြီးလက်ခံနိုင်ခြင်း သို့မဟုတ် သမ္မာတရားအတိုင်းနေထိုင်အသက်ရှင်ခြင်းများမဖြစ်နိုင်သေးချေ။ ယခုတွင်မူ သမ္မာတရားရောင်ခြည်တန်းများသည်နေရာအနှံ့သို့ထိုးဖောက်နေရာ ရှင်းလင်းစွာမြင်သာနေပြီဖြစ်သဖြင့် ရိုးစင်းသောနှလုံးသားရှိသူ၊ ဘုရားသခင်၏သားသမီးများသည် ၎င်းတို့အားချုပ်ကိုင်ထားသည့်အနှောင့်အဖွဲ့များကိုဖြတ်တောက်ပစ်လိုက်ကြပါသည်။ မိသားစုဆက်နွှယ်မှုနှင့် အသင်းတော်ဆက်ဆံရေးများသည် ယခုတွင် ၎င်းတို့ကိုတားဆီးမထားနိုင်တော့ချေ။ အရာခပ်သိမ်းတို့ထက် သမ္မာတရားသည်အဖိုးထိုက်တန်နေလေရာ

အဖွဲ့အစည်းများကပူးပေါင်း၍ သမ္မာတရားကိုဆန့်ကျင်နေသည့်ကြားမှ များစွာသောလူထုကြီးသည် ခရစ်တော်ဘက်တွင်ရပ်ထလာကြပါသည်။ GC, p. 612 (1911).

## ပုံနှိပ်ထုတ်ဝေသည့်စာပေများ၏ ဩဇာသက်ရောက်မှု

မကြာမြင့်မီအချိန်တွင် တစ်နေ့တစ်နေ့လျှင် လူတစ်ထောင်ကျော ခရစ်တော်ကိုလက်ခံယုံကြည်လာလိမ့်မည်။ ထိုပုဂ္ဂိုလ်များမှ အများစုသည် အသင်းတော်မှထုတ်ဝေသည့် ဓမ္မစာပေများကြောင့် အမှန်တရားကိုတွေ့ရှိလာခြင်းဖြစ်သည်။ Ev, p. 693 (1885).

The Great Controversy (မဟာတိုက်လှန်ပွဲကြီး)ဟု အမည်ရသည့် စာအုပ်ကို ပုံနှိပ်ထုတ်ဝေလိုက်ခြင်းဖြင့်ရရှိလာသည့်အကျိုးကျေးဇူးကို ယခုလော လောဆယ်တွေ့ရှိချက်များအပေါ် အခြေပြုပြီးဆုံးဖြတ်လို့မရပါ။ ထိုစာအုပ်ကိုဖတ်ပြီး ဝိညာဉ်ရေးနိုးကြားလာကာ ဘုရားသခင်၏ပညတ်တော်စောင့်သူများနှင့်ပူးပေါင်းဖို့သတ္တိရှိလာကြလိမ့်မည်။ သို့သော်ထိုစာအုပ်ကိုဖတ်ရှုသူထဲမှ အများစုသည် စာအုပ်ထဲတွင်ကြိုတင်ဖွင့်ဆိုထားသည့် အရာများဖြစ်ပျက်လာသည့် အချိန်မတိုင်မီ မိမိတို့ရှိသင့်သည့်အနေအထားတွင် ရှိကြလိမ့်ဦးမည်မဟုတ်ချေ။ အချို့အနာဂတ္တိစကားများပြည့်စုံခြင်းကြောင့် ယုံကြည်ခြင်းခွန်အားများကိုတိုးပွားစေကာ အမှုတော်အဆုံးပိုင်းကလေးတွင် ဤကမ္ဘာကြီးသည် ဘုရားသခင်၏ဘုန်းတော်နှင့်ထွန်းလင်းနေသောအချိန်တွင် လူပေါင်းမြောက်မြားစွာတို့သည် ပညတ်တော်တည်ဆောက်သူများနှင့်အတူနေရာယူရပ်တည်ကြပါလိမ့်မည်။ CM, pp. 128, 129 (1890).

ဘုန်းတန်ခိုးတော်ဖြင့် ကောင်းကင်မှဆင်းလားပြီး ဤကမ္ဘာကြီးအား ဘုန်းရောင်ခြည်တော်နှင့်ထွန်းတောက်စေသည့် ကောင်းကင်တမန်၏အလုပ်အများစုကို ကျွန်ုပ်တို့၏ စာပုံနှိပ်တိုက်များအားဖြင့် ပြီးမြောက်စေနိုင်ပါသည်။ 7T, p. 140 (1902).

–o–

## အခန်း (၁၅)
# ဘုရားသခင်၏တံဆိပ်နှင့် သားရဲ၏တံဆိပ်
### လူနှစ်မျိုးနှစ်စားသာရှိခြင်း

လူသားများတွင်လူနှစ်မျိုးနှစ်စားသာရှိပါသည်။ ၎င်းတို့၌ထင်ရှားသောအမှတ်အသားတစ်ခုစီရှိကြသည်။ တစ်ဖွဲ့တွင်အသက်ရှင်လျက်ရှိသောထာဝရဘုရားသခင်၏တံဆိပ်အမှတ်အသားရှိပြီး ကျန်တစ်ဖွဲ့တွင်မူ သားရဲ၏တံဆိပ်ရှိပါသည်။ RH, Jan. 30 (1906).

ခရစ်ယာန်လောကတစ်ခုလုံးသည် ယုံကြည်ခြင်းနှင့်မယုံကြည်ခြင်းအကြားဖြစ်ပွားနေသောတိုက်လှန်ပွဲတွင် ပါဝင်ပတ်သက်နေကြလိမ့်မည်။ လူအပေါင်းတို့သည် တစ်ဘက်ဘက်တွင်ရပ်တည်ကြရမည်။ အချို့မှာမူမည်သည့်ဘက်၌မျှထင်ထင်ရှားရှားမရပ်တည်ဘဲ နေကြပါသည်။ ထိုသူတို့သည် သမ္မာတရားကိုဆန့်ကျင်သူများဘက်တွင် မရပ်ထကြသော်လည်း ဥစ္စာစည်းစိမ် ဆုံးရှုံးမည်ကိုစိုးရိမ်သောကြောင့်လည်းကောင်း၊ အပြောအဆိုခံရမည်ကိုကြောက်၍လည်းကောင်း ခရစ်တော်အတွက်ရဲရဲဝံ့ဝံ့ မရပ်ထရဲကြချေ။ ထိုသူအပေါင်းတို့သည် ခရစ်တော်၏ရန်သူများစာရင်းတွင် ရေတွက်ခြင်းခံကြရမည်။ RH, Reb. 7 (1893).

ကပ်ကာလအဆုံးသို့ရောက်ရှိလာသည်နှင့်အမျှ အလင်း၏သားသမီးများနှင့်အမှောင်၏သားသမီးများအကြားရှိ နယ်နိမိတ်ကိုပို၍ထင်ရှားအောင်လုပ်ဆောင်ရလိမ့်မည်။ ဤနှစ်ဖွဲ့သည် ပို၍ပို၍ကွဲပြားခြားနားလာကြလိမ့်မည်။ ဤခြားနားမှုအတွက် “အသစ်တစ်ဖန်မွေးဖွားခြင်း” ဟူသောစကားလုံးကိုအသုံးပြုကာ ခရစ်တော်ဖွင့်ဆိုထားပါသည်။ လောကီရေးရာ၌ သေပြီးဘုရားသခင်၌အသက်ရှင်ခြင်းတည်းဟူသော ခရစ်တော်၌လူသစ်ဖြစ်ခြင်းကိုဆိုလိုပါသည်။ အထက်အရပ်ဆိုင်ရာများနှင့်အောက်အရပ်ဆိုင်ရာများကိုတံတိုင်းများဖြင့် ခြားနားထားကာ လောကကပိုင်ဆိုင်ထားသူများနှင့်

ဘုရားသခင်၏မျက်ဝန်းရှေ့တွင် တန်ဖိုးထားပြီး ရွေးချယ်ခြင်းခံထားရသူများ အကြား ခြားနားမှုကိုဖော်ပြထားပါသည်။ (Ph 155) 3 (1882).

မိုသားစုဝင်များအကြားအကွဲပြားမှုဖြစ်ခြင်း

မိသားစုဝင်များ၊ အချင်းချင်းကွဲပြားကြလိမ့်မည်။ "ထိုသူတို့သည် ငါစီရင်သောနေ့၌ ငါပိုင်ထိုက်သောဘဏ္ဍာတော်ဖြစ်ကြလိမ့်မည်။ အဖ၏အမှုကို ဆောင်သောသားကို အဖနှမြောသကဲ့သို့ ထိုသူတို့ကိုငါနှမြောမည်" ဟူ၍ ထိုဖြောင့်မတ်သူများကိုတံဆိပ်ခတ်မည်ဖြစ်သည်။ ဘုရားသခင်၏ပညတ်တော် ကိုစောင့်ထိန်းသူများသည် အလင်း၏သူတော်စင်များနှင့်ပေါင်းစည်းကာ မြို့ တော်ထဲသို့ဝင်စားပြီး အသက်ပင်၏အသီးကိုစားကြလိမ့်မည်။

ထိုသူ၏အမည်ကို အသက်စာစောင်တွင် မှတ်တမ်းတင်မည်ဖြစ် သော်လည်း ၎င်းနှင့်အတူတစ်အိမ်တည်းတွင်ကြီးပြင်းလာသူအချို့မှာမူ ဘုရားသခင်နှင့်ထာဝရကွေကွင်းရမည့် တံဆိပ်ကိုရရှိကြလိမ့်မည်။ TM, pp. 234, 235 (1895).

**ရရှိထားသည့် အလင်းအတိုင်း တရားစီရင်မှုခံရခြင်း**

ကျွန်ုပ်တို့ကဲ့သို့အလင်းတရားကိုမရရှိဖူးသောပုဂ္ဂိုလ်များစွာတို့သည် ကြီးမားသောအလင်းတရားကိုရရှိသော်လည်း ရသည့်အလင်းအတိုင်း နေထိုင်အသက်ရှင်ခြင်းမရှိသူများအလျင် ကောင်းကင်နိုင်ငံတော်သို့ဝင်စားကြ လိမ့်မည်။ လူအပေါင်းတို့သည် မိမိတို့ရရှိထားသည့်အလင်းတရားနှင့်အညီ တရားစီရင်ခြင်းကိုခံကြရလိမ့်မည်။ Letter, p. 36 (1895).

ကမ္ဘာအနံ့သို့သတိပေးစကားရောက်ရှိသွားမည့်အချိန်အထိ၊ လုံလောက်သောအလင်းတရားနှင့် အထောက်အထားများကိုလူအသီးသီးတို့ အားပေးပြီးသည့်အထိ ကျွန်ုပ်တို့အားလုံးစောင့်ဆိုင်းနေကြရလိမ့်မည်။ အချို့ မှာ အခြားသူများထက်နည်းသောအလင်းကိုရရှိကြသည်မှာမှန်သော်လည်း လူအသီးသီးတို့သည် မိမိတို့ရရှိသည့်အလင်းတရားနှင့်အညီ တရားစီရင်ခြင်းခံ ကြရလိမ့်မည်။ Ms, pp. 77 (1899).

ဘုရားသခင်၏ပညတ်တော်နှင့်စပ်ဆိုင်သည့်အလင်းတရားကို ကျွန်ုပ်တို့အား များစွာပေးထားတော်မူပြီးဖြစ်သည်။ ဤပညတ်တော်သည် စာရိတ္တ၏စံတစ်ခုဖြစ်သည်။ လူတို့သည် ယခုတွင် ထိုပညတ်တော်နှင့်အညီ အသက်ရှင်နေထိုင်ကြရမည်ဖြစ်ရုံသာမက နောက်ဆုံးသောနေ့ကြီးတွင် ထိုပညတ်တော်အားဖြင့်တရားစီရင်ခြင်းခံကြရလိမ့်မည်။ ထိုနေ့တွင် လူတို့သည် မိမိတို့ရရှိထားသည့် အလင်းနှင့်အညီစီရင်ခြင်းခံကြရလိမ့်မည်။ RH Jan. 1 (1901).

ကြီးမားသောအလင်းတရားကိုရရှိပြီး ထိုအလင်းတရားအတိုင်းနေထိုက်အသက်ရှင်ခြင်းမရှိခဲ့သူသည် အလင်းတရားလုံးဝမရခဲ့သူများထက်ပို၍ဆိုးရွားသောအခြေအနေတွင်ရပ်တည်နေပါသည်။ ထိုသူများသည် ဘုရားသခင်ကိုချီးမြှောက်သည်ထက် မိမိကိုယ်ကိုသာ၍ချီးမြှောက်တတ်ကြသည်။ လူသားများသည် ဘုရားသခင်အပေါ်စော်ကားရှုပ်ချသည့်အတိုင်းအကာနှင့်အညီ ပြစ်ဒဏ်စီရင်ခြင်းကိုခံကြလိမ့်မည်။ ရှုယြ စ. ၁၆၈ (၁၉၀၁).

လူအသီးသီးတို့သည် အသိပညာရှိရှိဖြင့်ဆုံးဖြတ်ချက်ချနိုင်ရန်လုံလောက်သောအလင်းတရားကိုရရှိရပါမည်။ GC, p. 605 (1911).

## ရည်ရွယ်၍လုပ်ဆောင်သောအမှားများအတွက် ဆင်ခြေမရှိခြင်း

တစ်ကြိမ်တစ်ခါမျှ ကြားဖူးနားဝမရှိသည့် တရားတော်ကိုလိုက်လျှောက်ခြင်းမရှိသည့်အတွက် လူတို့သည်ပြစ်ဒဏ်စီရင်ခြင်းကိုခံရမည်မဟုတ်ဘဲ ခရစ်တော်၏စေတမန်များက တင်ဆက်သည့်သမ္မာတရားကို လိုက်လျှောက်ရန်ငြင်းဆန်သည့်အတွက်ကြောင့် ပြစ်ဒဏ်ပေးခြင်းခံရမည်ဖြစ်သည်။ အကြောင်းမှာသူတို့သည် လောကစံနှုန်းများနှင့်အညီ နေထိုင်စားသောက်လိုကြသည်။ ၎င်းတို့နားလည်ထားသည့် သမ္မာတရားနှင့်ရရှိထားသော အလင်းတရားများက တရားစီရင်ရာကာလတွင် ၎င်းတို့အားပြစ်ဒဏ်ချမှတ်လိမ့်မည်။ 5BC, p. 1145 (1884).

မိမိတို့မကြားသိရလျှင် မိမိတို့၌တာဝန်မရှိဟုအထင်ရောက်ကာ သမ္မာတရားကို ကြားသိနားလည်ဖို့မကြိုးစားခဲ့သည့် သမ္မာတရားကို နာကြားခွင့်ရရှိခဲ့သူများသည် သမ္မာတရားကိုကြားသိရသော်လည်း ငြင်းပယ်ခဲ့သူများကဲ့သို့အပြစ်ရှိသည်ဟု တရားစီရင်ခြင်းခံရလိမ့်မည်။ သမ္မာတရားကိုနားလည်သဘောပေါက်နိုင်ပါလျက်နှင့်အမှားလမ်းကိုရွေးချယ်သူများအတွက် ဆင်ခြေပေးခွင့်ရှိလိမ့်မည်မဟုတ်ချေ။ ပညာမဲ့များကျူးလွန်သည့်အပြစ်အားလုံးအတွက် သေခြင်းအားဖြင့် ယေရှုရှင်ပေးဆပ်ခဲ့ပြီးဖြစ်သော်လည်း သိလျက်နှင့်ကြိုးစားပြီးအပြစ်ကျူးလွန်သူများအတွက် မည်သည့်ပေးဆပ်မှုကိုမျှ ပြုတော်မမူခဲ့ပါ။

ကျွန်ုပ်တို့မသိနားမလည်သော အလင်းတရားအတွက် ကျွန်ုပ်တို့၌ တာဝန်မရှိပါ။ သို့သော် ကျွန်ုပ်တို့ဆန့်ကျင်ငြင်းပယ်ခဲ့သည့် သမ္မာတရားအတွက်မူ လုံးဝတာဝန်ရှိနေပါသည်။ မိမိအားပြောမပြသည့် အမှန်တရားကို သိရှိနားလည်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့မသိသောတရားတော်အတွက် ကျွန်ုပ်တို့ကိုပြစ်ဒဏ်စီရင်မည်မဟုတ်ပါ။ 5BC, p. 1145 (1893).

လက်တွေ့ကျသောစေတနာရှိမှုများ၏ အရေးပါပုံ

နောက်ဆုံးသောနေ့ရက်များ၏ ဆုံးဖြတ်ချက်များသည် ကျွန်ုပ်တို့၏ လက်တွေ့ကျသောစေတနာရှိမှုများအပေါ်တွင်မူတည်နေပါသည်။ သူတစ်ပါးအကျိုးပြုလုပ်ဆောင်ပေးသည့် လုပ်ဆောင်မှုတိုင်းကို မိမိကိုယ်တော်တိုင်အားပြုစုသကဲ့သို့ ခရစ်တော်အသိအမှတ်ပြုပါသည်။ TM, p. 399 (1896).

လူမျိုးအပေါင်းတို့သည် ကိုယ်တော်ရှင်ရှေ့တော်တွင်စုရုံးကြသောအချိန်တွင်အဖွဲ့နှစ်ဖွဲ့သာရှိပါလိမ့်မည်။ ကိုယ်တော်ရှင်ကိုကိုယ်စားပြုနေသည့် ဆင်းရဲသားများနှင့်ဒုက္ခသည်များအပေါ် ၎င်းတို့ပြုမူလုပ်ဆောင်မှုများသည် ၎င်းတို့၏ ထာဝရကံကြမ္မာကိုအဆုံးအဖြတ်ပေးလိမ့်မည်။

တစ်ပါးအမျိုးသားများထဲမှ အချို့ပုဂ္ဂိုလ်များသည် မည်သည့်လူသားကမျှ ၎င်းတို့ထံသို့အလင်းတရားယူဆောင်လာခြင်းမရှိသော်လည်း

ထာဝရဘုရားသခင်ကို ကိုးကွယ်နေကြပါသည်။ ထိုသူများသည် ပျက်စီးခြင်းသို့ မရောက်ပါ။ သူတို့သည် ဘုရားသခင်၏ပညတ်တော်များကို သိကျွမ်းခြင်းမရှိကြသော်လည်း သဘာဝတရားတွင် ဖွင့်ဆိုနေသည့် ကိုယ်တော်၏အသံကို သူတို့ကြားကာ ပညတ်တော်၏တောင်းဆိုချက်များကိုဖြည့်ဆည်းပေးကြသည်။ သူတို့၏နှလုံးသားကို သန့်ရှင်းသောဝိညာဉ်တော် ထိတွေ့နေကြောင်းကို ၎င်းတို့၏အကျင့်က သက်သေပြနေရာ ဘုရားသခင်၏သားသမီးများအဖြစ် သူတို့အသိအမှတ်အပြုခံကြရသည်။

"ငါ့ညီအစ်ကိုတို့တွင် အငယ်ဆုံးသောသူတစ်ယောက်အား ပြုကြသမျှတို့ကို ငါ့အားပြုကြပြီ" ဟု ခရစ်တော်၏ပါးစပ်မှပြောဆိုသံကိုကြားရလျှင် နိုင်ငံအသီးသီးရှိတစ်ပါးအမျိုးသားများအလယ်တွင်နုံချာသောအသက်တာဖြင့် အသက်ရှင်နေရသူတစ်ဦးမှာ မည်မျှအံ့သြဝမ်းသာသွားလိမ့်မည်နည်း။ ကိုယ်တော်ရှင်၏မိန့်တော်မူသံကိုအံ့သြဝမ်းမြောက်စွာမော့ကြည့်ဝမ်းသာနေစဉ်တွင် မဟာမေတ္တာတော်ရှင်ဘုရားသခင်သည်လည်း ဝမ်းသာပီတိဖြစ်နေတော်မူလိမ့်မည်။ DR, pp. 637-638 (1898).

### စိတ်ထားရင်းသည် အကျင့်စာရိတ္တကို အပြုအမူဖြစ်စေခြင်း

မိမိတို့ပြုလုပ်ခဲ့သောကောင်းမှုကုသိုလ်အဖြာဖြာကို ထောက်ထားကာ ပြစ်ဒဏ်စီရင်ရန် အချို့က တရားစီရင်ရာကာလတွင် တောင်းဆိုကြလိမ့်မည်။ လူငယ်တွေ့ကိုကျွန်တော်လုပ်ငန်းတွေတည်ထောင်ပေးခဲ့တာပဲ၊ ဆေးရုံတွေတည်ဆောက်ဖို့ ကျွန်ုပ်ငွေကြေးထောက်ပံ့ခဲ့တာပဲ၊ မုဆိုးမတွေကို လိုအပ်ချက်အားလုံး ကျွန်တော်ဖြည့်ဆည်းရုံသာမက ဆင်းရဲသားတွေကိုလည်း အိမ်မှာခေါ်ထားခဲ့တာပဲဟု ထိုသူတို့က ပြောကြလိမ့်မည်။ ၎င်တို့ပြောသည်မှာ မှန်သော်လည်း ၎င်းတို့၏စိတ်ရင်းစေတနာမှာ အတ္တနှင့်ညစ်ညမ်းနေခဲ့ရာ ထာဝရဘုရားသခင်မျက်မှောက်တွင်လက်ခံနိုင်သောအရာတစ်ခုမဟုတ်ပါချေ။ Ms, p. 53 (1906).

သိက္ခာကျဆင်းခြင်း သို့မဟုတ် သိက္ခာမြင့်တက်ခြင်းကိုဖြစ်စေသည့် အပြုအမူများကိုအကျင့်စာရိတ္တဖြစ်ပွားစေသည့်အရာမှာ ကျွန်ုပ်တို့၌ရှိသော စိတ်ထားရင်းပင်ဖြစ်သည်။ DA, p. 615 (1898).

**ဘုရားသခင်၏တံဆိပ်တော်ကား**

ဘုရားသခင်၏တံဆိပ်ကို လူတို့၏နဖူး၌ခတ်ပြီးသည်နှင့်တစ်ပြိုင်နက် ဆန်ကာချမည့်အချိန်အတွက် ဘုရားသခင်၏လူတို့ကိုပြင်ဆင်ပြီးသည်နှင့် တစ်ပြိုင်နက် ထိုအရာသည်ဖြစ်ပျက်လိမ့်မည်။ အမှန်မှာ ထိုအရာသည်ဖြစ်ပျက် စပြုနေချေပြီ။ 4BC, p. 1161 (1902).

ဘုရားသခင်၏ဥပုသ်တော်နေ့ကိုအသိစိတ်ဖြင့်စောင့်ရှောက်နေသူများအား အသက်ရှင်တော်မူသောဘုရားသခင်၏တံဆိပ်ဖြင့်ခတ်တော်မူလိမ့်မည်။ 7BC, p. 980 (1897).

နဖူး၌ဘုရားသခင်၏တံဆိပ်ခတ်ခြင်းခံရသူအပေါင်းသည် စတုတ္ထ ပညတ်တော်တွင်ပါရှိသော ဥပုသ်တော်နေ့ကိုစောင့်ရှောက်ကြလိမ့်မည်။ 7BC, p. 970 (1899).

ဥပုသ်တော်နေ့ကို အမှန်တကယ်စောင့်ရှောက်ခြင်းအရာသည် ဘုရား သခင်အပေါ်သစ္စာစောင့်သိခြင်း၏ အထိမ်းအမှတ်တစ်ခုဖြစ်သည်။ 7BC, p. 981 (1899).

ပညတ်တော်ဆယ်ပါးအနက် စတုတ္ထပညတ်တစ်ခုတည်း၌သာ ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းသည့်ဖန်ဆင်းရှင်၏တံဆိပ်တော်ပါရှိသည်။ 6T, p. 350 (1900).

ဧဒင်ဥယျာဉ်ထဲ၌ အစပြုခဲ့သည့် သတ္တမနေ့ဥပုသ်တည်းဟူသော ကိုယ်တော်ရှင်၏ ဖန်ဆင်းခြင်းကို သတိရအောင်မေ့ဖွယ်ဖြစ်သော ဥပုသ် ကိုတည်ဆောက်ခြင်းသည် ဘုရားသခင်အပေါ်သစ္စာရှိမှုအတွက် စမ်းသပ်ချက် တစ်ခုဖြစ်သည်။ Letter, p. 94 (1900).

ဖျက်ဆီးခြင်းဘေးမှ ကင်းလွတ်အံ့သောငှါ ဟေဗြဲလူတို့၏နေအိမ်တံခါး၌ အမှတ်အသားတစ်ခုပြုလုပ်ခဲ့သည့်နည်းတူ ဘုရားသခင်၏လူတို့၌လည်း အမှတ်အသားတစ်ခုပြုလုပ်ထားပါသည်။ "ငါထာဝရဘုရားသည် သူတို့ကိုသန့်ရှင်းစေသည်ဟု သူတို့သည်သိမည်အကြောင်း ငါနှင့်သူတို့စပ်ကြားမှာ လက္ခဏာသက်သေဖြစ်စေခြင်းငှါ ငါ၏ဥပုသ်နေ့တို့ကိုငါခန့်ထား၏" ဟု ထာဝရဘုရားမိန့်တော်မူ၏။ (ယေဇကျေ ၂၀း၁၂)။ 7BC, p. 969 (1900).

စာရိတ္တတွင်ခရစ်တော်နှင့်တူခြင်း

အကျင့်စာရိတ္တတွင် ခရစ်တော်နှင့်တူသူများကိုသာ ဘုရားသခင်၏တံဆိပ်ကိုခတ်ပေးတော်မူမည်ဖြစ်သည်။ 7BC, p. 970 (1895).

ဘုရားသခင်၏တံဆိပ်ရရှိထားသူများနှင့်ဒုက္ခဆင်းရဲခြင်းကာလတွင် ကာကွယ်ခြင်းခံရသူများသည် ခရစ်တော်၏ရုပ်လုံးကိုလုံးလုံးဖေါ်ပြကြရမည်။ EW, p. 71 (1851).

ညစ်ညမ်းသောအမျိုးသား၊ အမျိုးသမီးများ၏နဖူး၌လည်းကောင်း၊ အောင်မြင်ကျော်ကြားမှုကိုတပ်မက်လွန်းသည့်စိတ်ထားရှိသောအမျိုးသမီး၊ အမျိုးသားများ၏နဖူးတွင်လည်းကောင်း၊ ဘုရားသခင်၏တံဆိပ်ကိုမည်သည့်အခါမျှ ရိုက်နှိပ်လိမ့်မည်မဟုတ်ပါ။ စဉ်းလဲသောစကားကိုပြောတတ်သူများ၏နဖူး၌လည်း ရိုက်နှိပ်လိမ့်မည်မဟုတ်ပါ။ ထိုတံဆိပ်ကိုရရှိသူများသည် ဘုရားသခင့်ရှေ့တော်တွင်အပြစ်အနာအဆာကင်းစင်ကြရမည်။ ၅ယ စ. ၂၁၆ (၁၈၈၂)

မေတ္တာကို နားထောင်ခြင်းအားဖြင့်ဖေါ်ပြလေ့ရှိပြီး စုံလင်သောမေတ္တာသည်ကြောက်ရွံ့ခြင်းနှင့်ကင်းစင်၏။ ဘုရားသခင်ကိုချစ်သောသူများသည် နဖူးတွင် ဘုရားသခင်၏တံဆိပ်ရှိပြီး ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ကြသည်။ SD, p. 51 (1894).

နတ်ဆိုးနှင့်တကွ လောကအပေါ်တွင်လည်းကောင်း၊ ကိုယ်ကာလတပ်မက်မှုအပေါ်တွင်လည်းကောင်း အောင်ပွဲဆင်သူများသည် ဘုရားသခင်၏တံဆိပ်ကိုရရှိကြလိမ့်မည်။ TM, p. 445 (1886).

ခရစ်တော်၌ရှိသောအမျိုးသား၊အမျိုးသမီးများ၏ရုပ်လုံးကိုပေါ်လွင်လာစေသည်အထိ ဘုရားသခင်ပေးအစွမ်းသတ္တိများကိုအသုံးပြုကာ ကျွန်ုပ်တို့ကြိုးစားနေပါသလား။ ခရစ်တော်၏စုံလင်သောစာရိတ္တမျိုးရဖို့ ကြိုးစားလျက်တစ်ဆင့်ပြီးတစ်ဆင့်မြင့်မားလာသည့် စာရိတ္တမျိုးကို တည်ဆောက်လျက်ပြောစရာမရှိအောင်ပြည့်စုံသည့်အခြေအနေသို့ရောက်အောင် ကျွန်ုပ်တို့လုံးပန်းနေကြပါသလား၊ ထိုအခြေအနေမျိုးတွင် ကျွန်ုပ်တို့ရပ်တည်နေပြီဆိုလျှင်နဖူးတွင်ဘုရားသခင်၏တံဆိပ်ကိုခတ်တော်မူလိမ့်မည်။ မှတ်တမ်းတင်ကောင်းကင်တမန်ကလည်း 'အမှုပြီးပြီ' ဟု ကြေညာလိမ့်မည်။ ဖန်ဆင်းခြင်းနှင့်ကယ်တင်ခြင်းနှစ်မျိုးစလုံးအားဖြင့်ပိုင်ဆိုင်ခြင်းခံရသော ကျွန်ုပ်တို့သည်ကိုယ်တော်ရှင်၌ စုံလင်ခြင်းသို့ရောက်ကြလိမ့်မည်။ 3SM, p. 427 (1899).

**ယခုပင်တံဆိပ်ခတ်နေခြင်း**

သန့်ရှင်းရာဌာနတော်တွင် ခရစ်တော်လုပ်ဆောင်နေသောကြားဖျန်ဖြေရေးအမှုတော်လုပ်ငန်းပြီးဆုံးကာ အသန့်ရှင်းဆုံးဌာနတော်သို့ကူးမသွားမီတိုင်အောင် ဥပုသ်နေ့အပေါ် ယခုပြုလုပ်နေသောစမ်းသပ်မှုမှာထွက်ပေါ်လာနိုင်မည်မဟုတ်သည်ကို ကျွန်ုပ်မြင်တွေ့ခဲ့ပါသည်။ ထိုကြောင့် ၁၈၄၄ ခုနှစ်၊ ဇူလိုင်လ ညဥ့်သန်းခေါင်အော်သံပြီးဆုံးသောအချိန်ဖြစ်သောအသန့်ရှင်းဆုံး ဌာနတော်တံခါးကိုဖွင့်လိုက်သည့်အချိန်မတိုင်မီ သေဆုံးသွားသောခရစ်ယာန်များနှင့် တစ်ချိန်က သတ္တမနေ့ဥပုသ်ကိုမစောင့်ခဲ့သူများသည် ယခုတွင်မူ မျှော်လင့်ခြင်းဖြင့် သင်္ချိုင်းတွင်း၌ အိပ်စက်နေကြပါသည်။ အကြောင်းမှာ အသန့်ရှင်းဆုံးဌာနတော်တံခါးဖွင့်လိုက်ကတည်းကကျွန်ုပ်တို့ရရှိထားသည့် အလင်းတရားနှင့်ဥပုသ်နေ့ဆိုင်ရာစမ်းသပ်မှုကိုထိုသူတို့မရရှိခဲ့ဖူးကြချေ။ စာတန်သည် ဤအချက်အပေါ်တွင် အချို့ယုံကြည်သူများကို စုံစမ်းနှောင့်ရှက်နေကြောင်း ကျွန်ုပ်တွေ့ခဲ့သည။ အကြောင်းမှာကောင်းသောခရစ်ယာန်များစွာတို့မှာ ယုံကြည်ခြင်းတွင်အားကောင်းသော်လည်း စစ်မှန်သောဥပုသ်ကိုမစောင့်လိုက်ရဘဲ သေဆုံးသွားခဲ့ကြသည်။

ထိုအရာများသည် ယနေ့အသက်ရှင်နေထိုင်လျက်ရှိသော ကျွန်ုပ်တို့အတွက် သံသယဖြစ်စရာ စမ်းသပ်မှုတစ်ခုဖြစ်နေပါသည်။ EW, pp. 42, 43 (1851).

မစ္စက်ဟက်စတင်းစ် သည် တံဆိပ်ခတ်ခြင်းကိုခံရကာ ဘုရားသခင်၏အသံတော်ကိုကြားသောအချိန်တွင် ရှင်ပြန်ထမြောက်ပြီး ဤကမ္ဘာမြေပေါ်တွင်ရပ်ထလျက် (၁၄၄၀၀၀)တို့တွင် အပါအဝင်ဖြစ်လိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်တွေ့မြင်ခဲ့သည်။ ထို့ကြောင့်သူမအတွက် လွမ်းဆွတ်ပူဆွေးနေစရာမလိုချေ။ သူမသည် ဒုက္ခဆင်းရဲခြင်းကာလတွင် ငြိမ်သက်စွာနားနေလျက်ရှိလိမ့်မည်။ 2SM, p. 263 (1850).

အသက်(၉၀)နှစ်ရှိသော အဘိုးကြီးအဘွားကြီးများသည် ဤကမ္ဘာတွင် အသက်ရှင်နေထိုင်လျက်ရှိသည်။ သဘာဝ၏ရလဒ်ကြောင့် ၎င်းတို့သည်အားအင်ချည့်နဲ့နေကြသော်လည်း ထိုသူများသည် ဘုရားသခင်ကိုချစ်ကြသဖြင့် ထာဝရဘုရားသခင်ကလည်း ၎င်းတို့အားချစ်တော်မူသည်။ ဘုရားသခင်၏ တံဆိပ်တော်သည် ၎င်းတို့၌ရိုက်ခတ်ထားပြီးဖြစ်ရာ "သခင်ဘုရား၌သေလွန်သောသူတို့သည် မင်္ဂလာရှိကြ၏" ဟု ခရစ်တော်မိန့်ဆိုခြင်းခံရသူများတွင် ထိုသူတို့ပါဝင်လိမ့်မည်။ 7BC, p. 982 (1899).

## ကျွန်ုပ်တို့၌ ဘုရားသခင်၏တံဆိပ်ခတ်ရန် အလို့ငှါ

ဘုရားသခင်၏သားသမီးဖြစ်သူများကို ခဏအကြာတွင်တံဆိပ်ခတ်တော်မူလိမ့်မည်။ နဖူးတွင်တံဆိပ်တော်ခတ်နိုင်စေရန်အလို့ငှါ မည်သို့လုပ်ဆောင်ကြရမည်နည်း။ ဘုရားသခင်၏တံဆိပ်ကိုလူသားများ၏နဖူး၌ခတ်ပေးရန် ထွက်ခွာသွားသည့်ကောင်းကင်တမန် ကျော်သွားမည်ကို မည်သူခံရပ်နိုင်မည်နည်း။ 7BC, pp. 969, 970 (1889).

သမ္မာတရား၌ ယုံကြည်သူများသည် ငြိမ်းချမ်းသာယာနေသော ဤအချိန်မျိုးမှာ ယုံကြည်ခြင်းအားဖြင့် မိမိကိုယ်ကိုမခိုင်ခံ့စေကြလျှင် သားရဲ၏ရုပ်တုနှင့်တံဆိပ်ကိုနဖူး၌ဖြစ်စေ၊ လက်၌ဖြစ်စေမခံယူသူ၊ မကိုးကွယ်သူများအား အရေးယူမည့်အမိန့်များထွက်လာမည့် စမ်းသပ်ရာကာလကြီးတွင် မည်သည့်အရာက ၎င်းတို့ကိုထောက်မထားလိမ့်မည်နည်း။ ဤအချိန်ကိုရောက်ရှိဖို့မပေး

တော့ပြီ။ ဘုရားသခင်၏သားသမီးများသည် အားနည်းလျော့ရဲနေကြမည့် အစားဒုက္ခဆင်းရဲခြင်းကာလကိုရင်ဆိုင်ရန် ခွန်အားနှင့်ရဲရင့်စိတ်များကိုမွေးမြူထားသင့်ကြပါသည်။ 4T, p. 251 (1876).

**သားရဲ၏တံဆိပ်ဆိုသည်မှာ**

သားရဲ၏ရုပ်တုကိုကိုးကွယ်၍ တနင်္ဂနွေဥပုသ်ကိုစောင့်သူများနှင့်မတူခြားနားသည့် လူတစ်စုကိုကြည့်ရန် ရှင်ယောဟန် ဆင့်ဆိုခြင်းခံခဲ့ရသည်။ တနင်္ဂနွေ ဥပုသ်စောင့်ခြင်းသည် သားရဲ၏တံဆိပ်ဖြစ်သည်။ TM, p. 133 (1898).

သားရဲ၏တံဆိပ်သည် ပုပ်ရဟန်းမင်းကြီးနှင့်စပ်ဆိုင်သော ဥပုသ်နေ့ဖြစ်သည်။ Ev, p. 234 (1899).

စမ်းသပ်မှုကာလသို့ရောက်လာသောအချိန်တွင် သားရဲ၏တံဆိပ်သည် မည်သည့်အရာဖြစ်သည်ကို ထင်ရှားစွာဖော်ပြလိမ့်မည်။ ထိုအရာမှာ တနင်္ဂနွေဥပုသ်စောင့်ခြင်းပင်ဖြစ်ပါသည်။ 7BC, p. 980 (1900).

ဘုရားသခင်၏တံဆိပ်ကိုမူ ဖန်ဆင်းခြင်း၏အထိမ်းအမှတ်ဖြစ်သော သတ္တမနေ့ဥပုသ်စောင့်ထိန်းခြင်းတွင်ဖော်ပြထားပါသည်။ သားရဲ၏တံဆိပ်မှာ ထိုအရာနှင့်ဆန့်ကျင်ဘက်ဖြစ်သည့် တနင်္ဂနွေဥပုသ်စောင့်ခြင်းပင်ဖြစ်သည်။ 8T, p. 117 (1904).

အကြီးအငယ်ရှိသမျှတို့သည် လက်ယာလက်၌ဖြစ်စေ၊ နဖူး၌ဖြစ်စေ တံဆိပ်လက်မှတ်ကိုခံစေခြင်းငှါ ထိုသားရဲသည်လုပ်ဆောင်လိမ့်မည်။ (ဗျာ ၁၃း၁၆)။ တနင်္ဂနွေနေ့တွင် လက်အားဖြင့်အလုပ်မလုပ်ရရုံသာမက ထိုနေ့ကိုဥပုသ်နေ့အဖြစ်စိတ်အားဖြင့်လည်း အသိအမှတ်ပြုကြရမည်ဖြစ်သည်။ Special Testimony to Battle Creek Church, (Ph 86) 6, 7 (1897).

သားရဲ၏တံဆိပ်ကိုလက်ခံရမည့်အချိန်

မည်သူတစ်ဦးတစ်ယောက်မျှသားရဲ၏တံဆိပ်ကို ယခုအချိန်တွင် လက်မခံရသေးပါ။ Ev, p. 234 (1899).

တနင်္ဂနွေဥပုသ်ကိုစောင့်ရမည်ဟု ဥပဒေမထုတ်ပြန်မီအချိန်တွင် တနင်္ဂနွေဥပုသ်စောင့်ခြင်းသည် သားရဲ၏တံဆိပ်မဟုတ်သေးပါချေ။ စမ်းသပ်မှုတစ်ခုဖြစ်သည့် ထိုအချိန်သည်ရောက်လာလိမ့်မည်။ သို့ရာတွင် ထိုအချိန်သည် ယခုတွင်ရောက်မလာသေးပါ။ 7BC, p. 977 (1899).

ဘုရားသခင်နှင့်လူသားများအကြား သစ္စာစောင့်သိမှုကိုစမ်းသပ်ရန်အတွက် ထာဝရဘုရားသခင်သည် လူတို့အား ဥပုသ်နေ့ကိုပေးထားတော်မူခဲ့ပါသည်။ ပညတ်တော်နှင့်ပတ်သက်သောအလင်းကိုရရှိထားသူများသည် ထိုပညတ်တော်ထက် လူ့ပညတ်များကိုခက်ခဲရာကာလတွင် မြှောက်စားနေကြလျှင် ထိုသူများသည်သားရဲ၏တံဆိပ်ကိုရရှိကြလိမ့်မည်။ Ev, p. 235 (1900).

သတ္တမနေ့ဥပုသ်သည် သမ္မာတရားနှင့်ပတ်သက်သည့်အထူးအငြင်းပွားနေသည့် အချက်တစ်ခုဖြစ်သောကြောင့် သစ္စာစောင့်သိမှုအတွက် စမ်းသပ်မှုတစ်ခုဖြစ်နေလိမ့်မည်။ နောက်ဆုံးသောစမ်းသပ်မှုကျရောက်လာသောအချိန်တွင် ဘုရားသခင်ကိုကိုးကွယ်သူနှင့်မကိုးကွယ်သူများအကြား ထင်ရှားသောအရာတစ်ခုပေါ်ထွက်လာလိမ့်မည်။

ပညတ်တော်နှင့်ဆန့်ကျင်သော်လည်း နိုင်ငံတော်ဥပဒေများနှင့်ညီညွတ်သော ဥပုသ်အတုကိုစောင့်ခြင်းသည် ဘုရားသခင်နှင့်ဆန့်ကျင်သောတန်ခိုးအာဏာတစ်ခုအပေါ်သစ္စာစောင့်သိကြောင်း ဝန်ခံချက်တစ်ခုဖြစ်နေစဉ်တွင် ပညတ်တော်နှင့်အညီ ဥပုသ်အစစ်ကိုစောင့်ခြင်းသည် ဖန်ဆင်းရှင်အပေါ် သစ္စာစောင့်သိခြင်း၏အထောက်အထားတစ်ခုဖြစ်သည်။ အဖွဲ့တစ်ဖွဲ့သည် လောကအာဏာတန်ခိုးများအပေါ်ဝန်ခံသည့် အထိမ်းအမှတ်တစ်ခုကို လက်ခံခြင်းအားဖြင့် သားရဲ၏တံဆိပ်ကို ရရှိနေစဉ်တွင် အခြားတစ်ဖွဲ့မှာမူ ဘုရားသခင်၏အာဏာတော်အပေါ် သစ္စာစောင့်ခြင်းအထိန်းအမှတ်ကိုရွေးချယ်လျက် ဘုရားသခင်၏တံဆိပ်ကိုလက်ခံနေကြပါသည်။ GC, p. 605 (1911).

**တနင်္ဂနွေဥပုသ်စောင့်ရန် တိုက်တွန်းမှုသည်**
**စမ်းသပ်ချက်တစ်ခုဖြစ်ခြင်း**

မည်သူတစ်ဦးတစ်ယောက်မျှ အလင်းတရားကိုမရ၊ စတုတ္ထပညတ်တော်ကိုစောင့်ထိန်းရမည့်အကြောင်း မသိရှိမီ ပြစ်ဒဏ်စီရင်ခြင်းမခံရချေ။ သို့ရာတွင် တနင်္ဂနွေဥပဒေကိုထုတ်ပြန်သောအချိန်၊ သားရဲကိုမကိုးကွယ်ဖို့ရန် လူသားများအား ကောင်းကင်တမန်သုံးပါးသတင်းစကားများဖြင့် သတိပေးနှိုးဆော်သောအချိန်တွင်မူ အတုနှင့်အစစ်အကြား ထင်ရှားသောလိုင်းတစ်ခုပေါ်ထွက်လာလိမ့်မည်။ ထိုအချိန်တွင် ဆက်၍ ပညတ်တော်လွန်ကျူးနေသူများမှာ သားရဲ၏တံဆိပ်ကိုရကြလိမ့်မည်။ Ev, pp. 234, 235 (1899).

တနင်္ဂနွေဥပုသ်စောင့်ရန် ဥပဒေပြုတိုက်တွန်းသောအချိန်၊ စစ်မှန်သောဥပုသ်နှင့်ပတ်သက်သည့်အလင်းကို ဤကမ္ဘာတွင်ထွန်းလင်းမည့်အချိန်၊ ထိုအချိန်တွင် ဘုရားသခင်၏ပညတ်တော်ကိုဆက်လက်လွန်ကျူးနေသူများသည် ထိုလုပ်ရပ်အားဖြင့် ပုပ်ရဟန်းမင်းကို ဘုရားသခင့်အထက်တွင်ချီးမြှောက်နေကြလိမ့်မည်။ ၎င်းတို့သည် ရောမနှင့်တကွ ရောမက ဘိသိက်ပေးထားသည့်အရာများကို တိုက်တွန်းမည့် ထိုတန်ခိုးအာဏာကို ကိုးကွယ်နေကြပါသည်။ ၎င်တို့သည်သားရဲနှင့်သူ၏ရုပ်တုကို ကိုးကွယ်နေကြပါသည်။

လူတို့သည် ဘုရားသခင်က မိမိတန်ခိုးအာဏာ၏အထိမ်းအမှတ်ဖြစ်ကြောင်း ဖွင့်ဆိုထားသောဥပုသ်နေ့ကို ငြင်းပယ်ကာ မိမိသည်သာအထွတ်အမြတ်ဖြစ်ကြောင်း အထိမ်းအမှတ်ဖြစ်စေသည့်ရောမကတည်ထောင်ထားသည့် ဥပုသ်နေ့ကို အလေးအမြတ်ပြုသောအချိန်တွင် မိမိတို့သည် ရောမ၏သစ္စာခံဖြစ်ကြောင်းအထိမ်းအမှတ်တစ်ခုကို ၎င်းတို့လက်ခံနေကြချေပြီ။ ထိုအရာမှာ ထိုထုတ်ပြန်ချက်ကိုလူတို့ရှေ့မှာ ရှင်းရှင်းလင်းလင်းမကြေညာမီ မဖြစ်သေးချေ။ ဘုရားသခင်၏ပညတ်တော်နှင့်လူတို့၏ပညတ်များအကြား ရွေးချယ်ရမည့်အချိန်တွင် ဘုရားသခင်၏ပညတ်တော်ကိုဆက်လက်လွန်ကျူးနေပါလျှင် ထိုသူသည် သားရဲ၏တံဆိပ်ကိုလက်ခံခြင်းဖြစ်သည်။ GC, p. 449 (1911).

---oo---

## အခန်း (၁၆)
# ကရုဏာတံခါးပိတ်ခြင်း
### ကရုဏာတံခါးပိတ်မည့်အချိန်ကိုမည်သူမျှမသိခြင်း

ဤသတင်းစကားဟောကြားခြင်းနှင့်ကရုဏာတံခါးပိတ်မည့်အချိန်ကို ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့အားဖော်ပြထားတော်မမူပါ။ ဖော်ပြထားသည့်အရာများကိုသာ ကျွန်ုပ်တို့ကိုယ်တိုင်အတွက်နှင့်ကျွန်ုပ်တို့၏သားသမီးများအတွက် ကျွန်ုပ်တို့လက်ခံကြရမည်ဖြစ်သော်လည်း ထာဝရဘုရားသခင်လျှို့ဝှက်ထားသောအရာများကိုသိဖို့ ကျွန်ုပ်တို့ကြိုးစားစရာမလိုပါချေ။

ကရုဏာတံခါးပိတ်မည့်အချိန်နှင့်ပတ်သက်သည့်အထူးအလင်းတရားရရှိထားခြင်း ရှိမရှိ စာရေး၍ ကျွန်ုပ်အားမေးမြန်းကြရာ လူတွေအလုပ်လုပ်လို့မရသည့် ညဉ့်အချိန်မရောက်မီ နေ့အချိန်ဖြစ်သော ယခုအချိန်တွင် အမှုတော်ဆောင်ကြရန်ဖြစ်ကြောင်း ကျွန်ုပ်တုံ့ပြန်ထားပါသည်။ 1SM, p. 191 (1894).

### ကရုဏာတံခါးမပိတ်မီကလေးတွင် တနင်္ဂနွေဥပဒေထုတ်ပြန်ခြင်း

သားရဲ၏ရုပ်တုကို ကရုဏာတံခါးမပိတ်မီတွင်တည်ဆောက်မည်ဖြစ်ကြောင်း ကျွန်ုပ်အား ထာဝရဘုရားသခင်ဖော်ပြတော်မူထားပါသည်။ အကြောင်းမှာ ထိုအရာသည် ဘုရားသခင်၏သားသမီးများအတွက်ကြီးမားသောစမ်းသပ်မှုတစ်ခုဖြစ်ပါသည်။ ၎င်းပြင် ထိုအရာအားဖြင့်လည်း ၎င်းတို့၏ထာဝရကံကြမ္မာကိုအဆုံးအဖြတ်ပေးပါလိမ့်မည်။ 2SM, p. 81 (1890).

မည်သည့်အရာသည် သားရဲ၏ရုပ်တုဖြစ်ပြီး ထိုရုပ်တုကိုမည်သို့တည်ဆောက်ကြလိမ့်မည်နည်း။ ချိုနှစ်ချောင်းနှင့်သားရဲသည် ထိုရုပ်တုကိုတည်ဆောက်မှာဖြစ်ပြီး ထိုရုပ်တုသည် ထိုသားရဲကိုပုံဖော်ထားပါသည်။ ထိုရုပ်တုကိုသားရဲ၏ရုပ်တုဟုလည်းခေါ်ဝေါ်ကြပါသည်။ မည်သည့်အရာသည်

ထိုရုပ်တုနှင့်တူသည်ကိုလည်းကောင်း၊ ထိုရုပ်တုကိုမည်သို့တည်ဆောက်သည်ကို လည်းကောင်း သိရှိနားလည်ရန် ထိုသားရဲ၏ထူးခြားသောအကျင့်စရိုက်များ ကို ကျွန်ုပ်တို့လေ့လာကြရပါမည်။

သန့်ရှင်းမွန်မြတ်သည့် ဧဝံဂေလိတရားတော်ကိုကျော်ခိုင်းကာ သာသနာပလူများ၏ကိုးကွယ်မှုနှင့်ရိုးရာဓလေ့များကိုလက်ခံလိုက်ခြင်းအားဖြင့် ရှေးဦးအသင်းတော်ပျက်ယွင်းလာသောအချိန်တွင် သန့်ရှင်းသောဝိညာဉ်တော် နှင့်ဘုရားသခင်၏တန်ခိုးများကိုလက်လွှတ်ဆုံးရှုံးခဲ့ရပါသည်။ သို့ရာတွင် လူသားများ၏သြတ္တပ္ပစိတ်ကို ထိန်းချုပ်ထားနိုင်ရန်အလို့ငှါ ထိုအသင်းတော်သည် လောကီအာဏာတန်ခိုးများ၏ထောက်ခံမှုကိုရရှိဖို့ ကြိုးစားခဲ့ရာမှတစ်ဆင့် နိုင်ငံရေးအာဏာများကိုပါရရှိလာသည့် ပုပ်ရဟန်မင်း အုပ်ချုပ်ရေးကြီးစိုးသော အသင်းတော်တစ်ခုဖြစ်လာခဲ့ပါသည်။ သူမသည် ဘာသာရေးဖောက်ပြန်သူ များဟု ခေါ်ဝေါ်သမုတ်ခြင်းခံရသည့် ၎င်းအား ဆန့်ကျင်သူများကိုအထူးသဖြင့် ပြစ်ဒဏ်စီရင်ရန်အတွက် နိုင်ငံရေးအာဏာများကိုလည်း အသုံးပြုခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စုအနေနှင့်သားရဲ၏ရုပ်တုကိုတည်ဆောက်နိုင်ရန်အလို့ ငှါ ထိုသာသာရေးအာဏာရှိသူသည် မိမိ၏အကျိုးအတွက် နိုင်ငံရေးအာဏာ များကိုအသုံးပြုနိုင်ရန် သက်ဆိုင်ရာအစိုးရများကို ထိန်းချုပ်ရပါမည်။

သားရဲ၏ရုပ်တုသည် အယူလွဲမှားသွားသည့် ပရိုတက်စတင့်ဝါဒ၏ပုံစံ တစ်ခုဖြစ်ပါသည်။ ပရိုတက်စတင့်အသင်းတော်များသည် မိမိတို့၏လုပ်ဆောင် မှုများအတွက်ခြေကုပ်ယူရန် နိုင်ငံရေးတန်ခိုးအာဏာများ၏ထောက်ပံ့မှုကိုရရှိဖို့ ကြိုးစားလာကြသောအချိန်တွင် ထိုပုံစံကလေးသည်ဖွံ့ဖြိုးကြီးထွားလာပါသည်။ GC, pp. 443, 445 (1911).

**တံဆိပ်ခတ်ခြင်းအမှုပြီးသောအချိန်တွင်**
**ကရဏာတံခါးပိတ်ခြင်း**

ဒုက္ခဆင်းရဲခြင်းကာလမတိုင်းမီ ကျွန်ုပ်တို့သည် ဘုရားသခင်၏တံဆိပ် တော်ကိုရယူထားကြရမည်။ ဒုက္ခဆင်းရဲခြင်းကာလရောက်သောအခါ အရပ်

လေးမျက်နှာမှလေများကို ကိုင်ထားသောကောင်းကင်တမန်များက လွှတ်လိုက်ကြမည်ကို ကျွန်ုပ်တွေ့ခဲ့ရပါသည်။ ထိုအချိန်တွင် ဤကမ္ဘာကြီးသည်ရှုပ်ထွေးမှုများနှင့်ပြည့်ဝကာ အငတ်ဘေး၊ ရောဂါဘေး၊ ဓါးဘေးနှင့်တကွ တစ်နိုင်ငံနှင့်တစ်နိုင်ငံစစ်တိုက်မှုများရှိနေသည်ကို ကျွန်ုပ်တွေ့ခဲ့ရသည်။ 7BC, p. 968 (1846).

ကောင်းကင်ယံတွင် လူးလာပျံဝဲနေသော ကောင်းကင်တမန်များကိုလည်း ကျွန်ုပ်မြင်တွေ့ခဲ့ပါသည်။ ဤကမ္ဘာမြေကြီးမှပြန်လာသောကောင်းကင်တမန်က မိမိ၏အလုပ် လုပ်ဆောင်ပြီးကြောင်း၊ သူတော်စင်များကိုတံဆိပ်ခတ်လို့ပြီးစီးခဲ့ကြောင်း ခရစ်တော်အားသံတော်ဦးတင်နေပါသည်။ ထိုစဉ်တွင် ပညတ်တော်ဆယ်ပါးထည့်ထားသည့် ပဋိညာဉ်သေတ္တာရှေ့တွင်အမှုတော်ဆောင်နေသောခရစ်တော်က လင်ပန်းကိုပစ်ချတော်မူလိုက်သည်။ ထိုနောက်လက်ကိုမြှောက်ကာ အမှုပြီးပြီဟု ကြီးသောအသံဖြင့်ကြွေးကြော်တော်မူလိုက်ပါသည်။ EW, p. 279 (1858).

တစ်နည်းအားဖြင့် အချိန်အနည်းငယ်ကျန်ရှိနေသေးပါသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရန်ဘက်ပြုကာ စစ်ဖြစ်နေငြားသော်လည်း ယခုတွင် အထွေထွေပါဝင်ပတ်သက်မှုမရှိသေးပါ။ ဘုရားသခင်၏အစေခံကျွန်များကို နဖူးတွင်တံဆိပ်ခတ်မပြီးမီ အရပ်လေးမျက်နှာမှလေများကို ကိုင်ဆွဲထားဦးမည်ဖြစ်သည်။ ထိုနောက်မှ ကမ္ဘာ့အင်အားကြီးနိုင်ငံများသည် နောက်ဆုံးသောမဟာစစ်ပွဲကြီးတွင်ပါဝင်ဆင်နွှဲရန်အတွက် ၎င်းတို့၏တပ်များနှင့်ချီတက်လာကြလိမ့်မည်။ 6T, p. 14 (1900).

ဤကမ္ဘာမြေကြီးမှ ပြန်လာသောကောင်းကင်တမန်က ၎င်း၏အမှုတော်ပြီးစီးသွားပြီဖြစ်ကြောင်း၊ ဤကမ္ဘာကြီးတွင်နောက်ဆုံးသောစမ်းသပ်မှုကိုပြုလုပ်ခဲ့ပြီဖြစ်ကြောင်း၊ ဘုရားသခင်၏ပညတ်တော်များအပေါ် သစ္စာရှိကြောင်းသက်သေပြခဲ့သူများသည် ဘုရားသခင်၏တံဆိပ်ကိုရရှိကြပြီဖြစ်ကြောင်း ကြွေးကြော်ပါသည်။ ထိုအခါတွင် ခရစ်တော်သည် အထက်ဗိမာန်တော်၌

ဆောင်ရွက်နေဆဲကြားဖျန်ဖြေရေးအမှုတော်ကို အဆုံးသတ်ကာ မိမိ၏ လက်တော်ကိုမြှောက်လျက် "အမှုပြီးပြီ" ဟု ကျယ်သောအသံဖြင့်ကြွေးကြော် လေ၏။ GC, p. 613 (1911).

## ကရုဏာတံခါးသည် ရုတ်တရက် ပိတ်သွားမည်ဖြစ်ခြင်း

ခရစ်တော်၏ကြားဖျန်ဖြေရေးအမှုတော်လုပ်ငန်းပြီးဆုံးသွားသည့် အချိန်တွင် လူအားလုံး၏အနာဂတ်ကံကြမ္မာများသည် ဆုံးဖြတ်ပြီးဖြစ်နေပါ သည်။ ကရုဏာတံခါးပိတ်သွားချေပြီ၊ ခရစ်တော်၏ကြားဖျန်ဖြေရေးအမှုတော် လည်းဆုံးခန်းတိုင်သွားချေပြီ။ ဤအချိန်ကာလသည် အဆုံးတွင် ရုတ်တရက် ရောက်လာမည်ဖြစ်သဖြင့် သမ္မာတရားအားဖြင့် မိမိတို့၏ အသက်တာကိုသန့် စင်အောင်လုပ်မထားမိသူများသည် အိပ်ပျော်နေသည်ကို တွေ့ရပါမည်။ 2T, p. 191 (1868).

ကျွန်ုပ်တို့မျှော်လင့်မထားသောအချိန်တွင် ကရုဏာတံခါးသည် ရုတ်တရက်ပိတ်သွားလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ယနေ့တွင် ကောင်း ကင်ဘုံရှိကောင်းသောမှတ်တမ်းများတွင်ပါဝင်နိုင်ခွင့်ရရှိနိုင်ကြသေးသည်။ ၎င်းပြင်ကျွန်ုပ်တို့အား ဘုရားသခင်လက်ခံကြောင်းကိုလည်း သိရှိနိုင်ကြပါသေး သည်။ 7BC, p. 989 (1906).

စုံစမ်းစစ်ဆေးရာ တရားစီရင်ခြင်းပြီးဆုံးသွားသောအခါ လူအပေါင်း တို့၏ကံကြမ္မာသည် ဆုံးဖြတ်ချက်ချပြီးဖြစ်လိမ့်မည်။ မိုးတိမ်ကြီးကိုစီးလျက် ခရစ်တော်ကြွမလာမီကလေးတွင် ကရုဏာတံခါးသည်ပိတ်သွားလိမ့်မည်။

နောဧတို့သင်္ဘောထဲသို့ဝင်ပြီးနောက် ထာဝရဘုရားသခင်သည် ၎င်းတို့အား သင်္ဘောထဲမှာထားလျက်၊ မယုံကြည်သူများကိုသင်္ဘောအပြင်တွင် ထားလျက် တံခါးကိုပိတ်တော်မူခဲ့ပါသည်။ ထိုနောက် (၇)ရက်ကြာမှ ရေလွှမ်း မိုးလာပါသည်။ ထို(၇)ရက်အတွင်းတွင် လူအပေါင်းတို့သည် မိမိတို့၏

ကံကြမ္မာကို စီရင်ချက်ချပြီးသည်ကိုမသိဘဲလျက် အပျော်အပါးကိုသာဆက်လက်လိုက်စားနေကြသည်။ ကျရောက်လာတော့မည့်တရားစီရင်ခြင်းနှင့်ပတ်သက်သည့် သတိပေးစကားများကိုပြက်ရယ်ပြုနေကြပါသည်။ "ထိုနည်းတူလူသားကြွလာသောအခါဖြစ်လိမ့်မည်" ဟု ခရစ်တော်မိန့်ဆိုတော်မူခဲ့ပါသည်။" (မဿဲ ၂၄း၃၉)။ ညဥ့်သန်းခေါင်အချိန်တွင် တိတ်တဆိပ်သူခိုးလာသကဲ့သို့ လူသားများ၏ကံကြမ္မာကိုသတ်မှတ်ပေးမည့်အချိန်တည်းဟူသော နောက်ဆုံးသောကရုဏာတော်ရုပ်သိမ်းရာကာလကိုရောက်လာပါတော့မည်။

စီးပွားရေးသမားများက အမြတ်အစွန်းရဖို့ ကြိုးစားလုပ်ဆောင်နေကြစဉ်၊ အပျော်အပါးသမားများက ကာမဂုဏ်လိုက်စားနေကြစဉ် ဖက်ရှင်အလှမယ်များက အစွမ်းကုန်အလှပြင်နေကြစဉ် "သင့်ကို ချိန်ခွင်နှင့် ချိန်၍ လျော့ကြောင်းကိုတွေ့ပြီး" ဟူသော ခရစ်တော်၏စီရင်ချက်ချသံကိုကြားကြရလိမ့်မည်။ (ဒံ ၅း၂၇) GC, pp. 490, 491 (1911).

**ကရုဏာတံခါးပိတ်အပြီး လူသားများ၏လုပ်ဆောင်မှု**

ဖြောင့်မတ်သူများနှင့်လူယုတ်မာများသည် သေမျိုးဘဝနှင့်ပင်ဤလောကတွင် ဆက်လက်၍အတူအသက်ရှင်နေထိုင်လျက်ရှိကြလိမ့်မည်။ အထက်ဗိမာန်တော်တွင် ပြန်လည်ရုပ်သိမ်းလို့မရနိုင်သည့် နောက်ဆုံးစီရင်ချက်ချနေသည်ကိုမသိဘဲလျက်၊ လူတို့သည်စိုက်ပျိုးလျက်၊ အိမ်ဆောက်လျက်၊ စားလျက်၊ သောက်လျက်ရှိနေကြသည်။ GC, p. 491 (1911).

အထက်ဗိမာန်တော်၏ ရုပ်သိမ်းခြင်းငါမဖြစ်နိုင်တော့သည့် ဆုံးဖြတ်ချက်ကိုကြေညာကာ ဤကမ္ဘာ၏ကံကြမ္မာကိုထာဝရအတည်ဖြစ်စေပြီးသည့်အချိန်ကို ဤကမ္ဘာသားများသိကြလိမ့်မည်မဟုတ်ပါ။ ဘုရားသခင်၏ဝိညာဉ်တော်ရုပ်သိမ်းခြင်းခံရသူတစ်ခုက ဘာသာရေးခံယူချက်ပုံစံများကို ဆက်လက်လုပ်ဆောင်ကြလိမ့်မည်။ စာတန်သည် မိမိ၏အငြိုးထားသည့်အကြံအစည်များကိုအကောင်အထည်ဖေါ်ရန်အတွက် ထိုသူများအားလှုံ့ဆော်ပေးမည့်

ကောက်ကျစ်သောစိတ်အားထက်သန်မှုသည် ဘုရားသခင်အတွက် စိတ်အားထက်သန်မှုနှင့်အသွင်တူနေလိမ့်မည်ဖြစ်သည်။ GC, p. 615 (1911).

စပါးပင်နှင့်ပေါင်းပင်တို့သည် စပါးရိတ်ရာကာလတိုင်အောင်အတူပေါက်နေကြလိမ့်မည်။ ဖြောင့်မတ်သူများသည် အဆုံးတိုင်အောင်လူယုတ်မာများနှင့်ထိတွေ့ဆက်ဆံနေကြရလိမ့်မည်။ အလင်း၏သားသမီးများသည် အမှောင်၏သားသမီးများအကြားတွင် ပြန့်ကျဲနေကြလိမ့်မည်။ သို့ရာတွင် ၎င်းတို့၏ ခြားနားမှုကိုမူ လူအပေါင်းတို့တွေ့မြင်နိုင်ကြပါသည်။ 5T, p. 100 (1882).

မိမိအား မျှော်လင့်စောင့်စားနေကြသူများမှ အချို့တို့သည် မိမိကြွလာသောအချိန်တွင် စီးပွားရေးလုပ်ငန်းများတွင်အလုပ်ရှုပ်နေကြမည်ကိုလည်းကောင်း၊ အချို့တို့မှာ စိုက်ပျိုးလျက်၊ အချို့တို့မှာ ရိတ်သိမ်းလျက်၊ အချို့တို့မှာ စပါးကြိတ်လျက်ရှိသည်ကိုတွေ့ရလိမ့်မည်ဖြစ်ကြောင်း ခရစ်တော်မိန့်ကြားတော်မူခဲ့ပါသည်။ Ms, p. 26 (1901).

ဘာသာအယူဝါဒတွင်သံသယဝင်မှုများနှင့်သိပ္ပံပညာဟုခေါ်တွင်သည့်အရာများက သမ္မာကျမ်းစာအပေါ်ထားရှိသည့် ခရစ်ယာန်များ၏ယုံကြည်ခြင်းကိုအလေးမထားခဲ့ကြပါ။ မှားယွင်းမှုများနှင့်ယုံတမ်းစကားများကို ၎င်းတို့လက်ခံကာ ကာမဂုဏ်လိုက်စားခြင်းလမ်းစဉ်ကို ကျင့်သုံးခဲ့ကြပါသည်။ အကြောင်းမှာ ထိုသူတို့သည် ၎င်းတို့၏အသိတရားထဲတွင် ထာဝရဘုရားသခင်ကို ထိန်းထားရန်မကြိုးစားကြချေ။ မနက်ဖြန်သည်လည်း ယနေ့လိုပဲ ပေါကြွယ်ဝမှာပဲ ဟုသူတို့ပြောဆိုတတ်ကြပါသည်။ သို့ရာတွင် မယုံကြည်မှုနှင့် ဘုရားမဲ့ အပျော်အပါးလိုက်စားနေကြစဉ်၌ ဘုရားသခင်နှင့်ကောင်းကင်ဗိုလ်မင်းတို့၏ ဖွင့်ဟသံကိုသူတို့ကြားကြရပါမည်။

အမြတ်အစွန်းရရန် အတ္တစိတ်ပြင်းထန်သောရည်မှန်းချက်များနှင့်တစ်လောကလုံးအလုပ်ရှုပ်နေသောအချိန်တွင် ခရစ်တော်သည်ကြွလာတော်မူလိမ့်မည်။ Ms, p. 15b (1886).

ဘုရားသခင်ကို ကိုးကွယ်သူများသည် လောကနှင့်ပေါင်းစည်းကာ ၎င်းတို့နေသလိုနေထိုင်ပြီး ၎င်းတို့နှင့်အတူမသင့်လျော်သောအပျော်အပါး များကိုလိုက်စားနေသောအချိန်၊ လောက၏စည်းစိမ်ခံခြင်းသည် အသင်းတော်၏စည်းစိမ်ခံခြင်းဖြစ်လာသောအချိန်၊ မင်္ဂလာလက်ထပ်ပွဲခေါင်း လောင်းများထိုးကာ လောကကြွယ်ဝချမ်းသာမှုကိုခံစားဖို့ လူအပေါင်းတို့မျှော် လင့်နေသောအချိန်၊ ထိုအချိန်တွင်ကောင်းကင်မှ လျှပ်စီးများရုတ်တရက်လက် လာကာ ၎င်တို့၏မှောက်မှားကာ မျှော်မှန်းချက်နှင့်မျှော်လင့်ချက်များသည် ပျက်ပြယ်သွားကြလိမ့်မည်။ GC, pp. 338, 339 (1911).

**စီးပွားရေးလုပ်ငန်းများတွင်**
**လူသားများနစ်မျောနေခြင်း**

လောတသည် သောဒုံမြို့ကြီးပျက်စီးသွားတော့မည်အကြောင်းကို မိသားစုများအား သတိပေးပြောကြားသောအခါ ၎င်းတို့က သူ၏စကားများကို ပြက်ရယ်ပြုကာ သူ့အားတစ်ယူသန်စိတ်အားကြီးသူတစ်ဦးအဖြစ်ရှုမြင်ခဲ့ကြ သည်။ သို့ရာတွင် လောတပြောသည့်အတိုင်း အမှန်တကယ်ဖြစ်လာသော အခါ ၎င်းတို့သည် အဆင်သင့်မရှိကြတော့ချေ။ ခရစ်တော်ကြွလာသော အချိန်တွင် ထိုနည်းအတူဖြစ်ကြလိမ့်မည်။ လယ်သမားများ၊ ကုန်သည်များ၊ ရှေ့နေများ၊ ကုန်ကူးသန်းရောင်းဝယ်သူများတို့သည် မိမိတို့၏လုပ်ငန်းများ၌သာ လုံးလုံးနစ်မျောနေကြသဖြင့် ခရစ်တော်၏နေ့ရက်ကြီးသည် ၎င်းတို့အတွက် ထောင်ချောက်တစ်ခုပမာဖြစ်နေပါလိမ့်မည်။ RH, March 10 (1904).

တရားဟောဆရာများ၊ လယ်သမားများ၊ ကုန်သည်များ၊ ရှေ့နေများ လူကြီးလူကောင်းများက "ငြိမ်းများမှုနှင့်လုံခြုံမှုရှိသည်" ဟု ကြွေးကြော်နေကြ စဉ်တွင် ပျက်စီးခြင်းသည်ရုတ်တရက်ကျရောက်လာလိမ့်မည်။ ဘုရားသခင် ၏နေ့ရက်ကြီးသည် ထောင်ချောက်တစ်ခုပမာရောက်ရှိလာမည့်အကြောင်း ရှင်လုကာက ခရစ်တော်၏စကားများကိုတစ်ဆင့်မှတ်တမ်းတင်ထားပါသည်။

လူတို့သည် အေးအေးဆေးဆေးနေထိုင်ကြစဉ်၊ အပြည့်အဝပျော်ရွှင်မြူးထူးနေကြစဉ်၊ အရောင်းအဝယ်များနှင့်အလုပ်ရှုပ်နေကြစဉ် ခြေသံလုံလုံဖြင့်သူခိုးချဉ်းကပ်လာသလို ခရစ်တော်ကြွလာတော်မူလိမ့်မည်။ Letter, p. 21 (1897).

**ဘာသာရေးခေါင်းဆောင်များ၏**
**အကောင်းမြင်ဝါဒခံယူခြင်း**

ဒဿနဗေဒ၏ အကြောင်းပြချက်များက ဘုရားသခင်၏တရားစီရင်ခြင်းကိုအကြောက်အရွံ့ကင်းစေသောအချိန်၊ ဘာသာရေးဆရာများက ငြိမ်းချမ်းသာယာပြီး ချမ်းသာဝပြောမည့်ခေတ်ကာလကြီးကိုဖော်ညွှန်းပြည်ညွှန်းနေသောအချိန်၊ လောကသားများသည် စိုက်ပျိုးလျက်၊ တည်ဆောက်လျက်စားသောက်ပျော်မြူးလျက်၊ ဘုရားသခင်၏သတိပေးချက်များကိုငြင်းပယ်ကာကိုယ်တော်၏စေတမန်များကိုပြက်ရယ်ပြုလျက် ၎င်းတို့၏စီးပွားရေးလုပ်ငန်းများနှင့်အပျော်အပါးကိစ္စများတွင် နစ်မျောနေသောအချိန်၊ ထိုအချိန်တွင် ပျက်စီးခြင်းသည် ၎င်းတို့ထံသို့ရောက်ရှိလာရာ မည်သူမျှလွတ်မြောက်နိုင်ကြလိမ့်မည်မဟုတ်ချေ။ PP, p. 104 (1890).

ဖြစ်နိုင်သည့်ကာလတွင် ဘုရားသခင့်ထံတော်သို့ချဉ်းကပ်ကြပါ။ ဘုရားသခင်၏နေ့ရက်ကြီးသည် ဘုရားတရားမရှိသူများသတိမမူမိသောအချိန်တွင်ရောက်လာလိမ့်မည်။ အသက်တာလုပ်ငန်းများသည် ပုံမှန်ဖြစ်ပျက်နေသောအချိန် လူတို့သည်အပျော်အပါး၊ စီးပွားရေး၊ ငွေရှာခြင်းလုပ်ငန်းများတွင်နစ်မျောနေကြသောအချိန်၊ ဘာသာရေးသမားများက ဤကမ္ဘာကြီး၏ဖွံ့ဖြိုးတိုးတက်မှုနှင့်အသိပညာထွန်းကားလာမှုများကို ပုံကြီးချဲ့ပြောဟောနေသောအချိန်၊ လူတို့သည်မှားယွင်းသောလုံခြုံမှုတွင် မိန်းမောနေကြသောအချိန်၊ ထိုအချိန်တွင်အစောင့်အကြပ်မရှိသောအိမ်ထဲသို့ သူခိုးဝင်လာသည့်နှယ်ပျက်စီးခြင်းသည် ဘုရားတရားမဲ့ နမော်နမဲ့နေသူများအပေါ်သို့ ကျရောက်လာရာ မည်သူမျှလွတ်မြောက်ကြလိမ့်မည်မဟုတ်ပါ။ GC, p. 38 (1911).

**ကရုဏာတံခါးပိတ်ပြီးပြီးဟု**
**စာတန်ကောက်ချက်ချခြင်း**

ဒုက္ခဆင်းရဲခြင်းကာလတွင် စာတန်သည် လူယုတ်မာများကိုဆွပေးသဖြင့် သူတို့သည် ဘုရားသခင်၏သားသမီးများကိုဖျက်ဆီးပစ်ရန် ဝိုင်းထားကြလိမ့်မည်။ သို့ရာတွင် ကောင်းကင်မှတ်တမ်းများတွင် ထိုသားသမီးများအား လွတ်ငြိမ်းခွင့်ပေးထားကြောင်းကို စာတန်မသိပါချေ။ RH, Nov. 19 (1908).

ယာကုပ်ကိုတိုက်ခိုက်ရန် ဧသောအား စာတန်ဆွပေးခဲ့သကဲ့သို့ ဒုက္ခဆင်းရဲခြင်းကာလတွင် ဘုရားသခင်၏သားသမီးများအား ဖျက်ဆီးပစ်ရန် လူယုတ်မာများကိုသူဆွပေးလိမ့်မည်။ ထိုသားသမီးများပတ်လည်တွင် ကောင်းကင်တမန်များ တပ်ချစောင့်ကြပ်နေသည်ကို သူမြင်တွေ့နေသည့်ပြင် ၎င်းတို့၏အပြစ်များကိုလွတ်ငြိမ်းခွင့်ပြုတော်မူခဲ့သည်ကို သူကောက်ချက်ချနေသော်လည်း ၎င်းတို့၏အမှုအရာအားလုံးကိုအထက်ဗိမာန်တော်တွင် ဆုံးဖြတ်ချက်ချပြီးကြောင်းကိုမူ သူမသိရှိချေ။ GC, p. 618 (1911).

**နှုတ်ကပတ်တော်ရှားပါးသွားခြင်း**

ဘုရားသခင်၏နှုတ်ကပတ်တော်ကို ယခုအချိန်တွင် မလေ့လာမဖတ်ရှု၊ တန်ဖိုးမထားတတ်သောလူများသည် အနာဂတ်ကာလတွင် ခါးသီးစွာငိုကြွေးကြရလိမ့်မည်။ တရားစီရင်ခြင်းတွင် လုပ်ဆောင်နေသည့် ခရစ်တော်သည် ကပ်ကာလအဆုံးတွင် မြေတစ်ပြင်လုံးသို့လျှောက်သွားတော်မူရာကြောက်စရာကောင်းသည့်ကပ်များကျရောက်လာသည်ကို ကျွန်ုပ်တွေ့မြင်ခဲ့ရသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုအလေးမထား စော်ကားခဲ့ကြသူများသည် "ပင်လယ်တစ်ပါးမှသည် ပင်လယ်တစ်ပါးတိုင်အောင် လှည့်လည်၍ တောင်မြောက်ပြေးသွားသော်လည်း ထာဝရဘုရားသခင်၏အမိန့်တော်ကို ရှာလို့မတွေ့ကြတော့ချေ" (အာမုတ် ၈း၁၂)။ ဤမြေပြင်ပေါ်တွင် နှုတ်ကပတ်တော်ကြားနားခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်း ဘေးကျရောက်လိမ့်မည်။ Ms, p. 1 (1857).

## လူယုတ်မာများအတွက် ဆုတောင်းခြင်းမရှိတော့ခြင်း

ဘုရားသခင်၏တရားဟောဆရာများသည် ဆောင်ရွက်ရမည့်နောက်ဆုံးသောအမှုတော်လုပ်ငန်းများကိုဆောင်ရွက်ပြီး နောက်ဆုံးသောဆုတောင်းချက်များကို ပတ္တနာပြုကာ ပုန်ကန်ခြားနားသောအသင်းတော်တစ်ခုနှင့်တရားမဲ့လူတစ်စုအတွက် ခါးသီးသည့် နောက်ဆုံးသောမျက်ရည်များကိုကျခဲ့ကြချေပြီ။ နောက်ဆုံးသောသတိပေးစကားကိုလည်း ပြောခဲ့ကြချေပြီ။ သမ္မာတရားကိုလက်ခံယုံကြည်ခဲ့သော်လည်း သမ္မာတရားအတိုင်းအသက်ရှင်နေထိုင်ခြင်းမရှိခဲ့သူများက ၎င်းတို့၏တရားဟောဆရာများထံမှ နှစ်သိမ့်မှုများကိုရရှိရန်အတွက်သော်လည်းကောင်း၊ ကယ်တင်ခြင်းလမ်းစဉ်ကိုရှင်းပြပေးရန်အတွက်သော်လည်းကောင်း၊ မျှော်လင့်ခြင်းသတင်းစကား၊ ဆုတောင်းခြင်း၊ အားပေးခြင်းများကြားနာခွင့်ရရန်အတွက်သော်လည်းကောင်း အထောက်မတန်စုဆောင်းပြီး ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားသည့် ဒေါ်လာများ၊ အိမ်များ၊ မြေများကို မည်မျှမြန်မြန်ပေးလိုက်ကြရမည်နည်း။ သို့ရာတွင်ပေးချေရန်နောက်ကျသွားချေပြီ။ ထိုသူတို့သည် ဆာလောင်ခြင်းနှင့်ရေငတ်ခြင်းမပြေနိုင်ကြတော့ချေ။ မည်သည့်နှစ်သိမ့်မှုကိုမျှ သူတို့မရနိုင်ကြတော့ချေ။ ၎င်းတို့နှင့်စပ်ဆိုင်သမျှကိုအခိုင်အမာဆုံးဖြတ်ချက်ချပြီးချေပြီ။ ထိုအချိန်သည် ကြောက်ရွံ့ထိတ်လန့်စရာအချိန်တစ်ခုဖြစ်ပါသည်။ Ms, p. 1 (1857).

ဘုရားသခင်၏ ကရုဏာမဲ့ပြစ်ဒဏ်စီရင်မှုကျရောက်နေသောအချိန်တွင် "အမြင့်ဆုံးသောဘုရားသခင်၏ ကွယ်ကာရာဌာနတော်၌နေသောသူတို့" ၏အနေအထားသည် လူယုတ်မာများအတွက် မနာလိုစရာဖြစ်နေပါသည်။ ထာဝရဘုရားသခင်သည် ကိုယ်တော်ကိုချစ်၍ ကိုယ်တော်၏ပညတ်တော်များကိုစောင့်ရှောက်ခဲ့သူများအား မိမိ၏တဲတော်တွင် ဝှက်ထားတော်မူပါသည်။ ထို့ဖြောင့်မတ်သူများ၏ကံကြမ္မာသည် ထိုကဲ့သို့သောအချိန်မျိုးတွင်

မိမိတို့၏အပြစ်ကြောင့် ဒုက္ခခံနေရသူများအတွက် မနာလိုစရာတစ်ခုဖြစ်နေသည်မှာအမှန်ပင်ဖြစ်သည်။ သို့ရာတွင် ကရုဏာတံခါးသည်ပိတ်သွားပြီဖြစ်ရာ ၎င်းတို့အတွက် ဆုတောင်းပေးမည့်သူများမရှိတော့ပြီ။ 3BC, p. 1150 (1901).

**သူတစ်ပါး၏အကျင့်စာရိတ္တကို ပြောင်းလဲရယူရန်မဖြစ်နိုင်ခြင်း**

ဘုရားသခင်သည်ဘုန်းတော်နှင့်ကြွလာသောအချိန်တွင် ဖြောင့်မတ်သူများကို လူယုတ်မာများမှခွဲထုတ်သည့်အလုပ်ကိုပြီးမြောက်အောင်လုပ်ဆောင်လိမ့်မည်။ သို့ရာတွင် ထိုအချိန်တွင် မီးထွန်းစရာဆီမရှိသူများအတွက် ဆီထည့်ပေးလို့မရနိုင်တော့ချေ။ “စပါးကြိတ်နေသည့်လူနှစ်ယောက်အနက် တစ်ယောက်ကိုခေါ်သွားကာ ကျန်တစ်ယောက်ကိုချန်ခဲ့မည်။ အတူတကွလယ်လုပ်နေသူနှစ်ဦးအနက် တစ်ဦးကိုခေါ်သွားကာ ကျန်တစ်ဦးကိုချန်ခဲ့မည်” ဆိုသောခရစ်တော်၏စကားသည် ထိုအချိန်တွင်ပြည့်စုံလိမ့်မည်။ ဖြောင့်မတ်သူများနှင့်လူယုတ်မာများသည် အသက်တာလုပ်ငန်းများတွင် အတူတကွပူးပေါင်းလုပ်ဆောင်ခဲ့ကြမည်ဖြစ်သော်လည်း ထာဝရဘုရားသခင်သည် အကျင့်စာရိတ္တကိုကြည့်တော်မူ၏။ မည်သူသည်ပညတ်တော်ကိုမြတ်နိုးလေးစားပြီး လိုက်လျှောက်နေသည်ကို ကိုယ်တော်ရှင်သိမြင်နားလည်တော်မူ၏။ TM, p. 234 (1895).

သေခြင်းသည် လေးနက်အရေးပါသောအရာတစ်ခုဖြစ်သော်လည်း အသက်ရှင်ခြင်းသည် များစွာပို၍လေးနက်အရေးပါလှပါသည်။ အသက်ရှင်စဉ်ကျွန်ုပ်တို့တွေးခဲ့၊ ပြောခဲ့၊ လုပ်ခဲ့သောအရာများကို ကျွန်ုပ်တို့တစ်ဖန်ရင်ဆိုင်တွေ့ဆုံကြရဦးမည်ဖြစ်သည်။ ကရုဏာကာလတွင် ကျွန်ုပ်တို့လုပ်ဆောင်ခဲ့သည့် တိုးတက်ရာတိုးတက်ကြောင်းဖြစ်စေသောအရာများကို ကျွန်ုပ်တို့သည်ထာဝရကာလတိုင်ဆက်လက်တည်ရှိစေကြလိမ့်မည်။ သေခြင်းသည်ခန္ဓာကိုယ်ကြီးကိုပျောက်ပျက်သွားစေသော်လည်း အကျင့်စာရိတ္တတွင် ပြောင်းလဲမှုတစ်စုံတရာကိုမျှမဖြစ်စေနိုင်ပါ။ ခရစ်တော်၏ကြွလာခြင်းသည် ကျွန်ုပ်တို့၏

စာရိတ္တကိုပြောင်းလဲစေမည်မဟုတ်ပါ။ အကျင့်စာရိတ္တသည် ထာဝရကာလ မပြောင်းမလဲ တည်ရှိနေပါမည်။ 5T, p. 466 (1885).

ကျွန်ုပ်တို့သည် လောလောဆယ်ရရှိနေသည့်အခွင့်အရေးများကို အကောင်းဆုံးအသုံးချကြရန်ဖြစ်သည်။ ကောင်းကင်နိုင်ငံတော်သို့ဝင်စားနိုင်ဖို့ပြင်ဆင်ရန် အခြားကရုဏာကာလတစ်ခုကို ကျွန်ုပ်တို့အားပေးတော်မူဦးမည်မဟုတ်ပါ။ ကိုယ်တော်၏ပညတ်တော်များကို နားထောင်လိုက်လျှောက်သူများအတွက် ထာဝရဘုရားသခင်ပြင်ဆင်ထားတော်မူသည့် အိမ်တော်သို့ဝင်စားထိုက်သောသူများ၏စာရိတ္တမျိုးတည်ဆောက်ရန် ဤကရုဏာတော်အချိန်သည် ကျွန်ုပ်တို့အတွက်တစ်ခုတည်းသောကရုဏာတော်အချိန်၊ နောက်ဆုံးသောကရုဏာတော်အချိန်ဖြစ်ပါသည်။ Letter, p. 20 (1899).

ခရစ်တော်ဒုတိယအကြိမ်ကြွလာပြီးသည့်နောက်ပိုင်းတွင် ကရုဏာတော်အချိန်ရှိတော့မည်မဟုတ်ချေ။ ရှိလိမ့်ဦးမည်ဟုပြောနေသူများသည် အလိမ်ခံနေရသူများလမ်းမှားသို့အပို့ခံထားရသူများဖြစ်ကြသည်။ ခရစ်တော်ကြွမလာမီအချိန်ကလေးတွင်ဖြစ်ပျက်နေသောအခြေအနေများသည် ရေမလွှမ်းမိုးမီကလေးတွင်ဖြစ်ပျက်ခဲ့သည့်အခြေအနေမျိုးနှင့်တူပါသည်။ ခရစ်တော်ကြွလာပြီးသည်နောက်ပိုင်းတွင်မှ ကယ်တင်ခြင်းရရန် နောက်ထပ်အခွင့်အရေးကို မည်သူမျှရကြတော့မည်မဟုတ်ပါ။ Letter, p. 45 (1891).

လူအပေါင်းတို့သည် မိမိတို့ရရှိထားသည့်အလင်းတရားနှင့်အညီအစမ်းသပ်၊ အစစ်ဆေးခံကြရလိမ့်မည်။ သမ္မာတရားကိုကျောခိုင်းကာ ယုံတမ်းစကားများကိုလက်ခံယုံကြည်သူများမှာ ဒုတိယကရုဏာတော်ကာလကိုမျှော်လင့်နိုင်ကြမည်မဟုတ်ပါ။ ဤလောကတွင်နှစ်ပေါင်း (၁၀၀၀) စိုးစံမှုလည်းရှိလိမ့်မည်မဟုတ်ပါ။ လူတို့သည် ဝိညာဉ်တော်၏ပဲ့ပြင်မှုကိုခံရပါလျက်နှင့်သမ္မာတရားကိုငြင်းပယ်နေကြရုံသာမက သမ္မာတရားကိုသူတစ်ပါးလက်မခံနိုင်အောင်အဟန့်အတားလုပ်နေကြမည်ဆိုလျှင် ၎င်းတို့သည်မည်သည့်အခါမျှသဘောပေါက်လာ

လိမ့်မည်မဟုတ်ပါ။ ထိုသူတို့သည် မိမိတို့အားပေးထားသည့် ကရုဏာတော်ကာလတွင် မိမိတို့၏အကျင့်စာရိတ္တများကိုအသစ်ပြုပြင်ပြောင်းလဲပစ်ရန်လည်း မကြိုးစားခဲ့ကြပါ။ သို့သော် နောက်တစ်ခါကြိုးစားဖို့ရန်လည်း ခရစ်တော်ကငင်းတို့အားအခွင့်အရေးပေးတော့မည်မဟုတ်သည့်အတွက် ထိုဆုံးဖြတ်ချက်သည် နောက်ဆုံး ဆုံးဖြတ်ချက်တစ်ခုဖြစ်နေပါသည်။ Letter, p. 25 (1900).

---ooo---

## အခန်း (၁၇)
# ဘေးဒဏ်ကြီးခုနစ်ပါးနှင့်လူယုတ်မာများ
### မဟာဒုက္ခဆင်းရဲခြင်းကပ်ကာလ၊ (ပထမပိုင်း)
### ဘုရားသခင်၏အမျက်တော်ဖလားများကို သွန်းလောင်းခြင်း

အရေးကြီးသောအဖြစ်အပျက်များသည် အနာဂတ်တွင်ဖြစ်ပျက်ကြလိမ့်ဦးမည်။ တံပိုးခရာကိုတစ်ခုပြီးတစ်ခုမှုတ်လိမ့်မည်။ အမျက်တော်ဖလားကိုတစ်လုံးပြီးတစ်လုံး လူသားများအပေါ်သို့သွန်းလောင်းလိမ့်မည်။ 3SM, p. 426 (1890).

ကရုဏာရှိသောကောင်းကင်တမန်သည် ဤကမ္ဘာကြီးကိုမကြာမီတွင်ချန်ထားခဲ့တော့မည်ဖြစ်ရာ နောက်ဆုံးသောဘေးဒဏ်ခုနစ်ပါးကျရောက်လာပေတော့မည်။ ဘုရားသခင်၏အမျက်တော်သည်မကြာမီမှာကျရောက်လာတော့မည်။ ကိုယ်တော်ရှင်သည် ပညတ်တော်လွန်ကျူးသူများအားစတင်အပြစ်ပေးသောအခါတွင် အဆုံးသို့မရောက်မချင်း ရပ်နားခြင်းမရှိဘဲ ဆက်တိုက်အပြစ်ပေးစီရင်တော်မူလိမ့်မည်။ TM, p. 182 (1894).

### တိုက်လှန်နေကြသောတိုင်းနိုင်ငံများ

ဘုရားသခင်၏ကျွန်များအားနဖူးတွင်တံဆိပ်ခတ်ပြီးသည်အထိခွန်အားကြီးသောကောင်းကင်တမန်လေးပါးသည် ဤလောက၏တန်ခိုးအာဏာများကိုကိုင်ဆွဲထားပါသည်။ လောကီနိုင်ငံများသည် တိုက်လှန်လိုစိတ်များပြင်းထန်နေငြားလည်း ၎င်းတို့အား ထိုကောင်းကင်တမန်များက ချုပ်ကိုင်ထားပါသည်။ ထိုချုပ်ကိုင်မှုကို ဖယ်ရှားလိုက်သည့်အချိန်တွင် မဟာဒုက္ခဆင်းရဲခြင်းကပ်ကာလသည်ရောက်ရှိလာလိမ့်မည်။ လူကိုသေစေနိုင်သည့် လက်နက်များကိုတီထွင်ကြလိမ့်မည်။ သမ္မာတရားအသိမရှိသူများသည် စာတန်အဖွဲ့

သားများ၏ဦးဆောင်မှုအောက်တွင် စုရုံးကြလိမ့်မည်ဖြစ်သော်လည်း အာမဂေဒုန်စစ်ပွဲကြီးဖြစ်မည့်အချိန်တိုင်အောင် ၎င်းတို့သည် အထိန်းချုပ်ခံထားကြရလိမ့်မည်။ 7BC, p. 967 (1900).

**တစ်ကမ္ဘာလုံးပျက်စီးဆုံးရှုံးခြင်းနှင့်ရင်ဆိုင်ရခြင်း**

နောက်ဆုံးသောတရားစီရင်ခြင်းအကြောင်းကို ဤကမ္ဘာကြီးအား သတိပေးပြီးသည့်အချိန်တိုင်အောင် ကောင်းကင်တမန်များသည် တိုက်ခိုက်ခြင်းဆိုင်ရာလေများကိုထိန်းချုပ်ထားကြမည်ဖြစ်သော်လည်း ထိုမုန်တိုင်းကြီးသည် ပေါက်ကွဲရန် အဆင်သင့်စုစည်းလျက်ရှိရာ ဘုရားသခင်က လေများကိုလွှတ်လိုက်ဖို့ ကောင်းကင်တမန်များကိုအမိန့်ပေးလိုက်သည်နှင့်တစ်ပြိုင်နက်ရေးသားဖော်ပြနိုင်စွမ်းမရှိလောက်အောင် ကြောက်စရာကောင်းသည့်တိုက်ခိုက်မှုမြင်ကွင်းတစ်ခုသည်ပေါ်ထွက်လာလိမ့်မည်။ Ed, pp. 179, 180 (1903).

ယေရုရှလင်မြို့အပေါ်သို့ကျရောက်မည့်ပြစ်ဒဏ်စီရင်ခြင်းနှင့်ပတ်သက်သည့် ခရစ်တော်၏အနာဂတ္တိစကားသည် အခြားဖြစ်ရပ်ကြီးတစ်ခုပြည့်စုံလာမည့်အကြောင်းကိုလည်းဖော်ညွှန်းပါသည်။ ယေရုရှလင်မြို့၌ဖြစ်ပျက်ခဲ့သည့် အနိဋ္ဌာရုံသည် ပုံရိပ်တစ်ခုသာဖြစ်ပါသည်။ ဘုရားသခင်၏ကရုဏာတော်ကိုငြင်းပယ်ကာ ပညတ်တော်ကိုနင်းချေခဲ့သည့် ကမ္ဘာတစ်ခုအပေါ်သို့ကျရောက်မည့်ပြစ်ဒဏ်စီရင်မှုကို ရွေးချယ်ခြင်းခံရဖူးသော ထိုမြို့တော်ရင်ဆိုင်ခဲ့ရသည့် ကြမ္မာဆိုးတွင်တွေ့မြင်နိုင်ကြပါသည်။ GC, p. 36 (1911).

စာတန်သည် ဤကမ္ဘာကြီးအား ထိုအချိန်တွင်နောက်ဆုံးသောဒုက္ခဆင်းရဲခြင်းထဲသို့တွန်းပို့လိုက်ပါလိမ့်မည်။ ဘုရားသခင်၏ကောင်းကင်တမန်များသည် ကြောက်စရာကောင်းသည့် ရမ္မက်လေများကိုလွှတ်လိုက်သောအခါ တိုက်ခိုက်မှုဆိုင်ရာ အင်အားစုများသည် အထိန်းအချုပ်ကင်းမဲ့သွားကြပါသည်။ ထိုအခါတွင် ဤကမ္ဘာကြီး၌ဖြစ်ပျက်မည့် ပျက်စီးဆုံးရှုံးမှုများသည် ယေရုရှလင်

တွင်မြင်တွေ့ခဲ့ရသောအရာများထက် ပို၍ကြောက်စရာကောင်းပါသည်။ GC, p. 514 (1911).

**ထာဝရဘုရားသခင်သည် ကရုဏာတော်နှင့်ပြည့်စုံသကဲ့သို့ တရားမျှတမှုနှင့်လည်းပြည့်စုံခြင်း**

ကရုဏာတော်၊ သည်းခံခြင်း၊ ကြင်နာခြင်း၊ ကောင်းမြတ်ခြင်း၊ မှန်ကန်ခြင်းတို့သည် ထာဝရဘုရားသခင်၏တန်ခိုးတော်ပင်ဖြစ်သည်။ သို့ရာတွင် ကရုဏာတော်တွင်ထင်ရှားလျက်ရှိသည့် ကိုယ်တော်ရှင်၏ဘုန်းတော်မျိုး ကိုအပြစ်သားများအား ပြစ်ဒဏ်စီရင်သည့် ဖြောင့်မှန်ခြင်း၌လည်း ထင်ရှားလျက် ရှိပါသည်။ RH, March 10 (1904).

ထာဝရဘုရားသခင်သည် အီဂျစ်ပြည်မှ ဘုရားများကိုပြစ်ဒဏ်စီရင် တော်မူခဲ့သကဲ့သို့ ဤလောကရှိဘုရားများကိုလည်း ပြစ်ဒဏ်စီရင်တော်မူလိမ့် မည်။ ကိုယ်တော်ရှင်သည် မီးအားဖြင့်လည်းကောင်း၊ ရေအားဖြင့်လည်းကောင်း၊ ဘေးဒဏ်များ၊ မြေငလျင်လှုပ်ခြင်းများအားဖြင့်လည်းကောင်း ဤကမ္ဘာတစ်ခု လုံးကိုပျက်စီးစေတော်မူလိမ့်မည်။ ထိုအချိန်တွင် ကိုယ်တော်၏ကယ်တင်ခြင်း ခံရသူများသည် နာမတော်ကိုချီးမြှောက်ကာ ဤကမ္ဘာကြီးအား မင်္ဂလာ အပေါင်းနှင့်ပြည့်ဝစေကြလိမ့်မည်။ ကမ္ဘာ့ရာဇဝင်၏ နောက်ဆုံးသော အချိန်တွင်ရှိနေသည့် ကျန်ကြွင်းသောအသင်းတော်မှ ပုဂ္ဂိုလ်များသည် ဤသင်ခန်းစာနှင့်ပတ်သက်၍ အသိတရားမရှိကြတော့ဖူးလား။ 10MR, pp. 240-241 (1899).

ကျွန်ုပ်တို့အတွက် ကြားဖျန်ဖြေသူတစ်ပါးအဖြစ်ရပ်တည်ခဲ့သော ပုဂ္ဂိုလ်များ၊ ကျွန်ုပ်တို့အပြစ်ဝန်ချတောင်းပန်ခြင်းနှင့်ဆုတောင်းချက်များကိုနား ညောင်းခဲ့သောပုဂ္ဂိုလ်၊ ကျေးဇူးတော်နှင့်ချစ်ခြင်းမေတ္တာကိုအထိမ်းအမှတ်ပြုသည့် ဦးခေါင်းတော်ထက်တွင်ရစ်ပတ်ထားသော သက်တံနှင့်ပုံနှိုင်းခြင်းခံရသော ပုဂ္ဂိုလ်၊ ထိုပုဂ္ဂိုလ်ကြီးသည် ကောင်းကင်ဗိမာန်တော်တွင် မိမိလုပ်ဆောင်ဆဲအမှု တော်ကိုမကြာမီတွင် ရပ်စီလိုက်ပေတော့မည်။ ထိုအချိန်တွင် ကျေးဇူးတော်

နှင့်ကရုဏာတော်တို့သည် ပလ္လင်ထက်မှ ဆင်းသက်ကြွမြန်းသွားကာ ဖြောင့်မှန်ခြင်းသည်နေရာယူပါလိမ့်မည်။ မိမိ၏လူတို့က စောင့်မျှော်နေသည့် ကိုယ်တော်ရှင်သည် မိမိ၏အခွင့်အာဏာတည်းဟူသောတရားသူကြီးတာဝန်ကိုထမ်းဆောင်တော်မူလိမ့်မည်။ RH, Jan. 1 (1889).

ထာဝရဘုရားသခင်သည် ကရုဏာတော်နှင့်ပြည့်ဝပြီး ကျေးဇူးပြုတတ်သည့် ဘုရားတစ်ဆူဖြစ်ကြောင်း သမ္မာကျမ်းစာတွင် ဖော်ပြထားရုံသာမက မျက်နှာမလိုက်ဘဲ တိတိကျကျမှန်မှန်ကန်ကန်တရားစီရင်တတ်သောဘုရားသခင်ဖြစ်ကြောင်းကိုလည်းဖော်ပြထားပါသည်။ ST, March 24 (1881).

**ထာဝရဘုရားသခင်၏ပြစ်ဒဏ်စီရင်ခြင်း၏
ဧကန်အမှန်ဖြစ်ခြင်း**

ဘုရားသခင်သည်မေတ္တာတော်အရှင်ဖြစ်သောကြောင့် အပြစ်သားများကို အမှန်တကယ်ဖျက်ဆီးပစ်မှာမဟုတ်ဟု ယခုခေတ်လူသားများတွေးခေါ်ကြသည်။ အမှန်မှာ လူတို့သည် မိမိတို့၏စီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ နိမ့်ကျသောစံဖြင့် ဆင်ခြင်တွေးခေါ်နေခြင်းသာဖြစ်ပါသည်။ "ငါ့ကိုသင်နှင့်တူသည်ဟုထင်လေပြီတကား" ဟု ဘုရားသခင်မိန့်မြွက်ထားပါသည်။ (ဆာလံ ၅၀း၂၁)။ ထိုသူတို့သည် မိမိတို့အထွာနှင့်ဘုရားသခင်ကိုတိုင်းတာနေကြပါသည်။ ထိုအခြေအနေမျိုးတွင် မိမိတို့ပြုမူဆောင်ရွက်သည့်အတိုင်း ဘုရားသခင်လုပ်ဆောင်လိမ့်မည်အထင်နှင့် ဘုရားသခင်ကိုတိုင်းတာကာ ဆုံးဖြတ်ချက်ချနေကြပါသည်။

မည်သည့်တိုင်းနိုင်ငံ၊ မည်သည့်အစိုးရမှာမှ ဥပဒေလွန်ကျူးသူများအား မည်ကဲ့သို့အပြစ်ပေး၊ အရေးယူရမည်ကိုပြောရန် ထိုဥပဒေလွန်ကျူးသူများလက်တွင် အာဏာပေးထားလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့ရရှိထားသည့် ကျေးဇူးတော်ဆိုင်ရာ နယ်နိမိတ်အငမ်းအတာအားလုံးအတွက် ဘုရားသခင်၏ထံ၌ ကျွန်ုပ်တို့အကြွေးတင်နေကြပါသည်။ ထာဝရဘုရားသခင်ကဲ့သို့သောဘုရားသခင်ကိုဆန့်ကျင်၍ ပို၍အပြစ်ကျူးလွန်စေသည့် အကျင့်စာရိတ္တမျိုးကို

ခန့်မှန်းရသည်မှာ ကောင်းကင်အကျယ်ကိုခန့်မှန်းရသည်ထက်ပို၍ ခက်ခဲပါသည်။ ထာဝရဘုရားသခင်သည် ခမည်းတော်ဘုရားသခင်ဖြစ်တော်မူသကဲ့သို့ စာရိတ္တပိုင်းဆိုင်ရာစိုးမိုးသူတစ်ပါးလည်းဖြစ်သည်။ ကိုယ်တော်သည် ဥပဒေပြုသူတစ်ပါးဖြစ်သလို ဥပဒေအတိုင်းစီရင်သူလည်းဖြစ်သည်။ ပြစ်ဒဏ်စီရင်မှုမပါရှိသည့် ဥပဒေသည် စွမ်းအားမပါသည့်ဥပဒေဖြစ်သည်။

မေတ္တာတော်ရှင် ထာဝရဘုရားသခင်သည် ကိုယ်တော်၏သားသမီးများကိုသက်သာခွင့်ပေးနိုင်သည့်တန်ခိုးတော်နှင့်ပြည့်စုံပါလျက်နှင့်၎င်းတို့အပြစ်ဒဏ်ခံစားနေရသည်ကိုကြည့်မနေဖို့ အသနားခံကောင်းအသနားခံနိုင်ပါသည်။ သို့ရာတွင် မိမိလူတို့၏လုံခြုံမှုနှင့်ကောင်းကျိုးချမ်းသာကိုရှေးရှုလျက် ပညတ်တော်လွန်ကျူးသူများအား အပြစ်ပေးတော်မူလိမ့်မည်။ ကိုယ်တော်ရှင်သည် လူသားများ၏အကြံအစည်အတိုင်း လုပ်ဆောင်တော်မူမည်မဟုတ်ပါ။ လူသားအချင်းချင်းအသုံးပြုခွင့်မရှိသည့် တရားမျှတမှုကို ထာဝရဘုရားသခင်အသုံးပြုနိုင်တော်မူပါသည်။ မိမိအားပြက်ရယ်ပြု၊ ဒုက္ခပေးနေသည့်လူသားများရေနစ်သေသည်ကို နောဧမလိုလားသော်လည်း ဘုရားသခင်သည်တစ်လောကလုံးကို ရေနစ်စေတော်မူခဲ့သည်။ လောတသည် မိမိ၏သားမက်များအပေါ်ပြစ်ဒဏ်စီရင်သည်ကို နှစ်သက်မည်မဟုတ်သော်လည်း ထာဝရဘုရားသခင်သည် တိကျဖြောင့်မှန်သောအမှုကိုပြုတော်မူခဲ့ပါသည်။

ပြုတော်မူမည်ဟု မိန့်တော်မူသည့်အတိုင်း ထာဝရဘုရားပြုတော်မူလိမ့်မည်မဟုတ်ဟု မည်သူပြောမည်နည်း။ 12MR, pp. 207-209. 10MR, p. 265 (1876).

**ထာဝရဘုရားသခင်၏အကာအကွယ်များဖယ်ရှားလိုက်သောအချိန်တွင်ပြစ်ဒဏ်စီရင်မှုကျရောက်ခြင်း**

ပြစ်ဒဏ်စီရင်ခြင်းသည် လူသားများအပေါ်သို့ ဘုရားသခင်ထံမှတိုက်ရိုက်ကျရောက်လာခြင်းမဟုတ်ဘဲ လူသားများက မိမိကိုယ်ကို ဘုရားသခင်၏အကာအကွယ်မရနိုင်သည့်နေရာ၌ထားသောကြောင့်ဖြစ်ပေါ်လာသောအကျိုး

ဆက်ဖြစ်ကြောင်း ကျွန်ုပ်အား ရူပါရုံတွင်ဖော်ပြတော်မူခဲ့ပါသည်။ ထာဝရဘုရားသခင်သည်သတိပေးပြုပြင်ဆုံးမတော်မူရုံသာမက လုံခြုံသောလမ်းကိုသာ ညွှန်ပြတော်မူတတ်ပါသည်။ ကိုယ်တော်၏အထူးစောင့်ရှောက်ခြင်းခံသူများသည် အထပ်ထပ်သတိပေးနေသည့်ကြားမှ ဝိညာဉ်တော်ဘုရားကိုအားကိုးခြင်းမပြုဘဲ ကိုယ်ကြိုက်သည့်လမ်းကိုလိုက်ခဲ့လျှင်သော်လည်းကောင်း၊ ကိုယ်ကြိုက်သည့် လမ်းစဉ်ကို ရွေးချယ်ခဲ့ကြလျှင်သော်လည်းကောင်း စာတန်၏တိုက်ခိုက်မှုများကိုတားဆီးရန် ကောင်းကင်တမန်များကို ထာဝရဘုရားစေလွှတ်တာဝန်ပေးတော့မည်မဟုတ်ပါ။

လူအများကို မိမိ၏သားကောင်ဖြစ်လာစေဖို့ ဘေးဒဏ်များကိုအသုံးပြုကာ ကုန်းပေါ်၌လည်းကောင်း၊ ရေထဲတွင်လည်းကောင်း လုပ်ဆောင်နေသောအရာမှာ စာတန်၏တန်ခိုးပင်ဖြစ်သည်။ 14MR, p. 3 (1883).

ဘုရားသခင်၏သမ္မာတရားကို အသေရေယုတ်စေပြီးထင်ယောင်ထင်မှားဖြစ်စေသည့် ယုတ်ညံ့သောလမ်းစဉ်များနောက်သို့ လိုက်နေသူများအား အပြစ်ပေးရန်ကြားခံပစ္စည်းများအဖြစ် မိမိရန်သူများကို ထာဝရဘုရားသခင်အသုံးပြုတော်မူလိမ့်မည်။ PC, p. 136 (1894).

အစော်ကားခံ၊ အငြင်းပယ်ခံရပြီး မတရားအသုံးပြုခြင်းခံရသောဝိညာဉ်တော်ဘုရားကို ဤကမ္ဘာမှရုပ်သိမ်းတော်မူလျက်ရှိပါသည်။ ထိုဝိညာဉ်တော်ဘုရားကိုရုပ်သိမ်းပြီးသည်နှင့်တစ်ပြိုင်နက် စာတန်၏ရက်စက်သောလုပ်ဆောင်မှုများသည် ကုန်း၌လည်းကောင်း၊ ရေထဲတွင်လည်းကောင်း ထင်ရှားစွာပေါ်ထွက်လာကြလိမ့်မည်။ Ms, p. 134 (1898).

ထိုလူယုတ်မာများသည် ကရုဏာတော်နယ်နိမိတ်အပြင်သို့ ကျော်သွားခဲ့ကြချေပြီ။ ထပ်ခါတလဲငြင်းပယ်ခြင်းခံခဲ့ရသော ဘုရားသခင်၏ဝိညာဉ်တော်သည် နောက်ဆုံးတွင် ရုပ်သိမ်းခြင်းခံခဲ့ရချေပြီ။ ကရုဏာတော်၏ကွယ်ကာမှုအောက်တွင်မရှိတော့သည့် ၎င်းတို့၌ ထိုယုတ်မာသူကြီး၏ရန်မှ ကာကွယ်မည့်သူမရှိတော့ပြီ။ GC, p. 614 (1911).

## သန့်ရှင်းသောကောင်းကင်တမန်များက ဖျက်ဆီးမည့်အချိန်

ယေရိခေါမြို့ကိုထာဝရဘုရားသခင်ပြစ်ဒဏ်စီရင်တော်မူခဲ့သည်။ ထိုမြို့သည်ခံတပ်ကဲ့သို့အခိုင်အမာတည်ဆောက်ထားသောမြို့တစ်မြို့ဖြစ်သော်လည်း ထိုမြို့ကိုတိုက်ခိုက်မည့်ကောင်းကင်တမန်များကိုဦးဆောင်ရန် ကောင်းကင်တမန်ဗိုလ်မင်းကိုယ်တိုင် ကောင်းကင်မှဆင်းလာတော်မူခဲ့ပါသည်။ ထာဝရဘုရားသခင်၏ကောင်းကင်တမန်များသည် ထိုမြို့မှမြို့ရိုးများကိုဖြိုချပစ်ခဲ့ကြပါသည်။ 3T, p. 264 (1873).

ဘုရားသခင်၏အုပ်စိုးမှုအောက်တွင် ထိုကောင်းကင်တမန်များသည် ခွန်အားနှင့်ပြည့်စုံကြပါသည်။ သူတို့သည်ခရစ်တော်အမိန့်တော်ကိုနာခံလျက် တစ်ညဉ့်ထဲတွင် အာရှုရိစစ်သား(၁၈၅၀၀၀)ယောက်ကိုသုတ်သင်ခဲ့သည့် ဖြစ်ရပ်တစ်ခုရှိခဲ့ပါသည်။ DA, p. 700 (1898).

ပေတရုကိုကယ်ဆယ်ရန် ကောင်းကင်ရွှေနန်းမှလာခဲ့သော ကောင်းကင်တမန်သည်ပင် ဟေရုဒ်မင်းအားပြစ်ဒဏ်စီရင်မည့်သတင်းကိုသွားပေးခဲ့ပါသည်။ ထိုကောင်းကင်တမန်သည် ပေတရုအားရိုက်ပုတ်၍နှိုးခဲ့သည်။ သို့ရာတွင် မင်းဆိုးမင်းညစ်ဟေရုဒ်အား ပြစ်ဒဏ်စီရင်သည့်အနေဖြင့်ရိုက်လိုက်သည့်ရိုက်ချက်နှင့်ယခုပေတရုကိုနှိုးရန်ရိုက်ပုတ်လိုက်သည့် ရိုက်ချက်မှာ မတူညီကြပါ။ ၎င်းရိုက်လိုက်သည့် ဟေရုဒ်မင်းမှာ ဘုရားသခင်၏ပြစ်ဒဏ်စီရင်မှုအောက်တွင် ကိုယ်ရောစိတ်ပါဝေဒနာခံစားလျက်သေဆုံးသွားခဲ့ပါသည်။ AA, p. 152 (1911).

ကောင်းကင်တမန်တစ်ပါးတည်းက အီဂျစ်ပြည်ရှိသားဦးများကို သတ်ကာ တစ်ပြည်လုံးကိုပူဆွေးစေခဲ့ပါသည်။ ဒါဝိဒ်မင်းသည်လူတို့ကိုရေတွက်ခြင်းအားဖြင့် ဘုရားသခင်ကိုစော်ကားမိခဲ့သောအချိန်တွင် ကောင်းကင်တမန်တစ်ပါး၏ကြောက်စရာဖျက်ဆီးခြင်းအားဖြင့် ထိုမင်းအားအပြစ်ပေးခဲ့ပါသည်။ ဘုရားသခင်ကအမိန့်ပေးသောအချိန်တွင် သန့်ရှင်းသောကောင်းကင်တမန်များ

အသုံးပြုသည့် ထိုအဖျက်တန်ခိုးမျိုးကို ကိုယ်တော်ရှင်ခွင့်ပြုသောအချိန်တွင် ဆိုးယုတ်သော ကောင်းကင်တမန်များကလည်း အသုံးပြုကြလိမ့်မည်။ နေရာအနှံ့တွင်အဖျက်လုပ်ငန်းများကိုလုပ်ရန် ဘုရားသခင်၏ခွင့်ပြုမိန့်ကိုစောင့်နေသောကောင်းကင်တမန်များသည် ယခုတွင်အသင့်အနေအထားတွင်ရှိနေကြပါသည်။ GC, p. 614 (1911).

**ပထမဘေးဒဏ်(၂)ပါး**

ခရစ်တော်သည် ကောင်းကင်ဗိမာန်တော်၌ဆောင်ရွက်နေသော ကြားဖျန်ဖြေရေးအမှုတော်ကိုရပ်တန့်လိုက်သောအချိန်တွင် အမျက်တော်စစ်စစ်ကိုသားရဲနှင်တကွသူ၏ရုပ်တု၊ သူ၏တံဆိပ်ကိုလက်ခံကိုးကွယ်သူများအပေါ်သို့သွန်းလောင်းလိမ့်မည်။ (ဗျာ ၁၄း၉–၁၀)။ ဣသရေလများအား အီဂျစ်ပြည်မှ ကယ်နုတ်ခါနီးကလေးတွင် အီဂျစ်ပြည်ပေါ်သို့ကျခဲ့သည့်ဘေးဒဏ်များသည် ဘုရားသခင်၏လူတို့အား ဤအပြစ်ကမ္ဘာမှ ကယ်နုတ်ခါနီးကလေးတွင် ဤကမ္ဘာပေါ်သို့ကျမည့်ဘေးဒဏ်များနှင့်သဘာဝအားဖြင့်တူသော်လည်း ဤကမ္ဘာသို့ကျမည့် ဘေးဒဏ်များသည် ပို၍ကြောက်စရာကောင်းပြီး ပို၍ပြင်းထန်ပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ယောဟန်ဖွင့်ဆိုထားသည်မှာ "သားရဲ၏တံဆိပ်လက်မှတ်ကိုခံ၍ သူ၏ရုပ်တုကို ကိုးကွယ်သောလူတို့၌ အလွန်ဆိုးသောအနာစိမ်းပေါက်လေ၏။ –––– ပင်လယ်သည် လူသေ၏အသွေးကဲ့သို့သောအသွေးဖြစ်၏။ ပင်လယ်၌အသက်ရှင်သောသတ္တဝါအပေါင်းတို့သည်သေကြ၏ဟူ၍ဖြစ်၏။ " (ဗျာ ၁၆း၂–၃) GC, pp. 627, 628 (1911).

ဘေးဒဏ်ကြီးများ– ဤကမ္ဘာသူကမ္ဘာသားများအပေါ်ကျသောအခါ အချို့မှာ ထာဝရဘုရားသခင်အားအပြစ်တင်ကျိန်ဆဲကြပြီး အချို့မှာမူ ထိုဘေးဒဏ်များ၏ရန်မှလွတ်မြောက်ရန် နည်းလမ်းများပေးမည့်အကြောင်း ဘုရားသခင်၏လူတို့ထံသို့ပြေးသွားကာ အသနားခံကြပါသည်။ သို့ရာတွင် ထိုသူတော်စင်များသည် ၎င်းတို့အတွက်ဘာမျှမစနိုင်ခြင်းမရှိတော့ချေ။ ထိုသူတို့သည် အပြစ်သားများအတွက် နောက်ဆုံးမျက်ရည်ကျပြီးခဲ့ကြပြီ၊ နောက်ဆုံး

ဆုတောင်းချက်ကို ပတ္ထနာပြုပြီးခဲ့ကြပြီ၊ နောက်ဆုံးဝန်ကိုထမ်းကာ နောက်ဆုံးသတိပေးစကားကိုပြောပြီးခဲ့ကြချေပြီ။ EW, p. 281 (1858).

**တိတိယဘေးဒဏ်ကြီး**

ကောင်းကင်ဗိမာန်တော်တွင် ထမ်းဆောင်နေသောအမှုတော်ကို ခရစ်တော်လက်စသတ်ပြီးသည့်အချိန်အထိ ကောင်းကင်တမန်များသည်လေများကိုထိန်းချုပ်ထားသည်ကို ကျွန်ုပ်မြင်တွေ့ခဲ့ရသည်။ ထိုနောက်မှ ဘေးဒဏ်ကြီးခုနစ်ပါးကျရောက်လာမည်ဖြစ်သည်။ ထိုဘေးဒဏ်များကြောင့် လူယုတ်မာများက ဖြောင့်မတ်သူများကိုစိတ်ဆိုးနေကြသည်။ ထိုသူများကြောင့် မိမိတို့အပြစ်ဒဏ်စီရင်မှုခံနေရသည်ဟူ၍လည်းကောင်း၊ ထိုသူများကို သာရှင်းပစ်နိုင်ခဲ့လျှင် ဘေးဒဏ်ကြီးများလည်းရပ်တန့်သွားလိမ့်မည်ဟူ၍လည်းကောင်း လူယုတ်မာများက အထင်ရှိနေကြပါသည်။ ထိုကြောင့် မိမိတို့အား နေ့ညမပြတ် ငိုကြွေးစေသည့် ထိုဖြောင့်မတ်သူများကိုသုတ်သင်ပစ်ဖို့ သူတို့အမိန့်ထုတ်ခဲ့ကြပါသည်။ EW, pp. 36,37 (1851).

"တတိယကောင်းကင်တမန်သည် မိမိဖလားကိုမြစ်ပေါ်သို့လည်းကောင်း၊ စမ်းရေတွင်းပေါ်သို့လည်းကောင်း သွန်းလောင်းလျှင် ထိုအရာတို့သည်အသွေးဖြစ်ကြ၏" ကြောက်စရာကောင်းသည့် ဤပြစ်ဒဏ်စီရင်ခြင်းများက ဘုရားသခင်၏ဖြောင့်မှန်ခြင်းကိုထင်ရှားစွာဖော်ပြနေကြပါသည်။ ဘုရားသခင်၏ကောင်းကင်တမန်က "ကိုယ်တော်သည် ဤသို့တရားစီရင်တော်မူခြင်းအမှုမှာဖြောင့်မတ်တော်မူ၏။ ထိုသူတို့သည် သန့်ရှင်းသူတို့၏အသွေး၊ ပုရောဖက်တို့၏အသွေးကိုသွန်းလောင်းကြသည်ဖြစ်၍ သူတို့အားအသွေးကိုတိုက်တော်မူပြီ။ သူတို့လည်းခံထိုက်ပါ၏" ဟုကြွေးကြော်ကြသည်။ (ဗျာ ၁၆း၂–၆)။ ဘုရားသခင်၏သားသမီးများကိုသေပြစ်စီရင်ခဲ့ကြသော ထိုသူတို့သည် ၎င်းတို့ကြောင့် ကျခဲ့သည့်သွေးများအတွက် ၎င်းတို့တွင်အမှန်တကယ်တာဝန်ရှိနေပါသည်။ GC, p. 628 (1911).

## စတုတ္ထဘေးဒဏ်ကြီး

စတုတ္ထဘေးဒဏ်တွင် နေကိုတန်ခိုးပေးလိုက်သဖြင့် "နေသည် လူတို့ကိုမီးလောင်ရသောအခွင့်ကိုရ၏။ ပူအားကြီးသောအရှိန်ဖြင့် လူတို့သည် လောင်ခြင်းကိုခံရ၏" (ဗျာ ၁၆း၈–၉)။ ဤအကြောင်းအရာနှင့်ပတ်သက်သည့် အရာများကို ပရောဖက်များက မှတ်တမ်းတင်ထားကြပါသည်။ "ထာဝရဘုရားသခင်အမှုတော်စောင့် ပုရောဟိတ်တို့သည် ငိုကြွေးမြည်တမ်းကြ၏–––လယ်လုပ်သောသူတို့ လယ်၌ရိတ်ရသောအသီးအနှံပျက်သောကြောင့်–––မြည်တမ်းကြလော့–––သစ်ပင်ရှိသမျှတို့သည် ညှိုးနွမ်းကြ၏။ အကယ်စင်စစ် လူသားတို့၌ ဝမ်းမြောက်စရာအကြောင်းသည် သွေ့ခြောက်၏" (ယောလ ၁း၁၀–၁၂)။ "မျိုးစေ့တို့သည်မြေစိုင်အောက်မှာပုပ်ကြ၏။ စပါးပြတ်သောကြောင့် စပါးကျီတို့သည်ပျက်ကြ၏။ တိရစ္ဆာန်တို့သည် အလွန်မြည်တမ်းကြ၏။ နွားစုတို့သည်ကျက်စားရာအရပ်မရှိသောကြောင့် ပင်ပန်းကြ၏–––မြစ်ရေခန်းခြောက်ပါပြီ။ တော၌ကျက်စားရာအရပ်တို့ကိုလည်း မီးလောင်ပါပြီ။" ( ငယ် ၁၇–၂၀)။

"ထိုကာလ၌ နန်းစဉ်ကချေသည်တို့သည်မြည်တမ်းကြလိမ့်မည်။ အရပ်ရပ်တို့၌ များစွာသောအသေကောင်ရှိ၍ လူတို့သည်တိတ်ဆိတ်စွာပစ်ချကြလိမ့်မည်။" (အာမုတ် ၈း၃)။

ဤဘေးဒဏ်ကြီးသည် ကမ္ဘာ့အတိုင်းအတာဖြင့် ကျရောက်ကာ ကမ္ဘာသူကမ္ဘာသားအားလုံးကို သုတ်သင်ပစ်မည်တော့မဟုတ်ပါ။ သို့စေကာမူ တွေ့ကြုံသမျှအထဲတွင် အပြင်းထန်ဆုံးသောရိုက်ချက်တစ်ခုဖြစ်နေပါလိမ့်မည်။ GC, pp. 628, 629 (1911).

## ပဥ္စမဘေးဒဏ်

သန်းခေါင်ယံညဥ့်အမှောင်ထက် ပို၍မိုက်သောအမှောင်ထုကြီး ကမ္ဘာပေါ်သို့ကျရောက်လာသောအချိန်တွင် လူယုတ်မာများသည် ၎င်တို့၏သားကောင်များထံသို့သွားရောက်သုတ်သင်ကြလုဆဲဆဲဖြစ်ပါသည်။

ထိုအချိန်၌ ဘုရားသခင်၏ပလ္လင်ထက်မှ ဖြာထွက်လာသော ဘုန်းတော်နှင့်ပြည့်စုံသည့် သက်တံတစ်ခုသည် ဆုတောင်းပတ္ထနာပြုနေသော အဖွဲ့ငယ်တိုင်းသို့ ရစ်ဝိုင်းထားလိုက်ပါသည်။ ဒေါမာန်ထနေသော ထိုလူအုပ်ကြီးသည် ရုတ်တရက်မှင်သက်မိသွားကာ ပြက်ရယ်သံများလည်းငြိမ်သွားပါသည်။ စိတ်မာန်များလည်းပျောက်ကွယ်သွားကာ ဘုရားသခင်၏ပဋိညာဉ်ဖြစ်သော ထိုအထိမ်းအမှတ်ကိုကြည့်ကာ ထွန်းတောက်နေသောရောင်ခြည်တော်မှ အကာအကွယ်ရရန် တောင့်တနေကြပါသည်။

မိမိလူတို့ကို ကယ်တင်ဖို့ ထာဝရဘုရားသခင်သည် ညဥ့်သန်းခေါင်အချိန်တွင် တန်ခိုးပြတော်မူခဲ့ပါသည်။ နေမင်းကြီးသည်အစွမ်းကုန်ထွန်းတောက်နေပါသည်။ ထိုနောက် ထူးဆန်းသောနိမိတ်လက္ခဏာများသည်တစ်ခုပြီးတစ်ခု အလျင်အမြန်ဖြစ်ပေါ်လာကြပါသည်။ ထိုလူယုတ်မာများသည်ထိုမြင်ကွင်းကို အံ့သြထိတ်လန့်စွာဖြင့်ကြည့်နေကြစဉ် ဖြောင့်မတ်သူများမှာမူ မိမိတို့အားကယ်တင်သည့် ထိုအထိမ်းအမှတ်ကိုဝမ်းပန်းတသာဖြင့် မျှော်ကြည့်နေကြပါသည်။ GC, pp. 635, 636 (1911).

### ကောင်းကင်ယံတွင် ပညတ်တော်ပေါ်ထွန်းခြင်း

ပညတ်တော်ကျောက်ပြားနှစ်ချပ်စလုံးကို အတူတွဲ၍ ကိုင်ထားသည့် လက်တော်သည် ကောင်းကင်ယံတွင်ပေါ်ထွက်လာသည်။ "ဖြောင့်မတ်တော်မူခြင်းအကြောင်းကို ကောင်းကင်တို့သည်ထင်ရှားစွာပြကြလိမ့်မည်။" (ဆာလံ ၅၀း၆)။ လူသားများအတွက် လမ်းညွှန်အဖြစ်သိနာတောင်မီလျှံများကြားမှ ဖွင့်ဆိုခဲ့သော ဘုရားသခင်၏ဖြောင့်မတ်ခြင်းတည်းဟူသော သန့်ရှင်းသော ထိုပညတ်တော်သည် တရားစီရင်ခြင်းအတွက် ဥပဒေသတစ်ခုအဖြစ် လူသားများအား ယခုဖော်ပြနေပါသည်။ ထိုလက်တော်က ကျောက်ပြားနှစ်ခုကိုဖွင့်လိုက်သည်နှင့် မီးမှင်တံအားဖြင့်ရေးဆွဲထားသည့် ပညတ်တော်ဆယ်ပါးကိုတွေ့မြင်ရပါသည်။ စာလုံးများသည် လူတိုင်းဖတ်နိုင်လောက်အောင်

ရှင်းလင်းပြတ်သားလှပါသည်။ မှတ်ဉာဏ်များပြန်လည်နိုးကြားလာပါသည်။ စိတ်နှလုံးကိုဖုံးအုပ်ထားသော အယူသီးခြင်းနှင့်အယူမှားခြင်း မှောင်မိုက်များလည်းကင်းစင်သွားရာ အဓိပ္ပါယ်ပေါ်လွင်ပြီး ထိရောက်မှုရှိသည့် ပညတ်တော်ဆယ်ပါး၏အကျဉ်းကို တစ်ကမ္ဘာလုံးကမြင်နိုင်အောင်တင်ဆက်ထားပါသည်။ GC, p. 639 (1911).

**သိုးထိန်းအတုများအား**
**နောက်ဆုံးအပြစ်စီရင်ခြင်း**

အလင်းတရားကိုတွေ့မြင်ကာ အမှန်တရားကိုသိပါလျက်နှင့် မိမိတို့၏ကယ်တင်ခြင်းအတွက် မိမိတို့၏တရားဟောဆရာများကို ကိုးစားမိခဲ့ကြသူများသည် ၎င်းတို့၏ပညတ်တော်လွန်ကျူးခြင်းများအတွက် ရွေးနုတ်ပေးမည့်အခြားသူများမရှိတော့သည်ကို ထိုနေ့တွင်သိကြရလိမ့်မည်။ "ငါ့တော့ ထာဝရသေဆုံးခြင်းကိုရင်ဆိုင်တော့မည်" ဟူသော ကြောက်စရာဟစ်အော်သံများထွက်ပေါ်လာပါသည်။ မှားယွင်းသောတရားများကိုဟောကာ လမ်းမှားသို့ပို့ခဲ့သည့် ၎င်းတို့၏တရားဟောဆရာများကိုအပိုင်းပိုင်းဖြစ်အောင်လုပ်ပစ်ချင်စိတ်များ လူတို့၌ပေါ်နေလိမ့်မည်။ 4BC, p. 1157 (1900).

လူအားလုံးက ၎င်းတို့၏တရားဟောဆရာများအပေါ်တွင်ခါးခါးသီးသီးအပြစ်ပုံနေကြပါသည်။ သစ္စာမဲ့သောထိုတရားဟောဆရာများသည် အနာဂတ်တွင်ကောင်းစားမည့်အရာများအကြောင်းကိုသာဟောခဲ့ကြသည်။ ပညတ်တော်ကိုဘေးဖယ်ထားဖို့လမ်းပြခဲ့ကြရုံသာမက ပညတ်တော်စောင့်သူများကိုပင် နှိပ်စက်ညှဥ်းပန်းကြရန်သူတို့တိုက်တွန်းခဲ့ကြပါသည်။ ယခုတွင်မူ မိမိတို့သည်လှည့်ဖြားသောအမှုတော်ကိုဆောင်ရွက်ခဲ့ကြကြောင်း ကမ္ဘာကြီးရှေ့တွင် ထိုဆရာများဝန်ခံနေကြပါပြီ။ "ငါတို့တော့ဆုံးရှုံးခြင်းသို့ရောက်ပြီ" ဟု လူထုကြီးကစိတ်ဆိုးမာန်ဆိုးဖြင့်အော်ဟစ်နေပါသည်။ "မင်းတို့ကြောင့်ဒို့ပျက်စီးရတာ" ဟုလည်း သူတို့မြည်တမ်းနေကြပါသည်။ တစ်ချိန်က ၎င်းတို့

ချီးမွမ်းလေးစားခဲ့သောသူကို ယခုတွင်သူတို့ကျိန်ဆဲနေကြသလို တစ်ချိန်က သရဖူဆောင်းပေးခဲ့သော ၎င်းတို့၏လက်များသည် ထိုသူများကိုသတ်ဖို့အသုံးပြု သောလက်များဖြစ်နေပါသည်။ ဘုရားသခင်၏သားသမီးများကိုသတ်ဖြတ်မည့် ဓါးများသည် ယခုတွင် ၎င်းတို့၏ရန်သူများကိုသတ်ရန်အတွက် အသုံးပြုလာ ကြပါသည်။ GC, pp. 655, 656 (1911).

ဤတွင်အသင်းတော်သည် ဘုရားသခင်၏အမျက်တော်ထိုးနှက်ချက် ကိုပြင်းထန်စွာရှေးဦးစွာခံလိုက်ရကြောင်း ကျွန်ုပ်တို့တွေ့မြင်လိုက်ရပါသည်။ ဘုရားသခင်၏အလင်းပေးခြင်းခံရကာ လူသားများ၏ဝိညာဉ်ရေးလမ်းပြများ အဖြစ်ရပ်တည်ခဲ့ကြသော ရှေးခေတ်လူသားများ (ယေဇကျေလ ၉း၆) သည် သစ္စာဖေါက်ခဲ့ကြချေပြီ။ 5T, p. 211 (1882).

နှုတ်ကပတ်တော်ကို ထိရောက်မှုမရှိတော့အောင် သိုးထိန်းအတု များကလုပ်ခဲ့ကြပါသည်။ သူတို့၏လုပ်ဆောင်မှုများသည် မကြာမီမှာပင် သူတို့ အပေါ်သို့တန်ပြန်အကျိုးသက်ရောက်ပေလိမ့်မည်။ ထိုနောက်အရုပ်တော်ပုံ ဗာဗုလုန်အပေါ်သို့ပြစ်ဒဏ်စီရင်ခြင်းကျရောက်သောအခါ ဖြစ်ပျက်မည့်မြင်ကွင်း များ(ဗျာ ၁၈) ကိုမြင်တွေ့ကြရပါလိမ့်မည်။ Ms, p. 60 (1900).

**ဆဋ္ဌမဘေးဒဏ်**

နတ်ဆိုးများသည် ဘုရားသခင်နှင့်ဆန့်ကျင်ရန်းကန်နေသည့် စာတန် နှင့်ပူးပေါင်းဖို့တိုက်တွန်းရန်အတွက်သော်လည်းကောင်း၊ လှည့်ဖြားမှုများတွင် ခိုင်ခိုင်မာမာရပ်တည်ဖို့သွေးဆောင်ရန်အတွက်သော်လည်းကောင်း လောကီရှင် ဘုရင်များနှင့်ကမ္ဘာ့အနှံ့ရှိလူသားများထံထွက်ခွာသွားကြလိမ့်မည်။ GC, p. 624 (1911).

ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်သည် ဤကမ္ဘာမှတဖြည်း ဖြည်းရုပ်သိမ်းသွားလျက်ရှိသည်။ စာတန်ကလည်း ဘုရားသခင်၏နေ့ကြီး တွင် စစ်တိုက်ရန်အလို့ငှါ လောကီတစ်နိုင်ငံလုံးတွင်ရှိသည့် ရှင်ဘုရင်များထံသို့ သွားကာ စည်းရုံးနေပါသည်။ (ဗျာ ၁၆း၁၄။) 7BC, p. 983 (1890).

နောက်ဆုံးသောအာမဂေဒုန်စစ်ပွဲကြီးအတွက် ကမ္ဘာကြီးအားစည်းရုံးရန် စာတန်ပြုလုပ်မည့်အံ့ဖွယ်နိမိတ်လက္ခဏာများအကြောင်းကို (ဗျာ ၁၆း၁၄–၁၅)တွင် ရှင်ယောဟန်ဖော်ပြပြီးနောက် တံပိုးခရာသံကဲ့သို့ကြည်လင်ပြတ်သားသည့်အသံတစ်ခုထွက်ပေါ်သည်။ "အသံတော်ကား သူခိုးကဲ့သို့ ငါလာ၏၊ အဝတ်အချည်းစည်းနှင့်သွားလာ၍ သူတစ်ပါးရှေ့၌ ရှက်စရာအကြောင်းမရှိစေခြင်းငှါ နိုးလျက်နေ၍ ကိုယ့်အဝတ်ကိုစောင့်သောသူသည် မင်္ဂလာရှိ၏။" (ဗျာ ၁၆း၁၆)။ အာဒံနှင့်ဧဝတို့အပြစ်လွန်ကျူးပြီးသည့်အချိန်မှစ၍ အလင်းဝတ်ရုံကိုပြန်လည်ရုပ်သိမ်းခြင်းခံခဲ့ရသဖြင့် သူတို့သည်အဝတ်အချည်းစည်းရှိကာ လုံးခြုံမှုဆုံးရှုံးခဲ့ရပါသည်။

ဤကမ္ဘာကြီးသည် နောဧအချိန်မှ ကမ္ဘာကြီးနှင့်လည်းကောင်း၊ သောဒုံမြို့သားများကဲ့သို့လည်းကောင်း ဘုရားသခင်၏သတိပေးစကားနှင့်ဆုံးမစကားများကိုမေ့လျော့ကုန်ကြပါလိမ့်မည်။ ထိုသူများသည်ဆိုးညစ်သောအကြံအစည် တီထွင်မှုများနှင့်နိုးထလာကြသော်လည်း ကောင်းကင်မှမီးမိုးရုတ်တရက်ရွာသွန်းကာ ဘုရားတရားမဲ့ကမ္ဘာသားများအားလောင်ကျွမ်းသွားခဲ့ပါသည်။ ထိုနည်းအတူ "လူသားပေါ်ထွန်းသောနေ့၌ဖြစ်လိမ့်မည်။" (လုကာ ၁၇း၃၀) 14MR, pp. 96, 97 (1896).

## အကောင်းနှင့်အဆိုးအကြားဖြစ်ပွားမည့် နောက်ဆုံးတိုက်ပွဲ

ဆန့်ကျင်ဘက်အဖွဲ့နှစ်ဖွဲ့သည်နောက်ဆုံးသောတိုက်ပွဲကြီးအတွက်ပေါ်ထွက်လာကြပါသည်။ ကိုယ်တော်၏အမှတ်အသားကိုယူဆောင်လျက် ပညတ်တော်ကိုစောင့်သောလူတစ်စုသည် ဖန်ဆင်းရှင်၏ဘက်တွင်ရပ်ထနေကြသည်။ အခြားတစ်ဘက်တွင်မူ အယူမှားပုန်ကန်ခြားနားသူများသည် အမှောင်ဘုရင်နှင့်အတူရပ်ထနေကြသည်။ 7BC, pp. 982, 983 (1901).

ကြောက်စရာကောင်းသည့်တိုက်လှန်ပွဲကြီးကို မကြာမီတွင် ကျွန်ုပ်တို့ရင်ဆိုင်ကြရတော့မည်။ ဘုရားသခင်၏နေ့ကြီးတွင်ဖြစ်ပွားမည့်တိုက်ပွဲကြီး

သည် နီးကပ်လျက်ရှိနေချေပြီ။ ထိန်းချုပ်ထားသောလေများကိုလွှတ်ကြတော့မည်ဖြစ်သည်။ ကရုဏာကောင်းကင်တမန်သည် ဘုရားသခင်၏ပလ္လင်တော်ထက်မှဆင်းကာ ဤကမ္ဘာကြီးအား စာတန်၏လက်ထဲသို့ထည့်ခဲ့ရန်ပြင်ဆင်လျက် မိမိ၏အတောင်များကိုရုပ်နေပေပြီ။ လောကီအာဏာတန်ခိုးအပေါင်းတို့သည် ကောင်းကင်ဗိုလ်ခြေအရှင်ဘုရားသခင်ကို ခါးသီးစွာဆန့်ကျင်ပုန်ကန်နေပါသည်။ သူတို့သည် ဘုရားသခင်ကို ကိုးကွယ်နေသူများအား မုန်းတီးကြရာ မကြာမီမှာပင် အကောင်းနှင့်အဆိုးတို့သည်တိုက်ပွဲဝင်ကြပေတော့မည်။ ဤကမ္ဘာကြီးသည် စစ်မြေပြင်ဖြစ်လိမ့်မည်။ ထာဝရဘုရားသခင်ကိုဆန့်ကျင်တိုက်လှန်ရန် စာတန်ဦးဆောင်လမ်းပြနေသည့် ဤကမ္ဘာကြီးတွင် ပုန်ကန်ခြားနားမှုကိုအပြီးအပိုင် ချေမှုန်းပစ်တော့ပေမည်။ RH, May 13 (1902).

ထိုတိုက်ပွဲကြီးတွင်ပါဝင်ဆင်နွှဲကြမည့် အင်အားကြီးအဖွဲ့နှစ်ဖွဲ့သည် လောကစစ်တပ်များ၊ တစ်တပ်နှင့်တစ်တပ်တိုက်သလိုမျိုးတိုက်ကြမည်ဖြစ်ပြီး ထာဝရကံကြမ္မာများသည် ဝိညာဉ်ရေးတိုက်လှန်မှု၏ပြဿနာအပေါ်တွင် အခြေပြုနေပါသည်။ PK, p. 176 (1914).

## လူတို့သည်တစ်ဖွဲ့ဖွဲ့တွင်ပါဝင်နေကြခြင်း

လူတို့သည်တစ်ဖွဲ့ဖွဲ့တွင်ပါဝင်တိုက်လှန်ကြလိမ့်မည်။ အာမဂေဒုန်တိုက်ပွဲကြီးသည် ဖြစ်ပွားတော့ပေမည်။ မည်သူမျှ ထိုနေ့ကြီးတွင် အိပ်နေလို့မရချေ။ ပညာရှိသောသတို့သမီးများနှယ် ကိုယ့်မီးခွက်ကို ဆီအပြည့်ဖြည့်ကာ နိုးနိုးကြားကြားနေကြရမည်။ ဝိညာဉ်တော်တန်ခိုးသည် ကျွန်ုပ်တို့အပေါ်သို့ကျရောက်ကာ ခရစ်တော်သည် ထိုတိုက်ပွဲကြီးတွင် ညွှန်ကြားမှုများပေးတော်မူရန် ကောင်းကင်တမန်များ၏ရှေ့တွင်ရပ်ထတော်မူလိမ့်မည်။ 3SM, p. 426 (1890).

ဘုရားသခင်အပေါ် စာတန်ထားရှိသည့်ရန်ငြိုးကို သူ၏နောက်ဆုံးသောပုန်ကန်ခြားနားမှုများ၌ ပို၍ထင်ရှားစွာတွေ့မြင်နိုင်ပါသည်။ ကိုယ်တော်ထံတွင် လုံးလုံးဆက်ကပ်အပ်နှံမထားသူများသည် စာတန်၏လုပ်ဆောင်မှု

တွင် မဟာမိတ်ဖွဲ့ကာ ဘုရားသခင်နှင့်ဆန့်ကျင်သောတိုက်ပွဲကြီးတွင်ပါဝင်ဆင်နွှဲလာကြလိမ့်မည်။ TM, p. 465 (1892).

မကြာမီအချိန်တွင် လူသားအပေါင်းတို့သည် ဘုရားသခင်ဘက်တွင် ရပ်တည်မည်၊ သို့မဟုတ် ဘုရားသခင်နှင့်ဆန့်ကျင်သောဘက်တွင်ရပ်တည်မည်ကိုဆုံးဖြတ်ကြရပေတော့မည်။ 7T, p. 141 (1902).

**သတ္တမဘေးဒဏ်**

သတ္တမလင်ပန်းအားသွန်းလောင်းခြင်းကို ကျွန်ုပ်တို့လေ့လာသင့်ကြပါသည်။ (ဗျာ ၁၆း၁၇–၂၁)။ နတ်ဆိုးအဖွဲ့သည် တော်ရုံတန်ရုံနှင့်ထိုတိုက်ပွဲတွင်အရှုံးပေးကြလိမ့်မည်မဟုတ်ချေ။ သို့ရာတွင် ထာဝရဘုရားသခင်သည် ထိုအာမဂေဒုန်တိုက်ပွဲတွင် ကိုယ်တိုင်ပါဝင်လှုပ်ရှားတော်မူမည်ဖြစ်သည်။ ကမ္ဘာကြီးသည် ဗျာ ၁၈ တွင်ဖော်ပြထားသည့် ကောင်းကင်တမန်၏ဘုန်းရောင်ခြည်များဖြင့် ထွန်းလင်းတောက်ပနေသောအချိန်တွင် ကောင်းသောဘာသာရေးအဖွဲ့အစည်းများနှင့်ဆိုးသောဘာသာရေးအဖွဲ့အစည်းများသည် အိပ်ရာမှနိုးထလာကာ ထာဝရဘုရားသခင်၏စစ်သည်များသည်လည်း စစ်မြေပြင်တွင် နေရာယူနေကြလိမ့်မည်။ 7BC, p. 983 (1899).

အာမဂေဒုန်စစ်ပွဲကြီးသည် မကြာမီတွင်ဖြစ်ပွားတော့မည်။ ဝတ်ရုံပေါ်တွင် ဘုရင်တကာ၏ဘုရင်၊ သခင်တကာ၏သခင်ဟု ကမွည်းတပ်ခြင်းခံရသော ခရစ်တော်သည် သန့်စင်ဖြူဖွေးသောဝတ်ရုံကိုဝတ်လျက်၊ မြင်ဖြူကြီးကိုစီးလျက် ကောင်းကင်တမန်များကိုဦးဆောင်ကာ ကြွချီလာပေတော့မည်။ 7BC, p. 982 (1899).

ကမ္ဘာကြီးတစ်ခုလုံးသည် ပင်လယ်လှိုင်းလုံးကြီးများသဖွယ်နိမ့်တုန်မြင့်တုန်ဖြစ်နေပါသည်။ ကမ္ဘာမြေမျက်နှာပြင်သည် ကွဲအက်သွားပြီး အောက်ခြေအုတ်မြစ်များသည် ပြုတ်လွင့်ကုန်ပါသည်။ တောင်တန်းကြီးများသည် လူနေကျွန်းကလေးများနှင့်တကွ ပင်လယ်ထဲတွင်နစ်မြုပ်ပျောက်ကွယ်သွားကြပါသည်။ သောဒုံမြို့၏ပင်လယ်ဆိပ်ကမ်းနှင့်တူသောဆိပ်ကမ်းများတို့သည်

လည်း လှိုင်းလေများအောက်တွင် နစ်မြုပ်ပျောက်ကွယ်ကုန်ကြပါသည်။--
ကမ္ဘာ့အလုပဆုံးမြို့တော်ကြီးများနှင့်တကွ ကမ္ဘာ့ခေါင်းဆောင်ကြီးများ မိမိကိုယ်
ကိုချီးမြှောက်ရန် မိမိတို့၏စည်းစိမ်များကိုအသုံးပြုတည်ဆောင်ခဲ့ကြသည့်
ခမ်းနားသောနန်းတော်ကြီးများသည် ၎င်းတို့ရှေ့မှောက်မှာပင် တစ်စစီပျက်စီး
ကုန်ကြပါတော့သည်။ အကျဉ်းထောင်နံရံကြီးများမှာလည်း ကွဲအက်လဲကျ
ကုန်ရာ ယုံကြည်ခြင်းကြောင့် အကျဉ်းချခံထားရသည့် ယုံကြည်သူများသည်
လွတ်မြောက်ကုန်ကြပါသည်။ GC, p. 637 (1911)..

---ooo---

## အခန်း (၁၈)
# ဘေးဒဏ်ကြီးခုနစ်ပါးနှင့်ဖြောင့်မတ်သူများ
### မဟာဒုက္ခဆင်းရဲခြင်းကပ်ကာလ (အပိုင်း ၂)
### မဟာဒုက္ခဆင်းရဲခြင်းကပ်ကာလသည် ကရုဏာတံခါးပိတ်သည့်အချိန်တွင်အစပြုခြင်း။

လူသားများကိုယ်စား ကြားဖျန်ဖြေရေးအမှုတော်ကို ခရစ်တော်အဆုံးသတ်လိုက်သည့်နှင့်တစ်ပြိုင်နက် မဟာဒုက္ခဆင်းရဲခြင်းကပ်ကာလသည် အစပြုပါလိမ့်မည်။ ထိုအချိန်တွင် လူသားတိုင်း၏ကံကြမ္မာကိုဆုံးဖြတ်ထားပြီးဖြစ်ရာ အပြစ်ကိုဆေးကြောပေးမည့် အပြစ်ဖြေရာအသွေးတော်လည်းမရှိတော့ပြီ၊ လူသားများကိုယ်စား ဘုရားသခင်၏ရှေ့တော်တွင်ထမ်းဆောင်နေသော ကြားဖျန်ဖြေရေးအမှုတော်ကို ခရစ်တော်စွန့်ခွါလိုက်သောအချိန်တွင် "မတရားသောသူသည် မတရားသဖြင့်ပြုစေဦး၊ ညစ်ညူးသောသူသည် ညစ်ညူးစေဦး၊ ဖြောင့်မတ်သောသူသည် ဖြောင့်မတ်စေဦး၊ သန့်ရှင်းသောသူသည်သန့်ရှင်းစေဦး" ဟူသောကြေညာချက်ထွက်ပေါ်လာပါသည်။ (ဗျာ ၂၂း၁၁)။ ထိုအချိန်တွင် ထိန်းချုပ်ထားသော ဘုရားသခင်၏ဝိညာဉ်တော်ကိုလည်း ဤလောကမှ ပြန်လည်ရုပ်သိမ်းသွားတော်မူပါသည်။ PP, p. 201 (1890).

### ထိုကာလအတွက် ဘုရားသခင်၏ သားသမီးများပြင်ဆင်ခြင်း

တတိယကောင်းကင်တမန်၏သတင်းစကားအဆုံးသတ်သည့်အချိန်တွင် ကမ္ဘာသားများကျူးလွန်သောအပြစ်အတွက် အသနားခံပေးမည့် ကရုဏာတော်မရှိတော့ပြီ၊ ဘုရားသခင်၏သားသမီးများသည် မိမိတို့လုပ်ဆောင်ရမည့်အရာများကိုပြီးစီးစွာလုပ်ဆောင်ခဲ့ကြရာ နောက်မိုးကိုရရှိထားပြီးဖြစ်သဖြင့် ရင်ဆိုင်ရမည့် ထိုကာလအတွက် ပြင်ဆင်ပြီးဖြစ်နေကြချေပြီ။

ကောင်းကင်တမန်များသည် ကောင်းကင်ယံတွင် လူးလာခတ်ကာပျံဝဲနေကြသည်။ ဤကမ္ဘာမြေမှပြန်လည်ရောက်ရှိလာသည့် ကောင်းကင်တမန်ကလည်း မိမိ၏တာဝန်များကိုထမ်းဆောင်ခဲ့ပြီဖြစ်ကြောင်း၊ နောက်ဆုံးသောစမ်းသပ်မှုကို ကမ္ဘာကြီးတွင် လုပ်ဆောင်ခဲ့ပြီဖြစ်ကြောင်း၊ အောင်မြင်သောယုံကြည်သူများသည် ဘုရားသခင်၏တံဆိပ်ကိုရရှိသွားကြပြီဖြစ်ကြောင်း ကြွေးကြော်နေပါသည်။ ထိုအခါတွင် အထက်ဗိမာန်တော်တွင်ဆောင်ရွက်နေသည့် ကြားဖျန်ဖြေရေးအမှုတော်ကို ခရစ်တော်ရပ်စဲတော်မူလိုက်သည်---- ခရစ်တော်သည် မိမိ၏လူတို့အတွက်အပြစ်ဖြေခြင်းအမှုကိုဆောင်ရွက်တော်မူပြီး အပြစ်များကိုဆေးကြောပေးတော်မူခဲ့ပြီးဖြစ်သည်။ ကောင်းကင်အောက်ရှိနိုင်ငံအသီးသီးကို ကယ်တင်ခြင်းအမွေခံမည့် ပုဂ္ဂိုလ်များလက်တွင်အပ်ကာ ခရစ်တော်သည် ဘုရင်တကာ၏ဘုရင်၊ သခင်တကာ၏သခင်ကဲ့သို့စိုးစံတော်မူတော့မည်ဖြစ်သည်။ GC, pp. 63, 614 (1911).

**နားမလည်နိုင်လောက်အောင်**
**ကြောက်စရာကောင်းခြင်း**

ကျွန်ုပ်တို့ရင်ဆိုင်ရမည့် ဒုက္ခဆင်းရဲခြင်းကာလအတွက် မောပန်းနွမ်းနယ်မှု၊ နှောင့်နှေးကြန့်ကြာမှုနှင့်ဆာလောင်မွတ်သိပ်မှုကို သည်းခံနိုင်မည့် ယုံကြည်ခြင်းမျိုး ရှိထားကြရမည်။ ပြင်းထန်သည့်စစ်ဆေးမှုများကို ရင်ဆိုင်ရသော်လည်း အားနည်းသွားမည်မဟုတ်သည့် ယုံကြည်ခြင်းမျိုးကိုပိုင်ဆိုင်ထားကြရပါမည်။

တစ်ခါမျှမကြုံဖူးသည့် ဒုက္ခဆင်းရဲခြင်းကို မကြာမီတွင် ကျွန်ုပ်တို့ရင်ဆိုင်ကြရတော့မည်။ ရယူရန်ဖင့်နွှဲ့ခဲ့သဖြင့် ယခုတွင်မပိုင်ဆိုင်နိုင်သည့် အတွေ့အကြုံတစ်ခုကို ကျွန်ုပ်တို့လိုအပ်နေလိမ့်မည်။ အမှန်တကယ်ဖြစ်လာမည့် ဒုက္ခဆင်းရဲခြင်းသည် မျှော်လင့်ထားသလောက်မကြီးမားတတ်သော်လည်း ယခုရင်ဆိုင်ရမည့်ဒုက္ခဆင်းရဲခြင်းသည် မျှော်လင့်ထားသည်ထက်ပို၍ပြင်းထန်

မှာဖြစ်ပါသည်။ ဤခံနိုင်ရည်စမ်းသပ်မှု၏ထိရောက်မှုအတိုင်းအတာကို အရှင်းလင်းဆုံးတင်ပြချက်ကပင် စုံလင်မှုရှိလိမ့်မည်မဟုတ်ပါ။ GC, pp. 621, 622 (1911).

ခရစ်တော်သည် အသန့်ရှင်းဆုံးဌာနတော်မှထွက်ခွါသောအချိန်တွင် ဝိညာဉ်တော်ကို နိုင်ငံအကြီးအကဲများနှင့်တကွ လူထုကြီးထံမှပြန်လည်ရုပ်သိမ်းနေလိမ့်မည်ဖြစ်သည်။ ၎င်းတို့အား နတ်ဆိုးများ၏ထိန်းချုပ်မှုအောက်တွင် ပစ်ထားလိုက်ပါသည်။ ထိုအချိန်တွင် စာတန်၏အကြံပေး လမ်းညွှန်မှုအောက်တွင် ထိုကဲ့သို့သောဥပဒေများကိုပြုကြရာ အကယ်၍သာ အချိန်ကာလသည် မတိုတောင်းလျှင် မည်သူမျှလွတ်မြောက်နိုင်လိမ့်မည်မဟုတ်ချေ။ 1T, p. 204 (1859).

**လူများစွာတို့အား ဒုက္ခဆင်းရဲခြင်းကာလမတိုင်မီ သချႋုင်းများ၌အနားယူစေခြင်း**

အကြွင်းမဲ့ကုသမှုကိုတောင်းခံခြင်းသည် အမြဲတမ်းကောင်းသောအရာတစ်ခုတော့မဟုတ်ပါ။ ဆုပတ္တနာတောင်းခံနေသူများသည် ကျရောက်လာတော့မည့် စစ်ဆေးစမ်းသပ်မှုများကို အသက်ရှင်လျက်ဖြင့် ခံနိုင်ရည်ရှိသည် မရှိသည်ကို ထာဝရဘုရားသခင်သိထားတော်မူသည်။ ထာဝရဘုရားသခင်သည် အစမှအဆုံးအထိ သိမြင်ထားတော်မူရာ ကမ္ဘာကြီးပေါ်သို့ ဒုက္ခဆင်းရဲခြင်းကာလ၏ပြင်းထန်သောစမ်းသပ်မှုများမကျရောက်မီ လူများစွာတို့အား ခရစ်တော်၌အိပ်ပျော်ခွင့်ပေးတော်မူလိမ့်မည်။ CH, p. 375 (1897).

ကလေးငယ်များစွာကိုလည်း ဒုက္ခဆင်းရဲခြင်းကာလမတိုင်မီတွင် ခရစ်တော်၌ အိပ်စေလိမ့်မည်ဟု ကျွန်ုပ်အား ကိုယ်တော်ရှင်မကြာခဏညွှန်ပြတော်မူသည်။ သို့သော် ကျွန်ုပ်တို့၏သားသမီးများကို ကျွန်ုပ်တို့တစ်ဖန်ပြန်လည်တွေ့မြင်ကြလိမ့်မည်။ ကောင်းကင်ရွှေနန်းတွင် ၎င်းတို့နှင့်တွေ့သောအခါ ကျွန်ုပ်တို့မှတ်မိကြလိမ့်မည်။ 2SM,p. 259 (1899).

**စာတန်၏ပန်းတိုးတိုင်တည်းဟူသော**
**သတ္တမနေ့ဥပုသ်စောင့်သူများအားသုတ်သင်ခြင်း**

"ကျွန်ုပ်တို့၏အဓိကလိုလားချက်မှာ သတ္တမနေ့ဥပုသ်စောင့်သူများကို သုတ်သင်ရန်ပင်ဖြစ်သည်----ကျွန်ုပ်တို့၏အမိန့်ကိုမနာခံသူအားလုံးကိုအမြစ်ပြတ်သုတ်သင်ရန် ဥပဒေတစ်ခုကိုနောက်ဆုံးတွင် ကျွန်ုပ်တို့အတည်ပြုပါမည်" ဟု စာတန်ကပြောပါသည်။ TM, pp. 472-473 n(1884).

မိမိ၏ကမ္ဘာ့အကြီးအကဲဖြစ်ခြင်းအပေါ် အငြင်းပွားစရာမရှိတော့စေရန်အလို့ငှါ သတ္တမနေ့ဥပုသ်သည်များကို ဤကမ္ဘာမှအမြစ်ပြတ်သုတ်သင်ရန်မှာ စာတန်၏အကြံအစည်ဖြစ်ပါသည်။ TM, p. 37 (1893).

ကျန်ကြွင်းသောအသင်းတော်သည် အကြီးအကျယ်စစ်ဆေးစမ်းသပ်ခြင်းခံရလိမ့်မည်။ ပညတ်တော်ကိုစောင့်၍ ယေရှု၏သက်သေခံချက်ကိုစွဲလမ်းသူများသည် နဂါးနှင့်သူ၏အပေါင်းပါများ၏ အမျက်ကိုရင်ဆိုင်ရလိမ့်မည်။ စာတန်သည် ဤကမ္ဘာကြီးအား မိမိလက်အောက်ခံအဖြစ်သတ်မှတ်ထားပါသည်။ အယူမှားသောအသင်းတော်များကို သူထိန်းချုပ်ထားနိုင်ခဲ့သော်လည်း လူနည်းစုကလေးက သူ့၏အကြီးအကဲပြုမှုကို အန်တုနေကြပါသည်။ အကယ်၍သာ ထိုလူစုကလေးကို သူရှင်းပစ်နိုင်ခဲ့လျှင် သူ၏အောင်ပွဲမှာပြည့်စုံသွားပေလိမ့်မည်။ ဣသရေလများကို ဖျက်ဆီးသုတ်သင်ပစ်ရန် သာသနာပနိုင်ငံများအားသူစည်းရုံးနိုင်ခဲ့သလို လာမည့်အနာဂတ်ကာလတွင်လည်း ဘုရားသခင်၏လူတို့ကိုဖျက်ဆီးရန် လူယုတ်မာနိုင်ငံခေါင်းဆောင်အချို့ကို ယူဆွပေးပါလိမ့်မည်။ 9T, p. 231 (1909).

**ဘုရားသခင့်သားသမီးများကိုဆန့်ကျင်ပြောဆိုခြင်း**

ကောင်းကင်ဗိမာန်တော်တွင် ထမ်းဆောင်နေသောအမှုတော်ကို ခရစ်တော်လက်စသတ်ပြီးသည့်အချိန်အထိ ကောင်းကင်တမန်များသည် လေများကိုထိန်းချုပ်ထားသည်ကို ကျွန်ုပ်မြင်တွေ့ခဲ့ရသည်။ ထိုနောက်မှ ဘေးဒဏ်ကြီးခုနစ်ပါးကျရောက်လာမည်ဖြစ်သည်။ ထိုဘေးဒဏ်များကြောင့် လူယုတ်မာ

များက ဖြောင့်မတ်သူများကိုစိတ်ဆိုးနေကြသည်။ ထိုသူများကြောင့် မိမိတို့ အပြစ်ဒဏ်စီရင်မှုခံနေရသည်ဟူ၍လည်းကောင်း၊ ထိုသူများကိုသာရှင်းပစ်နိုင်ခဲ့လျှင် ဘေးဒဏ်ကြီးများလည်းရပ်တန့်သွားလိမ့်မည်ဟူ၍လည်းကောင်း လူယုတ်မာများက အထင်ရှိနေကြပါသည်။ EW, p. 36 (1851).

ကရုဏာတော်ကောင်းကင်တမန်သည် မိမိဆောင်ရွက်ရမည့်အမှုကိုရပ်ဆိုင်းကာ ထွက်ခွါသွားသောအခါ စာတန်သည် အချိန်ကြာမြင့်စွာက တည်းက အလွန်လုပ်ဆောင်လိုသည့်မကောင်းမှုများကို လုပ်ဆောင်ပါလိမ့်မည်။ လေမုန်တိုင်းနှင့်လှိုင်းကြီးခြင်း၊ စစ်ပွဲများနှင့်သွေးမြေကျခြင်းများကို သူနှစ်သက်လှပါသည်။ ဤလုပ်ဆောင်မှုများအားဖြင့် ရိတ်သိမ်းခြင်းအတွက် သူစုစည်းနေပါသည်။ ဤဘေးဒဏ်များသည် တနင်္ဂနွေဥပုသ်ကိုရှုတ်ချသောကြောင့် ဖြစ်ပေါ်လာသည့်ရလဒ်တစ်ခုဖြစ်သည်ဟု လူတို့ကပြောဆိုလာသည်အထိ လူအများသည် စာတန်၏လှည့်ဖြားမှုကိုအကြီးအကျယ်ခံခဲ့ရပါသည်။ တနင်္ဂနွေဥပုသ်ကိုစောင့်သင့်သည်အတိုင်း မတည်ဆောက်ကြသောကြောင့် ဤကမ္ဘာကြီးသည်အပြစ်ပေးခြင်းခံရလိမ့်မည်ဟူ၍လည်း လူကြိုက်များသောအသင်းတော်များတွင် ဟောပြောနေကြသည်ကို ကြားကြရလိမ့်မည်။ RH, Sept. 17 (1901).

အသင်းတော်မှတည်ဆောက်ထားသည့် ထိုဥပုသ်နေ့နှင့်တကွ နိုင်ငံတော်မှအတည်ပြုထားသည့် တနင်္ဂနွေဥပဒေကိုဆန့်ကျင်သော ထိုလူနည်းစုကိုဆက်လက်သည်းမခံသင့်ကြောင်း၊ တစ်နိုင်ငံလုံးမင်းမဲ့စရိုက်အောက်တွင် ဒုက္ခရောက်မည့်အရေးထက် ထိုလူစုဒုက္ခရောက်သည်က ပို၍ကောင်းမည်ဖြစ်ကြောင်း အကြံပြုလာကြပါသည်။ ထိုကဲ့သို့သောအကြံပြုချက်မျိုးကို လွန်ခဲ့သောနှစ်ပေါင်း (၂၀၀၀)လောက်ကလည်း ခရစ်တော်နှင့်ဆန့်ကျင်ကာ အကြီးအကဲများက ပြုခဲ့ကြဖူးပါသည်။ ဤငြင်းဆိုမှုသည် ထင်ထင်ရှားရှားပေါ်ထွက်လာလိမ့်ဦးမည်။ GC, p. 615 (1911).

**တနင်္ဂနွေနေ့ကို ဂုဏ်မပြုသူအားလုံးအတွက်သေဒဏ်**

လူယုတ်မာများအား နေ့ညမပြတ်ငိုကြွေးစေသည့် ထိုဖြောင့်မတ်သူများအား သုတ်သင်ပစ်ဖို့ အမိန့်တစ်ခုထွက်ပေါ်လာခဲ့ပါသည်။ EW, pp. 36,37 (1851).

ရုပ်တုကြီးအား ဦးမချ၊ ဝတ်မပြုသူအားလုံးကိုသတ်စေဟု နေဗုခဒ်နေဇာမင်းကြီးအမိန့်ထုတ်ပြန်ခဲ့သည့်နည်းတူတနင်္ဂနွေဥပုသ်ကိုမစောင့်သူများအား ထောင်ဒဏ်နှင့်သေဒဏ်များပေးမည့်အမိန့်တစ်ခုကိုထုန်ပြန်ကြလိမ့်မည်။ ဗျာ (၁၃) ကို ဂရုတစိုက်ဖတ်ကြပါ။ အကြောင်းမှာ ထိုကျမ်းသည် လူကြီးလူငယ်အားလုံးနှင့်ပတ်သက်နေပါသည်။ 14MR, p. 91 (1896).

ဒုက္ခဆင်းရဲခြင်းကာလကြီးကို ဘုရားသခင်၏သားသမီးများရင်ဆိုင်ကြရတော့မည်။ ထိုအချိန်တွင် ပထမနေ့ကိုဥပုသ်နေ့အဖြစ်မစောင့်ဘဲ သတ္တမနေ့ဥပုသ်ကိုစောင့်နေသူများအား အရောင်းအဝယ်များပိတ်ပင်ကာ ထောင်ဒဏ်၊ သေဒဏ်များဖြင့်ခြိမ်းခြောက်မည့်အမိန့်တစ်ခု ထွက်ပေါ်လာလိမ့်မည်။ HP, p. 344 (1908).

လောကီဘုရင်များသည် ဘုရားသခင်၏ပညတ်တော်များကိုစောင့်သူများအားတိုက်ခိုက်ရန်စုစည်းလျက် "ငွေရတတ်သောသူ၊ ဆင်းရဲသောသူ၊ ကျွန်ခံရသောသူ၊ လွတ်သောသူ၊ အကြီးအငယ်ရှိသမျှတို့သည်" ဥပုသ်အတုကိုစောင့်ခြင်းအားဖြင့် အသင်းတော်၏ဓလေ့ထုံးစံနှင့်အညီ အသက်ရှင်နေထိုင်ကြဖို့ အမိန့်ထုတ်ပြန်ကြလိမ့်မည်။ (ဗျာ ၁၃း၁၆)။ ငြင်းဆန်သူများအား ပြစ်ဒဏ်များချမှတ်ကာ အဆုံးတွင်သေဒဏ်အထိ အပြစ်ပေးစီရင်ကြလိမ့်မည်။ GC, p. 604 (1911).

အထူးသဖြင့် လူတို့သည်သတ္တမနေ့ဥပုသ်စောင့်သူများအပေါ်အမျက်ဒေါသဖြစ်ကာ အဆုံးတွင် ထိုဥပုသ်သည်များအား သေဒဏ်ကျခံထိုက်သူများအဖြစ် ကမ္ဘာလုံးဆိုင်ရာအမိန့်ထုတ်ပြန်ချက်ကကြေညာလိမ့်မည်။ PK, p. 512 (1914).

ကျန်ကြွင်းသောအသင်းသားများအပေါ်ချမှတ်သည့်အမိန့်သည် ယုဒလူများအပေါ် ရှင်ဘုရင်အာရွေရုချမှတ်ခဲ့သည့်အမိန့်နှင့်တူနေပါသည်။ စစ်မှန်သောအသင်းတော်ကို ရန်ဘက်ပြုနေသူများသည် ပညတ်တော်ပါဥပုသ်နေ့ကိုတည်ဆောက်နေသူများအား ဂိတ်ဝတွင်ရှိနေသည့် မော်ဒကဲများ

နယ်မြင်နေကြပါသည်။ ယုံကြည်သူများ၏ပညတ်တော်အပေါ်ရှိသလေးစားမှု သည် ဘုရားသခင်ကိုမကြောက်၊ ပညတ်တော်ပါဥပုသ်နေ့ကိုနင်းချေနေသူများ အတွက် စိတ်ဆိုးစရာ၊ အပြစ်တင်စရာတစ်ခုဖြစ်နေတတ်ပါသည်။ PK, p. 605 (1914).

တိုင်ပင်နှီးနှောနေသောကမ္ဘာ့ခေါင်းဆောင်ကြီးများပတ်လည်တွင် စာတန်နှင့်သူ၏တမန်များသည်အလုပ်များနေကြသည်ကို ကျွန်ုပ်မြင်တွေ့ခဲ့ပါ သည်။ သူတော်စင်များသည် ၎င်းတို့၏ယုံကြည်ခြင်းကိုမစွန့်လွှတ်၊ ပထမနေ့ ဥပုသ်ကိုမစောင့်ဘဲ သတ္တမနေ့ဥပုသ်ကိုသာ စောင့်နေကြလျှင် ၎င်းတို့အားကြိုက် သလိုသုတ်သင်နိုင်ကြောင်း အမိန့်ပေးသည့်စာများ ကမ္ဘာအနှံ့တွင်ပြန့်ကျဲနေ သည်ကို ကျွန်ုပ်မြင်ခဲ့ရပါသည်။ EW, pp. 282, 283 (1858).

အကယ်၍သာ ဘုရားသခင်၏လူတို့သည် ကိုယ်တော်ရှင်အပေါ် ယုံကြည်ကိုးစားကာ ကိုယ်တော်ရှင်၏တန်ခိုးတော်အပေါ်အားကိုးမှီခိုကြလိမ့် မည်ဆိုလျှင် စာတန်၏လုပ်ဆောင်ချက်အသီးသီးသည် မော်ဒကဲအချိန်ကကဲ့သို့ တစ်ခုပြီးတစ်ခုအရှုံးနှင့်ရင်ဆိုင်ရလိမ့်မည်။ ST, Feb. 22 (1910).

## ဘုရားသခင်ကိုကျန်ကြွင်းသူများ
## အကာအကွယ်ပြုခြင်း

"ထိုကာလ၌ သင့်အမျိုးသားချင်းတို့၏အမှုကိုစောင့်သောအရှင် ကြီးမိက္ခေလသည်ပေါ်လာလိမ့်မည်။ လူမျိုးတစ်စုံတစ်မျိုးမျှဖြစ်လာသည့်ကာလမှ စ၍ ထိုကာလတိုင်အောင် မဖြစ်စဖူးသောဆင်းရဲဒုက္ခကပ်ကာလသည် ရောက် လိမ့်မည်။ ထိုကာလအခါ စာစောင်၌ စာရင်းဝင်သမျှသောသင်၏အမျိုးသား ချင်းတို့သည် ကယ်လွှတ်ခြင်းသို့ရောက်ကြလိမ့်မည်။" ဒံ ၁၂း၁။ ထိုကပ်ကာလသို့ရောက်သောအချိန်တွင် လူသားတိုင်း၏ကံကြမ္မာကိုဆုံးဖြတ် တော်မူပြီးဖြစ်ရာ ထိုအချိန်ရောက်မှ နောင်တရသူများအတွက် ကရုဏာတော် မရှိတော့ချေ။ ဘုရားသခင်၏တံဆိပ်သည် ကိုယ်တော်ရှင်၏လူများ၏နဖူး တွင်ခတ်ထားပြီးဖြစ်ချေပြီ။

နဂါးကြီး၏ဦးဆောင်မှုဖြင့် ချီတက်လာသောလောကီရှင်ဘုရင်များ၏ပြင်းထန်သောတိုက်လှန်မှုကို မိမိခွန်အားဖြင့်ကာကွယ်နိုင်ခြင်းမရှိသည့် ကျန်ကြွင်းသောအသင်းတော်ကလေးသည် ဘုရားသခင်ကိုအကာအကွယ်ပြုကြပါသည်။ သားရဲကိုမကိုးကွယ်သူ၏တံဆိပ်ကိုမခံသူများအား ထောင်ဒဏ်နှင့်သေဒဏ်များပေးရမည်ဟူသောအမိန့်ကို ကမ္ဘာ့အမြင့်ဆုံးသောရှင်ဘုရင်က ထုတ်ပြန်ပြီးဖြစ်ရာ မိမိလူတို့ကို ဘုရားသခင် ယခုမစတော်မူပါစေဟု ကျွန်ုပ်ဆုတောင်းမိပါသည်။ အကြောင်းမှာ ကိုယ်တော်ရှင်၏ အထောက်အမမပါလျှင် ထိုကဲ့သို့သောအခြေအနေမျိုးတွင် သူတို့မည်သည့်အရာကိုမှလုပ်ဆောင်နိုင်ကြမည်မဟုတ်ပါ။ 5T, pp. 212, 213 (1882).

မြို့ကြီးများမှ ဘုရားသခင့်သားသမီးများထွက်ပြေးကြသော်လည်း လူအများအဖမ်းခံရခြင်း။

ခရစ်ယာန်လောကမှ ရှင်ဘုရင်အသီးသီးတို့က ထိုအမိန့်ကိုထုတ်ပြန်လိုက်ကြသည်နှင့်တစ်ပြိုင်နက် သက်ဆိုင်ရာအစိုးရများက ပညတ်တော်သည်ဆောက်နေသည့် ထိုသူများကို အကာအကွယ်မပေးကြတော့ဘဲ ထိုသူများကိုသုတ်သင်လိုသူများလက်ထဲသို့အပ်လိုက်ကြရာ ဘုရားသခင့်သားသမီးများမှာ ၎င်းတို့နေထိုင်လျက်ရှိသည့် မြို့ရွာများကိုစွန့်ကာ ဝေးလံခေါင်ဖျားသောဒေသများသို့ သွားရောက်နေထိုင်ကြရသည်။ တောတောင်ကြီးများသည် ၎င်းတို့အတွက် ခိုလှုံရာဖြစ်လာပါသည်။ သို့သော်နိုင်ငံအသီးသီးရှိ လူတန်းစားအသီးသီးမှ အဆင့်မြင့်၊ အဆင့်နိမ့်၊ လူဆင်းရဲ၊ လူချမ်းသာ၊ လူမည်း၊ လူဖြူများစွာတို့သည် မတရားရက်စက်ချုပ်နှောင်ခြင်းခံကြရလိမ့်မည်။ ဘုရားသခင်၏ချစ်သားတပည့်များသည် ရက်ပေါင်းများစွာအချုပ်အနှောင်ခံကြရပြီး အချို့မှာ သေဒဏ်ပေးခြင်းခံကြရသည်။ အချို့မှာ အစာမကျွေးဘဲထားသဖြင့် အချုပ်ခန်းများထဲမှာပင် သေဆုံးကုန်ကြလိမ့်မည်။ GC, p. 626 (1911).

သတ္တမနေ့ဥပုသ်စောင့်သူများအား လုပ်ကြံရမည့်နေ့ရက်အချိန်ကို အထွေထွေအမိန့်တစ်ခုက သတ်မှတ်ထားသော်ငြားလည်း ထိုဥပုသ်သည်များ

ကိုရန်မူနေသူများက အချို့ကိစ္စများတွင် အချိန်စော၍လုပ်ကြံဖို့ကြိုးစားကြလိမ့်မည်။ သို့ရာတွင် သစ္စာရှိဥပုသ်သည်များ၏ပတ်လည်တွင် တပ်ချစောင့်ကြပ်နေသော ခွန်အားကြီးသည့် ကောင်းကင်တမန်များကို မည်သူမျှမကျော်နိုင်ကြချေ။ အချို့မှာမူမြို့ရွာများမှထွက်ပြေးစဉ်အတိုက်ခံရငြားသော်လည်း သစ္စာရှိတပည့်တော်များကို ခုတ်လိုက်သည့် ဓါးများသည် ကျိုးပဲ့ကုန်ကာ ကောက်ရိုးများကဲ့သို့ အစွမ်းမဲ့ကုန်ကြပါသည်။ အချို့မှာမူ လူယောင်ဆောင်သည့် ကောင်းကင်တမန်များ၏ အကာအကွယ်ပေးခြင်းကိုခံကြရပါသည်။ GC, p. 631 (1911).

ဘုရားသခင်၏သားသမီးများသည် ဤအချိန်ကာလတွင် တစ်နေရာတည်းတွင်ရှိမနေကြဘဲ အဖွဲ့ငယ်များအလိုက် ကမ္ဘာအနှံ့တွင်ရှိနေကြပါသည်။ သူတို့သည် အဖွဲ့လိုက်အစမ်းသပ်ခံရမည်မဟုတ်ဘဲ တစ်ဦးချင်းအစမ်းသပ်ခံကြရမည်ဖြစ်ပါသည်။ လူအသီးသီးတို့သည် မိမိအတွက် စမ်းသပ်မှုကိုခံကြရပါသည်။ 4BC, p. 1143 (1908).

အသင်းတော်ရှိ အသင်းသားတစ်ဦးစီတို့၏ယုံကြည်ခြင်းကိုစမ်းသပ်တော်မူလိမ့်မည်။ 7BC, p. 983 (1890).

### အိမ်များ၊ မြေများသည် အသုံးမဝင်တော့ခြင်း

ဒုက္ခဆင်းရဲခြင်းကပ်ကာလတွင် အိမ်များ၊ မြေများသည် သူတော်စင်များအတွက်အသုံးမဝင်တော့ချေ။ အကြောင်းမှာ ဒေါသထွက်နေသောလူအုပ်ကြီးကြောင့် ထိုအချိန်တွင် သူတို့ထွက်ပြေးကြရလိမ့်မည်။ ၎င်းပြင်ထိုအချိန်တွင် ၎င်းတို့၏စည်းစိမ်ပစ္စည်းများသည် ရောင်းထုတ်ပစ်ရန်လည်းမဖြစ်နိုင်တော့ချေ။

မိမိတို့၏ဥစ္စာပစ္စည်းများကိုသာစွဲလမ်းနေပြီး မိမိတို့လုပ်ဆောင်ရမည့်တာဝန်ကိုထာဝရဘုရားသခင်ထံ၌ မမေးလျှောက်ကြလျှင် ကိုယ်တော်သည် ၎င်းတို့လုပ်ဆောင်ရမည့်အရာများကိုမိန့်တော်မမူဘဲ ထိုဥစ္စာပစ္စည်းများကိုထိန်းသိမ်းထားဖို့ ၎င်းတို့အားခွင့်ပေးတော်မူလိမ့်မည်။ သို့သော် ဒုက္ခ

ဆင်းရဲခြင်းကပ်ကာလသို့ရောက်လာသောအခါ ထိုပစ္စည်းများသည် ၎င်းတို့ကို
ဒုက္ခပေးမည့်အရာများဖြစ်လာပါသည်။ ထိုအချိန်ကျမှရောင်းထုတ်ရန်
ကြိုးစားကြသော်လည်း ရောင်းထုတ်လို့မရတော့ချေ။ သို့သော် ၎င်းတို့သည်
အသွန်သင်ခံလိုကြလျှင်မူကား ထိုပစ္စည်းများကိုမည်သည့်အချိန်တွင် မည်ရွေ့
မည်မျှရောင်းထုတ်ရမည်ကို ၎င်းတို့အား ထာဝရဘုရားသခင်သွန်သင်
ပေးတော်မူလိမ့်မည်။ EW, pp. 56, 57 (1851).

ယခုအချိန်သည် လောကဘဏ္ဍာများအပေါ် စွဲလမ်းနေရမည့်အချိန်
မဟုတ်တော့ချေ။ ထာဝရဘုရားသခင်၏ကျိန်ဒဏ်သည် ဤကမ္ဘာပေါ်သို့
ပို၍ပြင်းထန်စွာကျရောက်လာလိမ့်မည်ဖြစ်သောကြောင့် မကြာမီအချိန်တွင်
အိမ်များ၊ မြေများသည် မည်သူ့ကိုမျှအကျိုးပြုနိုင်တော့မည်မဟုတ်ချေ။ "သင်တို့
ဥစ္စာများကိုရောင်း၍ဆင်းရဲသားတို့အားစွန့်ကြဲကြလော့" ဟု ထာဝရဘုရား
သခင်မိန့်မြွက်နေရာ ဤသတင်းစကားကိုအရေးတယူထားလျက် အမှုတော်
မြတ်ကြီးကိုတိုးချဲ့လုပ်ဆောင်ရန် ကိုယ်တော်ရှင်ပိုင်ပစ္စည်းဥစ္စာများကိုအလှူ
ငွေအားဖြင့် ကိုယ်တော်ထံသို့ပြန်လည်ဆက်ကပ်လှူဒါန်းနိုင်ကြပါသည်။
(လုကာ ၁၂း၃၃။) 16MR, p. 348 (1901).

**ယာကုပ်၏ဆင်းရဲဒုက္ခကာလနှင့်တူခြင်း**

စတုတ္ထပညတ်တွင်ဖော်ပြထားသော ဥပုသ်နေ့ကိုသန့်ရှင်းစေခဲ့သူများကို
အရေးယူမည့်အမိန့် တစ်ခုကိုနောက်ဆုံးတွင်ထုတ်ပြန်ကြလိမ့်မည်။ ၎င်းတို့သည်
ပြင်းပြင်းထန်ထန်အပြစ်ပေးထိုက်သူများဟုအဖွင့်ဆိုခံရကာ အဆုံးတွင် သုတ်
သင်ခြင်းကိုခံကြရလိမ့်မည်။ ခေတ်ဟောင်းကမ္ဘာမှ ရောမဝါဒနှင့်ခေတ်သစ်
ကမ္ဘာမှ အယူလွဲမှားသောပရိုတက်စတင့်ဝါဒတို့သည် ပညတ်တော်ကိုအလေး
အမြတ်ပြုသူများအပေါ်တူညီသောဦးတည်ချက်ထားရှိကြသည်။ ထိုအချိန်တွင်
ဘုရားသခင်၏လူတို့သည် ယာကုပ်၏ဒုက္ခဆင်းရဲခြင်းကာလကဲ့သို့ ပုရော
ဖက်ဖော်ပြထားသည့် ဒုက္ခဆင်းရဲခြင်းဝေဒနာများနှင့်ရင်ဆိုင်ကြရလိမ့်မည်။
GC, pp. 615, 616 (1911).

လူသားများ၏အမြင်တွင် ဘုရားသခင်၏သားသမီးများသည် မကြာမီတွင် မိမိတို့၏သက်သေခံချက်ကို မိမိတို့၏သွေးနှင့်တံဆိပ်ခတ်တော့မည့်ပုံပေါ်နေပါသည်။ ဘုရားသခင်က မိမိတို့အား ရန်သူများ၏လက်ထဲတွင် ပစ်ထားခဲ့မည်ကို သားသမီးများကိုယ်တိုင်လည်း စိုးရိမ်စပြုလာပါသည်။ ကြောက်စရာဝေဒနာကိုခံစားရမည့်အချိန်တစ်ချိန်ဖြစ်ပါသည်။ ထို့ကြောင့် သူတို့သည် ဘုရားသခင်နှင့်ယာကုပ်နပန်းလုံးပြီးတောင်းခံခဲ့သကဲ့သို့ နေ့ရောညပါငိုကြွေးပြီး ဆုတောင်းခဲ့ကြပါသည်။ ၎င်းတို့၏ရင်တွင်း ရုန်းကန်မှုကို ၎င်းတို့၏မျက်နှာပေါ်တွင်တွေ့နေရပါသည်။ မျက်နှာတိုင်းသည် ဖြူရော်နေသော်ငြားလည်း သူတို့သည် ဆုတောင်းပတ္ထနာပြုခြင်းကို မရပ်စဲခဲ့ကြပါချေ။ GC, p. 630 (1911).

ထိုညတွင် ဘုရားသခင်နှင့်နပန်းလုံးကာ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ခဲ့သော ယာကုပ်၏အတွေ့အကြုံသည် ခရစ်တော်ကြွလာခါနီးကလေး၌ ဘုရားသခင်၏သားသမီးများရင်ဆိုင်ရမည့် စမ်းသပ်စစ်ဆေးခြင်းကို ပုံဆောင်ပါသည်။ ဤအချိန်ကာလကို ရူပါရုံတွင်တွေ့မြင်ရသော ယေရမိက "ငါသည် ထိတ်လန့်ခြင်းစကားသံကိုကြားရ၏။ ငြိမ်သက်ခြင်းမရှိ၊ ကြောက်ရွံ့ဖွယ်သောအကြောင်းသာရှိ၏.... ခပ်သိမ်းသောသူတို့သည် မျက်နှာပျက်လျက်ရှိကြသည်ကို အဘယ်ကြောင့်ငါမြင်ရသနည်း။ အလိုလေး၊ ထိုနေ့ရက်ကား ခိုင်းနှိုင်းစရာမရှိ၊ ကြီးသောနေ့ရက်ဖြစ်၏။ ယာကုပ်အမျိုး၌အမှုရောက်သောနေ့ရက်ဖြစ်၏။ သို့ရာတွင် သူတို့သည် ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်" ဟု မှတ်တမ်းတင်ထားပါသည်။ (ယေရမိ ၃၀း၅-၇)။ PP, p. 201 (1890).

## ဖြောင့်မတ်သူများ၌ ဖော်ပြစရာဖုံးကွယ်ထားသည့် အမှားများမရှိ

စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ရသော ဒုက္ခဆင်းရဲခြင်း ကပ်ကာလတွင် ဘုရားသခင်၏ သားသမီးများသည် ဝန်မခံခဲ့မိသည့် မိမိတို့၏အပြစ်များကို ဖော်ပြခြင်းခံကြရမည်ဆိုလျှင် စိတ်ထိခိုက်ကာ ယုံကြည်ခြင်းပျက်ပြယ်သွားကြလိမ့်မည်။ ကယ်တင်ပေးရန် ထာဝရဘုရားသခင်ရှေ့တော်တွင် ဆုတောင်းဖို့

ယုံကြည်စိတ်ရှိကြတော့မည်မဟုတ်ချေ။ သို့သော် မိမိတို့၏ မထိုက်တန်မှုကိုခံစားသိမြင်လာသောကြောင့် သူတို့၌ဖုံးကွယ်ထားသောအပြစ်တစ်စုံတစ်ရာမရှိတော့ဘဲ အပြစ်အားလုံးသည် တရားစီရင်ခြင်း မတိုင်မီကပင် ကင်းစင်သွားခဲ့ချေပြီ။ ထိုအပြစ်များကို ၎င်းတို့သတိရအောက်မေ့ခြင်းမရှိကြတော့ပါ။ GC, p. 620 (1911).

ဘုရားသခင်၏သားသမီးများမှာ မိမိတို့၏လိုအပ်ချက်အားနည်းချက်များကိုသိရှိကာ မျှော်လင့်ခြင်းအားနည်းလာကြလိမ့်မည်။ သို့သော် ဘုရားသခင်၏ကရုဏာတော်ကြီးမားမှုနှင့် မိမိတို့၏စစ်မှန်သောနောင်တကိုသတိရအောက်မေ့လာသောအချိန်တွင် နောင်တရသော အပြစ်သားများအတွက် ခရစ်တော်အားဖြင့်ပြုတော်မူသည့် ကတိတော်များကို သူတို့တောင်းခံလာကြလိမ့်မည်။ ဆုတောင်းသောအရာများအတွက် အဖြေချက်ချင်းမရစေကာမူ သူတို့သည် ယုံကြည်ခြင်းခွန်အားနည်းပါးသွားကြလိမ့်မည်မဟုတ်ချေ။ သူတို့သည် ယာကုပ်ကဲ့သို့ ဘုရားသခင်၏ခွန်အားကို အရယူကြကာ "ကျွန်ုပ်ကို ကိုယ်တော်ကောင်းချီးမပေးလျှင် ကိုယ်တော်ကို ကျွန်ုပ်မလွှတ်တော့ပါ" ဟု ပြောဆိုလာကြလိမ့်မည်။ PP, p. 202 (1890).

ထိုသူတော်စင်များ အသက်ဆုံးရှုံးခြင်းမရှိတော့ခြင်း

ကောင်းကင်နိုင်ငံတော်ဝင်စားဖို့ ပြောင်းလဲခြင်းရရှိရန် မျှော်လင့်နေသူများနှင့်သားရဲ၏အမှတ်တံဆိပ်ကိုလက်မခံ၊ သားရဲ၏အမိန့်ကိုမနာခံခဲ့သူများကို လူယုတ်မာများ၏လက်ထဲသို့ ဘုရားသခင်ထည့်တော်မူလိမ့်မည်မဟုတ်ပါ။ အကယ်၍သာ ထိုလူယုတ်မာများကိုသူတော်စင်များအား သုတ်သင်ခွင့်ပေးခဲ့မည်ဆိုလျှင် စာတန်နှင့်တကွ ဘုရားသခင်ကို မုန်းသောသူ၏အပေါင်းပါများသည် အလွန်အားရကျေနပ်နေကြလိမ့်မည်။..... ကောင်းကင်သို့ သူတော်စင်များတက်ကြွသွားလိမ့်မည်ဟူသော သဘောတရားကိုပြက်ရယ်ပြုသူများသည် မိမိလူတို့အပေါ်ထားရှိသည့် ဘုရားသခင်၏ ဂရုစိုက်မှုနှင့်ကယ်တင်တော်မူခြင်းကို ကိုယ်မျက်စိနှင့်မြင်ကြရလိမ့်မည်။ EW, p. 284 (1858).

ဘုရားသခင်၏သားသမီးများသည် ဒုက္ခဆင်းရဲခြင်းနှင့်ကင်းလွတ်မည်တော့မဟုတ်ပါ။ သို့သော်အနိုပ်စက်၊ အညှဉ်းဆဲခံရပြီး ချို့တဲ့မှုများနှင့်ရင်ဆိုင်ကာ အစားအစာချို့တဲ့မှုများကို တွေ့ကြုံရမည်ဖြစ်သော်လည်း ၎င်းတို့ကိုသေကြေပျက်စီးသွားစေလိမ့်မည်မဟုတ်ပါ။ GC, p. 629 (1911).

ဤကာလတွင် ခရစ်တော်၏သစ္စာရှိတပည့်များ၏သွေးများသည် သွန်းခဲ့ကြမည်ဆိုလျှင် အာဇာနည်များ၏သွေးများကဲ့သို့ စိုက်ပျိုးထားသောမျိုးစေ့ကို ဘုရားသခင်အတွက် ရိတ်သိမ်းမှုပြုနိုင်စေမည့်အရာဖြစ်တော့လိမ့်မည်မဟုတ်ပါ။ GC, p. 634 (1911).

**ထာဝရဘုရားစီမံထားတော်မူခြင်း**

ဒုက္ခဆင်းရဲခြင်းကပ်ကာလအတွက် အစားအသောက်၊ အနေအထိုင်၊ အဝတ်အထည်များကိုပြင်ဆင်နေခြင်းသည် သမ္မာကျမ်းစာနှင့်မကိုက်ညီကြောင်း ကျွန်ုပ်အားထပ်ခါတလဲ ထာဝရဘုရားသခင်ပြသတော်မူသည်။ အစားအစာများ သို့မဟုတ် လယ်ယာများကိုသူတော်စင်များပြင်ဆင်ခဲ့မိလျှင်လည်း စစ်ဘေး၊ ငတ်မွတ်ခြင်းဘေးနှင့်ကပ်ရောဂါများကျရောက်နေသည့် ဒုက္ခဆင်းရဲခြင်းကာလတွင် ထိုအရာများကိုလူရမ်းကားများက လုယူ၊ ရိတ်သိမ်းကုန်ကြလိမ့်မည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်ကို လုံးလုံးမှီခိုအားကိုးကြရန်သာဖြစ်ပြီး ကိုယ်တော်သည် ကျွန်ုပ်တို့အားထောက်မတော်မူလိမ့်မည်။ ထိုအချိန်တွင် မုန့်နှင့်ရေကိုကျွန်ုပ်တို့စားကြရမည်ကိုလည်းကောင်း၊ ငတ်မွတ်ခြင်းနှင့်ကင်းလွတ်ကြမည်ကိုလည်းကောင်း ကျွန်ုပ်မြင်တွေ့ခဲ့ပါသည်။ အကြောင်းမှာ ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့အတွက် တောထဲ၌စားပွဲကိုပြင်ဆင်ပေးနိုင်တော်မူပါသည်။ အကယ်၍လိုအပ်ခဲ့လျှင် ဧလိယကိုမစတော်မူသကဲ့သို့ တောကျီးအများကိုအသုံးပြုကာ ကျွေးမွေးတော်မူလိမ့်မည်။ ဣသရေလများအား တော၌ကျွေးခဲ့သလို မန္နမုန့်ကိုချကာ ကျွေးမွေးတော်မူလိမ့်မည်။ EW, p. 56. (1851).

ကျွန်ုပ်တို့သည် ဒုက္ခဆင်းရဲခြင်းကပ်ကာလကိုမကြာမီမှာပင် ရင်ဆိုင်ကြရတော့မည်။ ထိုအချိန်တွင် ဘုရားသခင်၏သားသမီးများသည် မုန့်နှင့်ရေ

ကိုစားသုံးကာအသက်ရှင်ကြရမည်။ မည်သူမျှ ကိုယ်လက်ဖြင့်အလုပ်လုပ်ကြရမည်မဟုတ်ချေ။ စိတ်ပိုင်းဆိုင်ရာဒုက္ခဆင်းရဲခြင်းကိုသာ ၎င်းတို့ခံစားရမည်ဖြစ်ပြီး လိုအပ်သောအစားအစာများကိုမူ ၎င်းတို့အတွက် ထာဝရဘုရားသခင်ပြင်ဆင်ပေးတော်မူလိမ့်မည်။ Ms, p. 2 (1858).

ဒုက္ခဆင်းရဲခြင်းကပ်ကာလကိုမကြာမီမှာပင် ကျွန်ုပ်တို့ရင်ဆိုင်ကြရမည်ဖြစ်ရာ ထိုကာလတွင် ကိုယ်အလိုကိုငြင်းပယ်ကာ အသက်ရှင်ရန်အတွက် လောက်သာ အစာရေစာများကိုစားသုံးကြရပါမည်။ သို့သော် ထာဝရဘုရားသခင်သည် ထိုကာလတွင် ကျွန်ုပ်တို့အတွက် ပြင်ဆင်ပေးတော်မူလိမ့်မည်။ ကြောက်စရာကောင်းသော ထိုကာလတွင် ကိုယ်တော်၏ခွန်အားနှင့်ပြည့်စုံစေသည့် တန်ခိုးတော်ကိုမျှဝေကာ ဘုရားသခင်၏လူတို့အား ဆက်လက်အသက်ရှင်အောင် ကျွေးမွေးစောင့်ရှောက်တော်မူသည် ဘုရားသခင်၏အထောက်အမသည် ကျွန်ုပ်တို့အတွက် မရှိမဖြစ်လိုအပ်သောအရာဖြစ်ပါလိမ့်မည်။ 1T, p. 206 (1859).

မုန့်နှင့်ရေသည် ကျန်းကြွင်းသောအသင်းတော်အား ဒုက္ခဆင်းရဲခြင်းကပ်ကာလအတွင်း ဘုရားသခင်ထောက်မရန် ကတိထားတော်မူသည့်အရာဖြစ်သည်။ SR, p. 129 (1870).

ခရစ်တော်ကြွလာခါနီးကလေးတွင် ရင်ဆိုင်ရမည့် ဒုက္ခဆင်းရဲခြင်းကပ်ကာလတွင် ဖြောင့်မတ်သူများသည် ကောင်းကင်တမန်များ၏အလုပ်အကျွေး အပြုအစုအားဖြင့် ဆက်လက်အသက်ရှင်ကြလိမ့်မည်။ PP, p. 256 (1890).

**ကြားဖျန်ဖြေသူမရှိသော်လည်း ခရစ်တော်နှင့်အမြဲတမ်း ဆက်သွယ်နိုင်ခြင်း**

ခရစ်တော်သည် မိမိလူတို့အတွက် အပြစ်ဖြေရာယဇ်ကိုပူဇော်ကာ ၎င်းတို့၏အပြစ်များကိုဆေးကြောပေးတော်မူခဲ့ပြီးဖြစ်သည်။ ကိုယ်တော်ရှင်၏လက်အောက်ခံနောက်လိုက်အရေအတွက်ကိုလည်းဆုံးဖြတ်တော်မူပြီးဖြစ်သည်။

အထက်ဗိမာန်တော်ကို ကိုယ်တော်ရှင်စွန့်ခွါတော်မူသည့်အချိန်တွင် ဤကမ္ဘာရှိလူသားများအပေါ်၌ အမှောင်ထုဖုံးလွှမ်းနေပါသည်။ ကြောက်စရာကောင်းသောထိုအချိန်တွင် ဖြောင့်မတ်သူများသည် ကြားဖျန်ဖြေသူမရှိဘဲ ဘုရားသခင်၏ရှေ့မှောက်တွင်အသက်ရှင်နေထိုင်ကြရပါမည်။ GC, pp. 613, 614 (1911).

ဘုရားသခင်သည် မိမိ၏သားသမီးများကို ဤခက်ခဲသောကာလတွင် မေ့လျော့နေလိမ့်မည်လား...... ရန်သူများက ၎င်းတို့အားထောင်ထဲသို့ ပို့ဆောင်နိုင်ခဲ့ငြားသော်လည်း ထိုအသက်ဝိညာဉ်များနှင့်ခရစ်တော်အကြား ပြုလုပ်နေသော ဆက်သွယ်မှုကိုထောင်နံရံများက ဖြတ်တောက်ပစ်နိုင်စွမ်းမရှိကြချေ။ ၎င်းတို့၏အားနည်းချက်အသီးသီးကိုမြင်တော်မူရုံသာမက ဒုက္ခအသီးသီးနှင့်ရင်နှီးပြီးဖြစ်တော်မူသော ကိုယ်တော်ရှင်သည် လောကီရှင်ဘုရင်များ၏အထက်တွင်ရှိတော်မူပါသည်။ ၎င်းပြင်ကောင်းကင်မှ အလင်းနှင့်ငြိမ်သက်ခြင်းကို ယူဆောင်လာသည့် ကောင်းကင်တမန်များသည်လည်း ထိုအထီးကျန်အကျဉ်းထောင်များသို့လာကြလိမ့်မည်။ ယုံကြည်ခြင်းကြီးမားသူများနေထိုင်ကြသောကြောင့် ထိုအကျဉ်းထောင်များသည် နန်းတော်တစ်ခုနှယ်ဖြစ်လာလိမ့်မည်။ ညဉ့်သန်းခေါင်အချိန်တွင် ပေါလုနှင့်သိလတို့ဆုတောင်းကာချီးမွမ်းပတ္တနာပြုသောအခါ ၎င်းတို့ရောက်ရှိနေသောအကျဉ်းထောင်သည် ကောင်းကင်အလင်းနှင့်ထွန်းလင်းခဲ့သည့်နှယ် ထိုအကျဉ်းထောင်များ၌လည်းဖြစ်ကြလိမ့်မည်။ GC, pp. 626, 627 (1911).

အကယ်၍သာ လူတို့သည် ကောင်းကင်နိုင်ငံဆိုင်ရာ မြင်ကွင်းကို မြင်တွေ့နိုင်စွမ်းရှိကြမည်ဆိုလျှင် ခရစ်တော်၏သားသမီးများကိုဒုက္ခပေးရန်ဝိုင်းထားသည့် ပုဂ္ဂိုလ်များထက် အင်အားကြီးမားသောကောင်းကင်ဗိုလ်ခြေများကို မြင်ကြရလိမ့်မည်။ ကောင်းကင်တမန်များသည် သားသမီးများခံရသောဒုက္ခကို ကိုယ်တိုင်မြင်တွေ့ခဲ့ရပြီး ၎င်းတို့၏ဆုတောင်းသံကိုလည်း ကြားခဲ့ကြရပြီဖြစ်ရာ ၎င်းတို့အား ထိုဒုက္ခဆင်းရဲမှ ကယ်တင်ရန် ခရစ်တော်ထံမှ အမိန့်ကို သူတို့စောင့်နေကြပါသည်။.... ကျွန်ုပ်တို့လိုအပ်သည့်အချိန်တွင်

လိုအပ်သောအမအစများကို ခရစ်တော်ပေးတော်မူလိမ့်မည်။ GC, pp. 630, 633 (1911).

ကောင်းကင်သားများ၏ဘုန်းရောင်ခြည်များနှင့်အတိတ်ကာလ ကလုပ်ခဲ့ဖူးသည့် နှိပ်စက်ညှဉ်းပန်းခြင်းများရောယှက်နေသည့်အချိန်တွင် ဤကမ္ဘာပေါ်၌အသက်ရှင်လျက်ရှိကြမည့်သူများ၏အတွေ့အကြုံအကြောင်းကို ပြောရန်မှာ မလွယ်ကူလှပါ။ ထိုသူတို့သည် ပလ္လင်တော်မှ ကွန့်မြူးနေသည့် ရောင်ခြည်တော်ထဲတွင် လမ်းလျှောက်ကြလိမ့်မည်။ ကောင်းကင်တမန်များ အားဖြင့် ကောင်းကင်နိုင်ငံနှင့်ကမ္ဘာမြေကြီးအကြား အစဉ်မပြတ်ဆက်သွယ်မှုရှိနေလိမ့်မည်။

တိုင်းနိုင်ငံများပေါ်ထွန်းလာသည့်အချိန်မှစ၍ တစ်ခါမျှမကြုံဖူးသည့် ဒုက္ခဆင်းရဲခြင်းကပ်ကာလသည် မကြာမီမှာပင်ရောက်ရှိလာတော့မည်။ ထိုအချိန်တွင် ဘုရားသခင်၏သားသမီးများသည် တည်တည်ငြိမ်ငြိမ် ရပ်တည်နေကြလိမ့်မည်။ ခွန်အားကြီးသောကောင်းကင်တမန်များ၏ ကာကွယ်မှုကြောင့် သူတို့အားစာတန်နှင့်အပေါင်းပါများကမဖျက်ဆီးနိုင်ကြချေ။ 9T, pp. 16, 17 (1909).

## မကောင်းသောဆန္ဒများကို ဘုရားသခင်၏သားသမီးများ မမြတ်နိုးကြခြင်း

ယဇ်ပုရောဟိတ်မင်းကြီးက ကျွန်ုပ်တို့အတွက် အပြစ်ဖြေရာအမှုတော်ကို ဆောင်ရွက်နေသော ယခုအချိန်တွင် ခရစ်တော်၌စုံလင်သောအသက်တာရအောင် ကျွန်ုပ်တို့ကြိုးစားသင့်ကြပါသည်။ ခရစ်တော်ကိုစုံစမ်းခြင်းနောက်သို့ လိုက်ပါစေရန် စိုးစဉ်းမျှ စာတန်လုပ်ဆောင်နိုင်ခဲ့ခြင်းမရှိခဲ့သော်လည်း ခြေကုပ်ယူနိုင်မည့်အချက်တစ်ခုကို လူသားများ၏နှလုံးသားထဲ၌ သူတွေ့ထားပါသည်။ ထိုအရာမှာ ဒုစရိုက်နှင့်ပြည့်ဝသောဆန္ဒအချို့ပင်ဖြစ်သည်။ ထိုအရာများအားဖြင့် စုံစမ်းနှောင့်ယှက်ခြင်းအမှုကို သူပြုနိုင်ပါသည်။ သို့သော်

ခရစ်တော်က "ဤလောကကိုအစိုးရသောမင်းသည်လာဆဲဖြစ်၏။ လာသော်လည်း ငါ၌အဘယ်အခွင့်အရာကိုမျှမတွေ့ရ" ဟု ဖွင့်ဆိုထားပါသည်။ (ယော ၁၄း၃၀)။ အောင်ပွဲဆင်ရန်သူ့အားစွမ်းဆောင်ပေးနိုင်မည့် မည်သည့်အရာကိုမျှ ခရစ်တော်၌ စာတန်မတွေ့ခဲ့ပါ။ ကိုယ်တော်သည် ခမည်းတော်ဘုရားသခင်၏ပညတ်တော်များကို စောင့်တော်မူသဖြင့် စာတန်အခွင့်သာစေမည့် မည်သည့်အပြစ်တစ်စုံတစ်ရာကိုမျှ ကိုယ်တော်၌ မတွေ့ခဲ့ချေ။ ဒုက္ခဆင်းရဲခြင်းကပ်ကာလတွင် အသက်ရှင်ရပ်ထမည့်သူများသည်လည်း ဤသို့သော် အခြေအနေမျိုးတွင်ရှိနေကြရပါမည်။ GC, p. 623 (1911).

## 'ငါ'နှင့်ဆက်လက်ဆင်နွှဲနေရမည့်စစ်ပွဲ

စာတန်ကြီးစိုးနေသမျှကာလ ကျွန်ုပ်တို့အား အပြစ်လုပ်ရန် အမြဲဒုက္ခပေးနေသည့် "ငါ" ကိုနှိမ်နင်းကြရမည်။ ကျွန်ုပ်တို့အသက်ရှင်နေသမျှကာလ ပတ်လုံးစုံလင်ပြီဟုဆိုကာ လုံ့လစိုက်မှုရပ်တန့်ရမည့် အနေအထားမရှိပါ။ သန့်ရှင်းခြင်း (ဧအင်ငခအေသေည) ဆိုသည်မှာ တစ်သက်ပတ်လုံးနားထောင်လိုက်လျှောက်ခြင်း၏ ရလဒ်ဖြစ်သည်။ AA, pp. 560, 561 (1911).

ဇာတိပကတိစိတ်ကို ကျွန်ုပ်တို့အမြဲတမ်းစစ်ဆင်နေရမည်။ ကျွန်ုပ်တို့ကို ဘုရားသခင်၏ကျေးဇူးတော်တည်းဟူသော သန့်စင်ခြင်းတန်ခိုးတော်က မစတော်မူလိမ့်မည်။ ထိုတန်ခိုးတော်ကြောင့် လူတို့သည်အထက်အရပ်ကိုစိတ်စွဲလမ်းကာ မွန်မြတ်သန့်ရှင်းသောအရာများအပေါ်၌သာ စိတ်အာရုံပြုလာကြလိမ့်မည်။ 2T, p. 479 (1870).

ကျွန်ုပ်တို့သည် အစစ်မဟုတ်သောကမ္ဘာတစ်ခုကို စိတ်ထဲတွင်ဖန်တီးယူလို့ရနိုင်သည်။ စံပြအသင်းတော်တစ်ခုကိုလည်းစိတ်ကူးယဉ်ကြည့်လို့ရနိုင်ပါသည်။ စာတန်က ဒုစရိုက်ပြုဖို့ မစုံစမ်း၊ မနှောင့်ယှက်နိုင်မည့် အသင်းတော်တစ်ခုသို့မဟုတ်ကမ္ဘာတစ်ခုကိုစိတ်ထဲတွင်ဖန်တီးယူလို့ရနိုင်ကြသကဲ့သို့ စုံလင်ခြင်းဆိုသည်မှာလည်း စိတ်ကူးယဉ်၌သာရှိသောအရာတစ်ခုဖြစ်သည်။ RH, Aug. 8, (1893).

သန့်ရှင်းသောအသွေးအသားကို လူသားများရရှိသောအချိန်တွင် သူတို့သည် ဤကမ္ဘာပေါ်တွင်ဆက်၍ရှိနေကြတော့မည်မဟုတ်ဘဲ ကောင်းကင်နိုင်ငံတော်သို့ ယူဆောင်ခြင်းခံကြရလိမ့်မည်။ ဤဘဝတွင်အပြစ်ကျူးလွန်မှုအတွက် အပြစ်လွှတ်ခြင်းခံကြရသော်လည်း အပြစ်၏အကျိုးဆက်များကို ယခုအချိန်၌ လုံးလုံးကြီးဖယ်ရှားပစ်တော်မမူပါ။ ခရစ်တော်ကြွလာသည့်အချိန်ရောက်မှသာ ကိုယ်တော်ရှင်၏ဘုန်းတော်နှင့်ပြည့်စုံသောခန္ဓာကိုယ်နှင့်တူအောင် ကျွန်ုပ်တို့၏မကောင်းသောခန္ဓာကိုယ်ကို ပြောင်းလဲပစ်တော်မူလိမ့်မည်။ 2SM, p. 33 (1901).

### သန့်ရှင်းသူ ၁၄၄၀၀၀ ယောက်

ထိုသူတို့သည် သန့်ရှင်းသူ ၁၄၄၀၀၀ မှလွဲ၍မည်သူမှမဆိုတတ်သော သီချင်းကိုပလ္လင်တော်ရှေ့တွင်သီဆိုကြလိမ့်မည်။ ထိုသီချင်းသည် ကယ်လွှတ်ခြင်းသီချင်းတည်းဟူသော မောရှေနှင့်သိုးသငယ်တို့၏သီချင်းပင်ဖြစ်ပါသည်။ ထိုသီချင်းသည်အတွေ့အကြုံများအပေါ်တွင် အခြေပြု၍ စပ်ဆိုထားသော သီချင်းဖြစ်သောကြောင့် ထိုသီချင်းကို ၁၄၄၀၀၀ သော သန့်ရှင်းသူတို့သာ ဆိုတတ်ပါသည်။ ထိုသူများသည် "သိုးသငယ်သွားလေရာရာသို့နောက်တော်၌ လိုက်သောသူများ" ဖြစ်ကြ၏။ ၎င်းပြင် "ဘုရားသခင်နှင့်သိုးသငယ်အဖို့အဦး သီးသောအသီးဖြစ်ကြ၏။" (ဗျာ ၁၅:၂–၃။ ၁၄:၁–၅)။ တိုင်းနိုင်ငံများပေါ်ထွန်းသည့်အချိန်မှစ၍ တစ်ခါမျှမကြုံဖူးအောင်ပြင်းထန်သော ဒုက္ခဆင်းရဲခြင်း ကပ်ကာလကိုလည်း သူတို့ကျော်လွှားခဲ့ကြရပါသည်။ ထိုသူတို့သည် ကြာဖျန် ဖြေပေးမည့်အရှင်မရှိဘဲ ဘုရားသခင်၏ပြစ်ဒဏ်စီရင်မှုကိုရင်ဆိုင်ကာ ဒုက္ခဆင်းရဲခြင်းကပ်ကာလ၏ကြီးမားသော ဒုက္ခဝေဒနာများကိုခံစားရပ်တည်ခဲ့ကြပါသည်။ GC, pp. 648, 649 (1911).

"တစ်သိန်းလေးသောင်းလေးထောင်ထဲမှာ ဘယ်သူတွေပါသလဲ" ဆိုသည့် ဝိညာဉ်ရေးမှာ အထောက်အကူမပြုသောမေးခွန်းများအပေါ် အငြင်းပွားနေခြင်းများကို ကိုယ်တော်ရှင်အလိုရှိတော်မမူပါ။ မည်သူတွေ

ထိုအဖွဲ့တွင်ပါဝင်မည်ဆိုသည်ကို မကြာမီမှာပင်သိကြရပါလိမ့်မည်။ 1SM, p. 174 (1901).

**ဘုရားသခင်၏သားသမီးများ**
**ကယ်နုတ်ခြင်းခံရခြင်း**

ဘုရားသခင်၏သားသမီးများအား ထွက်ပေါက်မရှိအောင်ဝိုင်းထားနိုင်ပြီအထင်ဖြင့် စာတန်နှင့်အပေါင်းပါများသည် ဝမ်းသာအားရဖြစ်နေကြပါသည်။ ၎င်းတို့အောင်ပွဲခံကာ ပျော်မြူးနေစဉ်တွင် အကျယ်လောင်ဆုံးသောမိုးခြိမ်းသံများမှာ တစ်ခုပြီးတစ်ခုထွက်ပေါ်လာပါသည်။ သန့်ရှင်းရာစံအိမ်မှ ထာဝရဘုရားသခင်က အသံတော်ပေး၍ မိန့်မြွက်စဉ်တွင် ကောင်းကင်မှဖြာကျနေသည့် ထွန်းတောက်သောဘုန်းရောင်ခြည်သည် မျောင်မိုက်ကျနေသောကမ္ဘာကြီးပေါ်သို့ထွန်းလင်းလာပါသည်။

ကမ္ဘာမြေကြီးသည် တုန်လှုပ်ပြီးအဆောက်အအုံများသည် ကွဲအက်ပြိုကျကုန်ပါသည်။ ပင်လယ်ရေပြင်ကြီးသည်လည်း ရေနွေးဆူသကဲ့သို့ ဆူပွက်လာပြီး တစ်ကမ္ဘာလုံးသည်ကြောက်စရာကောင်းအောင်ရှုပ်ထွေးနေပါသည်။ ထိုစဉ်တွင် ဒို့ကယ်နုတ်ခြင်းခံရပြီ၊ ဒါဟာဘုရားသခင်ရဲ့အသံတော်ပဲဟု တစ်ဦးနှင့်တစ်ဦးတီးတိုးပြောကာ ဖြောင့်မတ်သူများသည် အနှောင်အဖွဲ့မှလွတ်မြောက်လာကြပါသည်။ 1T, pp. 353, 354 (1862).

ဘုရားသခင်၏ပညတ်တော်ကိုစောင့်ရှောက်သူများအားအကာအကွယ်ပေးထားသည့် ဥပဒေများကိုပြန်လည်ရုပ်သိမ်းလိုက်သောအချိန်တွင် ၎င်းတို့အားသုတ်သင်ဖျက်ဆီးမည့်လှုပ်ရှားမှုများသည်နေရာဒေသအသီးသီးတွင်ဖြစ်ပေါ်လာလိမ့်မည်။ ထိုအမိန့်ကိုထုတ်ပြန်ရန် သတ်မှတ်ထားသည့်အချိန်နီးကပ်လာသောအခါ ၎င်းတို့မုန်းတီးသော ထိုလူစုကိုအမြစ်ဖြုတ်ရန် သူတို့ဆွပေးကြလိမ့်မည်။ ထိုလူစုကိုအသံတိတ်သွားအောင် တစ်ညတည်းနှင့်အပြီးရှင်းပစ်ရန်လည်း သူတို့ဆုံးဖြတ်ကြလိမ့်မည်။

အကျဉ်းထောင်များတွင်လည်းကောင်း၊ လူဆိတ်ညံရာ တောတောင်များတွင်လည်းကောင်း ရောက်ရှိနေကြသော ဘုရားသခင်၏သားသမီးများသည် နတ်ဆိုးများ၏သွေးဆောင်မှုကြောင့် ၎င်းတို့ကိုသုတ်သင်ဖို့လက်နက်ကိုင်လူယုတ်မာများပြင်ဆင်နေကြစဉ်မှာပင် ဘုရားသခင်၏အကာအကွယ်များကိုဆက်လက်တောင်းခံနေကြပါသည်။ ထိုမကောင်းဆိုးဝါးလူစုကြီးသည် ပြက်ရယ်သံများ၊ ကြွေးကြော်သံများနှင့်၎င်းတို့ထံသို့ တစ်ဟုန်းထိုးပြေးလာကြစဉ်တွင် ညဥ့်မှောင်မိုက်ထက် နက်သောမှောင်မိုက်တစ်ခုသည် ဤကမ္ဘာပေါ်သို့ကျရောက်လာပါသည်။

မိမိလူတို့ကို ကယ်နုတ်ခြင်းငှါ ဘုရားသခင်တန်ခိုးပြမည့်အချိန်သည် ညသန်းခေါင်အချိန်ဖြစ်ပါသည်။ မတည်မငြိမ်ရှုပ်ထွေးပွေလီနေသော ကောင်းကင်အလယ်တွင် မဖော်ပြနိုင်လောင်အောင် ဘုန်းတော်နှင့်ပြည့်စုံသော ကြည်လင်လှပသည့် အကွက်ကလေးတစ်ခုပေါ်ထွန်းလာပါသည်။ ထိုနေရာမှနေ၍ လှိုင်းရေသံများကဲ့သို့ကြီးသောအသံဖြင့်အမှုပြီးပြီ ဟူသောအသံတစ်သံထွက်ပေါ်လာပါသည်။ ထိုအသံကြောင့် ကောင်းကင်နှင့်မြေကြီးတို့သည် တုန်ခါသွားပါသည်။ (ဗျာ ၁၆း၁၇)။

ကမ္ဘာ့အလှပဆုံးမြို့ကြော်ကြီးများနှင့်တကွ ကမ္ဘာ့ခေါင်းဆောင်ကြီးများ၊ မိမိကိုယ်ကိုချီးမြှောက်ရန် မိမိတို့၏စည်းစိမ်များကိုအသုံးပြုတည်ဆောက်ခဲ့ကြသည့်ခမ်းနားသောနန်းတော်ကြီးများသည် ၎င်းတို့ရှေ့မှောက်မှာပင် တစ်စစီပျက်စီးကုန်ကြပါတော့သည်။ အကျဉ်းထောင်နံရံများမှာလည်း ကွဲအက်လဲကျကုန်ရာ ယုံကြည်ခြင်းကြောင့်အကျဉ်းချခံထားရသည့် ယုံကြည်သူများသည်လွတ်မြောက်ကုန်ကြပါသည်။ GC, pp. 635-637 (1911).

---ooo---

## အခန်း (၁၉)

# ခရစ်တော်ပြန်လည်ကြွလာခြင်း

### သတ္တမဘေးဒဏ်နှင့်အထူးရှင်ပြန်ထမြောက်ခြင်း

အလွန်ကြီးကျယ်သောမြေငလျင်တစ်ခုလှုပ်ပါသည်။ မြေကြီးအပေါ်မှာ လူတို့ဖြစ်သည့်ကာလမှစ၍ ထိုသို့သောလက္ခဏာနှင့်ထိုမျှလောက်ပြင်းထန်စွာသောမြေလှုပ်ခြင်းသည်မဖြစ်စဖူး (ဗျာ ၁၆း၁၈)။ မိုးကောင်းကင်သည် ပွင့်ထွက်သွားတော့မယောင်ဖြစ်နေသည်။ ပလ္လင်တော်မှ ယိုစီးလာသည့်ဘုန်းရောင်ခြည်တော်သည် ဝင်းလက်တောက်ပနေပါသည်။ တောင်များသည် လေဒဏ်ကြောင့် ယိမ်းယိုင်နေသည့် ကျူပင်များနယ်တုန်ခါလှုပ်ယမ်းနေပါသည်။ ကျောက်ဆောင်ကြီးများသည်လည်းကွဲအက်ကာ အစိတ်အစိတ်လွင့်စင်ကုန်ကြပါသည်။ ကမ္ဘာကြီးတစ်ခုလုံးသည် ပင်လယ်လှိုင်းလုံးကြီးများသဖွယ်နိမ့်တုန်မြင့်တုန်ဖြစ်နေပါသည်။ ကမ္ဘာမြေမျက်နှာပြင်သည်ကွဲအက်သွားပြီး အောက်ခြေအုတ်မြစ်များသည် ပြုတ်လွင့်ကုန်ပါသည် တောင်တန်းကြီးများသည် လူနေကျွန်းကလေးများနှင့်အတူ ပင်လယ်ထဲတွင်နစ်မြုပ်ပျောက်ကွယ်သွားကြပါသည်။ သောဒုံမြို့၏ပင်လယ်ဆိပ်ကိမ်းနှင့်တူသောဆိပ်ကမ်းများတို့သည်လည်း လှိုင်းလေများအောက်တွင်နစ်မြုပ်ပျောက်ကွယ်ကုန်ကြပါသည်။––– “အချိန်အခွက်တစ်ဆယ်ရှိသောမိုးသီးများ” သည် လူတို့၏လက်ရာများကိုဖျက်ဆီးပစ်ကြပါသည်။ (ဗျာ ၁၆း၁၉၊၂၁)။

သင်္ချိုင်းဂူများလည်းပွင့်လာသော “မြေမှုန့်၌အိပ်ပျော်သောသူများတို့သည် နိုးကြားလိမ့်မည်။ အချို့တို့ကား ထာဝရအသက်ရှင်ခြင်းနှင့်လည်းကောင်း၊ အချို့တို့ကား ရှက်ကြောက်ခြင်း၊ ထာဝရအသရေပျက်ခြင်းနှင့်လည်းကောင်း နိုးထလာကြလိမ့်မည်။ (ဒံ ၁၂း၂)။ ကောင်းကင်တမန်သုံးပါးသတင်းစကားကိုယုံကြည်လျက်သေဆုံးသွားသူများသည် ပညတ်တော်ကိုစောင့်သူများနှင့်အတူ ဘုရားသခင်၏ငြိမ်သက်ခြင်းပဋိညာဉ်တရားကို

နာကြားရန် သင်္ချိုင်းတွင်းမှ ထလာကြပါသည်။ ကိုယ်တော်ရှင်ကိုလှံနှင့် ထိုးသူများ၊ ကိုယ်တော်ရှင်ဒုက္ခဝေဒနာခံစားနေခြင်းကိုလှောင်ပြောင်ပြက်ရယ် ပြုခဲ့သူများ၊ ကိုယ်တော်ရှင်၏သမ္မာတရားကိုအကြီးအကျယ်ဆန့်ကျင်ခဲ့ သူများအား ဘုန်းတော်နှင့်ပြည့်ဝလျက်ရှိသော ကိုယ်တော်ရှင်အား ကြည့်မြင်နိုင်ရန်အတွက်သော်လည်းကောင်း၊ ကိုယ်တော်ရှင်အပေါ်သစ္စာစောင့် နာခံခဲ့သူများအား ချီးမြင့်သောဂုဏ်ပြုခြင်းများကိုမြင်တွေ့ရန်အတွက် လည်းကောင်း ထမြောက်စေတော်မူပါသည်။ GC, pp. 636, 637 (1911).

**ခရစ်တော်ကြွလာမည့်အချိန်ကို ဘုရားသခင် ကြေညာခြင်း**

မည်းမှောင်နေသော တိမ်တိုက်ကြီးများတက်လာကာ တစ်ခုအပေါ် တစ်ခုကဖုံးလွှမ်းလိုက်ပါသည်။ မိုးမျက်နှာကြက်ကြီးသည်ကွဲပြီး လိပ်သွားပါ သည်။ ထိုအခါ အိုရိုယ်ယွန်တွင်အပေါက်တစ်ပေါက်ပေါ်လာသည်ကို ကျွန်ုပ်တို့ ကြည့်ရှုနိုင်ပါသည်။ ထိုအပေါက်ထဲမှ ဘုရားသခင်၏အသံတော် ထွက်လာ ပါသည်။ EW, p. 41 (1851).

မကြာမီမှာပင် ခရစ်တော်ကြွလာမည့်အချိန်နာရီကိုပြောနေသည့် ရေသံများနှင့်တူသော ဘုရားသခင်၏အသံတော်ကို ကျွန်ုပ်တို့ကြားကြရပါ သည်။ တစ်သိန်းလေးသောင်းလေးထောင်သောသူတော်စင်များက ထိုအသံ တော်ကိုသိရှိနားလည်ကြသော်လည်း လူယုတ်မာများကမူ ထိုအသံကို မိုးခြိမ်း သံ၊ မြေလျှင်လှုပ်သံဟုထင်နေကြပါသည်။ EW, p. 15 (1851).

ထာဝရဘုရားသခင်သည် ခရစ်တော်ကြွလာမည့်အချိန်နာရီကို ကြေညာကာ ထာဝရပဋိညာဉ်ကို မိမိလူတို့အားမြွက်ကြားနေစဉ် နှုတ်တော်မှ ဝါကျတစ်ကြောင်းကိုမိန့်တော်မူကာ ရပ်လိုက်စဉ် ထိုစာလုံးများသည် စီတန်း သွားပြီး ဝါကျတစ်ခုဖြစ်သွားပါသည်။ ဘုရားသခင်၏ထိုသူတော်စင်များ သည် အကျယ်လောင်ဆုံးမိုးခြိမ်းသံဖြင့်မြွက်ဆိုနေသော ဘုရားသခင်၏အသံ တော်ကို နားစွင့်ကာ ကောင်းကင်ကိုမော်ကြည့်လျက် ရပ်နေကြပါသည်။

ကြက်သီးမွေးညင်းထစရာ မြင်ကွင်းတစ်ခုဖြစ်ပါသည်။ မြွက်ဆိုတော်မူသည့် ဝါကျဆုံးသွားသောအခါ “ဘုန်းကြီးတော်မူစေသတည်း။ ဟာလေလုယ” ဟု ထိုသူတော်စင်များက ဟစ်ကြွေးကြ၏။ ၎င်းတို့၏မျက်နှာများသည် သိနာတောင်ပေါ်မှ ဆင်းလာသည့်အချိန်က မောရှေ၏မျက်နှာကဲ့သို့ ဘုန်းရောင်များဖြင့်ထွန်းလင်းတောက်ပနေပါသည်။ လူယုတ်မာများမှာမူ မော်၍ပင် မကြည့်ရဲကြချေ။ စစ်မှန်သောဥပုသ်တော်နေ့ကိုစောင့်ခြင်းအားဖြင့် ဘုရားသခင်အားအလေးပေးဂုဏ်ပြုခဲ့သူများအပေါ်သို့ အဆုံးမရှိသော ကောင်းချီး မင်္ဂလာများကိုချီးမြှင့်နေစဉ် သားရဲနှင့်တကွ သူ၏ရုပ်တုအပေါ်အောင်ပွဲ ဆင်သည့် အသံကြီးတစ်ခုပေါ်ထွက်လာပါသည်။ EW, pp. 285, 286 (1858).

ဘုရားသခင်မိန့်မြွက်ခဲ့သော ထိုအချိန်နာရီနှင့်စပ်လျဉ်း၍ အနည်း ငယ်စိုးစဉ်းမျှကျွန်ုပ်မသိတော့ပါ။ ဖွင့်ဆိုတော်မူသည့် အချိန်နာရီကို ကျွန်ုပ် ကိုယ်တိုင်ကြားခဲ့ငြားသော်လည်း ရူပါရုံမှထွက်လာသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ် သတိမရတော့ပါ။ မြင်တွေ့ခဲ့ရသောမြင်ကွင်းများမှလည်း လူ့စကားဖြင့်ဖော်ပြ ခြင်းငှါမစွမ်းနိုင်လောက်အောင်ပင် ကြောက်စရာ၊ စိတ်ဝင်စားစရာကောင်းလှ ပါသည်။ 1SM, p. 76 (1888).

### ဆုံးရှုံးသူများ၏ကြောက်လန့်ခြင်း

ဤကမ္ဘာကြီးသည် အရက်မူးသမားတစ်ယောက်ကဲ့သို့ဒယိမ်းဒယိုင် ဖြစ်နေသောအချိန်၊ ကောင်းကင်ယံသည်လည်းလှုပ်ယမ်းကာ ဘုရားသခင် ၏နေ့ကြီးသို့ရောက်လာသောအချိန်၊ ထိုအချိန်မျိုးတွင် မည်သူသည် ရပ်ထနိုင် လိမ့်မည်နည်း။ ကြောက်ရွံ့ချောက်ချားစွာဖြင့် ၎င်းတို့ကြည့်နေသောအရာ တစ်ခုမှ လွတ်မြောက်ရန် သူတို့သည်အချဉ်းနှီးကြိုးစားနေကြသည်။ **“ကြည့်ရှု လော့၊ မိုးတိမ်နှင့်တကွကြွလာတော်မူသည်ဖြစ်၍ ရှိသမျှသောသူတို့ သည် ကိုယ်တော်ကိုရှုမြင်ရကြလိမ့်မည်။” (ဗျာ ၁း၇)။** ထိုစဉ်တွင်ကယ်တင် ခြင်းမခံရသူများက “ထိုတောင်များ၊ ကျောက်များတို့ကိုခေါ်လျက် ငါတို့အပေါ် သို့ကျကြပါ။ ပလ္လင်ပေါ်မှာထိုင်တော်မူသောသူ၏မျက်နှာနှင့်သိုးသငယ်၏

အမျက်တော်ကိုကွယ်ကာ၍ ငါတို့ကိုဖုံးအုပ်ကြပါ” ဟု ကြောက်အားလန့်အား အော်ဟစ်နေကြပါသည်။ (ဗျာ ၆း၁၆)။ TMK, p. 356 (1896).

ဘုရားသခင်က သင်္ချိုင်းတွင်း၌အချုပ်အနှောင်ခံနေရသောသားသမီး များဘက်သို့လှည့်ပြီး အမိန့်ပေးလိုက်သောအခါ အသက်တာတိုက်လှန်ပွဲတွင် အရှုံးနှင့်ရင်ဆိုင်ခဲ့ရသူများသည် ထမြောက်လာကြပါသည်။ တစ်သက်တာလုံးစု ဆောင်းထားသမျှဉစ္စာစည်းစိမ်များသည် တစ်ခဏအတွင်းမှာပင်ပျောက်လွင့် ကုန်ပါသည်။ သူကြွယ်များသည် ပြန့်ကျဲနေသော ၎င်းတို့ပိုင်ရွှေငွေများနှင့် အဖျက်ဆီးခံရသောအိမ်ရာများအတွက် ငိုကြွေးနေကြပါသည်။ လူယုတ်မာ များသည်လည်း သံဝေဂရနေကြပါသည်။ ဘုရားသခင်နှင့်တကွမိတ်ဆွေများ အားလျစ်လျူရှုခဲ့မိသောကြောင့် သူတို့သံဝေဂရနေခြင်းမဟုတ်ဘဲ ဘုရားသခင် ကအောင်ပွဲဆင်သွားသည့်အတွက် သူတို့ သံဝေဂရနေခြင်းဖြစ်ပါသည်။ ဖြစ်ပေါ် လာသောရလဒ်အတွက် သူတို့ ငိုကြွေးမြည်တမ်းနေကြသော်လည်း မိမိတို့လုပ် ဆောင်ခဲ့သောဆိုးယုတ်မှုများအတွက် သူတို့နောင်တမရကြပါ။ GC, p. 654 (1911).

## ဘုန်းတန်ခိုးအာနုဘော်တော်နှင့်ကြွလာသည့် ခရစ်တော်

လက်ဖဝါးတစ်ဝက်ခန့်အရွယ် တိမ်အမည်းကလေးတစ်ကွက်သည် မကြာမီအချိန်၌ အရှေ့အရပ်တွင်ပေါ်လာပါသည်။ ထိုအရာသည် ခရစ်တော် ကိုကောင်းကင်တမန်များဝန်းရံထားသောအရာဖြစ်ပြီး အဝေးမှနေ၍ကြည့် သောကြောင့် အမှောင်ထုကဝိုင်းထားသယောင်တွေ့နေရပါသည်။ ထိုအရာ သည် ဘုရားသခင်သားတော်၏အထိမ်းအမှတ်ဖြစ်ကြောင်း ယုံကြည်သူသား သမီးများကသိထားပါသည်။ ထိုအရာကလေးသည် ဤကမ္ဘာကြီးဆီသို့တ ဖြည်းဖြည်းရွေ့လျားလာစဉ် သူတို့သည်တိတ်ဆိတ်စွာဖြင့် စိုက်ကြည့်နေကြ ပါသည်။ နီးကပ်လာသည်နှင့်အမျှ ပို၍ထွန်းလင်းတောက်ပလာကာ တိမ်ဖြူ ကြီးတစ်ခုသဖွယ်တွေ့လာပါသည်။ အောက်ခြေပိုင်းတွင် လောင်မြိုက်သော မီးကဲ့သို့ ဘုန်းရောင်ခြည်များတောက်ပနေပြီး အပေါ်ဘက်တွင်မူ ပဋိညာဉ်

သက်တံက လွှမ်းမိုးထားပါသည်။ ခရစ်တော်သည် မဟာအောင်မြင်သူတစ်ပါးကဲ့သို့ ထိုမိုးတိမ်ဖြူကိုစီးလာတော်မူပါသည်။

သန့်ရှင်းသောကောင်းကင်တမန်များ၏ သာယာနာပျော်ဖွယ်ဓမ္မသီချင်းသံများနှင့်အတူ မရေမတွက်နိုင်အောင်များပြားလျက်ရှိသောလူအုပ်ကြီးတစ်ခုသည် ကိုယ်တော်ရှင်နှင့်အတူလိုက်ပါလာကြပါသည်။ ကောင်းကင်ယံကြီးသည် အရောင်အဝါများဖြင့်တောက်ပြောင်နေသည့် ကုဋေသင်္ချေမကများပြားသော လူတို့နှင့်ပြည့်နေပါသည်။ မည်သည့်စာရေးဆရာမှ ထိုမြင်ကွင်းကိုပုံဖေါ်ရေးသားနိုင်မည်မဟုတ်သလို မည်သည့်လူသားရိုးရိုးကမှ ထိုမြင်ကွင်း၏ကြီးကျယ်ခမ်းနားမှုကိုစုံလင်အောင်တွေးဆနိုင်မည်မဟုတ်ပါ။

ဘုရင်တကာ၏ဘုရင်ကြီးသည် မီးလျှံများဖြင့်တောက်လောင်နေသော ထိုတိမ်တိုက်ပေါ်သို့သက်ဆင်းလိုက်ပါသည်။ မိုးကောင်းကင်ကြီးသည် စာလိပ်တစ်ခုကဲ့သို့လိပ်သွားပါသည်။ ကိုယ်တော်ရှင်၏ရှေ့မှောက်တွင် မြေတစ်ပြင်လုံးသည်တုန်ခါနေပြီး တောင်များ၊ ကျွန်းများတို့သည် နေရာမှရွေ့လျားကုန်ကြပါသည်။ GC, pp. 640-642 (1911).

**ကိုယ်တော်ရှင်အားသတ်ခဲ့သူများ၏တုံ့ပြန်ချက်**

ခရစ်တော်ကိုငြင်းပယ်ရာတွင်လည်းကောင်း၊ ကပ်တိုင်တင်ရာတွင်လည်းကောင်း အထင်ရှားဆုံးကဏ္ဍများတွင်ပါဝင်လုပ်ဆောင်ခဲ့သူများသည် ကိုယ်တော်ရှင်၏အခြေအနေမှန်ကိုမြင်တွေ့ရန် ထမြောက်လာကြသည်။ လျှပ်တစ်ပြက်အတွင်းပြောင်းလဲခြင်းသို့ရောက်ရှိသွားသည့် ဘုန်းတော်နှင့်ပြည့်ဝသောသူတော်စင်များကိုလည်း သူတို့တွေ့မြင်ကြရသည်။ ကိုယ်တော်ရှင်ကိုနီမောင်းသောဝတ်ရုံဝတ်ပေးသူများ၊ ဆူးရစ်သရဖူဆောင်းပေးသူများ၊ ကိုယ်တော်ရှင်၏လက်နှင့်ခြေများ၌ သံရိုက်ခဲ့သူများတို့သည် ကိုယ်တော်ကိုကြည့်ကာ ငိုကြွေးမြည်တမ်းကြပါသည်။ 9MR, p. 252 (1886).

ကိုယ်တော်ရှင်၏မေတ္တာကရုဏာများကို အလေးမထားတလွဲအသုံးပြုခဲ့ပုံများကို သူတို့ပြန်လည်သတိရကြပါသည်။ ကိုယ်တော်ရှင်အစား၊ လူဆိုး

ကြီးဗာရဗ္ဗကိုသူတို့ရွေးခဲ့ပုံ၊ ကိုယ်တော်အား ဆူးရစ်သရဖူဆောင်းပေးပြီး ကပ်တိုင်တင်ခဲ့ပုံ၊ ကြီးမားသောဝေဒနာကို ကိုယ်တော်ရှင်ခံစားနေရစဉ် "ကပ်တိုင်ပေါ်ကဆင်းလာခဲ့ပါ။ ဆင်းလာရင်ယုံမယ်၊ သူတစ်ပါးကိုတော့ကယ်တင်နိုင်ပြီးတော့ ကိုယ့်ကိုကိုယ်ကျတော့ မကယ်တင်ပါလား" ဆိုပြီး ယဇ်ပုရောဟိတ်များနှင့်အကြီးအကဲများက စော်ကားခဲ့ပုံစသည်တို့ကို သူတို့စဉ်းစားမိကြပါသည်။ ခရစ်တော်ကိုစော်ကားခဲ့သမျှနှင့်တမန်တော်များကို ဒုက္ခပေးခဲ့သမျှကို သူတို့ကောင်းမွန်စွာ ပြန်လည်သတိရကြပါသည်။

မကြာခဏကြားဖူးခဲ့သည့်တောင်းပန်တိုးလျှိုးသံကိုလည်း တစ်ဖန်သူတို့ကြားကြရလိမ့်မည်။ တရားဇရပ်နှင့်လမ်းများပေါ်တါင် ဟောကြားခဲ့သည့် ခရစ်တော်၏အသံကိုရှင်းရှင်းလင်းလင်းကြားခဲ့ရသလို တောင်းပန်တိုးလျှိုးသော ထိုစကားလုံးများကိုတစ်လုံးမကျန် သူတို့ကြားကြရလိမ့်မည်။ ထိုစဉ်တွင် ကိုယ်တော်ရှင်အားလှံဖြင့်ထိုးသတ်ခဲ့သူများသည် သိုးသငယ်၏အမျက်တော်မှလည်းကောင်း၊ ပလ္လင်တော်တွင်ထိုင်နေသော ကိုယ်တော်၏မျက်နှာတော်မှလည်းကောင်း ပုန်းရှောင်နိုင်ရန် တောင်များနှင့်ကျောက်ဆောင်များကို မိမိတို့အပေါ်ကျစေကြောင်း အော်ဟစ်တောင်းဆိုနေကြပါသည်။ Letter, p. 131 (1900).

## "အိပ်နေသူများထကြလော့"

ထိုမိုးတိမ်များသည် စာလိပ်တစ်ခုကဲ့သို့လိပ်သွားရာ ဘုရားသခင်၏သားတော်၏ပုံရိပ်မှာ ထင်ရှားထွန်းလင်းလာပါသည်။ ထိုမိုးတိမ်များသည် မည်သည့်အရာဖြစ်သည်ကို ဘုရားသခင်၏သားသမီးများကသိသည်။ ချိုသာသောတေးသံများသည် တဖြည်းဖြည်းနီးလာသည်နှင့်အမျှ သင်္ချိုင်းများသည် ပွင့်လာကာ လူသေများသည်ထမြောက်လာကြပါသည်း။ 9MR, pp. 251, 252 (1886).

"ဤအမှုအရာကို အံ့သြခြင်းမရှိကြနှင့်၊ သင်္ချိုင်းများမှာရှိသော သူအပေါင်းတို့သည် သားတော်၏စကားသံကိုကြား၍ထွက်ရမည့်အချိန်ကာလ

ရောက်လတ္တံ့” (ယောဟန် ၅း၂၈၊၂၉)။ လူသေများရှိသော နိုင်ငံအသီးသီးတွင် ဤအသံသည်တစ်ဖန်ထွက်ပေါ်လာလိမ့်မည်။ ထိုအခါတွင် ခရစ်တော်၌အိပ်ပျော်လျက်ရှိသော သန့်ရှင်းသူများသည်နိုးထကာ အနှောင်အဖွဲ့များမှလွတ်မြောက်လာကြလိမ့်မည်။ Ms, p. 137 (1897).

အာဒံမှစ၍ နောက်ဆုံးသေဆုံးသွားသည့် သူတော်စင်အထိ အဖိုးတန်အသက်ဝိညာဉ်အားလုံးသည် သားတော်၏အသံကိုကြားပြီး နိုးထကာ ထာဝရအသက်ကိုဝင်စားကြလိမ့်မည်။ DA, p. 606 (1898).

ဤကမ္ဘာကြီးသည် ကျူပင်များနှယ်ယိမ်းယိုင်လှုပ်ယိမ်းပြီး လျှပ်ပန်းလျှပ်နွယ်နှင့်မိုးကြိုးထစ်ချုန်းသံများဖြင့်ရှုပ်ထွေးနေစဉ်တွင် ခရစ်တော်၌အိပ်ပျော်နေသည့်သူတော်စင်များအား ကိုယ်တော်ရှင်နိုးထစေတော်မူသည်၊ ကိုယ်တော်ရှင်သည် သင်္ချိုင်းဂူများကိုကြည့်ကာ လက်တော်ကိုမြှောက်လျက် “မြေ၌အိပ်ပျော်နေသူများထကြလော့” ဟု အော်ဟစ်ကြွေးကြော်တော်မူ၏။ ကမ္ဘာအရပ်ရပ်တွင်ရှိနေသည့် လူသေများသည် ထိုအသံကိုကြားကြ၏။ ကြားသောသူအပေါင်းတို့သည်လည်း အသက်ရှင်ခြင်းသို့ဝင်စားကြ၏ နိုင်ငံအသီးသီးရှိလူမျိုးအပေါင်းတို့၏ ခြေသံများဖြင့် ကမ္ဘာကြီးတစ်ခုလုံးသည် မြည်ဟည်းနေပါသည်။ သေခြင်းမှထမြောက်ကာ ထာဝရအသက်ရှင်ခြင်းသို့ဝင်စားကြသူများက “အို သေမင်း၊ သင်၏လက်နက်သည် အဘယ်မှာရှိသနည်း။ အိုမရဏာနိုင်ငံ၊ သင်၏အောင်မြင်ခြင်းသည် အဘယ်မှာရှိသနည်း” ဟု ကြွေးကြော်ကြပါသည်။ (၁ကော ၁၅း၅၅)။ ထိုနောက် အသက်ရှင်လျက်ရှိသောဖြောင့်မတ်သူများသည် သေခြင်းမှထမြောက်လာသည့် သန့်ရှင်းသူများနှင့်အတူ ရှည်လျားစွာအောင်ပွဲခံကြွေးကြော်ကြပါသည်။ GC, p. 644 (1911).

### လိုဏ်ဂူများနှင့်အကျဉ်းထောင်များမှ

ကယ်တင်ရှင်သည် တောင်များ၊ လိုဏ်ဂူများနှင့်အကျဉ်းထောင်များတွင် ကိုယ်တော်တိုင်သွား၍ ကိုယ်ထင်ပြတော်မူသည်။

မကြာမီအချိန်ကလေးမှပင် ကြွလာတော်မူမည့် ကိုယ်တော်ရှင်သည် ဖင့်နွှဲ့ကြန့်ကြာမှုမရှိဘဲ ကြွလာတော်မူလိမ့်မည်။ မီးလျှံကဲ့သို့ တောက်ပတော်မူသည့် မျက်လုံးတော်သည် သေချာခိုင်ခဲ့စွာပိတ်ထားသည့်အကျဉ်းထောင်များထဲသို့ ထိုးဖေါက်ကြည့်ရှုပြီး ပန်းရှောင်နေသူများကိုရှာဖွေတော်မူပါသည်။ အကြောင်းမှာ ထိုသူများ၏နာမည်များကို သိုးသငယ်၏အသက်စာစောင်ထဲတွင် ရေးထားလျက်ရှိပြီ၊ ကယ်တင်ရှင်သည် ကျွန်ုပ်တို့ပတ်လည်ရှိအရာအားလုံးကို မြင်နိုင်စွမ်းရှိသည်။ ကိုယ်တော်ရှင် ထိုးဖေါက်တွေ့မြင်နိုင်စွမ်းမရှိလောက်အောင် ခက်ခဲသည့်နေရာမရှိပါ။ ကိုယ်တော်ရှင် မမြင်နိုင်လောက်အောင်ဝေးကွာနေသည့်ဒုက္ခသည် ဝမ်းနည်းပက်လက်ရှိနေသူများလည်းမရှိပါချေ။

ခရစ်တော်၏ခမ်းနားကြီးကျယ်ခြင်းကို ပထမဦးဆုံးမြင်တွေ့ရသောအချိန်တွင် ဘုရားသခင်၏သားသမီးများသည် အကြီးအကျယ်ထိတ်လန့်သွားကြလိမ့်မည်။ ကိုယ်တော်၏သန့်ရှင်းသော အခြေအနေတွင် ၎င်းတို့အသက်ရှင်လျက်မနေနိုင်ဟုလည်း သူတို့ထင်နေကြလိမ့်မည်။ သို့သော် မကြောက်နှင့်ဟု ယောဟန်အားဖြင့် ကိုယ်တော်ရှင် မိန့်မြွက်ထားပါသည်။ ယေရှုရှင်သည် ယောဟန်အပေါ်သို့လက်တော်ကိုတင်ကာ ပျပ်ဝပ်နေသောအနေအထားမှ ရပ်ထစေခဲ့ပါသည်။ ထိုနည်းတူသစ္စာရှိ ယုံကြည်ကိုးစားသူတို့အား ကိုယ်တော်ပြုတော်မူလိမ့်မည်။ TMK, pp. 360, 361 (1886).

ကယ်တင်ခြင်းအမွေကိုခံစားကြမည့် ဘုရားသခင်၏သားသမီးများသည် အထပ်ခိုးများ၊ တဲကုပ်များ၊ မြေအောက်အကျဉ်းခန်းများ၊ ကပ်တိုင်များ၊ တောင်များ၊ ကန္တာရများ၊ လိုဏ်ဂူများနှင့်လိုဏ်ခေါင်းများမှဆင်းလာထွက်လာကြလိမ့်မည်။ GC, p. 650 (1911).

## ပင်လယ်ကြမ်းပြင် မိုင်းတွင်းများနှင့် တောင်များမှ

သစ္စာရှိတပည့်များစုသိမ်းရန် ခရစ်တော်ကြွလာတော်မူသောအခါတွင် နောက်ဆုံးသောတံပိုးကိုမှုတ်လိုက်ပါသည်။ ထိုအခါတွင်အမြင်ဆုံးတောင်ထိပ်

မှအနက်ဆုံးမိုင်းတွင်းများရှိလူအပေါင်းတို့သည် ကြားကြရလိမ့်မည်။ ဖြောင့်မတ်သူများသည် ထိုတံပိုးသံကိုကြားသောအခါ မသေနိုင်သည့်သဘာဝသို့ ပြောင်းလဲကာ ခရစ်တော်ကိုဖူးမြော်ရန် နိုးထလာကြလိမ့်မည်။ 7GC, p. 909 (1904).

ကျောက်လိုဏ်ခေါင်းများ၊ မြေအောက်အကျဉ်းစခန်းများ၊ လိုဏ်ဂူများနှင့်သမုဒ္ဒရာကြမ်းပြင်များရှိလူသေများ ရှင်ပြန်ထမြောက်လာခြင်းကြောင့် ကျွန်ုပ်ကြည်နူးမိပါသည်။ လူတိုင်းသည် ကိုယ်တော်ရှင်၏အသံကိုကြားရလိမ့်မည်။ မည်သူ့ကိုမျှ ကျော်သွားလိမ့်မည်မဟုတ်ပါ။ ဖြောင့်မတ်သူတို့သည် အောင်မြင်မှုများဖြင့် ထမြောက်လာကြလိမ့်မည်။ Letter, p. 113 (1886).

ခရစ်ဓာတ်က လူသေများကိုထမြောက်စေသောအချိန်တွင် ဆွစ်ဇာလန်နိုင်ငံရှိ တောင်များ၏မြင်ကွင်းသည် မည်သို့ဖြစ်လိမ့်မည်နည်း။ ထိုသူတို့သည် ကျောက်ဂူများ၊ မြေတွင်းများ၊ မြေအောက်ခန်းများ၊ ရေတွင်းနက်ကြီးများစသည့် ၎င်းတို့၏ကိုယ်ခန္ဓာကိုမြှုပ်နှံထားသည့်နေရာများမှ ထမြောက်လာကြလိမ့်မည်။ Letter, p. 97 (1886).

**လူယုတ်မာများကိုသုတ်သင်ခြင်း**

ဘုရားသခင်၏အမျက်တော်စစ်စစ်သည် ကမ္ဘာသူကမ္ဘာသားများအပေါ်သို့ကျရောက်လိမ့်မည်။ ယဇ်ပုရောဟိတ်များ၊ နိုင်ငံအကြီးအကဲများ၊ လူဆင်းရဲ၊ လူချမ်းသာအားလုံး မလွတ်ရကြ။ ထိုအခါ ထာဝရဘုရားကွပ်မျက်တော်မူခြင်းကိုခံရသောသူတို့သည် မြေကြီးတစ်ဘက်မှ တစ်ဘက်တိုင်အောင် နံ့ပြားကြလိမ့်မည်။ သူတို့ကို မမြည်တမ်းရ၊ မစုမပုံရ၊ မသင်္ဂြိုဟ်ရ၊ မြေပေါ်မှာ မစင်ကဲ့သို့ဖြစ်ကြလိမ့်မည်။ (ယေရမိ ၂၅း၃၃)။

ခရစ်တော်ကြွလာသောအချိန်တွင် လူယုတ်မာများအား နှုတ်တော်မှထွက်သည့်ဝိညာဉ်တော်အားဖြင့် လောင်ကျွမ်းစေပြီး ဘုန်းတော်၏တောက်ပသောရောင်ခြည်အားဖြင့် ဖျက်ဆီးကာ ဤကမ္ဘာမြေပေါ်မှ ရှင်းပစ်တော်မူလိမ့်မည်။ ထိုအချိန်တွင် ခရစ်တော်သည် မိမိ၏လူတို့အား ဘုရားသခင်၏

မြို့တော်သို့ခေါ်သွားတော်မူရာ ဤကမ္ဘာပေါ်တွင်နေထိုင်သူကင်းမဲ့နေပါသည်။ GC, p. 657 (1911).

ကျွန်ုပ်တို့၏ဘုရားသခင်သည် မည်သည့်နေရာတွင်ရှိသည့် အပြစ်အတွက်မဆို လောင်ကျွမ်းသောမီးဖြစ်ပါသည်။ (ဟေဗြဲ ၁၂း၂၉)။ ကိုယ်တော်၏တန်ခိုးတော်ကိုဝန်ခံသူအပေါင်းတို့တွင် ဘုရားသခင်၏ ဝိညာဉ်တော်သည် အပြစ်ကိုသာ လောင်ကျွမ်းတော်မူလိမ့်မည်။ သို့ရာတွင် အပြစ်ကိုတွယ်ဖက်ထားသူများမှာမူ အပြစ်နှင့်တစ်သားတည်းဖြစ်နေကြသဖြင့် ဘုရားသခင်ဘုန်းတော်သည်အပြစ်ကိုလောင်ကျွမ်းသောအချိန်တွင် သူတို့ကိုလည်းဖျက်ဆီးပစ်မည်ဖြစ်သည်။ DA, p. 107 (1898).

ဘုရားသခင်၏မျက်နှာတော်မှာ ကွန့်မြူးနေသောရောင်ခြည်တော်များသည် ဖြောင့်မတ်သူများအတွက် အသက်ရှင်ခြင်းဖြစ်သော်လည်း လူယုတ်မာများအတွက် လောင်ကျွမ်းသောမီးဖြစ်ပါသည်။ DR, p. 600 (1898).

## လူယုတ်မာများကိုဖျက်ဆီးခြင်းသည် ကရုဏာလုပ်ငန်းဖြစ်ခြင်း

ဘုရားသခင်နှင့်တကွ သမ္မာတရားနှင့်သန့်ရှင်းခြင်းကိုမုန်းတီးနေသူများသည် ဂုဏ်တော်ကိုချီးမွမ်းနေသော ထိုကောင်းကင်သားလူအုပ်ကြီးနှင့်ပေါင်းစည်းနိုင်ပါမည်လား။ ဘုရားသခင်နှင့်သိုးသငယ်၏ ဘုန်းရောင်ခြည်တော်ဒဏ်ကိုသူတို့ခံနိုင်ကြပါမည်လား။ မပေါင်းစည်းနိုင်ကြပါ။ မခံနိုင်ကြပါ။ ကောင်းကင်သားများနှင့်ထိုက်တန်သည့်စာရိတ္တကိုတည်ဆောက်နိုင်ဖို့ ၎င်းတို့အား ကရုဏာတော်အချိန်အဖြစ်နှစ်ပေါင်းများစွာပေးထားတော်မူသော်လည်း သန့်ရှင်းခြင်းကိုမြတ်နိုးအောင် မိမိတို့၏စိတ်ကို သူတို့မလေ့ကျင့်ခဲ့ကြသလို ကောင်းကင်နိုင်ငံဆိုင်ရာ ဘာသာစကားကိုလည်း သူတို့မလေ့ကျင့်ခဲ့ကြပါ။ ယခုတွင်မူ နောက်ကျသွားချေပြီ။ ဘုရားသခင်ကိုပုန်ကန်ဆန့်ကျင်တတ်သောအသက်တာတစ်ခုသည် ကောင်းကင်နိုင်ငံတော်သို့ဝင်စားရန် မထိုက်တန်ပါ။ ကောင်းကင်နိုင်ငံတော်၏သန့်ရှင်းစင်ကြယ်ခြင်းနှင့်ငြိမ်သက်ခြင်းများသည်

၎င်းတို့အတွက် ဒုက္ခဝေဒနာများဖြစ်နေလိမ့်မည်။ ဘုရားသခင်၏ဘုန်းတော်သည်လည်း ၎င်းတို့အတွက်လောင်ကျွမ်းသောမီးဖြစ်နေလိမ့်မည်။ ထိုသူတို့သည် ထိုသန့်ရှင်းသည့်နေရာမှ ထွက်ပြေးရန်တောင့်တကာ ၎င်းတို့အား ကယ်တင်မည့်ပုဂ္ဂိုလ်၏မျက်နှာမှပုန်းရှောင်နိုင်ရန်ပျက်စီးခြင်းများကို ကြိုဆိုနေကြလိမ့်မည်။ ထိုလူယုတ်မာများသည် မိမိတို့၏ကံကြမ္မာကို မိမိတို့၏ရွေးချယ်မှုအားဖြင့် အတည်ဖြစ်စေကြသည်။ ကောင်းကင်နိုင်ငံမှ ပထုတ်ခံရခြင်းသည် သူတို့ကိုယ်တိုင်ရွေးချယ်ခဲ့သောအရာဖြစ်သည့်အပြင် ဘုရားသခင်၏ကဏ္ဍမှာမူ တရားမျှတ၍ ကရုဏာနှင့်ပြည့်စုံသောလုပ်ဆောင်မှုဖြစ်နေပါသည်။ GC, pp. 542, 543 (1911).

**အိမ်အပြန်ခရီး**

အသက်ရှင်လျက်ရှိသောဖြောင့်မတ်သူများသည် မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်းတွင် ပြောင်းလဲကုန်ကြသည်။ ဘုရားသခင်၏အသံတော်အားဖြင့် ၎င်းတို့သည် ဘုန်းတော်နှင့်ပြည့်စုံကုန်ကြရာ မသေနိုင်သည့်အဖြစ်သို့ရောက်သွားကြပြီး ရှင်ပြန်ထမြောက်လာသော သန့်ရှင်းသူများနှင့်အတူ ခရစ်တော်ကိုဖူးမြော်ရန် အာကာသကောင်းကင်သို့ချီဆောင်ခြင်းခံကြရသည်။ ကလေးငယ်များကိုကောင်းကင်တမန်များချီယူလာပြီး သက်ဆိုင်ရာမိခင်များထံ၌ပေးအပ်ကြသည်။ သေခြင်းအားဖြင့် ခွဲခွါခဲ့ကြရသော မိတ်ဆွေများသည် ပြန်လည်ဆုံစည်းကြပြီး မည်သည့်အခါမျှ မခွဲခွါရတော့ဘဲ ဝမ်းမြောက်ခြင်းသီချင်းကိုသီဆိုကျူးအေးကာ ကောင်းကင်ရွှေမြို့တော်သို့တက်ကြွသွားကြပါသည်။ GC, p. 645 (1911).

ကျွန်ုပ်တို့အားလုံးသည် ထိုမိုးတိမ်တွင်အတူတကွဝင်ကြကာ ဖန်ရေကန်သို့ခုနစ်ရက်တိုင်တိုင်တက်ကြွသွားကြရသည်။ EW, p. 16 (1851).

၎င်းပြင် ထိုမြင်းရထားကြီးသည် အထက်သို့ပျံတက်သွားစဉ် ရထားဘီးများက "သန့်ရှင်း" ဟုကြွေးကြော်ကြ၏။ အတောင်များကလည်း လေတွင် ခတ်နေစဉ် "သန့်ရှင်း" ဟု ဟစ်ကြွေးကြကာ ပတ်လည်တွင်ရှိ

နေသော ကောင်းကင်တမန်ထုကြီးကလည်း "တန်ခိုးတော်အနန္တနှင့် ပြည့်စုံသောဘုရားသခင်သည် သန့်ရှင်းတော်မူ၏" ဟု ကြွေးကြော်ကြပါသည်။ ထိုစဉ်တွင် သူတော်စင်များကလည်း "ဘုန်းကြီးတော်မူစေသတည်း ဟာလေလုယ" ဟု တစ်ခဲနက်ကြွေးကြော်ကြပါသည်။ EW, p. 35 (1851).

ကိုယ်တော်ရှင်ကိုဖူးမြော်ကာ ကယ်တင်ခြင်းခံရသူများအနေဖြင့် ကြိုဆိုခြင်းခံရသည်မှာ အလွန်မင်္ဂလာရှိလှပါတကား၊ အချိန်အကြာကြီး ကျွန်ုပ်တို့စောင့်ခဲ့ရပြားသော်လည်း ကျွန်ုပ်တို့၏မျှော်လင့်ခြင်းသည် မှေးမှိန်မသွားခဲ့ပါ။ ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်အား ဘုရင်တကာ့ဘုရင်၏တင့်တယ်ခြင်းနှင့် ဖူးမြော်နိုင်ကြမည်ဆိုလျှင် အစဉ်ထာဝရကောင်းချီးခံစားရကြလိမ့်မည်။ "အိမ်ပြန်ခရီး" ဟု ဟစ်ကြွေးနေသကဲ့သို့မျိုး ကျွန်ုပ်ခံစားနေရပါသည်။ 8T, p. 253 (1904).

### "ခရစ်တော်အောင်ပွဲရပြီ" ဟု ကောင်းကင်တမန်များ ကျူးအေးခြင်း

ထိုနေ့တွင် ကယ်တင်ခြင်းခံရသူများသည် ခမည်းတော်နှင့်သားတော်ဘုရားသခင်တို့၏ ဘုန်းရောင်ခြည်တော်ကြောင့် ထွန်းလင်းနေပါသည်။ ရွှေစောင်းများကိုတီးခတ်နေသည့် ကောင်းကင်တမန်များက ထိုဘုရင်ကြီးနှင့် တကွ သိုးသငယ်၏အသွေးတော်အားဖြင့် ဖြူစင်အောင် ဆေးကြောခြင်းခံခဲ့ရသည့် ရင်နစ်သည်းချာများကို ကြိုဆိုကြလိမ့်မည်။ အောင်ပွဲခံဓမ္မတေးသီချင်းသံသည် ကောင်းကင်ယံတစ်ခွင်လုံးတွင် လွင့်ပြန့်သွားပါသည်။ ခရစ်တော်သည်အောင်ပွဲဆင်ခဲ့ပြီဖြစ်ရာ မိမိ၏အမှုတော်နှင့်ဆက်ကပ်မှုများသည် အလဟဿဖြစ်မသွားကြောင်း သက်သေခံမည့်ကယ်တင်ခြင်းခံရသူများ ခြံရံလျက် ကောင်းကင်ရွှေနန်းတော်ထဲသို့ကြွဝင်သွားတော်မူပါသည်။ 9T, pp. 285, 286 (1909).

ခရစ်တော်သည် မဖော်ပြနိုင်လောက်အောင်ကြီးမားသည့်မေတ္တာဖြင့် မိမိ၏သစ္စာရှိတပည့်များအား ပျော်ရွှင်မှုကိုခံစားရန်ကြိုဆိုတော်မူပါသည်။

မိမိကိုယ်ကိုဒုက္ခဝေဒနာနှင့်အထင်အမြင်သေးခြင်းကိုခံပြီး ကယ်ခဲ့ရသည့် လူတို့အား ဘုန်းတော်နိုင်ငံတွင်တွေ့မြင်ရခြင်းသည် ခရစ်တော်ခံစားရသော ပျော်ရွှင်မှုပင်ဖြစ်သည်။ GC, p. 647 (1911).

ယေရှုခရစ်သည် မိမိပေးလျော်ခဲ့သည့်အရာများကို မိမိဆောင်ရွက်သောအမှုတော်၏ထိုရလဒ်များတွင်ကြည့်ရှုတော်မူလိမ့်မည်။ ရေတွက်ခြင်းငှါ မတတ်နိုင်လောက်အောင် များပြားသည့်လူထုကြီးတွင်အပြစ်အနာအဆာနှင့်ကင်းခြင်းကို ဘုရားသခင့်ရှေ့တော်၌ဝမ်းသာအားရဖော်ပြနေကြပါသည်။ အသွေးတော်ဖြင့်ဝယ်ကာ အသက်တာအားဖြင့် ကျွန်ုပ်တို့ကိုသွန်သင်တော်မူသော ကိုယ်တော်ရှင်သည် မိမိခံစားရသောနာကျင်မှုဝေဒနာကိုတွေ့မြင်ကာ စိတ်ကျေနပ်မှုရှိတော်မူလိမ့်မည်။ Ed, p. 309 (1903).

**သူတော်စင်များအား ဦးရစ်သရဖူနှင့်
စောင်းများကိုပေးအပ်ခြင်း**

သူတော်စင်တိုင်း၏ နာမည်များကိုကမ္ပည်းထိုးထားသည့်သရဖူများကို ရွှေမြို့တော်မှနေ၍ ကောင်းကင်တမန်ထုကြီးက သယ်ဆောင်လာကြသည်ကို ကျွန်ုပ်တွေ့မြင်ခဲ့ပါသည်။ သရဖူပိုင်ရှင်၏နာမည်ကိုခရစ်တော်ခေါ်လိုက်သည်နှင့် ကောင်းကင်တမန်များက ကိုယ်တော်ထံ ထိုသရဖူကိုပေးအပ်လိုက်ရာ ခရစ်တော်ကိုယ်တော်တိုင်လက်တော်အားဖြင့် သူတော်စဉ်များ၏ခေါင်းတွင် သရဖူများကိုဆောင်းပေးတော်မူပါသည်။ EW, p. 288 (1858).

တစ်သိန်းလေးသောင်းလေးထောင်သောသူတော်စင်များသည် ဖန်ရေကန်တွင် စတုရန်းပုံစံဖြင့်ရပ်နေကြသည်။ ၎င်းတို့၏ဦးခေါင်းတွင်ဆောင်းထားသည် သရဖူများအနက် တချို့မှာပို၍တောက်ပနေပါသည်။ တချို့မှာ ကြယ်များစွာတို့ဖြင့်လေးလံနေသယောင်တွေ့ရပါသည်။ တချို့သရဖူများ၌မူ ကြယ်အနည်းငယ်သာရှိပါသည်။ သူတော်စင်အပေါင်းတို့သည် မိမိတို့၏ဦးရစ်သရဖူများအတွက် လုံးဝကျေနပ်နေကြပါသည်။ EW, pp. 16,17 (1851).

ကျွန်ုပ်တို့၏အသက်တာလုပ်ဆောင်မှုများအပေါ်တွင်အခြေပြုလျက် တောက်ပသော ဦးရစ်သရဖူရှိသလို အနည်းငယ်မှေးမှိန်သောသရဖူလည်းရှိပါသည်။ အချို့ဦးရစ်သရဖူမှာ ကြယ်များစွာရှိနေသလို အချို့သရဖူများ၌ ကြယ်အနည်းငယ်သာရှိနေကြပါသည်။ 6BC, p. 1105 (1895).

ကြယ်မပါသည့် သရဖူပိုင်ရှင်ဟူ၍ ကောင်းကင်နိုင်ငံတော်တွင် တစ်ဦးမျှရှိလိမ့်မည်မဟုတ်ပါ။ ST June 6; (1892).

ဘုရားသခင်၏ရွှေမြို့ကြတော်ထဲသို့မဝင်မီ ကယ်တင်ရှင်သည် မိမိ၏နောက်လိုက်များအား အောင်မြင်မှုသင်္ကေတများကိုပေးအပ်တော်မူလိမ့်မည်... ခရစ်တော်သည်လက်တော်အားဖြင့် ဦးရစ်သရဖူများကို ဆောင်းပေးတော်မူလိမ့်မည်.... သူတော်စင်တို့၏လက်ထဲ၌အောင်သပြေခက်နှင့်ရွှေစောင်းကို အပ်နှင်းတော်မူလိမ့်မည်။ ထိုနောက်အမိန့်ပေးကောင်းကင်တမန်က အချက်ပြလိုက်သည်နှင့်တစ်ပြိုင်နက် လူတိုင်းက စောင်းကြိုးများကိုကျွမ်းကျင်စွာတီးခတ်လိုက်ကြရာ သာယာနာပျော်ဖွယ်တေးသံသာများ ထွက်ပေါ်လာပါသည်.... ကယ်တင်ခြင်းခံရသောထိုလူအုပ်ကြီး၏ရှေ့တွင် သန့်ရှင်းသောမြို့တော်ရှိနေပါသည်။ ခရစ်တော်က ပုလဲတံခါးကြီးများကိုဖွင့်လိုက်ရာ သမ္မာတရားကိုလက်ခံစောင့်ရှောက်ခဲ့သော ထိုသူတို့သည် မြို့တော်ထဲသို့ဝင်သွားကြပါသည်။ GC, pp. 645, 646 (1911).

---ㅇㅇ---

## အခန်း (၂၀)

# သူတော်စင်များအတွက်အမွေ

ခရစ်တော်တစ်ပါးတည်းကသာ ကျွန်ုပ်တို့အတွက် ကောင်းကင် တက်ရန် လက်မှတ်ကိုရယူပေးလိမ့်မည်။ Letter, p. 6b (1890).

မာနထောင်လွှားသောပုဂ္ဂိုလ်များသည် ကယ်တင်ခြင်းရဖို့ ကိုယ်တိုင် ကြိုးစားတတ်ကြသော်လည်း ကောင်းကင်နိုင်ငံ၌ စာရင်းဝင်ရန်နှင့် ကောင်းကင် နိုင်ငံတော်သို့ဝင်ထိုက်သောသူများဖြစ်ရန်မှာ ခရစ်တော်၏ဖြောင့်မတ်ခြင်း သည်သာ အဓိကဖြစ်ပါသည်။ DA, p. 300 (1898).

ကျွန်ုပ်တို့သည် ကောင်းကင်မိသားစုဖြစ်နိုင်ရန်အလို့ငှါ ကိုယ်တော် သည် မြေကြီးမိသားစုဝင်တစ်ဦးဖြစ်ခဲ့ရသည်။ DA, p. 638 (1898).

မြေကြီးပေါ်ရှိအကောင်းဆုံးနန်းတော်ကိုပိုင်ဆိုင်ခြင်းထက် ကောင်း သောအရာမှာ ခရစ်တော်သွားရောက်ပြင်ဆင်နေသည့် အိမ်တော်ကိုပိုင်ဆိုင် ခြင်းပင်ဖြစ်သည်။ "လာကြ၊ ခမည်းတော်ဘုရားသခင်ကောင်းချီးပေးခြင်းခံရ သူများတို့၊ ကမ္ဘာဦးကပင် သင်တို့အတွက်ပြင်ဆင်ထားသည့် နိုင်ငံတော်ကို အမွေခံစားကြလော့" ဟူ၍ ယုံကြည်သူများအား ခရစ်တော်ပြောသည့် စကား သည် လောကီဆိုင်ရာချီးမွမ်းသည့်စကားအားလုံးထက် သာ၍ကောင်း၏။ COL, p. 374 (1900).

### အနာဂတ် ကမ္ဘာအကြောင်းကို စဉ်းစားသုံးသပ်သင့်ခြင်း

ထာဝရကာလနှင့်ပတ်သက်သောအရာများကို ကျွန်ုပ်တို့အလေး မထားမိမှာစိုးသဖြင့် ခရစ်တော်သည် ကောင်းကင်နိုင်ငံတော်အကြောင်းကို ကျွန်ုပ်တို့အားမြင်စေပြီး ကောင်းကင်နိုင်ငံတော်နှင့်ဆိုင်သည့်ဘုန်းကျက်သရေ များကို ကျွန်ုပ်တို့အားပြသတော်မူ၏။ ST, April 4 (1895).

ကျွန်ုပ်တို့သည်ထာဝရကာလ၌အမှန်တကယ်ရှိသည့်၊ ဖြစ်သည့် အရာများကိုရှုမြင်ကာ ဘုရားသခင်တည်ရှိခြင်းအကြောင်းသုံးသပ်မှုများကို တည်ဆောက်ကျင့်ရလာကြလိမ့်မည်။ ဤအရာသည်ရန်သူကြီး စာတန်၏ ချင်းနင်းဝင်ရောက်မှုကိုအကာအကွယ်ဖြစ်စေရုံသာမကခွန်အားနှင့်အာမခံချက် များရကာ ကြောက်ရွံ့စိုးရိမ်မှုများကိုကျော်လွှားနိုင်စေပါသည်။ ကောင်းကင် လေထုတွင် ကျွန်ုပ်တို့အသက်ရှူခြင်းအားဖြင့် ကျွန်ုပ်တို့သည် လောကမကောင်း ဆိုးဝါးလေထုကို ရှုမိတော့မည်မဟုတ်ပါ။

ကောင်းကင်နိုင်ငံဆိုင်ရာစွဲမက်စရာများကို သုံးသပ်စဉ်စားမှုအကျင့် ရလာစေရန်အတွက်သော်လည်းကောင်း၊ ကောင်းကင်နိုင်ငံဆိုင်ရာနှစ်လိုဖွယ် မြင်ကွင်းများကို စိတ်နှလုံးတွင်စွဲမြဲနေစေရန်အတွက်သော်လည်းကောင်း ကောင်းကင်နိုင်ငံ၏လှပသည့်ရုပ်ပုံလွှာနှင့်ကောင်းမြတ်သောအခွင့်အရေးများကို တင်ဆက်ရန် ခရစ်တော်ကြွလာခဲ့ပါသည်။

ခရစ်တော်သည် အနာဂတ်ကမ္ဘာ၏ မြင်ကွင်းတစ်ကွက်ကို လူတို့အားပေးတော်မူပါသည်.... အကယ်၍သာ လူသားများ၏စိတ်နှလုံးကို အနာဂတ်ဘဝအသက်တာ၌ စွဲမြဲစေတော်မူနိုင်မည်ဆိုလျှင် ထင်ရှားသိသာ သောခြားနားချက်များကို လူသားတို့၏စိတ်ထားများ၌ တွေ့မြင်လာရလိမ့် မည်။ OHC, pp. 285, 286 (1890).

## ခရစ်ယာန်များ၏သဘောထား

ပို၍ပြင်းထန်သောသဘောထားနှင့်ပို၍တန်ခိုးရှိသော ကြားခံပုဂ္ဂိုလ် များသည် လက်တွေ့ပိုင်းတွင် မည်သည့်အခါမျှအလုပ်မဖြစ်ချေ။ အမှန်တရား လုပ်ဆောင်ခြင်းအတွက် ရရှိမည့်အကျိုးရလဒ်များ၊ ကောင်းကင်နိုင်ငံတော်၏ ပျော်ရွှင်စရာများ၊ ကောင်းကင်တမန်အသိုက်အဝန်းများ၊ ခမည်းတော်နှင့်သား တော်ဘုရားသခင်တို့၏မေတ္တာတော်နှင့်မိတ်သဟာယဖွဲ့ခြင်း၊ ခေတ်အဆက် ဆက်တွင် ကျွန်ုပ်တို့၏တန်ခိုးအစွမ်းများကိုတိုးချဲ့မြှင့်တင်ခြင်းများတို့သည် ဖန်ဆင်းရှင်နှင့်ကယ်တင်ရှင်အတွက် အားတက်သရောအစေခံရန် ကျွန်ုပ် တို့အား ခွန်အားပေးနေသည့် အရာများမဟုတ်ပါလား။ SC, pp. 21,22 (1892).

အကယ်၍သာ ကျွန်ုပ်တို့သည် ခရစ်တော်ကိုဖူးမြော်ခွင့်ရကာ ထာဝရ အကယ်တင်ခံကြရမည်ဆိုလျှင် အပျော်ရွှင်ဆုံးလူသားများမှာ ကျွန်ုပ်တို့သာဖြစ်ကြလိမ့်မည်။ သောကကင်းဝေးပြီး လူယုတ်မာများ ဒုက္ခမပေးနိုင်တော့မည့် အိမ်တော်၌ အဆုံးတွင် ကျွန်ုပ်တို့ရောက်ကြရလိမ့်မည်။ Letter, p. 113 (1886).

ဤကမ္ဘာကြီးရှိ သဘာဝအလှအပအသီးသီးကို ကျွန်ုပ်မြင်တွေ့လိုလှပါသည်။ အကယ်၍သာ အပြစ်တရား၏ကျိန်ခြင်းအမင်္ဂလာမဖျက်ဆီးခဲ့လျှင် ဘုရားသခင်ဖန်ဆင်းထားသည့် အလှအပများဖြင့်ဝန်းရံထားသော ဤကမ္ဘာကြီးသည် စိတ်ကျေနပ်စရာဖြစ်လိမ့်မည်ဟု ကျွန်ုပ်ထင်မိပါသည်။ သို့သော် ကျွန်ုပ်တို့၌ ကောင်းကင်သစ်နှင့်မြေကြီးသစ်ရှိလာပါလိမ့်မည်။ ဤမြင်ကွင်းကိုရူပါရုံရသည့် ရှင်ယောဟန်က ကောင်းကင်ဘုံမှ ကြီးသောအသံကား ဘုရားသခင်၏တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူကိန်းဝပ်တော်မူမည်။ သူတို့သည် ကိုယ်တော်၏လူဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင်သူတို့နှင့်အတူရှိနေ၍ သူတို့၏ ဘုရားသခင်ဖြစ်တော်မူမည်ဟူ၍ဖြစ်၏။ (ဗျာ ၂၁း၃)။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော မျှော်လင့်ခြင်းပါတကား။ Letter, p. 62 (1886).

### တို့ထိနိုင်သည့် နေရာအစစ်အမှန်

မိမိတို့ကိုယ်စား အသနားခံတောင်းလျှောက်ပေးနေသည့် ထိုကဲ့သို့သောမိတ်ဆွေတစ်ပါး ကောင်းကင်နိုင်ငံတော်၌ရှိကြောင်းသိရှိရသော တပည့်တော်များသည် အတိုင်းထက်အလွန်ဝမ်းမြောက်နေကြမည်သာတည်း။ ခရစ်တော်တက်ကြွသွားသည်ကို မျက်စိနှင့်တပ်အပ်မြင်လိုက်ရခြင်းကြောင့် ကောင်းကင်နိုင်ငံတော်အပေါ်ထားရှိသည့် ၎င်းတို့၏အမြင်များသည် ပြောင်းလဲသွားခဲ့ပါသည်။ အင်နီးအတာမဲ့ကျယ်ပြောသည့် အာကာသကောင်းကင်ထဲတွင် ကိုင်စမ်း၍မရ ဝိညာဉ်အားဖြင့်သာကျက်စားမည့်နေရာတစ်ခုအဖြစ် ကောင်းကင်နိုင်ငံကိုသူတို့လက်ခံထားခဲ့ကြပါသည်။ ယခုတွင်မူ ကောင်းကင်နိုင်ငံတော်သည် သူတို့ချစ်သော ခရစ်တော် သူတို့နှင့်အတူ စကားပြောခရီးသွား

ခဲ့ဖူးသည့် ခရစ်တော် ထမြောက်ပြီးသည့်အချိန်၌ သူတို့လက်ဖြင့်စမ်းကြည့်ဖူးခဲ့သည့် ခရစ်တော်တည်းဟူသော ပုဂ္ဂိုလ်နှင့်ဆက်စပ်မှုရှိနေချေပြီ။

ထိုကြောင့် ကောင်းကင်နိုင်ငံတော်သည် သူတို့မသိရှိနိုင်သည့်နေရာ၊ ဝိညာဉ်များသာကျက်စားသည့်နေရာတစ်ခုအဖြစ် သူတို့ဆက်လက်မယူဆကြတော့ချေ။ ကောင်းကင်နိုင်ငံတော်သည် ကယ်တင်ရှင်ကိုယ်တော်တိုင်ပြင်ဆင်ထားသည့် ၎င်းတို့နေစရာအိမ်ရှိသော အနာဂတ်အိမ်တော်ဖြစ်သည်ဟု ယခုတွင် သူတို့ရှုမြင်လာကြပါသည်။ 3SP, p. 262 (1878).

အနာဂတ်အမွေကို ရုပ်ဝတ္ထုဆန်နေမည်ကိုလူသားများစိုးရိမ်နေခြင်းသည် ၎င်းတို့အား ထိုသမ္မာတရားများကို နံဝိညာဉ်ဆန်ဆန်တွေးခေါ်ယူဆစေခဲ့ပါသည်။ သို့ရာတွင် ခမည်းတော်ဘုရားသခင်၏ အိမ်တော်၌ တပည့်တော်များနေစရာဖို့အခန်းများကိုပြင်ရန် မိမိသွားခဲ့ကြောင်း ခရစ်တော်က အခိုင်အမာ မြွက်ဆိုတော်မူခဲ့သည်။ GC, pp. 674, 675 (1911).

ကယ်တင်ခြင်းခံရသူများသည် အစအဦး၌ အာဒံနှင့်ဧဝတို့အား ပျော်ရွှင်သာယာမှုကိုပေးခဲ့သည့် အလုပ်အကိုင်မျိုးကို မြေကြီးသစ်တွင်လုပ်ကိုင်ကြရလိမ့်မည်။ ဥယျာဉ်နှင့်လယ်ကွင်းများတွင် အသက်ရှင်နေထိုင်သည့် ဧဒင်အသက်တာမျိုးကိုနေကြရလိမ့်မည်။ PK, pp. 730, 731 (1914).

**မဖော်ပြနိုင်လောက်အောင်ကြီးမားသည့်**
**ဘုန်းအသရေ**

ခရစ်တော်၏အလွန့်အလွန်နှစ်လို့ဖွယ်ကောင်းသောဘုန်းအသရေကိုကျွန်ုပ်မြင်တွေ့ခဲ့ပါသည်။ ကိုယ်တော်ရှင်၏မျက်နှာတော်သည် မွန်းတည့်နေထက်ပို၍တောက်ပသည်။ ကိုယ်တော်၏ဝတ်ရုံသည် အဖြူတကာတို့တွင် အဖြူဆုံးဖြစ်ပါသည်။ ကောင်းကင်ရွှေနန်း၏ဘုန်းအသရေနှင့်ကြိုးဆယ်ပင်ပါသည့်စောင်းကိုတီးခတ်ကာ ကောင်းကင်တမန်များသီဆိုကျူးအေးပုံများကို စာအားဖြင့်ဖော်ပြရန်မှာ မဖြစ်နိုင်ပါချေ။ Letter, p. 3 (1851).

ထိုနေရာ၌ ကျွန်ုပ်မြင်တွေ့ခဲ့ရသော အံ့ဩဖွယ်အရာများကို စာရေးပြီး ကျွန်ုပ်ဖော်ပြနိုင်စွမ်းမရှိပါ။ ခါနာန်ဘာသာစကားပြောနိုင်သောအချိန်ရောက်

လျှင်တောင်မှ သာ၍ကောင်းသော ထိုကမ္ဘာ၏ဘုန်းအသရေများကိုအနည်းငယ်လောက်သော ကျွန်ုပ်ပြောနိုင်လိမ့်မည်။ EW, p. 19 (1851).

ကောင်းကင်နိုင်ငံတော်အကြောင်း ဖေါ်ပြရန်အတွက် ဘာသာစကားများသည် အားနည်းလွန်းလှပါသည်။ ထိုမြင်ကွင်းကြီး ကျွန်ုပ်ရှေ့တွင်ပေါ်လာသောအခါ ကျွန်ုပ်သည်အံ့အားသင့်ကာ ဘာကိုမျှသတိမရတော့ပေ။ အလွန်ကြီးမြတ်သောခမ်းနားမှုနှင့်ဘုန်းကျက်သရေများတို့ကြောင့် ကျွန်ုပ်၏စိတ်အာရုံသည် ထိုနေရာသို့ရောက်သွားကာ ကိုင်ထားသည့်မှင်တံကိုချလျက် "မဟာမေတ္တာတော်၊ အလွန်ကြီးမားတဲ့ မဟာမေတ္တာ်တော်ပါတကား" ဟုသာပါးစပ်မှရေရွတ်မိပါသည်။ ကောင်းကင်နိုင်ငံတော်၏ဘုန်းအသရေတော်အကြောင်းကိုလည်းကောင်း၊ ခရစ်တော်၏အတုမရှိ မဟာမေတ္တာတော်အကြောင်းကိုလည်းကောင်း အဆင့်အမြင့်ဆုံး ဘာသာစကားများကပင်ဖေါ်ပြနိုင်စွမ်းမရှိကြပါ။ EW, p. 289 (1858).

လူ့ဘာသာစကားသည် ဖြောင့်မတ်သူများရရှိခံစားရမည့်ဆုကျေးဇူးများအကြောင်းကိုဖေါ်ပြရန် အရည်အချင်းမမီပါ။ ထိုအရာများကို ကိုယ်တိုင်မြင်ရမှသိရှိနိုင်မည်ဖြစ်သည်။ မည်သည့်လူသားများကမှ ဘုရားသခင်၏ပါရဒိသုဘုံဆိုင်ရာ ဘုန်းအသရေအကြောင်းကို မသိရှိနိုင်ကြပါ။ GC, p. 675 (1911).

ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံတော်နှင့်ပတ်သက်သည့် မြင်ကွင်းတစ်ခုကိုသာမြင်ဖူးခဲ့လျှင် ဤကမ္ဘာကြီး၌ နောက်တစ်ဖန်နေလိုစိတ်ရှိကြတော့မည်မဟုတ်ပါ။ ST, Apr. 8 (1889).

**မြစ်ချောင်း၊ တောင်ကုန်းနှင့်သစ်ပင်များ**

ဘုရားသခင်၏ပလ္လင်တော်နှင့်အသက်ပင်ကို ကျွန်ုပ်မြင်တွေ့ခဲ့ရပါသည်။ ကြည်လင်သန့်ရှင်းသောရေများသည် ထိုပလ္လင်တော်မှစီးထွက်နေပါသည်။ ထိုစီးဆင်းနေသောမြစ်၏ တစ်ဖက်တစ်ချက်တွင် အသက်ပင်ရှိနေပါသည်။ ရွှေစင်ကဲ့သို့သော ပင်စည်များသည် ထိုမြစ်၏ကမ်းနှစ်ဖက်စလုံးပေါ်

တွင် ပေါက်နေပါသည်။ အစပထမတွင် သစ်ပင်နှစ်ပင်ဟု ကျွန်ုပ်ထင်ခဲ့မိသော်လည်း တစ်ဖန်ပြန်ကြည့်သောအခါ ခေါင်တွင်ဆက်နေသည့်အတွက် တစ်ပင်တည်းဖြစ်ကြောင်း ကျွန်ုပ်သိရပါသည်။ အသက်ပင်၏အရွက်များသည် ကျွန်ုပ်တို့ရပ်နေသည့်နေရာဘက်ကိုပျပ်ဝပ်နေကြပြီး ရွှေနှင့်ငွေရောစပ်ထားသကဲ့သို့သောအသီးများသည်လည်းနှစ်လို့ဖွယ်တင့်တယ်လှပါသည်။ EW, p. 17 (1851).

သလင်းကျောက်အလား ကြည်လင်သောမြစ်ရေများသည် အစဉ်စီးဆင်းနေကြသည်။ ကမ်းနားတွင် သစ်ပင်များရှိပြီး ကယ်တင်ခြင်းခံရသည့်ပုဂ္ဂိုလ်များလျှောက်ရန်ပြင်ဆင်ထားသောလမ်းများပေါ်တွင်သစ်ပင်ရိပ်များကျနေသည်။ ညီညာသောလွင်ပြင်ကြီးများသည် လှပသည့်တောင်ကုန်းများပတ်လည်တွင်တည်ရှိနေကြပြီး တောင်တန်းကြီးများသည်လည်း မြင့်မားသောတောင်ထိပ်များနှင့်ပြည့်စုံလျက်ရှိကြသည်။ စီးဆင်းနေသော မြစ်ကမ်းပါးရှိသာယာသောထိုလွင်ပြင်များပေါ်တွင် အချိန်ကြာမြင့်စွာရန်းကန်လှုပ်ရှားခဲ့ရသောယုံကြည်သူသားသမီးများသည် နားနေရန်အိမ်ကိုတွေ့ကြလိမ့်မည်။ GC, p. 675 (1911).

### ပန်းများ၊ သစ်သီးဝလံများနှင့် တိရစ္ဆာန်များ

ပန်းမျိုးစုံပွင့်လန်းနေသော အခြားလယ်ပြင်တစ်ခုကို ကျွန်ုပ်တွေ့ရှိပါသည်။ ‘ဒီပန်းတွေဟာ မညှိုးနွမ်းတော့ပါလား’ ဟု ပန်းကလေးတွေကိုခူးရင်းကျွန်ုပ်ပြောမိပါသည်။ ကြည့်လို့အလွန်ကောင်းသည့် မြက်ရှည် လယ်ပြင်တစ်ခုကို ကျွန်ုပ်မြင်ပြန်ပါသည်။ လွင်သောအစိမ်းရောင်ရှိပြီး ခရစ်တော်၏ဘုန်းအသရေတော်တိုး ဂုဏ်ယူဝံ့ကြွားစွာဖြင့် ၎င်းတို့ဝှေ့ယမ်းနေကြစဉ်ရွှေရောင်၊ ငွေရောင်များလက်နေပါသည်။ ထိုနောက် ခြင်္သေ့၊ သိုးသငယ်၊ ကျားသစ်၊ ဝံပုလွေ စသည့် တောသားကောင်အစုံနေကြသည့် ကွင်းပြင်ကြီးသို့ ကျွန်ုပ်ရောက်သွားပါသည်။ ၎င်းတို့ကြားထဲမှ ကျွန်ုပ်ဖြတ်သွားရာ ကျွန်ုပ်၏နောက်သို့ သူတို့အေးအေးဆေးဆေးလိုက်လာကြပါသည်။

ထိုနောက် တောအုပ်တစ်ခုထဲသို့ ကျွန်ုပ်တို့ဝင်သွားခဲ့ကြရာ ထိုတောအုပ်မှာ ကျွန်ုပ်တို့မြင်ဖူးတွေ့ဖူးခဲ့သည့် တောအုပ်မျိုးမဟုတ်ဘဲ တောအုပ်တစ်ခုလုံးမှာ လင်းနေပါသည်။ အကိုင်းတွေမှာလည်း လှူးလာယိမ်းနွဲ့နေပါသည်။ "ဒီတောထဲမှာ ဒို့နေရတာလုံခြုံတယ်၊ ဒီမှာပဲ အိပ်ကြမယ်" ဟု ကျွန်ုပ်တို့အားလုံးက ကြွေးကြော်လိုက်ကြပါသည်။ သို့သော် ကျွန်ုပ်တို့သည် ဇိအုန်တောင်ဆီသို့သွားနေကြသည်ဖြစ်ရာ မကြာမီမှာပင် ထိုတောအုပ်ကိုဖြတ်ကျော်ခဲ့ပါသည်။

ဇိအုန်တောင်ပေါ်မှာ တင့်တယ်လှပသည့် ဗိမာန်တစ်ဆောင်ရှိပါသည်။ သစ်ပင်မျိုးစုံတို့၏ဝန်းရံထားမှုကြောင့် ပို၍တင့်တယ်သည့်နေရာတစ်ခုဖြစ်နေပါသည်။ ထင်းရှူးပင်အမျိုးမျိုးနှင့်တကွသလဲပင်များ၊ အကိုင်းများကိုညွတ်နေအောင်သီးနေသည့် သဖန်းပင်များကြောင့် ထိုနေရာသည်ပိုမို၍လှပနေပါသည်။

မိုင်ပေါင်းများစွာရှည်လျားသည့် ငွေသားစါးပွဲကြီးတစ်ခုကို ကျွန်ုပ်တွေ့မြင်ခဲ့ပါသည်။ မျက်စိတစ်ဆုံးရှည်သောစားပွဲတစ်လုံးဖြစ်သည်။ ၎င်းပြင်အသက်ပင်၏အသီး၊ မန္နမုန့်၊ ဗန်ဒါသီး၊ သဖန်းသီး၊ သလဲသီး၊ စပျစ်သီးစသည့်အသီးမျိုးစုံကို ကျွန်ုပ်တွေ့ရာ ထိုအသီးများကိုစားခွင့်ပေးရန် ခရစ်တော်ထံတွင် ခွင့်တောင်းခဲ့ပါသည်။ EW, pp. 18,19 (1851).

**ထာဝရနိုင်ငံမှ လူငယ်များ၏ စွမ်းအား**

သချိုင်းဂူတွင် သင်္ဂြိုဟ်စဉ်အချိန်က ကိုယ်ခန္ဓာအချိုးအဆအတိုင်းသချိုင်းဂူအသီးသီးမှ လူအပေါင်းတို့နိုးထလာကြပါသည်။ ရှင်ပြန်ထမြောက်သူများထဲတွင် အာဒံ၏အရပ်အမောင်းမှာ အမြင့်ဆုံးဖြစ်သည်။ သို့သော်သားတော်ဘုရားသခင်ထက်အနည်းငယ်နိမ့်ပါသည်။ နောက်ပိုင်းလူသားမျိုးဆက်များ၏ဆုတ်ယုတ်ညှိုးဖျင်းသွားမှုတည်းဟူသော ထင်ရှားသည့်ကွာဟချက်တစ်ခုကို သူဖော်ပြနေပါသည်။ သို့ရာတွင် လူအပေါင်းတို့သည်ထာဝရကာလဆိုင်ရာ လူငယ်များ၏ခွန်အားအပြည့်ဖြင့် လန်းလန်းဆန်းဆန်

ထမြောက်လာကြပါသည်။ အချိန်ကြာမြင့်စွာဆုံးရှုံးခဲ့ရသော ဧဒင်ဥယျာဉ်မှ အသက်ပင်၏အသီးကိုပြန်လည်စားခွင့်ရသော ထိုကယ်တင်ခြင်းခံရသူများသည် ကမ္ဘာဦးကာလ ဘုန်းဝင်စားစဉ်က ကိုယ်ကာယ အရပ်အမောင်းများအထိ ကြီးထွားလာကြလိမ့်မည်။ GC, pp. 644, 645 (1911).

ယခုခေတ်လူသားများထက် အဆနှစ်ဆယ်ခန့်မျှသော ခွန်အားအစွမ်းများနှင့် အာဒံကိုမဖန်ဆင်းခဲ့ဘူးဆိုလျှင် သဘာဝတရားကို ချိုးဖေါက်သည့် လောလောဆယ်အကျင့်စရိုက်များကြောင့် လူသားမျိုးနွယ်စု ပျောက်ကွယ်ပျက်သုန်းသွားပေလိမ့်မည်။ 3T, p. 138 (1872).

မည်သူမျှ အိပ်စက်နားနေဖို့ဆန္ဒမရှိသလို အိပ်စက်နားနေရန်လည်း လိုအပ်လိမ့်မည်မဟုတ်ချေ။ ဘုရားသခင်၏အလိုတော်ကိုဆောင်ခြင်း၊ နာမတော်ကိုချီးမွမ်းထောမနာပြုခြင်းများကြောင့် မည်သူမျှမောပန်းနွမ်းနယ်ကြတော့မည်မဟုတ်ပါ။ နံနက်မိုးလင်းချိန်တွင်ရရှိသည့် လန်းဆန်းမှုမျိုးကိုအမြဲတမ်းခံစားကြရလိမ့်မည်။ ပညာကိုဆည်းပူးခြင်းကြောင့်လည်း စိတ်ရှုပ်ထွေးမှုမဖြစ်မည့်အပြင် ခွန်အားကုန်ခန်းမှုများလည်းရှိတော့မည်မဟုတ်ပါ။ GC, pp. 676, 677 (1911).

ကောင်းကင်နိုင်ငံတော်သည် လူတိုင်း ကျန်းမာသောနေရာဖြစ်သည်။ 3T, p. 172 (1872).

## ပျော်ရွှင်မှုအတွက်အာမခံခြင်း

“ထမြောက်ရာကာလ၌ စုံဖက်ခြင်းကိုမပြု၊ ထိမ်းမြားပေးစားခြင်းကိုမပြု၊ ကောင်းကင်သားဘုရားသခင်၏တမန်ကဲ့သို့ဖြစ်ကြ၏” ဟု အနာဂတ်အသက်တာကနဲ့လန့်ကာကို ခရစ်တော်ဖွင့်လိုက်ပါသည်။ (မဿဲ ၂၂း၃၀)။ DA, p. 605 (1898).

ကမ္ဘာသစ်မှာ လက်ထပ်ထိမ်းမြားခြင်းနှင့်မွေးဖွားခြင်းများရှိလိမ့်မည်ဟု ယုံကြည်ကြောင်း ဖွင့်ဟသူများ ယနေ့အချိန်တွင်ရှိနေပါသည်။ သို့သော် သမ္မာကျမ်းစာကို ယုံကြည်သူများမှာမူ ထိုယုံကြည်ချက်ကို လက်ခံနိုင်ကြမည်

မဟုတ်ချေ။ မြေကြီးသစ်တွင်သားသမီးများမွေးဦးမည်ဆိုသည့် ယုံကြည်ချက်သည် သေချာသောအနာဂတ္တိစကားမှ ကဏ္ဍတစ်ခုမဟုတ်ပါချေ…

ထိုအရာသည် နူတ်ကပတ်တော်တွင် ကျွန်ုပ်တို့အား ဘုရားသခင် အသိပေးမထားသောအရာများနှင့်စပ်လျဉ်းသည့် သီအိုရီများနှင့်ထင်မြင်ချက်များကိုလိုက်စားကျင့်သုံးသော ယုံကြည်ခြင်းအတုသာဖြစ်သည်။ ကျွန်ုပ်တို့သည် အနာဂတ်အခြေအနေနှင့်စပ်လျဉ်း၍ ထင်မြင်ယူဆချက်များအပေါ်အခြေမပြုသင့်ပါချေ။ 1SM, pp. 172, 173 (1904).

ဘုရားသခင်အတွက် အမှုတော်ဆောင်နေသူများသည် မြေကြီးသစ်တွင်ဖြစ်ပျက်မည်ဟုထင်သောအရာများအကြောင်းကိုတွေးပြီး အချိန်မဖြုန်းသင့်ပါချေ။ ထာဝရဘုရားသခင်ဖော်ပြထားတော်မမူသည့် အရာများနှင့်စပ်လျဉ်းသည့် သီအိုရီများနှင့်ထင်မြင်ချက်များကိုလိုက်စားကျင့်သုံးခြင်းသည် ရဲရင့်သောဒုစရိုက်ပြုခြင်းဖြစ်သည်။ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့၏အနာဂတ်အသက်တာပျော်ရွှင်မှုအတွက် လိုအပ်ချက်အားလုံးကိုပြင်ဆင်ထားပြီးဖြစ်သည်။ ကျွန်ုပ်တို့အတွက် ကိုယ်တော်ရှင်ထားရှိသောကြံရွယ်ချက်များကို မှန်းဆနေစရာမလိုပါချေ။ ၎င်းပြင် အနာဂတ်အသက်တာ၏အခြေအနေများကို ဤဘဝအသက်တာအခြေအနေများနှင့်လည်းနှိုင်းယှဉ်ကြရန်မဟုတ်ပါ။ GW, p. 314 (1904).

ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းသည် ကိုယ်တော်ရှင်၌အိပ်ပျော်သောသူတို့၏နောက်ဆုံးသောရှင်ပြန်ထမြောက်ခြင်းကို ပုံဆောင်ပါသည်။ ထမြောက်တော်မူသည့် ခရစ်တော်၏မျက်နှာတော် ဟန်ပန်နှင့်ပြောဆိုပုံများကိုတပည့်တော်အားလုံးရင်းရင်းနှီးနှီးသိရှိထားခဲ့ကြသည်။ ခရစ်တော်ရှင်ပြန်ထမြောက်ခဲ့သည့်နည်းတူ ခရစ်တော်၌အိပ်ပျော်သောသူအပေါင်းတို့သည်လည်း ထမြောက်ကြလိမ့်မည်။ ခရစ်တော်ကိုတမန်တော်များက မှတ်မိခဲ့ကြသလို ကျွန်ုပ်တို့သည်လည်း ကျွန်ုပ်တို့၏မိတ်ဆွေများကိုမှတ်မိကြလိမ့်မည်။ ထိုသူများသည် သေမျိုးဘဝတုန်းက ကိုယ်ခန္ဓာချို့ယွင်းမှုနှင့်ရောဂါဘယများ

ရှိခဲ့ကောင်းရှိခဲ့ကြမည်ဖြစ်သော်လည်း ထမြောက်လာသောအချိန်တွင်မူ စုံလင်သောကျန်းမာရေးနှင့်ကိုယ်ခန္ဓာအဆစ်မျိုးများကျနကောင်းမွန်းကြလိမ့်မည်။ သို့ရာတွင် ဘုန်းဝင်စားသော ၎င်းတို့၏ခန္ဓာကိုယ်တွင် ကျွန်ုပ်တို့တစ်ဦးစီ၌ရှိထားသည့် ထူးခြားချက်အမှတ်အသားများမှာ ဆက်လက်ပါရှိနေလိမ့်မည်။ DA, p. 804 (1898).

နဂိုပုံစံအတိုင်းထမြောက်လာကြမည်ဖြစ်သော်လည်း ရောဂါဘယနှင့်အပြစ်အနာအဆာများကင်းနေလိမ့်မည်။ မိတ်ဆွေအချင်းချင်းမှတ်မိစေရန်အလို့ငှါ ယခင်ရှိရင်းစွဲပုံစံအတိုင်း အသက်ရှင်နေထိုင်ကြလိမ့်မည်။ 6BC, p. 1093 (1900).

သူတစ်ပါးက ကျွန်ုပ်တို့ကိုသိသလို ထိုနေရာတွင် ကျွန်ုပ်တို့ကလည်း သူတစ်ပါးကိုသိကြလိမ့်မည်။ ထိုနေရာတွင် အသက်ဝိညာဉ်များ၌ ဘုရားသခင်စိုက်ပျိုးပေးခဲ့သည့် ချစ်ခြင်းမေတ္တာနှင့်ကြင်နာသနားမှုသည် အမှန်ကန်ဆုံးနှင့်အချိုသာဆုံးလုပ်ဆောင်နိုင်ခွင့်ရကြလိမ့်မည်။ Ed, p. 306 (1903).

**နီမြန်းသောအသားအရေနှင့်အလင်းဝတ်ရုံ**

ဖန်ဆင်းရှင်၏လက်တော်မှထွက်လာစဉ်က အာဒံသည် မြင့်မားသောအရပ်အမောင်း အချိုးအဆညီမျှသောခန္ဓာကိုယ်ပိုင်ရှင်တစ်ဦးဖြစ်ပါသည်။ ယခုအသက်ရှင်လျက်ရှိသောသူများထက်အရပ်နှစ်ဆမြင့်ပါသည်။ ခန္ဓာကိုယ်အချိုးအဆလည်းကျနလှပါသည်။ ပုံပန်းလက္ခဏာများမှာ စုံလင်၍တင့်တယ်လှပါသည်။ သူ၏အသားအရေမှာ ဖြူတူတူဝါကြန့်ကြန့်မဟုတ်ဘဲ နီမြန်းပြီးကျန်းမာရေးနှင့်ပြည့်စုံကြောင်း ထင်ရှားသည့်အသားအရေမျိုးဖြစ်ပါသည်။ ဧဝမှာ အာဒံလောက်အရပ်မမြင့်ဘဲ သူမ၏ခေါင်းသည် အာဒံ၏ပခုံးနားလောက်သာရောက်ပါသည်။ သူမသည်လည်း အဆစ်အမျိုးကျနပြီးလှပတင့်တယ်သူတစ်ဦးဖြစ်ပါသည်။ 3SG, p. 34 (1864).

အပြစ်ကင်းနေဆဲဖြစ်သော ထိုဇနီးမောင်နှံတို့မှာ အလင်းနှင့်ဘုန်းဝတ်ရုံကိုဝတ်ဆင်ကြပြီး လူလုပ်သောအဝတ်ကိုမဝတ်ကြပါ။ ဘုရားသခင်၏

အမိန့်တော်ကိုနားထောင်လိုက်လျှောက်နေသမျှကာလပတ်လုံး ဤအလင်း ဝတ်ရုံသည် ၎င်းတို့ကိုလွှမ်းခြုံထားပေလိမ့်မည်။ PP, p. 45 (1890).

## ကောင်းကင်မိသားစုကိုမြင်တွေ့ရခြင်း၏ ဝမ်းမြောက်မှု

မြို့တစ်ခါးတစ်ဖက်တစ်ချက်တွင် ကောင်းကင်တမန်တစ်ဖွဲ့စီရှိကြောင်း ကျွန်ုပ်တို့တွေ့မြင်ကြရပါသည်။ ကျွန်ုပ်တို့ ထိုမြို့တံခါးကိုဖြတ်ကျော်ကြစဉ် "လာကြ၊ ကမ္ဘာဦးကပင် သင်တို့အတွက်ပြင်ဆင်ထားသော နိုင်ငံတော်ကိုဝင်စားကြပါ၊ ခမည်းတော်ဘုရားသခင်ကောင်းချီးပေးခြင်းခံရသူအပေါင်းတို့" ဟူ၍ ခရစ်တော်မိန့်မြွက်နေပါသည်။ ကိုယ်တော်၏ဝမ်းမြောက်မှုကို မျှဝေခံစားသူ တစ်ဦးဖြစ်ဖို့ သင့်အားမိန့်တော်မူနေခြင်းဖြစ်ရာ ထိုဝမ်းမြောက်မှုသည်မည်သည့် အရာဖြစ်သနည်း။ ဖခင်အပေါင်းတို့၊ ထိုဝမ်းမြောက်မှုမှာ သင်တို့ဒုက္ခခံကာ လုပ်ဆောင်ခဲ့သည်များကို မြင်တွေ့ရခြင်းဖြစ်သည်။ မိခင်အပေါင်းတို့၊ ထိုဝမ်းမြောက်မှုမှာ သင်တို့ကြိုးစားလုပ်ဆောင်ခဲ့သောအရာများကိုမြင်တွေ့ရခြင်းဖြစ်သည်။ ဤနေရာမှာ သင်တို့၏ သားသမီးများရှိကြသည်။ သင်တို့ ဦးခေါင်းပေါ်မှာလည်း အသက်သရဖူများရှိနေကြသည်။ CG, pp. 567, 568 (1895).

ဘုရားသခင်၏အကြီးမြတ်ဆုံးဆုကျေးဇူးမှာ ကျွန်ုပ်အတွက် အသက်တော်ကိုပေးခဲ့သည့် ခရစ်တော်ပင်ဖြစ်သည်။ ကျွန်ုပ်တို့ချစ်သောပုဂ္ဂိုလ်များနှင့် ပြန်လည်တွေ့ဆုံကာ ၎င်းတို့၏မျက်နှာများကိုမှတ်မိစေရန်အတွက်သော်လည်းကောင်း၊ ဘုန်းဝင်စားကာကောင်းကင်သားများနှင့် မိတ်သဟာယဖွဲ့နိုင်အတွက်သော်လည်းကောင်း ကျွန်ုပ်တို့ရှင်ပြန်ထမြောက်လာစေဖို့ ခရစ်တော်သည် ကျွန်ုပ်တို့အတွက် အသေခံတော်မူခဲ့သလို ကျွန်ုပ်တို့အတွက်ရှင်ပြန်ထမြောက်တော်မူခဲ့ပါသည်။ ဤကမ္ဘာတွင်ဆွေမျိုးတော်စပ်မှုရှိသောသူတော်စင်အသီးသီးတို့သည် ထိုနေရာတွင် တစ်ဦးကိုတစ်ဦးသိကြလိမ့်မည်။ 3SM, p. 316 (1898).

## နို့စို့သူငယ်များနှင့်ဝမ်းတွင်းရှူးများ၏ ကယ်တင်ခြင်း

နို့စို့သူငယ်ကလေးများသည် ရှင်ပြန်ထမြောက်လာကြပြီးနောက် သက်ဆိုင်ရာမိခင်များ၏ရင်ခွင်ဆီသို့ချက်ချင်းပျံဝဲသွားကြပါသည်။ နောက်တစ်ခါ ခွဲခွာခြင်းမရှိသောပြန်လည်တွေ့ဆုံခြင်းပင်ဖြစ်သည်။ သို့ရာတွင် နို့စို့သူငယ်များစွာတို့၏မိခင်များမှာ ထိုနေရာတွင်မရှိကြပါ။ ကောင်းကင်တမန်များက မိခင်မဲ့ ထိုသူငယ်ကလေးများကို ထွေးပိုက်ကာ အသက်ပင်ရှိရာသို့ ခေါ်ဆောင်သွားကြပါသည်။ 2SM, p. 260 (1858).

"ယုံကြည်သူမိဘများ၏နို့စို့သူငယ်ကလေးများသည် အကျင့်စာရိတ္တကိုစစ်ဆေးစမ်းသပ်မှုမခံရဘဲ ကယ်တင်ခြင်းခံသင့်ပါမလား။ အကြောင်းမှာ လူအပေါင်းတို့သည် အစမ်းသပ်ခံရမည်ဖြစ်ပြီး ထိုစမ်းသပ်စစ်ဆေးမှုအားဖြင့် ၎င်းတို့၏စာရိတ္တအခြေအနေကိုဆုံးဖြတ်မည်ဖြစ်ပါသည်" ဟူ၍ အချို့က မေးခွန်းထုတ်လာပါသည်။ အဖြေမှာ "နို့စို့သူငယ်များသည် မည်ကဲ့သို့ စစ်ဆေး၊ စမ်းသပ်မှုကို ခံနိုင်ပါမည်နည်း" ဟူ၍ဖြစ်၏။ ယုံကြည်သူမိဘများ၏ ယုံကြည်ခြင်းသည် ၎င်းတို့၏သားသမီးများကိုလွှမ်းခြုံနေသည်ဟု ကျွန်ုပ်ဖြေကြားလိုပါသည်။ အီဂျစ်ပြည်မှ သားဦးများကိုဘုရားသခင်ပြစ်ဒဏ်စီရင်တော်မူသောအချိန်ကကဲ့သို့ဖြစ်ပါသည်။

မယုံကြည်သူ မိဘများ၏နို့စို့သူငယ်အားလုံး ကယ်တင်ခြင်းခံစားရမည်၊ မခံစားရမည်ကိုမူ ကျွန်ုပ်တို့မပြောနိုင်ပါ။ အကြောင်းမှာ ထာဝရဘုရားသခင်သည် ဤကိစ္စနှင့်ပတ်သက်၍ အလိုတော်ကိုအသိပေးမထားခြင်းကြောင့်ဖြစ်ပါသည်။ ထိုကြောင့် ဘုရားသခင်ချန်ထားသည့်အရာများကို ကျွန်ုပ်တို့ချန်ထားကာ နှုတ်ကပတ်တော်တွင်ဖွင့်ဆိုထားသည့်အရာများကိုသာ အာရုံပြုလျှင်ပို၍ကောင်းမွန်မည်ဖြစ်ပါသည်။ 3SM, pp. 313-315 (1885).

မစ္စတာအေ၏ယခုလက်ရှိအခြေအနေကိုသင်တို့တွေ့မြင်နေရပါသည်။ သူသည်အပြစ်ဆိုသည်ကို သိရှိနားလည်သူမဟုတ်ပါ။ သူသည်ဝမ်းတွင်း

ရှူးတစ်ဦးဖြစ်သော်လည်း ထာဝရဘုရားသခင်သည် ကျေးဇူးတော်အားဖြင့် ၎င်း၏မွေးရာပါရောဂါကို ဖယ်ရှားပေးတော်မူကာ အလင်း၏သူတော်စင်များနှင့်အတူ ထာဝရအသက်အမွေကိုခံကြရလိမ့်မည်။ သင့်ကိုပေးစရာ အကြောင်းပြချက် ထာဝရဘုရားသခင်၌ရှိတော်မူပါသည်။ မစ္စတာအေသည် ကျိုးကြောင်းဆင်ခြင်နိုင်သည့် စွမ်းရည်တွင် ကလေးငယ်တစ်ဦးလောက်သာ အဆင့်ရှိသော်လည်း ကလေးငယ်တစ်ဦး၏နားထောင်ခြင်းနှင့်ဆက်ကပ်ခြင်းမျိုး သူ၌ရှိနေပါသည်။ 8MR, p. 210 (1893).

**သစ္စာရှိမိခင်များအတွက်ဂုဏ်ပြုစကား**

ကောင်းကင်နိုင်ငံတော်ရှိ စာစောင်များကိုဖွင့်ပြီး တရားစီရင်ခြင်းကိုလုပ်ဆောင်သောအချိန်တွင်လည်းကောင်း၊ ခရစ်တော်က ဆုံးဖြတ်ချက်ကိုကြေညာကာ အောင်ပွဲဆင်သူများ၏ဦးခေါင်းပေါ်၌ ဦးရစ်သရဖူများကို ဆောင်းပေးသောအခါတွင်လည်းကောင်း များစွာသောလူအပေါင်းတို့သည် စကြဝဠာရှေ့တွင် မိမိတို့၏သရဖူများကိုမြှောက်ပြကြလိမ့်မည်။ ထိုနောက် မိမိတို့၏မိခင်များကို လက်ညှိုးထိုးပြကာ ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့် ကျွန်ုပ်ဒီလိုဖြစ်လာရတာဟာ သူကရဲ့လုပ်ဆောင်ချက်ကြောင့်ဖြစ်ပါတယ်။ "အမေ့ရဲ့သွန်သင်မှု၊ အမေ့ရဲ့ဆုတောင်းချက်တွေဟာ ကျွန်ုပ်ကယ်တင်ခြင်းခံရဖို့အတွက် မင်္ဂလာဖြစ်စေခဲ့ပါတယ်" ဟုပြောကြပါသည်။ MYP, p. 330 (1881).

မိမိတို့၏သားသမီးများကို ခရစ်တော်ထံသို့အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့ကြသော မိခင်များ၏နာမည်များကို ဘုရားသခင်၏ကောင်းကင်တမန်များက ထာဝရတည်ရှိစေကြပါသည်။ CG, p. 568 (1895).

**ဝိညာဉ်ရိတ်သိမ်းရာတွင်အောင်ပွဲဆင်သူများအတွက် ဆုလက်ဆောင်**

ကယ်တင်ခြင်းခံရသူများသည် ဘုရားသခင်၏ရှေ့တော်တွင် ရပ်နေသောအချိန်တွင် မိမိတို့အား ခရစ်တော်ထံသို့ရောက်အောင် ဆုတောင်းပတ္ထနာပြုကာ လမ်းပြရုံသာမက သစ္စာရှိစွာဖြင့် စိတ်ရှည်လက်ရှည်ကြိုးစားပေးခဲ့

သူများ၏နာမည်များကိုဖေါ်ပြကြလိမ့်မည်။ ထို့ကြောင့် ဤလောကတွင် ဘုရားသခင်နှင့်အတူတကွ အမှုဆောင်ခဲ့သူများသည် ဆုလာဘ်များကိုရကြလိမ့်မည်။ 8T, pp. 196,197 (1904).

ကောင်းကင်ရွှေမြို့တော်ရှိ မြို့တံခါးများကိုဖွင့်လိုက်သောအခါ သမ္မာတရားကိုစောင့်ရှောက်ကြသူများသည် မြို့ထဲသို့ဝင်လာကြလိမ့်မည်။ သူတို့အား ဘုန်းသရဖူကိုဆောင်းပေးသောအချိန်တွင် ထိုအောင်မြင်မှုများနှင့်ဘုန်းစည်းစိမ်များကိုရရှိခံစားရခြင်းသည် ဘုရားသခင်၏မစမှုကြောင့်ဟု သူတို့မှတ်ယူကြလိမ့်မည်။ ထိုအချိန်တွင် အချို့သောပုဂ္ဂိုလ်များသည် သင့်ထံသို့လာကာ "အကယ်၍ အဲဒီအခါတုန်းက ခင်ဗျားကသာ ကြင်နာစွာနဲ့အားပေးစကားမပြောခဲ့ဖူးဆိုလျှင်၊ အကယ်၍ အဲဒီတုန်းက ခင်ဗျားကသာ ကျွန်ုပ်အတွက် မျက်ရည်ကျလျက် ကြိုးစားဆုတောင်းမပေးခဲ့ဖူးဆိုလျှင် ကျွန်တော်တော့ ခမ်းနားတင့်တယ်ခြင်းနဲ့ပြည့်စုံတဲ့ ဘုရင်တကာတို့ရဲ့ဘုရင်ကြီးကိုတွေ့ဖူးတော့မှာမဟုတ်ဘူး" ဟုပြောပါလိမ့်မည်။ အဘယ်မျှလောက်ကောင်းမြတ်သည့်ဆုလာဘ်ဖြစ်လိုက်ပါသလဲ။ ဤလောကလူသားများ၏ ချီးမွမ်းခြင်းများသည် အနာဂတ်ထာဝရနိုင်ငံတော်၌သစ္စာရှိနောက်လိုက်သားသမီးများကိုပေးမည့် ဆုလာဘ်များနှင့်နှိုင်းစာလိုက်လျှင် အသေးအဖွဲ့များသာဖြစ်နေသည်မဟုတ်ပါလား။ (Ph 113), p. 16 (1909).

### မပြောင်းလဲတော့မည့်ကျွန်ုပ်တို့၏ပြကတေ့ စိတ်ထားများ

သင်သည် ကောင်းကင်နိုင်ငံတော်၌ သူတော်စင်ဖြစ်မည်ဆိုလျှင် ရှေးဦးစွာ ဤကမ္ဘာပေါ်တွင် သူတော်စင်ဖြစ်ပါမည်။ သင်မြတ်နိုးသောအကျင့်စာရိတ္တများသည် သေခြင်းအားဖြင့်လည်းကောင်း၊ ရှင်ပြန်ထမြောက်ခြင်းအားဖြင့်လည်းကောင်း ပြောင်းလဲသွားလိမ့်မည်မဟုတ်ပါ။ သင်သည် သင်၏နေအိမ်နှင့်သင့်အသိုက်အဝန်းတွင်ဖေါ်ပြခဲ့သည့် ပြကတေ့စိတ်ထား၊ သဘောထားနှင့်အတူ ထမြောက်လာလိမ့်မည်။ ခရစ်တော်သည် ကြွလာတော်

မူသည့်အချိန်၌ သင်၏စာရိတ္တကိုပြောင်းလဲတော်မူမည်မဟုတ်ပါ။ ပြောင်းလဲခြင်းအမှုကို ယခုတွင်ပြီးစီးအောင်ဆောင်ရွက်ကြရပါမည်။ ကျွန်ုပ်တို့၏နေ့စဉ်အသက်တာသည် ကျွန်ုပ်တို့၏ကံကြမ္မာကိုဆုံးဖြတ်နေပါသည်။ ကျွန်ုပ်တို့သည် အထက်အိမ်တော်တွင်နေထိုက်သူများဖြစ်အောင် စာရိတ္တချို့ယွင်းချက်များအတွက် နောင်တရကာ ခရစ်တော်၏ကျေးဇူးတော်အားဖြင့် အောင်မြင်စွာကျော်လွှားကြရမည်။ ကရုဏာတော်ကာလတွင် အချိုးအဆညီညွတ်မျှတသည့်စာရိတ္တမျိုးရရှိအောင် တည်ဆောက်ကြရပါမည်။ 13MR, p. 82 (1891).

**ကောင်းကင်နိုင်ငံ၏ငြိမ်းသက်ပြီးနှစ်လို့ဖွယ်ကောင်းသည့်**
**ပတ်ဝန်းကျင်**

ကောင်းကင်ရွှေနန်း၏ငြိမ်သက်သာယာမှုနှင့်ညီညွတ်မှုများကို အကြင်နာကင်းသောလူကြမ်းတစ်ယောက်ရှိခြင်းအားဖြင့် ပျက်ယွင်းစေလိမ့်မည်မဟုတ်ချေ။ 8T, p. 140 (1904).

ကောင်းကင်နိုင်ငံတော်ရှိ အရာခပ်သိမ်းတို့သည် မြင့်မြတ်ကာအဆင့်မြင့်ကြသည်။ ခပ်သိမ်းသောသူတို့သည် သူတစ်ပါး၏အကျိုးနှင့်ပျော်ရွှင်မှုအတွက် လုပ်ဆောင်ကြသည်။ မည်သူတစ်ဦးတစ်ယောက်မျှ ကိုယ်ကျိုးကိုသာဦးစားပေးပြီး ကိုယ့်ကိုကိုယ်သာ ဂရုစိုက်ခြင်းမပြုကြပါ။ ပတ်ဝန်းကျင်ရှိပုဂ္ဂိုလ်များ၏ပျော်ရွှင်မှု၊ ဝမ်းမြောက်မငများကိုကြည့်ကာ သူတို့ဝမ်းမြောက်နေတတ်ကြပါသည်။ 2T, p. 239 (1869).

ခပ်သိမ်းသောအရာတို့သည် ငြိမ်သက်သာယာလျက်ရှိနေသည့်ထိုနေရာ၊ လောကတိုက်ခိုက်မှုမုန်တိုင်းများ၊ မည်သည့်အခါမျှမကျရောက်နိုင်သည့် ထိုနေရာ၊ ပျော်ရွှင်သန့်ရှင်းသောရင်းနှီးမှုဖြင့် အသက်ရှင်သွားလာလျက် ပလ္လင်ထက်တွင်ထိုင်တော်မူသော ခမည်းတော်ဘုရားသခင်နှင့်သိုးသငယ်တို့ကိုကျေးဇူးတော်ချီးမွမ်းလျက် ကုဋေအသင်္ချေမက များပြားသည့်သန့်ရှင်းဖြောင့်မတ်သူများနေထိုင်သည့် ထိုနေရာတည်းဟူသော ဖြောင့်မတ်ခြင်းနိုင်ငံတော်ဟုတွင်သည့် ကောင်းကင်နိုင်ငံတော်သို့ ကျွန်ုပ်ရောက်ရှိနေသလိုမျိုးခံစားခဲ့ရပါသည်။

သူတို့၏အသံများသည် သာယာနာပျော်ဖွယ်ဖြစ်သည်။ တစ်ဦးကို တစ်ဦးက မည်သည့်အခါမျှ အမှားမလုပ်ကြပါ။ ဤနိုင်ငံတော်တွင်ရောက်ရှိနေသူကောင်းကင်သားများသည် အကောင်းဘက်တွင်သာပြိုင်ဆိုင်ကြပြီး တစ်ဦးကိုတစ်ဦး ဝမ်းမြောက်ပျော်ရွှင်မှုများကိုပေးဖို့ကြိုးစားနေကြပါသည်။ ထိုနေရာတွင် လွှမ်းမိုးနေသောအရာမှာ ကိုယ့်ကိုကိုယ်အမွှမ်းတင်မှုနည်းပါးခြင်းဖြစ်ပြီး ထိုနေရာတွင် အရှားပါးဆုံးသောအရာမှ ကျေးဇူးတင်ခံခြင်းနှင့်ဥစ္စာခနကိုပြင်းထန်စွာမြတ်နိုးသည့်စိတ်တို့ဖြစ်ကြသည်။

ထိုနေရာတွင် ဆင်ခြင်ဉာဏ်ကို အုံ့ဆိုင်းမှောင်ရီသွားစေမည့်လျှို့ဝှက်သောအမှားမရှိပါချေ။ ကြည်လင်အားကောင်းပြီးပြည့်စုံသောသမ္မာတရားနှင့်အသိပညာများသည် သံသယစိတ်များကိုလွင့်ပါးသွားစေသဖြင့် သံသယစိတ်ကြောင့် ထိုကောင်းကင်သားများကိုစိတ်မချမ်းမသာမှုမဖြစ်စေနိုင်တော့ချေ။ ငြင်းခုံသည့်အသံများသည် သာယာပျော်ရွှင်မှုနှင့်ပြည့်ဝသော ထိုနေရာကိုမပျက်ယွင်းစေနိုင်တော့ချေ။ ထိုကောင်းကင်သားများသည် ဝမ်းနည်း၊ ကြေကွဲ၊ မျက်ရည်ကျခြင်းမရှိတော့ပါ။ ခပ်သိမ်းသောကောင်းကင်သားများသည် ချမ်းသာသုခနှင့်လည်းကောင်း၊ စည်းကမ်းသေဝပ်ခြင်း၊ ညီညာဖြဖြရှိခြင်းများနှင့်လည်းကောင်း ပြည့်စုံကြပါသည်။

ကောင်းကင်နိုင်ငံတော်သည် နှလုံးသားအသီးသီး၌ကြင်နာသနားမှုရှင်သန်သောနေရာ၊ မျက်နှာအသီးသီး၌ ချစ်ကြင်မှုကိုဖော်ပြနေသည့်နေရာဖြစ်သည်။ ထိုနေရာ၌ ချစ်ခြင်းမေတ္တာသည်စိုးမိုးလျက်ရှိသည်။ မနှစ်မြို့စရာစကားများ၊ ငြင်းခုံသောစကားများကိုထိုနေရာတွင်မကြားရချေ။ 9MR, pp. 104, 105 (1882).

စုံစမ်းနှောင့်ယှက်ခြင်းမရှိ၊ အပြစ်မရှိ

စုံစမ်းနှောင့်ယှက်ရန်အခွင့်အရေးရစေမည့် ကောင်းမကောင်းသိကျွမ်းရာအပင်လည်း ထိုနေရာ၌မရှိတော့ပါ။ စုံစမ်းနှောင့်ယှက်မည့်ပုဂ္ဂိုလ် ထိုနေရာတွင်မရှိသလို အမှားအယွင်းလုပ်စရာအကြောင်းလည်း ထိုကောင်းကင်နိုင်ငံတော်တွင်မရှိတော့ချေ။ Ed, p. 302 (1903).

ကောင်းကင်တမန်များနှင့်သန့်ရှင်းသူတို့၏အောင်ပွဲခံကြွေးကြော်သံများကို ကျွန်ုပ်ကြားနေရပါသည်။ ထိုအသံများသည် တူရိယာပစ္စည်းများစွာကိုတစ်ပြိုင်နက်တီးခတ်လိုက်သည့်အသံနှင့်တူနေပါသည်။ စာတန်က ၎င်းတို့အား မည်သည့်အခါမျှ စုံစမ်းနိုင်တော့မည်မဟုတ်သည့်ပြင် အခြားကမ္ဘာများမှ ပုဂ္ဂိုလ်များကိုလည်း ၎င်းထံမှ လည်းကောင်း၊ ၎င်း၏စုံစမ်းနှောင့်ယှက်ခြင်းမှ လည်းကောင်း ဆောင်ယူသွားခဲ့ချေပြီ။ SR, p. 416 (1858).

**ခမည်းတော်၊ သားတော်တို့နှင့်မိတ်သဟာယဖွဲ့ခြင်း**

ထိုသူတော်စင်များသည် ခမည်းတော်ဘုရားသခင်၊ သားတော်ခရစ်တော်တို့နှင့်လွတ်လွတ်လပ်လပ် မိတ်သဟာယဖွဲ့ခွင့်ရကြပါသည်။ ကျွန်ုပ်တို့သည် ကြားတွင်ကန့်လန့်ကာ ရေးရေးကလေးမှမရှိဘဲ ဘုရားသခင်ကို မျက်နှာချင်းဆိုင်ဖူးမြော်ကြရလိမ့်မည်။ GC, pp. 676, 677 (1911).

ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်၏ မျက်နှာတော်မှရောင်ခြည်တော်များကိုအမြဲတမ်း မြင်တွေ့ဖူးမြော်ကြရလိမ့်မည်။ နှစ်လို့ဖွယ်မြင်ကွင်းများကြောင့် ကျွန်ုပ်တို့သည် စိတ်နှလုံးကြည်နူးနေကြလိမ့်မည်။ HP, p. 352 (1856).

ကောင်းကင်နိုင်ငံတော်သည် ခရစ်တော်စိုးစံသည့်နေရာဖြစ်သည်။ အကယ်၍သာ ခရစ်တော်သည်ထိုနေရာ၌ရှိတော်မမူလျှင် ခရစ်တော်ကိုချစ်သူများအတွက် ထိုနေရာသည် ကောင်းကင်နိုင်ငံတော်မဟုတ်ပါ။ Ms, p. 41 (1897).

ကောင်းကင်နိုင်ငံတော်၌ ထာဝရဘုရားသခင်နှင့်ထမြောက်သောသူတော်စင်များအကြား ရင်းနှီးသည့်ဆက်ဆံရေးရှိလိမ့်မည်။ DA, p. 606 (1898).

ကယ်တင်ခြင်းခံစားရသူများသည် ၎င်တို့၏ဦးခေါင်းပေါ်တွင် ကိုယ်တော်ရှင်ဆောင်းပေးထားသည့်သရဖူများကိုခြေတော်ရင်းတွင်ချထားကာ ရွှေစောင်းများကိုတီးလိုက်ကြရာ ကောင်းကင်သားအားလုံးသည် ပလ္လင်တော်ထက်၌ ထိုင်တော်မူသည့် ထာဝရဘုရားသခင်အား ချီးမွမ်းထောမနာပြုကြပါလိမ့်မည်။ 8T, p. 254 (1904).

ဤဘဝအသက်တာတွင် အသက်ရှင်စဉ်အခါ ထာဝရဘုရားသခင် အပေါ်သစ္စာစောင့်သိသောလူအပေါင်းတို့သည် "မျက်နှာတော်ကိုမြင်ရ၍ သူတို့ နဖူး၌လည်း နာမတော်ရေးထားလျက်ရှိလိမ့်မည်။" (ဗျာ ၂၂း၄)။ ထာဝရ ဘုရားသခင်ကိုဖူးမြော်ရခြင်းသည် ဝမ်းမြောက်စရာကောင်းသောအရာဖြစ် သည်မဟုတ်ပါလား။ ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းခံရသူများအဖို့ ခမည်းတော်ဘုရားသခင်ကိုသိကျွမ်းခွင့်ရကာ မျက်နှာတော်ကိုဖူးမြော်ရသည် ထက်ပို၍ ဝမ်းမြောက်စရာကောင်းသောအရာရှိပါသေးသလား။ 8T, p. 268 (1904).

**ကောင်းကင်တမန်များနှင့်တကွ ခေတ်အဆက်ဆက်မှ သစ္စာရှိသူများနှင့်မိတ်သဟာယဖွဲ့ခြင်း**

ကယ်တင်ခြင်းခံရသူအသီးသီးတို့သည် မိမိတို့၏အသက်တာတွင် ကောင်းကင်တမန်များလုပ်ဆောင်ခဲ့သည့်အရာများကို နားလည်ကြလိမ့်မည်။ အသက်အရွယ်နုပျိုစဉ်က ၎င်းအားစောင့်ရှောက်ခဲ့သည့် ကောင်းကင်တမန်၊ ဒုက္ခရောက်စဉ်ကာလတွင် သွားလေရာရာ၌ ၎င်းအားစောင့်ရှောက်ကာကွယ် ခဲ့သော ကောင်းကင်တမန်၊ သေခြင်း၏မှောင်မိုက်တွင် ၎င်းနှင့်အတူရှိကာ ၎င်း၏သင်္ချိုင်းဂူနေရာကို သတ်မှတ်ပေးခဲ့သော ကေင်းကင်တမန်၊ ထမြောက် ခြင်းနံနက်ခင်းတွင် သူ့အား ပထမဦးဆုံးနှုတ်ဆက်ခဲ့သည့် ကောင်းကင်တမန်၊ ထိုကဲ့သို့သောကောင်းကင်တမန်များနှင့်စကားလက်ဆုံကျကာ လူတစ်ဦးစီ၏ အသက်တာတွင် ဘုရားသင်ပါဝင်လုပ်ဆောင်ပေးခဲ့သည့် ရာဇဝင်များကို လည်းကောင်း၊ လူသားအတွက် အလုပ်ကိစ္စအသီးသီးတွင် ကောင်းကင်သား များ၏ပါဝင်လုပ်ဆောင်မှုများကိုလည်းကောင်း လေ့ကျက်ရမည့်အခွင့်အရေး သည် ဝမ်းမြောက်ဖွယ်အလွန်ကောင်းလိမ့်မည်သာတည်း။ Ed, p. 305 (1903).

ကောင်းကင်တမန်များ၏ကြားဝင်မစမင‌ကြောင့် မြင်နိုင်သောအန္တရာယ် နှင့်မမြင်နိုင်သောအန္တရာယ်များမှ လွတ်မြောက်နိုင်ခဲ့ပုံများကို ထာဝရကာလ အလင်းတော်အားဖြင့် ဘုရားသခင်၏စီစဉ်မှုများကို ကျွန်ုပ်တို့မတွေ့မြင်မီ မည်သည့်အခါမျှ ကျွန်ုပ်တို့သိနိုင်ကြလိမ့်မည်မဟုတ်ပါ။ DA, p. 240 (1898).

လူများ၏နှလုံးသားတွင် ဘုရားသခင်ကိုယ်တော်တိုင်စိုက်ပျိုးပေးခဲ့သည့် ချစ်ခြင်းမေတ္တာနှင့် သနားကြင်နာခြင်းများသည် ထိုအရပ်တွင် စစ်မှန်ကောင်းမွန်စွာ လှုပ်ရှားကြလိမ့်မည်။ သန့်ရှင်းသောကောင်းကင်သားများနှင့် ဖြူစင်သောမိတ်သဟာယဖွဲ့ခြင်း၊ ဘုရားသခင်၏ကောင်းကင်တမန်များနှင့်တကွ မိမိ၏ဝတ်ရုံကို သိုးသငယ်၏အသွေးတော်အားဖြင့် ဆေးကြော်ထားသည့် ခေတ်အဆက်ဆက်အသက်ရှင်နေထိုင်ခဲ့ကြသည့် သစ္စာရှိတပည့်များနှင့်ညီညာဖြဖြဖြစ်သောအသက်တာ၊ 'ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာ မိသားစုတစ်စုတည်း' ဖြစ်စေသည့် သန့်စင်သောသံယောဇဉ်နှောင်ဖွဲ့မှု စသည်တို့သည် ကယ်တင်ခြင်းခံရသူများအား ပျော်ရွှင်ဝမ်းမြောက်မှုကို တည်ဆောက်ဖို့အထောက်အကူပြုပါသည်။ GC, p. 677 (1911).

## အပြစ်မဝင်သေးသည့် ကမ္ဘာများအတွက် ပုံသက်သေပြခြင်း

"လူသားသည် သူတစ်ပါးကိုစေစားခြင်းငှါမလာ၊ သူတစ်ပါးအစေကိုခံခြင်းငှါလာ၏။" ဤလောကတွင်လုပ်ဆောင်ခဲ့သည့် ခရစ်တော်၏အမှုတော်သည် ကောင်းကင်နိုင်ငံတွင် လုပ်ဆောင်လျက်ရှိသည့်အမှုတော်နှင့်အတူတူပင်ဖြစ်သည်။ ဤလောကတွင် ကိုယ်တော်ရှင်နှင့်အတူ အမှုတော်ဆောင်သည့်အတွက် ရရှိသည့်ဆုလာဘ်များသည် အနာဂတ်ကမ္ဘာတွင် ခရစ်တော်နှင့်အတူအမှုတော်ဆောင်ခြင်း၊ ပို၍ကြီးမားသောတန်ခိုး၊ ပို၍ကျယ်ပြန့်သောအခွင့်အရေးဖြစ်လိမ့်မည်။ "ငါသည်ဘုရားသခင်မှန်ပြီဟု သင်တို့သည် ငါ၏သက်သေဖြစ်ကြ၏။" (ဟေရှာ ၄၃း၁၂)။ ကျွန်ုပ်တို့သည် ထာဝရကာလတစ်လျှောက်လုံးတွင် ကိုယ်တော်ရှင်၏သက်သေများဖြစ်ကြလိမ့်မည်။

မည်သည့်အရာအတွက် တိုက်လှန်ပွဲကြီးကိုခေတ်အဆက်ဆက်ဖြစ်ရန်ခွင့်ပြုထားရသနည်း။ အဘယ်ကြောင့် ပုန်ကန်မှုဖြစ်စဉ်ကတည်းက စာတန်ကိုအပြတ်မရှင်းခဲ့သနည်း။ အကြောင်းမှာ ဒုစရိုက်အပြစ်များနှင့်ရင်ဆိုင်ဖြေရှင်းရာတွင် ဘုရားသခင်သည် တရားမျှတမှုရှိကြောင်း စကြဝဠာကြီးတစ်ခု

လုံးက သဘောပေါက်လာစေရန် ထိုသို့ခွင့်ပြုခဲ့ခြင်းဖြစ်ပါသည်။ အပြစ်သည် ထာဝရပြစ်ဒဏ်စီရင်ခြင်းကိုခံရစေရန် ထိုသို့ခွင့်ပြုခဲ့ခြင်းဖြစ်ပါသည်။ ကယ်တင်ခြင်းစီမံကိန်းတွင် ကောင်းကင်တမန်များကြည့်မြင်လိုသည့် အံ့ဩစရာများဖြစ်သော အမြင့်အနိမ့်၊ အတက်အကျများနှင့်ပြည့်ဝနေပါသည်။ ကယ်တင်ခြင်းခံစားရသူများသာ မိမိတို့ကိုယ်တိုင်တွေ့ကြုံခဲ့သောအရာများအားဖြင့် အပြစ်နှင့်တိုက်လှန်မှုအကြောင်းကိုသိရှိထားကြပါသည်။ ထိုသူများသည် ကောင်းကင်တမန်များပင်မစွမ်းဆောင်နိုင်ကြသည့် ဒုက္ခဆင်းရဲခြင်းကို ကိုယ်တော်ရှင်နှင့်အတူခံခဲ့ကြပါသည်။ အပြစ်တွင်ကျဆုံးခြင်းမရှိသေးသည့် ဝေနေယျများအတွက် တန်ဖိုးမရှိသည့် ကယ်တင်ခြင်းသိပ္ပံနှင့်စပ်လျဉ်း၍ သက်သေကိုသူတို့ပိုင်ဆိုင်ထားကြလိမ့်မည်မဟုတ်ပါ။ Ed, p. 308 (1903).

**သာယာသောတေးသံများဖြင့် ဂုဏ်တော်ချီးမွမ်းခြင်း**

ထိုအရပ်တွင် တေးဂီတလည်းရှိလိမ့်မည်၊ ထိုတေးဂီတနှင့်သီချင်းများသည် ဘုရားသခင်ပေးသည့် ရူပါရုံများမှတစ်ပါး မည်သည့်နေရာတွင်၌မျှ မကြားဖူးသောတေးဂီတများဖြစ်သည်။ ထိုတေးဂီတများကို စိတ်ထဲမှာပင် မတွေးမိ၊ မကူးမိဖူးသောအရာမျိုးဖြစ်သည်-----

မိမိတို့၏အတွေ့အကြုံကိုကယ်တင်ခြင်းခံရသူများသီဆိုကြမည့် ထိုသီချင်းသည် ထာဝရဘုရား၏ဘုန်းတော်ကိုဖေါ်ညွှန်းပါလိမ့်မည်။ "အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရအရှင်ဘုရားသခင် ကိုယ်တော်၏ အပြုအမူတို့သည် ကောင်းမြတ်၍ အံ့ဩဖွယ်ဖြစ်ကြပါ၏။ လူမျိုးတို့၏ ရှင်ဘုရင်၊ ကိုယ်တော်၏ အကျင့်လေ့တို့သည်ဖြောင့်မတ်ဟုတ်မှန်ကြပါ၏။ အိုထာဝရဘုရား ကိုယ်တော်ကိုမကြောက်ရွံ့ဘဲ၊ နာမတော်ကိုမချီးမွမ်းဘဲ အဘယ်သူနေရပါမည်နည်း၊ ကိုယ်တော်တစ်ပါးတည်းသာလျှင် သန့်ရှင်းတော်မူ၏။" (ဗျာ ၁၅း၃-၄)။ Ed, pp. 307-309 (1903).

ဦးဆောင်သောကောင်းကင်တမန်တစ်ပါးက ရွှေစောင်းကိုကိုင်ပြီး တေးသီချင်းကိုစတင်တီခတ်လိုက်သည်နှင့်တစ်ပြိုင်နက် ကောင်းကင်တစ်ခွင်လုံးရှိ

ကောင်းကင်များအားလုံးက လိုက၍တီးခတ်ကြပါသည်။ တေးသံသာများမှာ မဖော်ပြနိုင်လောက်အောင် သာယာငြိမ့်ညောင်းလှပါသည်။ 1T, p. 146 (1857).

ကိုယ်တော်ရှင်သည် ဝမ်းနည်းသူတစ်ဦးကဲ့သို့မဟုတ် အောင်မြင်သော ဘုရင်တစ်ပါး၊ မတ်တတ်ရပ်လိုက်ရာ ဟောဗြလူကယ်တင်ခြင်းခံရသူများက ဟာလေလုယဟုဟစ်ကြွေးသောအသံများနှင့်တစ်ပါးအမျိုးသားများက ဟိုဆာနာဟုဟစ်ကြွေးသောအသံများသည် ရောယှက်ပဲ့တင်ထပ်သွားပါတော့သည်။ သခင်တကာတို့၏သခင်ကို ဂုဏ်ပြုကြလော့ဟူသော ကယ်တင်ခြင်းခံရသူများ၏ကြွေးကြော်သံများသည်လည်း ထွက်ပေါ်လာပါသည်။ DA, p. 830 (1898).

## စကြဝဠာ၏ဘဏ္ဍာများကိုရှာဖွေခြင်း

ကျွန်ုပ်တို့၏မြင်ကွင်းကိုမှောင်သွားစေသည့် ကန့်လန့်ကာကိုဖယ်ရှားလိုက်သောအခါ အဝေးကြည့်မှန်ပြောင်းဖြင့် ယခုအချိန်တွင်မြင်နိုင်စွမ်းမရှိသည့် လှပတင့်တယ်မှုဖြင့်ပြီးသော ထိုကမ္ဘာသစ်ကို ကျွန်ုပ်တို့မြင်တွေ့ကြရမည်။ ယခုအချိန်တွင်ရေးရေးသာတွေးမြင်နိုင်သည့် ထိုကောင်းကင်နိုင်ငံ၏ဘုန်းအသရေတော်များကိုကြည့်သောအခါတွင်လည်းကောင်း၊ ပျက်ယွင်းစေသည့်အပြစ်ကိုဖယ်ရှားထားသည့် ထိုကမ္ဘာကြီးသည် ဘုရားသခင်၏လှပတင့်တယ်မှုတွင်ပေါ်ထွန်းလာသောအခါတွင်လည်းကောင်း ကျွန်ုပ်တို့လေ့လာဖို့အရာတစ်ခုကိုဖော်ပြလိုက်ချေပြီတကား။ ထိုနေရာတွင် သိပ္ပံကျောင်းသားများသည် ဖန်ဆင်းခြင်းဆိုင်ရာ မှတ်တမ်းများကိုဖတ်နိုင်ကြတော့မည်ဖြစ်ပြီး ဒုစရိုက်ဆိုင်ရာ မည်သည့်အကျန်အကြွင်းကိုမျှ သိကြတော့မည်မဟုတ်ပါ။ သူသည်သဘာဝသံစဉ်တေးဂီတများကိုနားထောင်တတ်လာကာ အလွမ်းသီချင်းများကိုနားထောင်ကောင်းတော့မည်မဟုတ်ပါ။

ဘုရားသခင်၏သားသမီးများလေ့လာရန် စကြဝဠာ၏ဘဏ္ဍာများကိုဖွင့်ပြတော်မူလိမ့်မည်။ ကျွန်ုပ်တို့သည် ပြစ်မဲ့ကမ္ဘာများမှ ပုဂ္ဂိုလ်များ၏

ဉာဏ်ပညာနှင့်ပျော်ရွှင်မှုများကိုလည်း နားလည်ခံစားတတ်လာကြပါသည်။ ဘုရားသခင်၏လက်ရာတော်ကိုခေတ်အဆက်ဆက် ရှာဖွေတွေ့ရှိခဲ့သော ဘဏ္ဍာများကိုလည်း မျှဝေကြလိမ့်မည်။ Ed, pp. 303, 307 (1903).

သေခြင်းတရား၏ ချုပ်ခြယ်မှုကင်းရှင်းစွာဖြင့် ထိုသူတို့သည် အဝေးကမ္ဘာများဆီသို့ မမောတမ်းမပန်းတမ်း အတောင်များခတ်လျက်ပျံသွားကြပါသည်။ ထိုကမ္ဘာများမှဝေနေယျများသည် ကျွန်ုပ်တို့ရင်ဆိုင်ခဲ့ရသော အမင်္ဂလာမြင်ကွင်းကြောင့် ဝမ်းနည်းခဲ့ကြရသော်လည်း ကယ်တင်ခြင်းခံရသူတစ်ဦး၏သတင်းကိုကြားတိုင်း ဝမ်းမြောက်ဖွယ်သီချင်းများကို ကျူးအေးခဲ့ကြပါသည်။ ထိုပုဂ္ဂိုလ်များသည် ဘုရားသခင်၏ပလ္လင်တော်ကို စနစ်တကျလှည့်ပတ်နေသည့် နေများနှင့်ကြယ်များအပါအဝင် ဖန်ဆင်းခြင်းဆိုင်ရာဘုန်းအသရေကို ရှင်းရှင်းလင်းလင်းမြင်တွေ့နေကြပါသည်။ အသေးအဖွဲကလေးမှစ၍အကြီးမားဆုံးအရာဝတ္ထုအထိ အရာအသီးသီးအပေးတွင်ဖန်ဆင်းရှင်၏နာမကို ကမ္ပည်းထိုးထားပါသည်။ အရာရာ၌ ကိုယ်တော်ရှင်၏တန်ခိုးတော်သည် ထင်ရှားလျက်ရှိပါသည်။

**သန့်ရှင်းသောရာဇဝင်မှတ်တမ်းကို**
**ပြန်လည်သုံးသပ်ခြင်း**

ကယ်တင်ခြင်းခံရသော ထိုလူအုပ်ကြီးသည် တစ်ကမ္ဘာမှတစ်ကမ္ဘာသို့သွားကြကာ ၎င်းတို့၏အချိန်များစွာကို ကယ်တင်ခြင်းဆိုင်ရာ နက်နဲမှုများအကြောင်း ရှာဖွေရာတွင်အသုံးပြုကြလိမ့်မည်။ 7BC, p. 990 (1886).

ကယ်တင်ခြင်းဆိုင်ရာဆောင်ပုဒ်များသည် ကယ်တင်ခြင်းခံရသူများ၏စိတ်နှလုံးနှင့်ပြောဆိုမှုများတွင် ထာဝရကာလနေရာယူလူပ်ရှားနေကြလိမ့်မည်။ တမန်တော်များကို ခရစ်တော်မိန့်မြွက်လိုခဲ့သည့် သမ္မာတရားများ၊ စွဲကိုင်ရန် ၎င်းတို့၌ ယုံကြည်ခြင်းမရှိခဲ့သည့် သမ္မာတရားများ၊ ထိုသမ္မာတရားများကိုလည်း သူတို့နားလည်လာကြလိမ့်မည်။ ခရစ်တော်၏စုံလင်သော ဘုန်းတော်ဆိုင်ရာမြင်ကွင်းများသည်လည်း အစဉ်ထာဝရပေါ်ထွန်းနေကြလိမ့်

မည်။ သစ္စာရှိအိမ်ထောင်ဦးစီးများသည် အသစ်နှင့်အဟောင်း ဘဏ္ဍာများကို ထာဝရကာလ ဆောင်ယူလာကြလိမ့်မည်။ COL, p. 134 (1900).

ထိုနောက် ဤဤကမ္ဘာကြီးမတည်မရှိမီကတည်းက ဖြစ်ပေါ်ပြီးဖြစ်သည့်မဟာတိုက်လှန်ပွဲကြီး၏မြင်ကွင်းသည် သူ့ရှေ့တွင်ပေါ်ထွက်လာလိမ့်မည်။ ထိုတိုက်လှန်ပွဲသည် ကပ်ကာလဆုံးသည့်တိုင်အောင်ဆက်လက်ဖြစ်ပွားနေလိမ့်မည်။ အပြစ်၏မူလအစ၊ မရိုးဖြောင့်သောလုပ်ဆောင်မှုများရှိသေဘေးနှင့်တွေ့နိုင်လောက်သည့် မှားယွင်းမှုများ၊ တိမ်းယိမ်းသွားခြင်းမရှိသောသမ္မာတရားစသည်တို့နှင့်ပတ်သက်နေသည့် ရာဇဝင်သည် များယွင်းမှုများကိုတွေ့ဆုံအောင်ပွဲဆင်ခဲ့ပါသည်။ ရူပကမ္ဘာနှင့်အရူပကမ္ဘာအကြားရှိကန့်လန့်ကာကို ဖယ်ရှားပစ်လိုက်သည်နှင့်တစ်ပြိုင်နက် အံ့ကြဖွယ်အရာများကို ဖော်ပြတော်မူလိမ့်မည်။ Ed, p. 304 (1903).

ဤကမ္ဘာကြီးရှိ ဝမ်းနည်းစရာများ၊ ဝေဒနာများနှင့်စုံစမ်းနှောင့်ယှက်ခြင်းများကိုလည်းကောင်း၊ ၎င်းတို့၏အကြောင်းရင်းများကိုလည်းကောင်း ဖယ်ရှားအဆုံးသတ်စေခဲ့သော်လည်း ဘုရားသခင်၏သားသမီးများသည် ကယ်တင်ခြင်းအတွက်ပေးရသည့် အဖိုးအခကိုအမြဲတမ်းသတိရနေကြလိမ့်မည်။

ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် လက်ဝါးကပ်တိုင်၏အမှတ်အသားကို အမြဲတမ်း သယ်ဆောင်နေလိမ့်မည်။ အပြစ်ကြောင့်ဖြစ်ပေါ်လာသည့်ရက်စက်မှုများကို ကိုယ်တော်ရှင် ဦးခေါင်း၊ နံဘေး၊ လက်နှင့်ခြေထောက်များ၌တွေ့နိုင်ပါသည်။ GC, pp. 651, 674 (1911).

**အသက်တာ၏ရှုပ်ထွေးမှုများကို**
**ရှင်းလင်းဖော်ပြခြင်း**

အသက်တာတွင် ရင်ဆိုင်ခဲ့ရသော ရှုပ်ထွေးမှုအဖုံဖုံကို ထိုအချိန်တွင် ရှင်းရှင်းလင်းလင်းသိရလိမ့်မည်။ ရှုပ်ထွေးမှုများ၊ စိတ်ပျက်စရာများ၊ ရည်ရွယ်ချက်ပျက်ပြားခြင်း၊ စီမံကိန်းမအောင်မြင်ခြင်းများကိုသာရင်ဆိုင်ခဲ့ရသော ကျွန်ုပ်တို့သည် မြင့်မြတ်ကြီးကျယ်ပြီးအောင်ပွဲဆင်မည့် ကြံရွယ်ချက်နှင့်ညီညာဖြဖြရှိခြင်းများကိုတွေ့ကြရလိမ့်မည်။ Ed, p. 305 (1903).

ထိုအရပ်ရှိ ဘုရားသခင်၏ပလ္လင်တော်မှ စီးထွက်လာသောမြစ်ကမ်းနားသို့ ကျွန်ုပ်တို့အား ခရစ်တော်ဦးဆောင်ပြီးခေါ်သွားကာ စုံလင်သောစာရိတ္တနှင့်ကျွန်ုပ်တို့ပြည့်စုံစေရန်အလို့ငှါ ဤလောကတွင်ရှိစဉ်အခါ ကိုယ်တော်လုပ်ဆောင်ခဲ့သောထင်ရှားစွာမသိမြင်နိုင်ခဲ့သည့် အစီအစဉ်များကို ကျွန်ုပ်တို့အားရှင်းပြတော်မူလိမ့်မည်။ 8T, p. 254 (1904).

ကျွန်ုပ်တို့ကောင်းစွာနားမလည်ကြသည့် ဘုရားသခင်၏အစီအစဉ်အားလုံးကို အနာဂတ်ကမ္ဘာတွင် ရှင်းပြတော်မူလိမ့်မည်။ နားလည်ဖို့ခက်ခဲသောအရာများအတွက် ရှင်းလင်းချက်များကို ထိုနေရာတွင် ကျွန်ုပ်တို့တွေ့ရကြလိမ့်မည်။ ကျေးဇူးတော်ဆိုင်ရာ နက်နဲသည့်အရာများကို ကျွန်ုပ်တို့ရှေ့၌ဖွင့်ပြတော်မူလိမ့်မည်။ ဉာဏ်နည်းသော ကျွန်ုပ်တို့အတွက် ရှုပ်ထွေးခြင်းနှင့်ကတိပျက်ခြင်းများသာဖြစ်ခဲ့သောနေရာ၌ အစုံလင်အလှပဆုံးညီညွတ်မှုကိုကျွန်ုပ်တို့တွေ့ရလိမ့်မည်။ အနန္တမေတ္တာသည် စမ်းသပ်မှုများနှင့်ပြည့်ဝသောအတွေ့အကြုံများကိုသာဖြစ်စေပုံပေါ်နေခဲ့သော်လည်း ကျွန်ုပ်တို့ကောင်းကျိုးအလို့ငှါ ခပ်သိမ်းသောအရာများကို စုပေါင်းညီညာလုပ်ဆောင်စေတော်မူသည့်ကိုယ်တော်၏ဂရုစိုက်မှုကို ကျွန်ုပ်တို့သိရှိနားလည်လာသောအခါ ကျွန်ုပ်တို့သည်မဖော်ပြနိုင်လောက်အောင်ကြီးမားသော ဝမ်းမြောက်မှုများကိုခံစားကြရပါသည်။ 9T, p. 286 (1909).

အတ္တစိတ်ကင်းစွာဖြင့် လုပ်ဆောင်နေသူများသည် မိမိတို့လုပ်ဆောင်မှု၏အသီးအပွင့်ကိုမြင်တွေ့ကြရလိမ့်မည်။ မှန်ကန်သောစည်းမျဉ်းအသီးသီးနှင့်မြင့်မြတ်သောလုပ်ငန်းများကိုမြင်တွေ့ကြရလိမ့်မည်။ ထိုအရာများမှအချို့ကိုမူ ဤလောက၌ပင်ကျွန်ုပ်တို့တွေ့မြင်နေရပါသည်။ သို့သော် ကမ္ဘာ့အမြင့်မြတ်ဆုံးအရာတစ်ခုကိုလုပ်ဆောင်ခြင်းအတွက် ဤလောကတွင် လုပ်ဆောင်သူများရမည့်အကျိုးရလဒ်သည် အလွန်နည်းပါးလှပါသည်။ အလွန်အောင်မြင်ကျော်ကြားသွားသူများအတွက် လူပုဂ္ဂိုလ်မည်မျှတို့သည် အတ္တမဖက်၊ မမောမပန်းတမ်း ကြိုးစားလုပ်ဆောင်ခဲ့ရပါသနည်း။ မိဘများနှင့်ဆရာများသည်

၎င်းတို့၏ တစ်သက်ပန်လုပ်ဆောင်မှုများ အချည်းနှီးဖြစ်ခဲ့သယောင်မျိုးဖြင့် သင်္ချိုင်းထဲတွင် အိပ်စက်ခဲ့ကြရပါသည်။ သစ္စာရှိသောလုပ်ဆောင်မှုများ၌ မည်သည့်အခါမျှရပ်တန့်ခြင်းမရှိသည့် ကောင်းချီးမင်္ဂလာစမ်းချောင်းများရှိနေကြောင်းကို သူတို့မသိရှိကြချေ။ မိမိတို့သင်ကြားပို့ချပေးခဲ့သော သားသမီးများသည် သူတစ်ပါးအတွက် ကောင်းချီးမင်္ဂလာနှင့်လှုံ့ဆော်မှုတစ်ခုဖြစ်လာသည်ကို သူတို့ ယုံကြည်ခြင်းအားဖြင့်သာ တွေ့မြင်ကြရပါသည်။

လူများစွာတို့သည် ခွန်အား၊ မျှော်လင့်ခြင်း၊ ရဲရင့်ခြင်းနှင့်ပတ်သက်သောသတင်းစကားများကိုဟောကြားကာ လူသားများအပေါ်ကောင်းချီးမင်္ဂလာသက်ရောက်စေခဲ့ကြသော်လည်း ဖြစ်ပေါ်လာမည့်အကျိုးရလဒ်ကိုမူ သူမသိရှိပါချေ။ ထိုကြောင့် ဆုကျေးဇူးများကိုချပေးလျက်၊ ဝန်များကိုထမ်းလျက် အမှုတော်ကိုသူဆောင်ခဲ့ပါသည်။ သူတစ်ပါးကိုကောင်းချီးမင်္ဂလာရိတ်သိမ်းစေမည့်အစေ့ကို လူတို့စိုက်ကြပါသည်။ သူတို့က သစ်ပင်စိုက်ပေးသော်လည်း အသီးကိုမူ သူတစ်ပါးစားရပါသည်။ သူတစ်ပါးကောင်းကျိုးအတွက် လုပ်ဆောင်စရာများကိုလုပ်ဆောင်ခဲ့ပြီဟုသာ ဤလောကတွင်သူတို့ကျေနပ်နေကြရပါသည်။ သို့သော် အနာဂတ်ကမ္ဘာတွင်မူ ဤလုပ်ဆောင်မှုများ၏ တုံ့ပြန်ချက်များကို သူတို့မြင်တွေ့ကြရလိမ့်မည်။ Ed, p. 305, 306 (1903).

**စဉ်ဆက်မပြတ်တိုးပွားနေသောဝမ်းမြောက်ခြင်း**

လူသားတစ်ဦးနှင့်တူရန် သားတော်သည် မိမိကိုယ်ကို နှိမ့်ချပြီး လူ့ဇာတိခံယူခြင်းအရာနှင့်သားတော်ကိုစွန့်လွှတ်ခြင်းအရာတွင် ထင်ရှားပေါ်လွင်နေသည့် ခမည်းတော်ဘုရားသခင်၏မဟာမေတ္တာတော်နှင့် မိမိ၏ဂုဏ်ဒြပ်ထက် များစွာနိမ့်ကျသည့်အရာကို ပြုတော်မူသောဘုရားသခင်၏စိတ်နှိမ့်ချခြင်းများတို့သည် ကယ်တင်ခြင်းစီမံကိန်း၏ နက်နဲသောအရာများဖြစ်ကြသည်။ ထိုအရာများကိုတွေ့မြင်ရသောကောင်းကင်တမန်များသည် အံ့သြနေကြပါသည်။ ထိုအရာများကို ကယ်တင်ခြင်းခံရသူများ ကာလအဆက်ဆက်လေ့လာကြရပါမည်။ ကယ်တင်ခြင်းနှင့်ဖန်ဆင်းခြင်းများတွင် ထင်ရှားသည့်

ဘုရားသခင်၏လုပ်ဆောင်မှုများကိုသူတို့အာရုံပြုသုံးသပ်စဉ် ၎င်းတို့၏စိတ်နှလုံးကိုအံ့အားသင့်ရွှင်လန်းစေမည့် အသစ်သောသမ္မာတရားများကိုလည်းတွေ့ကြရလိမ့်မည်။ သူတို့သည်ဘုရားသခင်၏တန်ခိုးတော်၊ မေတ္တာတော်နှင့်ဉာဏ်တော်အကြောင်းကိုပို၍လေ့ကျက်သည်နှင့်အမျှ ၎င်းတို့၏စိတ်သဘောများကျယ်ပြန့်လာကာ ရွှင်လန်းဝမ်းမြောက်မှုများလည်း အစဉ်တိုးပွားလာလိမ့်မည်။ 5T, pp. 702, 703 (1889).

ထိုသန့်ရှင်းသူများသည် လူပ်ရှားလေ့လာနေကြစဉ် ထာဝရကာလဆိုင်ရာနှစ်လများသည် ဘုရားသခင်နှင့်သားတော်ဘုရားသခင်တို့နှင့်ပတ်သက်သော မင်္ဂလာဗျာဒိတ်တော်များကို ပို၍ပို၍နားလည်လာကြလိမ့်မည်။ ထာဝရဘုရားသခင်အကြောင်း သိရှိမှုတိုးပွားလာသည်နှင့်အမျှ ချစ်ခြင်းမေတ္တာ၊ ရိုသေကိုင်းရှိုင်းခြင်းနှင့်ဝမ်းမြောက်ခြင်းများလည်း တိုးပွားလာပါသည်။ လူတို့သည် ထာဝရဘုရားသခင်အကြောင်းကိုပို၍လေ့ကျက်လေလေ၊ ကိုယ်တော်၏စာရိတ္တတော်ကိုပို၍ချီးမွမ်းလေလေဖြစ်ပါသည်။ ကယ်တင်ခြင်းဆိုင်ရာအရေးပါသောအရာများနှင့်တကွ စာတန်နှင့်တိုက်လှန်ပွဲတွင် အံ့သြဖွယ်အောင်ပွဲဆင်ခဲ့သည့်အကြောင်းများကို ၎င်းတို့အား ခရစ်တော်ပြတော်မူသောအချိန်တွင် ၎င်းတို့၏စိတ်နှလုံးသည် ပြင်းပြသောစွဲလမ်းစိတ်နှင့်ဝမ်းသာပီတိဖြစ်နေကြပါသည်။ ဝမ်းမြောက်သောစိတ်ဖြင့် ရွှေစောင်းများကိုယူကာ တီးခတ်လိုက်ရာ ကုဋေအသင်္ချေမကများပြားလှသော ကောင်းကင်သားများတွင် ကောင်းကင်ဘဝဂ်ဝယ်ချီးမွမ်းထောမနာပြုကြပါသည်။ GC, p. 678 (1911).

## အဆုံးမရှိသောတိုးတက်မှု

စွမ်းအားအသီးသီးသည်ဖွံ့ဖြိုးလာလိမ့်မည်။ တတ်စွမ်းမှုများလည်းတိုးတက်လာလိမ့်မည်။ အကြီးမြတ်ဆုံးသော လုပ်ဆောင်မှုများကို ဆက်လက်လုပ်ဆောင်ကာ အမြင့်မားဆုံးသောမျှော်လင့်ချက်များလည်း ပြည့်ဝလာလိမ့်မည်။ အမြင့်ဆုံးသောရည်ရွယ်ချက်များလည်း အောင်မြင်ကြလိမ့်မည်။ သို့ရာတွင် ဆက်လက်တက်စရာ အသစ်သောအမြင့်၊ ဆက်လက်ချီးမွမ်းစရာ

အသစ်သောအံ့ဖွယ်များ၊ ဆက်လက်သိရှိစရာ အသစ်သောသမ္မာတရားများ သည်ပေါ်ထွက်လာလိမ့်မည်။ ၎င်းပြင် ကိုယ်စိတ်နှလုံးသုံးပါး၏အစွမ်းများကို ဆင့်ဆိုစရာလတ်ဆတ်သောအကြောင်းအရာများလည်းပေါ်ထွက်လာကြလိမ့် မည်။ Ed, p. 307 (1903).

ဘုရားသခင်၏ဉာဏ်တော်နှင့်တန်ခိုးတော်အကြောင်းကို ကျွန်ုပ်တို့ မည်မျှပင်အသိတိုးပွားနေစေကာမူ သိစရာအရာများသည် အမြဲတမ်းရှိနေ ဦးမည်သာတည်း။ RH, Sept, 14 (1886).

လူသားတို့၏နှလုံးသားမှခေတ်အဆက်ဆက်ယိုစီးခဲ့သော မိဘမေတ္တာ များသည်လည်းကောင်း၊ လူသားတို့၏နှလုံးသားကိုပွင့်သွားစေသည့် နူးညံ့ သိမ်မွေ့ခြင်းစမ်းချောင်းများသည်လည်းကောင်း ဘုရားသခင်၏မကုန် နိုင်သည့်အနန္တမေတ္တာနှင့်နှိုင်းစာလိုက်လျှင် သေးငယ်သောစမ်းချောင်းကလေး နှင့်ပင်လယ်သမုဒ္ဒရာကြီးကွာခြားသကဲ့သို့ ခြားနားလွန်းလှပါသည်။ ထိုမဟာ မေတ္တာတော်အကြောင်းကိုပြည့်စုံအောင် ပါးစပ်နှင့်ပြောပြနိုင်စွမ်းမရှိသလို စာဖြင့် ရေးပြခြင်းငှါလည်း မစွမ်းနိုင်ပါချေ။ သင်၏နေ့စဉ်အသက်တာတွင်ထင်ရှားသည့် ကိုယ်တော်၏မေတ္တာတော်အကြောင်းကို သင်သုံးသပ်နိုင်ပါသည်။ ထိုအရာ ကိုနားလည်သဘောပေါက်ရန် သမ္မာကျမ်းစာကိုသင်နှစ်ခြိုက်စွာလေ့လာနိုင် ပါသည်။ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသခင်၏မေတ္တာတော်နှင့် ကြင်နာမှုများကိုသိရှိနားလည်ရန်ကြိုးစားသည့်အနေဖြင့် ဘုရားသခင် ပေးစွမ်းအားအသီးသီးကို သင်စုစည်းစိုက်ထုတ်နိုင်ပါသည်။ သို့ရာတွင် ထိုအကြောင်းနှင့်ပတ်သက်ပြီး သင်သိစရာများအမြဲတမ်းရှိနေဦးမည်သာ တည်း။ မေတ္တာတော်အကြောင်းကိုခေတ်အဆက်ဆက် ကာလကြာရှည်စွာ သင်လေ့လာလိုက လေ့လာနိုင်ပါမည်။ သို့ရာတွင် လောကီသားများအတွက် အသေခံရန်သားတော်ကိုစေလွှတ်တော်မူသည့် ခမည်းတော်ဘုရားသခင်၏ မဟာမေတ္တာတော်၏ အလျား၊ အနံ၊ အတိမ်၊ အနက်ကိုမူ ပြည့်ပြည့်စုံစုံ သင်နားလည်နိုင်လိမ့်မည်မဟုတ်ချေ။ ထာဝရကာလတစ်ခုလုံးဖော်ပြနေသည့် တိုင်အောင် မည်သည့်အခါမျှစုံလင်အောင်ဖော်ပြနိုင်စွမ်းရှိလိမ့်မည်မဟုတ်ပါ။

**ထာဝရဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်ကြောင်း စကြဝဠာတစ်ခုလုံးကကြွေးကြော်ခြင်း**

မဟာတိုက်လှန်ပွဲကြီးလည်း ပြီးဆုံးသွားချေပြီ၊ အပြစ်နှင့်တကွ အပြစ်သားများလည်း မရှိကြတော့ပြီ။ စကြဝဠာကြီးတစ်ခုလုံးသည် သန့်ရှင်းစင်ကြယ်ကာ ညီညာဖြဖြဝမ်းမြောက်ရွှင်လန်းနေကြပါသည်။ အသက်၊ အလင်းနှင့်ဝမ်းမြောက်မှုများသည် ဖန်ဆင်းရှင်ထံမှ အကန့်အသတ်မဲ့ယိုစီးနေပါသည်။ အငယ်ဆုံးသောအက်တမ်ကလေးမှသည် အကြီးဆုံးသောကမ္ဘာကြီးအထိ လှုပတင့်တယ်မှု၊ ပျော်ရွှင်ဝမ်းမြောက်မှုများနှင့်ပြည့်ဝလျက်ရှိသည့် သက်ရှိ၊ သက်မဲ့ အရာခပ်သိမ်းတို့သည် "ထာဝရဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည်" ဟု ကြွေးကြော်နေကြပါသည်။

---ooo---